နိဗ္ဗာန်



အတ္တ

အနတ္တ

# ဂမ္ဘီရ ဝိပဿနာ ရှုဘွယ်

ကျမ်းပြုသူ - ဦးပကျိုင်

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ

နိဗ္ဗာန်



အတ္တ

အနတ္တ

# ဂမ္ဘီရ ဝိပဿနာ ရှုဘွယ်ကျမ်း

## (တတိယတွဲ)

ဒုတိယနှိပ်ခြင်း

ကျမ်းပြုသူ-ဦးပဂျိုင်

အဘိုးငွေ-၅-၅၀။

မဟာဝိဇ္ဇာစာပုံနှိပ်တိုက်

အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်-၁၈၆၅]

ဒုတိယအကြိမ် ပုံနှိပ်ခြင်း၊

စာအုပ်ရေ(၁၅၀၀)

၁၉၆၈-ခု၊ ဇန္နဝါရီလ။

ဒေါ်စန်းရီ-ထုတ်ဝေသူမှတ်ပုံတင်(မြ-၀၀၂၇)မဟာဝိဇ္ဇာစာပေ စာပေဖြန့်ချိရေးဌာန၊ အမှတ်-၂၁၄၊ လမ်း-၃၀-ရန်ကုန်မြို့-မှ ထုတ်ဝေ၍၊ ပုံနှိပ်သူမှတ်ပုံတင်(မြ-၀၀၂၇)မဟာဝိဇ္ဇာစာပုံနှိပ်တိုက် အမှတ်-၂၁၄၊ လမ်း-၃၀-ရန်ကုန်မြို့-တွင် ရိုက်နှိပ်သည်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။




ဤပုံ အတွက်
အောက်ပါ နိဒါန်းကို ဖတ်ပါ။

# နိဒါန်း

ဤကျမ်းငယ်သည် ခေတ် ပုဂ္ဂိုလ်တို့နှင့် လျော်ညီ စေ၍ အောက်တန်း၊ အလယ်တန်း၊အထက်တန်း ထိုသုံးတန်းတို့ကို ရည်ရွယ်ကာ ရေးသားပြုစုသည့်ကို ရှေးဦးစွာ သတိပြုတော်

မှုကြစေလိုပါသည်။(ညီငယ်များကို စောင့်၍ခေါ်ရန် ဖြစ်ပါသည်။)

စာအားမရှိသူတို့အတွက် ဖေါ်ပြလိုသည်မှာ ပါဠိတော်တွေကများလွန်းသည်ဟု သဘောမထားဘဲလျက် ပါဠိတော်များကို ကြိုးစား ဖတ်ရှုတော်မူကြပါလေ။ ဖတ်ရှုပါများသော် ပါဠိတော်များကိုပင် အလွတ်ရလျက် ပါဠိတော်၏အရသာကို တိကျစွာတွေ့ရှိခံစား ရလာပါလိမ့်မည်။

ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် အထက်တန်းတွင် ဆွေးနွေးကြသောအခါ ပါဠိတော် အကိုးအကားမပြနိုင်လျှင် လက်မခံကြချေ။ မိမိတို့ ပြောဆိုချက်တို့မှာ ဆိ-ဆား အရသာ မပါသော ရေလုံပြုတ်သဖွယ် မျက်နှာငယ်ရရှာလေသည်။

မိမိစာအား မရှိ၍ ပါဠိတော်၌အရသာမတွေ့သေးပါလျှင် ကြိုးစားဖတ်ရှုတော်မူပါလေ။ သို့မဟုတ် ချန်လှပ် ထားခဲ့ပါလေ။ ပါဠိတော်များကို မပုတ်ခတ်ပါလေနှင့်။ ပုတ်ခတ်သော် ဘုရားရှင်အား စွပ်စွဲရာကျသည့်ပြင် ပညာရှိသူမြတ်တို့၏ နားတွင် အလွန်ရင့်သီးသွားသည်သာမက မိမိအားလည်း အထင်အမြင်သေးခြင်းကို ခံရလေသည်။

ဝိပဿနာဘာဝနာ လုပ်ငန်းမှာ လိပ်ပတ်လည်၍သဘောပေါက် သွားသောအခါ အလွန်လွယ်ကူ၍ အလွန်အကျိုးအထူးအရသာရှိသော ပညာရပ်ကြီးဖြစ်လေသည်။ (သဗ္ဗရသံ ဓမ္မရသောဇိနာတိ။ ဓမ္မပဒပါဠိတော် တဏှာဝဂ်)။

ဤကျမ်းမှာ ဝိပဿနာ ဘာဝနာလုပ်ငန်းကိုလိပ်ပတ်လည်သျှက် လွယ်ကူစွာ သဘောပေါက်စေရန် အကြိမ်ကြိမ်စိစစ်ရွေးချယ်ပြီးနောက် တဆင့်ပြီးမှ တဆင့်တက်ကာ ရေးသားဖေါ်ပြထားသော ကျမ်းဖြစ်လေသည်။

ထို့ကြောင့်လည်း ဆရာတော် ဦးတေဇိန္ဒ အရှင်မြတ်က "တကာကြီးကျမ်းက မှုတည်ပုံ အထိုင်သိပ်ကောင်းတယ်"ဟု မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဤကျမ်းငယ်ကို ဖတ်ရှုသောအခါ မည်သည့်အခန်းကိုမျှ ကျော်လွန်မသွားဘဲ အခန်းတိုင်း အခန်းတိုင်းကို ခြေညက်စွာ ဖတ်ရှုသွားတော်မူရန် အထူးတိုက်တွန်း ပါ၏။

မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိ၍ကျင့်သော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အတ္တနှင့် အနတ္တ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိစသည်တို့ကို သုတမယဉာဏ်အားဖြင့် သိရှိထားရလေသည်။ ဤကား–အထူးအရေးကြီးသော ပဓာနလိုရင်းအချက်ကြီးပေတည်း။ ယင်းသို့ ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်လျှင် ယောဂီသူမြတ်အလိုရှိအပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မရောက်ရှိ နိုင်သည်ကိုစွဲမြဲစွာ သိမှတ်ထားရပေမည်။(သို့သော် ပုညသမ္ဘာရကား ဖြစ်၏။)

ထို့နောက် သမထ ဘာဝနာမှ ဝိပဿနာ ဘာဝနာသို့ တက်သောအခါ သမထယာနိက ပုဂ္ဂိုလ်တို့ သိအပ်သည့် နည်း ဝိပဿနာ ယာနိက ပုဂ္ဂိုလ်တို့သိအပ်သည့် နည်းတို့ကို

ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သိရှိထားရ၏။ (သိသော်လွှလိမ်မခံရ)။

ဤကျမ်းသည် ထိုရှေးဦးစွာသိအပ်သော ပြဿနာ အရပ်ရပ်တို့ကို မှန်ကန်စွာသိရှိနားလည်နိုင်စေရန် ပါဠိတော် အရပ်ရပ်တို့ကိုဆောင်လျက် အမျိုးမျိုးသောနည်းတို့ဖြင့် ရှင်းလင်းဖေါ်ပြထားသော ကျမ်းဖြစ်လေသည်။

အချုပ်ကား— ယောဂီသူမြတ်သည် မဂ်,ဖိုလ်, နိဗ္ဗာန်ကို အလိုရှိ၍ ဝိပဿနာ ဘာဝနာကို ပွားများသော် စာမျက်နှာ ၃-၌ ဖေါ်ပြထားသော ပုံအတိုင်း....

အနိမိတ္တ သမာဓိ

အပ္ပဏိဟိတ သမာဓိ

သုညတ သမာဓိ

အထိ သုတမယဉာဏ်အားဖြင့် သိရှိနားလည် ထားရပေမည်။

တနည်းဆိုသော် "သဗ္ဗလောကေ အနဘိရတိ သညာ" ဟု ဖေါ်ပြခဲ့သည့်အတိုင်း သန်တနယ်အတွင်းရှိ လောကဓာတ်ကြီးတရပ်လုံးတွင် ဘာမျှမွေ့လျော်ဘွယ် မရှိပါ တကားဟု ပညာမျက်စိတွင် ထင်ရှားစွာပေါ်လာပါမှ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရှိရောက်ရှိနိုင်သည် ဆိုခြင်းကို ကြိုတင် သိရှိ နားလည် ထားရပေမည်။

ထိုမှအထိ လုပ်ငန်းစဉ်ကိုပါ သိရှိနားလည်စေရန် ဤကျမ်း သည် တဆင့်ပြီးမှ တဆင့်တက်ခါ ပါဠိတော် အရပ်ရပ်တို့ကို ဆောင်လျက်ရေးသားဖော်ပြထားသော ကျမ်းဖြစ်လေသည်။

ဤကျမ်းသည် သုတမယဉာဏ်အားဖြင့်အတ္တနှင့်အနတ္တကို ကွဲစေခြင်း၊သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကို ကင်း စေခြင်း၊ အဝိဇ္ဇာနှင့် တဏှာကိုသတ်နည်း၊ အဝိဇ္ဇာမှ လွယ်ကူ စွာ ဝိဇ္ဇာဉာဏ်ဖြစ်စေနိုင်ခြင်း၊ အတိုချုပ်အားဖြင့် ဆိုသော် အပါယ်လေးပါးတံခါးတို့ကိုပိတ်စေသော စူဠသောတာပန် မှ မဂ်,ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးနည်းလမ်းများကို သုတမယ ဉာဏ်အားဖြင့် လွယ်ကူစွာ သိရှိ နားလည်စေရန် ရေး သားဖော်ပြထားသော ကျမ်းဖြစ်လေသည်။ ။ထို့ကြောင့် စာဖတ်၍ လေ့ကျင့်ရန်သာ လိုပေတော့၏။

(ပဌမနှိပ်ခြင်း နိဒါန်း ဤတွင်ပြီးဆုံး၏။)

ပဂျိုင်
(၁၃၂၄-၃ ဝါဆိုလ)။

# မာတိကာ


နိဒါန်း (ဘလောက်) .... ၃

## အသင်္ခတ-သင်္ခတ

ဗုဒ္ဓဘာသာသည် ဝိပဿနာ (၅၁၆)။ .... ၁၇
အသင်္ခတ သင်္ခတ .... ၁၉
သင်္ခတ .... ၂၃
အသင်္ခတ .... ၂၄
မျက်မြင်ကိုယ်တွေ့ မှန်၏လော .... ၃၃
Sodium ဆိုဒီယမ်(ဆား) .... ၃၆

## ဒုက္ခ

ဒုက္ခသင်တန်း .... ၄၁
အစေလက .... ၄၂
အကွာရာ မလောက် .... ၄၄
ဇမ္ဗုခါဒက .... ၄၅
လှန် အချက် တရာ .... ၄၆
နခသိခါသုတ် .... ၄၀
ဒုက္ခသစ္စာ .... ၄၉
ကစ္စာန .... ၅၂
အနုရာဓ .... ၅၄
အရှင်ရာဓ .... ၅၇
သတ္တဝါ .... ၅၉

ဒုက္ခ .... ၆၀
မဟာသတိပဋ္ဌာန် .... ၆၃
ငါလဲ ခံရဘူးထေပြီ .... ၆၄
သုခဝေဒနာကို .... ၆၈
ယမိုက်ကျမ်း .... ၆၉
ဒုက္ခသည် အဘယ်နည်း .... ၇၁
ဒုက္ခ သုံးမျိုး .... ၇၃
ဒုက္ခကို ဖန်တီးလိုက်သည်မှာလည်း ဒုက္ခပင် .... ၇၅

တဏှာ

ဒုက္ခ ဖြစ်ကြောင်း .... ၇၉
တဏှာ အဝိဇ္ဇာ ဒုက္ခ .... ၈၁
တဏှာ မှီတွယ်ပုံ .... ၈၃
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ(မာလုကျပုတ္တ) .... ၈၅
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိနှင့် နိဗ္ဗာန် .... ၉၂
ငယ်ငယ်ကသတ် .... ၉၃
တဏှာ ဒုတိယော ပုရိသော .... ၉၄
ဟာယ် ကာမဏ .... ၉၆
စက္ခုဉ္စ ပဋိစ္စ .... ၉၇
ဗုဒ္ဓမြတ်စွာ စေခိုင်းတော်မူသော .... ၁၀၀
အနုသယ .... ၁၀၅
တဏှာလွတ် စားခြင်း .... ၁၀၈
ကိံသု ဇနေတိ ပုရိသံ .... ၁၁၁
တဏှာအလိုသို့ .... ၁၁၁
တဏှာ ယောကျ်ား လက်သမား .... ၁၁၂

အန္တောဇဋာ .... ၁၁၆
နိဗ္ဗာန် ပရမံ သုခံ .... ၁၂၀

## အဝိဇ္ဇာ

မည်သည့်လုပ်ငန်းမဆို .... ၁၂၂
စည်းစိမ်ကို စွန့်နိုင်၏ .... ၁၂၆
ကြောက်စရာ့ အဝိဇ္ဇာ .... ၁၂၇
နီဝရဏ .... ၁၂၈
ပြုသူသည် ခံစားသလော .... ၁၃၆
အဝိဇ္ဇာမှ ဝိဇ္ဇာသို့ .... ၁၃၈
ဝိဇ္ဇာ ဖြစ်နည်း .... ၁၄၀
အကြောင်းငါးပါး အကျိုးငါးပါး .... ၁၄၄
ပဋိစ္စ သမုပ္ပါဒ် .... ၁၅၁
C. G. Jung စီဂျီ ယန်း .... ၁၅၆
လယ်တီ ဆရာတော် .... ၁၆၅
အဝိဇ္ဇာယတွေ့ဝ .... ၁၆၆
သုတမယ ဉာဏ်(၁၈၁) .... ၁၇၀

## ဒိဋ္ဌိ ဝိသုဒ္ဓိ

ယောဂီရေး၌ "အတ္တ"ရှိ၏ .... ၁၇၃
သူတို့ မသိရှာကြ .... ၁၇၅
မေတ္တာအဖွဲ့ကြီး စသင့်ပြီ .... ၁၇၅
Civic Duty စီဗစ် ဂျူတီ .... ၁၇၇
နာမ်နှင့် ရုပ် .... ၁၇၉
ဉာဏ် ၃-ဆင့် .... ၁၈၀

ကုသလာ ဓမ္မာ .... ၁၀၄
စိတ်၊ စေတသိက်(၁၇၉) .... ၁၀၆
အားတက်စရာ .... ၁၉၃
ရုပ်ပိုင်း .... ၁၉၄
နာရီမရှိ အိမ်မရှိ .... ၂၀၀
စတုဓာတု ဝဝတ္ထာန် .... ၂၀၃
အရှင်ပစ္စုသာတိ .... ၂၀၄
ဓာတ် ၆-ပါးတို့ အနက် .... ၂၀၅
ရွှေဥမင် ဆရာတော် .... ၂၁၀
ဓမ္မ သဘာဝ .... ၂၁၁
သဗ္ဗေ ဓမ္မာ အနတ္တာ .... ၂၁၂
ကုသလာ ဓမ္မာ .... ၂၁၃
အကုသလာ ဓမ္မာ .... ၂၁၅
အဗျာကတာ ဓမ္မာ .... ၂၁၇
ယောဘာစိတ် .... ၂၁၉
နမ်နှင့်ရုပ်ကို ခွဲခြမ်း စိတ်ဖြာလျက် .... ၂၂၁

## ကန်္ဒါ ဝိတရဏာ ဝိသုဒ္ဓိ

ကန်္ဒါ ဝိတရဏာ ဝိသုဒ္ဓိ .... ၂၂၇
သဗ္ဗေ သင်္ခါရာ အနိစ္စာ .... ၂၂၉
အနိစ္စာ ဝတ သင်္ခါရာ .... ၂၃၀
ဟန္ဒ ဒါနိ ဘိက္ခဝေ .... ၂၃၁
ဆံပင် မရှိတော့ပြီ .... ၂၃၃
ယောဂါဝစာ ဆရာများ၏ အရာမဟုတ် .... ၂၃၄

တတင်းခန့်သာ .... ၂၃၆
မျက်စိဖြင့် ကြည့်၍ မမြင် .... ၂၃၈
သုညတ ဓမ္မ သဘာဝ .... ၂၄၀
သုညော လောကော .... ၂၄၂
Three In One သရီး-အင်-ဝမ်း .... ၂၄၃
အနိမိတ္တ သမာဓိ .... ၂၄၅
ဓမ္မသဘာဝကို သဘောပေါက်စေရန် .... ၂၄၇
ပညတ်နှင့် ပရမတ် .... ၂၄၈
နာမည် သဘာဝ .... ၂၅၂
နာမည့် သဘာဝ လက္ခဏာ .... ၂၅၃
လက္ခဏာ လက္ခဏာဝန္တ .... ၂၅၃
သဝိတ် ဥပမာ .... ၂၅၄
ကတုံးတိုင်း ကတုံးတိုင်း ဖိုးသူတော်မဟုတ် .... ၂၅၅
သင်္ခါရာဝ သင်္ခါရေ .... ၂၅၇
ဓမ္မသဘာဝ ဆန်းကြယ်ပုံ .... ၂၅၉
ကမ္မဇ ကလာပ် ၉-စည်း .... ၂၆၀
အကြောင်းနှင့် အကျိုးတရား .... ၂၆၀
စိတ်၏ လျင်မြန်ခြင်း .... ၂၆၄
စိတ်သည် တချိန်တည်းတွင် ၂-လုံးမဖြစ် .... ၂၆၄
စိတ်၏ဖြစ်စဉ် .... ၂၆၆
ဗြဟ္မာ့ပြည်က ကျောက်တုံး .... ၂၇၁
သက္ကာယ ဒိဋ္ဌိ .... ၂၇၁
ဝိပဿနာ သင်ပုန်းကြီး .... ၂၇၅
ယုံမှားခြင်း .... ၂၇၆

မာတိကာ

## ပဋ္ဌာန်းနည်း

မဟာပဒေသ တရားထေးပါး
အဘုအယောင်များ
ရှေးအခါ ၇-ရက်
ရုပ်-အဌဝိသ၊ နာမ်တောပညာသ ပိုင်ရမည်
အဘိဓမ္မာ လို၏
၂၄-ပစ္စည်းတို့၏ သတ္တိထူး
သူ့နည်းနှင့်သူ
ဓမ္မသဘာဝ ခက်ခဲ နက်နဲခြင်း
မာနံ ဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ
အမှတ်တမဲ့ နေလျှင် မောဟ
သေခါနိုး အပါယ်တံခါးဝိတ်၏
အရက်သမား သရဏာနိမင်းသား
အကုသိုလ်မှ ကုသိုလ်ရရှိခြင်း
အိမ်တွင်လည်း တရားအားထုတ်နိုင်၏
ရှေ့စိတ်နှင့် နောက်စိတ် ဆက်စပ်ပုံ
စာခံမနေ၊ အဘိဓမ္မာလို၏၊ ပဋ္ဌာန်းဆိုင်၏

## ပကိဏ္ဏက

မိန်းမဖြစ်မှု "သိက္ခမာန"
ယောက်ျားဖြစ်မှု "ပရိဝါသ်"
What is Mind? No body Knows.
ပါယာသိ ရာဇည စော်ဘွားကြီး
ပါဠိတော်

ဓမ္မကထိက .... ၃၄၅
ဓမ္မကထိက-၄-ဦး .... ၃၅၀
အနုသာသနီနည်း .... ၃၅၃
တရားရကြံပုံ။ (ပေါက်ပင် ဥပမာ-၃၆၀) .... ၃၅၇
အရှင်အာနန္ဒာ၏ ပညာရေး .... ၃၆၁
ဂုဏ်ပကာသန (ဇနပဒ ကလျာဏီ) .... ၃၆၄
ဆရာကောင်း ရှာရမည် .... ၃၆၇
မဂ် ဖိုလ် မရဘူးသူက .... ၃၇၃
အရှင် နာဂသေန .... ၃၇၆
မာတိကာ ဒါယိကာမကြီး .... ၃၇၇
နိဗ္ဗာန်နှင့် နိရောဓ သမာပတ် .... ၃၇၇
ရူပံ ပဇာနာတိ (ရူပံ ဇာနာတိမဟုတ်) .... ၃၈၀
ဇေတဝန်ကျောင်းတော်က သစ်ခက်သစ်ရွက်
မြက်ခြောက်တို့ကို မီးလောင်သော် .... ၃၈၅
သဒ္ဒံ ရူပံ နေတံ မမ .... ၃၈၆
ရူပံ န-သတ္တော န-ဇီဝေါ .... ၃၉၀
သား သမီး မရှိ .... ၃၉၁
နိမိတ်ကို မယူရ .... ၃၉၇
အရှင်ဝင်္ဂီသ .... ၄၀၁
ရဲရဲတောက် တရား .... ၄၀၃
သာသနာ တည်တံ့ရေး။ (ပြုခြင်း-၄၉၃)။ .... ၄၀၅
ဗောဇ္ဈင်္ဂသံယုတ် .... ၄၀၈
ဗုဒ္ဓမြတ်စွာနှင့် အရှင်မဟာစုန္ဒ .... ၄၁၄
ကမ္မဋ္ဌာန်း ဘာဝနာ .... ၄၁၆

| | | |
|---|---|---|
| စိတ် ဆန်းကြယ်၏ | .... | ၄၁၇ |
| ကျည်းကန် ထိုရှင်ကြီး | — | ၄၁၉ |
| စိတ်ကို နိုင်သော ရဲဘော် | — | ၄၂၀ |
| သမာဓိ အားကောင်းရန် | .... | ၄၂၁ |
| ဆေးနည်းတို့ ဆရာ | .... | ၄၂၅ |
| စာဖတ်သူသည် တိုးတက်၏ | .... | ၄၃၀ |
| ငရုတ်ကျည်ပွေ့ | .... | ၄၃၃ |
| နိဗ္ဗာန် ဘဿောက် | .... | ၄၃၆ |


## ဘာဝနာ


| | | |
|---|---|---|
| အာနာပါန | — | ၄၃၇ |
| ဆင်းရဲ ပင်ပန်းခြင်း မရှိဘဲ | .... | ၄၃၈ |
| အာနာပါန ပွားများနည်း | .... | ၄၄၇ |
| ဝိပဿနာသို့ မတက်လှမ်းမီ ကြိုတင်သိရှိရန် | .... | ၄၅၁ |
| အာနာပါန အဆက် | .... | ၄၅၉ |
| ရုပ်တရား | — | ၄၇၂ |
| နာမ်တရား | .... | ၄၇၆ |
| ဝိပဿနာ ဘာဝနာ | .... | ၄၈၄ |
| သမ္မသနဉာဏ် | .... | ၄၈၆ |
| ဥဒယဗ္ဗယဉာဏ် | .... | ၄၉၃ |
| အထူးရွတ်ဆို ပွားများရန် | .... | ၄၉၅ |
| န-တုမှာကံ တံ ပဇဟာထ | .... | ၄၉၇ |
| ဣတိ ဣမသ္မိံ သတိ | .... | ၄၉၉ |
| အနတ္တ ဓမ္မသဘာဝ | .... | ၅၀၀ |
| အဝိဇ္ဇာ သမုဒယာ ရူပသမုဒယော | .... | ၅၀၂ |

သုခဝေဒနာကို ခံစားလိုသေးလျှင် .... ၅၁၄
ဝိဘဝ တဏှာ .... ၅၁၅
နိဗ္ဗာန် .... ၅၁၇
ဥပသမာ နုဿတိ .... ၅၂၀
သန်တာ ဓမ္မာ အသန်တာဓမ္မာ .... ၅၂၁
ဝုသိတံ ဗြဟ္မစရိယံ .... ၅၂၃
ကမ္ဘာကို ဗမာက သာသနာ ပြုနိုင်ရန် .... ၅၂၉


## ကမ္ဘာ့ဘာသာ ပြဿနာ


ကမ္ဘာ့ဘာသာ ပြဿနာ .... ၅၃၁
ဗြာဟ္မဏဘာသာ နှင့် ဗုဒ္ဓဘာသာ .... ၅၃၅
ခရစ်ယန်ဘာသာ (၅၃၇)အစ္စလမ်ဘာသာ .... ၅၃၈
ဗုဒ္ဓနှင့် ခရစ်ယန်ကျမ်း .... ၅၃၉
ပါရှားဘာသာနှင့် ပုံ (၅၄၀) .... ၅၄၂
ပီသာဂိုရပ် (စ) .... ၅၄၄
အသက် ကြီးစဉ် ငယ်လိုက် .... ၅၄၇
ပါရှားနှင့် ဂရိ (ခ) အင်ပါယာကြီး(၅၄၇) .... ၅၄၈
ဂရိ (ခ) အင်ပါယာပုံ .... ၅၄၉
မိုဟာင်ဂျို-ဒါရိုး .... ၅၅၁
သီရိဓမ္မာသောကမင်းကြီး .... ၅၅၅
နိဂုံးချုပ် .... ၅၅၇
ဗုဒ္ဓဘာသာကို ကမ္ဘာ့ပညာကျော်ကြီး
များက ထောက်ခံကြခြင်း .... ၅၅၉

ဗုဒ္ဓဘာသာသည်
ဝိပဿနာ

ဗုဒ္ဓမြတ်စွာ အလိုတော်

ဝိပဿနာသည်
ဗုဒ္ဓဘာသာ

# အသင်္ခတ

# သင်္ခတ

ယာဝတာ ဘိက္ခဝေ ဓမ္မာ၊
သင်္ခတာ ဝါ အသင်္ခတာ ဝါ၊
ဝိရာဂေါ တေသံ ဓမ္မာနံ၊
အဂ္ဂ မက္ခာယတိ။

အနက်ကား။[illegible]။ဘိက္ခဝေ-ရဟန်းတို့၊ ယာဝတာ-အကြင်မျှလောက်ကုန်သော၊ သင်္ခတာ- အကြောင်း တရား တို့သည် အညီအညွတ် ပြုပြင်စီရင်အပ်ကုန်သော၊ ဓမ္မာဝါ- တရားတို့သည်၎င်း၊အသင်္ခတာ-အကြောင်းတရားတို့သည် မပြုပြင် မစီရင် အပ်ကုန်သော၊ ဓမ္မာဝါ-တရားတို့သည်၎င်း၊ သန္တိ-ရှိကုန်၏၊ တေသံ- ထိုသင်္ခတ, အသင်္ခတ တရား နှစ်ပါး တို့ တွင်၊ ဝိရာဂေါ-ရာဂ၏ကင်းရာကင်းကြောင်း၊ ချုပ်ရာချုပ်ကြောင်း ဖြစ်သော နိဗ္ဗာန်တရားသည်၊ အတ္ထိ-ရှိ၏၊ အယံဝိရာဂေါ- ဤရာဂ၏ ကင်းရာကင်းကြောင်း၊ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်တရားကိုအဂ္ဂံ- မြတ်၏ဟူ၍၊ အက္ခာယတိ- ဟောတော်မူ အပ်၏။

ဤသည်ကား-အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်စတုက္ကဝဂ် အဂ္ဂပသာဒသုတ်၌ ဟောတော်မူခြင်း ဖြစ်လေသည်။

ဤတွင်ဆိုလိုရင်းကား-ကမ္ဘာ့လောကဓာတ်ကြီး တရပ်လုံးတွင် ပြုပြင်စီရင်အပ်ကုန်သော အပါယ် ၄-ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆-ထပ်၊ ဗြဟ္မာ့ပြည် ၂၀၊ထို ၃၁-ဘုံသော သင်္ခတဓာတ်နှင့် မပြုမပြင်ရဘဲ အစဉ်အမြဲ ချမ်းသာသုခအပြည့်ဖြင့် တည်ရှိနေသော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ဟူ၍ရှိရာ ထိုတွင် နိဗ္ဗာန်ဟူသော အသင်္ခတဓာတ်သည် အမြတ် ဆုံး ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခြင်းဖြစ်လေသည်။ ထို ပါဠိတော်၌ ဆက်လက်လာရှိသည်မှာ....

ယေ ဘိက္ခဝေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊
အဂ္ဂေါ ဝိပါကော ဟောတိ။

ဤပါဠိတော်၏ ဆိုလိုရင်းကို အဓိပ္ပါယ်ပေါ်လွင်အောင် ဖော်ပြရသော်....

အိုရဟန်းတို့၊ အကြင်သူတို့သည် နိဗ္ဗာန်ကို ကြည်ညိုကြကုန်၏။ ထိုသူတို့သည် လောကဓာတ်ကြီး တရပ် လုံး တွင် အမြတ်ဆုံးကို ကြည်ညိုခြင်းဖြစ်၏။ အမြတ်ဆုံးကို ကြည် ညိုသောသူတို့အား အမြတ်ဆုံးသော အကျိုးကို ရရှိပေတော့သတည်းဟူ၍ ဟောကြားတော်မူလေသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၌ကေနိပါတ်ဇကဓမ္မဝဂ်၌ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ စသော အနုဿတိ ဆယ်ပါးကို ပွားများအပ်၏ဟု ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

ထိုဆယ်ပါး၌ လာရှိသော ဥပသမာနုဿတိသည် တမင်တဖိုလ်ရရှိရေးအတွက် တိုက်ရိုက် နီးစွာဆက်စပ်လျက်ရှိသော သမထ ဘာဝနာဖြစ်လေသည်။

ဤ သမထဘာဝနာမှ တဆင့်တက်ကာ ဝိပဿနာ ဘာဝနာ ပွားများရာ၌ နိဗ္ဗာန်ကို အာရုံပြုသော အခါတွင် ကြီးစွာသော အထောက်အပံ့ကို ဖြစ်စေလေသည်။ ပွားများရန်မှာ....

လောကဓာတ်ကြီးတရပ်လုံးတွင် အသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်သည်အမြတ်ဆုံးဖြစ်၏။ထိုတဏှာရာဂကိုလေသာ အစဝဝတို့၏ ကင်းငြိမ်းရာ ဥပသမဓာတ် မြတ်သောနိဗ္ဗာန်သည်သာလျှင် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ပူဆွေးငိုကြွေးခြင်း၊အဖန်ဖန်သေရခြင်းစသော ဆင်းရဲအပေါင်းတို့မှ ကင်းဝေးနိုင်၏ စသည်ဖြင့်ပွားများရာ၏။ ယင်းသို့ဥပသမာနုဿတိကို မကြာခဏ ပွားများ နေခြင်းသည် ငွေမကုန်လူမပန်းဘဲလျက် ဒါနထက်မြတ်သော၊ သီလထက်မြတ်သော၊ကြီးကျယ်လှသော ကုသိုလ်ကောင်းမှုကြီးကိုပြုလုပ်နေခြင်းပင်ဖြစ်လေသည်။သာမန်ကုသိုလ်မျိုးမဟုတ်ချေ။

ထိုမှတပါး ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော် ဥဒ္ဒေကထာ အာဒီနဝ ဥာဏ်ခန်း၌ လာရှိသည်မှာ....

ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ၊
ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခန္တိ၊
ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ-ဟူ၏။

ဤပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပါယ်သော်ကား....

ခန္ဓာငါးပါးဖြစ်ပေါ်ခြင်းသည် ဘေးမည်၏။
ခန္ဓာငါးပါး မဖြစ်ပေါ်ခြင်းသည် ဘေးကင်းရာမည်၏။
ခန္ဓာငါးပါးဖြစ်ပေါ်ခြင်းသည် ဆင်းရဲဒုက္ခမည်၏။
ခန္ဓာငါးပါးမဖြစ်ပေါ်ခြင်းသည် ချမ်းသာသုခမည်၏။
ခန္ဓာငါးပါး ဖြစ်ပေါ်ခြင်းသည် အကြောင်းတရား တို့က ပြုပြင်အပ်သော သင်္ခါရတို့မည်၏။

ခန္ဓာငါးပါး မဖြစ်ပေါ်ခြင်းသည် နိဗ္ဗာန်ချမ်းသာ မည်၏ဟူ၍ အခါမပြတ် အထပ်ထပ်ပွားများနေရာ၏။

ဝိပဿနာ ပွားများရာတွင် နိဗ္ဗာန်ကို အာရုံပြုရန်ဝိသုဒ္ဓိမဂ်ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိခန်း၌ (ဒိသာကာက)ကျီးငှက်ကိုသင်္ဘောမှ စေလွှတ်သော ဥပမာကို ဆောင်၍ ဖေါ်ပြထား၏။

ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အားသစ္စာလေးပါးဓမ္မစကြာတရားကို ဟောတော်မူရာ၌ မင်္ဂဖိုလ်နိဗ္ဗာန်ကို အလိုရှိသူသည် နိဗ္ဗာန်ကို အာရုံပြုရမည်ဟု လေးနက် တိကျစွာအောက်ပါအတိုင်း ဟောတော်မူလေသည်။

တံခေါ ပနိဒံ ဒုက္ခနိရောဓ အရိယသစ္စံ၊
ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

စသည်ဖြင့် ဟောတော်မူ၏။

၎င်းဓမ္မစကြာ ပါဠိတော်၌ သိသင့်သိထိုက်သော ဆိုလိုရင်းအဓိပ္ပါယ်ကို ဖေါ်ပြရသော်....

အို–ရဟန်းတို့၊ မင်္ဂဖိုလ်နိဗ္ဗာန်ကို အလိုရှိကြကုန်သော သူတို့သည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော အသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ယင်းသို့ မျက်မှောက်ပြုရပါမှ မင်္ဂဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်သည်ကို ငါဘုရား ရှင်သည်ရှေးမည်သည့်အခါကမျှ မသိခဲ့ဘူးချေ။ ယခုဘုရားရှင် အဖြစ်သို့ ရောက်ရှိမှသာလျှင် သိရှိတော်မူရခြင်း ဖြစ်၏ဟု တိကျထင်ရှားစွာ ဟောတော်မူခြင်း ဖြစ်လေသည်။

ထိုကြောင့်ပင် ဥပသမာနုဿတိ ဘာဝနာကို မကြာခဏပွားများပေးရန် အထက်တွင် တိုက်တွန်းခဲ့ခြင်း ဖြစ်၏။

ရှင်တော်ဘုရားသည် လောက ဓာတ်ကြီး တရပ်လုံးကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာဝယ် အသင်္ခတ ဓာတ်နှင့် သင်္ခတဓာတ်နှစ်ပိုင်းကိုသာလျှင် တွေ့မြင်တော်မူ၏။ ထိုအပိုင်းအခြား ဓာတ်နှစ်ပါးမှာ သဘာဝမွေလက္ခဏာအား ဖြင့် တပါးနှင့်တပါး ဖြောင့်ဖြောင့်ဆန့်ကျင်လျက် ရှိသည်ကို တွေ့မြင်တော်မူလေသည်။

ထိုကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ပူဠဝဂ် သင်္ခတလက္ခဏာသုတ်၌....

သင်္ခတ

တီဏိ မာနိဘိက္ခဝေ သင်္ခတဿ
သင်္ခတလက္ခဏာနိ ကတမာနိ တီဏိ၊
ဥပ္ပါဒေါ ပညာယတိ၊
ဝယော ပညာယတိ၊
ဌိတဿ အညထတ္တံ ပညာယတိ။
ဣမာနိခေါ ဘိက္ခဝေ တီဏိ၊
သင်္ခတဿ သင်္ခတလက္ခဏာနိတိ။

အနက်ကား။ ဘိက္ခဝေ၊ရဟန်းတို့။သင်္ခတဿ၊သင်္ခတခေါ် သောတရား၏။ သင်္ခတလက္ခဏာနိ၊ဤကား သင်္ခတတရားဟု မှတ်ကြောင်း လက္ခဏာတို့သည်။ ဣမာနိ တီဏိ ဤသုံးပါးတို့ တည်း။ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်း ဟူမူကား....

ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှု သဘောဟူသော "ဥပါဒ်" သည်၊ ပညာယတိ၊ ထင်၏။ ဝါ၊သိအပ်၏။

ဝယော၊ ပျက်စီးမှုသဘောဟူသော "ဘင်"သည်။ ပညာ ယတိ၊ထင်၏။ ဝါ၊သိအပ်၏။

ဌိတဿ၊မိမိ မိမိတို့၏သဘောလက္ခဏာအားဖြင့် ဖြစ်ပေါ်တည်ရှိသော သင်္ခတခေါ်သော တရား၏။ အညထတ္တံ၊ မူလသဘောနှင့်မတူ တပါးသောအခြင်းအရာ၏အဖြစ်သည်။ ဝါ ရင့်ရော်မှု (ဇရာ)သည်။ ပညာယတိ၊ ထင်၏။ ဝါ-သိအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ်-စင်စစ်။ သင်္ခတဿ၊ သင်္ခတခေါ်သောတရား၏။ သင်္ခတလက္ခဏာနိ၊ ဤကား သင်္ခတတရားဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။

အသင်္ခတ

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ
အသင်္ခတ လက္ခဏာနိ ကတမာနိ တီဏိ၊
န ဥပ္ပါဒေါ ပညာယတိ၊
န ဝယော ပညာယတိ၊
န ဌိဘဿ အညထတ္တံ ပညာယတိ၊
ဣမာနိခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ၊
အသင်္ခတ လက္ခာဏာနိတိ။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဿ၊ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်တရား၏။ အသင်္ခတလက္ခဏာနိ၊ ဤကား အသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်တရားဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား

ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှု သဘောဟူသော "ဥပါဒ်" သည်။ န ပညာယတိ၊ မထင်။ဝါ- မသိအပ်။

ဝယော၊ ပျက်စီးမှု သဘောဟူသော "ဘင်" သည်။ န ပညာယတိ၊မထင်။ ဝါ-မသိအပ်။

ငွိတဿ၊မြဲသည်၏ အဖြစ်ကြောင့် သဘာဝအတိုင်းတည် ရှိနေသော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်တရား၏။ အညှ ထတ္တံ၊ မူလသဘောနှင့် မတူ တပါးသော အခြင်း အရာ၏ အဖြစ်သည်။ ဝါ-ရင့်ရော်မှုခေါ်သော (ဇရာ)သည်။ နပညာ ယတိ၊ မထင်။ ဝါ-မသိအပ်။

ဘိက္ခဝေ၊ရဟန်းတို့။ ခေါ၊စင်စစ်။အသင်္ခတဿ၊အသင်္ခတ ဓာတ် မြတ်သောနိဗ္ဗာန်တရား၏။ အသင်္ခတ လက္ခဏာနိ၊ ဤ ကား အသင်္ခတတရားဟု မှတ်ကြောင်း လက္ခဏာတို့သည်၊ ဣမာနိတိဏိ၊ ဤသုံးပါးတို့တည်း။

ဤပါဠိတော် နှစ်ရပ်၏ သဘောမှာ သင်္ခတ ဓာတ်သည် အဝိဇ္ဇာ,တဏှာ, ကံ,စိတ်,ဥတု,အာဟာရ စသည်တို့၏ ပြုပြင် စီမံမှုကို ခံရခြင်းကြောင့် အမြဲမနေရ။ (ပဌမ)ဖြစ်ပေါ်လာပြီး လျှင် (ဒုတိယ) ရင့်ရော်မှု ဇရာဖြစ်ကာ (တ တိ ယ) ပျက်စီး ပျောက်ကွယ်သွားရခြင်း ဖြစ်သည်ကို ဟောတော်မူ၏။

အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်မှာ သင်္ခတဓာတ် ကဲ့သို့ အဝိဇ္ဇာ,တဏှာ,ကံ,စိတ်,ဥတု,အဟာရ စသည်တို့၏ ပြုပြင်စီမံ ခြင်းကို အနည်းငယ်မျှပင် မခံရဘဲ ထာဝစဉ် တည်ရှိနေလျက် ရင့်ရော်မှု၊ ပျက်စီးပျောက်ကွယ်မှု အနည်းငယ်မျှပင် မရှိခြင်း ကို ဟောတော်မူ၏။

ပဥ္စဝဂ္ဂီငါးဦးတို့ကို ဟောတော်မူသော အနတ္တ သုတ်နှင့် တကွ ထိုထိုသော ပါဠိတော်များတွင် များစွာလာရှိသည်မှာ သင်္ခတနယ်အတွင်း၌ ဖြစ်ပေါ်လာကြသော ရုပ်တရား, နာမ် တရား, ခန္ဓာငါးပါးတို့သည် မမြဲ၊ ဤသို့ မမြဲခြင်းသည် သုခ မဟုတ်၊ ဒုက္ခဖြစ်၏။

မမြဲခြင်းနှင့် ဒုက္ခဖြစ်ခြင်းကို မည်သူမျှတားဆီး၍ မရ။ ဓမ္မသဘာဝအတိုင်း ဖြစ်ပေါ်လာရ၏။ ရင့်ရော်သွားရ၏။ ပျက်စီးကွယ်ပျောက် သွားရ၏။ ထို့ကြောင့် ခန္ဓာ ငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တမျှသာ ဖြစ်ခြင်းကို ဟောတော်မူ၏။

သောတာပန် ဖြစ်ပြီးသော ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဟောတော်မူသော အနတ္တသုတ်မှ အနည်းငယ် ကောက်နုတ် ဖော်ပြပေအံ့။

တံ ကိံ မညထ ဘိက္ခဝေ၊
ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ။
အနိစ္စံ ဘန္တေ။

(ရှင်တော်ဘုရား) ရဟန်းတို့။ ထိုသို့ ငါဘုရား မေးတော်မူလတံ့သောစကားကို အဘယ်သို့ ထင်မှတ်ကြကုန်သနည်း။ အို–ရဟန်းတို့၊ ရုပ်တရားသည် မြဲသလော၊မမြဲသလော။

(ရဟန်းများ) အရှင်မြတ်ဘုရား၊ ရုပ်တရားသည် မမြဲပါဘုရား။

ယံ ပနာ နိစ္စံ၊
ဒုက္ခံ ဝါ တံ သုခံ တံ ဝါ တိ။
ဒုက္ခံ ဘန္တေ။

(ရှင်တော်ဘုရား)ရဟန်းတို့၊ အကြင်ရုပ်တရားသည်မမြဲ။ထိုမမြဲသောရုပ်တရားသည် ဆင်းရဲသလော၊ ချမ်းသာသလော။

(ရဟန်းများ)အရှင်မြတ်ဘုရား၊ထိုမမြဲသောရုပ်တရားသည် ဆင်းရဲခြင်းပါဘုရား။

ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊
ကလ္လံ နုတံ သမနုပဿိတုံ။

တေ့ံ မမ သော ဟ မသ္တိ၊
သော မေ အတ္တာတိ။
နော ပေ တံ ဘန္တေ။

(ရှင်တော်ဘုရား) ရဟန်းတို့၊ အကြင်ရုပ်တရားသည် မမြဲ၊ ဆင်းရဲ၏။ ရင့်ရော်ဖေါက်ပြန်သော သဘောရှိ၏။

ထိုသို့ မြဲလည်းမမြဲ၊ ဆင်းရဲလည်း ဆင်းရဲလျက် ရင့်ရော်ဖေါက်ပြန်သောရုပ်တရားကို ဤကား ငါ့ဟိုင်သောဥစ္စာတည်း ဤရုပ်တရားကား ငါဖြစ်၏။ ဤရုပ်တရားကား ငါ၏အလိုသို့ လိုက်သော အတ္တတည်း။ ဤသို့ စွဲလန်းထင်မှတ်ခြင်းငှာ သင့်ပါမည်လော။

(ရဟန်းများ)အရှင်မြတ်ဘုရား၊ဤသို့စွဲလမ်းထင်မှတ်ခြင်းငှာ မသင့်ပါဘုရား။

ဤအတိုင်းပင်ကျန်သေးပါးသောဝေဒနာ၊သညာ၊သင်္ခါရ ဝိညာဏ်တို့ကိုလည်း မေးတော်မူရာ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ဤအတိုင်းပင် ဖြေဆိုကြကုန်၏။

ဤတွင် သစ္စာလေးပါး မေ့စကြာတရားကို နာကြားပြီး၍ သောတာပန်ဖြစ်ပြီးကြကုန်သော ပဉ္စဝဂ္ဂီငါးဦးတို့ကရှင်တော်ဘုရားအား ဖြေဆုံပုံကို သတိပြုအပ်လေသည်။

ဤအနတ္တသုတ် ပါဠိတော်ဝယ် သိစေလိုသည်မှာ....

ရုပ်တရား နာမ်တရား ခန္ဓာငါးပါး တို့သည် နိစ္စ၊ သုခ၊ အတ္တမဟုတ်။ အနိစ္စ၊ဒုက္ခ၊ အနတ္တဟူ၍ ထင်ရှားစွာ ထောက်နုတ်သိရပေမည်။

ထိုမှတဆင့်တက်သော် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ စိတ်၊ ဥတု အာဟာရစသည်တို့၏ ပြုပြင်စီမံမှုကိုခံရကုန်သော သင်္ခတနယ်

အတွင်းရှိလူ့နတ်ပြဗ္ဟ္မာသတ္တဝါအပေါင်းတို့သည် မြဲသည်မဟုတ်၊ ချမ်းသာသည်မဟုတ်၊ အတ္တမဟုတ်၊ အနိစ္စ၊ဒုက္ခ၊အနတ္တအစစ်အမှန် ဖြစ်ကြောင်းကို ကောင်းစွာ သိအပ်လေသည်။

ထို့ကြောင့် ဤကျမ်းကို ရေးသောသူသည်ရင်း၊ ဤကျမ်းစာကို ဖတ်ရှုနေသော ပုဂ္ဂိုလ်သည်ရင်း၊ အတ္တမဟုတ်။ ငါမဟုတ်၊အနိစ္စ၊ဒုက္ခ၊အနတ္တဓမ္မသဘာဝမျှသာ ဖြစ်လေတော့၏။

လူတို့၏သက်တန်းသည် နတ်ပြည်၊ငရဲပြည်တို့နှင့် နှိုင်းယှဉ်သော် အလွန်အလွန် တိုတောင်းလှ၏။ အဘယ်မျှ တိုတောင်းလှပါသနည်းဆိုမူ နတ်ပြည် ၆-ထပ်တွင် အောက်ဆုံး ဖြစ်သော စတုမဟာရာဇ် နတ်ပြည်၏ တနေ့နှင့်တညဥ့် သည် လူတို့၏ အနှစ်ငါးဆယ်နှင့် အညီအမျှ ဖြစ်လေသည်။

လူတို့၏ နှစ်အရေအတွက်အားဖြင့် အနှစ် ကိုးသန်းသည် စာတုမဟာရာဇ် နတ်ပြည်၏ သက်တန်း ဖြစ်လေသည်။ ထိုထက် ဆင့်ကဲဆင့်ကဲတိုးတက်ကာ အထက်အထက်ဖြစ်သော နတ်တို့၏ သက်တန်းကား ရှည်မြင့်လေသည်။

ငရဲအသက်ကား နတ်တို့၏အသက်ထက် အထူး ပို၍ရှည်ကြာလေသည်။ ဤကားအင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌက နိပါတ် ဥပေါသထဝဂ်၌ လာရှိသည်တို့တည်း။

ထို့ကြောင့် လူတို့၏သက်တန်းကို နတ်ပြည်၊ငရဲပြည်တို့၏ အသက်တန်းနှင့် နှိုင်းယှဉ်သော် အိပ်မက်မက်သည် မျှသာ ရှိသည်ဟု သတိရကြလျက် ကျန်နေ ရှိသေး သော မသေမီ အချိန်ကလေးကို အလဟဿမကုန်လွန်စေဘဲကုသိုလ်တကာ တို့တွင် အကောင်းဆုံး ဖြစ်သော ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ကာ နေသိုင်သင့်လေပြီ။

ဤတွင် နိဂုံးချုပ် သိစေလိုသောအချက်ကား....

သမ္မုတိသစ္စာနယ်တွင် ယောကျ်ား၊မိန်းမ၊ လူ၊နတ်၊ပြဟ္မာ သတ္တဝါရှိ၏။

ပရမတ္ထသစ္စာနယ်တွင် ယောကျ်ား၊မိန်းမ၊ လူ၊နတ်၊ပြဟ္မာ သတ္တဝါမရှိ။ ဤဘုမ်းအစ၌ ဖော်ပြခဲ့သော သင်္ခတဓာတ်နှင့် အသင်္ခတဓာတ်သာရှိ၏။

တနည်းဆိုသော်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်သာရှိ၏။

တနည်းဆိုသော်။ သုခနှင့် ဒုက္ခသာ ရှိလေသည်။

ထိုကြောင့်ပရမတ္ထသစ္စာနည်းဖြင့်ကြည့်သောအခါ ဤကျမ်းကိုပြုသူသည် လူမဟုတ်၊ဒုက္ခအတိသာဖြစ်၏။ဤကျမ်းကို ယခု ဖတ်ရှုနေသော ပုဂ္ဂိုလ်သည် လူမဟုတ်၊ ဒုက္ခအတိသာဖြစ်၏။

ထိုမှတပါး ကမ္ဘာပေါ်တွင် ကျန်ရှိသေးသော လူဦးရေ သန်းပေါင်း ၃၀၀၀-ခန့် သည်လည်း လူမဟုတ်၊ ဒုက္ခအတိ သာ ဖြစ်ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် လောကဓာတ်ကြီးကို သိမ်းကျုံးလျက် သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်တော်မူသောအခါ တဖက် တွင် မပြုမပြင်ရဘဲ သုခအတိဖြစ်သော အသင်္ခတဓာတ် မြတ် သော နိဗ္ဗာန်ကိုမြင်တော်မူ၏။

တဖက်တွင် အဝိဇ္ဇာ၊တဏှာ၊ ကံ၊စိတ်၊ဥတု၊ အာဟာရတို့ ပြုပြင်စီမံအပ်သော ဒုက္ခအတိသာ ဖြစ်သော သင်္ခတဓာတ်ကို တွေ့မြင်တော်မူ၏။

ဤတွင် မဂ် ဖိုလ်၊နိဗ္ဗာန်ကို အလိုရှိသူ သူမြတ်၏ စိတ်တွင် စွဲမြဲစွာမှတ်ယူထားရမည်မှာ လောကဓာတ်ကြီးတရပ်လုံးတွင် ဘာမျှမရှိ၊ သုခနှင့်ဒုက္ခသာရှိ၏။ဝါ-အသင်္ခတဓာတ်နှင့်သင်္ခတ ဓာတ်နှစ်မျိုး နှစ်စားသာ ရှိသည်ဟု မိမိနာမည်ကို မိမိမှတ်မိ သကဲ့သို့ စွဲမြဲစွာ မှတ်ယူထားရပေမည်။

သန္တတ ဓာတ်ဆိုသည်မှာ မူရင်းအားဖြင့် ရုပ် ၂၈-ပါး၊ စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါးအားဖြင့်ဤ ၈၁-ပါးသော ဓာတ်တို့သာ ဖြစ်လေသည်။

တနည်းဆိုသော်။ သန္တာနယ် တရုပ်လုံးတွင် ဤ ဓာတ် ၈၁-ပါးသာ ရှိလေသည်။ အခြားမည်သည့်တရားမျှမရှိချေ။

ဤ ၈၁-ပါးသော ဓာတ်တို့ကိုသာလျှင် ထိုက်သည့်အား လျော်စွာ....

ကျ။ ရုပ်နာမ် ၂-ပါးဟူ၍ရင်း။

ခ။ ခန္ဓာငါးပါးဟူ၍ရင်း။

ဂ။ ဓာတ် ၆-ပါးဟူ၍ရင်း။

ဃ။ အာယတန ၁၂-ပါးဟူ၍ရင်း။

င။ ဓာတ် ၁၈-ပါးဟူ၍ရင်း။

စ။ ပဋိစ္စ သမုပ္ပါဒ်တရား ဟူ၍ရင်း ခေါ်ဆိုကြသည်သာ မက သမ္မုတိသစ္စာနယ်ဘွင်လည်း ယောက်ျား၊မိန်းမ၊လူ၊နတ် ဗြဟ္မာ၊သတ္တဝါ၊ဆရာ၊မိဘ၊သားသမီး၊ကျွဲ၊ နွား၊ခွေး၊ ကြောင်၊ ကြက်၊ငှက်၊ တိရစ္ဆာန်စသည့်တို့ကို ခေါ်ဆို နေကြသည်မှာ လည်း ဤဓာတ် ၈၁-ပါးပင် ဖြစ်လေသည်။

၄၅-နှစ်တိုင်တိုင် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့ကိုခြုံ၍ လိုရင်းကိုထုတ်သော် ဒုက္ခနယ် ဤမှာဘက်မှ သုခနယ် ထိုမှာဘက်သို့ရောက်ရှိစေရန် ဟော တော်မူသော တရားတော်များ ဖြစ်လေသည်။

ထို့ကြောင့် ယင်းသို့ ဟောတော်မူအပ်သော ပါဠိတော် အရပ်ရပ်သဘောကို အကျဉ်းချုပ်ဖော်ပြရသော် ဓမ္မပဒပါဠိ တော် မဂ္ဂဝဂ်၌ လာရှိသော....

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ ဓမ္မာ အနတ္တာ။

ဟူသော ဒေသနာတော်ကို ရရှိလေသည်။

အနက်ကား။ ။သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သင်္ခါရာ-အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သောရုပ်နာမ်တရားတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်။

လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါမကျန်
ခပ်သိမ်းကုန်သော အကြောင်း
တရားတို့ ပြုပြင်အပ်ကုန်သော
ရုပ်တရား၊ နာမ်တရားတို့သည်
ဆင်းရဲဒုက္ခသာဖြစ်ကုန်၏။

ခပ်သိမ်းကုန်သောပြုပြင်အပ်
သောသင်္ခတဓာတ်၊မပြုပြင်အပ်
သော အသင်္ခတ ဓာတ်တို့သည်
အတ္တမဟုတ်၊အနတ္တဓမ္မသဘာဝ
တရားတို့သာလျှင် ဖြစ်ကုန်၏။

ထို့ကြောင့် ယောဂီသူမြတ်တို့ တိကျပြတ်သားစွာ သိမှတ်ထားရမည်မှာ မိမိနှင့်တကွ သင်္ခတ နယ်အတွင်းရှိ ၇၁ ပါးသော ဓာတ်တို့မှာ-

က။ အနိစ္စဓမ္မသဘာဝမျှသာဖြစ်သည်။

ခ။ ဆင်းရဲဒုက္ခ ဓမ္မသဘာဝမျှသာဖြစ်သည်။

ဂ။ ငါမဟုတ်၊ အသက်လိပ်ပြာမဟုတ်၊ အတ္တမဟုတ်၊အကြောင်းတရားကြောင့် ဖြစ်ပေါ်ရသောအကျိုး 'အနတ္တ' ဓမ္မသဘာဝဖြစ်သည်ကို စွဲမြဲစွာ သိမှတ်သိမ်းပိုက် ထားရပေမည်။

ထိုမှတပါးဟိုမှာဘက်တွင် "အဿုတဝါပုထုဇ္ဇန"တို့နှင့် လုံးဝမသက်ဆိုင်သော "သုတဝါ အရိယာ သာဝက" တို့နှင့်သာ သက်ဆိုင်သော၊ ဒုက္ခအပေါင်းတို့ ကင်းငြိမ်းလျက် သုခအတိသာလျှင်ဖြစ်သော အသခ်ိတဓာတ် မြတ်သော နိဗ္ဗာန်သည် သူတော်သူမြတ်တို့ အတွက် ရှိ၏ဟု စွဲမြဲစွာ သိမှတ်သိမ်းပိုက်ထားရပေမည်။

ဝိပဿနာဘာဝနာ လုပ်ငန်းသည် သဘောပေါက် သွားပါက အလွန့်အလွန် လွယ်ကူသော လုပ်ငန်းဖြစ်လေသည်။ အဘယ်မျှ လွယ်ကူပါသနည်းဆိုသော် အဖေါ်မလို၊ လူမပင်ပန်းဘဲ သွားရင်း၊ လာရင်း၊ စားရင်း၊သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း ဆင်ခြင်ပွားများ လုပ်ကိုင်နိုင်သောလုပ်ငန်းဖြစ်၏။

ဤကျမ်းသည် အလွန်ဆူပွက် နေသော ဒုက္ခအိုးတွင်းမှ သုခ ချမ်းသာအတိဖြစ်သောနိဗ္ဗာန်သို့ရောက်ရှိရန် ပါဠိတော်အရပ်ရပ်တို့၌ လာရှိသည့်အနက် ပေါ်လွင်ထင်ရှား၍သိမြင်နားလည်လွယ်သော ပါဠိတော် အချို့ကို ကောက်သင်းကောက်ဘိသကဲ့သို့ရှာဖွေကောက်ယူဖေါ်ပြထားသောကျမ်းဖြစ်၏။

ထို့ကြောင့် ပြိုင်ဘက်မရှိ အထူးမွန်မြတ်လှသောရှင်တော်ဘုရားတဆူတဆူ ပွင့်တော်မူပါမှ သိရှိရသော ဓမ္မသဘာဝများကို သဘောပေါက်လာရန် ထပ်ခါထပ်ခါဖတ်ရှုပြီးလျှင် စဉ်းစားဆင်ခြင်သုံးသပ်ပါလေ။

ယင်းသို့(ဘာဝိတော ဗဟုလီကတော)ပါဠိတော်သဘောတို့ကို ဖတ်ပါများသော်၊ ဆင်ခြင်သုံးသပ်ပါများသော်၊ ဓမ္မသဘာဝဖြစ်သော ဒုက္ခနှင့် နိဗ္ဗာန်ချမ်းသာကို တိကျစွာ သဘောပေါက် လာရမည်မှာ ကေန်စင်စစ်ဖြစ်လေတော့၏။

အကြောင်းသော်ကား-ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတော်များဖြစ်သောကြောင့်ပေတည်း။

ဒုက္ခကို သိလေလေ၊ နိဗ္ဗာန်ကို အလိုရှိလေလေဖြစ်ရကား အစေလက ကဿပသုတ်၌ရင်း၊ကစ္စာနသုတ်၌ရင်း၊အနုရာဓ သုတ်၌ရင်း၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်နှင့် တကွ ရဟန်းတော်မြတ်တို့ ဒုက္ခသင်တန်း တက်ကြပုံ စသည်တို့ကို ရှေ့ဖေါ်ပြလတံ့သော ဒုက္ခခန်းတွင် ပါဠိတော်အရပ်ရပ်တို့ နှင့် ကျယ်ပြန့်စွာ တွေ့ရှိရပေလတံ့။

### မျက်မြင် ကိုယ်တွေ့ ပင်လျှင်
### မှန်ပါ၏လော



ဤမျဉ်းကြောင်း နှစ်ကြောင်းကိုကြည့်၍ မည်သည့် မျဉ်းကြောင်းကတိုသည်၊ မည်သည့်မျဉ်းကြောင်းက ရှည်သည်ကို ဆုံးဖြတ်ပါ။

ထို့နောက် သေချာစွာ တိုင်းကြည့်ပါ။ မျဉ်းကြောင်းနှစ်ကြောင်း၏ အတိုအရှည်မှာ အတူတူပင် ဖြစ်သည်ကို တွေ့ရှိရပေမည်။

တနည်းဆိုသော် မီးရထားလမ်း သံချောင်းနှစ်ချောင်း၏ အလယ်တည့်တည့်ကရပ်လျက် မီးရထားလမ်းအစဉ်ကိုကြည့်

ပါလေ။ မိမိရပ်နေသော မီးရထားသံလမ်း နှစ်ချောင်းက ကျယ်၍ အဝေးတွင်မြင်ရသော မီးရထားသံလမ်းနှစ်ချောင်း က တဖြည်းဖြည်းကျဉ်းမြောင်းသွားသည်ကို မြင်ရပေမည်။

အမှန်ကား-မီးရထားသံလမ်းနှစ်ချောင်းသည် မည်သည့် နေရာတွင်မျှ ပို၍ကျယ်သည်၊ ပို၍ကျဉ်းသည်ဟူ၍မရှိချေ။

ဤသို့ဆိုလိုရင်းကား မိမိမျက်မြင်ကိုယ်တွေ့ပင်လျှင်ယုံကြည် စိတ်ချရခြင်းမရှိသည်ကို ထင်ရှားစွာ သိစေလိုခြင်းဖြစ်၏။

သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ် အန္တာနန္တ ဒိဋ္ဌိခန်း၌-

အန္တဝါအယံလောကောပရိဝဋုမော - ဟူ၍ လာရှိလေ သည်။

ဤလောကသည် အဆုံးရှိ၏။ ထက်ဝန်းကျင်မှ လုံး၏။ (လှည့်လည်၏။ ကမ္ဘာမြေကြီးသည် လုံးလျက် လှည့်လည် နေ၏) ဆိုသော မိစ္ဆာ အယူဝါဒကို အချို့ အယူရှိကြ၏ဟု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့လေသည်။

ဤပါဠိတော်အပြင် အထက်တွင်ဖေါ်ပြခဲ့သောမိမိမျက်မြင် ကိုယ်တွေ့ကိုပင်လျှင် စိတ်ချရခြင်းမရှိသေးခဲ့သော် အနောက် နိုင်ငံသားတို့ ရေးသားထားသော စာများတွင် အဝေးမှလာ သော သင်္ဘောတစင်းကို ကြည့်သောအခါ သင်္ဘောဦးကို ရှေးဦးစွာ မြင်ရ၏ စသည်တို့ကြောင့် ကမ္ဘာကြီး လုံး၏ ဆို သည်မှာ သို့လောသို့လောဟု တွေးတောစရာ ဖြစ်ပေါ်လာ ပေတော့၏။

အထက်ပါ အယူဝါဒနှင့် ဆက်စပ်လျက် ကျမ်းဂန်အလို ကား- နေသည် လှည့်လည်နေသည်ဟုဆို၏။ အနောက်နိုင်ငံ

သားတို့ အလိုကား- နေသည် မလည်၊ ကမ္ဘာမြေကြီးသာ လည်သည်ဟု အယူရှိကြ၏။

ဤပြဿနာနှင့်ပတ်သက်၍ မန္တလေးမြို့ မြန်မာပညာရှိ မင်းဆရာကြီး ဦးဖေအား ဒုတိယစစ်ကြီးမဖြစ်မီက အောက်ပါအတိုင်း မေးမြန်းဘူး၏။

ဆရာကြီး၊ ဗမာကနေသွားတယ်၊ အနောက် နိုင် ငံ သားတွေက ကမ္ဘာမြေကြီး သွားတယ်ဆိုပြီး တွက်ကြတယ်။ သို့ပေသိ "နေ" ကျစ်တာတွေ၊ "လပြည့်"ဖမ်းတာတွေမှာ အဖြေချင်းအတူတူဘဲ ထွက်လာကြတယ်ဆရာကြီး။ အဲဒါဟာ ဘယ်လိုသဘောလဲ။

ထိုအခါ ဆရာကြီးက အလွယ်တကူပင် ရှေ့တွင်ချထားသော ကွမ်းအစ်ကို လက်ညှိုးညွှန်လျက်။

ဒီကွမ်းအစ်ကို ကိုင်ပြီး အဖုံးကို လှည့်လျှင် တပတ်စေ့သောအခါ နေရာရင်းသို့ ပြန်မရောက်ပေဘူးလား။ အေး- ရောက်တာပေါ့။နောက်ဘဖန်အဖုံးကိုခိုင်ခိုင်ကိုင်ပြီးအောက်က ကွမ်းအစ်ကို လှည့်ချင်တော့ တပတ်စေ့သောအခါ နေရာရင်းသို့ ပြန်မရောက်ပေဘူးလား။ အေး-ရောက်တာပေါ့။

ဒီတော့ ဒီမြေကြီး လည်တယ်ဆိုပြီး တွက်သော်လဲတပတ်စေ့တော့ အဖြေအတူတူဘဲ ထွက်တာပေါ့။သို့ပေသိ (ကိုပါနိကပ်စ်)သူတို့နည်းက မွေသဘာဝနှင့်မကိုက်ဘူး။ သူတို့ရဲ့နည်းမှားပေါ်လာတာဟာ နှစ်ပေါင်း ၄၀၀-ကျော်လောက်ဘဲရှိသေးတယ်။ ဘုရားရှင်ရဲ့နည်းဖြင့် တွက်ချက်လာတာက တော့ နှစ်ပေါင်း ၂၅၀၀နီးပါးရှိပြီဟု ပြောသောစကားကို မှတ်လိုက်ရ၏။

ယင်းသို့ ဆရာကြီး ညွှန်ပြရာမှ ဆက်လက်ပြီး ပညာမျက်စိ ရောက်ရှိသွားသည်မှာ ဤကဲ့သို့ နေသွား၊မြေသွား မှားလျက် အမြဲတူ ထွက်နိုင်ပါက "မြေလုံး၊မြေပြား" တွင်လည်း မှား လျက်ပင် ၎င်းတို့၌ အမြဲထွက်နိုင်စရာ အကြောင်းရှိ၏ ဟူ၍ (ဥပဋ္ဌာနာကာရ)သဘော ပေါ်ပေါက်လာသောသည်။

ဆိုဦးအံ့။ Sodium ဆိုဒီယမ်ကို စားလျှင် သေ၏။

Chlorine ကလိုရင်းကိုရှူလျှင် သေ၏။ ၎င်းကိုဆယ်တန်း ကျောင်းသားများသိကြ၏။ ထို့ကြောင့် ၎င်းနှစ်မျိုးကိုပေါင်း စပ်၍စားပါကလျှင်မြန်စွာသေဘွယ်ရာရှိ၏ဟု ထင်ရပေမည်။

သို့ရာတွင် ၎င်းနှစ်မျိုးကို ပေါင်းစပ်လိုက်ပါက အိမ်၏မီးဖို ဆောင်တွင် သူမပါလျှင် မပြီးသော "ဆား" ဖြစ်၍လာ၏။

ဤသည်ကား မိမိအထင်နှင့် ဓမ္မသဘာဝတို့ ဖြစ်အင် ကွာ ခြားပုံကို သိအပ်လေသည်။

ဤအထက်တွင် ဖော်ပြ အပ်သော မျဉ်းကြောင်း နှစ် ကြောင်း အစရှိသော မျက်မြင်ကိုယ်တွေ့ တို့ကိုပင်လျှင် မှား တတ်သည် ဖြစ်ပါမူ အဘယ်မည်သော မမှားသော သဘော တရားသည် ရှိပါသနည်းဟူမူကား....

သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ။
မဇ္ဈေ ကလျာဏံ ပရိယောသာန ကလျာဏံ၊
သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ၊
ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။

ဘာသာပြန်။ ။ထိုမြတ်စွာဘုရားသည် အစ၏ ကောင်း ခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသော မြတ်သော အနက်နှင့်ပြည့်စုံသော ချွတ်ယွင်းသည်မရှိ၊ သဒ္ဒါ

နှင့်တကွ ပြည့်စုံသောတရားကို ဟောတော်မူ၏။ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော အကျင့်မြတ်ကို ထင်ရှားစွာ ပြတော်မူ၏။

ဤပါဠိတော်သည်ကား- သုတ်သီလက္ခန် ပါဠိတော် သာမညဖလ သုတ်၌ရှင်း၊ ထိုထိုသော ပါဠိတော် တို့၌ရှင်း ထပ်ခါထပ်ခါ လာရှိလေသည်။

ထိုမှတပါး ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ရရှိနေသော ပါဠိတော်ကို ဇေဂ်သုတ်မှ ကောက်နုတ် ဖေါ်ပြဦးအံ့။

ထိုပါဠိတော်မှာ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သက္က သံယုတ်, ပဌမဝဂ်, ဇေဂ်သုတ်နှင့်တကွ ထိုထိုသော ပါဠိတော် တို့၌ များစွာလာရှိလေသည်။

သွာက္ခာတော ဘဂဝတာဓမ္မော၊
သန္ဒိဋ္ဌိကော အကာလိကော၊
ဧဟိ ပဿိကော ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

ဘာသာပြန်။ ။၁။ မြတ်စွာဘုရားသည် ဆယ်ပါးသော တရားတော်ကို ကောင်းစွာဟောတော်မူအပ်၏။

၂။ မျက်မှောက်၌ အကျိုးကိုပေး၏။

၃။ အခါမလင့် အကျိုးကိုပေး၏။

၄။ လာလှည့်ရှုလှည့်ဟူသော စကားကိုဆိုထိုက်၏။

၅။ မိမိစိတ်၌ ကပ်၍ဆောင်ခြင်းငှာ ထိုက်၏။

၆။ အသီးအသီး မိမိတို့၌ပညာရှိတို့သည် သိအပ် ခံစားအပ်၏ဟု ဟောတော်မူလေသည်။

အထက်၌ဖေါ်ပြခဲ့သည့်အတိုင်း မိမိမျက်မြင်ကိုယ်တွေ့ပင်လျှင် မှားတတ်သည် ဖြစ်ပါလျှင် အဘယ်မည်သော မမှားသော သဘောတရားသည် ရှိပါသနည်းဟူမူ အထက်တွင်ဖေါ်ပြခဲ့သော ပါဠိတော်တို့ကို ထောက်ရှုခြင်း အားဖြင့်ရှင်တော်ဘုရားဟောတော်မူအပ်သော ထုတ်ဖေါ်ပြအပ်သောတရားသည် မမှားရုံမျှမက အစ,အလယ်,အဆုံးသုံးပါးလုံး ကောင်း၏။ အနက်အဓိပ္ပါယ် အနှစ်သာရတို့နှင့် ပြည့်စုံ၏။ လိုသည်ဟူ၍ရှင်း၊ ပိုသည်ဟူ၍ရှင်း၊ အပိုအလိုမရှိ။ ပတ်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်၏။ အခါမလင့် လက်ငင်းအကျိုးပေး၏။ တရားတော်သည် မည်မျှမှန်ကန် တိကျပါသနည်းဆိုမူ—သာမန်လောကဓာတ် ဆရာမျှကို မဆိုထားဘိ၊ မိမိတို့ဖြစ်ခဲ့သော ဘဝအစဉ်ကို ဆက်ခါဆက်ခါမြင်နိုင်သော ပြဟ္မာကြီးများကိုပင်လာကြ၊ လာကြ၊ အကုန်လာကြ။ ဤတရားတော်ကို စစ်ဆေးကြကုန်လော့ဟု ခေါ်၍ပြကာ အစစ်အဆေးခံနိုင်သော တရားစစ်တရားမှန် ဖြစ်လေသည်။ ထိုမျှမကသေး၊ ယုံကြည်စွာ လိုက်နာကျင့်သုံးပါက မိမိတို့ကိုယ်တိုင် အသီးအသီး သိရှိခံစားကြရလျက် နတ်ရွာ နိဗ္ဗာန် သို့ပို့ဆောင်နိုင်သော တရားဖြစ်ကြောင်းကို ကောင်းစွာသိရှိနိုင်လေသည်။

ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦး တို့ အား ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ သစ္စာလေးပါး တရားတော်ကို နာကြားရသောကြောင့် အရှင် "ကောဏ္ဍည" သည် သောတာပန်၌ တည်လေ၏။ ထိုအခါ ရှင်တော်ဘုရား အထံတော်၌....

လဘေယျာဟံ ဘန္တေ ဘဂဝတော၊
သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ။

အနက်ကား။ ။ဘန္တေ၊ အရှင်ဘုရား။အဟံ၊ တပည့်တော်သည်။ဘဂဝတော၊အရှင်ဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ ရဟန်းပဥ္စင်းအဖြစ်ကို။လဘေယျံ၊ရလိုပါ၏ဘုရားဟု လျှောက်ထားလေသည်။

ဤကဲ့သို့ တရားတော်ကို နာကြားပြီးနောက် အရှင် "ကောဏ္ဍည"သည် ရှင်တော်ဘုရားအထံ၌ ရဟန်းအဖြစ်ကို အဘယ်ကြောင့် ဖြစ်လိုပါသနည်းဆိုသော် ထိုဓမ္မစကြာ ပါဠိတော်၌....

ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော
ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော
ဝိဂတ ကထံ ကထော ဝေသာရဇ္ဇပ္ပတ္တော
အပရပ္ပစ္စယော သတ္ထု သာသနေ ဘဂဝန္တံ
ဧတဒဝေါစ....

ဘာသာပြန်။ ။ကိုယ်တိုင် မြင်အပ်ပြီးသော တရားရှိသည် ဖြစ်၍၊ ကိုယ်တိုင်ဆိုက်ရောက်အပ်ပြီးသော တရားရှိသည် ဖြစ်၍၊ ကိုယ်တိုင်သိအပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ကိုယ်တိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ယုံမှားသံသယမှ လွန်မြောက်ပြီးသည်ဖြစ်၍၊ သို့လော သို့လောဟု တွေးတောခြင်းမှ လွတ်ကင်းသည် ဖြစ်၍။ မြတ်စွာ ဘုရား၏ သာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ သူတပါးကို အကြောင်းပြု၍ ယုံကြည်ခြင်း မဖြစ်မူဘဲ မိမိ ကိုယ် တိုင်

သက်ဝင်ယုံကြည်လျက် မြတ်စွာဘုရားအား ထိုသို့ရဟန်းဘဝကို တောင်းဆိုခြင်း ဖြစ်လေသည်။

ရှင်တော်ဘုရားဟောကြားတော်မူအပ်သော တရားတော်တွင် အပိုအလို အမှားအယွင်းစိုးစဉ်းမျှမပါမရှိသည့်သာမက ယခု မျက်မှောက်၌လည်း ချက်ခြင်း အကျိုးကျေးဇူးကို ပြန်လည်ရရှိနိုင်လေသည်။

အရှင်"ကောဏ္ဍည"သည် ထိုတရားတော်ကို နာကြားရသဖြင့် သောတာပန် အဖြစ်သို့ ရောက်ရှိသွားရ လေသည်။ "သောတာပန်" ဟူသည်ကား- ဤလူ့ပြည် မှနေ၍ ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးပါးတံခါးကို ပိတ်စေ၍ နိဗ္ဗာန်တံခါးကို ပွင့်စေခြင်းပင် ဖြစ်လေသည်။

အသက်တွင် ဖေါ်ပြအပ်သည့်တိုကိုထောက်ဆ၍"အသုတဝါ ပုထုဇ္ဇနော"တို့သည် မိမိတို့ မျက်မြင်ကိုယ်တွေ့ ကိုပင် လျှင် မယုံကြည် စိတ်မချရနိုင်သော်လည်း ရှင်တော်ဘုရား၏ အမှားကင်းစင်သော တရားတော်ကို လိုက်နာကျင့်သုံးသော "သုတဝါအရိယာသာဝက"တို့အတွက်မှာကား ဓမ္မသဘာဝ အစစ်အမှန်ကို မိမိတို့ကိုယ်တိုင် အသီးသီး သိရှိကြရလျက် မျက်မှောက်ဘဝ၌ပင် ထူးမြတ်လှစွာသော အကျိုး ကျေးဇူး ခံစားရသည်ကို သိအပ်လေပြီ။

ထို့ကြောင့် ရှင်တော်ဘုရားဟောကြားညွှန်ပြတော်မူအပ်သော တရားတော် အရပ်ရပ်ကို နှစ်ခြိုက်ပြွန်စွာ သုတမယဉာဏ်ကို ရရှိစေရန် ကြိုးစား ရှာဖွေလျက် တရားတော် နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးကြရန် အထူးတိုက်တွန်းပါ၏။

# ဒုက္ခ

အရှင်သာရိပုတ္တရာ မထေရ်နှင့်တကွ ရဟန်း
တော် များ သည် မြတ်စွာ ဘုရား အထံ
တော်၌ ဒုက္ခသင်တန်း တက်ကြ၏။

## ဒုက္ခသင်တန်း

မိန်းမသည်၎င်း၊ ယောက်ျားသည် ၎င်း အကြင်သူသည် ဒုက္ခကို တကျပ်သား သိမြင်၏။ ထိုသူသည် သုခကို တကျပ်သား အလိုရှိသည်မည်၏။ အကြင်သူသည် ဒုက္ခကို များစွာ သိမြင်၏။ ထိုသူသည် သုခကို များစွာအလိုရှိသည်မည်၏။

တနည်းသော်ကား.... အကြင်သူသည် တဏှာ လောဘကို တကျပ်သား ပြုလုပ်၏။ ထိုသူသည် ဒုက္ခကို တကျပ်သား ပြုလုပ်သည် မည်၏။ အကြင်သူသည် တဏှာ လောဘကို များစွာ ပြုလုပ်၏ ထိုသူသည် ဒုက္ခကို များစွာပြုလုပ်သည်မည်၏။

လူတို့သည် မိမိတို့၏ ခန္ဓာကိုယ်ကြီး ဒုက္ခအတိမှုသာ ဖြစ်နေခြင်းကို မသိရှာကြချေ။ လူ့စည်းစိမ်၊ နတ်စည်းစိမ် စသည်တို့ကို ရရှိခံစားနေခြင်းသည် ဒုက္ခကိုပို၍ ရှည်ကြာစေသည်ကို မသိရှာကြချေ။

ထို့ကြောင့် လူသည်၎င်း၊နတ်သည်၎င်း၊ ပြဟ္မာသည်၎င်း ဒုက္ခအတိမှုသာ ဖြစ်၍ ထိုဒုက္ခဖြစ်ပေါ် တည်ရှိ နေခြင်း အကြောင်းရင်းတို့ကို သိရှိလာစေရန် ရှေးဦးစွာ နည်းအမျိုးမျိုးတို့ဖြင့် ဘုရားရှင်က ဟောပြော ပြသသင်ကြားပေးတော်မူ၏။

ဓမ္မသဘာဝကို စွဲမှီ၍ဖြစ်ပေါ်နေသော မိမိကိုယ်ကောင် အရိပ်အရောင်ကြီးနှင့် အစွဲအမှီခံရသော ခန္ဓာငါးပါးကို ဓမ္မ

သဘာဝအတိုင်း မှန်ကန်စွာ သိရှိနားလည်နိုင်ရန် ပညာမျက်စိကို အလိုရှိအပ်လေသည်။

ပညာမျက်စိဆိုသည်မှာအခြားမဟုတ်၊ဘုရားရှင်ပေးတော်မူအပ်သော "ဓမ္မစက္ခု"မှန်ပြောင်းပင် ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ ပေးတော်မူအပ်သော"ဓမ္မစက္ခု" မှန်ပြောင်း အမျိုးမျိုးတို့တွင် အထွဋ်အထိပ် အကောင်းဆုံး ဖြစ်သော ဝိပဿနာဘာဝနာမှန်ပြောင်းကို ပေးပေအံ့။ကောင်းစွာအာရုံပြုလျက် သဘောပေါက်လာသည့်တိုင်အောင် အဖန်ဖန် ဖတ်ရှုကြကုန်လော့။

အစေလက

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အာဟာရဝဂ် အစေလက ကဿပသုတ်၌ လာရှိသည်မှာ....

အဝတ်မရှိဘဲ ကျင့်သောတက္ကတွန်းတဦးသည်ရှိ၏။အမည်ကား ကဿပအမည်ဖြစ်၏။ အဝတ်မရှိခြင်းကို အစွဲပြု၍ ပါဠိဘာသာစကားဖြင့် "အစေလက" မြန်မာစကား အားဖြင့် အဝတ်မရှိသော၊ အဝတ်မဝတ်သော "ကဿပ"ဟု ခေါ်ဆို၏။ ထိုအစေလက ကဿပအမေးနှင့် ရှင်တော်ဘုရား ဖြေဆိုဟောကြားတော်မူသော ဒေသနာတော်၏ လိုရင်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

(အစေလက ကဿပမေး) အို– အရှင်ဂေါတမ၊ ဒုက္ခကို မိမိသည်ပြုသလော၊ မိမိသည် ဒုက္ခကိုပြုသည်ဟု မဆိုလင့်။

အို= အရှင်ဂေါတမ၊ ဒုက္ခကို သူတပါးသည် ပြုအပ်သလော။ ဒုက္ခကို သူတပါးပြု၏ဟု မဆိုလင့်။

အို- အရှင်ဂေါတမ၊ ဒုက္ခကို မိမိလည်းပြု၏။ သူတပါးလည်း ပြု၏လော။ ဒုက္ခကို ဤသို့မဆိုလင့်။

အို-အရှင်ဂေါတမ၊ ဒုက္ခကို မိမိပြုသည်လည်း မဟုတ်၊ သူတပါးပြုသည်လည်း မဟုတ်၊ အကြောင်း မရှိဘဲ အလိုအလျောက်ဖြစ်သလော။ အကြောင်းမရှိဘဲဖြစ်၏ ဟူ၍လည်း မဆိုလင့်။

အို-အရှင်ဂေါတမ၊ အသို့နည်း။ ဒုက္ခသည်မရှိသလော။

ဒုက္ခသည် ရှိသည်သာတည်း။

အို-အရှင်ဂေါတမ ဤသို့ဖြစ်မူ ဒုက္ခကို အရှင်ဂေါတမသည် မသိမမြင်ပါသလော။

(ဘုရားရှင်ဖြေ) ကဿပ ဒုက္ခကိုငါဘုရားမသိမမြင်သည် မဟုတ် သိမြင်သည်သာတည်း။

(အစေလက ကဿပမေး) အို-အရှင်ဂေါတမ၊ ဤသို့ဖြစ်ပါမူ အကျွန်ုပ်အား ဒုက္ခကို ဟောတော်မူပါလော့။

(ဘုရားရှင်ဖြေ) အို-ကဿပ၊ ထိုသူသည်ပြု၏။ထိုသူသည် ခံစား၏ဟု အယူရှိသော် ဒုက္ခကို မိမိပြု၏ ဆိုသောသူအား "သဿတဒိဋ္ဌိ"သို့ရောက်၏။ အို-ကဿပ တပါးသောသူသည်ပြု၏၊ တပါးသောသူသည်ခံစား၏ဟုဆိုသော်"ဥစ္ဆေဒဒိဋ္ဌိ"သို့ရောက်၏။

အို-ကဿပ၊ ထိုနှစ်ပါးသောအစွန်းတို့သို့ မရောက်မကပ်မူ၍ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့၏ အလယ်ဖြစ်သောလမ်းဖြင့် ငါဘုရားသည် တရားတော်ကို ဟောကြားတော်မူပေအံ့။

ဤတွင် ရှင်တော်ဘုရားသည် အလယ်အလတ် ဖြစ်သော အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံအစရှိသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆက်လက် ဟောကြားတော်မူ၏။

ထိုအခါ အစေလက ကဿပသည် တရားတော်ကို နှစ်သက်ယုံကြည်လျက်-

(အစေလက ကဿပမေး) အို - အရှင်ဂေါတမ၊ တပါးသော အယူဝါဒ ရှိသူသည် အရှင်ဂေါတမ၏ သာသနာတော်တွင်းသို့ ဝင်လိုသော် အသို့ပြုကျင့်ရပါသနည်းဟု မေးလျှောက်၏။

(ဘုရားရှင်ဖြေ) လေးလတိုင် ပရိဝါသ်နေရ၏ဟု မိန့်တော်မူ၏။

အတိုချုပ်ကား- ကဿပသည် ရဟန်းပြုလျက် နောက်ဆုံး ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသွားလေ၏။

## အက္ခရာ—မလောက်

အိုးအိမ်တည်ထောင် လူတို့ဘောင်၌ နေကြကုန်သော ပုဂ္ဂိုလ်တို့တွင် အချို့သောပုဂ္ဂိုလ်တို့သည် ဒုက္ခကို ငါတို့သိသည်၊ ငါတို့သိပြီးဖြစ်သည်ဟု ထင်မှတ် ပြောဆိုကြကုန်၏။ (သစ္စယမိုက်၌-ဒုက္ခံ ဒုက္ခသစ္စန္တိ၊ အာမန္တာဟု လာရှိသည့်အတိုင်း) ဒုက္ခနှင့် ဒုက္ခသစ္စာကို ပိုင်နိုင်စွာသိရန်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။

သစ္စာလေးပါးဆိုသည်မှာ တဆူတဆူသော ဘုရားရှင်ပွင့်တော်မူပါမှ သိရသောတရားဖြစ်၏။ ထိုမှ ခက်ခဲ နက်နဲသော သစ္စာတရားလေးပါးတို့တွင် ဒုက္ခသစ္စာသည် တပါး

အပါအဝင်ဖြစ်၏။ထို့ကြောင့်ဒုက္ခနှင့်ဒုက္ခသစ္စာကိုထိရောက်စွာ သိရှိနိုင်ရန်မှာ မလွယ်ကူချေ။

မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ် သီသပါဝနဝဂ်စေဠသုတ်၌-

အို—ရဟန်းတို့ ပုဆိုးကိုသော်၎င်း၊ ဦးခေါင်းကိုသော်၎င်း မီးလောင်သော် ထိုမီးလောင်ခြင်းကို လျစ်လျူထားလျက် ဒုက္ခသစ္စာကို မှန်ကန်စွာ သိခြင်း၌ါ ကြိုးစားအားထုတ်အပ်၏ဟု ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ထိုပါဠိတော် မေ္ဘစက္က ပဝတ္တနဝဂ် သံကာသကသုတ်၌-

အို-ရဟန်းတို့၊ ဒုက္ခဖြစ်သော အရိယာပုဂ္ဂိုလ်တို့သိရှိအပ်သော တရားကို ဟောတော်မူရသည့်ရှိသော် အတိုင်းအရှည်မရှိကုန်သော "အက္ခရာဗျည်း"တို့သည် ဖြစ်ကုန်ရာ၏။ ထိုမျှ များပြားလှ၏။ ထို့ကြောင့် ဤသည် ဤသည်တို့ကား ဒုက္ခတည်းဟူ၍ သိရှိအောင် ကြိုးစား အားထုတ်အပ်၏ဟူ၍ ရှင်တော်ဘုရားဟောကြားတော်မူခဲ့လေသည်။ ဒုက္ခကို ပိုင်နိုင်စွာသိရန် မလွယ်ကူပေ။ သို့ဖြစ်၍ ဆက်လက်ပြဦးအံ့။

## ဇမ္ဗုခါဒက

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် ဇမ္ဗုခါဒကသံယုတ် ကိမိတ္တိယသုတ်၌ ဇမ္ဗုခါဒက အမည်ရှိသော "ပရိဗိုဇ်" သည် အရှင်သာရိပုတ္တရာအား-

(ဇမ္ဗုခါဒကမေး) အို-အရှင်သာရိပုတ္တရာ အဘယ်အကျိုး၌ာ ရဟန်းဂေါတမအထံ၌ အကျင့်မြတ်ကို လေ့ကျင့်ပါသနည်းဟုမေး၏။

ထိုအခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က-

(ရှင်သာရိပုတ္တရာဖြေ) အို - ဇမ္ဗုခါဒက ဆင်းရဲဒုက္ခကို သေချာစွာသိရစေခြင်းအကျိုးငှါ ဗုဒ္ဓမြတ်စွာ အထံတော်၌ ဒုက္ခသင်တန်းကို လေ့ကျင့်နေသည်ဟု ဖြေဆိုတော်မူလေသည်။

ထိုနည်းတူစွာ မဟာဝဂ္ဂ သံယုတ်ပါဠိတော် အဝိဇ္ဇာဝဂ်ကိမဂ္ဂိယသုတ်၌ ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာအား-

အရှင်ဘုရား၊ ဤသာသနာတော်မှ တပါးသော အယူဝါဒရှိကုန်သော ပရိဗိုဇ်တို့က မေးသဖြင့် အကျွန်ုပ်တို့သည် ဒုက္ခကို သေချာစွာသိရစေခြင်းအကျိုးငှါ ဗုဒ္ဓမြတ်စွာအထံတော်၌ ဒုက္ခသင်တန်းကို တက်ရောက် လေ့ကျင့်နေပါသည်ဟုဖြေဆိုခဲ့ပါသည်။ ထိုအဖြေဆိုချက်သည် မှန်ပါသလော။ မှားပါသလောအရှင်ဘုရား။

ထိုအခါ ရှင်တော်ဘုရားက အို-ရဟန်းတို့၊ သင်တို့သည် မှားသောအဖြေကို ဖြေဆိုခဲ့သည်မဟုတ် မှန်သော အဖြေကို သာလျှင် ဖြေဆိုခဲ့ခြင်းဖြစ်သည်ဟု မိန့်ဟတော်မူလေသည်။

### လှန်အချက်တရား

(အလွတ်ကျက်ဆောင်ထားရန်)

သခေါသော ဘိက္ခဝေ ဗာလော
ကာယေန ဒုစ္စရိတံ စရိတွာ'
ဝါစာယ ဒုစ္စရိတံ စရိတွာ,
မနသာ ဒုစ္စရိတံ စရိတွာ,
ကာယဿ ဘေဒါ ပရမ္မရဏာ
အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ
နိရယံ ဥပပဇ္ဇတိ။

(ဥပရိပဏ္ဏာသပါဠိတော် သုညတဝဂ် ဗာလပဏ္ဍိတသုတ်)

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ထိုလူမိုက်သည်ကိုယ်ဖြင့် မကောင်းမှု ဒုစရိုက်ကို ပြုလုပ်၍၊ နှုတ်ဖြင့်မကောင်းမှုဒုစရိုက်ကို ပြောဆို၍၊ စိတ်ဖြင့်မကောင်းမှုဒုစရိုက်ကို ကြံစည်၍ ထိုကိုယ်ခန္ဓာပျက်စီး၍ သေသည်ရှိသော် ချမ်းသာကင်းသော၊ မကောင်းမှုပြုလုပ် ကြံစည်သူတို့၏ ရောက်ရာဖြစ်သော ငရဲသို့ ဖရိုဖရဲကျရောက်ရ၏။

ထိုဒေသနာတော်၌ ဆက်လက်ဟောတော်မူသည်မှာ-

(ဘုရားရှင်၏အမေး) အို-ရဟန်းတို့၊ငရဲသည် အလွန်ဆင်းရဲကုန်၏။ ထိုငရဲ၌ ဆင်းရဲဒုက္ခ ရောက်ပုံကို ပြောပြခြင်းငှါ မလွယ်ကူချေ။

ဥပမာအားဖြင့်သာ ပြရသော်ပြနိုင်ရာ၏။ ဥပမာပြုရသော် ကား-မင်းသည် အပြစ်ရှိသောသူအားနံနက်တွင် လှံအချက် တရာဖြင့်ထိုးဆွညှဉ်းဆဲစေ၏။ နေ့လယ်တွင်လှံအချက်တရာ ဖြင့်ထိုးဆွညှဉ်းဆဲစေ၏။ ညချမ်းတွင်လှံအချက်တရာဖြင့်ထိုး ဆွညှဉ်းဆဲစေ၏။ ထိုသူသည်အဘယ်သို့သောဒုက္ခဝေဒနာကို ခံစားရအံ့နည်း။

(ရဟန်းတော်များအဖြေ) အရှင်ဘုရား တချက်သောလှံ ထိုးဆွခြင်းဖြင့်ပင်လျှင် မခံနိုင်လောက်အောင် ပြင်းထန်လှစွာ သောဒုက္ခဝေဒနာကိုခံစားလျက်ရှိရာလှံချက်သုံးရာဆိုသော် အဘယ်သို့လျှင် ပြောဆိုနိုင်ဘွယ်ရာရှိပါတော့အံ့နည်းဘုရား။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် လက်သီးဆုတ် ပမာနရှိသော ကျောက်ခဲငယ်ကို ကိုင်ယူတော်မူလျက်-

(ဘုရားရှင်၏အမေး) အို-ရဟန်းတို့၊ငါဘုရား၏လက်တော် တွင်ကိုင်ထားအပ်သောကျောက်ခဲငယ်နှင့် ဟိမဝန္တာတောင် သည် အဘယ်ကကြီးမားသနည်းဟု မေးတော်မူ၏။

(ရဟန်းတော်များအပြေ) အရှင်ဘုရား၊ ကျောက်ခဲငယ်သည်ကား အလွန်သေးငယ်လှပါသည်။ ဟိမဝန္တာတောင်မင်းနှင့်နှိုင်းယှဉ်သော် မပြောပြနိုင်လောက်အောင်ပင် ကွာခြားလှပါသည်ဘုရားဟု လျှောက်ထားကြကုန်၏။

အို-ရဟန်းတို့၊ ဤဥပမာအတူသာလျှင်ထိုမင်းပြစ် မင်းဒဏ်လှန်အချက်သုံးရာထိုးဆွခြင်းခံရသောဒုက္ခဆင်းရဲသည်ငရဲ၌ခံရသော ဒုက္ခဆင်းရဲနှင့်စာသော်ဆင်းရဲသည်ဟု ဆိုရလောက်အောင်ပင်မရောက်ရှိသေးချေဟု မိန့်တော်မူလေသည်။ ဤသို့လျှင်ဒုက္ခ၏သဘောကိုလည်းသိရပေမည်။

နခသိခါသုတ်

အင်္ဂုတ္တိုရ်ပါဠိတော်ဧကနိပါတ်အပ္ပမတ္တကဝဂ်မနုဿစုတာမနုဿဇသုတ်၌-

အို-ရဟန်းတို့၊ လူ့ပြည်မှစုတေ၍တဖန်လူ့ပြည်တွင်လူပြန်ဖြစ်ရခြင်းသည် နည်းပါး၏။ အမှန်သော်ကား လူ့ပြည်မှခန္ဓာပြတ်ကြွေစုတေပြီးနောက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံဘဝများသို့ကျရောက်သူတို့သာလျှင်အထူးများပြားလှကုန်၏ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့လေသည်။

ထိုနည်းတူစွာ မဟာဝဂ္ဂ သံယုတ် ပါဠိတော် နောက်ဆုံးတွင် ဓညပေယျာဝဂ်ကို ဟောတော်မူရာ၌-

တံ ကိံ မညထ ဘိက္ခဝေ၊
ကတမံ နုခေါ ဗဟုတရံ၊
ယော ဝါယံ မယာ ပရိတ္တော၊
နခသိခါယံ ပံသု အာရောပိတော၊
အယံဝါ မဟာပထဝီ တိ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ထိုငါဘုရားမေးလတံ့သော အရာကိုအဘယ်သို့အောက်မေ့ကြကုန်သနည်း။ ငါဘုရား၏ လက်သည်းတော်ဖျား၌ အနည်းငယ်တင်ထားသော အကြွင်မြေမှုန့်သည်ရင်း၊ဤမဟာပထဝီမြေကြီးသည်ရင်းရှိ၏။ထိုနှစ်ခု တို့တွင်အဘယ်ကပိုမို၍ များပြားလေသနည်းဟု မေးတော်မူလေသည်။

ထိုပါဠိတော်မှဆက်၍လာရှိသောအဖြေမှာ=

အရှင်ဘုရား၊ အရှင်ဘုရား၏ လက်သည်းတော် ဖျား၌ တင်ထားအပ်သော မြေမှုန့်မှာ နည်းပါးလှပါသည်ဘုရား။ မဟာ ပထဝီ မြေကြီးနှင့် နှိုင်းယှဉ်ထောက်ဆသော် နှိုင်းယှဉ်ထောက်ဆခြင်းသို့ပင် မရောက်သေးပါ။ အရေအတွက်သို့လည်းမရောက်သေးပါဟု လျှောက်ထားကြကုန်၏။

အို—ရဟန်းတို့၊ဤဥပမာနှင့်တူစွာ လူတို့သည် သေလွန်ပြီးသည်၏နောက်၌ လူ့ပြည်သို့ ပြန်လည်ရောက်ရှိ သူတို့ကား အလွန်ပင် နည်းပါးလှကုန်၏။ ငရဲ၊တိရစ္ဆာန် စသည်တို့၌သာ လျှင်ကျရောက်သူတို့များပြားကုန်၏ဟုဟောတော်မူသည်။

ဤသို့ ငရဲ၌ခံရသော ဆင်းရဲဒုက္ခနှင့် တွဲဖက်၍ သိရှိတော်မူကြပါကုန်။

ဒုက္ခသစ္စာ

ဒုက္ခကို သိရမည်ဆိုသည်မှာ ခါးကိုက်၊ခေါင်းကိုက်၊သွားကိုက်၊ကုန်ရှုံး၊ပဲရှုံး၊ သားသေ၊သမီးသေ၊ ဇနီးသေ၊ ခင်ပွန်းသေ စသော ခေတ္တခဏသာဖြစ်သည့် ဒုက္ခအသိမျိုးဖြင့် ကိစ္စမပြီးသေး။

ထိုဒုက္ခမျိုးမှာဇနီးခင်ပွန်းအစားရသော် ငွေအစားရသော် ထိုဒုက္ခသည် မေ့ပျောက် သွားပြန်တော့၏။ ထို့အတူ ခါး ကိုက်၊ခေါင်းကိုက်စသည့်ဒုက္ခမျိုးတို့မှာလည်း သမားကောင်း နှင့်တွေ့လျှင် ထိုဒုက္ခသည် မေ့ပျောက်သွား ပြန်တော့၏။ ဤ သည်တို့ကား သာမန်အရပ်သားသိ ဒုက္ခမျိုးတို့ပေတည်း။

ရှေ့တွင် ဖေါ်ပြလတံ့သော ကစ္စာနာ ဒေသနာတော်၌ ၎င်း၊ အနုရာဓဒေသနာတော်၌၎င်း၊ ဝဇိရာဘိက္ခုနီ ဒေသနာ တော်၌၎င်း လာရှိသော ဒုက္ခမျိုးအထိ သိရှိခြင်းကို ဆိုလိုပေ သည် ထိုသို့သိရန်မှာ မလွယ်ကူချေ။

ထိုကြောင့်ပင် အထက်တွင် ဖေါ်ပြခဲ့သော ရဟန်းတော် များနှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည် ပရိဗိုဇ်တို့ အား "ငါတို့သည် ဗုဒ္ဓမြတ်စွာ အထံတော်၌ 'ဒုက္ခ သင်တန်း' တက်နေကြသည်"ဟု ဖြေဆိုတော်မူကြခြင်း ဖြစ်လေသည်။

ယင်းသို့ ဒုက္ခကို တိကျမှန်ကန်စွာ ပိုင်းခြားလျက် သိမှသာ လျှင် မဂ်၊ဖိုလ်၊နိဗ္ဗာန်သို့ ရောက်ရှိနိုင်သည်ကို ရှင်တော်ဘုရား ပင်လျှင် ခြောက်နှစ်တိုင်တိုင် ဒုက္ခရစရိယာ ကျင့်နေတော်မူဆဲ တွင် သိရှိတော်မမူသေးချေ။ မြတ်စွာဘုရားအဖြစ်သို့ ရောက် ရှိတော်မူမှသာလျှင် သိရှိတော်မူရခြင်း ဖြစ်လေသည်။

ဝိနည်းမဟာဝါ ပါဠိတော် မဟာခန္ဓကပဉ္စဝဂ္ဂိယကထာ၌ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောတော် မူရာတွင်....

တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊
ပရိညေယျန္တိ မေ ဘိက္ခဝေ၊
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊

စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ဒုက္ခစင်စစ် အမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ဤတရားကား ဒုက္ခတည်း။ ဤဒုက္ခကား ဤမျှသာတည်း။ ထို့ထက် အလွန်မရှိ၊ ထို့အောက် အလျော့မရှိဟု ထက်ဝန်းကျင်မှ ပိုင်နိုင်တိကျစွာ ပိုင်းခြားသိအပ်၏။ ဤသို့ ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအတွိက အာဠာရ,ဥဒကစသော တစုံတယောက်သော သူ တို့ ထံ မှ တဆင့်စကားမျှပင် မကြားစဘူးကုန်သော သစ္စာတရားတို့၌ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ဒုက္ခသစ္စာကို သိခြင်းသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သောမောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီး တတ်သောပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏ဟု ဟောတော်မူလေသည်။

ဤတွင် အဓိပ္ပါယ်ကို ထင်ရှားစေရန် အတိုချုပ် ဖေါ်ပြရသော်....

မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို အလိုရှိပါက ဒုက္ခကို တိကျပိုင်နိုင်စွာ သိပါမှ မဂ်၊ဖိုလ်၊နိဗ္ဗာန်သို့ ရောက်ရှိနိုင်ခြင်းကို ငါဘုရားသည်ပင်အလောင်းတော်ဘဝက မသိခဲ့ချေ။ဘုရားရှင်အဖြစ်သို့ ရောက်ခါနီး ဆဲဆဲ၌လည်း မသိခဲ့ရချေ။ယခု

ဘုရားရှင်အဖြစ်သို့ ရောက်မှသာလျှင် သိရပေသည်ဟု မိန့်တော်မူခြင်း ဖြစ်လေသည်။

ထို့ကြောင့် တမင်္ဂတဖိုလ်ကို တကယ်အလိုရှိပါလျှင် အိုရမည့်ဘေး၊ နာရမည့်ဘေး၊ သေရမည့်ဘေး၊ မိမိအိမ်သားတစုဆွေမျိုးတစု၊ အိုကြရမည့်ဘေး၊ ယခုဘဝတွင်သာမက ရှေးဘဝပေါင်းများစွာကလည်း ထိုဒုက္ခမျိုးတွေကို တွေ့ကြုံခံစားခဲ့ရလေပြီ။ ယခုဘဝ၌လည်း တွေ့ကြုံခံစားရဦးလတံ့၊ ရှေ့လာမည့် ဘဝပေါင်းများစွာတို့၌လည်း ထိုဘေးအပေါင်းတို့နှင့် တွေ့ကြုံခံစားရဦးမည်ကို''ရှုဒေါင့်''အမျိုးမျိုးတို့မှ အကြိမ်ကြိမ်အဖန်ဖန် ကြည့်ရှုဆင်ခြင် ပွားများရပေမည်။

ဤသို့ဆင်ခြင်ပွားများခြင်းသည် ထိတ်လန့်သော သံဝေဂဉာဏ်ရရှိဖြစ်ရန်မျှသာမက ဒုက္ခသစ္စာသို့လည်း ဆိုက်ရောက်သည်သာတည်း။ ထိုဒုက္ခသစ္စာသို့ ဆိုက်ရောက်ခြင်းကို ရှေ့တွင် ဖော်ပြလတံ့သော သစ္စယမိုက် ပါဠိတော်၌ တွေ့ရှိရလတံ့။

ကစ္စာန။

သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌီတိ ဘန္တေ
ဝုစ္စတိ ကိတ္တာဝတာ နုခေါ
ဘန္တေ သမ္မာဒိဋ္ဌိ ဟောတီတိ။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အာဟာရဝဂ်ကစ္စာနဂေါတ္တသုတ်

ဘာသာပြန်။ ။အရှင်ဘုရား၊''သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ'' ဟူ၍ဆိုကြပါ၏။ အဘယ်မျှဖြင့် သမ္မာဒိဋ္ဌိသည် ဖြစ်ပါသနည်း အရှင်ဘုရားဟု ကစ္စာနထေရ်သည် ရှင်တော် ဘုရားအား မေးလျှောက်လေသည်။

ဒွယနိဿိတော ခွာယံ ကစ္စာန၊
လောကော ယေဘုယျေန အတ္ထိ၊
တဉ္စေဝ နတ္ထိတဉ္စ။

ဘာသာပြန်။ ။အို-ကစ္စာန၊ လူတို့သည် များသောအားဖြင့် ရှိ၏ဟူ၍၎င်း၊ မရှိဟူ၍၎င်း ထိုနှစ်ပါးကို မှီကြကုန်၏။

ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ....

အို-ကစ္စာန၊ ပြုပြင်အပ်သော လောက၏ အကြောင်းကို ဟုတ်မှန်သောအတိုင်း ပညာမျက်စိဖြင့် သိမြင်သော သူအား ပြုပြင်အပ်သည်တို့၌ မရှိဟူသော အယူသည် မဖြစ်။ ရှိ၏ဟူသော အယူသည်လည်း မဖြစ်။ အို-ကစ္စာန အရိယာသူတော်ကောင်းတို့၏ တပည့်သည်ကား အတ္တအနေအားဖြင့် မစွဲလန်းချေ။

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊
ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီတိ၊
န ကင်္ခတိ န ဝိစိကိစ္ဆတိ အပရပ္ပစ္စယာ
ဉာဏမေဝဿ ဧတ္ထဟောတိ။
ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိဟောတိ။

ဘာသာပြန်။ ။အို-ကစ္စာန၊ ဒုက္ခသည်သာလျှင် ဖြစ်သည်ရှိသော် ဖြစ်၏။ ဒုက္ခသည်သာလျှင် ချုပ်သည်ရှိသော် ချုပ်၏ဟူသည်ကို သူတပါးပြော၍မဟုတ်၊ မိမိကိုယ်တိုင် သာလျှင် ဉာဏ်ဖြင့်သိ၏။ ယုံမှားခြင်းသည်မရှိ။ သို့လော သို့လောဟု တွေးတောခြင်းသည်မရှိ။ ဤရွေ့ဤမျှသော အတိုင်း အရှည်ဖြင့် ကောင်းသော သိမြင်ခြင်းသည် "သမ္မာဒိဋ္ဌိ" ဖြစ်၏ဟု

ရှင်တော်ဘုရား ဖြေကြားတော်မူလေသည်။ ဤကားအကျဉ်း မျှသာတည်း။

ဤပါဠိတော်ကို လွယ်ကူစွာ သဘောပေါက်နိုင်ရန်ရှေးဦးစွာ နာမ်နှင့်ရုပ်ကို ပိုင်နိုင်ကြေညက်စွာ သိရှိထား ရပေမည်။ ယင်းသို့ ကြေညက်စွာ သိရှိထားပါက....

က။ ရုပ် ၂၈-ပါးမှ ရူပက္ခန္ဓာဖြစ်လာ၏။

ခ။ စေတသိက် ၅၂-ပါးမှ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ နာမ်ခန္ဓာ သုံးပါးဖြစ်လာ၏။

ဂ။ စိတ်မှ ဝိညာဏက္ခန္ဓာ ဖြစ်လာ၏။ ဤသို့လျှင် ခန္ဓာ ငါးပါးဖြစ်၏။

ယင်းခန္ဓာငါးပါးသည် ဖြစ်ပေါ်လာ၍ ယင်းခန္ဓာငါးပါး ပင်လျှင် ချုပ်ပျောက်သွားခြင်းကို လွယ်ကူစွာပညာမျက်စိဖြင့် ‌တွေ့မြင်ရတော့၏။ ဤတွင် လူရှိ၏၊လူမရှိ၊ယောကျ်ားမိန်းမ ရှိ၏။ယောကျ်ားမိန်းမ မရှိဟူသောပြဿနာပေါ်၍မလာတော့ပေ။ဒုက္ခသာဖြစ်ပေါ်၍ ဒုက္ခသာ ချုပ်ပျောက် သွားခြင်းကို ပညာမျက်စိဖြင့် ထင်ရှားစွာ တွေ့မြင် သိရှိနေပေတော့၏။

အနုရာဓ။ ။အောက်တွင် ရှင်တော်ဘုရား ဖြေဆိုတော်မူလတံ့သော ပြဿနာတရပ်သည် ပေါ်ထွက်လာ၏။ ထိုအခါ၌"အနုရာဓ" ထေရ်သည် ဗုဒ္ဓမြတ်စွာအား လျှောက်ထား မေးမြန်းရာ ဗုဒ္ဓမြတ်စွာက....

တံ ကိံ မညသိ အနုရာဓ
ရူပံ့သို တထာဂတော တိ
သမနုပဿိတိ။
နော ဟေတံ ဘန္တေ။

ဘာသာပြန်။ ။ဒိုး- အနုရာဓ၊ ထိုငါဘုရား မေးလတံ့သည်ကို အဘယ်သို့ ထင်မှတ်အောက်မေ့သနည်း။

ရုပ်ကို သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
ဝေဒနာကို သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
သညာကို သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
သင်္ခါရတို့ကို သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့မသိမြင် အပ်ပါဘုရား။
ဝိညာဏ်ကို သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
ရုပ်၌ သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
သတ္တဝါသည် ရုပ်မှတပါးဖြစ်သည်ဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
ဝေဒနာ၌ သညာ၌ သင်္ခါရတို့၌ ဝိ ညာဏ် ၌ သတ္တဝါဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။
သတ္တဝါသည် ဝိညာဏ်မှတပါးအခြားအဖြစ်ဟု သိမြင်အပ်သလော။
ထိုသို့ မသိမြင်အပ်ပါဘုရား။

အို-အနုရာဓ၊ ထိုငါဘုရား မေးလတံ့ သည့်တို့ကိုအဘယ်သို့ ထင်မှတ်အောက်မေ့သနည်း။ ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို သတ္တဝါဟုသိမြင်အပ်သလော။

ထိုသို့ မသိမြင်အပ်ပါဘုရား။

ဤသတ္တဝါ ဟူသည် ရုပ် မ ဟု တ်၊ ဝေဒနာ မဟုတ်၊ သညာမဟုတ်၊ သင်္ခါရမဟုတ်၊ ဝိညာဏ် မဟုတ်ဟူ၍ သိမြင်အပ်သလော။

ထိုသို့ မသိမြင်အပ်ပါဘုရား။

အို-အနုရာဓ၊ သင်သည် ဤမျက်မှောက် ဘဝ၌ ပင်လျှင် သတ္တဝါဟူသည်ကို အမှန်စင်စစ်အားဖြင့် မရအပ်ပါသဲလျက်

၁။ သတ္တဝါသေသည်မှ နောက်၌ဖြစ်၏ဟူ၍၎င်း။

၂။ မဖြစ်ဟူ၍၎င်း။

၃။ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်ဟူ၍၎င်း။

၄။ ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်းမဟုတ်။

ဤလေးပါးသော အကြောင်းတို့ကို ဖယ်ထား၍ ဟောတော်မူသည့်ရှိသော် ဟောတော်မူရာ၏ဟု သင်ဖြေကြားခြင်းငှာ သင့်ပါမည်လော။

အရှင်ဘုရား၊ ထိုသို့ ဖြေဆိုခြင်းငှာ မသင့်ပါ ဘုရားဟု လျှောက်ထား သောအခါ ရှင်တော်ဘုရားက အောက်ပါအတိုင်း ဆက်လက်မိန့်မြွက်တော် မူလေသည်။

သာဓု သာဓု အနုရာဓ၊
ပုဗ္ဗေစာဟံ အနုရာဓ၊
ဧတရဟိစ ဒုက္ခဉ္စေဝ ပညာပေမိ၊
ဒုက္ခဿစ နိရောဓန္တိ။

**ဘာသာပြန်။** ။အို- အနူရာဓ၊ ကောင်းလေစွ၊ ကောင်းလေစွ၊ ငါဘုရားသည် ရှေးကဖြစ်စေ၊ ယခုဖြစ်စေ၊ ဒုက္ခသစ္စာကိုရင်း၊ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရင်း ဟောကြားတော်မူ၏ဟု မိန့်မြွက်တော်မူလေသည်။ ဤကား သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် အဗျာကတ သံယုတ်၊ အနူရာဓ သုတ်၌ ဟောတော်မူရာ လိုရင်းအတိုချုပ်မျှသာတည်း။

ဤဒေသနာတော်၌ အချုပ်အားဖြင့်လွယ်ကူစွာ သိရှိနိုင်သည်မှာ သတ္တဝါဟူ၍မရှိ၊ ထို့ကြောင့် သေသည်မှ နောက်၌ သတ္တဝါဖြစ်သည် မဖြစ်သည်စသော မေးခွန်းများ ပေါ်ထွက်လာစရာ အကြောင်းမရှိတော့ချေ။ သတ္တဝါမရှိလျှင် ဘာရှိသနည်းဆိုသော် ဒုက္ခသာရှိ၏ ဆိုသည်ကို ထင်ရှားစွာ သိအပ်လေသည်။

အရှင်ရာဓ။

ဤမှတဖန် ယောက်ျားဟူ၍ရင်း၊ မိန်းမဟူ၍ရင်း၊ လူဟူ၍ရင်း ခေါ်ဆိုရသော ခန္ဓာငါးပါး ဒုက္ခဖြစ်ပုံကို ဆက်လက်ဖော်ပြရသော် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ရာဓသံယုတ်၊ ဒုတိယဝဂ်, ဒုက္ခသုတ်၌ အရှင်"ရာဓ"က မေးလျှောက်သည်မှာ—

ဒုက္ခံ ဒုက္ခန္တိ ဘန္တေ ဝုစ္စတိ၊
ကတမံ နုခေါ ဘန္တေ ဒုက္ခန္တိ။

**ဘာသာပြန်။** ။အရှင်ဘုရား"ဒုက္ခ-ဒုက္ခ"ဟူ၍ ခေါ်ဆိုကြပါ၏။"ဒုက္ခ"ဟူသည် အဘယ်ပါနည်း အရှင်ဘုရား။

ရူပံ ခေါ ရာဓ ဒုက္ခံ ဝေဒနာ ဒုက္ခာ
သညာ သင်္ခါရာ ဒုက္ခာ ဝိညာဏံ ဒုက္ခံ။

ဘာသာပြန်။ ။အို-ရာဓ၊ ရုပ်သည်ဒုက္ခ၊ဝေဒနာသည်ဒုက္ခ သညာသည် ဒုက္ခ၊ သင်္ခါရတို့သည် ဒုက္ခ၊ ဝိညာဏ်သည် ဒုက္ခ ဟု ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

အထူးသိရန်ကား—မဂ်၊ဖိုလ်၊ နိဗ္ဗာန်ကို အလိုရှိသော သူ မြတ်သည်....

၁။ ရူပက္ခန္ဓာ။ ၂။ ဝေဒနက္ခန္ဓာ။ ၃။ သညက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ။ ၅။ ဝိညာဏက္ခန္ဓာ။

ဤခန္ဓာငါးပါးသည် ဒုက္ခအစစ်ပေတည်း သုခ ဟူ သည် မြူမျှမရှိ။ ဒုက္ခအတိသာတည်းဟု ပညာမျက်စိဖြင့် စွဲမြဲစွာ ထင် မြင်လျက် ရှိနေရန် စာမျက်နှာ ၆၀-၆၃-၌ လာရှိသော ဒုက္ခ သဘောကို ထပ်ခါထပ်ခါ ဆင်ခြင်သုံးသပ် ပွားများ ပေးရပေ မည်။ ဤခန္ဓာငါးပါးသည် ဒုက္ခအစစ် ဖြစ်ခြင်းကို ထူးမြတ် သော သစ္စာလေးပါးတရားတော် ဟောတော်မူရာ၌....

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ

ဘာသာပြန်။ ။အကျဉ်းချုပ်အားဖြင့် ဆိုသော် ဥပါဒါန် တရားတို့၏ စွဲလမ်းရာဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခအစစ် သာတည်းဟု ဗုဒ္ဓမြတ်စွာသည် တိကျလေးနက်စွာဟောကြား တော် မူခဲ့လေသည်။

ဤပါဠိတော်ကိုဆက်လက်စဉ်းစားလေ့လာသော် မိန်းမ ယောကျ်ားမရှိ။ လူ၊နတ်၊ဗြဟ္မာမရှိ။ ဒုက္ခအတိသာ ရှိသည်ဟု ဆိုခြင်းကိုလည်း ကောင်းစွာသိအပ် လေသည်။ ထို့ကြောင့် လည်းများစွာကုန်သောဗုဒ္ဓဘာသာဝင်သူတော်စဉ်အပေါင်း တို့သည်"သဗ္ဗေသင်္ခါရာ ဒုက္ခာ"ဟူ၍ အစဉ်သုံးစွဲရွတ်ဆိုပွား များနေကြခြင်း ဖြစ်လေသည်။

သတ္တဝါ။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ်ဝဇိရာ ဘိက္ခုနီသုတ်၌ မာရ်နတ်သည် "ဝဇိရာ" အမည် ရှိသော ထေရီမအား....

က။ အို-အရှင်မ၊ အဘယ်သူသည် သတ္တဝါကို ပြုအပ်သနည်း။

ခ။ အဘယ်သူသည် သတ္တဝါကို ပြုတတ်သနည်း။

ဂ။ အဘယ့်ကြောင့်သတ္တဝါသည် ဖြစ်လာရသနည်း။

ဃ။ အဘယ့်ကြောင့် သတ္တဝါသည် ချုပ်ပျောက် သွားရသနည်းဟု မေး၏။

အို-မာရ်နတ်၊ သင်သည် အဘယ်အရာ ဘယ်လိုဟာကို သတ္တဝါဟူ၍ မှောက်မှောက်မှားမှား ယုံကြည်စွဲလန်း နေပါသနည်း။

သုဒ္ဓသင်္ခါရ ပုဉ္ဇော ယံ၊
န ယိဓ သတ္တုပလဗ္ဘတိ၊
ယထာပိ အင်္ဂသမ္ဘာရာ ဟောတိ၊
သဒ္ဒေါ ရထော ဣတိ ဧဝံ ခန္ဓေသု သန္တေသု
ဟောတိ သတ္တော တိ လမ္ဘုတိ။

ဘာသာပြန်။ ။အို-မာရ်နတ်၊ သတ္တဝါဟု ခေါ် ဆို ခြင်းသည် စင်စစ်သော်ကား ပြုပြင်အပ်သော စိတ်၊စေတသိက်၊ရုပ် သင်္ခါရ အစုတို့သာတည်း။

သတ္တဝါဟူသည် မြူမျှမရှိ၊ ဤသက်သက်သော နာမ် ရုပ် သင်္ခါရအစု၌ သတ္တဝါ ဟူသောအမည်ကို ရအပ်၏။ အစိတ် အစိတ် အပိုင်းအပိုင်းဖြစ်သော ဘီး၊ဝင်ရိုး၊ထမ်းပိုး၊ စည်းကုံး

တို့ပေါင်းစပ်သည့်ရှိသော် လှည်း၊ယာဉ်၊ ရထား ဟူသော ဝေါဟာရစကား အသံသည် ဖြစ်ပေါ်လာဘိသကဲ့သို့ စိတ်၊ စေတသိက်၊ ရုပ်ဟူသော ခန္ဓာငါး ထင်ရှားရှိကုန်သော အစု တို့ကိုသာလျှင် သတ္တဝါဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်၏။

ဒုက္ခ။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိစ
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတီတိ။

ဘာသာပြန်။ ။အို- မာရ်နတ်၊ ထိုစကားသည် မှန်သည် သာတည်း။ ခန္ဓာငါးပါးဟုဆိုအပ်သော ဓမ္မသဘာဝသည်—

က။ ဒုက္ခအစုသာလျှင် ဖြစ်ပေါ်၏။
ခ။ ဒုက္ခသာလျှင် တည်ရှိ၏။
ဂ။ ဒုက္ခအစုမှတပါး အခြားသည့်မချုပ်ငြိမ်း၊ ဒုက္ခ သည်သာ ချုပ်ငြိမ်း၏ဟု မာရ်နတ်အား ပြောဆို လွှတ်လိုက်လေ၏။

ဤတွင် လူ နတ်၊ ပြဟ္မာ၊ သတ္တဝါမရှိ။ ဒုက္ခသာရှိ၏။ဇာတိ၊ ဇရာ၊ မရဏအားဖြင့်ရင်း၊ ဥပါဒ်၊ ဋ္ဌီ ဘင်၊ အာဖြင့်ရင်း။ ဒုက္ခ သာလျှင်ဖြစ်ပေါ်၍ ဒုက္ခသာလျှင် တည်ရှိ၏။

ဒုက္ခသာလျှင် ချုပ်ငြိမ်း၏ဆိုရာဝယ် သဘောပေါက် လာ ရန် ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ကို ပိုင်နိုင်စွာ သိရှိထားမှ သာလျှင် လွယ်ကူစွာ သ ဘော ပေါက် နိုင်ပေလိမ့်မည်။ (ကြိုးစားတော်မူကြပါကုန်လော့)

ဒုက္ခကိုများများသိလေလေ။

ကတမဥ္စ ဘိက္ခဝေ
ဒုက္ခ အရိယ သစ္စံ

ဤကား–သုတ်မဟာဝါ ပါဠိတော် မ ဟာ သတိ ပဋ္ဌာန သုတ်၌ လာသည်တည်း။

အဓိပ္ပါယ်သော်ကား– အို–ရဟန်းတို့၊ ဒု က္ခ သ စ္စာ ဟု ဆိုအပ်သော အရိယသစ္စာတရားသည် အဘယ်နည်း။

ခေတ်လူတို့နားလည်ရန် တနည်းပေါ်ပြရသော် အရိယာ ဖြစ်လိုသူတို့ သိအပ်သော သစ္စာတရားသည် အဘယ်နည်း။ ဝါ–အရိယာအဖြစ်သို့ ပို့ဆောင်သော သစ္စာ တရားသည် အဘယ်နည်း။ ဝါ-အရိယာပုဂ္ဂိုလ်တို့ သိရှိပြီးဖြစ်သောသစ္စာ တရားသည် အဘယ်နည်း။

ဇာတိပိ ဒုက္ခာ ဇရာပိဒုက္ခာ မရဏမ္ပိ ဒုက္ခံ၊
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု
ပါယာသာပိ ဒုက္ခာ၊
အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊
ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

မှတ်ချက်။ ။ဤသုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်တွင် ဗျာဓိပိဒုက္ခော ဟု ဟောတော်မမူ။

ဘာသာပြန်။ ။ပဋိသန္ဓေတည်နေရခြင်းသည်လည်း ဒုက္ခ။ အိုမင်း ရင့်ရော်ရခြင်းသည်လည်း ဒုက္ခ။

သေရခြင်းသည်လည်း ဒုက္ခ။

စိုးရိမ်ပူပန်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်၏ဆင်းရဲ၊ စိတ်၏ဆင်းရဲဖြစ်ရခြင်း၊ ပြင်းစွာ ပူပန်ရခြင်းတို့သည်လည်း ဒုက္ခ။

မချစ်မနှစ်သက်သူတို့နှင့် တွေ့ဆုံဆက်ဆံ နေရခြင်းသည်လည်း ဒုက္ခ။

ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်း နေရခြင်းသည်လည်း ဒုက္ခ။

အလိုရှိသည့်တို့ကို မရရှိခြင်းသည်လည်း ဒုက္ခ။

အကျဉ်းချုပ်အားဖြင့် စွဲလန်းရာ တရားတို့၏ အာရုံ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခတို့ပေတည်း။

ဤဓမ္မစကြာ ဒေသနာတော် မှာ ဘုရားရှင် တဆူတဆူပွင့်တော်မူပါမှ သိရှိရသော တရားတော်ဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုရရှိထားကြခြင်းကြောင့်မရရှိသေးပါက အရကျက်လျက်အချိန်ရရှိတိုင်း ရရှိတိုင်း၊ ရွတ်ဆိုဆင်ခြင်သုံးသပ်ရမည့်တရားတော်ဖြစ်လေသည်။ သစ္စာသို့ဆိုက်ရောက်သောတရားတော်ဖြစ်၏။

သစ္စာသို့ ဆိုက်ရောက်သော တရားတော် ဆိုသည်မှာ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို အလိုရှိသူတို့သည် သုတမယ ဉာဏ်အားဖြင့် ရှေးဦးစွာသိရမည့်တရားဟူ၍ ဆိုလိုခြင်းဖြစ်လေသည်။

ဒုက္ခကိုများများ သိလေလေ၊ ဒုက္ခကိုများများ ဆင်ခြင်လေလေ၊နိဗ္ဗာန်ချမ်းသာကိုအလိုရှိလေလေဖြစ်ရကား နိဗ္ဗာန်ချမ်းသာနှင့်နီးကပ်သာနိုင်ရန် သုတ်မဟာဝါပါဠိတော်မဟာသတိပဋ္ဌာန်သုတ် ဒုက္ခသစ္စနိဒ္ဒေသပါဠိတော်ကို ဆက်လက်လေ့လာတော်မရန် အထူးတိုက်တွန်းပါ၏။

**မဟာသတိပဋ္ဌာန်။**

ပါဠိတော်ကိုမသွားနိုင်သူ၊စာအားမရှိသူတို့အတွက်ကား ဟံသာဝတီတိုက်မှ ရိုက်နှိပ်သော ဆရာတော် ဦးဗုဒ်အနက်မြန်မာပြန်ဆို၍မုံတော ဆရာတော် အဓိပ္ပါယ် ရေးသားတော် မူသော မဟာသတိပဋ္ဌာန်ပါဠိတော်နိဿျ(၁၉၅၅-ခုနှစ် ရိုက်) စာမျက်နှာ ၂၅-နှင့် ၁၂၃-တွင် ဖတ်ရှုပါလေ။

ထိုကျမ်းစာအုပ်မှာ အဘိုးငွေ ၃-မျှသာ ပေးရသော်လည်း ကမ္မဋ္ဌာန်းဘာဝနာပွားများလိုသူတို့အား အထူးအကျိုးကျေးဇူးများစေသောကျမ်းစာအုပ်ဖြစ်လေသည်။ ထိုကျမ်းတွင်အာနာပါန လုပ်ငန်းအတွက်အသက်ရှည်ရှည်ရှုနိုင်ပုံ၊ တိုတိုရှုနိုင်ပုံ ယင်းသို့ ထွက်လေဝင်လေ ပြုရာတွင် သတိမလစ်ရအောင် ထွက်လေ ဝင်လေကိုအစဥ် အာရုံပြုနေရပုံ၊ (ထွက်လေ ဝင်လေကို ပြင်းထန်စွာ ရှုရှိုက်ရမည်ဟူ၍ လုံးဝမပါရှိ) ရိုးရိုးရှုရှိုက်နေသော လေကိုပင် ဖြည်းညှင်းသာယာစွာ ရှုရှိုက်ရမည်ဟု ညွှန်ပြဟောကြားတော်မူလေသည်။ထို့ပြင်-

သွားရင်း၊ လာရင်း၊ နေရင်း၊ ထိုင်ရင်း၊ စားရင်း၊ သောက်ရင်း၊ ဝိပဿနာ ဘာဝနာကိုပွားများအားထုတ်နိုင်ပုံတို့လည်း ပါရှိခြင်းကြောင့်ထိုမဟာသတိပဋ္ဌာန်စာအုပ်ကိုဝယ်ယူဖတ်ရှုလေ့လာရန် အထူးတိုက်တွန်းပါ၏။

ယင်းသို့လျှင် ဒုက္ခကိုထပ်ခါထပ်ခါဆင်ခြင်ပါ များသော သုခဟုအထင်မှားသော အယူဝါဒကို စွန့်လွှတ်နိုင်တော့၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ် ဉာဏကထာ ဆင်္ဂါနု ပဿနာခန်း၌-

ဒုက္ခတော အနုပဿန္တော၊
သုခသညံ့ ပဇာဟတိ။

ဘာသာပြန်။ ။ဆင်းရဲဒုက္ခအားဖြင့် အဖန်တလဲလဲ ဆင်ခြင်ပွားများသည်ရှိသော် ချမ်းသာ၏ဟူသော အမှတ်သညာ ကိုပယ်စွန့်၏ဟု ဟောတော်မူလသည်။

တနည်းသော်ကား။ ။ဒုက္ခကိုကြပ်ကြပ် ကြည့်ရှုလေလေ၊ နိဗ္ဗာန်နှင့်နီးလေလေဖြစ်၏။

ငါလဲခံရဘူးလေပြီး။

ဗုဒ္ဓမြတ်စွာသည် သစ္စာလေးပါးကို ဟောတော်မူ၏။ ဤ တွင်သစ္စာလေးပါး စလုံးပင် အရေးကြီးခြင်းကား မှန်၏။ သို့ ရာတွင်အချုပ်အခြာပဓာနအချက်ကား ဒုက္ခပြတ်ရန် ဖြစ်၏။

ထို့ကြောင့် ဒုက္ခကို အခါမပြတ် ဆင်ခြင်ရာ၏။ ဒုက္ခကို ဆင်ခြင်လေလေ၊တရားကို အားထုတ်ခြင်လေလေ ဖြစ်လာ၏ ဒုက္ခကို ဆင်ခြင်နေခြင်းသည်လည်းတရားအားထုတ် နေခြင်း ပင်ဖြစ်၏။ထို့ကြောင့်ဒုက္ခကို ဆင်ခြင်ပွားများနိုင်ရန်သဘာဝ ကို အနည်းငယ် ဖေါ်ပြပေအံ့။

ဓမ္မသဘာဝကို ပညာမျက်စိတွင် ကွက်ကွက် ကွင်းကွင် မြင်လာနိုင်ရန် ဆင်ခြင်စဉ်းစား၍ ခပ် ဖြေးဖြေး ဖတ်ရှုတော်မူပါလေ။

မိမိအား မလှုပ်မရှား ၉-လခန့် ဆောင့်ကြောင့် ထိုင်နေရ မည် ဆိုပါကမည်မျှဆင်းရဲ ဒုက္ခခံရမည်ကို လွယ်ကူစွာသိနိုင် လေသည်။ ၉-လကို မဆိုထားဘိ ၉-ရက်လည်း မထိုင်နိုင်ချေ၊

၉-ရက်ကိုမဆိုထားဘိ ၉-နာရီမျှပင်တနေရာတည်း၌ဆောင့်ကြောင့်ထိုင်၍မနေနိုင်ချေ။

ပဋိသန္ဓေနေရခြင်း ဆင်းရဲကား အမိဝမ်းတွင် ခြေလက်လှုပ်ရှား၍ ဆန့်တန်းခြင်း မပြုနိုင်ဘဲ ၉-လကျော် ၁၀-လခန့် လက်နှစ်ဘက်ကို ပုခုံးကြားတွင် ထားလျက် ဆောင့်ကြောင့်ထိုင် နေရခြင်းကား အဘယ်မျှ ဝဋ်ဆင်းရဲကြီးမားသည်ကို ပညာမျက်စိဖြင့်ကြည့်ရှုဆင်ခြင်ပါလေ။

ထိုပဋိသန္ဓေနေရခြင်း ဒုက္ခဝဋ်ဆင်းရဲသည် ဤတခါဖြင့်ပြီးသည်မဟုတ်၊ ရှေးအခါကလည်း မရေမတွက်နိုင်သောဘဝပေါင်းများစွာက ခံခဲ့ရလေပြီ။ နောင်အနာဂတ်တွင်လည်း ဤအတိုင်းသာ သွားပါက မရေမတွက်နိုင်သော ဘဝပေါင်းများစွာ၌ ထိုပဋိသန္ဓေနေရခြင်း ဝဋ်ဆင်းရဲကို ခံရပေဦးအံ့။

ပဋိသန္ဓေနေရခြင်း ဝဋ်ဆင်းရဲနှင့်အမျှ အိုရခြင်း ဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲတို့ကိုလည်းတွဲလျက်ခံရပြန်သေး၏။

ဤကဲ့သို့ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊အိုရခြင်းဆင်းရဲ၊နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲတို့ကို ခံခဲ့ရသည်မှာ မည်ရွေ့မည်မျှကြာပြီဆိုသည်ကိုသိစိမ့်သောငှာ ဗုဒ္ဓမြတ်စွာသည် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အနမတဂ္ဂသံယုတ် ပဉ္စမဝဂ်အဆုံးသုတ်၌-

အိုး-ရဟန်းတို့၊ ဂိဇ္ဈကုဋ်တောင်ထက် ဝေပုလ္လတောင်သည် မြင့်၏။တခုသော ကပ်ကမ္ဘာ၌ ဖြစ်သော တယောက်သော ပုဂ္ဂိုလ်၏ ပေါင်းစု၍ထားအပ်သော အရိုးစုသည် ဝေပုလ္လ အမည်ရှိ

သော တောင်နှင့်အမျှ ဖြစ်ရာ၏ဟု ဟောတော်မူလေသည်။

ဤမျှဖြင့်မပြီးသေး။ ရှေးအဖို့တွင်လည်း ဝိပဿနာဘာဝနာမြတ်တရားကို ပွားများ အားထုတ်ခြင်း မပြုဘဲ သွားပါက ဤအတိုင်းပင် ပဋိသန္ဓေ နေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ။ သေရခြင်းဆင်းရဲ အပေါင်းတို့နှင့် တွေ့ကြုံခံစားရဦးမည်ပင်။

ဒုက္ခဆင်းရဲကို ပိုမိုထင်ရှားစွာ သိစိမ့်သောငှာ ယင်းပါဠိတော်ဒုတိယဝဂ် အစသုတ်၌-

ယံ ဘိက္ခဝေ ပဿေယျာထ၊
ဒုက္ခိတ ဒုရူပေတံ၊
နိဋ္ဌ မေတ္ထ ဂန္တဗ္ဗံ အမှေဟိပိ၊
ဧဝရူပံ ပစ္စနုဘူတံ၊
ဒီဃမဒ္ဓာန ဒိဃောန အဒ္ဓုနာတိ။

အနက်ကား။ ။ဘိက္ခဝေ= အို-ချစ်သားရဟန်းတို့၊
ဒုရူပေတံ= စက်ဆုတ်ဖွယ် ကောင်းသော အသွင်ရှိသော၊
ယံဒုက္ခိတံ = အကြင်ဒုက္ခိတ ပုဂ္ဂိုလ်သတ္တဝါကို၊
ပဿေယျာထ=ကြားမြင်တွေ့ရှိရာ၏။
တ္ထေ = ဤဒုက္ခိတ သတ္တဝါ၌၊
တုမှေဟိ = သင်ချစ်သား ရဟန်းတို့သည်၊
နိဋ္ဌံ = သံဝေဂဉာဏ် ထက်သန်စွာဖြင့်ဆုံးဖြတ်ချက် ချခြင်းသို့၊
ဂန္တဗ္ဗံ = ရောက်ကြရာ၏၊ ဝါ-ရောက်ကြလေကုန်။

အမှေပိပိ= ငါတို့သည်လည်း၊
ဒီဃေန = ရှည်လျားလှစွာသော၊
ဣမိနာအဒ္ဓုနာ=ဤသံသရာ အခွန့်ကာလကြီးဖြင့်၊
ဧဝရူပံ = ဤသူကဲ့သို့သော ဒုက္ခဆင်းရဲမျိုးကို၊
ပစ္စနုဘူတံ= အဖန်ဖန် ခံစားခဲ့ရဘူးလေပြီ။
ဣတိ = ဤသို့၊
နိဋ္ဌံ = သံဝေဂဉာဏ်ထက်သန်စွာဖြင့်ဆုံးဖြတ်
ချက် ချခြင်းသို့၊
ဂန္တဗ္ဗံ = ရောက်ကြရာ၏၊ဝါရောက်ကြလေကုန်၊

ဤဒေသနာတော်အရ မီးလောင်၍ မည်းသူ မည်းဝါ သေသည်။ ရေနစ်၍ မည်းသူ မည်းဝါသေသည်။ ရထား မှောက်၍ မည်းရွေ့ မည်းမျှသေသည် စသည်ဖြင့် သတင်းစကားကို ကြား ရသောအခါ ဝါ-သတင်းစာတွင် ဖတ်ရှုရသောအခါ ငါတို့ သည်လည်း ရှေ့က ဤသေခြင်းဆိုးမျိုးကိုအကြိမ်ကြိမ်အဖန်ဖန် ခံစားခဲ့ရဘူးလေပြီ။ နောက်တွင်လည်း ခံစားရပေဦးအံ့ဟူ၍ ဆင်ခြင်သုံးသပ်ခြင်းကို ပြုပါလေ။

ဆေးရုံကြီးသို့ ရောက်သောအခါ အမျိုးမျိုးခံစား နေရ သော ဒုက္ခိတတို့ကို တွေ့မြင်ရပေလိမ့်မည်။ ထိုအခါ ငါသည် လည်း ဤသို့သော ဆင်းရဲ ဒုက္ခ အမျိုးမျိုးကို ရှေးကလည်း ခံစားခဲ့ရဘူးလေပြီ။ နောင်တွင်လည်း ခံစားရဦးမည်။

သွားရင်းလာရင်းလမ်းတွင် ဒုက္ခိတသတ္တဝါတဦး ဆင်းရဲ ဒုက္ခခံစားနေရသည်ကို တွေ့မြင်ရပါကငါသည်လည်း ဤဒုက္ခ မျိုးကို ခံစားရဘူးလေပြီ။ နောင်ကိုလည်း ခံစား ရဦးမှာဘဲ သည်လိုဒုက္ခမှ လွတ်မြောက်ရန် ဝိပဿနာဘာဝနာ ပွားများ

မှဘဲဟု ထက်သန်လှစွာ သံဝေဂဉာဏ်ရကာ ဆုံးဖြတ် ချက် ချမှတ်ပါလေ။

ဤကား- အထက်တွင် ဖေါ်ပြအပ်သော ဗုဒ္ဓမြတ်စွာ၏ ဆုံးမ ဩဝါဒပေတည်း။

ယင်းသို့ ဒုက္ခကိုဆင်ခြင်သုံးသပ်ပါ များလတ်သော် ဆင်ခြင်သုံးသပ်သည်နှင့်အမျှ ဒုက္ခမှ လွတ်မြောက်လိုသော စိတ်သည် တဖက်တွင် ဒိဂရိတိုးတက်လျက် ရှိလာလေသည်။

သုခဝေဒနာကို
ဒုက္ခဟု မြင်အောင် ရှုရ၏။

“ဒု”သဒ္ဒါ၏ အနက်သဘောမှာ “စက်ဆုပ်ဖွယ်” ဖြစ်၍ “ခံ”မှာ “အချည်းနှီး”ဖြစ်၏။ (သဓော့သစ္စဝိဘင်း) ထိုနှစ်ရပ်ပေါင်းသော် “စက်ဆုပ်ဖွယ် အချည်းနှီး”ဆိုသော အနက်အဓိပ္ပါယ်ထွက်လာ၏။ ပါဠိတော်အရပ်ရပ်တို့တွင်....

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ ဓမ္မာ အနတ္တာ။

ဟူ၍ရင်း၊ ထိုသဘော အနက်အဓိပ္ပါယ်ရှိသော ဒေသနာတော်တို့ကိုရင်း ဗုဒ္ဓမြတ်စွာသည် ထပ်ခါထပ်ခါ ဟောတော်မူခဲ့လေသည်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာအရ—ခပ်သိမ်းကုန်သော ပြုပြင်အပ်ကုန်သော ခန္ဓာငါးပါး၊ ရုပ်တရား၊ နာမ်တရား တို့သည် စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်ခြင်းကို အစဉ်သတိရရှိနေရမည်။

ထို့ထက် တဆင့်တက်ကာ သိရဦးမည်မှာ (သဠာယတနဝေဒနာသံယုတ် ပါဠိတော် သဂါထာဝဂ် ဒဠှဗ္ဗသုတ်၌)

ဗုဒ္ဓမြတ်စွာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမ သုခ ဝေဒနာဟူ၍ ဝေဒနာသုံးမျိုးကို ဟောတော်မူ၏။ ထိုသုံးမျိုးကို ဟောတော်မူရာ၌....

သုခါ ဘိက္ခဝေ ဝေဒနာ
ဒုက္ခတော ဒဋ္ဌဗ္ဗာ။

စသည်တို့ကို ဟောတော်မူ၏။

ဘာသာပြန်။ ။အို- ရဟန်းတို့၊ သုခဝေဒနာကို ဆင်းရဲသော ဒုက္ခဟူ၍ မြင်အပ်၏ (ရှုအပ်၏)။

ထိုမှတဖန် ဆက်၍ဟောတော်မူသည်မှာ- အကြင်အခါ၌ ရဟန်းအား သုခဝေဒနာကို ဒုက္ခဟူ၍ မြင်အပ်သည်ရှိသော် အို-ရဟန်းတို့၊ ဤရဟန်းသည် ကောင်းစွာမြင်သော ရဟန်း ဟူ၍ ဆိုအပ်၏ဟု ဟောတော်မူလေသည်။

ဤ၌ သာမန်ပုဂ္ဂိုလ်တို့သည် အစားအသောက် စသည်တို့ဖြင့် သုခဝေဒနာကို ခံစားနေရာ ထိုသုခဝေဒနာကို ဒုက္ခပါတကားဟု မြင်အောင်ကြည့်ရှုရမည် ဆိုရာတွင် မြင်အောင်ရှုရန် မဆိုထားဘိ ထိုသို့ကြားဘူးသူပင် အလွန် နည်းပါးလေသည်။

ယမိုက်ကျမ်း။ ။ထိုမျှမကသေး ဒုက္ခကိုတိကျစွာ သိရှိနိုင်ရန် ခဲယဉ်းပုံကို သစ္စယမိုက် ပါဠိတော် ပဏ္ဏတ္တိဝါရ နိဒ္ဒေသ၌ ဟောတော်မူသည်ကို ဖေါ်ပြဦးအံ့။

ဒုက္ခံ ဒုက္ခသစ္စန္တိ၊
အာမန္တာ။

ဒုက္ခသည် ဒုက္ခသစ္စာမည်သလော။
မည်ပေ၏။

ဒုက္ခသစ္စံ ဒုက္ခန္တိ။
ဒုက္ခသစ္စာသည် ဒုက္ခမည်သလော။
ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ၊
ဌပေတွာ အဝသေသံ ဒုက္ခသစ္စံ နဒုက္ခံ၊
ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ၊
ဒုက္ခဉ္စေဝ ဒုက္ခသစ္စဉ္စ။

ဘာသာပြန်။ ။ကာယိကဒုက္ခ၊ စေတသိကဒုက္ခ နှစ်ပါးကို ချန်ထား၍ ကြွင်းသော တရားအပေါင်းသည် ဒုက္ခသစ္စာမည်၏။ ဒုက္ခကားမမည်။ ကာယိကဒုက္ခ၊စေတသိကဒုက္ခ နှစ်ပါးသည် ဒုက္ခသစ္စာလည်းမည်၏။ ဒုက္ခလည်း မည်ပေ၏။

ဤပါဠိတော်တွင် ဒုက္ခကို နှစ်မျိုးနှစ်စား ပြတော်မူ၏။

က။ ဒုက္ခလည်းဖြစ်၍ ဒုက္ခသစ္စာလည်း ဖြစ်သော ဒုက္ခ၊ ဤအမျိုးမှာ ကာယိကဒုက္ခ၊စေတသိကဒုက္ခမျိုးဖြစ်၏။

ခ။ ဒုက္ခသစ္စာသာဖြစ်၍ ကာယိကဒုက္ခ၊စေကသိက ဒုက္ခမဖြစ်သောတရား၊ ဤသို့လျှင် နှစ်မျိုးနှစ်စားရှိလေသည်။

စာမျက်နှာ ၅၀-၅၁-၌ ပဋ္ဌဝဂ္ဂီ ငါးဦးတို့အား....
တံခေါ ပနိဒံ ဒုက္ခ အရိယသစ္စံ
ပရိညေယျန္တိ မေ ဘိက္ခဝေ။

စသည်တို့ဖြင့် ဟောတော်မူရာ ဒုက္ခကို ဤသစ္စယမိုက်ပါဠိတော်၌လာရှိသည့်အတိုင်းကာယိကဒုက္ခစေတသိကဒုက္ခမပါဘဲ ဒုက္ခသစ္စာဖြစ်သော ခန္ဓာငါးပါး ဒုက္ခဖြစ်နေရသည်အထိ ပိုင်းခြားသိရမည်ဟု ဆိုရာမှာလည်း ထင်ရှားလှပေ၏။

ဤ၌ ကာယိကဒုက္ခ၊ စေတသိကဒုက္ခပါသည်ဖြစ်စေ၊မပါသည်ဖြစ်စေ ခန္ဓာငါးပါးသည်ဒလစပ်ဒုက္ခဖြစ်နေပုံကိုယောဂီ

သူမြတ်သည် အစဉ်အမြဲ ပညာမျက်စိဖြင့် သိမြင်နေရန် အထူး အလိုရှိအပ်လှပေသည်။

ဒုက္ခသည် အဘယ်နည်း။

ဤတွင် ထင်ရှားစေရန် မဟာသတိပဋ္ဌာန်ပါဠိတော်၊ ဒုက္ခ သစ္စာနိဒ္ဒေသ၌ လာသည်တို့မှ အနည်းငယ်ကို ကောက်နုတ် ဖေါ်ပြပေအံ့။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ။

ရဟန်းတို့၊ ဒုက္ခသည် အဘယ်နည်း။

ယံခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ၊
ကာယိကံ အသာတံ ကာယသမ္ဖဿဇံ၊
ဒုက္ခံ အသာတံ ဝေဒယိတံ၊
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ကာယိကံ၊ ကာယ ပသာဒ၌မှီသော။ ယံခေါ ဒုက္ခံ၊ အကြင်ဆင်းရဲဒုက္ခသည်။ ကာယိကံ၊ ကာယပသာဒ၌မှီသော၊ ယံအသာတံ၊ အကြင် မသာ ယာအပ်ခြင်းသည်။ ကာယသမ္ဖဿဇံ ကာယပသာဒ၌မှီသော "ဖဿ" ကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ အသာတံ၊ မသာယာ အပ်သော။ ယံ ဝေဒယိတံ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒုက္ခံ၊ ကိုယ်၏ဆင်းရဲခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ။

ရဟန်းတို့၊ စိတ်နှလုံးမသာယာမှု ဒေါမနဿ ဟူသည် အဘယ်နည်း။

ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ၊
စေတသိကံ အသာတံ မနောသမ္ဖဿဇံ၊
ဒုက္ခံ အသာတံ ဝေဒယိတံ၊
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ စေတသိကံ၊ စိတ်၌မှီသော။ ယံခေါ ဒုက္ခံ၊ အကြင်ဆင်းရဲဒုက္ခသည်။ စေတသိကံ၊ စိတ်၌မှီသော။ ယံ အသာတံ၊ အကြင် မသာ မယာ အပ်ခြင်းသည်။ မနောသမ္ဖဿဇံ စိတ်၌မှီသော "ဖဿ" ကြောင့်ဖြစ်သော။ ဒုက္ခံ ဆင်းရဲသော။ အသာတံ၊ မသာယာအပ်သော။ ယံ ဝေဒယိတံ အကြင် ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒေါမနဿံ၊ ဒေါမနဿဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော် နှစ်ရပ်ကို ဆင်ခြင်သော် ပဌမပါဠိတော်၌....

က။ ကိုယ်ကာယ၌ မှီ၍ဖြစ်သော ကာယိကဒုက္ခ။

ခ။ စိတ်၏ဆင်းရဲခြင်း ဖြစ်သော စေတသိက ဒုက္ခဟူ၍ ကွဲပြားစွာ လာရှိ၏။

ယင်း ကာယိကဒုက္ခနှင့် စေတသိကဒုက္ခ နှစ်ပါးသည် ဒုက္ခလည်း မည်၏။ ဒုက္ခသစ္စာလည်း မည်၏။ (ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဒုက္ခ ဒုက္ခသစ္စဥ္စ)

ဤကာယိကဒုက္ခ၊ စေတသိကဒုက္ခ နှစ်ပါးနှင့် ယှဉ်တွဲသိသင့်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်, ပညာဝဂ်, ဝိပဿနာကထာ၌လာသည်ကို ဖေါ်ပြပေအံ့။

ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော
အနုလောမိကံ ခန္တိံ ပဋိလဘတိ။

ဘာသာပြန်။ ။ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာငါးပါးကို ' ဒုက္ခတော" ဆင်းရဲ၏ဟု ဝိပဿနာဘာဝနာ ပညာဖြင့် ရှုသည့်ရှိသော် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြောင်းအားလျော်သော်"အနုလောမ"ဉာဏ်ကို ရ၏။

အထက်တွင် ဖော်ပြအပ်သောပါဠိတော်တို့ကို ချိန်၍ကြည့်သော် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရှိလို၍ ကြိုးစားအားထုတ်လိုသော သူမြတ်သည် ရှေးဦးစွာ ဒုက္ခနှစ်မျိုးလုံးကို သုတမယဉာဏ်အားဖြင့် သိရှိထားရမည်ဟု ဆိုသည်ကို သိအပ်လေပြီ။

ပဌမတမျိုးမှာ-ကာယိကဒုက္ခ၊ စေတသိကဒုက္ခဟူ၍ ထင်ရှားသောဒုက္ခဖြစ်လျက် ဒုက္ခသစ္စာထိုက်သော ဒုက္ခတမျိုး။

ဒုတိယတမျိုးမှာ-ကာယိကဒုက္ခ၊ စေတသိက ဒုက္ခမရှိဘဲ ခန္ဓာငါးပါးတို့သည် ဓမ္မသဘာဝအားဖြင့် အနိစ္စ၊ဒုက္ခ၊အနတ္တ ဖြစ်ပျက်နေခြင်းကို ပညာမျက်စိဖြင့်သာ မြင်နိုင်သော ဒုက္ခမျိုးဟု သိထားရပေမည်။

အရစ်ထဲတွင် အချို့ပုဂ္ဂိုလ်တို့သည် ပဌမ ဒုက္ခမျိုးကို ဒုက္ခသစ္စာမထိုက်၊ သံဝေဂမျှသာဟူ၍ ပြောဆိုသံကို ကြားရ၏။ အထက်တွင်ပြခဲ့သောပါဠိတော်တို့ကို သတိပြု အပ်လေသည်။

ဒုက္ခသုံးမျိုး။

ဒုက္ခတွင် ၁။ ဒုက္ခဒုက္ခ၊ ၂။ သင်္ခါရဒုက္ခ၊
၃။ ဝိပရိဏာမဒုက္ခဟူ၍၃ မျိုးရှိပြန်လေသည်။

၁။ ဒုက္ခဒုက္ခဆိုသည်မှာ ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခ၊ စိတ်၏ဆင်းရဲခြင်း စေတသိကဒုက္ခတို့ဖြစ်၏။

၂။ လောက၌ တိုးတက်ကြီးပွားမှု သုခ ဝေဒနာကို ကောင်းစွာခံစားရမှုဘို့အတွက် နေပူမိုးရွာမရှောင် မနေမနား ကြိုးစားရှာဖွေရခြင်းသည် သင်္ခါရဒုက္ခမည်၏။

၃။ ယင်းသို့ ခဲယဉ်းစွာ ကြိုးစားရှာဖွေ ရပြီးသော်လည်း ထိုဥစ္စာစည်းစိမ်တို့က မိမိအား ဖေါက်လွဲဖေါက်ပြန် စွန့်သွား ပြန်ခြင်း၊ သို့မဟုတ်ပါက မိမိကပင် ခဲယဉ်းစွာ ရှာဖွေအပ်သော သြဇာအာဏာ ဥစ္စာစည်းစိမ် အရပ်ရပ်တို့ကို သေကွဲ ကွဲကာစွန့်လွှတ်သွားရခြင်းသည် ဝိပရိဏာမ ဒုက္ခမည်၏။

ဒုက္ခသဘော။

ထိုဒုက္ခတို့မှာ လူတိုင်းလူတိုင်း တွေ့ကြုံ သိမြင် နေရသော ဒုက္ခစုတို့ပေတည်း။ ထို့မှတပါး ဒုက္ခကို သိအပ်ပြန်သည်မှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဉာဏကထာ၌....

ကထံ ပရိညဋ္ဌေ ပညာ

ဒုက္ခေ ဉာဏံ။

ဘာသာပြန်။ ။ပိုင်းခြား၍ သိခြင်း၌ဖြစ်သော ပညာ၊ဒုက္ခ ကိုသိသောဉာဏ်မည်သည် အဘယ်သို့ဖြစ်သနည်းဟူမူကား-

ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော၊

သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော။

ဘာသာပြန်။ ။က။ ဒုက္ခသစ္စာ၏ နှိပ်စက် တတ်သော အနက်သဘော။

ခ။ ပြုပြင်အပ်သော အနက်သဘော။

ဂ။ ပူပန်စေတတ်သော အနက်သဘော။

ဃ။ ဖေါက်ပြန်တတ်သော အနက်သဘောကို သိရာ၏ ဟူ၍ ဟောတော်မူလေသည်။

ဤပါဠိတော်အရ ဒုက္ခသစ္စာ၏အနက်သဘော သဘာဝ ကိုအပင်လျှင် ခန္ဓာငါးပါးသည် ဤလေးမျိုးသော ဒုက္ခဒဏ် ချက်တို့ သင့်လျက်ရှိသည်ကိုလည်း သိအပ်ပြန်လေသည်။

၃၁-ဘုံသည် ဒုက္ခ။

ထိုမျှမကသေးတနည်းအားဖြင့်ထင်ရှားစေရသော်"သဗ္ဗေ သင်္ခါရာဒုက္ခာ"ဟုပါဠိတော်အရပ်ရပ်တို့တွင် ထပ်ခါထပ်ခါ ဟောတော်မူခြင်းကြောင့် သင်္ခါရနယ်ဖြစ်သော ၃၁-ဘုံ၌ ရှိ ကုန်သောသတ္တဝါအပေါင်းတို့သည်သာ ဒုက္ခအတိဖြစ်သည် မကသေး၊ ထိုသတ္တဝါအပေါင်းတို့ကိုအကြောင်းအားလျော် စွာ ပြုပြင်စီမံကုန်သော ဓာတ်သဘာဝ တို့သည်လည်း ဒုက္ခ အတိသာ ဖြစ်ကြကုန်၏။

ဒုက္ခကို ဖန်တီးလိုက်သည်မှာလည်း
ဒုက္ခပင်။

ဖန်တီးလိုက်သော မူလသဘာဝ အကြောင်း တရားတို့က ပင် ဒုက္ခသဘာဝဖြစ်ကြခြင်းကြောင့် ၎င်းဒုက္ခကို အမှီသဟဲ ပြု ကာ ဖြစ်ပေါ်လာရသော အကျိုးတရားစုတို့မှာ အဘယ်သို့ လျှင် သုခချမ်းသာ ဖြစ်နိုင်ပါအံ့နည်းဟု ဆိုသည်ကို သိစေလို တော်မူသော ဗုဒ္ဓမြတ်စွာသည် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခန္ဓ သံယုတ် အနိစ္စဝဂ် ဟေတုဒုက္ခသုတ်၌ အောက်ပါ အတိုင်း ဟောတော်မူခဲ့သည်။

မှတ်ချက်။ ။ဆရာမြို့ ဘာသာပြန်သော သံယုတ်တွင် ဟေတု ဒုက္ခသုတ်ဟုလာ၍ ဆဋ္ဌသံဂါယနာမူတွင် သဟေတု ဒုက္ခသုတ်ဟု လာရှိပါသည်။

ရူပံ ဘိက္ခဝေ ဒုက္ခံ ယောဝိ ဟေတု
ယောပိ ပစ္စယော ရူပဿ
ဥပ္ပါဒါယ သောပိ ဒုက္ခော
ဒုက္ခ သမ္ဘူတံ ဘိက္ခဝေ၊
ရူပံ ကုတော သုခံ ဘဝိဿတိ။

ဟူ၍ ဟောတော်မူလေသည်။

ဤပါဠိတော်တွင် ရုပ်တရား အတွက်သာ ဟောတော်မူသည်မဟုတ်၊ နာမ်ခန္ဓာ ငါးပါးကိုလည်း ဤအတိုင်းပင် ဟောတော်မူရာ သဘောပေါက်၍ ကျက်မှတ် ရွတ်ဆိုနိုင်ရန် ဝိညာဏက္ခန္ဓာကို ဖေါ်ပြပေဦးအံ့။ ကျန် နာမ်ခန္ဓာ သုံးပါးကိုလည်း ဤအတိုင်းပင် သဘောပေါက်ရာ၏။

ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ
ယောပိ ဟေတု ယောပိ ပစ္စယော
ဝိညာဏဿ ဥပ္ပါဒါယ သောပိ ဒုက္ခော
ဒုက္ခ သမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ
ကုတော သုခံ ဘဝိဿတိ။

ဘာသာပြန်။ ။ရဟန်းတို့၊ ဝိညာဏ်သည် ဒုက္ခဆင်းရဲသော သဘောရှိ၏၊ ဝိညာဏ်၏ အမှီ သဟဲစွဲရာ ဖြစ်သော အကြောင်းအကြောင်း အထောက်အပံ့သည်လည်း ဆင်းရဲသော ဒုက္ခသဘောရှိ၏။ ရဟန်းတို့၊ ဆင်းရဲသော သဘောကို အမှီသဟဲစွဲ၍ ဖြစ်ရသော ဝိညာဉ်သည် အဘယ်သို့လျှင် သုခချမ်းသာ ဖြစ်နိုင်ပါအံ့နည်းဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည် (သံယုတ်ပါဠိတော်၌ အနိစ္စနှင့်အနတ္တကိုလည်း ဤသဘော အတိုင်း ဟောတော်မူ၏။)

ဤသို့ခန္ဓာငါးပါးဘို့သာလျှင်မဟုတ်သေး။ ထိုခန္ဓာ ငါးပါး အကျိုးတရားတို့ ဖြစ်ပေါ်လာအောင် ထိုက်သည့် အားလျော်စွာဖန်းတီးလိုက်သောအကြောင်းတရားတို့သည်လည်း ဒုက္ခအတိသာ ဖြစ်သည်ဟု သိရန်မှာ အလွန့်အလွန် ခဲယဉ်းလှပေ၏။ ဗုဒ္ဓမြတ်စွာတို့ တကြိမ်တခါ ပွင့်တော်မူပါမှ သိရှိရသော သဘောတရားများ ဖြစ်လေသည်။

ထို့ကြောင့် ရှေ့တွင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနှင့်တကွ ရဟာန်းတော်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ ထံတော်တွင် ဒုက္ခသင်တန်း တက်ကြသည်ဟု ဝန်ခံတော် မူကြခြင်း ဖြစ်လေသည်။

အချုပ်ကား—မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို အလိုရှိသော သူတော်သူမြတ်သည် ရှေးဦးစွာ ဒုက္ခကိုသိသည်၊သာ၍သိသည်၊အသိဆုံးဖြစ်လာအောင် ဒုက္ခကို ရှုဒေါင့် အမျိုးမျိုးတို့မှ နေ၍ ထပ်ခါထပ်ခါ ဆင်ခြင် သုံးသပ်ရပေမည်။

ဒုက္ခကို ထပ်ခါထပ်ခါ ဆင်ခြင်ပွားများသုံးသပ်ခြင်းသည် နိဗ္ဗာန်သို့ ရောက်လိုသောဆန္ဒ ပို၍ပို၍ပြင်းထန် လာခြင်းပင် ဖြစ်လေသည်။

ဤကျမ်းဦးတွင် ဖေါ်ပြခဲ့သည့်အတိုင်း လောကဓာတ်ကြီးတရပ်လုံးတွင် အခြားမရှိ၊ ဒုက္ခနှင့် သုခ ဝါ သင်္ခတ ဓာတ်နှင့် အသင်္ခတဓာတ် နှစ်ပါးသာရှိလေသည်။ ဤစာကို ရေးနေသူသည် "ဒုက္ခ" ဤကျမ်းကို ဖတ်နေသော ပုဂ္ဂိုလ်သည် "ဒုက္ခ" နိဗ္ဗာန်သည် "သုခ"။

ဒုက္ခကို အသိဆုံးအထိ သိအောင် ဆင်ခြင် သုံးသပ်ရမည် ဆိုရာဝယ် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ် ၄ ဘုံ နှင့်တကွ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ဝါ-သတ္တဝါ ဖြစ်သော ၃၁-ဘုံလုံးသည်၎င်း၊ စိတ်၊ စေတသိက်၊ ရုပ်ဟူသရွေ့တို့သည်၎င်း သုခဟူသည် မြူမျှမဖက် သက်သက်သော ဒုက္ခအစစ်တည်းဟူ၍ ပညာမျက်စိဖြင့် တိကျမှန်ကန်စွာ မြင်အောင် ကြည့်ရှုဆင်ခြင်သုံးသပ်ပေးရပေမည်။

ဒုက္ခကို မသိ မမြင်ဘဲလျက်<br>
နိဗ္ဗာန်သို့ ရောက်သည်ဟူ၍ မရှိချေ။<br>
ဒုက္ခကို များများမြင်လျှင်<br>
နိဗ္ဗာန်သို့ မြန်မြန်ရောက်သည် မည်၏။

# တဏှာ

တဏှာ ဒုတိယော ပုရိသော
ဒီဃ မဒ္ဓါန သံသရံ
ဣတ္ထံ ဘာဝညထာဘာဝံ
သံသရံ နာတိ ဝတ္တတိ။

(ဧရှ်ဖွတ္ပ်င် ဆွဲဗလတံ)

ဒုက္ခာဖြစ်ကြောင်း။

ဒုက္ခခန်းကို ရေးသားပြီး၍ ဒုက္ခ အဘယ့်ကြောင့် ဖြစ်ရသည့်တို့ကို ရေးသားပေအံ့။

အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်မှတပါး ပြုပြင်အပ်ကုန်သော သင်္ခတဓာတ်လောကကြီးတရပ်လုံး ဝါ-ငရဲ တိရစ္ဆာန်မှစ၍ ဗြဟ္မာ့ဘုံတိုင်အောင် ၃၁-ဘုံ၌ ရှိကြကုန်သော သက်ရှိသက်မဲ့ အပေါင်းတို့သည် အကြောင်းကင်းလျက် ဖြစ်ပေါ်လာကြသည် မဟုတ်ကုန်။ အကြောင်းကြောင့် ဖြစ်ပေါ်လာရသောအကျိုးတရားများသာ ဖြစ်ကြလေသည်။

ဤစကားသည် မှန်၏။ ပါဠိတော်နှင့် ကိုက်ညီ၏။ ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နိဒါနသံယုတ်၊ ဒသဗလဝဂ် ဒုတိယဒသဗလသုတ်၌....

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊
ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊
ဣမသ္မိံ အသတိ ဣဒံ နဟောတိ၊
ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ။

ဘာသာပြန်။ ။ဤသို့လျှင် ဤအကြောင်းတရားသည် ရှိခဲ့သော် ဤသို့သော ဤအကျိုးတရားသည်ဖြစ်၏။

ဤအကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ဖြစ်၏။

ဤအကြောင်းတရားသည် မရှိခဲ့သော် ဤ အကျိုးတရားသည် မဖြစ်။

ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလေသည်။

ဤတွင် အတိုချုပ်ကား-
သည်လိုရှိလျှင်၊ သည်လိုဖြစ်၏။
သည်လိုမရှိလျှင် သည်လိုမဖြစ်။

အကြောင်း တရား ချုပ်လျှင် အကျိုး တရား ချုပ်၏ ဟု သိအပ်၏။

ထို့ကြောင့် ဒုက္ခဖြစ်ပေါ် လာရခြင်းမှာ အကြောင်းကင်းလျက် ဖြစ်ပေါ်လာသည်မဟုတ်။ အကြောင်းကြောင့်ဖြစ်ပေါ်လာရသော ဒုက္ခအကျိုးတရား ဖြစ်သေသည်။ ဤသို့ ဖြစ်ပါမူ ဒုက္ခ၏အကြောင်းရင်းသည်အဘယ်နည်းဟုအမေးပုစ္ဆာထွက်ပေါ်လာ၏။

ကတမဉ္စ ဘိက္ခဝေ
ဒုက္ခသမုဒယံ အရိယသစ္စံ။

ဤကား သုတ်မဟာဝါပါဠိတော်မဟာသတိပဋ္ဌာနသုတ်နှင့် အင်္ဂုတ္တိုရ် ပါဠိတော် တိကနိပါတ် မဟာဝဂ်တိတ္ထာယနသုတ်တို့၌ လာရှိလေသည်။

အနက်ကား။ ဘိက္ခဝေ အို ရဟန်းတို့ ဒုက္ခသမုဒယံ ဒုက္ခ၏အကြောင်းဖြစ်သော၊ အရိယသစ္စံအရိယသစ္စာသည်။ ကတမဉ္စ အဘယ်နည်း။

ဤပါဠိတော်အတွက်ခေတ်လူတို့သဘောပေါက်ရန်ဖေါ်ပြရသော် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့ သိရ

မည်ဖြစ်သောသစ္စာလေးပါးတရားတို့သည်ရှိကုန်၏။ ထိုလေးပါးသော သစ္စာတရားတို့အနက် ဒုက္ခကို ဖြစ်ပေါ်စေသောအကြောင်းရင်း တရားသည် ပါဝင်လျက်ရှိ၏။ ထိုတရားကား အဘယ်နည်း—

တဏှာ　　　　အဝိဇ္ဇာ

↓　　　　↓

**ဒုက္ခ**

အချို့သော ဒေသနာတော်များတွင် ဒုက္ခ ဖြစ်ပေါ်စေသောတရားသည် တဏှာဟူ၍ ဟောတော်မူ၏။ အချို့သော ဒေသနာတော်များတွင် အဝိဇ္ဇာဟူ၍ဟောတော်မူ၏။ အချုပ်ကားသစ္စာလေးပါး ဟောတော်မူရာ၌ "တဏှာ" ကိုခေါင်းဆောင်ပြု၍ ဟောတော်မူ၏။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူသော "အဝိဇ္ဇာ" ကို ခေါင်းဆောင်ပြု၍ဟောတော်မူ၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်-ပါဠိတော် မဟာဝဂ် ဉာဏကထာခန်း၌—

ဒွေ ဓမ္မာ ပဟာတဗ္ဗာ၊
အဝိဇ္ဇာစ ဘဝတဏှာစ၊
တယော ဓမ္မာ ပဟာတဗ္ဗာ၊
တိဿော တဏှာ။

မဟာဝဂ္ဂ ၆။

**ဘာသာပြန်။** ။အမှန်တရားကို မသိစေသော အဝိဇ္ဇာ၊ ဘဝကို တပ်မက်သော ဘဝတဏှာ ဤနှစ်ပါး တို့ကို ပယ် အပ်၏။ကာမတဏှာဘဝတဏှာဝိဘဝတဏှာ ဤသုံးပါးတို့ကို ပယ်အပ်၏ဟူ၍ရှင်း၊ ဥဒါရိပဏ္ဏာသပါဠိတော် မဟာသဠာယ တနသုတ်၌-

ကာတာမေစ ဘိက္ခဝေ ဓမ္မာ၊
အဘိညာ ပဟာတဗ္ဗာ၊
အဝိဇ္ဇာစ ဘဝတဏှာစ၊
ဣမေ ဓမ္မာ အဘိညာ ပဟာတဗ္ဗာ။

**ဘာသာပြန်။** ။အို-ရဟန်းတို့၊ ထူးသောဉာဏ်ဖြင့် ပယ် အပ်ကုန်သော တရားတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူ ကား အဝိဇ္ဇာရှင်း၊ဘဝတဏှာရှင်းထူးသောဉာဏ်ဖြင့်ပယ်အပ် ကုန်သော တရားတို့ဟူသည် ဤသည်တို့ပေတည်း ဟူ၍ရှင်း ဟောတော်မူလေသည်။

ဤပါဠိတော်များအရ ဒုက္ခ၏ အကြောင်းရင်းမှာ-အဝိဇ္ဇာ နှင့်တဏှာဖြစ်သည်ကို ထင်ရှားစေတော် မူပြန်လေသည်။

ဤတွင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့ သိအပ်သည်မှာ ဗုဒ္ဓ ဘာသာတရားသည် ဒါန သီလမျှလောက်တွင် ကိစ္စမပြီးသေး ဘဲ (ဒါန၊ သီလ၊ သမထမှာ ဘုရားမပွင့်မီကပင် ရှိပြီးဖြစ်၏) အဝိဇ္ဇာနှင့် တဏှာကို သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်ဖြတ်ရန် ဝိပဿနာဘာဝနာသို့ တက်ရောက်ပွားများအားထုတ်ရမည် ဆိုသည်ကို အထူးသိသင့် သိထိုက် သိအပ်လေသည်။

ထို့ကြောင့် ဒုက္ခ၏ဖြစ်ပေါ်စေကြောင်းဖြစ်သော အဝိဇ္ဇာ နှင့်တဏှာကို သုတမယဉာဏ်အားဖြင့် ရှေးဦးစွာ သိရှိတော် မူကြစေရန်တခန်းစိစဲ့ခြားလျက်အနည်းငယ်မျှစီဖေါ်ပြပေအံ့။

တဏှာမှိုတွယ်ပုံ။

ရှေ့တွင် ဖော်ပြခဲ့သော ကတမဥ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံဟူသော ပါဠိတော်အတွက် သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်တွင် လာရှိသောအဖြေမှာ....

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ၊
နန္ဒိရာဂ သဟဂတာ တတြ
တတြာဘိနန္ဒိနီ သေယျထိဒံ၊
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

အနက်ကား။ ။ယာယံ တဏှာ၊ အကြင် တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ဘဝသစ်ကို တဖန် ဖြစ်စေ တတ်သော သဘောရှိ၏။

နန္ဒိရာဂ သဟဂတာ၊ လွန်စွာတပ်မက် နှစ်သက် ခြင်းနှင့် တကွဖြစ်၏။

တတြတတြာဘိနန္ဒိနီ၊ ထိုထိုအာရုံတို့၌ ပြင်းထန်စွာ နှစ်သက်တတ်၏။

ဣဒံ၊ ဤတဏှာသည်။သေယျထာ၊ အဘယ်နည်း။
ကာမတဏှာ၊ကာမအာရုံတို့၌ တပ်မက်သောတဏှာရင်း။
ဘဝတဏှာ၊ရူပဘဝ အရူပဘဝ၌ တပ်မက်သော တဏှာရင်း။
ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာရင်း၊ ဤသည် များပင်ဖြစ်၏။ ဤပါဠိတော်ကား ဓမ္မစက္က ပဝတ္တနသုတ်၌ ဟောတော်မူအပ်သော ပါဠိတော်အတိုင်းပင် ဖြစ်လေသည်။

ထိုမဟာ သတိပဋ္ဌာနသုတ် ပါဠိတော်၌ ဆက်လက်လာ ရှိသည့်တို့အနက် လိုရင်းအချို့ကို သိလွယ်စေသော နည်းဖြင့် ဖော်ပြရသော် ထိုတဏှာသည် အဘယ်ကိုမှိုတွယ် အစပြု၍ ဖြစ်ပေါ်လာရပါသနည်းဟူမူ....

၁။ စက္ခု = မျက်စိ၊
၂။ သောတ = နား၊
၃။ ဃာန = နှာ၊
၄။ ဇိဝှါ = လျှာ၊
၅။ ကာယ = ကိုယ်ကာယ၊
၆။ မန = စိတ်၊

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဤအာရုံတို့ကို အစပြု၍ မှီတွယ်လျက် ဖြစ်ပေါ်လာရလေသည်။

ထို့မှတပါး....

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်တို့ကို အစပြု၍ မှီတွယ်လျက် ဖြစ်ပေါ်လာရလေသည်။

ထို့မှတပါး....

စက္ခုပသာဒ၌ မှီသော ဖဿ, စက္ခုသမ္ဖဿ။

သောတပသာဒ၌ မှီသော ဖဿ, သောတသမ္ဖဿ။

ဃာန သမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ။

မနောသမ္ဖဿ တို့ကို အစပြု မှီတွယ်လျက် ဖြစ်ပေါ်လာရလေသည်။

ထို့မှတပါး ဤတဏှာသည်....

စက္ခုပသာဒ၌ မှီသော ဖဿကြောင့် ဖြစ်သော ဝေဒနာ၊ စက္ခုသမ္ဖဿဇာဝေဒနာ။

သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောဝိညာဏ်နှင့် တကွဖြစ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာတို့ကို အစပြု မှီတွယ်လျက် ဖြစ်ပေါ်

လာရလေသည်။ ထိုမှတပါးလည်း ယင်းပါဠိတော်၌ ဆက်လက် လာရှိပေသေး၏။

ဤတွင် သိရှိအပ်သည်မှာ တဏှာစ၍ ဖြစ်ပေါ်လာရသည်မှာ (စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယ၊မန) ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံတို့ကိုရင်း၊ ဖဿ ၆-မျိုးတို့ကိုရင်း၊ ဝေဒနာ ၆-မျိုးတို့ကိုသော်ရင်း စသည်တို့ကို အမှီပြု၍ အစပြုကာ ဖြစ်ပေါ်လာရလေသည်။

တဏှာ ဖြစ်ပေါ်လာသည်မှာ (စလျှင်စချင်း)တချိန်တည်း အားကောင်း၍ အချိန် ပြင်းထန်သည် မဟုတ်။ တစတစ အာသေဝန ပစ္စည်းရပါမှ အားကောင်းလာရခြင်း၊ အရှိန် ကောင်းလာရခြင်း ဖြစ်လေသည်။

ဒိဋ္ဌေဒိဋ္ဌမတ္တံ။ ။ဥဒါန်းပါဠိတော် ဗောဓိဝဂ် အဆုံးသုတ်၊ ဗာဟိယ ဒါရုစိရိယ ပရိဗိုဇ် အားရင်း၊ သဠာယတန ဝဂ္ဂ သံယုတ် ပါဠိတော် သဠဝဂ် မာလုကျပုတ္တသုတ် မာလုကျပုတ္တ အားရင်း ဟောတော်မူရာ၌....

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

သုတေ သုတမတ္တံ ဘဝိဿတိ။

မြင်ရာတွင် မြင်သည်မျှသာ ဖြစ်ရာ၏။

ကြားရာတွင် ကြားသည်မျှသာ ဖြစ်ရာ၏ ဟူ၍ စသည်တို့ လာရှိလေသည်။

ယင်းဒေသနာတော် တရားဘာပုဒ်ဆုံးသောအခါ ဗာဟိယ ဒါရုစိရိယ ပရိဗိုဇ်သည် အရဟတ္တဖိုလ်သို့ရောက်ရှိတော်မူ၏။

မာလုကျပုတ္တကား-တရားကို နာကြားရရုံမျှဖြင့် ကိစ္စမပြီး သေးဘဲအကျင့်ကိုပါ ကျင့်တော်မူမှ အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူလေသည်။

မာလုကျပုတ္တအား အကျင့်ကို လေ့လာ ကျင့်သုံးရာတွင် သဘောပေါက်စေရန် ဗုဒ္ဓမြတ်စွာသည်....

ရူပံ ဒိသွာ သတိမုဋ္ဌာ၊
ပိယံ နိမိတ္တံ မနသိ ကရောတော၊
သာရတ္တ စိတ္တော ဝေဒေတိ၊
တဉ္စ အဇ္ဈောသာ တိဋ္ဌတိ။

တဿ ဝဍ္ဎန္တိ ဝေဒနာ အနေကာ ရူပ သမ္ဘဝါ၊ သဘိဇ္ဈာစ ဝိဟေသာစ စိတ္တ မဿုပ ဟညတိ၊ ဧဝံ အာစိနတော ဒုက္ခံ အာရာနိဗ္ဗာနာ ဝုစ္စတိ။ဟူ၍ ဟောတော်မူ၏။

ဤပါဠိတော်ကို အလွတ် အာဂုံဆောင်လျက် မိမိကိုယ် တိုင်လည်းထပ်ခါထပ်ခါ သုံးသပ်ပါလေ။သူတပါးကိုလည်း သဘောပေါက်အောင် ဟော ကြား ပါ လေ။ ဝိ ပ ဿ နာ ဘာဝနာလုပ်ငန်းအတွက် သုတမယဉာဏ်မျှသာမက ဆင်ခြင် သုံးသပ်တိုင်း သုံးသပ်တိုင်း မြွေသဘာဝကို တကြိမ်ထက် တကြိမ် ဉာဏ်ပညာ ပိုမိုပွင့်လင်း ရင့်သန် လာပေလိမ့်မည်။ အလွန်အလွန် ခရီးရောက်စေသောသဘောအနက်အဓိပ္ပါယ် ရှိသည့် ပါဠိတော် ဖြစ်လေသည်။

ဘာသာပြန်။ ။အဆင်းရူပါရုံကို မြင်၍ ကြိုက်နှစ်သက် အပ်၏ဟူသော နိမိတ်(ပုံပန်းသဏ္ဌာန်)ကို နှလုံးသွင်းသောသူ အား ကမ္မဋ္ဌာန်းတရား၌ သတိလွတ်ကင်း မေ့ လျော့ ခြင်း ကြောင့် အလွန်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ ထို အာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍ တည်အံ့။ ထို လူ အား များစွာကုန်သောအဆင်းရူပါရုံကြောင့်ဖြစ်ကုန်သောဝေဒနာ တို့သည် တိုးတက် ပွားများကုန်၏။ အ လို ရ မ္မက် ကြီး ခြင်း အဘိဇ္ဈာတရားသည်၎င်း၊ ညှဉ်းပန်းနှိပ်စက်လိုသော ဝိဟိံသာ

တရားသည်ဝှင်း၊ ထိုသူ၏ စိတ်ကိုကပ်၍ ညှဉ်းဆဲ၏။ (ဝေဝံ အာဝိနတော ဒုက္ခံ အာရာနိဗ္ဗာနာ ဝုစ္စတိ) ဤသို့ ဆင်းရဲဒုက္ခကို တိုးတက်ပွားများစေသော သူအား နိဗ္ဗာန်နှင့် ဝေးကွာ၏ဟူ၍ ဆိုအပ်၏ဟု ဟောကြားတော်မူလေသည်။

မာလုကျပုတ္တအား ဟောတော်မူရာတွင် ရူပါရုံ အတွက်သာ ဟောတော်မူသည် မဟုတ်သေး။ အောက်ပါ အတိုင်းလည်း ဆက်လက်ဟောတော်မူလေသည်။

သဒ္ဒံ သုတွာ သတိမုဋ္ဌာ၊
ပိယံ နိမိတ္တံ မနသိ ကရောတော၊
သာရတ္တ စိတ္တော ဝေဒေတိ၊
တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝဍ္ဍန္တိ ဝေဒနာစသည်တို့ဖြင့် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်အတိုင်း ဆက်လက်လာရှိလေသည်။

ဘာသာပြန်။ ။အသံ သဒ္ဒါရုံကိုကြား၍ ကြိုက်နှစ်သက်အပ်၏ဟူသော နိမိတ်ကို နှလုံးသွင်းသောသူအား ကမ္ဘဋ္ဌာန်းတရား၌ သတိမေ့လျော့သောကြောင့် အလွန် တပ်မက်သော စိတ်ရှိသည် ဖြစ်၍ ခံစားအံ့။ ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍တည်အံ့။ ထိုသူအား များစွာကုန်သော အသံသဒ္ဒါရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည် တိုးတက် ပွားများကုန်၏။ ဤသို့လျှင် "ရူပံဒိသွာ သတိမုဋ္ဌာ" ပါဠိတော်၌ဖော်ပြအပ်သော ဘာသာပြန်အတိုင်း ဆက်လက်လာရှိလေသည်။

ဂန္ဓံ ဃတွာ သတိမုဋ္ဌာ၊
ပိယံ နိမိတ္တံ မနသိကရောတော၊
သာရတ္တ စိတ္တော ဝေဒေတိ၊
တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

စသည်တို့ဖြင့် "ရူပံ ဒိသွာ သတိမုဋ္ဌာ"ပါဠိတော်၌ လာသည့် အတိုင်း ဆက်ကာလာရှိလေသည်။

ဘာသာပြန်။ ။အနံ့ ဂန္ဓာရုံကိုရ၍ ကြိုက်နှစ်သက်အပ်၏ ဟူသော နိမိတ်ကိုနှလုံးသွင်းသော သူအား ကမ္မဋ္ဌာန်းတရား၌ သတိမေ့လျော့သောကြောင့် အလွန်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍ တည်အံ့။ ထိုသူအား များစွာကုန်သော အနံ့ ဂန္ဓာရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည် တိုးတက် ပွားများကုန်၏။ ဤသို့လျှင် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်၌ ဖေါ်ပြအပ်သော ဘာသာပြန်အတိုင်း ဆက်လက် ဟောကြား တော်မူလေသည်။

ရသံ ဘောတွာ သတိမုဋ္ဌာ၊
ပိယံ နိမိတ္တံ မနသိကရောတော၊

စသည်တို့ဖြင့် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်၌ လာရှိသည့်အတိုင်း ဆက်ကာ လာရှိလေသည်။

ဘာသာပြန်။ ။အရသာ ရသာရုံကို စားသောက်၍ကြိုက် နှစ်သက်အပ်၏ ဟူသော နိမိတ်ကို နှလုံးသွင်းသော သူအား ကမ္မဋ္ဌာန်းတရား၌ သတိ မေ့လျော့သောကြောင့် အလွန် တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍တည်အံ့။ ထိုသူအား များစွာ ကုန်သော အရသာ ရသာရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည် တိုး တက် ပွားများကုန်၏။ ဤသို့လျှင် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်၌ ဖေါ်ပြအပ်သောဘာသာပြန်အတိုင်းဆက်လက် ဟောတော်မူလေသည်။

ဖဿံ ဖုဿ သတိမုဋ္ဌာ၊
ဝိယံ နိမိတ္တံ မနသိကရောတော။

စသည်တို့ဖြင့် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်လာရှိသည့် အတိုင်း ဆက်ကာလာရှိလေသည်။

ဘာသာပြန်။ ။အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ ကြိုက်နှစ်သက်အပ်၏ ဟူသော နိမိတ်ကို နှလုံးသွင်းသောသူအား ကမ္မဋ္ဌာန်းတရား၌သတိမေ့လျော့သောကြောင့်အလွန် တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍တည်အံ့။ ထိုသူအား များစွာကုန်သော အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့ သည် တိုးတက်ပွားများကုန်၏။ ဤသို့လျှင် "ရူပံ ဒိသွာ သတိ မုဋ္ဌာ"ပါဠိတော်၌ ဖော်ပြအပ်သော ဘာသာပြန် အတိုင်း ဆက်လက် ဟောတော်မူလေသည်။

ဓမ္မံ ဉတွာ သတိမုဋ္ဌာ၊
ဝိယံ နိမိတ္တံ မနသိ ကရောတော။

စသည်တို့ဖြင့် "ရူပံ ဒိသွာ သတိမုဋ္ဌာ"ပါဠိတော်၌ လာရှိ သည့်အတိုင်း ဆက်ကာလာရှိလေသည်။

ဘာသာပြန်။ ။သိအပ်သော ဓမ္မာရုံကို အာရုံပြု၍ ကြိုက် နှစ်သက်အပ်၏ ဟူသော နိမိတ်ကို နှလုံးသွင်းသော သူအား ကမ္မဋ္ဌာန်းတရား၌ သတိ မေ့လျော့ သောကြောင့် အလွန် တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ခံစားအံ့။ထိုအာရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍တည်အံ့။ထိုသူအား များစွာသိအပ်သော ဓမ္မာရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည် တိုးတက်ပွား များကုန်၏။ ဤသို့လျှင် "ရူပံ ဒိသွာ သတိမုဋ္ဌာ" ပါဠိတော်၌ ဖော်ပြအပ်သော ဘာသာပြန်အတိုင်း ထိုသူအား နိဗ္ဗာန်နှင့်

ဝေးကွာ၏ဟူ၍ ဆိုအပ်၏ဟု ဆက်လက် ဟောကြားတော်မူလေသည်။

ထိုပါဠိတော်၌ အပြန်အားဖြင့် ဆက်လက် ဟောတော်မူပြန်သည်မှာ ထိုသူသည် အဆင်းရူပါရုံ၌ မတပ်မက်၊ အဆင်းရူပါရုံကိုမြင်၍ ကမ္မဋ္ဌာန်းတရား၌ အောက်မေ့ခြင်း သတိရှိသည်ဖြစ်၏။ တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏ ထိုအဆင်း ရူပါရုံကိုလည်း တဏှာဖြင့် လွှမ်းမိုး၍ မတည်။ အကြင်သို့သော အခြင်းအရာအားဖြင့် ရူပါရုံကို မြင်သော ကမ္မဋ္ဌာန်းဝေဒနာကိုလည်း မှီဝဲသော ထိုသူအား ဆင်းရဲဒုက္ခသည်မတိုးတက်၊ မပွားများ ကုန်ခန်း၏။ ယင်းသို့ ထိုသူသည် သတိတရားနှင့် ပြည့်စုံစွာ ကျင့်၏။ (ဧဝံ အပစိနတော ဒုက္ခံ သန္တိကေ နိဗ္ဗာန ဝုစ္စတိတိ) ယင်းသို့ ဆင်းရဲဒုက္ခကို မပွားများသောသူအား နိဗ္ဗာန်နှင့် နီးကပ်၏ဟူ၍ ဆို အပ် ၏ ဟု ဟောတော်မူ၏။

ဤအတိုင်းပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည့်တို့ကိုလည်း ဟောတော် မူလေသည်။

အထူးကား။ ။ဤဒေသနာတော်မှာ— ဒုတိယတွဲတွင် ဖေါ်ပြခဲ့သော မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ်၌ လာရှိသည့် မာလုကျ ပုတ္တ ဒေသနာ တော်နှင့် သဘာဝ သဘောတရားချင်းမတူချေ။ ပဏ္ဏာသ ပါဠိတော်၌လာရှိသော မာလုကျပုတ္တ ဒေသနာ တော်မှာ ဤ ဒေသနာတော် ကဲ့သို့ပင် အထူး ဘတ်သင့် ဘတ်ထိုက် မှတ်သင့်မှတ်ထိုက် ဟောသင့် ဟောထိုက်သော ဒေသနာတော်မြတ် ဖြစ်လေည်။

ဗာဟိယ ဒါရုစီရိယနှင့် မာလုကျပုတ္တတို့အား ဟောတော်မူခြင်း၏ လိုရင်းမှာ ဝိပဿနာဘာဝနာ ပွားများခြင်း၌ ကင်းလွတ်သွားလျှင် ကင်းလွတ် သွားသည်နှင့် တပြိုင်နက်။ နိဗ္ဗာန်နှင့်ဝေးကွာသွားတော့၏။ ဝိပဿနာ ဘာဝနာကို ပွားများနေလျှင် တရွေ့ရွေ့ နိဗ္ဗာန်နှင့် နီးကပ်လာခြင်းကို သိရှိစေရန် ဟောတော်မူခြင်း ဖြစ်လေသည်။

တနည်းဆိုသော်'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'စသည်တို့ကို ဟောတော်မူရာ၌ မြင်လျှင်မြင်ကာမတ္တ တခဏချင်းပင် မြင်သည်ကို ဝိပဿနာဘာဝနာပွားများရမည်။ ကြားလျှင် ကြားကာ မတ္တ တခဏချင်းတွင်ပင် ကြားသည်ကို ဝိပဿနာ ပွားများရမည်။

ဥပရိပဏ္ဏာသပါဠိတော် ဆဠာယတနသုတ် ပါဠိတော်၌လာရှိသော သဘောမှာမြင်သည်၊ ကြားသည်၊တွေ့ထိသည် စသည်တို့ကို ဘာဝနာမပွားများဘဲ ထားပါက ကြိုက်လျှင်လောဘ ဖြစ်၏။မကြိုက်လျှင် ဒေါသဖြစ်၏။ ကြိုက်သည်လည်း မဟုတ်၊ မကြိုက်သည်လည်း မဟုတ်၊ အမှတ်တမဲ့ နေပါသည်ဟု ဆိုပြန်ကလည်း မောဟဖြစ်ပြန်၏။ ထို့ကြောင့် မြင်သမျှ၊ကြားသမျှ၊ တွေ့ထိရသမျှ စသည်တို့ကို ဝိပဿနာ ဘာဝနာ ပွားများခြင်းဖြင့် စွန့်ပစ်ရပေမည်။

တဖက်တွင် သီးသန့် ဖေါ်ပြထားသော "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" အစရှိသော ပါဠိတော် ၆—ကြောင်းမှာ ယောဂီသူမြတ်နှင့် အထူး သက်ဆိုင်ခြင်းကြောင့် အလွတ်ကျက်မှတ်ရွတ်ဆိုပြီးလျှင် မိမိကိုယ်တိုင် ထိုပါဠိတော်အရ ဝိပဿနာဘာဝနာကို ပွားများလျက် သူတပါးအားလည်း ဟောပြောပြသပေးပါရန် အထူးတိုက်တွန်းပါ၏။

(တဖက်တွင် ပါရှိသော စာနှင့်တွဲ၍ ဖတ်ရန်)

၁။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

၂။ သုတေ သုတမတ္တံ ဘဝိဿတိ။

၃။ မုတေ မုတမတ္တံ ဘဝိဿတိ။

၄။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

← ← ← နိဗ္ဗာန်

၅။ ဧဝံ အာစိနတော ဒုက္ခံ အာရာ နိဗ္ဗာနာ ဝုစ္စတိ၊

(ကမ္မဋ္ဌာန်းတရား၌ သတိလွတ်ကင်းသော် နိဗ္ဗာန်နှင့်ဝေးပြီ)

→ → → နိဗ္ဗာန်

၆။ ဧဝံ အပစိနတော ဒုက္ခံ သန္တိကေ နိဗ္ဗာနာ ဝုစ္စတိ။

(ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်နေသော် နိဗ္ဗာန် နီးလာ၏)

ယယ်ယယ်ကသတ်။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ရုက္ခဝဂ် တရုဏရုက္ခ ပမာ သုတ်၌ လာရှိသော သဘောအတိုချုပ်မှာ အို-ရဟန်းတို့ သာ ယာဘွယ်ဟု ကြည့်ရှုသူအား(တဏှာပဝဍ္ဍတိ) တဏှာသည် တိုးပွား၏။ဥပမာဆိုသော် နုငယ်သောသစ် ပင်ကလေးသည် ရေ၊မြေရရှိနေသောအခါ တိုးတက် ကြီးထွားလာသကဲ့သို့ပင် တည်းဟု ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့၏။

ဤတွင် ပေါ်လွင်စေရန် ဖေါ်ပြရသော်–

မီးပွားကလေးကို ငယ်သည်ဟူ၍ သဘောမထားရ။ယင်း သို့ထားသည်ရှိသော် တအိမ်လုံး တရပ်လုံးကို လောင်ကျွမ်း စေနိုင်၏။မာလောနွယ်သည် အစ၌ သစ်ပင်ကြီးနှင့် စာသော် အလွန့်အလွန် သေးငယ်၏။ သို့ရာတွင် သေးငယ်သည်ဟု လက်ခံ ထားလိုက်သည် ရှိသော် အဘယ်အထိ ကြီးပွား တိုးတက်လာသနည်းဟူမူ ထိုအမှီခံရသော သစ်ပင်ကြီးကို သေကြေ ပျက်စီးခြင်းအဖြစ်သို့ ရောက်အောင် ကြီးမား ထွားကျိုင်း လာလေသည်။

ထို့ကြောင့် မင်္ဂဖိုလ်နိဗ္ဗာန်ကို အလိုရှိသော သူမြတ်သည် စက္ခု၊သောတ၊ဃာနစသည်တို့မှရင်း၊ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့မှရင်း သေးငယ်စွာ စ၍ဖြစ်ပေါ်လာသော တပ်နှစ် သက်ခြင်းတဏှာကို သေးငယ်သည်ဟူ၍ သဘောမထားဘဲ လက်ခံသိမ်းပိုက်ထားပါက တခဏချင်း သန်စွမ်းလာမည်ကို အထူးသတိပြုတော်မူလျက် ထိုတဏှာကို အစဦးစွာ ငယ်စဉ် ကပင် သုတ်သင်ရှင်းလင်းပစ်ရာ၏။ အကယ်၍ လက်ခံ သိမ်း ပိုက်ထား မိသည်ရှိသော် အထက်တွင် ဖေါ်ပြအပ်သော မီးပွားကလေးဥပမာကဲ့သို့ရင်း၊မာလောနွယ် ဥပမာကဲ့သို့ရင်း

ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတရားကို လုံးဝပျောက်ကွယ် စေလတံ့။

တဏှာ ဒုတိယော ပုရိသော။

တဏှာပေါ်လာရာတွင် ကြီးထွားပြင်းထန်မလာမီ ပယ်ဖျောက်ပစ်ရမည်ဟုဆိုခဲ့ပြီ။ တဆင့်တက်ရန်မှာ တဏှာဖြစ်ပေါ်လာမည့်အခြင်းအရာတို့ကို စိတ်ပင်မကူးရချေ။

ဆိတ်ငြိမ်သော တောတွင်းရှိ သစ်တပင်အောက်တွင်နေသည်ဖြစ်စေ၊ ဂူတွင်း၌နေသည်ဖြစ်စေ၊အခန်းတွင်း၌နေသည်ဖြစ်စေ၊ တဦးတည်းနေသည်ဟု ဆိုရစေကာမူ ထိုတဏှာနှင့်သက်ဆိုင်ရာတို့ကိုစိတ်ကူး၍နေပါက ထိုသူသည် တဦးတည်းနေသူမဟုတ်။ တပ်နှစ်သက်ခြင်း ''တဏှာ'' ကိုအဖေါ်သဟဲပြုလုပ်နေသူဟုခေါ်ဆိုရ၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိုရ်ပါဠိတော်စတုက္ကနိပါတ်တဏှာယောဂဝဂ် တဏှုပ္ပါဒသုတ်၌ရင်း၊ ဣတိဝုတ်ပါဠိတော် ဧကနိပါတ် ဒုတိယဝဂ်၌ရင်း၊ သုတ္တနိပါတ် ပါဠိတော် ဒွယတာနုပဿနာ သုတ်၌ရင်း—

တဏှာ ဒုတိယော ပုရိသော၊
ဒီဃ မဒ္ဓါန သံသရံ၊
ဣတ္ထံ ဘာဝညထာ ဘာဝံ၊
သံသာရံ နာတိ ဝတ္တတိ။

ဘာသာပြန်။ ။တဏှာလျှင်အဖေါ်သဟဲရှိသောသတ္တဝါသည် ရှည်ကြာလှစွာသော ကာလပတ်လုံးတပြောင်းပြန်ပြန်ကျင်လည်ပြေးသွားလျက် ဤဘဝမှသည် တပါးသောဘဝသို့ကူးပြောင်းရသော သံသရာကို မလွန်မြောက်နိုင်။

ဓဝ မာဒိနဝံ ဉတွာ၊
တဏှံ ဒုက္ခဿ သမ္ဘဝံ၊
ဝီတ တဏှော အနာဒါနော၊
သတော ဘိက္ခု ပရိဗ္ဗဇေတိ။

ဘာသာပြန်။ ။တပ်နှစ်သက် တတ်သော တဏှာသည် ဝဋ်ဆင်းရဲကို ဖြစ်စေတတ်၏ဟု အပြစ်ကိုသိ၍ တပ်မက်ခြင်း ကင်းစေလျက် အဘယ်အာရုံကိုမျှ 'တဏှာဒိဋ္ဌိ' တို့ဖြင့် မစွဲလမ်းမူ၍ သတိပညာ အဆင်အခြင်နှင့်ပြည့်စုံစွာကျင့်ရာ၏ဟု ဟောတော်မူလေသည်။

တဏှာကို ဒုတိယအပေါင်းအဖေါ် သဖွယ်ပြုလုပ်နေသူကို ဖေါ်ပြပြီး၍နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ဘိက္ခုသံယုတ်ထေရနာမက ဘိက္ခုသုတ်၌ တဦးတည်းနေသူ အင်္ဂါအခြင်းအရာလာရှိသည်ကို ဖေါ်ပြပေဦးအံ့။

ထေရအမည်ရှိသော ရဟန်းသည် တဦးတည်းနေခြင်းကို အလိုရှိ၏။ အခြားသူများကိုလည်း ဟောပြော၏။ ဤသည်ကို အကြောင်းပြု၍ ရှင်တော်ဘုရားသည်—

သဗ္ဗာဘိဘုံ သဗ္ဗဝိဒုံ သုမေဓံ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တံ။
သဗ္ဗံ ဇဟံ တဏှက္ခယေ ဝိမုတ္တံ၊
တမဟံ နရံ ဧကဝိဟာရီတိ။

ဘာသာပြန်။ ။အလုံးစုံသော ကိလေသာ တရားတို့ကို လွှမ်းမိုးနှိမ်နင်း၍ တည်သောအလုံးစုံသော တရားတို့ကို သိသော သူတော်ကောင်းပညာရှိသည် အလုံးစုံသောတရားတို့၌ ကိလေသာတဏှာတို့ဖြင့် မလိမ်းကျံ၊ အလုံးစုံသော တပ်နှစ်သက်ခြင်းရာဂကိုစွန့်၏။ တဏှာ၏ ကုန်ရာနိဗ္ဗာန်ကိုအာရုံ

ပြုသောအားဖြင့် လွှတ်၏။ ထိုသူကို တယောက်ထည်းတည်း၊ တဦးတည်းသောသူဟူ၍ ဘုရားရှင်ဟောတော်မူ၏။

ထိုပါဠိတော် ၂-ရပ်၏ အဓိပ္ပါယ်မှာ"ကမ္မဋ္ဌာန်း တရားကို"အားထုတ်နေသူကိုသာလျှင် တဦးတည်းနေသူဟုသိအပ်၍ တဦးတည်းနေလင့်ကစား၊ တပ်နှစ်သက်သော တဏှာကို အဖေါ်သဟဲပြုလုပ်နေသူကိုတဦးတည်းနေသူဟု ဘုရားအစရှိသော သူတော်ကောင်းတို့မခေါ်ဆိုကြောင်း ကောင်းစွာသိအပ်လေသည်။

**ဟယ်-ကာမ။**

"တဏှာ ဒုတိယော ပုရိသော" ဟူသော ပါဠိတော်နှင့် စာမျက်နှာ ၇၆-၌ မာလုကျပုတ္တအား ဟောတော်မူသော "ရူပံဒိသွာသတိမုဌာ"ဟူသောပါဠိတော်ကိုထောက်ခံသော အားဖြင့် မဟာနိဒ္ဒေသ ပါဠိတော်အစလောက်တွင် လာရှိသောပါဠိတော်မှာ-

အဒ္ဒသံ ကာမ တေ မူလံ၊
သင်္ကပ္ပါ ကာမ ဇာယသိ၊
နတံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ နဟောဟိသိတိ။

အနက်ကား။ ။ကာမ-ဟယ်ကာမ၊ တေ-သင်၏၊မူလံ ဖြစ်ပေါ်လာခြင်းအကြောင်းရင်းကို။အဒ္ဒသံ—ငါမြင်ပြီ ကာမ ဟယ်ကာမ၊ သင်္ကပ္ပါ-သင့်ကို စဉ်းစားခြင်းကြောင့်၊ တွံ-သင် ကာမသည်၊ ဇာယသိ-ဖြစ်ပေါ်လာရ၏၊ တံ-သင်ကာမကို၊ နသင်္ကပ္ပယိဿာမိ- ငါမစဉ်းစားတော့ပြီ၊ကာမ- ဟယ်ကာမ၊ ဧဝံ-ဤသို့ ကြံစည်စဉ်းစားခြင်းမပြုခဲ့သော်၊ တွံ-သင်ကာမသည်။နဟောဟိသိ-မဖြစ်ပေါ်နိုင်တော့ပြီဟုလာရှိလေသည်။

ဤပါဠိတော်အရ တဏှာရာဂနှင့် သက်ဆိုင်သည်တို့ကို အနည်းငယ်မျှပင်စ၍ စိတ်မကူးရဆိုသည်ကို အထူးသတိပြုရပေမည်၊ စ၍ပင် စိတ်မကူးရဆိုခြင်းကြောင့် တဏှာရာဂနှင့် သက်ဆိုင်သောစကားကို နားထောင်ခြင်း ကိလေသာ အာရုံကာမဂုဏ်စိတ်တို့ကို တိုးပွားစေသော ရုပ်ရှင်ကြည့်ရှုခြင်းတို့ကိုကား သာ၍ပင်ရှောင်ရှားရမည်ဆိုသည်ကို သိအပ်လေပြီ။

အနည်းငယ်စ၍စိတ်ကူးမိလျှင်၊နားထောင်မိလျှင်၊ကြည့်ရှုမိလျှင် တဏှာရာဂသည် တခဏခြင်းတိုးတက် အရှိန်ကောင်းပြီးလျှင် "ကာယကံ"မြောက် "ဝစီကံ"မြောက် လွန်ကျူးပေတော့၏။

ဤတွင်တဏှာရာဂကိုသာမက အခြားမကောင်းမှုဟူသမျှတို့၌လည်း ဤအတိုင်းပင် သတိကြီးစွာထားအပ်လေသည်။

စတုဣ ပဋိစ္စ

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အလုံးစုံကိုခြုံ၍ကြည့်သော် သံတဓာတ်နှင့် အသံဟဓာတ် နှစ်မျိုးနှစ်စားသာတွေ့ရှိရလေသည်။

၎င်းကိုတဖန်ကမ္ဘာသူကမ္ဘာသားတို့ လွယ်ကူစွာနားလည်နိုင်စေရန် ဘာသာပြန်ဆိုရသော်- လောကဓာတ်ကြီး တရပ်လုံးတွင် "ဒုက္ခနှင့်သုခ"ဟူ၍ နှစ်မျိုးနှစ်စားသာ ရှိသည်ဟု ဘာသာပြန်ဆိုရေးသားရပေမည်။

ထိုနှစ်မျိုးနှစ်စားတွင် အသံဟဓာတ် မြတ်ပုံကိုဤကျမ်းအစ၌မှတည်ကာ ဖေါ်ပြခဲ့လေပြီ။သံတဓာတ်ဒုက္ခအတိဖြစ်ကြောင်းကိုလည်းဒုက္ခခန်းတွင်အကျယ်တဝန့်ဖော်ပြခဲ့လေပြီ။ ဤတဏှာခန်းတွင်လည်းဒုက္ခဖြစ်ပုံအကြောင်းရင်းတို့ကို ဖေါ်

ပြခဲ့ပြီဖြစ်သော်လည်း ပိုမိုသိလွယ်ထင်ရှားစိမ့်သောငှာ သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော် သဠာယတန သံယုတ် ယော ဂက္ခေမိဝဂ် ဒုက္ခသမုဒယသုတ်၌ လာရှိသည်ကို တဖန်ထပ်မံ ဖေါ်ပြပေဦးအံ့။

ဒုက္ခဿ ဘိက္ခဝေ သမုဒယဥ္စ၊
အတ္ထင်္ဂမဥ္စ ဒေသိဿာမိ တံသုဏာထ၊
ကတမောစ ဘိက္ခဝေ ဒုက္ခသမုဒယော။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ဒုက္ခ၏ဖြစ်ကြောင်းကိုရင်း၊ ချုပ်ကြောင်းကိုရင်း ဟောကြားပေအံ့။ ထိုတရားတို့ကိုနာကြကုန်လော့။ အို ရဟန်းတို့၊ ဒုက္ခ၏ဖြစ်ကြောင်းသည် အဘယ်နည်းဟူမူကား-

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊
စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာတဏှာ၊
အယံ ဒုက္ခဿ သမုဒယော။

ဘာသာပြန်။ ။စက္ခုပသာဒ ကိုရင်း၊ ရူပါရုံ တို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏။ သုံးခုသောတရားတို့၏ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိခြင်းဟူသော ဖဿ စေတသိက်ဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ဤသည်ကား- ဒုက္ခဖြစ်ကြောင်းပေတည်း။

ယင်းသို့လျှင် အထက်ပါအတိုင်းပါဠိတော်၌ကျန်ရှိသော နား၊ နှာ၊ လျှာ၊ ကာယ၊ မန စသည်တို့ကို အစွဲပြု၍ တဏှာ ဖြစ်ခြင်းကို ရှည်လျားစွာ ဟောတော်မူလေသည်။ ထိုမှတဖန် ဆက်၍ ဟောတော်မူပြန်သည်မှာ-

ကတမော စ ဘိက္ခဝေ
ဒုက္ခသ အတ္ထင်္ဂမော။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ဒုက္ခ၏ချုပ်ကြောင်းသည် အဘယ်နည်းဟူမူကား—

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊
စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ၊
ဝေဒနာ ပစ္စယာ တဏှာ၊ တဿ ယေဝ

တဏှာယ အသေသ ဝိရာဂ နိရောဓာ၊ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ၊ ဘဝနိရောဓော၊ ဘဝနိရောဓာ၊ ဇာတိ နိရောဓော၊ ဇာတိနိရောဓာ၊ ဇရာ မရဏံ သောကပရိဒေဝဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ၊အယံ ဒုက္ခဿ အတ္ထင်္ဂမော။

စက္ခုပသာဒသိုဝင်း၊ရူပါရုံတို့ကိုဝင်းစွဲ၍စက္ခုဝိညာဏ်သည် ဖြစ်၏။ (စက္ခု၊ရူပါရုံ၊ စက္ခုဝိညာဏ်) သုံးခုသော တရားတို့၏ ပေါင်းဆုံ မိခြင်းကြောင့် "ဖဿ" ဖြစ်ပေါ်လာ၏။ ဖဿဟူ သော အကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာ ဟူ သောအကြောင်းကြောင့် တဏှာသည် ဖြစ်၏။ ထိုတဏှာ၏ သာလျှင် အကြွင်းမရှိချုပ်ခြင်းကြောင့် စွဲလမ်းမှုဥပါဒါန် ချုပ် ၏။ စွဲလမ်းမှုဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ် ခြင်းကြောင့် ပဋိသန္ဓေမှုဇာတိချုပ်၏။ ပဋိသန္ဓေမှု ဇာတိချုပ် ခြင်းကြောင့် အိုခြင်း၊သေခြင်း၊ စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ဆင်းရဲ ခြင်း၊နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်း တို့သည် ချုပ် ကုန်၏။ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစုဒုက္ခမှု၏ ချုပ် ခြင်းသည်ဖြစ်၏။ဤသည်ကား ဒုက္ခ၏ ချုပ်ခြင်းပေတည်း။

ဤတွင် တဏှာချုပ်ငြိမ်းရန် အသို့ ပြုရပါအံ့နည်း ဟူမူ— ဝိပဿနာ ဘာဝနာပွားများခြင်းမှတပါး အခြားနည်းလမ်း မရှိပြီ။ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်သည် ရှိသော် ''တဏှာ''နှင့် ''အဝိဇ္ဇာ'' နှစ်ပါးစလုံးကို ချုပ်ငြိမ်းစေနိုင်လေသည်။

စာမျက်နှာ ၇၆-၌ မာလုကျပုတ္တအား ဟောတော်မူသည့် အတိုင်း(သတိမုဋ္ဌာ)ကမ္မဋ္ဌာန်းတရားကို သတိလွတ်သွားလျှင် (ဓဝံ အာစိနတော ဒုက္ခံ အာရာ နိဗ္ဗာနဝုစ္စတိ) ဒုက္ခကို အားပေးမှုကြောင့်နိဗ္ဗာန်နှင့်ဝေးသွားလေပြီဆိုသည်ကို အစဉ်သတိပြုကာ ဘာဝနာပွားများခြင်းကို အထူးအလိုရှိအပ်လေသည်။

ဗုဒ္ဓမြတ်စွာ စေခိုင်းတော်မူသော
တရားတော်။

အောက်တွင် ဖေါ်ပြအပ်သော ပါဠိတော်မှာ ဤအခက်းနှင့် သက်ဆိုင်သောကြောင့်သာလျှင် ဖေါ်ပြသည် သာမက ရှင်တော်ဘုရားသည် ဆိတ်ငြိမ်ရာအရပ်တွင် တကိုယ်တော်တည်း ရွတ်ဆိုသုံးသပ်တော် မူနေစဉ် မနီးမဝေး၌ ရှိသော ရဟန်းတပါးကို မြင်တော်မူသဖြင့် အို-ရဟန်း ယခုင်ါဘုရား ရွတ်ဆိုတော်မူသည်တို့ကို အသင်ရဟန်းကြား၏လောဟု မေးတော်မူရာ ရဟန်းက ကြားနာရကြောင်း လျှောက်ထားလေသည်။ ထိုအခါ ရှင်တော်ဘုရားက....

ဥဂ္ဂဏှာဟိ တွံ ဘိက္ခု ဣမံ
ဓမ္မ ပရိယာယံ ပရိယာပုဏာဟိ
တွံ ဘိက္ခု ဣမံ ဓမ္မ ပရိယာယံ
ဓာရေဟိ တွံ ဘိက္ခု ဣမံ ဓမ္မ

ပရိယာယံ အတ္တ သဥ္စိတာယံ ဘိက္ခု မဂ္ဂပရိယာယော အာဒိ ဗြဟ္မစရိယကောတိ။

ဘာသာပြန်။ ။အို-ရဟန်း၊ သင်သည် ဤတရားဒေသနာကို သင်ယူ နှလုံးသွင်းလော့။

အို-ရဟန်း၊သင်သည် ဤတရားဒေသနာကို အဖန်တလဲလဲ သင်ကြားလေလော့။

အို-ရဟန်း၊သင်သည် ဤတရားဒေသနာကို ဆောင်ထား လေလော့။

အို-ရဟန်း၊ ဤတရားဒေသနာတော်သည် အကျိုးစီးပွား နှင့် ဆက်သွယ်လျက်ရှိ၏။ မှန်မြတ်သော အကျင့်၏ အစ ဖြစ်၏ဟု မိန့်ဟမှာကြားတော် မူခဲ့လေသည်။

ထို့ကြောင့် အောက်ပါ သာမုက္ကံသိက ဒေသနာတော်ကို ရှင်တော်ဘုရားမိန့်ဟ မှာကြားတော်မူခဲ့သည့်အတိုင်းအလေး အမြတ်ပြုလျက် မိမိကိုယ်တိုင် ရရှိဆောင်ထား ဆင် ခြင် ပွား များပြီးလျှင် သူတပါးအားလည်း ဟောပြောသင်ကြား ပြသ ပေးတော်မူကြပါလေ။

ယင်းဒေသနာတော်မှာ "ကျမ်းအိဝ်ကြီးများ" အမည်ရရှိ သော နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နိဒါသံယုတ် ဂဟာပတိဝဂ် ဉာတိကာသုတ်၌ လာရှိလေသည်။ ထိုတရားတော်ကို ကြည့်ရ ခြင်းအားဖြင့် ရှည်သည်ဟု ထင်ဘွယ် ရှိသော်လည်း ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို ရရှိသူများအတွက် အလွန်လွယ်ကူ လေသည်။ ပဌမအစ၌သာ အနည်းငယ်ပြောင်းခြင်း ဖြစ်လေ သည်။ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာလည်း ဗုဒ္ဓဘာသာဝင် တိုင်းလိုလို ရရှိပြီးဖြစ်၏။

စက္ခုံ စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊
စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ။

ဥပဒါနပစ္စယာ ဘဝေါ ဘဝပစ္စယာ ဇာတိ ဇာတိပစ္စယာ ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။

ဘာသာပြန်။ ။စက္ခုပသာဒနှင့် ရူပါရုံကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။

စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ် ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏။ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာသည်ဖြစ်၏။တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည်ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝသည်ဖြစ်၏။ ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်၏။ ဇာတိဟူသောအကြောင်းကြောင့် အိုရခြင်း၊သေရခြင်း၊စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာယာရခြင်း၊ လွန်စွာပင်ပန်းရခြင်းတို့သည် ဖြစ်ကုန်၏။ ပါဠိတော်၌ ဆက်လက် လာရှိသည်မှာ....

သောတဉ္စ ပဋိစ္စ သဒ္ဒေစ၊
ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ၊
ဇိဝှဉ္စ ပဋိစ္စ ရသေစ၊
ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ၊
မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ။

မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ ××× (အထက်ပါဠိတော်အတိုင်း ဆက်၍လာရှိလေသည်။

ဘာသာပြန်။ ။သောတပသာဒနှင့် သဒ္ဒါရုံကိုစွဲ၍
ဃာနပသာဒနှင့် ဂန္ဓာရုံကိုစွဲ၍
ဇိဝှာပသာဒနှင့် ရသာရုံကိုစွဲ၍
ကာယပသာဒနှင့် ဖေါဋ္ဌဗ္ဗာရုံကိုစွဲ၍
မနောဒွါရနှင့် ဓမ္မာရုံကိုစွဲ၍

မနေဝိညာဏ်သည်ဖြစ်၏။ သုံးခုသောတရားတို့ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏။ဖဿဟူသောအကြောင်းကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာ ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန် ဖြစ်၏။ (ဤတွင် အထက်ဘာသာပြန် အတိုင်း ဆက်၍ လာရှိလေ သည်)။ထိုမှတဖန် ပါဠိတော်၌ ဆက်လက်လာရှိပြန်သည်မှာ တဏှာကို လက်မခံရန်ပင် ဖြစ်လေသည်။

စက္ခုံ၊စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ
စက္ခု၊ဝိညာဏံ တိဏ္ဏံ သင်္ဂတိ
ဖဿော ဖဿပစ္စယာ ဝေဒနာ
ဝေဒနာ ပစ္စယာ တဏှာ တဿာ
ယေဝ တဏှာယ အသေသ ဝိရောဂ

နိရောဓာ ဥပါဒါန နိရောဓော ဥပါဒါန နိရောဓာ၊ ဘဝနိရောဓော ဘဝနိရောဓာ၊ ဇာတိနိရောဓော ဇာတိနိရောဓာ၊ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿ ပါယာသာ နိရုဇ္ဈန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ။

ဘာသာပြန်။ ။စက္ခုပသာဒနှင့်ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။

ဤသုံးပါးပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏။

ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။

ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။

ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ခြင်းကြောင့် ဥပါဒါန်၏ ကင်းချုပ်ခြင်းသည် ဖြစ်၏။

ဥပါဒါန်၏ ကင်းချုပ်ခြင်းကြောင့် ဘဝ၏ ကင်းချုပ်ခြင်းသည်ဖြစ်၏။

ဘဝကင်းချုပ်ခြင်းကြောင့် ဇာတိ၏ ကင်းချုပ်ခြင်းသည် ဖြစ်၏။

ဇာတိ၏ကင်းချုပ်ခြင်းကြောင့် အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာရခြင်း၊ လွန်စွာပင်ပန်း ရခြင်းတို့သည် ကင်းချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်း၏ ကင်းချုပ်ခြင်းသည်ဖြစ်၏။

ထိုမှတဖန် သောတဋ္ဌ ပဋိစ္စ သဒ္ဒေစ စသော ကျန်ရှိသည်တို့ကိုလည်း ဤနည်းအတိုင်းပင် ဟောတော်မူလေသည်။

ဤဒေသနာတော်၌ လိုအပ်သည်ကို ကောက်နုတ်ဖေါ်ပြရသော် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့နှင့် ဆက်စပ်ရရှိသော သုခဝေဒနာကို လူ့ပြည်၌ရင်း၊ နတ်ပြည်၌ရင်း၊ ဗြဟ္မာ့ပြည်၌ရင်း ခံစားရန် အလိုမရှိ အပ်ကြောင်း ကောင်းစွာ သိအပ်လေသည်။ သုခဝေဒနာကို ခံစားပါက ဤပါဠိတော်အရ ခန္ဓာငါးပါး ထပ်ခါထပ်ခါ အဖန်တလဲလဲ ဖြစ်လျက် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ စိုးရိမ်ပူဆွေး ငိုကြွေးရမည့်ဆင်းရဲအပေါင်းတို့ကို

အဖန်တလဲလဲ တွေ့ကြုံခံစားရဦးမည်ကို အထူး သတိပြုအပ်လေသည်။

ဤပါဠိတော်အရ သုခဝေဒနာကိုမခံစားအပ်သည်ကိုသာ ညွှန်ပြ ဟောကြားတော်မူသည်မဟုတ်သေး။ ထိုသုခဝေဒနာကို ခံစားလိုသော ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဤသို့အားဖြင့် တဏှာဟူသရွေ့တို့ကို အကြွင်းမရှိ နုတ်ပယ်ပစ်ရမည်ဟု မိန့်ဟညွှန်ကြားတော် မူခြင်းဖြစ်လေသည်။

အနုသယ

သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် ဒေဝတာသံယုတ် ပဥ္စမဝဂ် တတိယသုတ်၌လည်း....

(၁) သုခါယ ဘိက္ခဝေ ဝေဒနာယ
ရာဂါနုသယော ပဟာတဗ္ဗော။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ သုခ ဖြစ်သော ဝေဒနာ၌ တပ်နှစ်သက်မှု ရာဂါနုသယကို ပယ်အင်၏။

(၂) ဒုက္ခာယ ဝေဒနာယ
ပဋိဃာနုသယော ပဟာတဗ္ဗော။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ဒုက္ခဖြစ်သော ဝေဒနာ၌ ဒေါသဖြစ်မှု ပဋိဃာနုသယကို ပယ်အပ်၏။

(၃) အဒုက္ခမသုခါယ ဝေဒနာယ
အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။

ဘာသာပြန်။ ။အို ရဟန်းတို့ ဒုက္ခလည်း မဟုတ်၊ သုခသည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၌ မသိမှု အဝိဇ္ဇာနုသယကိုပယ်အပ်၏ဟု ဟောတော်မူခဲ့လေသည်။

သုခချမ်းသာဖြင့် အတိပြီးသော နိဗ္ဗာန်ကို အလိုရှိကြကုန်သော သူမြတ်တို့သည် အနုသယ ၇-ပါးကို ထပ်၍ တိုးပွားမလာရန် အထူးကြိုးစားရကုန်၏။ ထိုသို့ အနုသယ အသစ်ထပ်၍ မဖြစ်ခြင်းသည်ပင်လျှင် ရှေးကရှိပြီးသော အနုသယတို့အား သေးစေသည်မည်၏။ ဝိပဿနာ ဘာဝနာ ပွားများနေသည်ဆိုသည်မှာ ထိုအနုသယတို့ကို တိုးပွားမလာစေသည်သာမက ရှိပြီးသောအနုသယတို့ကို အမြစ်ပါနုတ်ပယ်နေခြင်း ဖြစ်လေသည်။

ထို ၇-ပါးသော အနုသယတို့မှာ....

၁။ ရာဂါနုသယ၊ ၂။ ပဋိဃာနုသယ၊
၃။ ဒိဋ္ဌာနုသယ၊ ၄။ ဝိစိကိစ္ဆာနုသယ၊
၅။ မာနာနုသယ၊ ၆။ ဘဝရာဂါနုသယ၊
၇။ အဝိဇ္ဇာနုသယတို့ ဖြစ်လေသည်။

အနုသယဖြစ်ပုံကို မင်္ဂဖိုလ် နိဗ္ဗာန်ကို အလိုရှိကြကုန်သော သူမြတ်တို့ သိရှိတော်မူစေရန် ဥပရိပဏ္ဏာသ ပါဠိတော် သဠာယတနဝဂ် ဆဆက္ကသုတ်၌ လာရှိသည်တို့မှ အနည်းငယ် ကောက်နုတ်ဖော်ပြပေအံ့။

စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စ ရူပေစ
ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ
သင်္ဂတိ ဖဿော ဖဿပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ

ဒုက္ခံဝါ အဒုက္ခ မသုခံဝါ သော သုခါယဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ တဿ ရာဂါနုသယော အနုသေတိ။

ဘာသာပြန်။ ။အို-ရဟန်းတို့ စက္ခုပသာဒကိုရင်း၊ ရူပါရုံ တို့ကိုရင်းစွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏။ထိုသုံးပါးတို့ ပေါင်း ဆုံမိခြင်းကြောင့် ဖဿသည်ဖြစ်၏။ဖဿဟူသော အကြောင်း ကြောင့်ခံစားတတ်သော သုခဝေဒနာသည်ရင်း ဒုက္ခဝေဒနာ သည်ရင်း၊ ဥပေက္ခာဝေဒနာသည်ရင်းဖြစ်၏။ ထိုသူသည် သုခ ဝေဒနာဖြင့် တွေ့ထိသည်ရှိသော် အလွန်နှစ်သက်၏။ အလွန် ကောင်း၏ဟု ပြောဆို၏။ နှလုံးသွင်း၍ ငါကောင်- ငါဟာဟု အတွင်းသိပ်လို အဆုံးမျိုလျက် တည်၏။ ထိုသူအား ရာဂါ နုသယသည် မိမိသန္တာန်၌ ကိန်းဝပ်၏။

ဤ၌ သိအပ်သော လိုရင်းအချုပ်ကား....

စက္ခု၊ သောတ စသည်တို့နှင့် ဆက်သွယ်နေသော သုခ ဝေဒနာကို ခံစားသော် ရှိပြီးဖြစ်သော အနုသယသည် အား မသေးမူ၍ ရာဂါနုသယသည် ထပ်၍ထပ်၍တိုးပွားလာသည် ကို သိရှိအပ်၏။

ထိုမှတပါး ယင်းပါဠိတော်၌ ဆက်လက် လာရှိသည်မှာ အကယ်၍ ဒုက္ခဝေဒနာရရှိသော် ပဋိဃာနုသယသည် တိုးပွား ၏။ ထိုသို့သုခဝေဒနာ ဒုက္ခဝေဒနာမဟုတ်ဘဲ အမှတ်တမဲ့ နေ ပြန်ကလည်း အဝိဇ္ဇာနုသယသည် တိုးပွား၏ဟု ဟောတော် မူလေသည်။

ဤတွင် တနည်းသိရှိရန်မှာ....

က။ ကြိုက်လျှင် လောဘ။

ခ။ မကြိုက်လျှင် ဒေါသ။

ဂ။ အမှတ်တမဲ့ နေလျှင် မောဟ ဖြစ်နေ သည်ကို သိရပေမည်။

ထို့ကြောင့် မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိသော သူမြတ်သည် ကမ္မဋ္ဌာန်းတရားမှ လွတ်သည်နှင့်တပြိုင်နက် အနုဿယတို့ထပ် ခါထပ်ခါ တိုးတက်လျက် ရှိနေသည်ကို အထူးသတိပြုလျက် ကမ္မဋ္ဌာန်းတရားကို အစဉ်ပွားများ အားထုတ်နေရပေမည်။

တဏှာလွတ်စားခြင်း။

မေတ္တာဘာဝနာကို ပွားများကြလျက် အသက်သတ်လွတ် စားခြင်းသည် ကောင်း၏ဟု သိသူပေါများသလောက်တဏှာ လွတ်စားခြင်း သည် ကောင်း၏။ သာ၍ကောင်း၏။ အကောင်း ဟူ၍ သိသူ ကားမပေါများချေ။ လွန်စွာနည်းပါး လှပေ၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

ဤကား စာမျက်နှာ ၈၆-၌ ဖေါ်ပြခဲ့သော မာလုကျပုတ္တ အား ဟောတော်မူသော ဒေသနာတော်၏အစိတ်အပိုင်း ဖြစ် ၏။ ဤ၌ "မုတေ မုတမတ္တံ ဘဝိဿတိ" တွေ့ထိသည်ရှိသော် တွေ့ထိကာ မတ္တမျှသာဖြစ်ရာ၏။ တဏှာဘက်သို့ ကူးမသွား မူ၍ တဏှာလွတ် စားသောက်ရခြင်းကိုအလိုရှိအပ်လေသည်။ စားသုံးနည်းမှာ....

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် မဟာဝဂ် အာဟာရ ပရိညာ သုတ်၌ လာရှိသည့်အတိုင်းမှ အတိုချုပ်ကောက်နုတ် ဖေါ်ပြ ရသော် အကြင်လင်မယား နှစ်ဦးတို့သည် ကန္တာရ ခရီးရှည် ကြီးကို ဖြတ်သန်းသွားကြရာ အလွန်ချစ်ခင်လှစွာသော သား ငယ်တယောက်လည်း ပါရှိလေသည်။

ခရီးရှည်သဖြင့် ထမ်းတွင် စားနပ်ရိက္ခာ ပြတ်လေ၏။ ထိုအခါ အမျိုးမျိုးစဉ်းစားကြလျက် နောက်ဆုံး၌ ငါတို့အားလုံး သေခြင်းငှါ မသင့်လျော်ပေ။ သားငယ်ကို နောင်အခါအစား ရဘွယ်ရှိ၏။ သားငယ်ကိုသတ်၍ စားကြအံ့ဟု ဆုံးဖြတ်ကာ သားငယ်၏ အသားကို စားလျက် ခရီးဆက်လက် သွားကြလေသည်။

ချစ်လှစွာသော သား၏အသားကို စားကြရခြင်းမှာ ပျော်ရွှင်မြူးတူးလို၍ အရသာကိုခံစားလို၍ သား၏အသားကို စားကြသည်မဟုတ်။ကန္တာရခရီးစဉ်ကို ကျော်လွှန်စေရန်အလို့ငှါသာလျှင် စားကြဘိသကဲ့သို့ ဤအတူတကျောလွှတ်စားသောက်ရမည်ဟု ရှင်တော်ဘုရား ဟောကြားတော် မူလေသည်။

တဖန်တုံ မဂ်ဖိုလ်,နိဗ္ဗာန်ကို အလိုရှိသော သူမြတ်တို့အစဉ်မပြတ် လေ့ကျင့်ပွားများနေရန် နည်းတို့ကို ဖေါ်ပြအပ်သော မဟာ သတိပဋ္ဌာနသုတ် ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ အခန်း၌....

အသိတေ ပီတေ ခါယိတေ
သာယိတေ သမ္ပဇာနကာရီ ဟောတိ။

အနက်ကား။ ။အသိတေ၊ စားသည် ရှိသော်။ စားသောအခါ၌။ ပီတေ၊သောက်သည်ရှိသော် သောက်သော အခါ၌။ ခါယိတေ၊ခဲသည်ရှိသော် ခဲသောအခါ၌။သာယိတေ၊ လျက်သည်ရှိသော် လျက်သောအခါ၌။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ စားသောက်ခြင်း စသည်တို့ကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ ဖြစ်ပါစေဟု ရှင်တော်ဘုရား နည်းပေးပြသ ညွှန်ကြားတော်မူခဲ့လေသည်။

တနည်းသော် သုတ်ပါထေယျ ပါဠိတော် သံဂီတိသုတ်၌ ရှည်လျားစွာ လာသည်တို့မှ ဤတွင် အလိုရှိအပ် သည်ကို ကောက်နုတ်ဖော်ပြရသော်....

လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော၊
အမုစ္ဆိတော အနဇ္ဈာပန္နော၊
အာဒီနဝဒဿာဝီ နိဿရဏ၊
ပညော ပရိဘုဉ္ဇတိ၊ ဟူ၏။

ဘာသာပြန်။ ။ရအပ်ပြီးသော ဆွမ်းကိုလည်း မမက်မောမူ၍ မတွေဝေမူ၍ တဏှာဖြင့် မလွှမ်းမိုးမူ၍ အပြစ်ကို ရှုမြင်လျက် ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်စားသောက်၏ဟု စသည်ဖြင့် လာရှိလေသည်။

ထို့ကြောင့် မိမိစားသောက် ခြင်းသည် မိမိတဦးတည်း စားသောက်ခြင်းလော။ သို့မဟုတ်"တဏှာ"အဖော်နှင့် စားသောက်ခြင်းလောဟု သတိပြုရပေမည်။ မင်္ဂိုလ် နိ ဗ္ဗာန် ကို တကယ်ကန်း အလိုရှိသူသည် အချိန်နာရီ မိနစ်တိုင်း၊ မိနစ်တိုင်း၌ အလွတ်မပေးဘဲ အဖက်ဖက်မှ အမျိုးမျိုးသောအသွင်တို့ဖြင့်ဝင်ရောက်မည့် တဏှာဟူသရွေ့တို့ကို တွန်းလှန်ဖြိုဖျက်ကာ ဖြတ်ပစ်နေရပေမည်။

အချုပ်အားဖြင့် ဆိုရသော် စာမျက်နှာ ၈၆-၌ မာလုကျပုတ္တအား ဟောတော်မူသည့် အတိုင်းပင် ကမ္ဘဋ္ဌာန်းတရား သတိလွတ်သွားသည်နှင့် တပြိုင်နက် (တဏှာ) ရာဂါနုသယ သည် ပြေးဝင်ကိန်းအောင်း နေပေတော့၏။

မကြာမီ အရှိန် ပြင်းလာလေတော့၏။ ထိုမှ မကသေးကျန် အနုသယများသည်လည်း အစုလိုက်အပြုံလိုက် ပြေးဝင်ကိန်း အောင်းလာပေတော့၏။ အရှိန်ပြင်းထန် လာပေတော့၏။

တနည်းဆိုသော် ဝိပဿနာ ဘာဝနာပွားများဘို့ လုပ်ငန်းချထားလိုက်သည်နှင့် တပြိုင်နက် မဂ် ဖိုလ် နိဗ္ဗာန်သို့ ချဉ်းကပ်သွားရောက်နေခြင်းသည် ရပ်ဆိုင်းသွားပေတော့သတည်း။

ကိံသုဇနေတိ ပုရိသံ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝတာသံယုတ်ဇရာဝဂ်ကိံသုဇနေတိ သုတ်မှလာသည်ကို ကောက်နုတ်ဖော်ပြပေအံ့။

ကိံသုဇနေတိ ပုရိသံ၊

ဘာသာပြန်။ ။သတ္တဝါကို အဘယ်သူသည် ဖြစ်စေပါသနည်းဘုရားဟု ဒေဝတာတဦးက လျှောက်ထား မေးမြန်းလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားက....

တဏှာ ဇနေတိ ပုရိသံ၊

တဏှာသည် သတ္တဝါကို ဖြစ်စေ၏ဟု ဖြေကြားတော်မူလေသည်။

ကိံသု တဿ မဟဗ္ဘယံ၊

ထိုသတ္တဝါ၏ ကြီးလှစွာသောဘေးသည်အဘယ်ပါနည်းဘုရား။

ဒုက္ခမဿ မဟဗ္ဘယံ၊

ဆင်းရဲဒုက္ခသည် ထိုသတ္တဝါ၏ ကြီးလှစွာသော ဘေးမည်၏ဟု ဖြေကြားတော်မူလေသည်။

တဏှာ အလိုသို့။

ယင်း ပါဠိတော် အဋ္ဌဝဂ်အစ၌ ဒေဝတာ တဦးကပုစ္ဆာပြဿနာများကို မေးလျှောက် လေသည်။ ထိုပုစ္ဆာများ၏အဖြေသည် ဝိပဿနာ ဘာဝနာပွားများလိုသူတို့နှင့် များစွာသက်ဆိုင်သော ပြဿနာများ ဖြစ်လေသည်။

ထိုမှ၌တွင် သက်ဆိုင်ရာဖြစ်သော တတိယသုတ်ကို ဖေါ်ပြပေအံ့။

ကေနဿု နိယျတိ လောကော၊
ကေနဿု ပရိကဿတိ၊
ကိဿဿု ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဝဂူတိ။

ဘာသာပြန်။ ။လောကကို အဘယ်တရားသည် ဆောင်အပ်ပါသနည်း။ အဘယ်တရားသည် ဆွဲငင်အပ်ပါသနည်း။ အလုံးစုံသော တရားတို့သည် အဘယ်မည်သော တခုသော တရား၏အလိုနိုင်ငံသို့ အစဉ်လိုက်ပါရကုန်သနည်း။

တဏှာယ နိယျတိ လောကော၊
တဏှာယ ပရိကဿတိ၊
တဏှာယ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဝဂူတိ။

ဘာသာပြန်။ ။တဏှာသည် လောကကိုဆောင်အပ်၏။ တဏှာသည်ဆွဲငင်အပ်၏ အလုံးစုံသောတရားတို့သည်တဏှာ ဟူသောတခုသောတရား၏ အလိုနိုင်ငံသို့ အစဉ်လိုက်ပါရကုန်၏ဟု ရှင်တော်ဘုရား ဟောကြား ဖြေဆိုတော်မူလေသည်။

တဏှာယောကျ်ား
လက်သမား

ဓမ္မပဒပါဠိတော်ဇရာဝဂ်၌ဟောတော်မူသည် မှာဗုဒ္ဓမြတ်စွာသည် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်ကိုရတော်မူရာတွင်–

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ၊

## ဂဟာကာရံ ဂဝေသန္တော၊
## ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

အနက်ကား။ ။ယသ္မာ-အကြင်ကြောင့်၊ ပုနပ္ပုနံ - အဖန် တလဲလဲ၊ ဇာတိ- ပဋိသန္ဓေ နေရခြင်းသည်၊ ဒုက္ခာ-ဆင်းရဲလှ ပေ၏၊ တသ္မာ-ထို့ကြောင့်၊ ဂဟာကာရံ-ခန္ဓာအိမ်ကို အကြိမ် များ စွာ ဆောက် လုပ် လာ သော တကျာယောက်ျား လက် သမားကို၊ဂဝေသန္တော-ဉာဏ်ဖြင့်မှေ့ကာရှာဖွေသောငါသည် အနိဗ္ဗိသံ (အနိဗ္ဗိသန္တော) (အဝိန္ဒန္တော) သင့်ရုံမြင်နိုင်ဉာဏ် မဏ္ဍိုင်ကိုပိုင်ပိုင်မိမိမရရှိသေးသောကြောင့်သာလျှင်၊အနေက ဇာတိသံသာရံ-ဘဝများစွာသံသရာတို့ကာလပတ်လုံး၊သန္ဓာ ဝိသံ(သံသရိံ)ကျင်လည် ပြေးသွားရလေပြီ။

ဂဟာကာရက ဒိဋ္ဌောသိ၊
ပုနဂေဟံ နကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊

ဝိသင်္ခါရံ ဂတံ စိတ္တံ၊
တကျာနံ ခယမဇ္ဈဂါ။

အနက်ကား။ ။ဂဟာကာရက-ဟယ်- တကျာယောက်ျား လက်သမား၊တံ-သင့်ကို၊ ဒိဋ္ဌော-ပညာစက္ခုသဗ္ဗညုဖြင့်မြင်ပြီး သည်၊ အသိ-ဖြစ်ပြီး၊ပုန-တဖန်၊ဂေဟံ-ငါ့ဘုရားအတွက်ခန္ဓာ အိမ်ကို၊ နကာဟသိ-သင် မဆောက်လုပ်ရတော့လေပြီ။ တေ

သင်၏။ သဗ္ဗာ-အလုံးစုံသော၊ ဖဿကာ-ကိလေသာ တည်းဟူသော ထုပ် လျှောက် အ ခြင်တို့ကို၊ ဘဂ္ဂါ-ချိုးဖွဲ့အပ်ကုန်ပြီ၊ ဂဟကူဋံ- အဝိဇ္ဇာတည်းဟူသောအိမ်၏အထွတ်ကို၊ ဝိသင်္ခတံ ဖျက်ဆီးအပ်ပြီ၊ မေ-ငါ၏၊ စိတ္တံ-စိတ်သည်၊ဝိသင်္ခါရံ-ပြုပြင်ခြင်းကင်းသောနိဗ္ဗာန်သို့၊ဂတံ-အာရုံပြုသောအားဖြင့်ရောက်ပြီ၊ တဏှာနံ-တဏှာတို့၏၊ခယံ-ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့၊ အဇ္ဈဂါ-ငါရောက်လေပြီဟု ဥဒါန်း ကျူး တော်မူလေသည်။

အထက်ဒုက္ခစခန်းတွင် ဖေါ်ပြအပ်သော ပါဠိတော်အရပ် ရပ်တို့ကို ထောက်ရှုသော် ရှင်တော်ဘုရားသည် ယောကျ်ား မိန်းမ လူ နတ် ပြဟ္မာတို့ကို မှုတည်၍ ဟောတော်မူသည်၍ မဟုတ်။ရုပ်၊နာမ်တရားတည်းဟူသော ဒုက္ခသစ္စာကို မှုတည်၍ ဟောတော်မူခြင်း ဖြစ်သည်ကို ထင်ရှားစွာ သိရှိနိုင်လေသည်။

တဖန် ထိုဒုက္ခသည် အဘယ့်ကြောင့် ဖြစ်ပျက် ဖြစ်ပျက်နှင့် အဆက်မပြတ် ဖြစ်ပျက်နေနိုင်ပါသနည်းဆိုသော် ဤအခန်းတွင် ဖေါ်ပြအပ်သော ပါဠိတော်များအရ တဏှာသည် အကြောင်းရင်းဖြစ်ခြင်းကို ထင်ရှားစွာသိနိုင်ပြန်လေသည်။

ထို့ကြောင့် ဒုက္ခသပေါင်းတို့မှ လွတ်ကင်းလိုသောပုဂ္ဂိုလ် သည် သစ္စာလေးပါးနည်းအရ တဏှာကို အကြွင်းမရှိ ပယ် သတ်ပစ်ရပေမည်။ ဤစကားသည်တကျမှန်ကန်သောစကား ဖြစ်၏။ ထို့ကြောင့်ရှင်တော်ဘုရားသည် ဝိနည်းမဟာဝါပါဠိ တော် မဟာခန္ဓကဌ်“ပဉ္စဝဂ္ဂီ”ငါးဦးတို့အား ဓမ္မစကြာသုတ် ကိုဟောတော်မူရာဝယ်-

တံခေါ ပနိဒံ ဒုက္ခ သမုဒယံ
အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ဟူ၍ ဟောတော်မူလေသည်။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော တဏှာကို အရိယာပုဂ္ဂိုလ်တို့သည် အကြွင်းမရှိ ပယ်အပ်၏ဟူ၍ ငါဘုရားသည်ဘုရားရှင်အစစ်မဖြစ်မီက မသိရဘူးသောဓမ္မသဘာဝတို့ကို မြင်တတ်သော်ပညာမျက်စိသည် ထင်ရှားဖြစ်၏။ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သောပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်သည် ထင်ရှားဖြစ်၏။ ဖုံးကွယ်သော အမိုက်မှောင်ကို ပယ်ဖျက်တတ်သော အလင်းရောင်သည်ထင်ရှားဖြစ်၏ဟုမိန့်တော်မူလေသည်။

ဤဒေသနာတော်တွင် ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော တဏှာကို ပယ်သတ်ပါမှ မဂ်၊ဖိုလ်၊နိဗ္ဗာန်ရရှိနိုင်ခြင်းဖြစ်သည်ကို ငါဘုရားရှင်ပင်လျှင် ဘုရားမဖြစ်မီက မသိခဲ့ရ။ဘုရားရှင်အဖြစ်သို့ရောက်မှ သိရလေသည်ဟု လေးနက်စွာတဏှာကို ပယ်သတ်ရန် မိန့်တော်မူလေသည်။

ထို့ကြောင့်အထက်တွင်ဖော်ပြအပ်သောပါဠိတော်အရပ်ရပ်ကို ထောက်ထားလျက် ဒုက္ခကင်းငြိမ်းသောမဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိသော သူတော်ကောင်းသည် သုခ ဝေဒနာကို လူ့

ပြည့်၌ရှင်း၊ နတ်ပြည့်၌ရှင်း၊ ဗြဟ္မာ့ပြည့်၌ရှင်းခံစားရန်အလိုမရှိ၊ အပ်သည့်သာမက ထိုသုခဝေဒနာကိုခံစားလိုသော်ဒုက္ခဖြစ်ရခြင်း၏အကြောင်းရင်းဖြစ်သောတဏှာကိုအကြွင်းမဲ့ပယ်သတ်ရမည်ဟုရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့်ကို အထူးသတိပြုတော်မူကာ ဝိပဿနာဘာဝနာပွားများမှုကိုကြိုးစားအားထုတ်တော်မူကြပါလေ။ ဝိပဿနာ ဘာဝနာပွားများခြင်းမှတပါး ဒုက္ခကင်းငြိမ်းစေသောနည်းလမ်းမရှိချေ။

အန္တောဇဋာ။

ဒေဝတာတဦးသည် အတွင်းအပြင်တို့၌ ရှုပ်ထွေးလှသောတဏှာကို အဘယ်သူသည် ဖြေရှင်းနိုင်ပါအံ့နည်းဟုသိလို၍ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝတာသံယုတ် သတ္တိဝဂ်ဇဋာသုတ်၌-

အန္တောဇဋာ ဗဟိဇဋာ၊
ဇဋာယ ဇဋိတာ ပဇာ၊
တံတံ ဂေါတမ ပုစ္ဆာမိ၊
ကောဣမံ ဝိဇဋယေ ဇဋန္တိ။

ဘာသာပြန်။ ။ကိုယ်တွင်း၌ဖြစ်သောရှုပ်ထွေးမြွေးရှက်လှသည့် တဏှာကွန်ရက်သည်ရှင်း၊ ကိုယ်ပြင်၌ဖြစ်သော ရှုပ်ထွေးမြွေးရှက်လှသည့် တဏှာကွန်ရက်သည်ရှင်းရှိပါကုန်၏။ ကိုယ်တွင်းကိုယ်ပြင်၌ဖြစ်သောထိုရှုပ်ထွေးလှသည့်တဏှာကွန်ရက်သည် သတ္တဝါတို့ကို မြွေးရှက်ဖုံးကွယ် အပ်ကုန်၏။ ထို့ကြောင့်ဂေါတမ အနွယ်ဖြစ်သော သူမြတ်အားမေးပါ၏၊

ထို အမြေးအရှုက်တဏှာကွန်ရက်ကို အဘယ်သူသည်ဖြေခြင်း ငှာတတ်စွမ်းနိုင်ပါသနည်းဟု ဒေဝတာတဦးကမေးလျှောက် လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက-

သီလေ ပတိဋ္ဌာယ နရော
သပညော စိတ္တံ ပညဉ္စဘာဝယံ
အာတာပီ နိပကော ဘိက္ခု
သောဣမံ ဝိဇဋယေ ဇဋန္တိ။

ဘာသာပြန်။ ။ပညာဖြင့် ပြည့်စုံသော အကြင်သူသည် သီလ၌တည်သည်လည်းဖြစ်၍ပြင်းထန်သောလုံ့လပညာဖြင့် ပြည့်စုံစွာစိတ်ကိုတည်အောင်ဝိပဿနာဘာဝနာကိုပွားစေ၏ ထိုရဟန်းသည် ဤရှုပ်ထွေးသော တဏှာကွန်ရက်ကို ဖြေရှင်း သုတ်သင်နိုင်၏ဟု ဖြေဆိုတော်မူလေသည်။ ဤတွင် ဆိုလိုရင်း ကား သီလ၊သမာဓိ၊ပညာကို ညွှန်ကြားတော်မူခြင်း ဖြစ်လေ သည်။

အရှင်ဗုဒ္ဓဃောသအဋ္ဌကထာဆရာမြတ်သည်ထိုဒေဝတာ ၏အမေးဖြစ်သော တဏှာသတ်နိုင်သူ ပါဠိတော်နှင့် ဗုဒ္ဓမြတ် စွာ၏အဖြေဖြစ်သောပါဠိတော်ကိုမူတည်လျက်မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းဖြစ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းကြီးကို ဖွင့်ဆိုရေးသားတော်မူခဲ့လေသည်။

တဏှာသတ်နည်းနှင့်အဝိဇ္ဇာသတ်နည်းမှာအတူတူပင်ဖြစ် ၏။ သီလ,သမာဓိ,ပညာမဂ္ဂင်ရှစ်ပါးကိုလေ့ကျင့်ပွားများနေ ခြင်းသည် တဏှာနှင့် အဝိဇ္ဇာကို သတ်နေသည်မည်၏။ ဝါ- နိဗ္ဗာန်သို့ တက်လှမ်းနေခြင်းပင်ဖြစ်လေသည်။

ဝိပဿနာဘာဝနာကို ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီအောင်ပွားများအားထုတ်လိုသောသူတို့ဖြိုဟ်ကျမ်း၌လာရှိသော စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ရုပ်ပိုင်း ဤသုံးပိုင်းကို သဘောပေါက်အောင်လေ့ကျင့်ထားရပေမည်။ ခက်သည်မဟုတ်ပေ။

ထိုနောက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာသောဒိဋ္ဌိဝိသုဒ္ဓိခန်းနှင့်ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်း၊ ထိုနှစ်ခန်းကို သဘောပေါက်အောင်ဖတ်ရှုပါလေ။

ဤမျှလေ့လာခြင်းဖြင့် နာမ်နှင့် ရုပ်တို့၏ သဘာဝကို သဘောပေါက်လာနိုင်၏။ ထိုနာမ်ရုပ် ၂-ပါးတို့၏ ဖြစ်ပေါ်မှုအကြောင်းရင်းကို သိလာနိုင်၏။

အနုမာန သိဒ္ဓိအားဖြင့် အဇ္ဈတ္တနှင့် အနဇ္ဈတ္တ ကွဲ၏။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ၀၊-၆ ၂ပါးသော ဒိဋ္ဌိတို့ကိုငင်း၊ ရှစ်ပါးသော ယုံမှားခြင်း၊ ၁၆-ပါးသော ယုံမှားခြင်းတို့ကိုငင်း ကျော်လွှန်၏။

ထိုနာမ်ရုပ် ၂-ပါး၊ ဝါ-စိတ်၊ စေတသိက်၊ ရုပ်တို့ကိုခွဲခြမ်းစိတ်ဖြာလေ့ကျင့်နေခြင်း၊ ထို့ပြင်ထိုစိတ်၊ စေတသိက်၊ရုပ်တို့၏ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်းတို့ကို ဆင်ခြင်သုံးသပ်နေခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဖြစ်နေမှုကြောင့် ထိုအချိန်တွင် ယောဂီသူမြတ်အတွက် အပါယ်လေးပါး တံခါးပိတ်လျက်စူဠသောတာပန်အဖြစ်၌ တည်ရှိနေပေတော့၏။စူဠသောတာပန် ဖြစ်ခြင်းကို ဝိသုဒ္ဓိမဂ် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမဂ်အဆုံး၌ အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူခဲ့လေသည်။

ဤမျှဖြင့် တဏှာခန်းကို နိဂုံးချုပ်ရသော် သံတနယ်တွင် သုခမရှိ၊ဒုက္ခသာရှိလေသည်။ထိုဒုက္ခဟူသည်စိတ်၊စေတသိက်၊

ရုပ်တို့သာဖြစ်လေသည်။ ထိုဒုက္ခဟူသော စိတ်၊ စေတသိက် ရုပ်တို့၏ ဖြစ်ပေါ်နေရခြင်း အကြောင်းရင်းမှာ တဏှာနှင့်။ အဝိဇ္ဇာပင် ဖြစ်ပေအံ့သည်။

ယောဂီသူမြတ်၏ လုပ်ငန်းမှာ အခြားမရှိ၊ ဒုက္ခကင်းငြိမ်း စေရန် တဏှာနှင့် အဝိဇ္ဇာကို သတ်ဖို့ပင်ဖြစ်လေသည်။

ဤကျမ်းသည် တဏှာနှင့် အဝိဇ္ဇာသတ်ရန်၊ ဝါ·ဝိပဿနာ ဘာဝနာလုပ်ငန်းကို ပိုင်နိုင်စွာ သိရှိနိုင်ရန် ပါဠိတော်, အဋ္ဌ ကထာ စသည်တို့၌လာရှိသည်တို့ကို တိကျပြတ်သားစွာ ရေး သားဖော်ပြ သွားပေလတံ့။ သဘောပေါက်နိုင်ရန် မပြန့်လွင့် သောစိတ်ဖြင့် အကြိမ်ကြိမ်ဖတ်ရှုပါလေ။

အထူးဖော်ပြချက်။

သိရှိနားလည်အောင် စေတနာကောင်းဖြင့် ရေးသားဖော်ပြရမည်မှာ ကျမ်းပြုသူ၏တာဝန်။ ဓမ္မသဘာဝကိုသိရှိနားလည်အောင်ဖတ်ရှုလျက် လေ့ကျင့်လုပ်ကိုင်ရမည်မှာ စာဖတ်သူ၏ တာ ဝန်။ ထိုက်သည်အားလျော်စွာ အကျိုးပေးနေ ခြင်းကား ဓမ္မနိယာမ တာဝန်ပေတည်း။

ပြိုင်ဘက်မရှိ လွန်ကဲသော
ချမ်းသာကား နိဗ္ဗာန်တည်း။
(ဓမ္မပဒပါဠိတော် သုခဝဂ်)

နိဗ္ဗာနံ ပရမံ သုခံ

အဝိဇ္ဇာ ပရမံ မလာ

ပြိုင်ဘက်မရှိ လွန်ကဲသော
အညစ်အကြေးကား အဝိဇ္ဇာတည်း။
(ဓမ္မပဒပါဠိတော် မလဝဂ်)

# အဝိဇ္ဇာ

မည်သည့် လုပ်ငန်းမဆို အလုပ်သဘော
ကို နားလည်သွားပါက အလုပ်လုပ်ကိုင်
ရာတွင် အလွန်လွယ်ကူလှပေတော့၏။

ထို့ကြောင့် ဝိပဿနာ ဘာဝနာလုပ်ငန်းတွင်လည်းထိုလုပ်ငန်းနှင့်သက်ဆိုင်သော သဘာဝ သဘောတရားတို့ကို သုတမယဉာဏ်အားဖြင့် သိရှိထားရန် အလွန့်အလွန် အရေးကြီးလေသည်။

ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းသည် သဘောပေါက်သွားပါက မယုံကြည်နိုင်လောက်အောင်ပင် လွယ်ကူသောတရားဖြစ်လေသည်။ဥပမာဆိုသော်တရာတန်ပစ္စည်းတခုကို ဗာဆယ်နှင့်ရဘိသကဲ့သို့တည်း။ထိုမျှ လွယ်ကူလေသည်။

ဝိပဿနာဘာဝနာပွားများရေးလုပ်ငန်းမှာသာမန်ပုဂ္ဂိုလ်တို့ တိကျမှန်ကန်စွာ သင်ကြားပေးနိုင်သော လုပ်ငန်းမဟုတ်ချေ။စာပေ ပရိယတ္တိနယ်တွင် များစွာဗဟုသုတရှိလျက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ လာရှိသော ဘာဝနာပွားများနည်းတို့ကိုမှီးဏာမိမိကိုယ်တိုင် မဂ် ဖိုလ်နိဗ္ဗာန်ရရှိရေးအတွက် ကြိုးစားပွားများအားထုတ် လုပ်ကိုင်နေသော ပုဂ္ဂိုလ်မြတ်တို့သာလျှင်တိကျမှန်ကန်စွာသင်ပြပေးနိုင်သောလုပ်ငန်းကြီး ဖြစ်လေသည်။ ဤအချက်ကို ကြပ်ကြပ် သတိပြုရပေမည်။

ဝိပဿနာ ဘာဝနာနှင့် သက်ဆိုင်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သင်ကြား လေ့လာမှုမရှိဘဲ ကိုယ်တွေ့ ဝိပဿနာဆိုကာ ရေးသား သင်ပြ ဟော ပြော နေခြင်းများ

သည့် လုံးဝ သဘာဝမကျချေ။ပါဠိတော်ကို မနာကြား မသင်ကြားရဘူးတဲ့ ဝိပဿနာဘာဝနာကို တိကျမှန်ကန်စွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်မှာ ဗုဒ္ဓမြတ်စွာတို့သာဖြစ်လေသည်။

ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းအတွက် ဆရာကောင်းရရှိရန် အထူးအရေးကြီးလေသည်။ မိမိ၌ ကမ္မဋ္ဌာန်းဘာဝနာပွားများရေး လုပ်ငန်းနှင့် သက်ဆိုင်သော သုတမယဉာဏ်အခံမရှိပါက ဆရာကောင်းဟုတ်သည် မဟုတ်သည်ကိုပင် ဆုံးဖြတ်နိုင်ရန် အလွန်ခဲယဉ်းလေသည်။

ထိုကြောင့်ဝိပဿနာဘာဝနာလုပ်ငန်းနှင့်သက်ဆိုင်သောစာအုပ်ကောင်းများကို လေ့လာဖတ်ရှုရပေမည်။ ထိုသို့ဖတ်ရှုရာတွင်ဆရာတော်ဦးတိက္ခိန္ဒြိယရေးသားအပ်သောဝိပဿနာဘာဝနာ နှင့်သက်ဆိုင်ရာစာအုပ်များ၊စတုဂီရိဆရာတော်ရေးသားအပ်သောစတုဂီရိရှုဘွယ် ကျမ်းများကိုဖတ်ရှုကြပါလေ။ (ထိုစာအုပ်များကို ရန်ကုန်မြို့ သုဓမ္မဝတီတိုက်တွင် ရရှိနိုင်ပေလိမ့်မည်။)

မိမိ၌ဝိပဿနာဘာဝနာလုပ်ငန်းအတွက်ဗဟုသုတအနည်းအများဆိုသလိုအခံရှိထားမှသာလျှင်"ကုလားမြင်းတိုင်းဆာမိချည်း" ထင်မှတ်နေသောအဆင့်အတန်းမှရင်း၊ "နွားထီးငါးကျပ်၊ နွားမ ငါးကျပ်"ဟူသော အဆင့်အတန်းမှရင်း ကျော်လွန်နိုင်ပေလိမ့်မည်။

မိမိ၌ ဗဟုသုတအနည်းငယ်မျှ အခံမရှိဘဲအနည်းငယ်သင်ပြပေးနိုင်သူကိုပင် အတတ်ဆုံး အကောင်းဆုံးဟု ထင်မှတ်နေပါက မိမိ၌ ကြီးစွာသော ဆုံးရှုံးခြင်း ဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် ဝိပဿနာလုပ်ငန်းနှင့် ဆိုင်သောစာအုပ်ကောင်းများကို ရွေးချယ်ဖတ်ရှုတော်မူပါရန် အထူးတိုက်တွန်းပါ၏။

ယခုသော် ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းအတွက်သိသင့်သိထိုက်သော လိုရင်းပဓာန အချက်ကြီး တရပ်ဖြစ်သည့် အဝိဇ္ဇာနှင့် သက်ဆိုင်သော ပါဠိတော်များအနက် အနည်းငယ်ကို ဖေါ်ပြပေအံ့။

> ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းနှင့်
> သက်ဆိုင်သော အကြောင်းအရာတို့ကိုအခြေ
> ခံ ဗဟုသုတရရှိထားရန်အချိန်ပေးလျက် လေး
> နက်စွာ ဖတ်ရှုတော် မူကြကုန်လော့။

အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် မဟာဝဂ် ပဌမသုတ်၌ ရှည်လျားစွာဟောတော်မူသည့်တို့အနက်အဝိဇ္ဇာ အကြောင်း အတိုချုပ်မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

ကတမဥ္စ ဘိက္ခဝေ
ဒုက္ခ သမုဒယံ အရိယသစ္စံ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ဒုက္ခ၏ အကြောင်းရင်းဖြစ်သော အရိယာဖြစ်လိုသူတို့ သိအပ်သော အရိယာသစ္စာသည် အဘယ်နည်းဟူမူကား....

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊
သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏ ပစ္စယာ နာမရူပံ၊
နာမရူပ ပစ္စယာ သဠာယတနံ၊

သဠာယတနပစ္စာ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာ ပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါန ပစ္စယာ

ဘဝေါ ဘဝပစ္စယာဇာတိ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။

| | | | |
|---|---|---|---|
| သင်္ခါရ | ။ | ဝိညာဏ် | ။ |
| ဝိညာဏ် | ။ | နာမ်ရုပ် | ။ |
| နာမ်ရုပ် | ။ | သဠာယတန | ။ |
| သဠာယတန | ။ | ဖဿ | ။ |
| ဖဿ | ။ | ဝေဒနာ | ။ |
| ဝေဒနာ | ။ | တဏှာ | ။ |
| တဏှာ | ။ | ဥပါဒါန် | ။ |
| ဥပါဒါန် | ။ | ဘဝ | ။ |
| ဘဝ | ။ | ဇာတိ | ။ |

ဇာတိ ။ အိုရမှု၊ သေရမှု၊ စိုးရိမ်မှု၊ ငိုကြွေးရမှု၊ ဆင်းရဲရမှု၊ နှလုံးမသာယာမှု၊ ပြင်းထန်စွာ ပူပန်မှုတို့သည် ဖြစ်ကုန်၏။

ဤသို့ ချမ်းသာမဖက် သက်သက်သော ဒုက္ခအစု၏ ဖြစ်ပေါ်ကြောင်းသည် ဖြစ်၏။

အို-ရဟန်းတို့၊ ဤဆိုအပ်ခဲ့ပြီးသည်ကို အရိယာ ဖြစ်လိုသူတို့ သိအပ်သော ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော တရားကို အရိယာသစ္စာဟု ဟောတော်မူလေသည်။

ဤဒေသနာတော်၏ လိုရင်းမှာ ဒုက္ခ၏သဘော သဘာဝကို မသိမှု အဝိဇ္ဇာကြောင့် လောကီအတွက်ဖြစ်သော ကုသိုလ် အကုသိုလ်တို့ကို ပြုလုပ်၏။

ထိုလောကီအတွက် ပြုလုပ်မိသည့် ကုသိုလ်၊ အကုသိုလ်တို့ကြောင့် အလွန်ဆင်းရဲဒုက္ခ ဖြစ်လှသော ပဋိသန္ဓေကို နေရ၏၊ အိုရ၏၊ နာရ၏၊ သေရ၏၊ စိုးရိမ်ပူဆွေး ပိုကြွေးခြင်း ဖြစ်ရ၏ဟူ၍ ဟောတော်မူသေသည်။

## စည်းစိမ်ကို စွန့်နိုင်၏။

ဤပါဠိတော်အရ လူချမ်းသာ နတ်ချမ်းသာ ကာမဂုဏ်၏ အရသာ ခံစားလိုမှုတို့ကြောင့် ကုသိုလ်ပြုခြင်းသည် သာမန်ပုဂ္ဂိုလ်တို့အတွက် ကောင်းပေ၏။

ယောဂီ သူမြတ်အတွက်ကား ထိုသို့ မရည်ရွယ်ရ။ ဤကောင်းမှု ကုသိုလ်ကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ရှိရေး အတွက် အကူအညီအထောက်အပံ့သည် ဖြစ်ပါစေသတည်းဟု စိတ်ထားကာ ကုသိုလ်အရပ်ရပ်ကို ပြုရသေသည်။

ဒါနပြုရာတွင် အလှူခံ ပုဂ္ဂိုလ်တို့သည် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောသာတည်း။ လှူဘွယ် ဝတ္ထုသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသာတည်း။ မိမိသည်လည်း အနိစ္စ ၊ဒုက္ခ၊ အနတ္တသာတည်းဟု လက္ခဏာရေးသုံးပါးတင်လျက် လှူဒါန်းရာ၏။

ထိုသို့ပြုခြင်းကြောင့် မိမိကုသိုလ်သည် အချည်းနှီး ဖြစ်ရသည်မဟုတ်။ နိဗ္ဗာန်မရမီ အကြားတွင် မွန်မြတ် စင်ကြယ်လှသော သုခချမ်းသာ အမျိုးမျိုးတို့ ရရှိသည်ပင်တည်း။

ထိုမှမက ထူးခြားချက်ကား ယင်းသို့သုခချမ်းသာ အမျိုးမျိုး ခံစားနေရ သည့်တွင်ပင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိ၍ စည်းစိမ်ချမ်းသာကို စွန့်လွှတ်ကာ ကျင့်ရမည်ဆိုလျှင် တဏှာကို လွယ်ကူစွာ ဖြတ်တောက်နိုင်သော သတ္တိကိုလည်း ရရှိလေသည်။

ထို့ကြောင့် သူဌေးသူကြွယ်တို့သည် မိမိတို့ စည်းစိမ်ချမ်းသာကိုစွန့်လျက်၊ မင်းညီမင်းသားဆွေတော်မျိုးတော်တို့သည် ထီးနန်းစည်းစိမ်ကို စွန့်လျက် မဂ်ဖိုလ် နိဗ္ဗာန်ကို လွယ်ကူစွာ ကူးမြောက်သွားနိုင် ကြခြင်းဖြစ်လေသည်။

ကြောက်စရာ့ အဝိဇ္ဇာ။

ထိုဒေသနာတော်၌ ဆက်ကာ လာရှိသည်မှာ....

အဝိဇ္ဇာယတွေ၀ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော စသည်ဖြင့် လာရှိလေသည်။

ဆိုလိုရင်း အဓိပ္ပါယ်သော်ကား....

အဝိဇ္ဇာ၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ ချုပ်ခြင်းသည်ဖြစ်၏ စသည်ဖြင့် လာရှိပြီးလျှင် နောက်ဆုံး၌ကား....

အဝိဇ္ဇာ၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့်အိုရမှု၊ နာရမှု သေရမှု၊ စိုးရိမ်ရမှု၊ ငိုကြွေးရမှု၊ ဆင်းရဲရမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်ကင်းရပေတော့၏ဟု ဟောတော်မူလေသည်။

ဤဒေသနာတော်မြတ်၏ လိုရင်းကား....

မိမိစိတ်တွင် အခါမရွေး အဝိဇ္ဇာဆိုသော မောဟစိတ် မဖြစ်ပေါ်စေဘဲ အမောဟ အဝိဇ္ဇာဉာဏ်ဖြစ်ပေါ်နေရမည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

အဝိဇ္ဇာ(မောဟ)သည်ဒုက္ခပေးရာတွင်ခေါင်းဆောင်ကြီး ဖြစ်ကြောင်း မဟာဝဂ္ဂသံယုတ် ပါဠိတော် အစ၌ရှင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါယ သမဏသညာ ဝဂ်၌ရှင်း၊ ဣတိဝုတ္တက ပါဠိတော် ပဌမဘာဏဝါရ၌ရှင်း လာရှိသည် မှာ....

အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ
အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။

အနက်ကား။ ။ဘိက္ခဝေ၊ အို-ရဟန်းတို့။ အဝိဇ္ဇာ မောဟ ဖြစ်သော အဝိဇ္ဇာတရားသည်။ အကုသလာနံ ဓမ္မာနံ၊ အကု သိုလ် တရားတို့၏။ သမာပတ္တိယာ၊ ဖြစ်ခြင်း၌။ ပုဗ္ဗင်္ဂမာ၊ ရှေ့ သွားအဦးအစပေတည်းဟု ဟောတော်မူလေသည်။ အဝိဇ္ဇာ သည် ထိုမျှကြောက်စရာ ကောင်းလှပေ၏။

နီဝရဏ၊၊

လက်သန်း အဋ္ဌကထာ သမုစ္စည်းပိုင်း၌ရှင်း၊ ဓမ္မသင်္ဂဏီ ပါဠိတော် နိက္ခေပကဏ္ဍ၌ရှင်း စသည်တို့၌ နီဝရဏ ၆-ပါးကို တွေ့ရှိနိုင်လေသည်။ ပါဠိတော်များတွင် နီဝရဏတရား ၅- ပါးအဟောကို ပို၍တွေ့ရှိရ၏။ အကြောင်း သော်ကား- ထို ၅-ပါးကို နိုင်လျှင် အဝိဇ္ဇာ နီဝရဏတရားကို ပယ်သတ်ရန် များစွာသော အထောက်အပံ့ ဖြစ်ခြင်းကြောင့်တည်း။

နီဝရဏတရားဆိုသည်မှာ ယောဂီသူမြတ်တို့ အလိုရှိအပ်သော ဈာန်ကိုသော်၎င်း၊ မဂ်ကိုသော်၎င်း၊ ပိတ်ပင် တားဆီး ထားခြင်း သဘောရှိ၏။ ထိုမျှမကသေး လောကီရေးအတွက် လူတို့၏ တိုးတက် ကြီးပွားခြင်း၏ အရင်းခံဖြစ်သော ဉာဏ်ပညာကိုလည်း ပိတ်ပင်တားဆီးခြင်း သဘောရှိ၏။

၁။ ကာမစ္ဆန္ဒ နီဝရဏ။ ၂။ ဗျာပါဒနီဝရဏ။
၃။ ထိနမိဒ္ဓ နီဝရဏ။ ၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ။
၅။ ဝိစိကိစ္ဆာ နီဝရဏ။ ၆။ အဝိဇ္ဇာ နီဝရဏ။

(၁) ကာမစ္ဆန္ဒ နီဝရဏ = ကာမဂုဏ် အညစ်အကြေး စေတသိက်တို့သည်စိတ်သို့ ပူးကပ်ဝင်ရောက်ခြင်း။ (ကာမဂုဏ်ငါးပါး၌ တပ်မက်လိုလားခြင်း။)

၂။ ဗျာပါဒနီဝရဏ=မရှိတော့တ ရှိကြောင့်ကြ ဖြစ်ရခြင်း၊ စိတ်ကိုထိခိုက်စေခြင်း တရား ကိုယ်မှာဒေါသ။

၃။ ထိနမိဒ္ဓ နီဝရဏ=ငိုင်ခြင်း၊ တွန့်ဆုတ် လေးလံ ထိုင်းမှိုင်းခြင်း။

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ= စိတ်ပြန့်လွင့်ခြင်း၊ ထိုအခါက မပြုလုပ် လိုက် မိလေခြင်း။ ပြုလုပ် လိုက်မိလေခြင်း။

၅။ ဝိစိကိစ္ဆာ နီဝရ=မဆုံးဖြတ်နိုင်ဘဲ သို့လော သို့လော တွေးတောလျက် ရှိနေခြင်း။

ယောဂီသူမြတ်အတွက်ဤနီဝရဏတရား၅ပါး ကိလေသာ အညစ်အကြေး အကုသိုလ် စေတသိက်တို့သည် စိတ်သို့ ဝင်

ရောက်ပူးကပ်ခြင်း မဖြစ်စေရန် အထူးအရေးကြီး လေသည်။ ထို့အတွက်ရှင်တော်ဘုရားသည် သမထဘာဝနာကို ပွားများအားထုတ်စေရန် ပါဠိတော်အရပ်ရပ်တို့တွင်အခွင့်အခါအား လျော်စွာ များစွာ တိုက်တွန်းတော်မူခဲ့လေသည်။

(၆) အဝိဇ္ဇာ နီဝရဏ ဆိုသည်မှာ အချုပ်အခြာ ဖြစ်၏။ အဝိဇ္ဇာ နီဝရဏကင်းကွာလျှင်ကျန် ၅-ပါးကင်းကွာလျက်ရှိ၏။ ကျန် ၅ပါးကင်းကွာရုံမျှဖြင့် အဝိဇ္ဇာ နီဝရဏ မကင်းကွာချေ။

အဝိဇ္ဇာ နီဝရဏကင်းကွာရန်နည်းလမ်းမှာဘုရားရှင်တဆူတဆူ ပွင့်တော်မူပါမှ သတ္တဝါတို့ သိရှိရသော နည်းလမ်းဖြစ်လေသည်။ထိုနည်းလမ်းမှာ နေယျပုဂ္ဂိုလ်တို့အတွက် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရှေးဦးစွာ ကြေပြွန်ပိုင်နိုင်စွာသိရှိလျက် ဝိပဿနာဘာဝနာကိုပွားများအားထုတ်ရသောနည်းလမ်းဖြစ်လေသည်။

လောကီတိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း အတွက်မှာလည်း ဉာဏ်ပညာထက်သန်မှုသည် အထူးအရေးကြီးလေသည်။

ဉာဏ်ပညာ ပွင့်လင်းထက်သန်မှုကို ကိလေသာအညစ်အကြေး ဖြစ်သော နီဝရဏ တရားတို့က ဖုံးကွယ် ထားရှိခြင်းကြောင့် ဉာဏ်ပညာ မပွင့်လင်းနိုင်သည်ကို ဂမ္ဘီရဝိပဿနာရှုဘွယ်ကျမ်း ဒုတိယ တွဲ၌ "ဉာဏ်ကို နီဝရဏ တရား ဖုံးကွယ်ထားခြင်း"ဟူသောခေါင်းစဉ်ဖြင့်ရှင်တော်ဘုရားဟောတော်မူသည်ကို ဖေါ်ပြခဲ့လေပြီ။

လူတို့သည် ကိုယ်ကာယ အညစ်အကြေး မြူမှုန့်စသည်တို့ကို စင်ကြယ်စေရန် နေ့စဉ်နေ့တိုင်း ရေချိုးကြ၏။သို့ရာတွင်စိတ်ကို

ကိလေသာ အညစ်အကြေး၊ နီဝရဏ အညစ်အကြေး တို့မှ စင်ကြယ်စေရန် စိတ်ကို ရေချိုးပေးရမည် ဆိုသည်ကိုကား လူတိုင်း လူတိုင်း မသိရှာကြချေ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာဒွိဝိမနိဒ္ဒေသဉ္စရင်း၊ စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်၌—

ရာဂေါ ရဇော နစ ပန ရေဏု ဝုစ္စတိ ဟူ၍ရင်း။

ဒေါသော ရဇော နစ ပန ရေဏု ဝုစ္စတိ ဟူ၍ရင်း။

မောဟော ရဇော နစ ပန ရေဏု ဝုစ္စတိ ဟူ၍ရင်း လာရှိလေသည်။

အနက်ကား။ ။ရာဂေါ-တဏှာ ရာဂကို၊ ရဇော-အညစ်အကြေးမြူအစစ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ပန-ထိုမှတပါး ဖော်ပြရသော်၊ ရေဏု- မြူမှုံကို၊ ရဇ-အညစ်အကြေးမြူအစစ်ဟူ၍၊ နစ ဝုစ္စတိ-မဆိုအပ်သည်သာလျှင်တည်း။

ဒေါသ,မောဟမှာလည်း ဤအတိုင်းပင် သိအပ်လေသည်။

ထို့ကြောင့် လော ကီ တိုး တက် ကြီးပွားရန် ဉာဏ်ပညာပွင့်လင်းမှုအတွက် စိတ်တွင် ကိလေသာမြူအကြေးတို့ ကွာရှင်းစေရန်သမထဘာဝနာ,ဝိပဿနာဘာဝနာတို့ကိုပွားများရာ၏။

လမ်းထွက်လျှင် မိမိကိုယ်ကိုမှန်ကြည့်ကာအမွှန်းတင်အလှပြင်ဘိသကဲ့သို့ လမ်းခရီး ထွက်ခါနီးတွင် ဂုဏ်တော်ပွားခြင်း၊ မေတ္တာ ဘာဝနာပွားခြင်းတို့ဖြင့် မိမိစိတ်နှင့် မိမိကိုယ်ကို သိဒ္ဓိတင်ပေးရလေသည်။

ယင်းသို့ မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပွားခြင်း တို့ကိုပြုလုပ်ပါက ကြက်သရေတိုးတက်၏။ မျက်နှာပွင့်လင်း၏။ လူချစ်လူခင်ပေါ၏။ နတ်လို၏။ ငြိမ်း၏။

ထိုမှတဆင့်တက်ကာ မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပွားခြင်း၊ ဝိပဿနာဘာဝနာပွားများပြီးလျှင် အမျှပေးဝေက လောကတွင် ဒါန,သီလထက် မြတ်သော ကုသိုလ်ကိုပြုလုပ်မှုကြောင့် ရရှိမည့် အကျိုးပေးကိုကား အတိုင်းမပြတ်နိုင်ချေ။

ဤတွင် နီဝရဏ-၅ပါး၊ နီဝရဏ၆-ပါးတို့ကိုပြန်၍ကောက်ရသော် ဈာန်ကို အလိုရှိ၍သမထဘာဝနာကိုအားထုတ်သော ပုဂ္ဂိုလ်သည် ပဉ္စမဖြစ်သော နီဝရဏ ၅ပါးတို့ကို ကာကွယ်တွန်းလှန်ဖြိုဖျက်ရ၏။

မဂ်၊ဖိုလ်၊နိဗ္ဗာန်ကိုအလိုရှိသောသူမြတ်သည်ပဉ္စမ၅ပါးကိုသာမက ကျန်အဝိဇ္ဇာနီဝရဏကိုပါတွန်းလှန်ဖြိုဖျက်ပစ်ရသေးသည်။ တနည်းဆိုသော် အဝိဇ္ဇာ နီဝရဏကို တိကျပြတ်သားစွာ မိမိရရ ဖြတ်တောက်ပစ်ရလေသည်။

ထို့ကြောင့် အဝိဇ္ဇာနီဝရဏ တရားသည် အဘယ်နည်းဆိုသော မေးခွန်း၏အဖြေကို သုတမယဉာဏ်အားဖြင့်ရှေးဦးစွာသိရှိထားရန် ဤအဝိဇ္ဇာခန်းကို ကြေညက်စွာ လေ့လာထားရပေမည်။

မဟာဝဂ္ဂသံယုတ် ပါဠိတော် ဓမ္မစက္ကပဝတ္တနဝဂ် အဝိဇ္ဇာသုတ်၌၎င်း၊ ဝိဘင်းပါဠိတော် ပဋိစ္စသမုပ္ပါဒ ဝိဘင်္ဂ၌၎င်း၊ ထိုထိုသော ပါဠိတော်တို့၌ လာရှိသည်မှာ-အဝိဇ္ဇာဟူသည် အဘယ်နည်း။

ဒုက္ခေ အညာဏံ
ဒုက္ခသမုဒယေ အညာဏံ
ဒုက္ခနိရောဓေ အညာဏံ
ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ
အယံဝုစ္စတိ အဝိဇ္ဇာ။

ဘာသာပြန်။ ။ဆင်းရဲဒုက္ခ၌ မသိခြင်းသည်ရင်း။
ဆင်းရဲဒုက္ခ၏ အကြောင်း၌ မသိခြင်းသည်ရင်း။
ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ၌ မသိခြင်းသည်ရင်း။

ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းသည်ရင်း။

ဤမသိခြင်းတို့ကိုအဝိဇ္ဇာဟူ၍ဆိုအပ်၏ဟုဟောတော်မူ၏။

ဤသို့လျှင် အဝိဇ္ဇာနှင့်ဒုက္ခဆက်စပ်လျက်ရှိ၏။ အဝိဇ္ဇာဖြစ်လျှင် ဒုက္ခပါလာတော့၏။ အဝိဇ္ဇာမဖြစ်လျှင် ဒုက္ခမရှိနိုင်ပြီ။ လောကခေတ်ကြီးတရပ်လုံးတွင်သာ်တနယ်ဒုက္ခနှင့်အသာ်တနယ်သုခသာရှိ၏။ ဒုက္ခမဟုတ်လျှင်သုခပေတည်း။ အဝိဇ္ဇာမှ ဝိဇ္ဇာဉာဏ်ဖြစ်လာရန် နည်းလမ်းကို ရှေ့တွင် တွေ့ရှိရလတံ့။ ယခုအခါ ခေတ်လူတို့သည် ဒုက္ခဆိုတာငါသိပါတယ်ကွာဟု ဆိုကြသော်လည်း သိပုံအဆင့်အတန်းမှာ တဦးနှင့်တဦးမတူကြချေ။ အချို့သူတို့သည် အပေါ်ရံဒုက္ခ အနည်းငယ်ကိုသိကြ၏။ အချို့ကား ထို့ထက်ပို၍ အတော်အတန်သိကြ၏။ အချို့ကား အိမ်တွင်မနေရဲဘဲတောထွက်လျက်တရားကျင့်နေကြသည့်အထိဒုက္ခကို သိကြ၏။

ထို့ကြောင့် ( ဒုက္ခခန်းတွင် ) ရဟန်းတော် များသည်

ရှင်တော်ဘုရားထံတွင် ဒုက္ခသင်တန်းတက်ကြသည်ဟု ပရိပိုင်တို့အား ဖြေဆိုတော်မူကြခြင်း ဖြစ်လေသည်။

သိမှတ်ရန်ကား—

ဒုက္ခဆိုလျှင် အနိစ္စနှင့် အနတ္တ တွဲလျက် ပါရှိ၍ ခွဲ၍မကျန်ရစ်ခဲ့ကြချေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှာ တတွဲတည်းဖြစ်၏။ ဤစကားသည် မှန်၏။ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ် အနိစ္စဝဂ်၌ ( ရူပံ ဘိက္ခဝေ အနိစ္စံ ယဒနိစ္စံ တံဒုက္ခံ ယံဒုက္ခံ တဒနတ္တာဟူ၍ဟောတော်မူလေသည်)။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဓမ္မကထိကဝဂ် အဝိဇ္ဇာသုတ်၌ လာရှိသည်မှာ ရဟန်းတပါးသည်—

> အဝိဇ္ဇာ အဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ၊
> ကတမာနုခေါ ဘန္တေ အဝိဇ္ဇာ၊
> ကိတ္တာဝတာစ အဝိဇ္ဇာ ဂတော ဟောတိတိ။

ဘာသာပြန်။ ။ဘုန်းတော်ကြီးသောအရှင်ဘုရား၊အဝိဇ္ဇာ အဝိဇ္ဇာ ဟူ၍ဆိုကြပါ၏။ အဝိဇ္ဇာ ဟူသည် အဘယ်ပါနည်း အဘယ်မျှသော အတိုင်း အရှည်အခြင်းအရာဖြင့် အဝိဇ္ဇာနှင့် ပြည့်စုံသည် ဖြစ်ပါသနည်း အရှင်ဘုရားဟု - ရှင်တော်ဘုရားအားလျှောက်ထား မေးမြန်းလေသည်။

> ဣဓ ဘိက္ခု အဿုတဝါ ပုထုဇ္ဇနော
> ရူပံ နပ္ပဇာနာတိ ရူပသမုဒယံ နပ္ပဇာနာတိ
> ရူပနိရောဓံ နပ္ပဇာနာတိ ရူပနိရောဓ
> ဂါမိနိံ ပဋိပဒံ နပ္ပဇာနာတိ။

ဘာသာပြန်။ ။အို-ရဟန်း၊ဤငါ့ဘုရားသာသနာတော်၌နည်းပါးသော အကြားအမြင်ရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည်

ရုပ်ကို အပြားအားဖြင့် ပိုင်းခြား၍ မသိ။ ရုပ်၏ဖြစ်ကြောင်းကို အပြားအားဖြင့်ပိုင်းခြား၍မသိ။ ရုပ်၏ချုပ်ရာကို အပြားအားဖြင့် ပိုင်းခြား၍မသိ။ ရုပ်၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို အပြားအားဖြင့် ပိုင်းခြား၍ မသိ။

ဝေဒနံ နပ္ပဇာနာတိ သညံ သင်္ခါရေ
နပ္ပဇာနာတိ ။ပ။ ဝိညာဏနိရောဓ
ဂါမိနိံ ပဋိပဒံ နပ္ပဇာနာတိ။

ဘာသာပြန်။ ။အို-ရဟန်း၊ ဝေဒနာကို အပြားအားဖြင့် ပိုင်းခြား၍ မသိ။ (လ)သညာကို (လ) သင်္ခါရတို့ကို အပြားအားဖြင့် ပိုင်းခြား၍မသိ။ (လ) ဝိညာဏ်၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို အပြားအားဖြင့် ပိုင်းခြား၍မသိ။

အယံ ဝုစ္စတိ ဘိက္ခု အဝိဇ္ဇာ
ဧတ္တာဝတာစ အဝိဇ္ဇာ ဂတော ဟောတီတိ။

ဘာသာပြန်။ ။အို-ရဟန်း၊ ဤမသိခြင်းကို အဝိဇ္ဇာဟူ၍ ဆိုအပ်၏။ ဤမျှသောအတိုင်းအရှည်အခြင်းအရာဖြင့် အဝိဇ္ဇာ နှင့်ပြည့်စုံသည်ဖြစ်၏ဟု ရှင်တော်ဘုရား ဟောတော်မူလေသည်။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ခန္ဓသံယုတ် အဝိဇ္ဇာဝဂ်သမုဒယဓမ္မသုတ်၌ အရှင်မဟာကောဋ္ဌိက မထေရ်က အရှင်သာရိပုတ္တရာအား အဝိဇ္ဇာ၊ အဝိဇ္ဇာဟုပြောပါသည်၊ မသိမှု အဝိဇ္ဇာသည် အဘယ်ပါနည်း။ အဘယ်မျှလောက်ဖြင့် မသိခြင်းအဝိဇ္ဇာသို့ ရောက်ပါသနည်းဟု မေးလျှောက်ရာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က—

ဣမာဝုသော အဿုတဝါ ပုထုဇ္ဇနော
ရူပဿ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ
အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ
ယထာဘူတံ နပ္ပဇာနာတိ။ ဟူ၍ဟောတော်မူ
၏။

**ဘာသာပြန်။** ။အို - ငါ့ရှင်ကောဋ္ဌိက၊ ဤဘုရားသာသနာ
တော်၌ အကြားအမြင်မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည် ရုပ်၏
ဖြစ်ခြင်းကိုရင်း၊ ချုပ်ခြင်းကိုရင်း၊ သာယာဘွယ်ကိုရင်း၊ အ
ပြစ်ကိုရင်း၊ ထွက်မြောက်မှုကိုရင်း၊ဟုတ်တိုင်းမှန်စွာ မသိ။ အို
ငါ့ရှင် ကောဋ္ဌိက၊ ဤသို့ မသိသည်ကို အဝိဇ္ဇာဟူ၍ဆိုအပ်၏။
ဤမျှလောက်သောအားဖြင့်လည်း အဝိဇ္ဇာသို့ ရောက်သည်
ဖြစ်၏ဟုဖြေဆိုတော်မူလေသည်။

ဤအတိုင်းပင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ အ
တွက်လည်း ဆက်လက်ဟောတော်မူလေသည်။

ပြုသူသည် ခံစားသလော

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နိဒါနသံယုတ် ဂဟပတိဝဂ်
အညတြဗြာဟ္မဏသုတ်၌ပုဏ္ဏားတဦးကရှင်တော်ဘုရားအား-
ကိံ နုခေါ ဘော ဂေါတမ
သော ကရောတိ သော ပဋိသံဝေဒယတီတိ။

**ဘာသာပြန်။** ။အို-အရှင်ဂေါတမ၊အသို့ပါနည်း။ထိုသူ
သည်ပြု၏။ ထိုပြုသောသူသည် ခံစား၏လောဟု မေးလျှောက်
လေသည်။

သော ကရောတိ သော ပဋိသံဝေဒယတီတိခေါ
ဗြာဟ္မဏ အယမေကော အန္တော။

ဘာသာပြန်။ ။အို ပုဏ္ဏား၊ ထိုသူသည်ပြု၏။ ထိုပြုသော သူသည်ခံစား၏ဟူ၍ဤသို့ဆိုငြားအံ့။ ဤသည်ကားတခုသော အစွန်းပေတည်းဟု ရှင်တော်ဘုရား မိန့်ကြားတော်မူလေ။ သည်။

ထိုပါဠိတော်မှ ဆက် လက် လာ ရှိသည်မှာ - အို - အရှင် ဂေါတမ၊ တပါးသော သူသည်ပြု၏။ တပါးသော သူသည် ခံစား၏လော။

အို - ပုဏ္ဏား၊ တပါးသောသူသည်ပြု၏။ တပါးသောသူ သည်ခံစား၏ဟူ၍ ဆိုငြားအံ့။ ဤသည်ကား ဒုတိယမြောက် သော အစွန်းပေတည်း။

အို - ပုဏ္ဏား၊ ထိုနှစ်ပါးသောအစွန်းသို့ မလားမကပ်မူ၍ အလယ် အလတ်ဖြစ်သော နည်းဖြင့် ငါဘုရားသည် တရား တော်ကိုဟောတော်မူ၏ဟု မိန့်ဟတော်မူလေသည်။

ထိုမှဆက်လက်၍အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရ ပစ္စယာ ဝိညာဏံ အစရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဟော တော်မူ၏။

ထိုမှတဖန် အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော သင်္ခါရနိရောဓာ စသော ဒေသနာအစဉ် ကို ဟောတော်မူ၏။

အတိုချုပ်ကား—အဝိဇ္ဇာကို အကြွင်းမရှိ ချုပ်စေမှုကြောင့် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲ၊ ပူဆွေးငိုကြွေးရခြင်းဆင်းရဲ အပေါင်းတို့ ကင်းငြိမ်းရခြင်းသည် ဖြစ်၏ဟု ဟောတော်မူလေသည်။

အဝိဇ္ဇာမှ ဝိဇ္ဇာသို့။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် နိဒါနသံယုတ် ရက္ခဝဂ် ပရိဝီသမံသသုတ်၌ ဒုက္ခဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ရှည်လျားစွာ ဟောတော်မူ၏။ ထိုဒေသနာတော်မှ ဤတွင်အလိုရှိအပ်သည်ကို ကောက်နုတ်ဖေါ်ပြပေအံ့။

အိုရဟန်းတို့၊ပဋိသန္ဓေ နေရခြင်းဆင်းရဲ၊အိုရခြင်းဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲ၊ ပူဆွေး ငိုကြွေးရသော ဆင်းရဲ၊အပေါင်းတို့ဖြစ်ရခြင်း၏အကြောင်းရင်းမှာ "အဝိဇ္ဇာ" ပေတည်း။ ထိုမှဆက်လက်ဟောပြန်တော်မူသည်မှာ-

အဝိဇ္ဇာ ဂတောယံ ဘိက္ခဝေ<br>
ပုရိသပုဂ္ဂလော ပုညဉ္စေ သင်္ခါရံ<br>
အဘိသင်္ခရောတိ ပုညူပဂံ ဟောတိ<br>
ဝိညာဏံ အပုညဉ္စေ × × ×။

**ဘာသာပြန်။** ။အိုရဟန်းတို့၊ အဝိဇ္ဇာနှင့် ပြည့်စုံသော အကြင်ယောကျ်ားပုဂ္ဂိုလ်သည် ကာမကုသိုလ်၊ရူပကုသိုလ်ဟု ဆိုအပ်သောကုသိုလ်သင်္ခါရကိုအကယ်၍ စေ့ဆော်စီမံပြုလုပ်သည်ဖြစ်အံ့။ထိုဟူသောဝိညာဏ်ပုညာဘိသင်္ခါရသို့ကပ်သည် ဖြစ်၏။

အကုသိုလ် သင်္ခါရကိုအကယ်၍စေ့ဆော်စီမံပြုလုပ်သည် ဖြစ်အံ့။ထိုဟူသော ဝိညာဏ်သည် အပုညာဘိသင်္ခါရသို့ ကပ်သည်ဖြစ်၏။

အရူပကုသိုလ် သင်္ခါရကို အကြယ်၍ စေ့ဆော် စီမံပြုလုပ်သည်ဖြစ်အံ့။ ထံဟူသော ဝိညာဏ်သည် အာနေဥ္ဇာဘိသင်္ခါရသို့ကပ်သည်ဖြစ်၏။

ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော
အဝိဇ္ဇာ ပဟီနာ ဟောတိ ဝိဇ္ဇာ ဥပ္ပန္နာ၊
သော အဝိဇ္ဇာ ဝိရာဂါ × × ×။

ဘာသာပြန်။ ။အိုရဟန်းတို့၊အကြင်အခါ၌ရဟန်းသည် အဝိဇ္ဇာကို ပယ်သည်ဖြစ်၏။ထိုအခါဝိဇ္ဇာသည်ဖြစ်ပေါ်၏။ထို ရဟန်းသည် အဝိဇ္ဇာအမိုက်မှောင်၏ ကင်းခြင်းကြောင့်၊ ဝိဇ္ဇာဉာဏ်၏ဖြစ်ပေါ်မှုကြောင့် ပုညာဘိသင်္ခါရကို စေ့ဆော်စီမံခြင်းကိုမပြု။ အပုညာဘိသင်္ခါရကို စေ့ဆော်စီမံခြင်းကိုမပြု။ အာနေဥ္ဇာဘိသင်္ခါရကိုစေ့ဆော်စီမံခြင်းကိုမပြု။ စေ့ဆော်စီမံခြင်းမပြုသည်ရှိသော် လောက၌ တခုခုကိုမျှ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်း။ယင်းသို့ မစွဲလမ်းသည်ရှိသော်တပ်မက်ခြင်းမရှိ။ တပ်မက်တွယ်တာမှုမရှိသော ရဟန်းအား ကိလေသာတို့မှငြိမ်းလျက် ပရိနိဗ္ဗာန်ပြု၏ဟု ဟောတော်မူလေသည်။

အထူးဖေါ်ပြချက်။

ဤတွင်ဒါန,သီလစသောကုသိုလ်ကိုမပြုရဟုဆိုလိုသည် မဟုတ်၊ ကာမဂုဏ် ခံစားလို၍၊ လူ့ပြည် နတ်ပြည်ကို တောင့်တ၍ ကုသိုလ်ကို မပြုရ။ ဝဋ်သုံးပါးကိုကျော်လွန်နိုင်ရန် နိဗ္ဗာန်ကိုရည်စူးလျက် ဒါန သီလ စသော ကုသိုလ်ကောင်းမှုကိုပြုရမည်ဟု ဆိုလိုသည်။

ဝိဇ္ဇာဖြစ်နည်း။

သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်သဠာယတနသံယုတ် အဝိဇ္ဇာဝဂ် ပဌမသုတ်၌ ရဟန်းတပါးသည် ရှင်တော်ဘုရားအား—

ကထံနုခေါ ဘန္တေ ဇာနတော
ကထံ ပဿတော အဝိဇ္ဇာ ပဟီယတိ
ဝိဇ္ဇာ ဥပ္ပဇ္ဇတီတိ။

ဘာသာပြန်။ ။အရှင်ဘုရား၊အဘယ်သို့သိသောသူအား၊ အဘယ်သို့ မြင်သောသူအား အဝိဇ္ဇာကိုပယ်အပ်ပါသနည်း၊ ဝိဇ္ဇာသည် ဖြစ်ပါသနည်းဟု မေးလျှောက်၏။

စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော
ပဿတော အဝိဇ္ဇာ ပဟီယတိ
ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ဘာသာပြန်။ ။အို-ရဟန်း၊ စက္ခုပသာဒကို မမြဲသော အနိစ္စအားဖြင့် သိသောသူအား၊ မမြဲသောအနိစ္စအားဖြင့်မြင်သောသူအား အဝိဇ္ဇာကို ပယ်အပ်၏။ ဝိဇ္ဇာသည် ဖြစ်၏။

ရူပေအနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ဘာသာပြန်။ ။ရူပါရုံတို့ကို မမြဲသော အနိစ္စအားဖြင့် သိသော သူအား၊ မမြဲသောအနိစ္စအားဖြင့်မြင် သောသူအား အဝိဇ္ဇာကို ပယ်အပ်၏။ ဝိဇ္ဇာသည်ဖြစ်၏။

စက္ခုဝိညာဏံ စက္ခုသမ္ဖဿံ
ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ

ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ
အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟိယတိ ဝိဇ္ဇာ ဉပ္ပဇ္ဇတိ။

ဘာသာပြန်။ ။စက္ခုဝိညာဏ်ကို (လ)စက္ခုသမ္ဖဿကို (လ)အကြင်စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်ခံစားအပ်သောသုခဝေဒနာသည်ရှင်း၊ ဒုက္ခဝေဒနာသည်ရှင်း၊ဒုက္ခသုခမဟုတ်သောဝေဒနာသည်ရှင်းဖြစ်၏။ထိုဝေဒနာကိုလည်း မမြဲသော အနိစ္စအားဖြင့် သိသောသူအား၊ မမြဲသော အနိစ္စအားဖြင့် မြင်သောသူအား အဝိဇ္ဇာကို ပယ်အပ်၏။ဝိဇ္ဇာသည် ဖြစ်၏ဟု ဘုရားရှင် ဟောတော်မူလေသည်။

ထိုအတိုင်းပင် သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊မန စသည်တို့ကိုလည်း ဟောကြား ပြေဆိုတော်မူလေသည်။

ဤတွင်အထူးသိအပ်သည်မှာ အဝိဇ္ဇာပျောက်ကွယ်လျက် ဝိဇ္ဇာဉာဏ် ပေါ်နေချိန်သည် အနုသယများ မတိုးတက်နိုင်သည်သာမက ရှိပြီးအနုသယတို့မှာလည်း ဘာဝနာ ပွားများသည်အားလျော်စွာ အားသေးသွားပေတော့၏။

ယင်းသို့ ဝိပဿနာ ဘာဝနာကို ပွားများဖန် များလတ်သော် အနုသယ ၇-ပါးတို့အနက်ရှေးဦးစွာဒိဋ္ဌာနုသယနှင့်ဝိစိကိစ္ဆာနုသယနှစ်ပါးသည်သမုစ္ဆေဒပဟာန်အားဖြင့် လုံးဝပြုတ်သွားရပေတော့၏။

ဤကား-သောတပန် ပုဂ္ဂိုလ်ပေတည်း။ ဤလူပြည်မှနေ၍ အပါယ်လေးပါး တံခါးကိုပိတ်ခြင်း၊ နိဗ္ဗာန်တံခါးကိုဖွင့်ခြင်းကိုပြုနိုင်သော ပုဂ္ဂိုလ်ထူးပေတည်း။

ဗုဒ္ဓမြတ်စွာ၏ တရားတော်မှာ နှစ်မျိုးနှစ်စားခွဲခြားဟော တော်မူသည်ကို သိအပ်လေသည်။

တမျိုးမှာ-လူအများ သိရှိနားလည်နေသောသမ္မုတိသစ္စာ ဖြင့်ဟောတော်မူ၏။

တမျိုးမှာ-ပညာမျက်စိဖြင့်သာ မြင်နိုင်သော ဓမ္မသဘာဝ ဖြစ်သည့် ပရမတ္ထနည်း ဖြစ်လေသည်။

ဒုက္ခခန်း၌ ပြဆိုခဲ့သော ပါဠိတော်အချို့တို့တွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ရှိသည်မရှိသည်ကို မဟောမူ၍ ဒုက္ခသာ ဖြစ်ပေါ်၍ ဒုက္ခသာချုပ်ကွယ်ခြင်းကို ဟောတော်မူသည်ကို တွေ့ရှိခဲ့ရလေပြီ။ ထိုတွင် ပညာမျက်စိဖြင့်သာ မြင်အပ်သော ဓမ္မသဘာဝဖြစ်သည့် ပရမတ္ထသဘော သဘာဝတရားများကို ဟောတော်မူခြင်း ဖြစ်လေသည်။

ဤအဝိဇ္ဇာခန်းတွင် ပြဆိုခဲ့သည့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာဝိညာဏံ အစရှိသောပဋိစ္စသမုပ္ပါဒ်တရားတော် တွင်လည်း မိန်းမ၊ ယောကျ်ား၊ လူ၊ နတ်၊ဗြဟ္မာ၊သတ္တဝါဟူ၍ လုံးဝမပါ။ပညာမျက်စိဖြင့်သာမြင်အပ်၍ဓမ္မသဘာဝကိုဟော တော်မူသော ဒေသနာတော် ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ် တရားတော်အား အသိနှစ်မျိုးဖြင့် သိကြ သည်ကို သတိပြုရပေမည်။ ပဌမတမျိုးမှာ-စာမေးပွဲအောင်ရန် အသိ၊စာသိ၊ စာစကားပြောရန် အသိဖြစ်၍၊ ကျန်တမျိုးမှာ- ယောဂီ အသိမျိုး ဖြစ်လေသည်။

ယောဂီအသိမျိုးဆိုသည်မှာ-ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်သောအခါငါမရှိ၊ သူမရှိ၊ဓမ္မသဘာဝမျှသာရှိခြင်းကို ပိုင်နိုင်စွာသိ၍ ပညာမျက်စိဖြင့် သိမြင်နေရခြင်းဖြစ်လေသည်။

ဥပမာ ဆိုသော် ဤကျမ်းစာကို ရေးလွှတ် လိုက်သော လူကောင်ကြီးကို မတွေ့မမြင်ရချေ။ ဓမ္မသဘာဝကိုသာလျှင် ဓမ္မသဘာဝတို့က တွေ့မြင်ရပေမည်။

တွေ့မြင်ပုံကား-သင်္ခါရ တရားစုကသာ သင်္ခါရတရားစုကို ရေးသည်ဟူ၍ ဓမ္မသဘာဝဖြစ်သောစိတ်နှင့်စေတသိတ်တို့က တွေ့မြင်သိရှိရပေမည်။ ထိုနည်းတူစွာ ဤစာကိုဖတ်ရာ၌လည်း ငါဖတ်သည်မဟုတ်၊သင်္ခါရတရားစုကသာ သင်္ခါရစုကိုဖတ်ရှုနေ၍ ဓမ္မသဘာဝကိုဓမ္မသဘာဝဖြစ်သောစိတ်နှင့်စေတသိတ် အချို့က သိခြင်းဖြစ်သည်ဟု သဘောပေါက်ရပေမည်။

လူ-လူ ဟုခေါ်ဆိုရသော ခန္ဓာငါးပါးကို ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် ကြည့်သောအခါ လူမပါသော ဓမ္မသဘာဝကို အောက်ပါအတိုင်း တွေ့ရှိရ၏။

| | | | |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ | ၇။ | ဝေဒနာ |
| ၂။ | သင်္ခါရ | ၈။ | တဏှာ |
| ၃။ | ဝိညာဏ် | ၉။ | ဥပါဒါန် |
| ၄။ | နာမ်ရုပ် | ၁၀။ | ဘဝ |
| ၅။ | သဠာယတန | ၁၁။ | ဇာတိ |
| ၆။ | ဖဿ | ၁၂။ | ဇရာ မရဏ |

ဤကျမ်းကို ပြုစုရေးသားသူကိုဋင်း၊ဤကျမ်းကိုယခုဖတ်ရှုနေသူကိုဋင်း၊ ပရမတ္ထ ဓမ္မသဘာဝဖြင့် စစ်ထုတ်လိုက်သော် ဓိန်းမ ယောကျာ်း လူသတ္တဝါမရှိ။ ရုပ်တရား၊ နာမ်တရား၊ ဓမ္မသဘာဝများသာ ရှိလေသည်။ (ရှေ့ဒိဋ္ဌိ ဝိသုဒ္ဓိခန်းတွင် ပို၍ ထင်ရှားလတံ့)

## အကြောင်းငါးပါး အကျိုးငါးပါး

လက်သန်းအဋ္ဌကထာကျမ်း၌ ပစ္စည်းပိုင်းတွင် အကြောင်း နှင့် အကျိုးဓမ္မသဘာဝမျှသာဖြစ်နေခြင်းကို သိစေလို၍ ပဋိစ္စ သမုပ္ပါဒ်နည်းဖြင့် ပြသရာ၌၎င်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာ ဘူမိနိဒ္ဒေသပိုင်း ပဋိစ္စသမုပ္ပါဒ် ဖွင့်ရာ၌၎င်း—

အတီတေ ဟေတဝေါ ပဉ္စ
ဣဒါနိ ဖလ ပဉ္စကံ
ဣဒါနိ ဟေတဝေါပဉ္စ
အာယတိံ ဖလ ပဉ္စကံ-ဟူ၍ လာရှိလေသည်။

အနက်ကား။ ။အ တိ တေ-အ တိတ် ၌၊ဟေတဝေါ-အ ကြောင်းတို့သည်၊ပဉ္စ-ငါးပါးတို့တည်း။

ဣဒါနိ-ဤယခုပစ္စုပ္ပန်၌။ဖလပဉ္စကံ-အကျိုး ငါးပါးသည်၊ ဟောတိ-ဖြစ်၏၊

ဣဒါနိဤယခု ပစ္စုပ္ပန်၌၊ ဟေတဝေါ-အကြောင်းတို့သည် ပဉ္စ-ငါးပါးတို့တည်း၊ အာယတိံ-နောင်အနာဂတ်၌၊ ဖလပဉ္စ ကံ-အကျိုးငါးပါးသည်၊ဟောတိ-ဖြစ်၏၊

ဤအဋ္ဌကထာ နှစ်ရပ်၌လာရှိသောပါဠိ အဓိပ္ပါယ်မှာ ဓမ္မ သဘာဝကို ပဋိစ္စသမုပ္ပါဒ်နည်း ဖြင့်ကြည့် သောအခါ ယောက်ျား၊မိန်းမ၊လူသတ္တဝါဟူ၍ လုံးဝမရှိ။ အကြောင်းဓမ္မ သဘာဝ တစုနှင့် အကျိုး ဓမ္မသဘာဝတစုမျှသာ ရှိခြင်းကို ထင်ရှားစွာ သိစေလိုခြင်းဖြစ်လေသည်။

၎င်း အဋ္ဌကထာတို့၌ ဖော်ပြအပ်သောအကြောင်းတရား ငါး ပါး နှင့် အ ကျိုး တရား ငါး ပါး ဟူသည် အ ဘယ်နည်း ဆိုသော်—

ငင်းပါဠိတို့၏ မူရင်းဖြစ်သော ပါဠိတော်မှာ အရှင်သာရိပုတ္တရာမထေရ်မြတ် ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်မဟာဝဂ် ဉာဏကထာ၌ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ပစ္စယပရိဂ္ဂဟဉာဏ်၊ ဝါ-ဓမ္မဋ္ဌိတိဉာဏ်အမည်ဖြင့် ဟောတော်မူခဲ့ရာတွင်အောက်ပါအတိုင်း လာရှိလေသည်။

(၁) ပုရိမ ကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ
အာယူဟနာ သင်္ခါရာ နိကန္တိတဏှာ
ဥပဂမနံ ဥပါဒါနံ စေတနာ ဘဝေါ
ဣမေ ပဉ္စဓမ္မာ ပုရိမ ကမ္မဘဝသ္မိံ ဣဓ
ပဋိသန္ဓိယာ ပစ္စယာ။

ဘာသာပြန်။ ။(ဆဋ္ဌမူ) ရှေးကမ္မဘဝ၌ တွေဝေမှုမောဟ သည် အဝိဇ္ဇာမည်၏။ အားထုတ်မှုသည် သင်္ခါရမည်ကုန်၏။ လိုချင်တပ်မက်မှုသည်တဏှာမည်၏။ မြဲမြံစွာစွဲယူခြင်းသည် ဥပါဒါန်မည်၏ စေ့ဆော်ကြောင့်ကြမှု စေတနာသည်ဘဝ မည်၏။

ရှေးကမ္မဘဝ၌ ဖြစ်သော ဤငါးပါးတို့သည် ဤပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ၏ အကြောင်း ဖြစ်ကုန်၏။

(၂) ဣဓ ပဋိသန္ဓိ ဝိညာဏံ သြက္ကန္တိ
နာမရူပံ ပသာဒေါ အာယတနံ
ဖုဋ္ဌော ဖဿော ဝေဒယိတံ ဝေဒနာ
ဣမေ ပဉ္စဓမ္မာ ဣဓုပပတ္တိ ဘဝသ္မိံ
ပုရေကတဿ ကမ္မဿ ပစ္စယာ။

ဘာသာပြန်။ ။ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ် မည်၏။ သက်ဝင်ဘိသကဲ့သို့ ဖြစ်သောတရားသည် နာမ်ရုပ်

မည်၏။ မဟာဘုတ်တို့၏ ကြည်သည်၏ အဖြစ်သည် အာယ တနမည်၏။ တွေ့ထိခြင်းသဘောသည်ဖဿမည်၏။ခံစားခြင်း သဘောသည် ဝေဒနာမည်၏။ ဤပစ္စုပ္ပန်ဝိပါက် ဘဝ၌ ဖြစ်သော တရားငါးပါး တို့သည် ရှေးက ပြုအပ်သော ကံအကြောင်း ဖြစ်ကုန်၏။

(၃) ဣဓ ပရိပက္ကတ္တာ အာယတနာနံ
မောဟော အဝိဇ္ဇာ အာယူဟနာ သင်္ခါရာ
နိကန္တိ တဏှာ ဥပဂမနံ ဥပါဒါနံ
စေတနာ ဘဝေါ ဣမေ ပဉ္စ ဓမ္မာ
ဣဓ ကမ္မ ဘဝသ္မိံ ပုရေ
အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။

(ဤဘာသာပြန်ကိုသတိပြု)

ဘာသာပြန်။ ။ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏။ ရင့် ပြီးသည်၏ အဖြစ်ကြောင့် တွေဝေမှု မောဟသည် အဝိဇ္ဇာ မည်၏။ အားထုတ်မှုသည် သင်္ခါရမည်၏။ တပ်မက်မှုသည် တဏှာ မည်၏။ မြဲမြံစွာ စွဲယူခြင်းသည် ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှုသည်ဘဝမည်၏။ဤပစ္စုပ္ပန်ကမ္မဘဝ၌ ဖြစ်သောတရားငါးပါးတို့သည်နောင်သောအခါပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်၏။

(၄) အာယတိံ ပဋိသန္ဓိဝိညာဏံ ဩက္ကန္တိ
နာမရူပံ ပသာဒေါ အာယတနံ ဖုဋ္ဌော
ဖဿော ဝေဒယိတံ ဝေဒနာ ဣမေ
ပဉ္စဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ
ဣဓ ကတဿ ကမ္မဿ ပစ္စယာ။

ဘာသာပြန်။ ။နောင်အခါ၌ ပဋိသန္ဓေသည် ဝိညာဏ် မည်၏။သက်ဝင်ဘိသကဲ့သို့ ဖြစ်သောတရားသည် နာမ်ရုပ် မည်၏။မဟာဘုတ်တို့၏ကြည်သည်၏အဖြစ်သည် အာယတန မည်၏။ တွေ့ထိခြင်းသဘောသည် ဖဿ မည်၏။ခံစားခြင်း သဘောသည် ဝေဒနာမည်၏။ နောင်ဥပပတ္တိဘဝ၌ ဖြစ်သော ဤတရား ငါးပါးတို့သည်ဤ ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ကံ၏ အကြောင်းဖြစ်ကုန်၏။

(၅) ဣတိ ဣမေ စတုသင်္ခေပေ တယော
အဒ္ဓေ ဝီသတိယာ အာကာရေဟိ
တိသန္ဓိ ပဋိစ္စသမုပ္ပါဒံ ဇာနာတိ ပဿတိ
အညာတံ ပဋိဝိဇ္ဈတိ တံ ဉာတဋ္ဌေန
ဉာဏံ ပဇာနနဋ္ဌေန ပညာ တေန ဝုစ္စတိ
ပရိယာပဝိဂ္ဂဟေပညာ ဓမ္မဋ္ဌိတိ ဉာဏံ။

ဘာသာပြန်။ ။ဤသို့ အလ္လာလေးပါးတို့ကိုရင်း၊ကာလ သုံးပါးတို့ကိုရင်း၊ သုံးပါးသော အစပ်ရှိသော ပဋိစ္စသမုပ္ပါဒ် ကိုရင်း၊ အခြင်းအရာ နှစ်ဆယ်တို့ဖြင့် သိတော်မူ၏။ မြင်တော် မူ၏။ ထူးသောဉာဏ်ဖြင့် သိတော်မူ၏။ ထိုးထွင်း၍ သိတော် မူ၏။ ထိုတရားသဘောသည် သိတတ်သော အနက်သဘော ကြောင့် ဉာဏ်မည်၏။ခွဲခြား၍သိတတ်သောသဘောကြောင့် ပညာမည်၏။ ထို့ကြောင့် အကြောင်းတရားတို့ကို သိမ်းဆီး မှု၌ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိ ဉာဏ်မည်၏ဟု ဆိုအပ်၏။

ဤပါဠိတော် အဋ္ဌကထာတို့၌ လာသည်တို့ကို ပေါင်းစပ် ၍လိုရင်းကို ကောက်နုတ်ဖော်ပြရသော် ယောက်ျား၊ မိန်းမ လူဟူ၍မရှိ။ အကြောင်းတရား ငါးပါး နှင့် အကျိုးတရား

ငါးပါးတို့သည် အဆက်မပြတ် အဖန်ဖန်ဖြစ်နေခြင်းကို အစဉ် စွဲမြဲသိရှိနေရပေမည်။ ယင်းမွေသဘာဝဖြစ်သော အကြောင်း တရားငါးပါးနှင့် အကျိုးတရားငါးပါးတို့သည်အဘယ်နည်း ဟူသော် အထက်တွင်ဖော်ပြအပ်သော ပါဠိတော်အရ—

| အကြောင်းတရား။ | အကျိုးတရား။ |
|---|---|
| အဝိဇ္ဇာ | ဝိညာဏ် |
| သင်္ခါရ | နာမ်ရုပ် |
| တဏှာ | သဠာယတန |
| ဥပါဒါန် | ဖဿ |
| ဘဝ | ဝေဒနာ |

ဤတရား ငါးပါးတို့ ပေတည်း။ ဤ ငါး ပါး သော အ ကြောင်းအကျိုးတို့သည် အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ် နေခြင်းကို "သံသရာ"ဟု ခေါ်ဆိုရလေသည်။ မသိမှုကြောင့် အကုသိုလ်ပြုရာတွင် ဒုက္ခအကျိုးပေး မလွှတ်နိုင်ခြင်းကို ဗုဒ္ဓ ဘာသာဝင်တိုင်းသိ၏။ရှင်းရန်မလို။ကုသိုလ်အတွက်ဆိုသော် ရှင်းရန်လို၏။

လူတို့သည် မင်္ဂ ဖိုလ် နိဗ္ဗာန်ကို ရလိုမှုအတွက် မဟုတ်မူ၍ လူချမ်းသာ၊နတ်ချမ်းသာစသည်တို့ကို အလိုရှိ၍ကုသိုလ်ပြုကြ ၏။ ထိုချမ်းသာခံစားမှုအတွက် ကြီးစွာသောဒုက္ခဆင်းရဲခံကြ ရမည် ကိုကား မသိရှာကြချေ။ ဤကား မွေသဘာဝအကြောင်း အကျိုးအစစ်အမှန်ကို မသိမှု အဝိဇ္ဇာသဘောဖြစ်လေသည်။

အကြောင်းအကျိုး အစစ်အမှန်မှာ လောကီကုသိုလ်ပြုရာ တွင်အကြောင်းတရားငါးပါးတို့သည်တပေါင်းတည်းတပြိုင် နက် ပြည့်စုံစွာ ပါရှိသွား၏၊ပါရှိပုံကား-

အဝိဇ္ဇာ = မသိမှုဖြင့်
သင်္ခါရ = အားထုတ်၏
တဏှာ = ကုသိုလ်ပြုလျှင် ချမ်းသာသုခ
ကိုခံစားရလတံ့ ။
ဥပါဒါန် = ခံစားရမည်ကိုစွဲမြဲစွာယူလျက်
ကမ္မဘဝ = ကံကိုပြု၏။

ဤအကြောင်း ငါးပါးတို့သည် ကုသိုလ်ကံကို ပြုစဉ်က တပေါင်းတည်း တပြိုင်နက် ပြည့်စုံစွာဖြစ်၏။

ထိုအခါ အကျိုးဖြစ်သောဝိညာဏ်၊နာမ်ရုပ်၊သဠာယတန ဖဿ ဝေဒနာအားဖြင့် ငါးပါးသော ဓမ္မသဘာဝတို့သည် တပြိုင်နက် တပေါင်းတည်း ပြည့်စုံစွာ ဖြစ်ကြရပြန်၏။

ဤအကျိုးတရားငါးပါးမှ ဝိညာဏ်၊ နာမ်ရုပ်ဆိုသဖြင့် ခန္ဓာငါးပါးပင်ဖြစ်၏။ ခန္ဓာငါးပါး ရှိပြန်သော် ကုသိုလ် အကုသိုလ်ကိုပြုပြန်၏။ တဖန် အကျိုးတရား ငါးပါးဖြစ်ပြန်၏။ ဤကား သံသရာပေတည်း။ ၁၂-အကြောင်းနှင့် အကျိုး မျှသာဖြစ်သော ပဋိစ္စသမုပ္ပါဒ်ဓမ္မသဘာဝ ပေတည်း။

တဆင့်တက်၍ ဖေါ်ပြဦးအံ့။ဒုက္ခဖြစ်ရခြင်းမှာ အဝိဇ္ဇာနှင့် တဏှာဟူ၍ အထက်တွင် ဖေါ်ပြခဲ့ပြီးလေပြီ။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာ မကပ်ငြိစေရန် ကြိုးစားရပေမည်။

ယခုသော် ဒုက္ခကိုဖြစ်စေသော အဝိဇ္ဇာနှင့်တဏှာ ပါရှိသော ကုသိုလ်ကို ပြုပြန်၏။ ဤကား ငုပ်ကွယ်နေသော အချက်ကြီးပေတည်း။

ထို့ကြောင့် ကုသိုလ်ပြုရာတွင် အဝိဇ္ဇာနှင့် တဏှာမပါစေ ရန် အထူးသတိပြုရပေမည်။ တနည်းဆိုသော် ကုသိုလ်ပြုသည်

ဖြစ်စေ အလွှတ်နေသည်ဖြစ်စေ စိတ်တွင် အဝိဇ္ဇာနှင့်တဏှာ အပါအဝင်ဖြစ်သော အကုသိုလ်စေတသိက် ၁၄-လုံး မကာပဲငြိစေသဲ စိတ်နှင့် ကုသိုလ် စေတသိက် ၂၅-လုံးတို့ ထိုက်သည် အားလျော်စွာယှဉ်တွဲရှိနေရမည်ဖြစ်၏။ (ရှေ့ဒိဋ္ဌိဝိသုဒ္ဓိခန်းတွင် စိတ်၊ စေတသိက်၊ ရုပ်တို့ကို တွေ့ရှိရလတံ့)

ဘာသာပြန်တွင် "ဆဋ္ဌမူ"ကို ဖေါ်ပြရခြင်းမှာ ပါဠိတော်ကိုဖတ်ရှုခြင်းငှာ မစွမ်းသူတို့အတွက် ပိုမိုယုံကြည်စိတ်ချကြစေရန် ဖြစ်၏။ တဆင့်ဘက်သော် ထိုပါဠိတော် အမှတ်(၃) ဘာသာပြန်တွင်—

ဤပဋ္ဌပ္ပန်ဘဝ၌ အာယတနတို့၏
ရင့်ပြီးသည်၏အဖြစ်ကြောင့် တွေဝေမှု
မောဟသည် အဝိဇ္ဇာမည်၏။
အားထုတ်မှုသည် သင်္ခါရမည်၏။
တပ်မက်မှုသည် တဏှာမည်၏။

ဟူ၍ စသည်ဖြင့် လာရှိ၏။ ဤပါဠိတော်အရ ရှေ့ကဖြစ်ခဲ့သော အကြောင်းငါးပါးမှာသည်း အဝိဇ္ဇာခေါင်းဆောင်၏။ ယခုပဋ္ဌပ္ပန် အကြောင်း ငါးပါးမှာလည်း အဝိဇ္ဇာပင် ခေါင်းဆောင်သည်ဟု လာရှိလေသည်။

အဋ္ဌကထာ၌ကား ယခုပဋ္ဌုပ္ပန်အကြောင်း ငါးပါးတွင် တဏှာခေါင်းဆောင်သည်ဟူ၍ ရှင်းလင်း ဖေါ်ပြလေသည်။

ဤတွင် သိရှိရန်မှာ ဓမ္မသဘာဝ အမှန်သို့ ရောက်ရှိရန် ဆွေးနွေးကြသောအခါ တဦးသောပုဂ္ဂိုလ်က အဋ္ဌကထာ ဋီကာကို ကိုးကား၏။ ကျန်တဦးက ပါဠိတော်ကို ကိုးကား

၏။ ထိုနှစ်ဦးတွင် အဋ္ဌကထာ ဋီကာကို ကိုးသောပုဂ္ဂိုလ်က ပါဠိတော်ကို ဦးစားပေး ရလေသည်။

ဤတွင် ကျမ်းအကိုးအကားပြုရာတွင် ဤကား-ပါဠိတော်အလို ဤကား- အဋ္ဌကထာအလိုဟူ၍ ခွဲခြားသိရှိစေရန်နှင့် ပါဠိတော်ကို ဦးစားပေး၍ ဖော်ပြလိုက်ရခြင်း ဖြစ်လေသည်။

တဖန်တုံ ပဋိစ္စသမုပ္ပါဒ်နည်းတွင် အဝိဇ္ဇာကို ဦးစားပေးထားသော နည်းဖြစ်၏။ သစ္စာလေးပါး ဒေသနာတော်တွင်ကား တဏှာကို ဦးစားပေးထားသော နည်းဖြစ်၏။ အချို့ပါဠိတော်များတွင် အဝိဇ္ဇာနှင့်တဏှာကိုတွဲလျက် ဟောတော်မူ၏။သူ့နည်းနှင့်သူ၊သူ့နေရာနှင့်သူ ခွဲခြားသိအပ်လေသည်။ သမုဒယသစ္စာကို ပြောဟောရာတွင် ပရမတ္ထသစ္စာ မဝင်သင့်။ ထိုအတူ ပရမတ္ထသစ္စာ ပြောဟောရာတွင် သမုဒယသစ္စာ မဝင်သင့်။ သူ့နည်းနှင့်သူသာ ဖြစ်ရလေသည်။

## ပဋိစ္စသမုပ္ပါဒ်။

ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ စသော လောကီရေးသမားတို့၏ ခန္ဓာကိုယ်ကြီး ဖြစ်ပျက်နေပုံ ဓမ္မနိယာမကို သိရှိရန် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အထူးလေ့လာရပေမည်။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ သမ္မသနဉာဏ်ခန်းကို မဖော်ပြမီ ကပ်လျက် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ရှင်းပြတော်မူခဲ့လေသည်။

၎င်းကို နည်းမှီးလျက် အဋ္ဌကထာ ဆရာမြတ်သည် ဝိသုဒ္ဓိမဂ်၌ ဝိပဿနာ ဘာဝနာလုပ်ငန်းကို မဖော်ပြသေးမီ ပဋိစ္စသမုပ္ပါဒ် တရားတော်၏ သဘောသဘာဝတို့ကို ပညာဘူမိ

နိဒ္ဒေသခန်း၌ ခက်ခဲနက်နဲသော ပဋ္ဌာန်း ၂၄-ပစ္စည်း တရားတော်တို့ကိုပါ ထည့်သွင်းလျက် အသေးစိတ် ရှည်လျားစွာ ရှင်းလင်း ဖေါ်ပြထားလေသည်။

အဘယ်မျှ ရှည်လျားပါသနည်းဟူမူ ဝင်းဝိသုဒ္ဓိမဂ်၌လာရှိသော ပဋိစ္စသမုပ္ပါဒ်ပါဠိ၏ မြန်မာပြန်ဆိုချက်ကို ကောက်နုတ်ကာ ရိုက်နှိပ်ရသော် ဤကျမ်းစာအုပ်အရွယ်ဖြစ်ပါက စာမျက်နှာ ၂၀၀-ကျော်ခန့် ထွက်ရှိပေလိမ့်မည်။

ထိုမျှ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အဋ္ဌကထာ ဆရာမြတ်သည် ဦးစားပေးကာရှင်းလင်းဖေါ်ပြတော်မူလေသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဟောပြောရုံသာမက ဝိပဿနာ ဘာဝနာပွားများရေးအတွက်ပါ အနတ္တ မွေ့သဘာဝမြင်အောင်၊ ဝါ-အနုမာန သိဒ္ဓိအားဖြင့် သုညတဝိမောက္ခသို့ ဆိုက်အောင် လေ့လာအပ်လေသည်။ ပါဠိတော်ကို အလိုရှိပါမူ နိဒါန ဝဂ္ဂသံယုတ် ပါဠိတော်တွင် ဗိုမိုများပြားစွာ တွေ့ရှိနိုင်လေသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဝိပဿနာ ဘာဝနာပွားများရေးလုပ်ငန်းတွင် ဤမျှအရေးကြီးခြင်းကြောင့် လွယ်ကူစွာ သဘောပေါက်နိုင်ရန် ဤကျမ်းငယ်နှင့် လျော်သော ပါဠိတော် အဋ္ဌကထာတို့၌ လာရှိသည်တို့ကို အနည်းငယ် ထပ်မံဖေါ်ပြပေဦးအံ့။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဟောတော်မူရာဝယ် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမပါမရှိ။ ကိုင်တွယ်တွေ့ထိ၍မရ။ ပညာမျက်စိဖြင့်သာ အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ သိအပ်လေသည်။

| | |
|---|---|
| အင်္ဂါ | ၁၂-ပါး |
| မူလ | ၂-ပါး။ |
| အစပ် | ၃-ပါး။ |
| ကာလ | ၃-ပါး။ |
| ဝဋ် | ၃-ပါး။ |
| အလွှာ | ၄-လွှာ။ |
| ခြင်းရာ | ၂၀- |
| နည်း | ၄-ပါး။ |

အထက်ပါ အင်္ဂါအစိတ်အပိုင်းတို့ကို ရှင်းလင်းရန် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မှတ်သားရပေလိမ့်မည်။ ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဒသဗလဝဂ် ဒုတိယသုတ်၌ လာရှိသည်ကို မှတ်သားပေအံ့။

| | | |
|---|---|---|
| ၁။ | ဇာတိ ရူပံ | ဇာတိ ရူပဿ သမုဒယော<br>ဇာတိ ရူပဿ အတ္ထင်္ဂမော။ |
| ၂။ | ဇာတိ ဝေဒနာ | ဇာတိ ဝေဒနာယ သမုဒယော<br>ဇာတိ ဝေဒနာယ အတ္ထင်္ဂမော။ |
| ၃။ | ဇာတိ သညာ | ဇာတိ သညာယ သမုဒယော<br>ဇာတိ သညာယ အတ္ထင်္ဂမော |
| ၄။ | ဇာတိ သင်္ခါရာ | ဇာတိ သင်္ခါရာနံ သမုဒယော<br>ဇာတိ သင်္ခါရာနံ အတ္ထင်္ဂမော။ |
| ၅။ | ဇာတိ ဝိညာဏံ | ဇာတိ ဝိညာဏဿ သမုဒယော<br>ဇာတိ ဝိညာဏဿ အတ္ထင်္ဂမော။ |

ဘာသာပြန်။ ။၁။ဤသည်ကား-ရုပ်တည်း။ဤသည်ကား ရုပ်၏ဖြစ်ကြောင်းတည်း။ ဤသည်ကား ရုပ်၏ချုပ်ရာတည်း။

၂။ ဤသည်ကား-ဝေဒနာတည်း၊ဤသည်ကား-ဝေဒနာ၏ဖြစ်ကြောင်းတည်း၊ဤသည်ကား-ဝေဒနာ၏ချုပ်ရာတည်း။

၃။ ဤသည်ကား-သညာတည်း။ဤသည်ကား-သညာ၏ဖြစ်ကြောင်းတည်း။ဤသည်ကား-သညာ၏ချုပ်ရာတည်း။

၄။ ဤသည်ကား— သင်္ခါရတို့တည်း။ ဤသည်ကား-သင်္ခါရတို့၏ဖြစ်ကြောင်းတည်း။ ဤသည်ကား—သင်္ခါရတို့၏ချုပ်ရာတည်း။

၅။ ဤသည်ကား- ဝိညာဏ်တည်း။ ဤသည်ကား-ဝိညာဏ်၏ ဖြစ်ကြောင်းတည်း။ ဤသည်ကား-ဝိညာဏ်၏ချုပ်ရာတည်း။

ဤတွင် သတိပြုရန်မှာ

ပဌမ အချက်ကား ယောဂီသည် ရုပ်နှင့်နာမ်ကို ပိုင်နိုင်စွာ သိရမည်။ဝါ-နာမရူပ ပရိစ္ဆေဒဉာဏ်ကိုပိုင်နိုင်စွာသိရမည်ကို ဆိုလိုသည်။ ဒုတိယအချက်ကား-ထိုရုပ်နာမ် ၂-ပါး၊ ခန္ဓာ၎ါးပါးသည် အဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် ဖြစ်ရသည်ကို သိစေလို၏။ တတိယအချက်ကား-အဝိဇ္ဇာမဖြစ်ပေါ်လာခြင်းကြောင့် ခန္ဓာ ၅-ပါး ချုပ်ငြိမ်း၏ ဆိုသည်ကို သိစေလို၍ ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ-

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊
ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊
ဣမသ္မိံ အသတိ ဣဒံ နဟောတိ၊
ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ။

ဘာသာပြန်။ ။ဤသို့လျှင် ဤအကြောင်း တရားသည် ရှိခဲ့သော် ဤအကျိုးတရားသည် ဖြစ်၏။

ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏။

ဤအကြောင်းတရားသည် မရှိခဲ့သော် ဤအကျိုးတရားသည် မဖြစ်။

ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုးတရား ချုပ်၏။

ယဒိဒံ အဝိဇ္ဇာပစ္စယာ သင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ။ပ။ဧဝ
မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ။

ဘာသာပြန်။ ။ယင်းသို့ အကြောင်းအကျိုး ဖြစ်ပုံ၊ချုပ်ပုံကို မသိမှု အဝိဇ္ဇာအကြောင်းခံကြောင့် ပြုပြင်စီရင်မှုသင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ ။ပ-။(စာမျက်နှာ ၁၂၅အတိုင်းပင်)

ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသည်တို့ပြုတ်ရန် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပိုင်ရလေသည်။ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပိုင်ရမည် ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အင်္ဂါ ၁၂-ပါး၊ မူလ ၂-ပါး၊ အစပ် ၃-ပါး၊ ကာလ ၃-ပါး၊ အလွှာ ၄-လွှာ၊ ခြင်းရာ ၂၀တို့ကိုအနက်အဓိပ္ပါယ်နှင့်တကွ မွေ့သဘာဝကို သဘောပေါက်အောင် သိရှိရခြင်းသည်လည်း ပစ္စယ ပရိဂ္ဂဟဉာဏ်တွင် တပါး အပါအဝင်ဖြစ်လေသည်။

### သတိပေး
### တိုက်တွန်းချက်

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ရှင်သာမဏေ တိုင်း ရှင်သာမဏေတိုင်း ရရှိကြလေသည်။ ဤ ကား-ဘုန်းတော်ကြီး ကျောင်းများ၏ ဂုဏ်ကျေးဇူးပေတည်း။ ဆိုလိုရင်းကား အရ ကျက်ဆောင်ထားရန်ဖြစ်၏။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်ရှိရေးမှာ ယခုကျောင်းသူ ကျောင်းသားများ လက်တွင် တည်ရှိရကား—၎င်းတို့အား ဝန်မလေးစေသော နည်းတို့ဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် စသည်တို့ကို အကြမ်းသဘော သင်ကြားပြသပေးထားရပေမည်။(သင်္ဂြိုဟ် ကျမ်းကို သင်ပေးရမည်မဆိုလို။ ၎င်းတို့အတွက် ဝန်လေး လတံ့။)

ငယ်ရွယ်စဉ်က စိတ်နှင့် စေတသိက်ကိုမျှ မသင်ခဲ့ရခြင်း ကြောင့် ကြီးလာသောအခါ နိုင်ငံခြားမှ C. G. JUNG စီဂျီယန်း အစရှိသော စိတ်ပညာ ဆရာများရေး သားသော (Psychology) ဆိုင်ကိုလိုဂျီခေါ် စိတ်ပညာစာအုပ်များကို အလွန်အထင်ကြီးသည်ကို တွေ့ရလေသည်။

ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းများကို သင်ကြားခဲ့ဘူးသော ပုဂ္ဂိုလ်တို့အတွက်ကား ၎င်းစိတ်ပညာဆရာတို့အား စကား မပီဘပီ၊ စကားသင်စ ချာတိတ် ကလေးမျာ တေကလေး များ စိတ်ပညာစကားကို ပြောသည် ဟု သဘောထား ရှိကြ လေသည်။

ဗုဒ္ဓဘာသာဝင်တဦး၏ အထွတ်အထိပ် လုပ်ငန်းမှာ ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်း ဖြစ်လေသည်။ ထိုလုပ်ငန်းအစမှာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ဖြစ်လေသည်။

ထိုဉာဏ် ၂-ပါးမှာ ခက်သည်မဟုတ်ချေ။ စာသံ၊ ပေသံ၊ ပါဠိသံ ပါနေခြင်းကြောင့်သာ ခက်သည်ဟု ထင်နေကြရခြင်း ဖြစ်လေသည်။ ထိုဉာဏ် ၂-ပါးကို အကြမ်းအားဖြင့် ပိုင်နိုင်ပါလျှင် ထိုကျောင်းသူ ကျောင်းသားသည်-

သဿတ ဒိဋ္ဌိ

ဥစ္ဆေ ဒိဋ္ဌိ

သက္ကာယ ဒိဋ္ဌိ

အတ္တ, အနတ္တ

စသော ဓမ္မသဘာဝတို့ကို ရှက်ကြမ်းရေချိုအားဖြင့် သဘောပေါက်နိုင်သေပြီ၊ ဘာသာခြား အယူဝါဒကို ယက်မခံနိုင်တော့ပြီ။

ဗုဒ္ဓဘာသာဝင် ဖြစ်၍ ဤဝိပဿနာ ဘာဝနာပညာကို ရရှိခြင်းသည် အမှန်အမြတ်ဆုံး အထွတ်အထိပ် အဖြစ်ဆုံး အသိအနှစ်သာရပေတည်း။ တဆူတဆူသော ဗုဒ္ဓမြတ်စွာတို့ ပွင့်တော်မူပါမှ ခံစားရရှိသောတရားအရသာကြီးပေတည်း။

ဤတွင် သတိပေးတိုက်တွန်းချက်ကို ရပ်တန့်လျက် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး အဓိပ္ပါယ်ကို ဆက်လက်ဖော်ပြပေအံ့။

အဓိပ္ပါယ်သဘော

၁။ အဝိဇ္ဇာ = ဒုက္ခကို ကျနစွာ မသိမှု၊

ဒုက္ခ၏ဖြစ်ကြောင်းကိုမသိမှု၊
ဒုက္ခ၏ ချုပ်ရာကို မသိမှု၊
ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို မသိမှု။
(မောဟ)

၂။ သင်္ခါရ = ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ၊ (လှူ စည်း စိမ်၊ နတ် စည်း စိမ်၊ ဗြဟ္မာ့ စည်း စိမ် ကို ခံ စား လို၍ ကုသိုလ်ပြုခြင်း၊ နွားသတ်၊ ဆိတ်သတ်၍ ယစ် ပူဇော် ခြင်း၊ နွား၊ ဝက်၊ ကြက်တို့ကို သတ်၍ အလှူပေးခြင်း။)

၃။ ဝိညာဏ် = စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှာ ဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနောဝိညာဏ်၊ (ဝိညာဏက္ခန္ဓာ-နာမ်တရား။)

၄။ နာမ်ရုပ် = စေတသိက် ၅၂-ပါးနှင့် ရုပ် ၂၈-ပါး။ (စေတသိက်တို့မှ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ နာမ် ခန္ဓာ ၃-ပါးရ၏။ ရုပ် ၂၈-ပါးမှ ရူပက္ခန္ဓာရ၏။)

၅။ သဠာယတန= စက္ခာယတန၊ သောတာ ယတန၊ ဃာနာယတန၊ ဇိဝှာယတန၊

ကာယာယတန၊ မနာယတန။

၆။ ဖဿ = စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယ သမ္ဖဿ၊ မနောသမ္ဖဿ။

၇။ ဝေဒနာ = စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာ သမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ။

၈။ တဏှာ = ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။

၉။ ဥပါဒါန် = ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

၁၀။ ဘဝ = ကမ္မဘဝ၊ ဥပ ပတ္တိဘဝ။

၁၁။ ဇာတိ = ခန္ဓာအသစ်ဖြစ်ခြင်း။

၁၂။ ဇရာမရဏ = ခန္ဓာ-၅-ပါး ရင့်ယော်ခြင်း၊ ခန္ဓာ ၅-ပါးပျက်ခြင်း။

အင်္ဂါ-၁၂-ပါး။

အထက်တွင် ဖေါ်ပြအပ်သောအမှတ်၁-အဝိဇ္ဇာမှ အမှတ် ၁၂-ဇရာမရဏအထိမှာ ပဋိစ္စသမုပ္ပါဒ် တရားတော်၏ အင်္ဂါ ၁၂-ပါးမည်၏။ ၎င်းတို့မှာ အမှုံ့အမွှားသဏ္ဌာန်လုံးဝမရှိ၊ ကိုင်တွယ်တွေ့ထိ နမ်းရှု၍မရ၊ ပရမတ္ထဓမ္မသဘာဝသက်သက်

ကို ပညာမျက်စိဖြင့်သာ သိမြင်နိုင်ခြင်းကို စွဲမြဲစွာမှတ်ယူထား ပါလေ။ ဝိပဿနာ ဘာဝနာလုပ်ငန်းသည် ပညာမျက်စိ လုပ်ငန်းသက်သက်ဖြစ်၏။

မူလတရား ၂-ပါး။

လက်သန်း အဌကထာကျမ်းပစ္စည်းပိုင်း၌ လာရှိသည်မှာ-
အဝိဇ္ဇာ တဏှာဝသေန
ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ။

မူလတို့ကို အဝိဇ္ဇာနှင့် တဏှာအစွမ်းဖြင့် ၂-ပါးအပြားရှိ၏ဟူ၍ သိအပ်ကုန်၏ဟု လာရှိရကား အဝိဇ္ဇာနှင့်တဏှာမှာမူလ တရားနှစ်ပါးဟု သိသင့်လေပြီ။ အဝိဇ္ဇာသည် ပုဗ္ဗန္တဘဝစက်၏ မူလမည်၏။ တဏှာသည် အပရန္တ ဘဝစက်၏ မူလမည်၏။

အစပ် ၃-ပါး

၁။ သင်္ခါရနှင့် ဝိညာဏ်အကြားသည် အစပ် တစပ်။
၂။ ဝေဒနာနှင့် တဏှာအကြားသည် အစပ် တစပ်။
၃။ ဘဝနှင့် ဇာတိအကြားသည် အစပ် တစပ်။ ဤသို့လျှင် အစပ် ၃-ပါး ဖြစ်လေသည်။

ကာလ ၃-ပါး။

၁။ အဝိဇ္ဇာနှင့် သင်္ခါရသည် အတိတ်ကာလ။
၂။ ဇာတိနှင့် ဇရာမရဏသည် အနာဂတ်ကာလ။
၃။ ကျန်ရှစ်ပါးဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်ဘဝတို့သည် ပစ္စုပ္ပန်ကာလမည်၏။ ဤကား-ကာလ ၃-ပါးတည်း။

ဝဋ္ဋ ၃-ပါး။

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဤ ၃-ပါးတို့သည် ကိလေသဝဋ္ဋ။

၂။ သင်္ခါရနှင့် ကမ္မဘဝ ဤ ၂-ပါးသည် ကမ္မဝဋ္ဋ။

၃။ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိဇရာမရဏ ဤရှစ်ပါးတို့သည် ဝိပါကဝဋ္ဋ မည်၏။

ဤတွင် "ဘဝ" ကို ကမ္မဘဝ၊ ဥပပတ္တိဘဝဟူ၍ နှစ်ပါး ပြုထားလေသည်။ ဤသည်တို့သည် ဝဋ္ဋ ၃-ပါးဖြစ်၏။

အလင်္ကာ ၄-လင်္ကာ။

၁။ အဝိဇ္ဇာနှင့် သင်္ခါရသည် တလင်္ကာ။

၂။ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ သည် တလင်္ကာ။

၃။ တဏှာ၊ ဥပါဒါန် ဘဝသည် တလင်္ကာ။

၄။ ဇာတိ ဇရာမရဏသည် တလင်္ကာ။ ဤသည်လျှင် အလင်္ကာ ၄-လင်္ကာ ဖြစ်၏။

ခြင်းရာ ၂၀။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ဘဝ ဤ ၅-ပါးသည် အတိတ်အကြောင်း ၅-ပါး။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန်အကျိုး၅-ပါး။ဤသည်ကိုပုဗ္ဗန္တဘဝစက်ဟုခေါ်ဆို၏။

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊သင်္ခါရ ဤ၅-ပါးသည် ပစ္စုပ္ပန်အကြောင်း ၅-ပါး။

ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာသည် အနာဂတ်အကျိုး ၅-ပါး။ ၎င်းတို့ကို အပရန္တ ဘဝစက်ဟုခေါ်ဆို၏။

ယင်းအတိတ်အကြောင်း ၅-ပါး၊ ပစ္စုပ္ပန်အကျိုး ၅-ပါး၊ ပစ္စုပ္ပန် အကြောင်း ၅-ပါး၊ အနာဂတ်အကျိုး ၅-ပါး၊ ဤ ၅-ပါး လေးလီသည် ခြင်းရာ ၂၀-မည်၏။ (ဤတွင် အနာဂတ်အကျိုး ၅-ပါးကို ယူသော အခါ အနာဂတ် ဖြစ်သော ဇာတိ၊ ဇရာမရဏ ၂-ပါးကိုပါ ထည့်သွင်းလျက် အနာဂတ် ၇-ပါး ရှိလေသည်)

နည်း ၄-ပါး။

ဝိသုဒ္ဓိမဂ် ပညာဘူမိနိဒ္ဒေသ၌ ပဋိစ္စသမုပ္ပါဒ် တရား အင်္ဂါ ၁၂-ပါးကို နည်း ၄-ပါးတို့ဖြင့် ဝိုင်းခြားဝေဖန် ဆင်ခြင်ပွားများရန် လာရှိလေသည်။ ၎င်းနည်း ၄-ပါးသည် ဝိပဿနာဉာဏ် သန့်ရှင်းစင်ကြယ်မှု အတွက် အလွန်အကျိုး အထူး ကျေးဇူးများသော နည်း ၄-ပါးဖြစ်လေသည်။ ၎င်း ၄-ပါးတို့သည်ကား—

၁။ ဧကတ္တနည်း = တူသော အဖြစ်ရှိခြင်း။
၂။ နာနာတ္တနည်း = မတူသောအဖြစ်ရှိခြင်း။
၃။ အဗျာပါရနည်း = အားထုတ်မှု မရှိခြင်း။
၄။ ဧဝံဓမ္မတာနည်း = အဝိဇ္ဇာ စသော ဓမ္မသဘာဝ သဘော တရားများသာ ဖြစ်နေခြင်း။

ဤသို့ နည်း ၄-ပါးတို့ဖြင့် ရှုရာတွင် မိမိကိုယ်ဟု ခေါ်ဆိုအပ်သော ခန္ဓာ ၅-ပါးကို ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ရုပ်တရား ၂၈-ပါး၊နာမ်တရား ၅၃-ပါး၊စုစုပေါင်း

ဓမ္မသဘာဝ ခေတ် ၈၁-ပါးသာ ရှိသည်အထိ ခွဲခြမ်းစိတ်ဖြာ ခြေမှုန်း ပစ်ရမည်။

ဤအချိန်တွင် အများအားဖြင့် ဖြစ်တတ်သည်မှာ မိမိက စာ၌လာသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးကို ခွဲခြမ်း စိတ်ဖြာ ဆင်ခြင်သုံးသပ် နေတတ်ကြလေသည်။

ဤအချိန်တွင် အမှန်စင်စစ် ဖြစ်ရမည်မှာ ငါ-မပါ၊ ငါ-က ဆင်ခြင် သုံးသပ်သည် မဟုတ်။ (သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ) သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ဆင်ခြင် သုံးသပ် နေခြင်း ဖြစ်လေသည်။ ယင်းသို့ သဘာဝကျအောင် အထူး သတိပြုရမည်။ ဆင်ခြင် သုံးသပ်ပုံကား—

ကေတ္တနည်း။ ။ပဋိစ္စသမုပ္ပါဒ်၌လာသော အင်္ဂါ ၁၂-ပါး ကို အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရ တို့သည် ဖြစ်၏။ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏။ ဤသို့ ဓမ္မသဘာဝတို့သည် အဆင့်ဆင့် ဒလစပ် ဖြစ် ခြင်းကို ဆင်ခြင် သုံးသပ်နေခြင်းသည် ကေတ္တ နည်းမည်၏။

ယင်းသို့ အကြောင်းအကျိုးမပြတ် ဒလစပ် ဖြစ်နေခြင်းကို ဆင်ခြင်သုံးသပ်သော် သေလျှင်ပြီးသည်ဆိုသော ဥစ္ဆေဒဒိဋ္ဌိ အယူကို စွန့်၏။

နာနတ္တနည်း။ ။အဝိဇ္ဇာ၏သဘောကား မသိမှု၊သင်္ခါရ ၏ သဘောကား ယောကိကုသိုလ်, အကုသိုလ်တို့ကို ပြုမှု ဤသို့လျှင် အင်္ဂါ ၁၂-ပါးတို့မှာ တပါးနှင့် တပါးမတူ ခြားနား ကွဲပြားသော သဘောလက္ခဏာ ရှိခြင်းကို ဆင်ခြင် သုံးသပ်သော် (အင်္ဂါ ၁၂-ပါးတွင် တပါးနှင့်တပါး မတူ သောကြောင့်) သဿတဒိဋ္ဌိ အယူကို စွန့်၏။

အဗျာပါရနည်း။ ။အဝိဇ္ဇာ သင်္ခါရ တို့သည် ဖြစ်စေသတည်း။ သင်္ခါရ သင်္ခါရ တရားတို့က ဝိညာဏ်သည် ဖြစ်စေသတည်းဟု အားထုတ်မှု၊ ကြောင့်ကြ စိုက်မှု အနည်းငယ်မျှ မပါမရှိချေ။ ဤသို့ ကြောင့်ကြစိုက်မှု မပါရှိခြင်းကို ဆင်ခြင်သုံးသပ်သော် (အားထုတ်မှု မပါရှိ ခြင်းကြောင့်) အဗျာ ဒိဋ္ဌိ အယူကို စွန့်၏။

ဝေံဓမ္မတာနည်း။ ။နွားနို့ အကြောင်းတရားမှ ဒိန်ချဉ် အကျိုး တရားသာ ဖြစ်၏။ အခြားတပါးသော အကျိုးကို မဖြစ်စေနိုင်။ ထို့အတူ အဝိဇ္ဇာ အစရှိသော အကြောင်းတရား တို့ကြောင့် သင်္ခါရ အကျိုးတရားတို့သာလျှင် ဖြစ်သင့်သည် အားလျော်စွာ ဖြစ်၏။ ယင်းသို့ အကြောင်းတရားနှင့် အကျိုး တရားတို့ လျော်စွာသာလျှင် ဖြစ်ခြင်းကို ဆင်ခြင် သုံးသပ် သော် (အကြောင်းမရှိဆိုသော) အဟေတုက ဒိဋ္ဌိနှင့် အကျိုး ကို ပြုပြင် စီရင်တတ်သော အကြောင်းမရှိဆိုသော အကိရိယ ဒိဋ္ဌိတို့ကို စွန့်၏။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် တရားတော်၏ ဓမ္မ သဘာဝကို ပိုင်နိုင်ကျွမ်းကျင်စွာ အင်္ဂါ ၁၂-ပါးမှ အစပြု၍ နည်း ၄-ပါး အထိ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင် သုံးသပ်သော် အနုမာန သိဋ္ဌိအားဖြင့် သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ အဗျာဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ တို့ကို ဖယ်ရှားသုတ်သင် နေခြင်းဖြစ်လေ သည်၊

ထိုမျှမကသေး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ယုံကြည် လျက် ဆင်ခြင် သုံးသပ်နေခြင်းသည် ဘုရား၌ ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သံဃာ၌ ယုံကြည်ခြင်း၊ အကျင့်၌

ယုံကြည်ခြင်း၊ ပဋ္ဌိစ္စသမုပ္ပါဒ် စသည်တို့၌ ယုံကြည်ခြင်းတို့မှာ ထင်ရှားရှိရကား ထိုပုဂ္ဂိုလ်တွင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်၍ နေခြင်းမှာ ထင်ရှားပြန်တော့၏။

ဝိသုဒ္ဓိမဂ်, ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်း၌ ယင်းသို့ ယုံမှားခြင်း ကင်းစင်လျက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်နေသော ပုဂ္ဂိုလ်သည် စူဠသောတပန် အဖြစ်၌ တည်လျက်ရှိ၏ဟု လာရှိလေသည်။

ဒိဋ္ဌိဝိသုဒ္ဓိခန်းကို ကြေညက်စွာ လေ့ကျင့် ထားသော ပုဂ္ဂိုလ်သည် ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အထက်တွင် ဖေါ်ပြခဲ့သော နည်းတို့ဖြင့် ဆင်ခြင် သုံးသပ်သော အခါ လူမရှိ၊ သတ္တဝါမရှိ၊ နာမ်ရုပ် ၂-ပါးသည် အင်္ဂါ ၁၂-ပါး အားဖြင့် အပြန်ပြန် အလှန်လှန် ဖြစ်ပျက်နေခြင်းတို့ကို ထင်ရှားစွာ တွေ့မြင်ရ၏။ ၎င်းတို့မှာ ဒလစပ် မရပ်မနား ဖြစ်ပျက်နေခြင်းကြောင့် သုခဟူသည် အနည်းငယ်မျှ မပါမရှိ၊ ဒုက္ခ အတိသာဖြစ်၍ ထိုအပြန် အလှန်ဖြစ်နေသော အင်္ဂါ ၁၂-ပါး မှာ လူမဟုတ်၊ ကိလေသာဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋသုံးပါးသာ ရှိသည်ကို ထင်ရှားစွာ တွေ့မြင်ရပြန် လေ သည်။

## လယ်တီဆရာတော်။

ဤတွင် လယ်တီဆရာတော် ရေးသားအပ်သော ပဋ္ဌိစ္စ သမုပ္ပါဒ ဒီပနီကျမ်း၌ လာရှိသော လင်္ကာမှာ ခေတ်ပုဂ္ဂိုလ် များနှင့် သင့်လျော်သောကြောင့် လွယ်ကူစွာ သဘောပေါက် ၍ ကျက်မှတ် ရွတ်ဆိုနိုင်ရန် အောက်တွင် ဖေါ်ပြပါ၏။

ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊
ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ခတ်မှန်ထုတ်

သော်၊ နာမ်ရုပ်-နှစ်သင်း၊ အမြင်လင်းသော့၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆဲ့နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တစ်လည်လည်၊ ဝတ်နွယ်စည်၍၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက် ဒုက္ခ၊ အမှန်ရသည်- ဘဝဤကိုယ်၊ ဖြစ်ထုံးတည်းဟု အဆိုရှိလေသည်။

အဝိဇ္ဇာယထော္ဝ။

လူသတ္တဝါဟု ခေါ်ဆို အပ်သော ဓမ္မ သဘာဝကို ပဋိစ္စသမုပ္ပါဒ် နည်းတို့ဖြင့် ဆင်ခြင် သုံးသပ် လိုက်သောအခါ လူမဟုတ်၊ သတ္တဝါမဟုတ်၊ နာမ်-ရုပ် နှစ်ပါးတို့သည် ကိလေသာဝဋ် ဖြစ်လိုက်၊ ကမ္မဝဋ်ဖြစ်လိုက်၊ ဝိပါကဝဋ် ဖြစ်လိုက်၊ ဤသို့လျှင် ဝဋ် ၃-ပါးတို့သည် အစဉ်လိုက် လှည့်လည်ဖြစ်ပျက်နေသည်ကို တွေ့ရှိရလေသည်။ ထို့ကြောင့် သူမြတ်တို့သည် ထိုဝဋ် ၃-ပါးမှ ကင်းလွတ်ရပါလို၏ဟု ဆုတောင်းကြ၏။ ထိုဝဋ်သုံးပါးမှ လွတ်ကင်းရန်လည်း ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ကြခြင်း ဖြစ်လေသည်။

ဤမှတဖန် အထက်တွင်ဖေါ်ပြအပ်သော ပါဠိတော်၌ ထိုဝဋ်ဆင်းရဲအပေါင်းတို့မှ ကင်းလွတ် လိုလျှင် အဝိဇ္ဇာတခုတည်းကို ပယ်ဖြတ်လိုက်ပါက ကင်းလွတ်နိုင်ပုံကို ရှင်တော်ဘုရားသည် အောက်ပါအတိုင်း ဆက်လက် ဟောတော်မူလေသည်။

အဝိဇ္ဇာယတွေဝ အသေသ
ဝိရာဂနိရောဓာ သင်္ခါရနိရောဓော
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော
ဝိညာဏနိရောဓာ နာမရူပနိရောဓော

နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝ နိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ-ဟူ၏။

အဝိဇ္ဇာ ၏ သာ လျှင် တပ်
ခြင်း ကင်းသဖြင့် အကြွင်းမဲ့

| | ချုပ်ခြင်းကြောင့် | သင်္ခါရတို့ | ချုပ်၏ |
|---|---|---|---|
| သင်္ခါရတို့ | ။ | ဝိညာဏ် | ။ |
| ဝိညာဏ် | ။ | နာမ်-ရုပ် | ။ |
| နာမ်-ရုပ် | ။ | သဠာယတန | ။ |
| သဠာယတန | ။ | ဖဿ | ။ |
| ဖဿ | ။ | ဝေဒနာ | ။ |
| ဝေဒနာ | ။ | တဏှာ | ။ |
| တဏှာ | ။ | ဥပါဒါန် | ။ |
| ဥပါဒါန် | ။ | ဘဝ | ။ |
| ဘဝ | ။ | ဇာတိ | ။ |
| ဇာတိ | ။ | ဇရာ မရဏ သောက | |

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ အလုံးစုံ ထိုဒုက္ခဆင်းရဲအစုတို့သည် ချုပ်ကုန်၏ ဟူ၍ ရှင် တော် ဘု ရား သည် ဆက် လက် ဟော ကြား တော် မူ လေသည်။

ဤဒေသနာတော်အရ အဝိဇ္ဇာကို ပယ်သတ်သော် ကျန် အားလုံး ချုပ်ငြိမ်းသွားသည်ကို ဟောတော်မူ၏။ အဝိဇ္ဇာ ချုပ်ငြိမ်းသဖြင့် တဏှာချုပ်ငြိမ်းသည်ကိုလည်း သိအပ်၏။ ဤ တွင်ကား ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အဝိဇ္ဇာကို မူတည်၍ ဟော တော်မူ၏။ သစ္စာ ၄-ပါး နည်းဖြင့် ဟောတော်မူရာဝယ် တဏှာကို မူတည်၍ ဟောတော်မူ၏။

မည်သို့ပင်ဖြစ်စေတဏှာပယ်သတ်နည်းမှာလည်းဝိပဿနာ ဘာဝနာ ပွားများရေးပင် ဖြစ်လေသည်။အဝိဇ္ဇာကို ပယ်သတ် နည်းမှာလည်း ဝိပဿနာ ဘာဝနာ ပွားများရေးပင်ဖြစ်လေ သည်။ ထိုမှတပါး မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည့်တို့ကိုပယ်သတ် ရန်မှာလည်း ဝိပဿနာဘာဝနာ ပွားများရေးပင် ဖြစ်လေ သည်။

ထိုမျှမကသေး၊ နေယျပုဂ္ဂိုလ်တို့အတွက် ဆိုသော် သစ္စာ ၄-ပါးနည်းဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်နည်းဖြစ်စေ၊ မဟာသတိ ပဋ္ဌာန်နည်းဖြစ်စေ၊ ပဋိသမ္ဘိဒါမဂ်နည်းဖြစ်စေ၊ ဝိသုဒ္ဓိမဂ် နည်းဖြစ်စေ၊ သမထယာနိကနည်းဖြစ်စေ မည်သည့်နည်းမဆို နောက်ဆုံး အလုပ်လုပ်ရန်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ဝိပဿနာဘာဝနာ ပွားများရေးပင်ဖြစ်လေသည်။

စာမျက်နှာ ၁၅၃-၌“ဉာတိရူပံ ဉာတိရူပဿ သမုဒယော” အစရှိသော ပဋိစ္စသမုပ္ပါဒ်ပါဠိတော်ကိုမူတည်၍ အကြောင်း

အကျိုးမျှသာဖြစ်သော ဓမ္မနိယာမတရားတော်ကို ရှင်းလင်း ဖော်ပြခဲ့၏။

ယင်းပဋိစ္စသမုပ္ပါဒ် ပါဠိတော်အတွက် နိဂုံးချုပ်ရသော် ဤသို့"အဝိဇ္ဇာ"ရှိသော် ဤသို့ ဒုက္ခဆင်းရဲသည် ဖြစ်၏။

ဤသို့"အဝိဇ္ဇာ"မရှိသော် အဝိဇ္ဇာချုပ်ခြင်းကြောင့် ဒုက္ခဆင်းရဲ အပေါင်းတို့သည် ချုပ်ငြိမ်းကုန်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည်။

## အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ။

အထက်တွင် ဒုက္ခဖြစ်ရခြင်း၏ အကြောင်းဖြစ်သော တဏှာနှင့်အဝိဇ္ဇာကို ခွဲခြားဖော်ပြခဲ့ပြီးပြီဖြစ်ရာ ဤယခုသော် တဏှာနှင့် အဝိဇ္ဇာ ပူးတွဲဆောင်ရွက်ကြပုံကို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဂဒ္ဒုလသုတ်၌၎င်း၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အနမတဂ္ဂသံယုတ်ဝေပုလ္လသုတ်၌၎င်း၊ ထိုမှမက ပါဠိတော် အရပ်ရပ်တို့၌၎င်း လာရှိသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော
ပုဗ္ဗကောဋိ န ပညာယတိ
အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ
တဏှာ သညော ဇနာနံ သန္ဓာဝတံ သံသရတံ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊သတ္တဝါတို့၏ ဖြစ်စဉ်ဟူသော ဤသံသရာကြီးသည် မသိအပ်၊ မသိနိုင်သော အစရှိ၏။ အဝိဇ္ဇာ နီဝရဏသည် မှောင်လုံးဖြင့် ဖုံးလွှမ်းအပ်ကုန်လျက်

တဏှာသံယောဇဉ်ကြိုးတို့ဖြင့် ချည်နှောင်သည်ဖြစ်၍ ဤလူ့ဘဝမှသည် ထိုတပါးသောဘဝသို့ရင်း၊ ထိုတပါးသောဘဝမှသည် ဤလူ့ဘဝသို့ရင်း တပြောင်းပြန်ပြန် ကျင်လည်ပြေးသွား၍ နေကြရသော သတ္တဝါတို့၏ရှေ့အစွန်းသည်မထင်။ ဤနေရာ ဤဒွါနကစ၍ ဖြစ်သည်ဟု မသိနိုင်ဟူ၍ဟောတော်မူလေသည်။

ဤပါဠိတော်အရ သတ္တဝါဟု ခေါ်ဆိုနေသော ဒုက္ခအစုကလေး ထွက်မပြေးနိုင်ရန် "အဝိဇ္ဇာ"က မှောင်ချဖုံးကွယ်ပေးသောကိစ္စကို ဆောင်ရွက်လျက် "တဏှာ"က ကြိုးတို့ဖြင့် ချည်နှောင်သောကိစ္စကို တသီးတခြားစီ တာဝန်ယူ၍ဆောင်ရွက်ခြင်းကို ထင်ရှားတော်မူစေ၏။

သုတမယဉာဏ်။

အထက်တွင် ဖေါ်ပြခဲ့သော ပါဠိတော် အရပ်ရပ်တို့ကို ထောက်ဆလျက် လောကဓာတ်ကြီး တရပ်လုံးတွင် သခ်တဓာတ် နှင့် အသခ်တဓာတ် နှစ်ပါးသာရှိလေသည်။ ထိုနှစ်ပါးမှာ "ဒုက္ခ"နှင့် "သုခ"ပင် ဖြစ်၏။ ၃၁-ဘုံဆိုသော စကားမှာလည်း ဒုက္ခအတိသာဖြစ်၏။

စိတ်၊စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဆိုသည်တို့မှာ ဝါ-သခ်တဓာတ်နှင့် အသခ်တဓာတ် ဆိုသည်တို့မှာ ဒုက္ခဆင်းရဲနှင့် သုခချမ်းသာတို့၏ အမည်မျှသာတည်း။

ထို့ကြောင့် မိမိသည်ရင်း၊ သူသည်ရင်း၊ သူမသည်ရင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဟူသမျှတို့သည်ရင်း ဒုက္ခဆင်းရဲ

အတိမှုသာဖြစ်ခြင်းကို သိမှတ်ထားရန်မှာ အရေးအကြီးဆုံး ဖြစ်လေသည်။ ဤသို့ မသိရှိနိုင်ရခြင်းအကြောင်းရင်းမှာလည်း မောဟခေါ်သော အဝိဇ္ဇာမှောင်၏ သတ္တိကြီးပေတည်း။

ထိုအဝိဇ္ဇာမှောင်ကြီးကို ဖြိုခွင်းနိုင်ရန်မှာ ဝိပဿနာ ဘာဝနာပွားများခြင်းမှတပါး အခြားမရှိချေ။

အဝိဇ္ဇာမှောင်ကို ဖြိုခွင်းရေးအတွက် ဝိပဿနာ ဘာဝနာ ပွားများရန်မှာစာမျက်နှာ ၁၃၄-၌ဖော်ပြခဲ့သောပါဠိတော် အရ (အဝိဇ္ဇာ)မဖြစ်စေရန်—

၁။ ခန္ဓာ ၅-ပါး ရုပ်တရား၊ နာမ်တရားတို့ကို တိကျစွာသိရှိမှု။

၂။ ထို ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပေါ်ရမှု အကြောင်းရင်းတို့ကို သိရှိမှု။

၃။ ထိုရုပ်တရား နာမ်တရားတို့၏ ချုပ်ရာ ငြိမ်းရာကို သိရှိမှု။

၄။ ထို ရုပ်တရား၊ နာမ်တရားတို့၏ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို သိရှိမှု။

ဤ ၄-ချက်ကို ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် သိရှိထားရမည်မှာ အရေးအကြီးဆုံးဖြစ်လေသည်။

ထို့ကြောင့် ရုပ်တရား၊ နာမ်တရား ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိအမည်ပေးလျက် ဆက်ကာဖော်ပြပေအံ့။

# ဒိဋ္ဌိ ဝိသုဒ္ဓိ

မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိရေးမှာ ရှေးဦးစွာ
အောက်ပါ အချက်ကြီး နှစ်ရပ်ကို ယတိပြတ်
တိကျစွာ ယုံကြည် စိတ် ချ သိရှိထား ရ မည်။

ပထမအချက်ကြီးကား - လောကီရေးနှင့် လောကုတ္တရာရေးတို့တွင် တရေးနှင့်တရေး မတူခြင်းကိုသိရှိထားရမှုဖြစ်၏။

ဒုတိယ အချက်ကြီးကား- အတ္တနှင့် အနတ္တသဘောကို နေရာဌာနအလိုက် ခွဲခြားသိရှိထားရမှုဖြစ်၏။

လောကီရေး၌ "အတ္တ"ရှိ၏။

လောကီရေးဆိုသည်မှာ လူချမ်းသာ၊နတ်ချမ်းသာ၊ပြဟ္မာချမ်းသာတို့ကို ခံစားလိုမှုဖြစ်၏။ ထို့ကြောင့် လူ့ဘုံ၊နတ်ဘုံ၊ ပြဟ္မာ့ဘုံတို့သည် လောကီရေး အစစ် ဖြစ်ခြင်းကို ရဲရင့်စွာ ယုံကြည်စိတ်ချ မှတ်သားထားရပေမည်။

လောကီရေးတွင် ငါရှိ၏။ သူရှိ၏။ယောက်ျားရှိ၏။မိန်းမရှိ၏။ လူ၊နတ်၊ ပြဟ္မာ၊ သတ္တဝါရှိ၏။ ဦးခေါင်း၊ ခြေ၊ လက်၊ အင်္ဂါကြီးငယ်ရှိ၏၊ဤသည်ကို'သမ္မုတိ'သစ္စာဟုခေါ်ဆိုရ၏။

လောကီကိုကျော်လွန်သော် လောကုတ္တရာရေးတွင် ငါမရှိ။ သူမရှိ။ ယောက်ျားမရှိ။ မိန်းမ မရှိ။ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါမရှိ။ ဦးခေါင်း၊ ခြေ၊ လက်၊ အင်္ဂါကြီးငယ်မရှိ။ မွေ့သဘာဝ၏ သဘောတရားမျှသာရှိ၏။ ၎င်းကို ရိုးရိုးမျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်။ ပညာမျက်စိဖြင့် ကြည့်ရှုမှသာ သိမြင်နိုင်၏။ ဤသည်ကို "ပရမတ္ထ"သစ္စာဟုခေါ်ဆိုရ၏။

ဤသို့လျှင် လောကီရေးနှင့် လောကုတ္တရာ ရေးတို့တွင် တရေးနှင့်တရေး မတူခြင်းကို စွဲမြဲစွာ သိမှတ်ထားရပေမည်။ ဤကား ပထမအချက်ကြီးပေတည်း။

ဒုတိယအချက်ကြီးကား- "အတ္တ" နှင့် "အနတ္တ" ခွဲခြား သိရှိထားရမှုဖြစ်၏။ အထက်တွင်ဖေါ်ပြအပ်သော လောကီရေး အတွက် ကြိုးစားကြရာတွင် "အတ္တ" သည်ရှိ၏။ "အတ္တ" နှင့် ရင်းနှီးရ၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာ ရရှိရေး အတွက် "အတ္တ" နှင့် သွားရ၏။ လောကုတ္တရာရေးဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့သွားရန် ကြိုးစားရာတွင် "အတ္တ"မရှိ။ မဂ်ဖိုလ်နိဗ္ဗာန်သို့သွားရန်မှာ "အနတ္တ" နှင့်သွားရ၏။ "အနတ္တ"နှင့် ရင်းနှီးရ၏။

"သဗ္ဗေ ဓမ္မာ အနတ္တာ"ဟု ဟောတော်မူသဖြင့် သင်္ခတ ဓာတ်၊ အသင်္ခတဓာတ် ဖြစ်သော လောကဓာတ်ကြီး တရပ်လုံးသည် "အနတ္တ"သာ ဖြစ်၏။

နိဗ္ဗာန်သို့သွားရာတွင် "အတ္တ" မရှိ၊ "အနတ္တ"သာရှိ၏။ "အနတ္တ"ဖြင့် သွားမှ ရောက်၏။

"အတ္တ" နှင့် သွားသော် ဗြဟ္မာ့ပြည်ကွင် ရပ်ရတော့၏။ ဗြဟ္မာ့ပြည်မှ ကျော်လွန်သောနိဗ္ဗာန်သို့မရောက်နိုင်။ "အတ္တ" သည် ပညတ်ကိုသာ အာရုံပြု၏။ "အနတ္တ"သည် ပရမတ္ထဓမ္မ သဘာဝကို အာရုံပြု၏။

ဤသို့လျှင် "အတ္တ"နှင့် "အနတ္တ" သဘောတို့ကို နေရာဌာနအလိုက် ခွဲခြားသတ်မှတ်ထားရပေမည်။ ဤကား-ဒုတိယ အချက်ကြီးပေတည်း။

သူတို့မသိရှာကြ။

ဤတွင် သိမှတ် ဟောပြောရန်ကား ဗုဒ္ဓဘာသာတရား ကျင့်စဉ်တွင် လောကီချမ်းသာ အရာ၌ သာမန် မိလျှံနာ သူဌေးကြီးများ၊ ရှင်ဘုရင်များ၊ စကြာဝဠေးမင်းများ ခံစား ရရှိသော စည်းစိမ် ချမ်းသာထက် မ နှိုင်း ယှဉ် သာ အောင် ကွာခြားလှသော နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်အထိ ခံစား နိုင်သော ကျင့်စဉ်များကို ဗုဒ္ဓမြတ်စွာ ညွှန်ကြား ပြသတော် မူခဲ့ခြင်းကို သိမှတ် ဟောပြော ပြသပေးရန်ဖြစ်၏။

တဖက်တွင်လည်း နတ်စည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ်တို့ကို ခံစားရမှုသည် ဒုက္ခဘုံတို့မှ မလွန်မြောက်နိုင်ရကား ထိုဒုက္ခ ဘုံတို့မှ လွန်မြောက်သော နိဗ္ဗာန်သုခရရှိရေးကိုလည်း တိကျ စွာညွှန်ကြားပြသတော်မူခဲ့ခြင်းတို့ကို သိမှတ်ရန် ဟောပြော ပြသပေးရန်ဖြစ်၏။

ချမ်းသာရေး မေ့ထားအဖွဲ့စသင့်ပြီ။

ဘာသာခြားတို့သည် ဗုဒ္ဓမြတ်စွာ တရားတော်တွင် နိဗ္ဗာန် ချမ်းသာအတွက်သာ ပါရှိသည်။ ဘာကိုကြည့်ကြည့်၊ ဒုက္ခသာ မြင်ရမည်။ ဒုက္ခကို မြင်အောင်ရှုရမည်။ ထို့ကြောင့်ဗုဒ္ဓဘာသာ တရားမှာ (Pessimism-ပက်စီမစ်ဇမ်) ဒုက္ခကိုသာ အစဉ် တွေးတောနေရသော တရားဖြစ်၍ ပျော်ရွှင်စရာ တကွက်မျှ မရှိသော တရားဖြစ်သည်ဟု ပြောဆိုခြင်းကို ကြားရဘူး၏။ စာအုပ်တွင်လည်း ဖတ်ရှုရဘူး၏။

ဘာသာခြားတို့သည် ဗုဒ္ဓဘာသာတရားတွင် လူချမ်းသာ အတွက် သာ မ က သေ လျှင် လူ့ စည်း စိမ် ချမ်း သာ ထက် ဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် သာလွန်သော နတ်

စည်းစိမ်၊ ပြဟ္မာ့စည်းစိမ် ရရှိခံစားရေးအတွက် အားထုတ်နည်းများ ပါရှိသည်ဟူ၍ ၎င်းတို့မသိရှာကြချေ။

လက်တွေ့အားဖြင့် ဗုဒ္ဓမြတ်စွာ ဟောပြ ညွှန်ကြားတော်မူခဲ့သော တရားကျင့်စဉ်ပေါင်း များစွာအနက် ကမ္မာကယနေ့မေတ္တာဘာဝနာကို ကိုယ်ထိလက်ရောက် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပွားများဆောင်ရွက်ကြမည် ဆိုပါကနက်ဖန် ကမ္ဘာ့ငြိမ်းချမ်းရေးကို လွယ်ကူစွာ ရရှိနိုင်ခြင်းကို ဘာသာခြားတို့ မသိရှာကြချေ။

ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ အတွက် ပဓာနအခြေခံတရား လေ့ကျင့်ခန်းဖြစ်၏။ သို့ရာတွင် အရက်သောက်ခြင်း၊ တိရစ္ဆာန် သတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုပါက အချို့ ဘာသာ ကြီး များက လိုက်ပါဆောင်ရွက်နိုင်ရန် လွယ်ကူမည်မဟုတ်ချေ။

ဤတွင် စကား အလျဉ်းသင့်သည့်ပြင် မြန်မာနှင့် တကွကမ္ဘာသူကမ္ဘာသားတို့ အကျိုးများမည်ကို မျှော်ကိုးလျက် အနည်းငယ် ဆက်လက် ဖော်ပြခဲ့ပေအံ့။

မေတ္တာတရား လေ့ကျင့် ဆောင်ရွက်ရာ၌ကား ငါးပါးသီလကဲ့သို့မဟုတ်၊ ဘာသာကြီးတိုင်းက ခမ်းမြောက်ဝမ်းသာလိုက်ပါ ဆောင်ရွက်နိုင်သော လုပ်ငန်း ဖြစ်လေသည်။ မည်သည့်ဘာသာကြီးတွင်မျှ တဦးကိုတဦးမုန်းတီးရန် ဟောပြောရမည်ဟူ၍ မပါရှိချေ။ တဦးနှင့်တဦး ချစ်ခင် ကြရမည်ကို ဟောပြောရန်သာ ပါရှိလေသည်။

မေတ္တာတရားကို ပွားများ လေ့ကျင့်ပါများလတ်သော် မွေ့သဘာဝကိုသဘောပေါက်လာကာ သူတပါးအကြောင်း

မကောင်းမပြောလိုခြင်း၊ သူတပါးပျက်စီးအောင် မကြံစည် မလုပ်ကိုင်လိုခြင်း၊ သူတပါးဥစ္စာကို မတော်မတရား ခိုးယူ တိုက်ခိုက် ယိမ်လည် ကောက်ကျစ်ကာ မယူလိုခြင်း၊ သူ့ အသက်ကိုသတ်ဘို့ဝေးစွ အနည်းငယ် ထိခိုက် နာကျင် စေ အောင်ပင် မလုပ်လိုခြင်းစသော သီလတရားတို့သည်လည်း အလိုလို တနေ့ထက်တနေ့ တိုးတက်လုံခြုံလာပေတော့၏။

ထို့မှမက လမ်းသွားရာတွင် ကားရှောင်ပေးခြင်း၊ ကား စီးရာတွင် နောက်ဆုံးမှတက်ခြင်း၊ ကားမောင်းရာတွင်အရမ်း မမောင်းလိုခြင်း၊လမ်းတွင်အကြိဒုက္ခရောက်နေသူကိုတွေ့ရှိပါ က ကူညီလိုသောစိတ် ပေါ်ပေါက်လာခြင်း၊အများကိစ္စ ရပ် ရွာကိစ္စတို့တွင်ပါဝင်ကူညီဆောင်ရွက်ပေးလိုခြင်း၊မြူနီစီပါယ် ကိစ္စ အစိုးရကိစ္စတို့ကို ကူညီဆောင်ရွက်ပေးလိုခြင်း စသော (Civic Duty-စီဗစ်ဂျူတီ) မြို့ကြီးသူ မြို့ကြီးသားတို့ဆောင် ရွက်အပ်သော ပြည်သူ့ တာဝန်တို့ကို စေတနာကောင်းဖြင့် ဆောင်ရွက်ပေးလိုသော စိတ်ဓာတ်သည် တဖွားဖွားပေါ် ထွက်လာပေတော့၏။

ထို့မှတဆင့်တက်သော် ကမ္ဘာ့သူ ကမ္ဘာ့သားတို့အတွက် ကူညီ ဆောင်ရွက်ပေးလိုသော စိတ်ဓာတ်သည် တဖွားဖွား ပေါ်ထွက်လာပေတော့၏။

ထို့ကြောင့် မေတ္တာအကျိုး တဆယ့်တပါးရရှိပုံနှင့်တကွ မေတ္တာတရားပွားများခြင်းသည် ဒါနသီလတို့ထက်မြတ်ခြင်း၊ ဒါနသီလတို့ထက် အကျိုးပေးကြီးမားခြင်းတို့ အင်္ဂုတ္တိုရ်ပါဠိ တော် နဝကနိပါတ် သီဟနာဒဝဂ်၌ အနာထပိဏ်သူဌေးကြီး အားအကြောင်းပြု၍ ဟောတော်မူအပ်သောဝေလာမသုတ်၌

လာရှိသည့်တို့ကို ဖေါ်ပြလျက် မေတ္တာဘာဝနာတရားဦးစား ပေးကာ ကျောင်းသူကျောင်းသားများအား သင်ကြားပြသ လေ့ကျင့်ပေးအပ်လေပြီ။

ထိုမှတပါး ဆက်သက်ဖေါ်ပြလိုသည်မှာ မိမိတို့ရပ်ကွက် မြို့ရွာနယ်ပယ်များတွင် မေတ္တာတရား အကျိုးကြီးမားပုံတို့ကို ဟောပြော၍ မေတ္တာအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက် သင့် ကြ လေပြီ။

သို့တည်းမဟုတ်၊ မြို့ကြီးများက ကမ္ဘာကထပြုကာ ဆောင် ရွက်သင့်ကြလေပြီ။

လူတယောက်တွင် အချိန် ၂၄-နာရီရရှိထား၏။ ထိုတွင် ရှစ်နာရီအလုပ်လုပ်၏။ ရှစ်နာရီအိပ်၏။ ရှစ်နာရီကျန်ရှိသေး၏၊ ထိုကျန်ရှိသော ရှစ်နာရီမှ ကာယကံ မေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာတို့ကို အချိန်ကာလ မည်ရွေ့ မည်မျှကြာ အောင် ဆောင်ရွက်ကြမည်ဟူ၍လည်း သင့်လျော်သလို စီမံ ဆောင်ရွက်သင့်ကြလေပြီ။

ရရှိမည့်အကျိုးအာနိသင်ကား-လူလို၏။ နတ်လို၏။ ငြိုပ် မ၏။လူချစ်လူခင်ပေါ၏။ အကြီအစည်အောင်၏။ ဘေးရန် ကင်း၏။ စိတ်ချမ်းသာ၏။သေသော် အထက် ဗြဟ္မာပြည်သို့ သာလျှင် လားရာ ဂတိရှိ၏။ဒါနထက်မြတ်သော သီလထက် မြတ်သော မေတ္တာဘာဝနာကြီးပေတည်း။

နောက်ဆုံးဖေါ်ပြလိုသောအချက်ကား တချိန်က MRA အမ်-အာ-အေအဖွဲ့ကြီး ပေါ်ပေါက်လာဘိသကဲ့သို့ မေတ္တာ ခေတ်ဖြန့်ချိရေး အဖွဲ့ကြီးတဖွဲ့ မြန်မာပြည်မှ စတင်တီထွင်၍ ထွက်ပေါ်လာသင့်လေပြီ။

၎င်းတွင် လာရင်းကို ပြန်၍ဆက်ရသော် ဗုဒ္ဓမြတ်စွာတရားတော်တွင် နိဗ္ဗာန်ရောက်ရှိရေးအတွက်သာမက အနာထပိဏ်သူဌေးကြီး၊ဝိသာခါသူဌေးမကြီးကဲ့သို့လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို ခံစားလျက် နောက်ဆုံး ငြိမ်းအေးလာသောအခါ အစဉ်ထာဝရအေးချမ်းသောနိဗ္ဗာနသုခချမ်းသာကို ခံစားနိုင်သည့် နည်းလမ်းများ ပါရှိသည်ကို ကမ္ဘာသူကမ္ဘာသားတို့ သိရှိစေရန် ဘာသာခြား စာအုပ် စာတမ်းတို့ဖြင့် ရိုက်နှိပ်ဖြန့်ချိအပ်လေပြီ။

## နာမ် နှင့် ရုပ်

ကုသိုလ်ကောင်းမှု ပြုရာတို့တွင် ဝိပဿနာ ဘာဝနာ ပွားများခြင်းသည်ဗုဒ္ဓမြတ်စွာအလိုတော်အကျဆုံးဖြစ်လေသည်။ ဒါနသီလတို့ထက် အကျိုးကြီးမားလျက် ဆောင်ရွက်ရာတွင် ဒါနသီလတို့ထက် သက်သာ၏ဟု ဟောတော်မူလေသည်။

ဝိပဿနာဘာဝနာ ပွားများရန် ရှေးဦးစွာ မှတ်သည့်ရမည်မှာ ရုပ်နာမ် ၂-ပါးကို ဘုရားရှင် အလိုတော်ကျ သိရှိရန်ဖြစ်၏၊၎င်းကို နာမရူပပရိစ္ဆေဒဉာဏ်ဟူ၍၎င်း၊ဒိဋ္ဌိဝိသုဒ္ဓိဟူ၍၎င်း ခေါ်ဆို၏။

ထိုမှတဖန် ၎င်းရုပ်နာမ် ၂-ပါးတို့သည် အဘယ်ကြောင့်ဖြစ်ပေါ်လာရသည်ကို သိရှိရန်ဖြစ်၏။၎င်းကို "ပစ္စယပရိဂ္ဂဟဉာဏ်"ဟူ၍၎င်း၊ "ကင်္ခါဝိတရဏ ဝိသုဒ္ဓိ" ဟူ၍၎င်း ခေါ်ဆို၏။

ထိုနှစ်ခန်းကို ပိုင်မှသာလျှင် အထက်ဝိပဿနာ လုပ်ငန်းတွင် အလွယ်တကူ သဘာဝကျစွာ နားလည်နိုင်လေသည်။

ထို့ကြောင့် သုတ်ပါထေယျ ပါဠိတော် ဒသုတ္တရသုတ်၌၎င်း၊ မူလပဏ္ဏာသပါဠိတော် ရထဝိနီတသုတ်၌၎င်း လာရှိသော-

ဒိဋ္ဌိ ဝိသုဒ္ဓိ၊

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

စသည်တို့ကိုမူတည်၍ သက်ဆိုင်ရာပါဠိတော်အဋ္ဌကထာ စသည်တို့၌ လာရှိသည်တို့ကို ခေတ်ပုဂ္ဂိုလ်တို့ လွယ်ကူစွာ သဘောပေါက်စေရန် ဖေါ်ပြရေးသားခဲ့ပေအံ့။

ရှေ့ဝိပဿနာ လုပ်ငန်းမှာ ဤနှစ်ခန်းကို ကြေပြွန်စွာသိရှိထားပါက အလုပ်လုပ်ရန် အလွန် လွယ်ကူလှသောကြောင့် ဤနှစ်ခန်းကို သဘောပေါက်အောင် ဝီရိယ စိုက်ထုတ်ကာ လေ့လာထားကြရန် အထူးတိုက်တွန်းခဲ့ပါ၏။

ဉာဏ် ၃-ဆင့်။

ဝိပဿနာဘာဝနာ →
- ဒိဋ္ဌိ ဝိသုဒ္ဓိ
- ကင်္ခါဝိတရဏ ဝိသုဒ္ဓိ
- မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ

တမျိုးသိရှိထားရန်။

ဝိပဿနာဘာဝနာ →
- နာမရူပ ပရိစ္ဆေဒဉာဏ်
- ပစ္စယ ပရိဂ္ဂဟဉာဏ်
- ဝိပဿနာဘာဝနာဉာဏ်

ဤသို့လျှင် ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းတွင် အဆင့် ၃-ဆင့်ရှိလေသည်။

ပဌမအဆင့်မှာ ပရမတ္ထမွေသဘာဝဖြစ်သောနာမ်တရား၊ ရုပ်တရားတို့ကို အရေအတွက်အားဖြင့် မှန်ကန်တိကျစွာ သိရှိ

ရခြင်း၊ ၎င်းနာမ်မှ၊ ရုပ်မှပရမတ္ထခေတ်သဘာဝတို့ အသီး အသီးရရှိအပ်သော ပစ္စတ္တလက္ခဏာတို့ကို သိရှိရခြင်း ဤအစ ဖြစ်သော အဆင့်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဟူ၍၎င်း၊ နာမရူပ ပရိစ္ဆေဒ ဉာဏ် ဟူ၍၎င်း ခေါ်ဆို၏။

ဒုတိယအဆင့်ကား နာမ်တရား၊ ရုပ်တရား ခန္ဓာ ၅-ပါး တို့၏ဖြစ်ပေါ်ခြင်း အကြောင်းရင်းတို့ကိုသိသောဉာဏ်ဖြစ်၏။ ထိုဉာဏ်ကို "ပစ္စယ ပရိဂ္ဂဟ" ဉာဏ်ဟူ၍ ခေါ်ဆို၏။

တနည်းသော် "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ဟူ၍လည်း ခေါ်ဆို၏။

## သုတမယဉာဏ်။

ထို "နာမရူပ ပရိစ္ဆေဒ"ဉာဏ်နှင့် "ပစ္စယပရိဂ္ဂဟ" ဉာဏ် နှစ်ပါးကို ပိုင်နိုင်လျှင် တရားတော်၌ ယုံမှားခြင်းအရပ်ရပ်တို့မှ ကင်းစင်ခြင်းသို့ ရောက်၏။ ထိုဉာဏ်နှစ်ပါးကို ကြေညက်စွာ သိရှိလျှင် "သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ" အတ္တ၊ အနတ္တတို့ကို သုတမယဉာဏ်အားဖြင့် ပိုင်လျက်" အနုမာန သိဒ္ဓိ" အားဖြင့် သိမြင်မှုကြောင့် တတိယအဆင့်သို့ မတက်ဘဲ မနေနိုင်။

တတိယ အဆင့်မှာလည်း ထို ပဌမ နှစ်ဆင့်ကို မပိုင်ခဲ့ခြင်း ကြောင့်ခရီးမတွင်ကျယ်။ ခရီးရောက်သင့်သလောက် မရောက် နိုင်ပါ။

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများလိုသူတို့အတွက် နာမရူပဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရှေးဦးစွာလေ့လာရ ပေမည်။

တတိယအဆင့်ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကို စ၍ ပွားများသုံးသပ်သော အဆင့်ဖြစ်၏။ ၎င်းအစ ဖြစ်သောဉာဏ်ကို "သမ္မသန" ဉာဏ်ဟု ခေါ်ဆို၏။ ထိုဉာဏ်မှ အစပြု၍ ဝိပဿနာ ဘာဝနာကို ပွား များ နေ မှု ကြောင့် "ဝိပဿနာ ဘာဝနာ" ဉာဏ်ဟု ခေါ်ဆို၏။ တနည်းသော် "မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ" ဟုခေါ်ဆို၏။

ဤသို့လျှင် ဝိပဿနာဘာဝနာကို နေ့ရောညဉ့်ပါ ပွားများ အားထုတ်နေခြင်းသည် တနေ့ထက်တနေ့၊ တလထက်တလ၊ တနှစ်ထက်တနှစ် ဉာဏ်ရင့်သန်လာပေတော့၏၊ ယင်း သို့ ရင့် သန်လာမှုကိုပင်လျှင် "ဉာဏ်စဉ်" တက်သည်မည်၏။

ဉာဏ်စဉ် တက်သည်ဆိုသည်မှာပဋိသမ္ဘိဒါမဂ်ပါဠိတော် ၌လာရှိသည့်တို့ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖေါ်ပြထားခြင်း ကြောင့် သုတမယဉာဏ်ကို ရှေးဦးစွာရရှိရေးအတွက် ထိုပါဠိ တော်နှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဉာဏ်စဉ် မြင်ခန်းကို ဖတ်ရှု ထားရပေမည်။

ဉာဏ်စဉ် တက်သည်ဆိုရာဝယ် သဘာဝအတိုင်းတိုးတက် ရင့်သန်လာမှုကိုသာ အလိုရှိအပ်လေသည်။

သူတပါးက နာရီလက်တံကို ရွေ့ ပေး ဘိ သ ကဲ့ သို့ ဓမ္မသဘာဝရင့်သန်မှုလက်တံကိုရွေ့ပေး၍မရချေ။

ဝိသုဒ္ဓိမဂ်နှင့်ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ဖေါ်ပြထားသော ဉာဏ်စဉ်ကို ဖတ်ရှုလေ့လာထားသော ပုဂ္ဂိုလ်သည်မိမိမည်သို့ သော အခြေအနေသို့ ဆိုက်ရောက်လာပြီဆိုသည်ကိုမိမိကိုယ် တိုင်မှန်ကန်တိကျစွာ သိရှိနိုင်လေသည်။ ဤမျှရှင်းလင်းဖေါ်ပြ

ပြီးရာ ယခုသော် ပဥ္စမအဆင့်ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ် ဝါ-ဒိဋ္ဌိဝိသုဒ္ဓိခန်းကို ဖေါ်ပြပေအံ့။

ဒိဋ္ဌိ = အသိအမြင် အယူဝါဒ။

ဝိသုဒ္ဓိ = အထူးသန့်ရှင်းစင်ကြယ်ခြင်း။

ဒိဋ္ဌိဝိသုဒ္ဓိ၏ အနက်အဓိပ္ပါယ်မှာ အသိအမြင်၊ အယူဝါဒ အထူးသန့်ရှင်း စင်ကြယ်ခြင်း ဖြစ်လေသည်။

အထူး သန့်ရှင်း စင်ကြယ်သော အသိအမြင် ဆိုသည်မှာ-လောကီရေးနှင့်သာဆိုင်သော ယောကျ်ား၊ မိန်းမ လူ၊ နတ် ဗြဟ္မာ၊ သတ္တဝါဟူ၍ အရှင်းမပါ။ အကောင်၊အထည်၊ ပုံပန်းသဏ္ဍာန်၊ အမှုံ အမွှား၊ အရိပ်၊ နိမိတ် စသည်တို့ လုံးဝ မပါမရှိ။ ထို့ကြောင့် ကိုင်တွယ် တွေ့ထိ နမ်းရှူ၍မရ။

ထိုမျှမက ပရမတ္ထ ဓမ္မသဘာဝကို ခေါ်ဆိုနေသော ပထဝီ အာပေါ၊ တေဇော။ ဝါယော စသော အမည်တို့မှာ ပရမတ္ထ သဘာဝမဟုတ်။ ဓမ္မသဘာဝကို ပြောဆိုရာတွင် နားလည်စိမ့်သောငှါ ခေါ်ဆိုရသော အမည်နာမများသာ ဖြစ်လေသည်။

ထိုကြောင့် ပရမတ္ထဓမ္မသဘာဝတွင် ယောကျ်ား၊ မိန်းမ၊ လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါ မပါမရှိဘိသကဲ့သို့ အမည်နာမသည်လည်း ပရမတ္ထ သဘာဝတွင် မပါ မရှိချေ။

ဤသို့လည်း နာမ ပညတ်ကိုပါကျော်လွန်သန့်ရှင်းအောင် ပညာမျက်စိဖြင့်သိမြင်ရခြင်းသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်လေသည်။

ယင်းသို့ ပရမတ္ထ ဓမ္မ သဘာဝကိုအချိုးကျကျပညာမျက်စိဖြင့် သိရှိမှသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိအဆင့်အတန်းသို့ရောက်ရှိသည် ဟုဆိုရလေသည်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပါမှ ရှေ့ ဉာဏ် စ ခန်း များ ကို တက်ရာ၌ သဘာဝကိုပိုင်နိုင်ထားမှုကြောင့်အထူးလွယ်ကူသည်သာမက မဂ္ဂအရသာ ဝါ-ဝိပဿနာ ဘာဝနာ အရသာကို လျင်မြန်စွာ တွေ့ရှိရလျက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဖြစ်သောစိတ်မှာ တခြားတပါးသို့ မ လွင့် မ စင် ဘဲ ကမ္မဋ္ဌာန်း အာရုံ၌သာ တည်တန့်လျက် ရှိပေတော့၏။ ထို့ကြောင့် ဒိ ဋ္ဌိ ဝိ သု ဒ္ဓိဖြစ်ရန် အ ထူး အ လို ရှိ အပ် လေ သည်။

**ကုသလာ ဓမ္မာ။**

ယခုသော် ပညာမျက်စိဖြင့်သာ မြင်အပ်သော ဒေသနာ တော်ကို ထုတ်ဖေါ် ရေးသားပေအံ့။ အဘိဓမ္မာ ဒေသနာ တော်တွင် ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းကျမ်းကို အဆုံးထား၍ ဟောတော်မူရာ ဓမ္မသင်္ဂဏီကျမ်း၏အစတွင်-

၁။ ကုသလာ ဓမ္မာ

၂။ အကုသလာ ဓမ္မာ

၃။ အဗျာကတာ ဓမ္မာ

ဟူသော ဓမ္မသဘာဝကို မူတည်၍ ပဋ္ဌာန်း ကျမ်းကြီးတွင် လောကဓာတ်ကြီး တရပ်လုံး၏ အနတ္တ သဘာဝ ဖြစ်ပုံကို တန်းကုန်အောင် ဟောတော်မူလေလည်။

ကုသလာဓမ္မာ=ဟူသောအနက်၏အဓိပ္ပါယ်မှာ ကု သိုလ် ဖြစ်ကုန်သော ဓမ္မသဘာဝ သဘောတရားတို့သည် ရှိကုန်၏။

အကုသလာဓမ္မာ=အကုသိုလ် ဖြစ်ကုန်သောဓမ္မသဘာဝ သဘောတရားတို့သည် ရှိကုန်၏။

အဗျာကတာဓမ္မာ=ကု သိုလ် လည်း မ ဟုတ် ကုန် သော အကုသိုလ်လည်း မဟုတ်ကုန်သော အဗျာကတ ဓမ္မသဘာဝ

သဘောတရားတို့သည် ရှိကုန်၏ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

ဤပါဠိတော်အရ ပရမတ္ထဓမ္မသဘာဝဆိုသည်မှာသင်္ခတ, အသင်္ခတ အပါအဝင် သောကဓာတ်ကြီး တရပ်လုံးတွင် ကုသိုလ်,အကုသိုလ်,အဗျာကတ,ဤဓမ္မသဘာဝ သုံးပါးမှလွဲ၍ အခြား မည်သည့်တရားမျှ မရှိဆိုသည်ကို တိကျ ရှင်းလင်းစွာသိရှိထားရမည်။ အထူးသိမှတ်ထားရမည်။

ဓမ္မသဘာဝ ပရမတ္ထ သဘောဆိုသည်မှာ ယောကျ်ား၊ မိန်းမ၊ လူ နတ်၊ဗြဟ္မာ၊သတ္တဝါကို မဆိုထားဘိ အမှုံ့အမွှားသဏ္ဌာန်ဒြပ်ပင်မရှိ။ အကယ်၍ ကိုင်တွယ်တွေ့ထိ၍ ရသည်ဆိုလျှင် ထိုအခြင်းအရာသည် သမ္မုတိသစ္စာနယ် ပညတ်နယ်က မကျော်လွှန်သေးဆိုသည်ကို အထူးသိမှတ်ထားရပေမည်။

ပရမတ္ထ ဓမ္မသဘာဝ ဆိုသည်မှာ ပညာမျက်စိဖြင့်သာ သိမြင်ရသော သဘောတရားဖြစ်၏။

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ ဟူသော ပရမတ္ထ ဓမ္မသဘာဝကို သိရှိနားလည်နိုင်စေရန် ယင်းပါဠိတော်၌ ဆက်လက်ဟောဟော်မူသော သဘောအတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

ကုသိုလ်တရားဆိုသည်မှာ ကောင်းသောစိတ် ကောင်းသောစေတသိက်တို့ဖြစ်သည်။ အကုသိုလ်တရား ဆိုသည်မှာ မကောင်းသောစိတ်၊မကောင်းသောစေတသိက်တို့ဖြစ်သည်။ အဗျာကတ တရားဆိုသည်မှာ ကုသိုလ်စိတ် ၊အကုသိုလ်စိတ်၊ ကုသိုလ်စေတသိက်၊ အကုသိုလ်စေတသိက် တို့တွင် မပါဝင်

သော ကျန်ရှိသည့် စိတ်စေတသိက်၊ရုပ်၊နိဗ္ဗာန်တို့ဖြစ်သည်ဟု ဟောတော်မူလေသည်။

ဤသို့ဟောတော်မူသဖြင့် စိတ်စေတသိက် ရုပ် နိဗ္ဗာန် ဟူသည် အဘယ်နည်းဟူသည်ကို သိရန်အလိုရှိလာပေတော့၏။

စိတ်။

စိတ်ကို သာမန်အားဖြင့် ၈၉–ပါးဟူ၍သိအပ်လေသည်။ ၎င်းတို့သည်ကား-

| | | |
|---|---|---|
| ၁။ | အကုသိုလ် စိတ် | ၁၂။ |
| ၂။ | ကုသိုလ်စိတ် | ၂၁။ |
| ၃။ | ဝိပါက် စိတ် | ၃၆။ |
| ၄။ | ကြိယာ စိတ် | ၂၀။ |
| | အားလုံးပေါင်း စိတ် | ၈၉-ပါး။ |

ဤကျမ်းတွင် စိတ်ကို အသေးစိတ်မလိုခြင်းကြောင့်မပေါ် ပြပြီ။ အသေးစိတ် အလိုရှိပါမူ ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် လက်သန်းအဋ္ဌကထာတွင် ကြည့်ရှုပါလေ။

စိတ် ၈၉–ပါးဆိုသည်မှာ စေတသိက်ကဲ့သို့ အသီးသီး ရရှိအပ်သော ဝိသေသလက္ခဏာ မရှိ၊ စိတ်ဟူသည် သိတတ် သောသဘော တခုတည်းသာ ရှိခြင်းကြောင့် စိတ်ကို ဓမ္မ သဘာဝတခုသာဟူ၍ ယူရ၏။ (ဝိဇာနာတီတိခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်, ခန္ဓ သံယုတ်, ခဇ္ဇနီယသုတ်)။

စေတသိက်။

ပရမတ္ထသဘာဝတွင် စိတ်သည် အစဉ်ထာဝရ ထိုက်သည် အားလျော်စွာ စေတသိက်တို့နှင့် ယှဉ်တွဲလျက် ဖြစ်ပေါ်ချုပ်

ပျောက်လျက်ရှိ၏။ အနည်းဆုံး သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–လုံးတို့နှင့် ယှဉ်တွဲလျက်ဖြစ်ပေါ်ချုပ်ပျောက်လျက်ရှိ၏။

ထို့ကြောင့်စေတသိက်တို့သည် အဘယ်မျှရှိ၍စေတသိက်တလုံးတလုံးတွင် သီးခြားလျက် အဘယ်သဘော ပါရှိသည်ကို သိအပ်လေသည်။ စေတသိက်တို့မှာ ၅၂-လုံးရှိ၏။

သဗ္ဗစိတ္တသာဓာရဏ
စေတသိက်-၇။

၁။ ဖဿ = အာရုံကိုတွေ့ထိတတ်သောသဘော။
၂။ ဝေဒနာ = အာရုံကို ခံစားတတ်သောသဘော။
၃။ သညာ = အာရုံကို မှတ်တတ်သော သဘော။
၄။ စေတနာ = သမ္ပယုတ် တ ရား တို့ ကို စေ့ဆော်တတ်သော သဘော။
၅။ ဧကဂ္ဂတာ = အာရုံ၌ မပြန့်လွင့်စေဘဲ တည်ကြည်ခြင်း သဘော။
၆။ ဇီဝိတိန္ဒြေ = သမ္ပယုတ်တရားတို့ကို စောင့်ရှောက်အစိုးရခြင်း သဘော။
၇။ မနသိကာရ = အာရုံကိုနှလုံးသွင်းခြင်း သဘော။

ဤသဗ္ဗစိတ္တသာဓာရဏ စေ တ သိက် ၇–လုံး တို့ သည် ကုသိုလ်စိတ် ဖြစ်ပေါ် ချုပ်ပျောက်ရာတွင်၎င်း၊ အကုသိုလ်စိတ် ဖြစ်ပေါ် ချုပ်ပျောက်ရာတွင်၎င်း စိတ်နှင့်အတူ အမြဲယှဉ်တွဲပါရှိသေသည်။

## ပကိဏ်း စေတသိက် ၆။

၁။ ဝိတက် = ကြံစည်တတ်သော သဘော။
၂။ ဝိစာရ = အာရုံ၌ သမ္ပယုတ် တရားတို့ကို သုံးသပ်စေခြင်း သဘော။
၃။ အဓိမောက္ခ = ဆုံးဖြတ်တတ်သောသဘော။
၄။ ဝီရိယ = အားထုတ်တတ်သော သဘော။
၅။ ပီတိ = နှစ်သက်တတ်သော သဘော။
၆။ ဆန္ဒ = အလိုရှိအပ် တောင့်တခြင်း သဘော။

ဤပကိဏ်းစေတသိက် ၆-လုံးနှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးကို အညသမာန်း စေတသိက်ဟုခေါ်၏။

## အကုသိုလ်စေတသိက် ၁၄။

၁။ လောဘ = တပ်မက်ခြင်း။
၂။ ဒေါသ = ကြမ်းထမ်းခြင်း။
၃။ မောဟ = မသိတွေဝေခြင်း။
၄။ မာန = ထောင်လွှားခြင်း။
၅။ ဒိဋ္ဌိ = အမှားကိုအမှန်ထင်ခြင်း။
၆။ ဝိစိကိစ္ဆာ = မဆုံးဖြတ်နိုင်ခြင်း။
၇။ ဣဿာ = ငြူစူခြင်း။
၈။ မစ္ဆရိယ = မကူလို ဝန်တိုခြင်း။
၉။ ဥဒ္ဓစ္စ = ပြန့်လွင့်ခြင်း။
၁၀။ ကုက္ကုစ္စ = ပြုခဲ့မိလေခြင်း၊ မပြုခဲ့မိလေခြင်း- ဟု ပူပန်ခြင်း။

၁၁။ ထိန = ထိုင်းမှိုင်းခြင်း။
၁၂။ မိဒ္ဓ = ငိုက်မျည်းခြင်း။
၁၃။ အဟိရိက = ဒုစရိုက်ပြုရန် မရှက်ခြင်း။
၁၄။ အနောတ္တပ္ပ= ဒုစရိုက်ပြုရန် မကြောက်ခြင်း။

ဤစေတသိက်တို့သည် အကုသိုလ် စေ တ သိက် တို့ မည်ကုန်၏။

## သောဘဏ သာဓာရဏ

## စေတသိက် ၁၉။

၁။ သဒ္ဓါ = ယုံကြည်ခြင်း သဒ္ဓါတရား။
၂။ သတိ = သတိရှိခြင်း၊ အောက်မေ့ခြင်း။
၃။ ဟိရိ = ဒုစရိုက်ပြုရန် ရှက်ခြင်း။
၄။ ဩတ္တပ္ပ = ဒုစရိုက်ပြုရန်ကြောက်ခြင်း၊
၅။ အလောဘ= မတပ်မက်ခြင်း။
၆။ အဒေါသ = မကြမ်းထမ်းခြင်း။
၇။ တတြမဇ္ဈတ္တတ=ညီမျှစွာ လျစ်လျူရှုခြင်း။
၈။ ကာယပဿဒ္ဓိ =စေတသိက်တို့၏ ငြိမ်းအေးခြင်း။
၉။ စိတ္တပဿဒ္ဓိ =စိတ်၏ ငြိမ်းအေးခြင်း။
၁၀။ ကာယလဟုတာ =စေတသိက်တို့၏ ပေါ့ပါးခြင်း။
၁၁။ စိတ္တလဟုတာ =စိတ်၏ ပေါ့ပါးခြင်း။
၁၂။ ကာယမုဒုတာ =စေတသိက်တို့၏ နူးညံ့ခြင်း။
၁၃။ စိတ္တမုဒုတာ =စိတ်၏ နူးညံ့ခြင်း။
၁၄။ ကာယကမ္မညတာ=စေတသိက်တို့၏ အမှုဌ်ခံ့ခြင်း။
၁၅။ စိတ္တကမ္မညတာ =စိတ်၏ အမှုဌ်ခံ့ခြင်း။
၁၆။ ကာယပါဂုညတာ=စေတသိက်တို့၏ လေ့လာခြင်း။

၁၇။ စိတ္တပါဂုညတာ =စိတ်၏ လေ့လာခြင်း။
၁၈။ ကာယုဇုကတာ =စေတသိက်တို့၏။ ဖြောင့်မတ်ခြင်း။
၁၉။ စိတ္တုဇုကတာ =စိတ်၏ ဖြောင့်မတ်ခြင်း။

ဤ ၁၉-ပါးသော စေတသိက်တို့သည် သောဘဏ သာဓာရဏ စေတသိက်တို့ မည်ကုန်၏။

ဝိရတီ စေတသိက်-၃။

၁။ သမ္မာဝါစာ =ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်း။
၂။ သမ္မာကမ္မန္တ =ကာယဒုစရိုက်မှရှောင်ကြဉ်ခြင်း။
၃။ သမ္မာအာဇီဝ =ကောင်းစွာ အသက် မွေးမြူခြင်း။

ဤစေတသိက် ၃-ပါးတို့သည် ဝိရတီစေတသိက်တို့မည် ကုန်၏။

အပ္ပမညာ စေတသိက် ၂။

၁။ ကရုဏာ = သနားကြင်နာခြင်း။
၂။ မုဒိတာ = သူတပါး ရရှိသည်ကို ဝမ်းသာခြင်း။

ဤ စေတသိက်တို့သည် အပ္ပမညာ စေတသိက်တို့ မည် ကုန်၏။

အမောဟ စေတသိက် ၁။

ပညိန္ဒြေ = အထူးထူး အပြားပြား သိခြင်း၌ အစိုးရခြင်း။

သောဘဏသာဓာရဏ စေတသိက် ၁၉-လုံး၊ ဝိရတီစေတ သိက် ၃-လုံး၊ အပ္ပမညာ စေတသိက် ၂-လုံး၊ အမောဟ စေတ သိက် ၁-လုံး ဤ ၂၅-လုံးကို "သောဘဏ" စေတသိက်ဟု

ခေါ်၏။ ၎င်းတို့သည် ကုသိုလ်ကောင်းမှုပြုသော စေတသိက်များ ဖြစ်ကြ လေသည်။

စေတသိက် ၅၂။

| | |
|---|---|
| သဗ္ဗစိတ္တ သာဓာရဏ စေတသိက် | ၇။ |
| ပကိဏ်း စေတသိက် | ၆။ |
| အကုသိုလ် စေတသိက် | ၁၄။ |
| သောဘဏ သာဓာရဏ စေတသိက် | ၁၉။ |
| ဝိရတိ စေတသိက် | ၃။ |
| အပ္ပမညာ စေတသိက် | ၂။ |
| အမောဟ စေတသိက် | ၁။ |
| ပေါင်းစေတသိက် | ၅၂-ပါးဖြစ်၏။ |

အထက်တွင်စိတ်နှင့်စေတသိက်တို့ကိုဖေါ်ပြခဲ့ရာ၎င်းစိတ်တလုံးနှင့်စေတသိက် ၅၂-လုံးကို"နာမ်တေပညာသ" (နာမ် ၅၃-လုံး)ဟု ခေါ်၏။

ဤစိတ် စေတသိက် (နာမ်-၅၃-လုံး) တို့သည်တလုံးနှင့်တလုံးမတူ၊ ထူးခြားသော လက္ခဏာ တပါးစီ ပိုင်ရှိကြလေသည်။ ထိုမွေသဘာဝ တလုံးတလုံး၌ ရရှိအပ်သော ဝိသေသလက္ခဏာကို ပိုင်နိုင်စွာ သိမှတ်ထားရမည်။

ထိုအသီးသီးထူးခြားစွာ ရရှိအပ်သောဝိသေသလက္ခဏာကို ပိုင်နိုင်တိကျစွာ မသိပါက ကျောင်းသားသည် နှစ်တလီနှစ် အစရှိသော အလီပေါင်းကို မကြေပြွန်သဖြင့် အတွက်၊ တွက်ရာတွင် အမြောက်၊ အစားကို လွယ်ကူစွာ မတွက်နိုင်ဘိသကဲ့သို့ ဖြစ်လေတော့၏။

ဤသဘောကို ဗုဒ္ဓမြတ်စွာသည် မူလပဏ္ဏာသပါဠိတော် မဟာဂေါပါလသုတ်၌ နွားကျောင်းသား ဥပမာဆောင်၍ ဟောတော်မူလေသည်။ နွားကျောင်းသားကောင်းသည် မိမိ နွားတို့၏အရေအတွက်ကိုသိ၏။ နွားထီး မည်မျှ၊ နွားမ မည်မျှ ကိုလည်း သိ၏။ နွားနီ ဘယ်နှစ်ကောင်၊ နွား ဝါ ဘယ် နှစ် ကောင်ဟူ၍ အရောင်အဆင်းအားဖြင့်လည်းသိမှတ်ထား၏။ ချိုထောင်ဘယ်မျှ၊ ချိုကုတ်ဘယ်မျှ အမှတ်အသားလက္ခဏာ အားဖြင့်လည်း သိမှတ်ထား၏။ ထိုသို့သိရှိသော နွမ်းကျောင်း သားသည် နွားသွင်းချိန်တွင် မိမိ၏နွားကောင်ရေအတိအကျ နှင့် မိမိ၏နွားအစစ်အမှန်ကို သိမ်းသွင်းနိုင်ဘိသကဲ့သို့ ပါဠိ တော်အရပ်ရပ်တို့၏ သဘောတရားတို့ကို နားလည်မှ မွေ့ သဘာဝကို သိရှိနိုင်မည်ဖြစ်ခြင်းကြောင့် စာပေ ပရိယတ္တိကို သင်အံ လေ့ကျက်ရမည်ဟု ရှည်လျားစွာ ဟောတော်မူ လေသည်။

ထို့ကြောင့် တရားအားထုတ်လိုသူသည် ရှေးဦးစွာ နာမ် ရုပ်တို့၏ ပရမတ္ထသဘာဝကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်(ဌာန်လေးပါး)တို့ဖြင့်သိမှတ်ရပေမည်ဟု လက်သန်း အဋ္ဌကထာကမ္မဋ္ဌာန်းပိုင်းတွင်၎င်း၊ ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိ အခန်း တွင်၎င်း၊ အဋ္ဌကထာ ဆရာမြတ်တို့ ဖွင့်ဆိုတော် မူကြလေ သည်။

ဤတွင်ဌာန်လေးပါးတို့ဖြင့်သိမှတ်ထားရန် ဝန်လေးသည် ဖြစ်ပါက အနည်းဆုံး နာမ်၊ ရုပ် အသီးသီးတို့ ရရှိအပ်သော ထူးခြားသော ဝိသေသလက္ခဏာတပါးစီ တပါးစီကိုသိမှတ်

ထားရပေမည်။ အဘယ်ကဲ့သို့ အသီးသီးတို့၏ လက္ခဏာကို သိမှတ်ထားရပါအံ့နည်းဟူမူ-

၁။ စိတ် = သိတတ်သော လက္ခဏာ။
၂။ သညာ = မှတ်တတ်သော လက္ခဏာ။
၃။ လောဘ = တပ်မက်သော လက္ခဏာ။
၄။ ဖဿ = တွေ့ထိတတ်သော လက္ခဏာ။

ယင်းသို့လျှင် ဖေါ်ပြခဲ့ပြီးသော နာမ်တရား အသီးသီးတို့၌ ရအပ်သော လက္ခဏာ၊ ဖေါ်ပြလတ္တံ့သော ရုပ်တရား အသီးသီးတို့၌ရအပ်သောလက္ခဏာတို့ကို သိမှတ်ထားရမည်။

## အားတက်စရာ။

ဤမျှသည် များသည်မဟုတ်ချေ။ အကောင်းဆုံးကိုပေါ ပေါ်နှင့်မရနိုင်ဆိုသည်ကို အထူးသိမှတ်ထားပါလေ။ အောင်မြင်ခြင်းမှာ ကြိုးစားခြင်း၏ အသီး အပွင့်ဖြစ်လေသည်။

တဖန်တုံလည်း ဝါးအလုံးတရာကို ရွေ့ရန် ခဲယဉ်းသည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့သော် တလုံးစီရွေ့က လွယ်သည်သာတည်း။ ထို့အတူ ဤ၌လည်း အားလုံးကို မကျက်မှတ်သေးဘဲ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံး တတွဲကို ကျက်ပါလေ။ မကြာမီ သိမှတ် ရရှိနိုင်လေသည်။ ထို့အတူ ကျန်ရှိသည်တို့ကိုလည်း တစတစသိမှတ် ရရှိနိုင်လေသည်။

တနည်း သိရှိစရာကား- ဝိပဿနာဘာဝနာကို ပွားများအားထုတ်သည်ဆိုရာ၌ ယောဂီသူမြတ်သည် ဘနေ့လုံး နာမ်၊ ရုပ်တို့၏ လက္ခဏာကို ဆင်ခြင်ပွားများ နေရ ခြင်း မှ တ ပါး အခြားအလုပ်မရှိချေ။ ထို့ကြောင့် နာမ်၊ ရုပ်တို့၌ အသီးသီး

ရအပ်သော လက္ခဏာတို့ကို သေ ချာ ကျင့် သုံး သပ် နေ ပါ က မကြာမီ ကုန်စင်အောင်သိမှတ်မိပေတော့၏။

တဖုံအားတက်စရာကား- ဒါန၊ သီလ၊ သမထတို့ထက် မြတ်သော ဝိပဿနာဘာဝနာ လမ်းခရီးအစသို့ ရောက်ရှိပါ ပကောဟူ၍လည်း အားတက်စရာကောင်းလှပေတော့၏။

ထို့ကြောင့် နာမ်၊ ရုပ်တို့၏ အ သီး သီးရ ရှိ အပ် သော ဝိသေသလက္ခဏာ သိမှတ်ထားနိုင်ရန် ရှေးဦးစွာ ကြိုးစား တော်မူကြပါလေ။ ဤမှတဖန် ရုပ်ပိုင်းသို့ ဆက်ပေအံ့။

ရုပ်ပိုင်း

ကတမဉ္စ ဘိက္ခဝေ ရူပံ
စတ္တာရောစ မဟာဘူတာ
စတုန္နဉ္စ မဟာဘူတာနံ
ဥပါဒါယ ရူပံ
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ ၄၇)

ဘာသာပြန်။ ။အို-ရဟန်းတို့ ရုပ်သည် အဘယ်နည်း ဟူမူကား-လေးပါးကုန်သော မဟာဘုတ်တို့သည်၎င်း၊လေး ပါးကုန်သော မဟာဘုတ်တို့ကို စွဲ၍ဖြစ်သော ဥပါဒါရုပ်တို့ သည်၎င်း၊ အို-ရဟန်းတို့၊ ဤသဘောကို ရုပ်ဟူ၍ဆိုအပ်၏။

ဤသဘောရှိသော ပါဠိတော်သည် ဓမ္မသင်္ဂဏီ ရူပကဏ္ဍ အစ၌လည်း လာရှိလေသည်။

ဤ၌ သိစေလိုသော အချက်ကား- မဟာဘုတ် လေးပါး နှင့်တကွဥပါဒါရုပ်တို့ကိုသုတ္တန်နည်းဖြင့်၎င်း၊အဘိဓမ္မာနည်း ဖြင့်၎င်း ဟောတော်မူခြင်းကို သိစေလိုခြင်းဖြစ်၏။

မဟာဘုတ် ၄-ပါး။

၁။ ပထဝီ ကက္ခဠ လက္ခဏာ ခက်မာ ကြမ်းထမ်းသော သဘော။
၂။ အာပေါ ပဂ္ဃရဏ လက္ခဏာ ယိုစီးတတ်သော သဘော။
၃။ တေဇော ဥဏှတ္တ လက္ခဏာ ပူ လောင် ရင့်ကျက်စေသော သဘော။
၄။ ဝါယော = ဝိတ္ထမ္ဘန လက္ခဏာ ထောက်ကန်လှုပ်ရှားခြင်းသဘော။

ပသာဒရုပ် ၅-ပါး။

၁။ စက္ခုပသာဒ = စက္ခုအကြည်ဓာတ်။
၂။ သောတပသာဒ= သောတ အကြည်ဓာတ်။
၃။ ဃာနပသာဒ = ဃာန အကြည်ဓာတ်။
၄။ ဇိဝှါပသာဒ = ဇိဝှါ အကြည်ဓာတ်။
၅။ ကာယပသာဒ= ကာယ အကြည်ဓာတ်။

ဂေါစရ ရုပ် ၄-ပါး

၁။ ရူပ = အဆင်း ဝဏ္ဏဓာတ်။
၂။ သဒ္ဒ = အသံ သဒ္ဒဓာတ်။
၃။ ဂန္ဓ = အနံ့ ဂန္ဓဓာတ်။
၄။ ရသ = အရသာ ရသဓာတ်။

ဖောဋ္ဌဗ္ဗ = တွေ့ထိစရာ ဖောဋ္ဌဗ္ဗဓာတ်။

(ဤတွင် အထက် ၄-ပါးကိုသာယူသည်)

ကျန် ၅-ပါး။

၁။ ဩဇဋ္ဌမကရုပ်၊ ၂။ ပုန္နာဝရုပ်၊ ၃။ ဟဒယဝတ္ထုရုပ်၊ ၄။ ဇီဝိတရုပ်၊ ၅။အာဟာရရုပ်။ (ဟဒယဝတ္ထုရုပ်မှာ ပဋ္ဌာန်း ဒေသနာတော်၌ လာရှိ၏။)

အထက်၌ဖော်ပြခဲ့သော ဤရုပ် ၁၈-ပါးတို့ကို"နိပ္ဖန္န"ရုပ်ဟု ခေါ်ဆို၏။ ကျန် ၁၀-ပါးကို "အနိပ္ဖန္န" ရုပ်ဟု ခေါ်ဆို၏။ ၎င်း ၁၀-ပါးမှာ....

အာကာသဓာတ်=ပရိစ္ဆေဒရုပ်၊ ရုပ်ကလာပ် တခုနှင့် တခု မရောယှက် စေရန် ပိုင်းခြား အပ်သော သဘောလက္ခဏာ။

ဝိကာရရုပ် ၅-ပါး။

ကာယ ဝိညတ် = ကိုယ်အင်္ဂါဖြင့် သိစေအပ်သော အမူအရာ လက္ခဏာ။

ဝစီ ဝိညတ် = နှုတ်ဖြင့် ပြောဆိုသိစေအပ်သော အခြင်းအရာ လက္ခဏာ။

ရူပဿ လဟုတာ = ရုပ်တို့ သွက်လက် ပေါ့ပါးခြင်း သဘော လက္ခဏာ။

ရူပဿ မုဒုတာ = ရုပ်တို့၏ နူးညံ့ခြင်း သဘော လက္ခဏာ။

ရူပဿ ကမ္မညတာ = ရုပ်တို့၏ကောင်းမှုခံ့မှု သဘော လက္ခဏာ။

လက္ခဏာရုပ် ၄-ပါး။

ဥပစယ = စ,ဖြစ်ပေါ်မှု ရုပ်သဘောလက္ခဏာ။
သန္တတိ = အစဉ်ဖြစ်ပေါ်မှု ရုပ်သဘောလက္ခဏာ။
ဇရတာ = ရင့်ယော်ဆွေးမြေ့ခြင်းသဘောလက္ခဏာ။
အနိစ္စတာ = မမြဲသဖြင့် ချုပ်ပျောက်သွားခြင်းသဘော လက္ခဏာ။

ဤ"အနိပ္ဖန္န"ရုပ် ၁၀-ပါးနှင့် အထက်တွင်ဖော်ပြခဲ့သော "နိပ္ဖန္န"ရုပ် ၁၈-ပါး၊ အားလုံး ပေါင်းသော် ရုပ် ၂၈-ပါး ပြည့်စုံတော့ပေသတည်း။

ဤ ၂၈-ပါးတွင် စာမျက်နှာ ၁၉၅-၌ ဖော်ပြခဲ့သော ပထဝီ၊အာပေါ၊တေဇော၊ ဝါယောတို့သည် မဟာဘုတ် လေးပါးဖြစ်၍ ကျန် ၂၄-ပါးမှာ ဥပါဒါရုပ် ဟူ၍လည်း သိအပ်လေသည်။

ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ
စတ္တာရိ ရူပ သမုဋ္ဌာနာနိ နာမ။

ဘာသာပြန်။ ။ကံ၊စိတ်၊ ဥတု အာဟာရ ဤ ၄-ပါးတို့ သည် ရုပ်ကို ဖြစ်စေတတ်သော တရားတို့ မည်ကုန်၏-ဟု လက်သန်း အဋ္ဌကထာရုပ်ပိုင်း၌ လာရှိလေသည်။ထို့ကြောင့် အထက်တွင် ပြဆိုခဲ့သော ရုပ် ၂၈-ပါးတို့သည် ကံ၊စိတ်၊ဥတု၊ အာဟာရတို့ကြောင့် ဖြစ်သည်ကို သိအပ်လေသည်။

ထိုမှတပါး အထက်တွင် ဖော်ပြခဲ့သော စိတ် စေတသိက် ရုပ်၊ ဓာတ် ၈၁-ပါး၊ ဝါ-ရုပ်နာမ် ခန္ဓာ ၅-ပါးတို့ ဖြစ်ပေါ် လာသော အကြောင်းရင်းမှာ ပါဠိတော်အရပ်ရပ်ကို ပေါင်း စပ်ကြည့်သောအခါ အချုပ်အားဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊

စိတ်၊ ဥတု အာဟာရတို့ကြောင့် ဖြစ်သည်ကို တွေ့မြင်သိရှိနိုင်ကြလေသည်။

အထက်တွင်ဖော်ပြအပ်သော ရုပ် ၂၈ပါးတွင် အာကာသ ပရိစ္ဆေဒရုပ်အတွက် အနည်းငယ် ဖော်ပြလို၏။ ဤ ဒိဋ္ဌိဝိသုဒ္ဓိအခန်းသည် ပညာမျက်စိဖြင့်သာ မြင်အပ်သော အဘိဓမ္မာပါဠိတော်၏ ကျမ်းဦးဖြစ်၍ ဓမ္မသင်္ဂဏီအစ၌ "ကုသလာ ဓမ္မာ" အစရှိသော ပါဠိတော်ကို မှုတည်ခဲ့၏။ ထို့ကြောင့် ဤ ဒိဋ္ဌိဝိသုဒ္ဓိအခန်း၌ လာရှိသည်တို့ကို ပညာမျက်စိ ဖြင့်သာ ကြည့်ရှုသိမြင်ရန် ဖြစ်လေသည်။

ဓမ္မသဘာဝဖြစ်သော စိတ်၊စေတသိက်တို့ကို ပညာမျက်စိဖြင့်သာ ကြည့်ရှုသိမြင် နိုင်ဘိသကဲ့သို့ ရုပ် ၂၈-ပါးတို့၏ ဓမ္မသဘာဝတို့ကိုလည်း ပညာမျက်စိဖြင့်သာ ကြည့်ရှု သိမြင်နိုင်လေသည်။ မိန်းမ၊ ယောကျ်ား၊ သတ္တဝါ မပါ။ အသက်၊ လိပ်ပြာမရှိ၊ ကိုင်တွယ်တွေ့ထိ နမ်းရှု၍ မရချေ။

ရုပ် ၂၈-ပါးတွင်ပါရှိသော အာကာသဓာတ်သည်အခြား ရုပ်ကလာပ် တပါးနှင့်တပါး မရောယှက်ကြစေရန် ပိုင်းခြားပေးသော ဓာတ်ဖြစ်လေသည်။

ထို့ကြောင့် မိမိကိုယ်ကာယကြီးသည်ပရမတ္ထသဘာဝအားဖြင့် တလုံးတခဲတည်းမဟုတ်၊ စက္ခုဒသက ကလာပ်၊သောတဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဘာဝဒသကကလာပ်စသည်ဖြင့် ရုပ်ပေါင်းများစွာရှိခြင်းကိုသိအပ်လေသည်။ (ကလာပ-သဒ္ဒါ့အပေါင်းအစည်း အစု-အဝေး ဟူသော အနက်ကို ဟော၏)

မိမိကိုယ်ကာယသည်ရင်း၊ သူတပါး၏ ကိုယ်ကာယသည် ရင်း၊ တခုတည်း တလုံးတခဲတည်းမဟုတ်။ ရုပ်ကလာပ်ပေါင်း များစွာသာ ရှိသည်ဟုသိရှိပါက အလုံးအခဲ "ဃန"စင်ကြယ် မှုကို ရရှိပေတော့၏။ ဤသည်ကို "အာကာသမြင် ဃန စင်၏" ဟုဆိုကြခြင်းဖြစ်လေသည်။

တဆင့်တက်သော်ရုပ် ၂၈-ပါးတွင်ပါရှိသောစက္ခုပသာဒ သည် မမြဲ။ ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားရ၏။ အနိစ္စ သဘော ရှိ၏။ ယခုအခါစာဖတ်သဖြင့် ဖြစ်ပေါ်လာသော မဟာကု သိုလ်စိတ်သည် မမြဲ။ ဖြစ်ပေါ်ပြီးချုပ်ပျောက်သွားရ၏။ အနိစ္စ သဘောရှိ၏။ တဖန်ဤသို့ဆင်ခြင်သောစိတ်ပင်မမြဲ။ ဖြစ်ပေါ် ပြီးချုပ်ပျောက်သွားရ၏။ အနိစ္စသဘောရှိ၏။ ဤသို့ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အဖြစ်အပျက်တို့ကို ပညာမျက်စိဖြင့် ကြည့်ရှု သိမြင်ခြင်းကို ဥပါဒ်စွန်းဘင်စွန်းကို သိမြင်ပြီဟု ဆိုရ၏။

"အာကာသမြင် ဃန"စင်၏ ဆိုသည်နှင့် ရုပ်နာမ်တို့၏ "ဥပါဒ်စွန်း ဘင်စွန်း"ကိုမြင်၏ဆိုသည်တို့ကို ပိုင်နိုင်စွာ ပညာ မျက်စိဖြင့်ကြည့်ရှုသိမြင်လျှင်"အတ္တ"ပျောက်လျက်"အနတ္တ" ဆိုက်ရောက်ခြင်းကြောင့် ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် ထက်ဝက်ခအောင်မြင်ပြီဟု သန္နိဋ္ဌာန်ချလျက် ကျန်ထက်ဝက်ကို အလုပ်လုပ်ရန်သာ ရှိပေတော့၏။

ထို့ကြောင့် တမင် တဖိုလ်ကို တ ကယ် အ လို ရှိ သော သူမြတ်ဖြစ်ပါမူ (နာမ်၊တေပညာသ)စိတ်တပါး၊ စေတသိက် ၅၂-ပါးတို့နှင့် (ရုပ်အဋ္ဌဝိသ)ရုပ်- ၂၈-ပါး၊ ပေါင်း ၈၁-ပါး တို့ကို ပရမတ္ထ သဘာဝ ဆိုက်အောင် (ဓမ္မသဘာဝဆိုက် အောင်)သိရှိရန် အထူးကြိုးစားရပေမည်။

ဤ "ဒိဋ္ဌိဝိသုဒ္ဓိ" အမြင်စင်ကြယ်မှုကို ပဋ္ဌမ မရရှိပါက ရှေ့သို့ တက်ရန် မလွယ်ကူချေ။ အပေါင်းအနှုတ် မတတ်သေးသူသည် အမြှောက်အစားကို တက်သော်လည်း အကျိုးမများဘိသကဲ့ သို့တည်း။

နာရီမရှိ၊ အိမ်မရှိ။

ကမ္ဘာ့သူကမ္ဘာ့သားတို့၏အကျိုးကို တိကျစွာဆောင်ရွက် ပေးနေသော အခြင်းအရာတခုသည် ရှိ၏။ ညဉ့်ရော နေ့ပါ အခါမရွေး ယခု ဘယ်နှစ်နာရီ ရှိပါပြီဟု - အသံကျယ်စွာ ပြုလျက် အကြောင်းကြား၏။

ထိုမျှမကသေး၊ အချိန်ကို သိလို၍ ကြည့်ပြန်လျှင်လည်း ကြည့်ရှုစုံစမ်းသူအား မျက်နှာမရွေး ယခု ဘယ်နှစ်နာရီထိုး၍ ဘယ်နှစ်မိနစ် ရှိပါပြီဟူ၍လည်း အချိန်ကို တိကျမှန်ကန်စွာ ဖေါ်ပြပေးလျက် ရှိလေသည်။ ဤသည်ကို အမှန်အားဖြင့် ဆိုသော် ကာယဝိညတ်, ဝစီဝိညတ်, ရုပ်သဘောသက်သက် ပင် ဖြစ်လေသည်။

ထိုအခြင်းအရာ ဝတ္ထုပစ္စည်းကို လူတို့သည် "နာရီ" ဟူ၍ အမည်ပညတ် တပ်ဆင်မှည့်ခေါ်ထားခြင်းမျှသာ ဖြစ်လေ သည်။ စင်စစ်သော်ကား နာရီဟူ၍ မရှိချေ။

နာရီမရှိဆိုရာ၌ နာရီမှ တခုစီဆွဲထုတ်လိုက်သော် သံပတ်၊ ဝက်အူ၊ ခွေးသွားစိတ်၊ လက်တံတို၊ လက်တံရှည်၊ ချိန်သီး စသော သံတိုသံစကလေးများနှင့် သစ်သားတို သစ်သားစ ကလေးများသာ ရှိသည်ကို တွေ့ရှိရပေလိမ့်မည်။ အမှန်စင်စစ် အားဖြင့် နာရီကိုရှာ၍မတွေ့နိုင်ချေ။ မူလပဏ္ဏာသပါဠိတော် သြပမ္မဝဂ်၊ မဟာဟတ္ထိ ပဒေါပမသုတ်၌—

ကဋ္ဌဉ္စ ပဋိစ္စ ဝလ္လိဉ္စ ပဋိစ္စ
မတ္တိကဉ္စ ပဋိစ္စ တိဏဉ္စ ပဋိစ္စ
အာကာသော ပရိဝါရိတော
အဂါရံတွေဝ သင်္ခ္ယံ ဂစ္ဆတိ။

စသည်ဖြင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဟော တော်မူလေသည်။

ဘာသာပြန်။ ။သစ်သားကိုလည်းစွဲ၍၊ချည်နှောင်သော နွယ်ကိုလည်းစွဲ၍၊ မြေညက်ကိုလည်းစွဲ၍၊ မြက်၊ သက်ငယ် ကိုလည်းစွဲ၍ (အာကာသော) ဟင်းလင်းကောင်းကင်သည် ခြံရံအပ်သောအရာကို "အိမ်"ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ဤပါဠိတော်အရ မြေကြီး၊ သက်ငယ်၊သစ်သား နွယ်တို့ကို သူ့နေရာနှင့်သူ အသုံးချကာ တပ်ဆင်ထားခြင်းကို "အိမ်" ဟူသော အမည်ပညတ် ပေးအပ်ထားခြင်းမျှသာ ဖြစ်လေ သည်။ စောစောက "အိမ်"မရှိ၊ အမှန်စင်စစ်အားဖြင့်လည်း "အိမ်"မရှိ။ သမုတိသစ္စာအားဖြင့် ခေါ်ဆိုသမုတ်ထားခြင်း မျှသာ ဖြစ်၏။

ထိုနည်းတူစွာ အလိုရှိသလို သံတို့,သံစ,ကလေးများ၊ သစ် သားတို့, သစ်သားစ ကလေးများကို နေရာတကျ တပ်ဆင် ထားခြင်းကို "နာရီ"ဟု ပညတ် ခေါ်ဆိုထားခြင်းမျှသာ ဖြစ် လေသည်။ စင်စစ် "နာရီ" မရှိချေ။

ထိုပါဠိတော်၌ သစ်သား၊ မြေကြီးစသည်တို့ကို အစွဲပြု လျက် အိမ်ဖြစ်လာရဘိသကဲ့သို့ အရိုး၊ အကြော၊ အသား၊ အရေတို့ကို အစွဲပြု၍"အာကာသ"ဖြင့် ခြံရံအပ်သောအခြင်း

အရာ ကိုယ်ကာယ ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုခြင်းသို့ ရောက်ရှိလာလေသည်ဟု အောက်၌ဖော်ပြအပ်သော ပါဠိ တော်ကို ဆက်လက်ဟောတော်မူလေသည်။

ဝေဝမေဝ ခေါအာဝုသော အဋ္ဌိဉ္စ ပဋိစ္စ
နှာရုဉ္စ ပဋိစ္စ မံသဉ္စ ပဋိစ္စ
စမ္မဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော
ရူပံတွေဝ သင်္ခံ ဂစ္ဆတိ။

ဤပါဠိတော်အရ "အိမ်"မရှိ။ ကိုယ်ကာယ ရုပ်ဟူ၍မရှိ။ ဓာတ်သဘာဝ စုပေါင်းမိခြင်းကို ထိုက်သည့် အားလျော်စွာ အမည်ပေးကာ ခေါ်ဆိုထားခြင်း ဖြစ်သည်ကို သတိပြုအပ် လေသည်။

ဝိပဿနာ ပွားများရခြင်း၏ အကြောင်းရင်းမှာ ဒုက္ခ အပေါင်းတို့မှ လွတ်ကင်းရန်ဖြစ်၏။ ဒုက္ခ အပေါင်း တို့ မှ လွတ်ကင်း၍ နည်းလမ်းတကျ မှန်ကန်စွာ ပွားများနိုင်ရန် ဓမ္မ သဘာဝတို့ကို သုတမယဉာဏ်အားဖြင့် ကြေပြွန်စွာ သိထား ရ၏။

ဓမ္မသဘာဝဆိုသည်မှာ ချုံး၍ကြည့်သော် နာမ်တရား၊ ရုပ် တရား ဤနှစ်ပါးသာဖြစ်၏။ ထိုနာမ်၊ ရုပ် နှစ်ပါးကို ဆန့်၍ ထုတ်သော် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ရရှိ၏။ ထိုမှတဖန် ဆန့်၍ထုတ်ပြန်သော် ဓာတ်သဘာဝ ၈၂-ပါးရရှိ၏။ (နိဗ္ဗာန် တပါး ပါလာ၏။)

လောကဓာတ်ကြီး တ ရပ် လုံး တွင် ထို ၈၂-ပါးသော ဓာတ်တို့ထက် ပိုသည်ဟူ၍ရင်း၊ လိုသည်ဟူ၍ရင်း မရှိချေ။ ၈၂-ပါး အတိအကျ ဖြစ်လေသည်။

ထို့ကြောင့် မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို အမှန်အလိုရှိသူသည် ရှေးဦးစွာ သုတမယဉာဏ် အားဖြင့် ၁၂-ပါးသော ရုပ်ဓာတ်'နာမ်ဓာတ်တို့ကို အသီးသီးရရှိအပ်သော ဝိသေသ လက္ခဏာနှင့် တကွ ကြေညက်စွာ သိရှိထားရန် လေ့ကျင့်ရပေမည်။ ခက်သည်မဟုတ်ချေ။

ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး၊ ဓာတ်၁၈-ပါး၊သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ် နိဗ္ဗာန် စသည်တို့မှာ အခြားမရှိ။ ဤဓာတ် ၁၂-ပါးတို့ကို နေရာဌာနအလိုက် နည်းအမျိုးမျိုးတို့ဖြင့် ဓမ္မသဘာဝ သဘောတရားတို့ကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဓမ္မသဘာဝ သဘောတရားဆိုသည်မှာ ပညာမျက်စိဖြင့်သာ သိရှိအပ်သော စိတ်ပညာ သက်သက် ဖြစ်လေသည်။ လက်ဖြင့် ကိုင်တွယ်တွေ့ထိ၍မရ။

စတုဓာတု ဝဝတ္ထာန်။

မဟာသတိပဋ္ဌာန် ဒေသနာတော်တွင် ကာယာနုပဿနာ ဝေဒနာ နုပဿနာ၊ စိတ္တာ နုပဿနာ၊ ဓမ္မာ နုပဿနာဟူ၍ ညွှန်ပြတော်မူခဲ့ရာတွင်အတိုချုပ်ဆိုရသော် ထိုဒေသနာတော် တရပ်လုံးတွင် ဓာတ် ၁၁-ပါးကို မူတည်၍ အလုပ်လုပ်ပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပင် ဖြစ်လေသည်။

ထိုမဟာသတိပဋ္ဌာန်ပါဠိတော်၌ လာရှိသော ပထဝီဓာတု အာပေါဓာတု၊ တေဇောဓာတု၊ ဝါယောဓာတု ဟူသော ဓာတ်ကြီး ၄-ပါး၊ ကာယာနုပဿနာ ဓာတု မနသိကာရ ပဗ္ဗ အမည်ရသော ကမ္မဋ္ဌာန်းတရားကို ပွားများရန် ဆရာတော်ကြီးများသည် အထူး ညွှန်ကြား တော် မူခဲ့ကြလေသည်။

ဝိသုဒ္ဓိမဂ် သမာဓိနိဒ္ဒေသပိုင်း၌ စတုဓာတု ဝဝတ္ထာနကမ္မဋ္ဌာန်း ကို ပွားများအားထုတ်ရန် အဋ္ဌကထာ ဆရာမြတ်သည် အထူး တိုက်တွန်းတော် မူခဲ့လေသည်။

၎င်း စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်းမှာလည်းအခြားမဟုတ်။ ၎င်း ၈၂-ပါးသော ဓာတ်တို့အနက် ၂၈-ပါးသော ရုပ်ဓာတ် များသာ ဖြစ်လေသည်။

ဝိပဿနာ ဘာဝနာပွားများရန် အချုပ်မှာ ၎င်း၈၂-ပါး သောဓာတ်တို့ကိုမှတည်ရခြင်းဖြစ်၏။ထို့ကြောင့် ၎င်း ၈၂-ပါး သော ဓာတ်တို့ကို ပိုင်နိုင်စွာ သိရှိထားရန် အထူးတိုက်တွန်းရ ပြန်၏။

## အရှင် ပဏ္ဏသာတိ။

(ဓာတု မနသိကာရ)

ဝိပဿနာ ဘာဝနာ မပွားများသေးမီ ရှေးအဖို့က ကြိုတင် လျက် ဓာတ်ကြီး ၄-ပါး၊ ဓာတ် ၆-ပါးတို့ကို သိရှိ ပွားများ လေ့ကျင့်ထားခြင်းသည် ယောဂီသူမြတ် အတွက်အလွန်ကျေး ဇူးများခြင်းကြောင့် ဓာတ် ၄-ပါး၊ ဓာတ် ၆-ပါးတို့နှင့်သက် ဆိုင်သည်တို့ကို အတိုချုပ် ဖေါ်ပြပေအံ့။

ဗုဒ္ဓမြတ်စွာသည်

ဥပရိပဏ္ဏာသပါဠိတော်ဝိဘင်္ဂဝဂ်ဆဓာတုဝိဘင်္ဂသုတ်
(အရှင်ပဏ္ဏသာတိကို အကြောင်းပြု၍)

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ရာဟုလာသံယုတ် ပဌမဝဂ်

ဆဓာတုသုတ် (အရှင်ရာဟုလာကို အကြောင်းပြု၍)

ဝိဘင်း ပါဠိတော် ဓာတုဝိဘင်္ဂ သုတ္တန္တ ဘာဇနိယ။

စသော ပါဠိတော်တို့၌ ယောဂီသူမြတ်တို့ အကျိုးများစေရန် ဓာတ် ၆-ပါးကို ဟောတော်မူခဲ့လေသည်။

ထိုဓာတ် ၆-ပါးကို ကြေပြွန်စွာ နားလည်လျက် ဆင်ခြင်ပွားများလေ့ကျင့်ထားပါက ဝိပဿနာ ဘာဝနာသို့တက်လှမ်းသောအခါ လွယ်ကူစွာ ခရီးပေါက်ရောက်နိုင်လေသည်။

ထိုဓာတ် ၆-ပါး ဟူသော်ကား-

| | |
|---|---|
| ၁။ ပထဝီဓာတု၊ | ၄။ ဝါယောဓာတု၊ |
| ၂။ အာပေါဓာတု၊ | ၅။ အာကာသဓာတု၊ |
| ၃။ တေဇောဓာတု၊ | ၆။ ဝိညာဏဓာတု- တို့ ဖြစ်လေသည်။ |

ထိုတွင် ပထဝီဓာတု- ၂၀၊ အာပေါ-၁၂၊ တေဇော- ၄၊ ဝါယော ၆-ဟူ၍ ၄၂-ပါးကို ဟောတော်မူ၏။

ထိုမှတပါး မဟာသတိပဋ္ဌာန် ကာယာနုပဿနာ ပဋိကူလ မနသိကာရ ပဗ္ဗ၌ ၃၂-ပါးသော ကောဋ္ဌာသ တို့ကို ဆင်ခြင်ပွားများလေ့ကျင့်ရန်ကိုဎင်း၊ယင်းပါဠိတော်ဓာတုမနသိကာရပဗ္ဗ၌လည်း ပထဝီဓာတု၊ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယောဓာတုဟူ၍ မိမိကိုယ်ကို ခွဲခြမ်းစိတ်ဖြာကာ ဆင်ခြာပွားများ လေ့ကျင့်ရမည်ကိုဎင်း ဗုဒ္ဓ မြတ်စွာသည် လေးနက်စွာ ညွှန်ကြားတော်မူခဲ့လေသည်။

ဤတွင် အရှင်ပက္ကုသာတိတို့အား ဟောတော်မူသော-

ဓာတ် ၆-ပါးတို့အနက်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ် ၄-ပါးနှင့် မဟာသတိပဋ္ဌာန်၌ လာရှိသော ဓာတ် ၄-ပါးမှာ အတူတူပင်ဖြစ်လေသည်။

ကာယာနုပဿနာ ပဋိကူလ မနသိကာရ ပဗ္ဗ၌ ဟော တော်မူအပ်သော ၃၂-ပါးသော ကောဋ္ဌာသတို့မှာ အရှင် ပဏ္ဍုသာတိတို့အား ဟောတော်မူသော ၄၂-ပါးတို့အနက် ပဌမ ၃၂-ပါးပင်ဖြစ်လေသည်။

ထို ၃၂-ပါးမှာ။

| | |
|---|---|
| ၁။ ကေသာ-ဆံပင်၊ | ၁၁။ ဟာဒယံ-နှလုံး၊ |
| ၂။ လောမာ-အမွေး၊ | ၁၂။ ယကနံ-အသည်း၊ |
| ၃။ နခါ-ခြေသည်းလက်သည်း၊ | ၁၃။ကိလောမကံ-အမြှေး |
| ၄။ ဒန္တာ-သွား၊ | ၁၄။ ပိဟကံ-အဖျဉ်း၊ |
| ၅။ တစော-အရေ၊ | ၁၅။ ပပ္ဖါသံ-အဆုတ်၊ |
| ၆။ မံသံ-အသား၊ | ၁၆။ အန္တံ-အူမ၊ |
| ၇။ နှာရု-အကြော၊ | ၁၇။ အန္တဂုဏံ-အူသိမ်၊ |
| ၈။ အဋ္ဌိ-အရိုး၊ | ၁၈။ ဥဒရိယံ-အစာသစ်၊ |
| ၉။ အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ၊ | ၁၉။ကရီသံ-အစာဟောင်း၊ |
| ၁၀။ ဝက္ကံ-အညှို့၊ | ၂၀။မတ္ထလုင်္ဂ-ဦးနှောက်၊ |

ဤကား ပထဝီဓာတ်တွင် ပါဝင်သော အပါး ၂၀-ပေတည်း။

အာပေါဓာတ်တွင် ပါဝင်သော-

၁၂-ပါးတို့သည်ကား။

| | |
|---|---|
| ၁။ ပိတ္တံ-သည်းခြေ၊ | ၇။ အဿု-မျက်ရည်၊ |
| ၂။ သေမှံ-သလိပ်၊ | ၈။ ဝသာ-ဆီကြည်၊ |
| ၃။ ပုဗ္ဗော-ပြည်၊ | ၉။ ခေဠော-တံတွေး၊ |
| ၄။ လောဟိတံ-သွေး၊ | ၁၀။ သိင်္ဃာဏိကာ-နှပ်၊ |

၅။ သေဒေါ—ချွေး၊ ၁၁။ လသိကာ-အစေး၊
၆။ မေဒေါ-အဆီခဲ၊ ၁၂။ မုတ္တံ-ကျင်ငယ်။

ဤ ၃၂-ကောဋ္ဌာသ သည် စိတ် မပြန့် လွင့် စေဘဲ (အနုလောမ၊ ပဋိလောမ) အပြန်အလှန်နည်းဖြင့် ခြောက်လတိုင် ဆင်ခြင် ပွားများလေ့ကျင့်ရမည်။ ယင်းသို့ ပွားများသော် နိဗ္ဗာန်တရားတို့ ဆိတ်သုဉ်းနေသည်သာမက လူတကိုယ်လုံးတွင် ဘာတခုမျှ လိုချင်စရာမရှိ။ စက်ဆုပ်ဖွယ် အတိသာ ဖြစ်သည်ကို တွေ့ရှိလာပေလိမ့်မည်— စသည်ဖြင့် လေ့ကျင့် ဆင်ခြင်နည်း အသေးစိတ်ကိုပါ အဋ္ဌကထာဆရာမြတ်သည် သမ္မောဟဝိနောဒနီ, သတိပဋ္ဌာန် ဝိဘင်္ဂဖွင့်ဆိုတော်မူလေသည်။ ထိုကျမ်းကို ဆက်လက်လေ့လာတော်မူပါကြလေ။

ထို ၃၂- ကော ဋ္ဌာ သ မှ ပထဝီ ဓာတု၊ အာပေါဓာတု၊ တေဇောဓာတုသို့ တက်သောအခါ ၄၂-ကောဋ္ဌာသဖြစ်လာ၏။နောက်ထပ်တိုးသော ဆယ်ပါးမှာ—

တေဇော ဓာတ်။

၁။ သန္တာပနတေဇော = ရက်ခြားပူခြင်း။
၂။ ဒါဟတေဇော = ပြင်းစွာပူခြင်း။
၃။ ဇိရဏတေဇော = အရွယ်ကိုရင့်ကျက်စေခြင်း။
၄။ ပါစကတေဇော = အစာကိုကြေညက်စေခြင်း။

ဤ ၄—ပါးကား- တေဇောဓာတ် ၄-ပါးတည်း။ ကျန် ၆-ပါးမှာ—

ဝါယော ဓာတ်။

၁။ ဥဒ္ဓင်္ဂမ ဝါယော = အထက်သို့တက်သော လေ။

၂။ အဓောဂမ ဝါယော = အောက်သို့ယက်သောလေ။
၃။ ကုစ္ဆိသယ ဝါယော = ဝမ်း၌ တည်သော လေ။
၄။ ကောဋ္ဌာသယဝါယော=အူတွင်း၌တည်သောလေ။
၅။ အင်္ဂ မင်္ဂါ

နုသာရီဝါယော = အင်္ဂါ ကြီး ငယ် တို့ ၌ အစဉ် လျောက်သော လေ။

၆။ အဿာသပဿာသဝါယော=ထွက်သက်ဝင်သက် လေတို့ဖြစ်လေသည်။ ဆို ၆—ပါးသည် ဝါယောဓာတ်ဖြစ်၏။

ဤ ၄၂-ကောဋ္ဌာသကို အပြန်အလှန် ထပ်ခါ ထပ်ခါ သမထဘာဝနာအားဖြင့်ဆင်ခြင်ပွားများထားသော် သမာဓိ အားကောင်းခြင်းကြောင့် ဝိပဿနာ ဘာဝနာသို့ တက်ရာ တွင် အလွန်လွယ်ကူလေသည်။

ဤကာယာနုပဿနာ ဓာတုမနသိကာရ ကမ္မဋ္ဌာန်းကို ထပ်ခါ ထပ်ခါ အကြိမ်ပေါင်းများစွာ ပွားများ လေ့ကျင့် သော်(ရှုပံ နု သတ္တော၊ နဇီဝေါ၊ နပုဂ္ဂလော၊ န ပုရိသောစသော ပါဠိတော်အရ)ရုပ်ကောင်ကြီးသည်သတ္တဝါမဟုတ်။ အသက် မဟုတ်။ မိန်းမ မဟုတ်။ ယော ကျ်ား မ ဟုတ် - ဆို သည့် မှာ (ဥပဋ္ဌာနာကာရ)စိတ်တွင် ထင်ရှား စွဲမြဲစွာ ဖြစ်ပေါ်လာပေ တော့၏။

ထိုမျှ အကျိုး ကျေးဇူး များခြင်းကြောင့်၎င်း။ ဝိပဿနာ ဘာဝနာသို့တက်ရာတွင် အလွန်လွယ်ကူမှုရှိခြင်းကြောင့်၎င်း၊ ရှေးဆရာမြတ်တို့သည် ဤကမ္မဋ္ဌာန်းကို ကြိုးစား အားထုတ် ကြရန် လေးနက်စွာ တိုက်တွန်းတော်မူခဲ့ကြလေသည်။

ဓာတ် ၆–ပါးအနက် ပထဝီဓာတု၊ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယောဓာတုတို့ကို ဖေါ်ပြခဲ့ပြီးဖြစ်ရာ ကျန် နှစ်ပါးကို အတိုချုပ် ဖေါ်ပြပေအံ့။

ဥပရိ ပဏ္ဏာသပါဠိတော် ဓာတု ဝိဘင်္ဂသုတ်၌ လာရှိသော အာကာသဓာတုသည် အတွင်း အပြင် ဟောင်း လင်း ဖြစ် ခြင်း သဘောရှိ၏။

၎င်းတို့သည်ကား- နားပေါက်၊ နှာခေါင်းပေါက်၊ခံတွင်း ပေါက်စသည်တို့ဖြစ်လေသည်။တနည်းကား-ရုပ်ပိုင်းအနိပ္ဖန္န ရုပ်၌ လာရှိသော အာကာသဖြစ်၏။

နောက်ဆုံးကား-ဝိညာဏဓာတ်ဖြစ်၏။အတိုချုပ်သဘော မှာ- ဝိညာဏဓာတ်သည် ချမ်းသာသုခဟူ၍လည်း သိ၏။ ဆင်းရဲဒုက္ခဟူ၍လည်း သိ၏။ (အဒုက္ခ မသုခဉ္စ ဝိဝိဇာနာတိ) ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်သော လျစ်လျူ ရှုမှု ဥပေက္ခာဟူ၍လည်း သိ၏။

ယင်းသို့လျှင် ပထဝီဓာတု၊အာပေါဓာတု၊တေဇောဓာတု၊ ဝါယောဓာတု၊ အာကာသဓာတု၊ဝိညာဏဓာတုဟူ၍ ဓာတ် ၆-ပါးကို အရှင်ပက္ကုသာတိအား ဟောတော်မူ၏။

အရှင်ပက္ကုသာတိသည် အနာဂါမ်ဖြစ်လျက်တရားတော် ကို အလွန်နှစ်သက်ခြင်းဖြစ်ရကား ပဉ္စင်းအဖြစ်ကို အလိုရှိ၍ သပိတ်သင်္ကန်းကို ရှာမှီးရန် ဘုရားရှင်ထံမှ ထွက်ခွါသွားရာ လမ်းတွင်လှည့်လည် ပြေးသွားနေသော နွားမ တကောင်က အရှင်ပက္ကုသာတိအားခွေ့ သဖြင့်အသက်ကုန်ခြင်းသို့ရောက် လေရာ ထိုခဏ၌ပင် လူ့ပြည်သို့ ပြန်မလာသော သုဒ္ဓါဝါသ ဘုံ၌ တည်လေသတည်း။

မဟာဝိဇ္ဇာ ၁၄။

ရွှေဥမင် ဆရာတော်။

မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာတွင် ထိုလုပ်ငန်းနှင့် ပတ်သက်သည်တို့ကို ရှေးဦးစွာ မှန်ကန်သော နည်းစံနစ်ဖြင့် ကြိုတင်သိရှိလျက် စတင် ဆောင်ရွက်ခြင်းသည် ထိုကိစ္စတွင် ၅၀-ရာခိုင်နှုန်း အောင်မြင်ပြီးစီးခြင်း ဖြစ်လေသည်။ ထို့ ကြောင့် "အစကောင်းမှ အနှောင်းသေချာသည်" ဟူ၍ ဆို စမှတ်ရှိခဲ့လေသည်။

သမထဘာဝနာ လုပ်ငန်းမှာ အလုပ်စခန်း ၉၀-ရာခိုင်နှုန်း ရှိ၍ အသိတရားမှာ ၁၀-ရာခိုင်နှုန်းခန့်မျှသာ ပါရှိလေသည်။ ဝိပဿနာ ဘာဝနာလုပ်ငန်းမှာကား ထိုသို့မဟုတ်၊ အသိခက် ၍ လုပ်ငန်းတွင် အလွန်လွယ်ကူလေသည်။ အသိ တရားမှာ ၉၀-ရာခိုင်နှုန်းပါရှိ၍ အလုပ်စခန်းမှာ ၁၀-ရာခိုင်နှုန်းသာ ပါရှိလေသည်။ ထို့ကြောင့် ဝိပဿနာ ဘာဝနာ လုပ်ငန်းနှင့် ပတ်သက်၍ ရွှေဥမင်ဆရာတော်သည်-

လယ်လုပ်မခက်-လယ်တည်ခက်၏။
အကျင့်မခက်-အသိခက်၏။
သူတော်မခက်-ပညာရှိခက်၏။

ဟူ၍ မိန့်ဆိုတော်မူခဲ့သည်ကို ဆရာ တော် များ ထံမှ တဆင့် မှတ်သားရမိဘူးလေသည်။

ဤတွင် လွယ်ကူသည် ဆိုရာဝယ် သုတမယဉာဏ်အားဖြင့် လုပ်ငန်းကို သိရှိနေခြင်းကြောင့် ဝိပဿနာ ဘာဝနာ ပွားများရေးအတွက် မခဲယဉ်းတော့ပေ။ သွားရင်း လာရင်း၊ နေရင်းထိုင်ရင်း၊ စားရင်းသောက်ရင်း၊ လွယ်ကူစွာ ပွားများနိုင်လေသည်။

အရေးအကြီးဆုံးဖြစ်သော အဝိဇ္ဇာနှင့်တဏှာကိုပင် အခါ ခပ်သိမ်း လွယ်ကူစွာ ဖြတ်တောက်နေနိုင်သည်ကိုဆိုလိုသည်။ မဂ် ဖိုလ်၊နိဗ္ဗာန်ရရှိရေး အမြန်အနှေးမှာ မိမိပါရမီအထောက် အပံ့နှင့် မိမိကြိုးစားမှုအပေါ်တွင် တည်လျက် ရှိသေးသည်။

ရုပ်တရား၊ နာမ်တရားဖြစ်သော ခတ် ၁၁-ပါးတို့ကို ပစ္စတ္တလက္ခဏာနှင့်တကွ နားသည်ပြီး၍သမ္မသနဉာဏ်စသည် တို့ကို တက်ရောက်လျက် ဝိပဿနာဘာဝနာကို ပွားများနေ ပါက ထိုသူမြတ်သည် ယခုဘဝ၌ပင် သောတာပန် ဖြစ်နိုင် သေးသည်။ အကယ်၍ မဖြစ်သေးပါက နောက်ဘဝတွင် နတ် ပြည်၌ သောတာပန်ဖြစ်ရမည်ကို အင်္ဂုတ္တိုရ်ပါဠိတော် စတုက္က နိပါတ် မဟာဝဂ်သောတာနုဂတ သုတ်၌ တိ ကျ စွာ ဟော တော်မူခဲ့၏။

"အကျင့်မခက်- အသိခက်၏"ဟူ၍ ရွှေဥမင်ဆရာတော် မိန့်တော်မူသည့်အတိုင်း ဝိပဿနာ ဘာဝနာ ပွားများရေး လုပ်ငန်းမှာ ပဌမဓမ္မသဘာဝကို လိပ်ပတ်လည်အောင်သဘော ပေါက်ရန် အရေးအကြီးဆုံးဖြစ်၏။ ဓမ္မသဘာဝကို သဘော ပေါက်သွားပါက အလုပ်လုပ်ရန် မ ယုံ ကြည် နိုင် လောက် အောင် လွယ်ကူသော လုပ်ငန်း တရပ် ဖြစ် သေ သည်။ ထို့ ကြောင့် သုတမယဉာဏ် အားဖြင့် ကြိုတင်သိရှိထားနိုင်စေရန် တနည်း ဖော်ပြဦးအံ့။

## ဓမ္မ သဘာဝ။

ဓမ္မသင်္ဂဏီ ပါဠိတော် အစတွင် ကုသလာ ဓမ္မာ၊ အကု သလာ ဓမ္မာ၊ အဗျာ ကတာ ဓမ္မာ ဟူ၍ ဟော်တော် မူလေ

**ကုသလာ ဓမ္မာ**-ဆိုသည်မှာ သတ္တဝါ၊ အကောင်းအထည် မဟုတ်။ ဓမ္မသဘာဝမျှသာ ဖြစ်သော ကုသိုလ်စိတ် ၂၁-လုံး၊ နှင့် ကုသိုလ် စေတသိက် ၃၈-လုံးသာဖြစ်လေသည်။

ထို့အတူ အကုသိုလ်တရားဆိုသည်မှာ အကောင်၊အထည် သတ္တဝါမရှိ၊ အကုသိုလ်စိတ် ၁၂-လုံးနှင့် စေတသိက် ၂၇-လုံးသာ ဖြစ်လေသည်။

**အဗျာကတ** တရားဆိုသည်မှာ ကုသိုလ်တရား အကုသိုလ် တရားတို့တွင် မပါဝင်သောကုသိုလ်တရား၊အကုသိုလ်တရား တို့မှ အပဖြစ်သော-

၁။ နိဗ္ဗာန် ၃။ ကြိယာစိတ်- ၂၀။
၂။ ဝိပါက်စိတ်- ၃၆။ ၄။ စေတသိက်- ၃၈။
၅။ ရုပ်- ၂၈-တို့ ဖြစ်ကြလေသည်။

ဤတွင် နိဗ္ဗာန်နှင့်တကွ လောကဓာတ်ကြီး တရပ်လုံးတွင် ပရမတ္ထသစ္စာနည်းအားဖြင့် အတ္တ မရှိ။ အသက်, လိပ်ပြာ, ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဟူ၍ လုံးဝ မရှိ၊ အမှု, အမွှား, အတို, အရှည်, အပူ, အအေး, အနံ့, အသက်,အမာ, အပျော့, အရိပ်, နိမိတ်, အထည်ဒြပ်, ပုံပန်း, သဏ္ဌာန်ဟူ၍ လုံးဝမရှိ။ ဓမ္မသဘာဝ သဘောတရား သက် သက်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် ရှင်တော်ဘုရားသည် ဓမ္မပဒပါဠိတော်, မဂ္ဂဝဂ်၌-

**သဗ္ဗေ ဓမ္မာ အနတ္တာ**။

ဆိုသည်ကို ထင်ရှားစွာ သိစိမ့်သောငှါ အမျိုးမျိုးသော နည်းတို့ဖြင့် ဗုဒ္ဓမြတ်စွာသည် ပါဠိတော်အရပ်ရပ်တွင်ထပ်ခါ ထပ်ခါ ဟောကြားညွှန်ပြတော်မူခဲ့လေသည်။

ဝိပဿနာ ဘာဝနာ ပွားများသည်ဆိုရာဝယ် ငါကပွားများနေသည်မဖြစ်စေရ။ ပရမတ္ထသစ္စာ၌ ငါ သူ တပါး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ မရှိခြင်းကြောင့် ကုသိုလ်တရား၊ ဝါ-ကုသလာဓမ္မာ သာလျှင် ဝိပဿနာ ဘာဝနာကို ပွားများနေသည်ဟု စွဲမြဲခိုင်ခံ့စွာ နှလုံးသိမ်းပိုက်ထားရပေမည်။ ဤကား ဝိပဿနာဘာဝနာ ပွားများရာ၌ ပရမတ္ထ သစ္စာတွင် လိုရင်း အဓိက အချက်ကြီးဖြစ်၏။

သမ္မုတိသစ္စာနယ်ရှိ လူ၊ ယောက်ျား၊ မိန်းမ စသည်တို့ကို ပရမတ္ထသစ္စာနယ်သို့ရောက်လာ၍ ဓမ္မသဘာဝသဘောတရားတို့ကို ပညာမျက်စိဖြင့် ကြည့်ရှုသောအခါ သတ္တဝါ စသည်တို့ကို မတွေ့မမြင်ရ။ ဓမ္မသဘာဝများကို ဓမ္မသဘာဝတို့က အောက်ပါအတိုင်းတွေ့မြင်ရလေသည်။

ကုသလာ ဓမ္မာ။

(စိတ်နှင့်စေတသိက်-၃၈)



ပရမတ္ထသစ္စာနယ်တွင် "ကုသလာဓမ္မာ" ဆိုရာဝယ် လူမ ပါ။ သတ္တဝါမဟုတ် ပုံပန်းသဏ္ဌာန်မရှိ။အမည်နာမပင် မပါ ဓမ္မသဘာဝ သက်သက်မျှသာ ဖြစ်၍ ပညာမျက်စိဖြင့်အထက် ပါအတိုင်း စိတ်နှင့်စေတသိက် ၃၈-လုံးကိုသာ တွေ့မြင်သိရှိ ရ၏။

၎င်းကုသလာဓမ္မာ သဘာဝတရားစုတွင် ပထမကြက်ခြေ ၇-လုံးသည် သဗ္ဗစိတ္တသာဓာရဏ စေတသိက်။ ၆-လုံးသည် ပကိဏ်းစေတသိက်။ ၁၉-လုံးသည် သောဘဏသာဓာရဏ စေတသိက်။ ၃-လုံးသည် ဝိရတီ စေတသိက်။ ၂-လုံးသည် အပ္ပမညာစေတသိက်။ ကျန်တလုံးသည် ပညိန္ဒြေစေတသိက်။ ပေါင်း စေတသိက် ၃၈-လုံးနှင့် အလယ်အဝိုင်းငယ် မှာစိတ် ဖြစ်၏။

ယောဂီသူမြတ်အတွက်၎င်းမျှသိခြင်းဖြင့် မပြီးသေး။"ကုသ လာဓမ္မာ" ဖြစ်သော ပရမတ္ထ သဘာဝတို့ကို အထက်ပါ အတိုင်း တွေ့မြင်သိရှိရသည်ဆိုရာတွင် "ငါ"ကတွေ့မြင်သိရှိရ သည်မဟုတ်။ "ကုသလာဓမ္မာ"ဖြစ်သော၊ (ဝါ)ဓမ္မသဘာဝ ဖြစ်သော စိတ်နှင့်စေတသိက် အချို့က တွေ့မြင်သိရှိခြင်း ဖြစ် သည်ဟူ၍လည်း ဆက်လက်သိရှိရပေဦးမည်။

တနည်းသော်- သင်္ခါရတရားတစုက သင်္ခါရတရားတစု ကို တွေ့မြင်သိရှိခြင်း ဖြစ် သည် ဟူ ၍ လည်း သိရှိရပေမည်။ (ငါ-မပါရ)။

ယင်းသို့ သိရှိပါမှ “အတ္တ”မဟုတ်၊ ပရမတ္ထဓမ္မသဘာဝ ဖြစ်သော ဗုဒ္ဓမြတ်စွာ၏ “အနတ္တ”ဓမ္မသဘာဝကို သဘော ပေါက်နိုင်ပေလိမ့်မည်။

ထိုသို့သိရှိပါမှ အထက်ဝိပဿနာ ဘာဝနာ ပွားများရာ တွင် အထူးအလိုရှိအပ်သော-

၁။ အမိတ္တ ဝိမောက္ခ။
၂။ အပ္ပဏိဟိတ ဝိမောက္ခ။
၃။ သုညတ ဝိမောက္ခ။

တို့ကို လွယ်ကူစွာ တွေ့မြင် သိရှိနိုင်ပေလိမ့်မည်။

တနည်းဆိုသော်- ဝိပဿနာ ဘာဝနာ ပွားများရာတွင် အနိမိတ္တ သမာဓိ။ အပ္ပဏိဟိတ သမာဓိ။ သုညတ သမာဓိ ရရှိရေးအတွက် အလွန်လွယ်ကူလာလေသည်။

ဤမှတဖန်“အကုသလာဓမ္မာ”ကိုဆက်လက်ဖေါ်ပြပေအံ့။

အကုသလာဓမ္မာ။
(စိတ်နှင့်စေတသိက်– ၂၇)

\+ + +   + + +
\+ + + +   + + +

၀

\+ + + + + + +

\+ + + + + + +

ဤ "အကုသလာဓမ္မာ"၌လည်းလူမပါ။ သတ္တဝါမဟုတ် ပုံပန်းသဏ္ဌာန်မရှိ။ အမည်နာမပင်မပါ။ ဓမ္မသဘာဝသဘော တရားသက်သက်မျှသာ ဖြစ်၏။ ပဌမကြက်ခြေ ၇-လုံးသည် သဗ္ဗစိတ္တ သာဓာရဏစေတသိက်။ ၆-လုံးသည် ပကိဏ်းစေ တသိက်။ ၁၄-လုံးသည် အကုသိုလ်စေတသိက်။ ပေါင်း စေတသိက် ၂၇-လုံးဖြစ်၏။ အလယ်အဝိုင်းငယ်မှာ စိတ်ဖြစ် ၏။ ဤတွင် ဓမ္မသဘာဝကို ပညာမျက်စိဖြင့် မြင်နိုင်ရန်အထူး အလိုရှိအပ်လေသည်။

ဤတွင် ဓမ္မသဘာဝတို့ကို "ကြက်ခြေ"တို့ဖြင့် ပြသလိုက် ခြင်းမှာ အတ္တမရှိ။ ဓမ္မသဘာဝ သဘောတရား အနတ္တမျှသာ ဖြစ်သည်ကို တနည်းအားဖြင့်သိရှိတော်မူနိုင်ကြစေရန်ဖြစ်၏။

"အဗျာကတာဓမ္မာ"ဆိုသည်မှာ စာမျက်နှာ ၂၁၂-တွင် ဖော်ပြခဲ့သော ဝိပါက်စိတ်- ၃၆၊ကြိယာစိတ်- ၂၀၊ စေတ သိက်-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်တို့ပင်ဖြစ်လေသည်။

## ဒုတိယ တနည်း။

(ငါ-မပါ၊ အတ္တ-မရှိ)။

ဓမ္မ သဘာဝမျှသာ ဖြစ်၏။ ဖြစ်ပေါ်၍ ချုပ်ပျောက်၏။

| စိတ်<br>စေတသိက်<br>၃၈ | စိတ်<br>စေတသိက်<br>၂၇ |
|---|---|
| ကုသလာဓမ္မာ<br>(ငါ-မပါ၊ အတ္တ-မဟုတ်)<br>ဓမ္မ သဘာဝ မျှသာဖြစ်၏။ | အကုသလာဓမ္မာ<br>(ငါ-မပါ၊ အတ္တ-မဟုတ်)<br>ဓမ္မ သဘာဝ မျှသာ ဖြစ်၏။ |

| | |
|---|---|
| ဝိပါက်စိတ် | - ၃၆ |
| ကြိယာစိတ် | - ၂၀ |
| စေတသိက် | - ၃၈ |
| ရုပ် | - ၂၈ |
| နိဗ္ဗာန် | |

အဗျာကတာ ဓမ္မာ

(ငါ-မပါ၊ အတ္တ-မဟုတ်)

ဓမ္မ သဘာဝ မျှသာ ဖြစ်၏။

ဝိပဿနာဘာဝနာ ပွားများရာတွင် လိုအပ်သော ဓမ္မသဘာဝကို ပညာမျက်စိဖြင့် မြင်နိုင်ရန် အထူးအရေးကြီးခြင်းကြောင့် (ဒိဋ္ဌိဝိသုဒ္ဓိ)အမြင် စင်ကြယ်သန့်ရှင်းစေရန် အထက်ပါစံနစ်ပုံဖြင့် ဒုတိယတနည်းကို ဖေါ်ပြရခြင်းဖြစ်၏။

အထက်တွင်ဖေါ်ပြထားသော နည်းတို့မှာ မိမိ အတ္တနောမတိ ဖြင့် ရေးသားဖေါ်ပြခြင်းမဟုတ်။ အဘိဓမ္မာ ၇-ကျမ်း၏ အစဖြစ်သော ဓမ္မသင်္ဂဏီကျမ်းတွင် အစဦးစွာပင်လာရှိသော အဘိဓမ္မာဒေသနာတော်ဖြစ်လေသည်။

ပရမတ္ထသစ္စာနယ်တွင် လူမရှိ။ သတ္တဝါမရှိ။ အသက်လိပ်ပြာမရှိ။ ငါမရှိ။ အတ္တမရှိ။ ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတ တရား၊ ဓမ္မသဘာဝ သဘောတရားမျှသာရှိသည်ဆိုသည်ကို စိတ်တွင် အစဉ် စွဲမြဲလာအောင် အထက်ပါစံနစ်ပုံနှစ်မျိုးကို ထပ်ခါထပ်ခါ ဆင်ခြင်လေ့ကျင့်ပေးပါလေ။

ဤသို့ဆင်ခြင်လေ့ကျင့်ရာတွင် "ငါ-မပါရ" ကုသိုလ်တရားစုတို့ကမဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရှိရေးအတွက်ကြိုးစားအားထုတ်နေခြင်း ဖြစ်သည်ဟူ၍လည်း အစဉ် သတိပြုရပေမည်။

ဝိပဿနာ ဘာဝနာပွားများရေး လုပ်ငန်းမှာအောက်ခြေပိုင်လျှင် အထက်လုပ်ငန်းများတွင်အလွန်လွယ်ကူလေသည်။ ထို့ကြောင့် တဆင့်တက်ကာ ဖေါ်ပြဦးအံ့။

အထက်တွင်ဖေါ်ပြခဲ့သော ကုသလာဓမ္မာ၊အကုသလာဓမ္မာ စသည်တို့ကို ပိုင်နိုင်စွာလေ့ကျင့်ပြီးနောက် မိမိ၌ အကုသိုလ်စိတ် ပေါ်လာသောအခါ ဝါ-ထိုဟာကို စားချင်စိတ်၊

သောက်ချင်စိတ်၊ လိုချင်စိတ် ဖြစ်ပေါ်လာသောအခါ ပါဠိတော်၌ လာရှိသော အိမ်ကိုဖျက်ကြည့်သည့် နည်းအတိုင်း။ နွားကိုဖျက်ကြည့်သည့် နည်းအတိုင်း ဖြစ်ပေါ်လာသော တဏှာ လောဘစိတ်ကို အောက်ပါအတိုင်းကြည့်ပါလေ။

| လောဘစိတ် | | လောဘစိတ် | |
|---|---|---|---|
| +++ | = | သမ္ပယုတ္တသာဓာရ | |
| ++++ | = | စေတသိက်- | ၇။ |
| +++ +++ | = | ပကိဏ်းစေတသိက်- | ၆။ |
| ++++ | = | မောစတုက်စေတသိက်- | ၄။ |
| + | = | လောဘစေတသိက်- | ၁။ |
| + | = | ဒိဋ္ဌိစေတသိက်- | ၁။ |
| ၁၉ | | | ၁၉ |

အထက်ပုံစံနှစ်မျိုးမှာ အတူတူပင်ဖြစ် လေ သည်။ မောစတုက် စေတသိက် ၄-ခုမှာ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ စေတသိက် ၄-လုံးတို့ဖြစ်၏။ ၎င်း၄—လုံးတို့သည် အကုသိုလ်စိတ်ဖြစ်တိုင်း မှုသေ ပါရှိခြင်းကြောင့် အကုသလ သာဓာရဏ စေတသိက် ၄-လုံးဟူ၍လည်း ခေါ်ဆိုရ၏။

ဤစေတသိက် ၁၉—လုံးသာ လောဘစိတ်နှင့်ယှဉ်တွဲပါရှိလာလေသည်။ ဤတဏှာလောဘစိတ်သည် ရှေးရှေးကမရှိ၊ စောစောကမရှိ၊ အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

ဒေါသစိတ် ပေါ်လာလျှင် အထက်ပါ နည်းအတိုင်းပင် ဆင်ခြင်လေ့ကျင့်ပါ။ သို့ရာတွင် ဒေါသစိတ်ဖြစ်ခြင်းကြောင့် စေတသိတ်အချို့ ပြောင်းလဲသွားလေသည်။

ဒေါသစိတ်နှင့် ယှဉ်သော စေတသိက်တို့မှာ သဗ္ဗစိတ္တသာဓာရဏစေတသိက်-၇။ ပီတိမပါသောပကိဏ်းစေတသိက် ၅။ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဤစေတသိက် ၂၀-တို့ဖြစ်လေသည်။

ယင်းသို့ လောဘစိတ်၊ ဒေါသစိတ်စသော မကောင်းစိတ်များ ဖြစ်ပေါ်လာသောအခါ ထိုအကုသိုလ်စိတ်ကို အထက်ပါ နည်းဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုခြင်းသည် မဟာသတိပဋ္ဌာန် စိတ္တာနုပဿနာခန်း၌—

သရာဂံ ဝါ စိတ္တံ သရာဂံ
စိတ္တန္တိ ပဇာနာတိ။

စသည့် လာရှိသော ကျင့်သုံးနည်းများ အတွက် လည်း အထူးအကူအညီ အထောက်အပံ့ဖြစ်လေသည်။ ထို့မှတပါး—

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။
သုတေ သုတမတ္တံ ဘဝိဿတိ။
မုတေ မုတမတ္တံ ဘဝိဿတိ။
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

မြင်လျှင် မြင်ကာမတ္တမျှသာ ဖြစ်စေအပ်သည်။

ကြားလျှင် ကြားကာမတ္တမျှသာဖြစ်စေအပ်သည်, စသော ကျင့်စဉ်လုပ်ငန်းအတွက်လည်း အိမ်ကိုဖျက်ကြည့်ဘိသကဲ့သို့ နွားကိုဖျက်ကြည့်ဘိသကဲ့သို့၊ လောဘကို ခွဲခြမ်းစိတ်ဖြာကြည့်ဘိသကဲ့သို့၊ ဒေါသကို ခွဲခြမ်း စိတ်ဖြာကြည့်ဘိသကဲ့သို့၊

မြင်သည်, ကြားသည် စသည်တို့ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုမှုသည်များစွာ အကူအညီ အထောက် အပံ့ကို ရရှိနိုင်လေသည်။

ဤသည်ကား-ဝိပဿနာဘာဝနာ၏ သမ္မသန ဉာဏ်ခန်းသို့ပင် မရောက်ရှိသေးချေ။ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး သမ္မသနဉာဏ်ပွားများခန်းကို ရှေ့တွင် တွေ့ရှိရလတံ့။

ရုပ် နှင့် နာမ် ကို
ခွဲခြမ်း စိတ်ဖြာလျက် တိကျစွာ
ကြည့်ရှု ကတ်ရမည်။

ဝိပဿနာဘာဝနာကို စံနစ်တကျ အားထုတ်လိုသောသူမြတ်အတွက် တနည်း ဖေါ်ပြပေဦးအံ့။ အုန်းထမင်း နှင့် ကြက်သားဟင်း ကို မြင်သောအခါ ဝါ-ဒန်ပေါက် ထမင်းကို မြင်သောအခါ (တနည်းကား) ဝက်သား တုံးကို မြင်သောအခါ ဤသို့ကြည့်ရှုဆင်ခြင်ရ၏။

ထမင်းဟင်းသည် ရုပ်ဖြစ်၏။ ရုပ်တရား ဆိုသည်မှာ ပထဝီ, အာပေါ, တေဇော, ဝါယော,ဓာတ်ကြီး ၄-ပါးဖြစ်၏။ယခုထမင်းဟင်းကို အမှီပြု၍ ဓာတ်ကြီး ၄-ပါးမျှသာဟု ဆင်ခြင်သုံးသပ်နေသော စိတ်သည် နာမ်တရားဖြစ်၏။

ထိုနာမ် တရားသည် အဘယ်နည်း ဆိုသော် စိတ်နှင့်စေတသိက်တို့သာ ဖြစ်၏။ ဝါ-ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ ဖြစ်ကြလေသည်ဟုဆင်ခြင်သုံးသပ်ရ၏။

ထိုနည်းတူစွာ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်စသည် တို့ကိုမြင်သောအခါခြေလက်,အင်္ဂါအစိတ်အပိုင်းပုံသဏ္ဌာန် ဟန်အမူအရာတို့ကိုမကြည့်ရ။ အရှင်ပက္ကုသာတိအား ဗုဒ္ဓမြတ် စွာဟောတော်မူအပ်သော ပထဝီဓာတု ၂၀။ အာပေါဓာတု ၁၂။ တေဇောဓာတု ၄။ ဝါယောဓာတု ၆။အာကာသဓာတု၊ ဝိညာဏဓာတုဤဓာတ် ၆ပါးကိုကေသာ၊ လောမာ က အစ ပြု၍ ဝိညာဏဓာတ်အထိ ရုပ်-နာမ် ၂-ပါးကို ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်သုံးသပ် လေ့ကျင့်ခြင်း ကိစ္စကို ပြုရပေမည်။

ထိုသို့မဟုတ်ပါက မဟာသတိပဋ္ဌာန် ကာယာနုပဿနာ ဓာတုမနသိကာရ ပဗ္ဗ၌ လာသော....

အတ္တိ ဣမသ္မိံ ကာယေ<br>
ပထဝီဓာတု အာပေါဓာတု<br>
တေဇောဓာတု ဝါယောဓာတုတိ။

ဟူသော စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို ဆင်ခြင် သုံးသပ် လေ့ကျင့်ခြင်း ကိစ္စကိုပြုရပေမည်။

ယင်းသို့လျှင် လူကိုမြင်ရာတွင် ယောကျ်ား,မိန်းမ,ကလေး စသည်တို့ကို အာရုံမပြုမူ၍ အထက်ပါနည်းတို့အတိုင်း ဓာတ် ၄-ပါးဟူ၍ရင်း၊ ဓာတ် ၆-ပါးဟူ၍ရင်း ဆင်ခြင် သုံးသပ်ခြင်း ပြုနေရာမှတဖန် တဆင့်တက်ကာ ဤသို့ဓာတ် ၄-ပါး၊ ဝါ– ဓာတ် ၆-ပါးဟူ၍ ဆင်ခြင်သုံးသပ်နေသူသည် အဘယ်သူဖြစ် သနည်းဟု ဆင်ခြင်သုံးသပ်ပြန်သော် အဘယ်သူမျှ မရှိ။ကုသ လာမွှာ ဝါ-ကုသိုလ်စိတ်နှင့် ကုသိုလ်စေတသိက် တို့သာ လျှင် ဆင်ခြင်သုံးသပ် နေခြင်းဖြစ်သည်။ လူမရှိ၊ ငါမဟုတ်။ အကြောင်းကြောင့် ဖြစ်ပေါ်လာသော စိတ်နှင့် စေတသိက်

အကျိုးတရား ဓမ္မသဘာဝ တို့သာတည်းဟု ဆင်ခြင်းသုံးသပ် လေ့ကျင့်ခြင်း ကိစ္စကို ပြုရပေမည်။ ။ဤကား- အကြမ်း သဘောမျှသာတည်း။

ထိုသို့ ပရမတ္ထသစ္စာ ဓမ္မသဘာဝအထိ သဘောသက်ဝင် လာအောင် ဆင်ခြင်ပွားများရမည်ကို ဗုဒ္ဓမြတ်စွာသည် ထိုထို သော ပါဠိတော်အရပ်ရပ်တွင် ထပ်ခါထပ်ခါ ထေးနက်စွာ ဟောတော်မူခဲ့လေသည်။

ယင်းသို့ ညွှန်ကြားပြသတော်မူရာမှ မူလပဏ္ဏာသ ပါဠိ တော်၌ ရှေ့ဦးစွာလာရှိသော မူလပရိယာယသုတ်တွင် လာရှိ သည်မှာ....

၁။ ဘူတေ ဘူတတော သဉ္ဇာနာတိ
၂။ ဘူခတေ ဘူတတော သညတွာ ဘူတေ မညတိ
၃။ ဘူတေသု မညတိ
၄။ ဘူတတော မညတိ
၅။ ဘူတေ မေတိ မညတိ
၆။ ဘူတေ အဘိနန္ဒတိ
၇။ တံ ကိဿ ဟေတု
၈။ အပ္ပရိညာတံ တဿာတိ ဝဒါမိ-ဟူ၏။

ဘာသာပြန်။ (၁) သတ္တဝါကို သတ္တဝါဟု သိမှတ်ထား ၏။

(၂) သတ္တဝါကိုသတ္တဝါဟု သိမှတ်ထား၍ သတ္တဝါဟူ၍ ပင် ထင်မှတ်ထား၏။

(၃) သတ္တဝါ၌ ထင်မှတ်၏။

(၄) သတ္တဝါအတိုင်း ထင်မှတ်၏။

(၅) သတ္တဝါကို ငါ-ဟာဟု ထင်မှတ်၏။
(၆) သတ္တဝါကို အလွန်နှစ်သက်၏။
(၇) ထိုသို့ ဖြစ်ရခြင်းကား အဘယ်ကြောင့်နည်း။
(၈) ထိုသူသည် သတ္တဝါကို ပိုင်းခြားမသိမှု ကြောင့်ဟု—ဗုဒ္ဓမည်တွင် ငါဘုရား·ရှင် မိန့်ဆိုတော်မူ၏။

ဤပါဠိတော်၌ လိုရင်းမှာ....

သတ္တဝါဟု ထင်မှတ်ထားခြင်းသည် အထက်တွင် ဖေါ်ပြခဲ့သော ပါဠိတော်တို့အတိုင်း နွားကိုခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုဘိသကဲ့သို့ရင်း။ အိမ်ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုဘိ သကဲ့သို့ရင်း၊ သတ္တဝါကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုရန် ဖြစ်လေသည်။

ယင်းပါဠိတော်၌ နတ်ကိုရင်း၊ ဗြဟ္မာကိုရင်း စသည်တို့ကို ဓမ္မသဘာဝအထိ ခွဲခြမ်းစိတ်ဖြာ၍ မကြည့်မှုကြောင့် နတ်အဖြစ်ကိုသော်ရင်း၊ ဗြဟ္မာအဖြစ်ကို သော်ရင်း စသည်တို့ကို အလွန်နှစ်သက်ကြခြင်း ဖြစ်သည်ဟု ဟောတော်မူ၏။

ထိုသို့ဟောတော်မူရာတွင်....

ဒိဋ္ဌံ ဒိဋ္ဌတော သုတံ သုတတော
မုတံ မုတတော ဝိညာတံ ဝိညာဏတော။

စသည်တို့အတွက်လည်း ရှည်လျားစွာ လာရှိလေသည်။

ဤသို့လျှင် အထက်တွင် ဖေါ်ပြအပ်သော သာမညယုတ္တိ၊ သဘာဝယုတ္တိ၊ အာဂမ ယုတ္တိတို့ကို ထောက်ဆ လျက် ယောက်ျား,မိန်းမ စသည်တို့ကို မြင်သောအခါတို့၌ အသံကိုကြားရခြင်း၊ ကိုယ်ကာယစသည်တို့ဖြင့် တွေ့ထိ သိရှိရခြင်းတို့ကို သူ့အတိုင်းမထားမူ၍ ပရမတ္ထ ဓမ္မသဘာဝ ဆိုက်အောင်

ပညာမျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်သုံးသပ် ရမည်မှာ ထင်ရှားလျက် ရှိလေပြီ။

ထို့ကြောင့် ဝိပဿနာဘာဝနာသမ္မသနဉာဏ်သို့ မတက်မီ အတ္တကိုပယ်၍ အနတ္တဓမ္မ သဘာဝသို့ ဆိုက် ရောက် ရေးအတွက် ဂ၁-ပါးကုန်သော ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုနိုင်ရန် ဤနာမရူပ ပရိစ္ဆေဒဉာဏ်ကို ပိုင်နိုင်စွာ လေ့ကျင့်ထားရပေမည်။

ရုပ်နာမ်နှစ်ပါးကို အပြားအားဖြင့် ခွဲခြမ်းစိတ်ဖြာ မသိပါသေးလျှင် မောဟခေါ်သော အဝိဇ္ဇာပင်ဖြစ်လျက် ရှိသည်ကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့လေပြီ။

ဤနာမရူ ပရိစ္ဆေဒဉာဏ်ကို မပိုင်လျှင် ဝိပဿနာဘာဝနာပွားများရေး လုပ်ငန်းတွင် အရေးအကြီးဆုံး ဖြစ်သော အနိမိတ္တဝိမောက္ခ,အပ္ပဏိဟိတ ဝိမောက္ခ,သုညတ ဝိမောက္ခတို့သို့ လွယ်ကူစွာ ရောက်ရှိနိုင်မည်မဟုတ်ချေ။ ဝါ-အလိုရှိအပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရှိရန် ခဲယဉ်းသည်ဟူ၏။

အတိုချုပ်ကား-မဂ်,ဖိုလ်,နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်လိုရရှိလိုပါလျှင် ရှေးဦးစွာ ဤ"နာမ ရူပ ပရိစ္ဆေဒ"ဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် ရှေးဦးစွာ လေ့ကျင့်ပါလေ။ သို့မှသာလျှင် အမြင်မှန်ကို ရရှိ နိုင်ပေလိမ့်မည်။

# ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ

ဒိဋ္ဌိ ဝိသုဒ္ဓိ နှင့် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ
တို့မှာ ဝိပဿနာ လုပ်ငန်းတွင် အထူး
အရေး ကြီးခြင်းကြောင့် ထိုနှစ်ခန်းကို
ပိုင်နိုင်စွာ လေ့လာထားရပေမည်။

ကင်္ခါ = ယုံမှားခြင်း။
ဝိတရဏ = လွန်မြောက်ခြင်း။
ဝိသုဒ္ဓိ = အထူးသန့်ရှင်းစင်ကြယ်ခြင်း။

**ကင်္ခါ-ဝိတရဏ-ဝိသုဒ္ဓိ-** ဘုရား, တရား, သံဃာ၊ ရတနာ ၃-ပါးတို့၌ သို့လော သို့လော တွေးတောယုံမှားခြင်းမှ လွန်မြောက်လျက် အထူးသန့်ရှင်းစင်ကြယ်ခြင်းကိုဆိုခြင်းဖြစ်၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းကိုပစ္စယ ပရိဂ္ဂဟဉာဏ်ဟူ၍၎င်း၊ ယထာဘူတဉာဏ်ဟူ၍၎င်း အစရှိသည်ဖြင့် ခေါ်ဆိုကြ၏။ ။ ရှေ့၌ နာမရူပပရိစ္ဆေဒဉာဏ်ကိုဒိဋ္ဌိဝိသုဒ္ဓိအမည်ဖြင့် ရေးသား ခဲ့ပြီးဖြစ်ရာ ယခုသော် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ရေးသားရန် ဖြစ်လေသည်။

တဖန်ဤကျမ်းသည်ဒုက္ခနှင့်သုခကို မူတည်ခဲ့ခြင်း ဖြစ်ရာ ရှေး၌ဒုက္ခနှင့် ဒုက္ခဖြစ်ရခြင်းအကြောင်းရင်းဖြစ်သော တဏှာ နှင့် အဝိဇ္ဇာကို ရေးသားဖော်ပြခဲ့ပြီးဖြစ်လေသည်။

ထို့ကြောင့် ယခုသော် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို အကျယ် တဝန့်ဖော်ပြရန် မလိုတော့သည်ဖြစ်ရကားကျန်လိုအပ်သည် တို့ကို ဖော်ပြရေးသားပေအံ့။

ခန္ဓာငါးပါး၊ ခန္ဓာငါးပါးဟူ၍ ခေါ်ဆိုနေကြသည်မှာ ဒိဋ္ဌိဝိသုဒ္ဓိခန်း၌ ဖော်ပြခဲ့သော ဓာတ် ၈၁-ပါးတို့ အနက် စေတသိက် ၅၂-ပါးတို့မှ နာမ်ခန္ဓာသုံးပါးရရှိလေသည်။

သတ္တဝါတို့မည်သည် ဒုက္ခဝေဒနာကို အလွန် ကြောက်ရွံ့ကြ ကုန်လျက် သုခ ဝေဒနာကို အလွန် အလိုရှိကြခြင်းကြောင့် ဝေဒနာစေတသိက်ကို ခန္ဓာတပါးဖွဲ့လျက် ''ဝေဒနက္ခန္ဓာ'' အည်မဖြင့် ဟောတော်မူလေသည်။

ထိုနည်းတူစွာ သတ္တဝါတို့၌ အမှတ်သညာသည် အထူး စွဲမြဲလျက်ရှိ၏။ ငယ်စဉ်အခါက ပြုခဲ့သည်တို့ကို အနှစ်-၅၀ ကြာသော်လည်း မှတ်မိသိရှိလျက်ပင်။ အချို့ကား ရှေးဘဝ တို့က ဖြစ်ခဲ့သည်တို့ကိုပင် မှတ်မိသိရှိကြကုန်၏။ ထို့ကြောင့် သညာစေတသိက်ကို ''သညာက္ခန္ဓာ''အမည်ဖြင့်ဟောတော် မူလေသည်။

ကျန်စေတသိက် ၅၀-ကို စု ပေါင်း ၍ ''သင်္ခါရက္ခန္ဓာ'' အမည်ဖြင့် ဟောတော်မူ၏။ ဤသို့လျှင် ၅၂-ပါးသော စေတသိက်တို့မှ နာမ်ခန္ဓာ ၃-ပါးရရှိလေသည်။

စိတ်ကို''ဝိညာဏက္ခန္ဓာ''အမည်ဖြင့်ဟောတော်မူရာ စိတ် နှင့်စေတသိက်တို့မှ နာမ်ခန္ဓာ ၄-ပါး ရရှိလေသည်။

ရုပ် ၂၈-ပါးကိုစုပေါင်း၍''ရူပက္ခန္ဓာ''အမည်ဖြင့်ဟော တော်မူရာ ရုပ်မှခန္ဓာတပါးရရှိလေသည်။ ဤသို့လျှင်ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ ခန္ဓာ ၅-ပါးရရှိသေည်။

ဤခန္ဓာ ၅-ပါးသည် သန္တာနယ်တွင် ရရှိအပ်သော

၁၁-ပါးသောဓာတ်တို့ကို သိမ်းကျုံးလျက် ခန္ဓာ ၅-ပါး အမည်ဖြင့် ဟောတော်မူခြင်း ဖြစ်လေသည်။

ထို့ကြောင့် ခန္ဓာ ၅-ပါးသည် ဓာတ် ၁၁-ပါး၊ ထိုဓာတ် ၁၁-ပါးသည် ခန္ဓာ ၅-ပါးဟူ၍ သိအပ်လေသည်။

### သဗ္ဗေ သင်္ခါရာ အနိစ္စာ။

ထိုမှတဖန်ခန္ဓာ ၅-ပါးသည် အနိစ္စ,ဒုက္ခ,အနတ္တဟုဟောတော်မူသဖြင့်ဓာတ် ၁၁-ပါးသည်လည်း အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ သိအပ်လေသည်။ ထိုမျှမကသေး၊ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠာယတနသံယုတ်, အနိစ္စဝဂ် အစ၌-

၁။ သဗ္ဗံ ဘိက္ခဝေ အနိစ္စံ၊
၂။ သဗ္ဗံ ဘိက္ခဝေ ဒုက္ခံ၊
၃။ သဗ္ဗံဘိက္ခဝေ အနတ္တာ။

ဘာသာပြန်။ ၁။ အို-ရဟန်းတို့၊အလုံးစုံသောသဘောတရားတို့သည် မမြဲကုန်။

၂။ အို-ရဟန်းတို့၊ အလုံးစုံသောသဘောတရားတို့သည် ဆင်းရဲကုန်၏။

၃။ အို-ရဟန်းတို့၊ အလုံးစုံသော သဘောတရားတို့သည် ဓမ္မသဘာဝမျှသာတည်း။

ဤကား-သံယုတ်ပါဠိဟော်၏ အနက်အဓိပ္ပါယ်ဖြစ်၏။

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
၃။ သဗ္ဗေ ဓမ္မာ အနတ္တာ။

ဟူသော ပါဠိတော်ကို ဓမ္မပဒ မဂ္ဂဝဂ်၌ဖ်ဓ်း၊ ထိုထိုသော ပါဠိတော်တို့၌ဖ်င်း၊ ယင်းသို့သောသဘောသဘာဝ ဓမ္မကို ထပ်ခါထပ်ခါ ဟောကြားတော်မူလေသည်။

အဓိပ္ပါယ်လိုရင်းကား- ပြုပြင်စီရင်အပ်ကုန်သော သင်္ခတ-တနယ်လုံး၌ ပရမတ္ထ ဓမ္မသဘာဝ သာလျှင် မူရင်းရှိသော ဓာတ် ၈၁-ပါး၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးတို့မှအစပြု၍ တော,တောင်, ရေ, မြေ,သမုဒ္ဒရာ,လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူသရွေ့တို့မှာ အနိစ္စ အမြဲမရှိ၊ ဒုက္ခဆင်းရဲအတိသာဖြစ်၏။ အနတ္တ, အတ္တ ဟူ၍ လုံးဝမပါ။ ဓမ္မသဘာဝ သဘောတရားမျှသာ ဖြစ်သည်ကို ဟောတော်မူခြင်းဖြစ်လေသည်။

အနိစ္စ ဝတ သင်္ခါရာ။

ဇာတိပစ္စယာ ဘိက္ခဝေ ဇရာ မရဏံ
ဥပ္ပါဒါဝါ တထာဂတာနံ
အနုပ္ပါဒါဝါ တထာဂတာနံ။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်,နိဒါနသံယုတ်, အာဟာရဝဂ်နောက်ဆုံးသုတ်)။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ဗုဒ္ဓမြတ်စွာတို့သည် ပွင့်တော်မူသည်ဖြစ်စေ၊မပွင့်တော်မူသည်ဖြစ်စေ ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏဟူသော အကျိုးတရားသည် ဖြစ်၏ဟူ၍ ဟောတော်မူလေသည်။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အနမတဂ္ဂသံယုတ်, နောက်ဆုံးသုတ်၌ ရှည်လျားစွာလာသည်တို့မှ အတိုချုပ်လိုရင်းကို ကောက်နုတ်ဖော်ပြပေအံ့။

အို-ရဟန်းတို့-

ဤဝေပုလ္လ တောင်နေရာ၌ ရှေးအခါက ကကုသံမြတ်စွာဘုရား ပွင့်တော်မူ၍ ပရိနိဗ္ဗာန် စံတော်မူလေပြီ။ ထို့နောက် ကောဏဂုံ မြတ်စွာဘုရား ပွင့်တော်မူ၍ ပရိနိဗ္ဗာန် စံတော်မူလေပြီ။ ထို့နောက် ကဿပ မြတ်စွာဘုရားပွင့်တော်မူ၍ ပရိနိဗ္ဗာန် စံတော်မူလေပြီ။

အို-ရဟန်းတို့၊ ယခုမူကား- ငါဘုရားပွင့်တော်မူလာ၏။ အကြွင်း ငါဘုရားသည်ပင်လျှင် ပရိနိဗ္ဗာန် ပြုရလတံ့။

အို-ရဟန်းတို့-

အနိစ္စာဝတ သင်္ခါရာ၊
ဥပ္ပါဒ ဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဘာသာပြန်။ ။ပြုပြင်အပ်သမျှ သင်္ခါရ တရားတို့သည် မမြဲလေစွတကား။

ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိကြကုန်၏။

ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်ကြရကုန်၏။

ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် အလွန်တရာ ချမ်းသာလှပေ၏-တကားဟုဟောကြားတော်မူလေသည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ။

သုတ်မဟာဝါပါဠိတော်မဟာပရိနိဗ္ဗာနသုတ်၌ ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မူမည့်ဆဲဆဲ နောက်ဆုံးအချိန်၌ ညွှန်ပြတော်မူခဲ့သည်မှာကား-

ဟန္ဒ ဒါနိ ဘိက္ခဝေ
အာမန္တယာမိ ဝေါ
ဝယဓမ္မာ သင်္ခါရာ
အပ္ပမာဒေန သမ္ပါဒေထ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ယခုအခါငါဘုရားသည် သင်တို့အား မိန့်မှာတော်မူခဲ့၏။ ပြုပြင်အပ်သော သင်္ခါရ တရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့မလျော့ သော သတိတရားနှင့်ပြည့်စုံကြကုန်စေလော့ဟုညွှန်ပြဟော ကြားတော်မူခဲ့လေသည်။

အသက်တွင် ဖေါ်ပြအပ်သော ပါဠိတော်တို့ကိုထောက် သော် ဖြစ်သမျှပျက်ရမည်။ ယခုမြင်သရွေ့တို့သည် အနေ့း နှင့်အမြန် ပျက်စီးရတော့မည်ဆိုသည်ကို စိုးစဉ်းမျှယုံမှားဘွယ် ရာမရှိတော့ချေ။

ဤသို့ဖြစ်မှု- အကြောင်းကြောင့် ဖြစ်ပေါ်လာ ရသော ခန္ဓာ ၅-ပါး ဝါ- ၁၁-ပါးသောဓာတ် စသည်တို့သည်ငင်း၊ တော,တောင်,ရေ,မြေ, သမုဒ္ဒရာ စသည်တို့သည်ငင်း၊ နေ့း သည်ဖြစ်စေ၊ မြန်သည်ဖြစ်စေဖြစ်ပေါ်လာလျှင် ချုပ်ပျောက် သွားသည်ကို ဟုတ်မှဟုတ်ပါမည်လောဟု သို့လောသို့လော တွေးတောနေစရာမလိုတော့ချေ။

ဤသဘောကိုပိုင်လျှင် သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊သက္ကာယ ဒိဋ္ဌိ၊ အတ္တ၊အနတ္တ၊သဘောတရားများကို အနုမာနသိဉာဏ်အား ဖြင့် သိမြင်နိုင်လေတော့၏။ ယုံမှားဘွယ်ရာတို့ကိုကျော်လွှန် နိုင်ပေတော့၏။

ဆံပင်မရှိတော့ပြီ။

ဓာတ်သဘာဝတို့သည် လွန်စွာ ဆန်းကြယ်၏။ သာမန်လူတို့မသိမမြင်နိုင်လောက်အောင် ဆန်းကြယ်ကြ ကုန်၏။ တနိုင်ငံမှ သီဆိုလွှင့်လိုက်သောအသံတို့ကို အခြားတနိုင်ငံရှိ ရုပ်မြင်သံကြား ရေဒီယိုများတွင် လူရုပ်ကိုမြင်ရ၍ အသံကို ကြားရ၏။

ထိုလူရုပ်နှင့် လူသံတို့သည် မည်သည့်ဘက်က မည်ကဲ့သို့ မိမိတို့ရှေ့တွင်ရှိသော ရေဒီယိုသို့ရောက်ရှိလာသည်ကိုကား-မျက်စိဖြင့် မမြင်ရချေ။ သို့ရာတွင် မှုရင်းဓာတ်သဘောကား ရှိ၏-ဆိုသည်ကို ငြင်းဆိုနိုင်ရန်အကြောင်းမရှိချေ။

ထိုနည်းတူစွာ ဓမ္မသဘာဝဓာတ် ၈၁-ပါးတို့သည်ရှိ၏။ သာမန်လူတို့ မသိမမြင်နိုင်။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ, မိန်းမ, ယောကျ်ား စသည်တို့မှာ ထိုဓမ္မသဘာဝဖြစ်သော ၈၁-ပါးသော ဓာတ်တို့မှ ထွက်ရှိနေသော အရိပ်နိမိတ်များသာဖြစ်သည်ဟုသိအပ်လေသည်။

ထို့ကြောင့် မူလဓာတ် ၈၁-ပါးတို့ အနက် ထိုက်သည် အားလျော်စွာ ဖြစ်ပေါ်လာသော ခန္ဓာ ၅-ပါး မူလဓမ္မ သဘာဝချုပ်ငြိမ်းသော် ထိုဓာတ်အစုတို့၏ အရိပ်နိမိတ်ဖြစ်ကုန်သော သမ္မုတိသစ္စာ အားဖြင့် ခေါ်ဆို အပ်သော ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်ဗြဟ္မာ, သတ္တဝါဟူသည် မရှိနိုင်ဘော့ပြီ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်, သမာဓိ နိဒ္ဒေသ၌-

ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ
စတဿောစာပိ ဓာတုယော
အဋ္ဌဓမ္မသမောဓာနာ

ဟောတိ ကောသာတိ သမ္မုတိ
တေသံဟော ယေဝ ဝိနိဗ္ဘောဂါ
နတ္ထိ ကောသာတိ သမ္မုတိ။

ဘာသာပြန်။ ။အဆင်းရှင်း, အနံ့ရှင်း, အရသာရှင်း, ဩဇာရှင်း, လေးပါးသော ဓာတ်တို့ရှင်း- ဤရှစ်ပါးသော တရားတို့ကို စုပေါင်းထားခြားကြောင့် ဆံပင် ဟုခေါ်ဝေါ် သမုတ်ခြင်းဖြစ်၏။ ထိုရှစ်ပါးသော တရားဓမ္မသဘာဝတို့ကို အသီးသီးခွဲစိတ်ဝေဖန်လိုက်သော် ဆံပင်ဟု ခေါ်ဝေါ်သမုတ်ခြင်းသည် မရှိသည်သာတည်းဟု-လာရှိလေသည်။

## လောကဓာတ် ဆရာများ၏ အရာမဟုတ်။

ဤသို့ ပရမတ္ထသစ္စာကို ရုပ်မြင်သံကြား ဓာတ်သွားပုံတို့နှင့်နှိုင်းယှဉ်ဖေါ်ပြရသော်လည်း အမှန်အားဖြင့် ရုပ်မြင်သံကြားမှာ အလွန်အားကြီးလှသောမှန်ပြောင်းနှင့် ကြည့်သော်လည်းမမြင်နိုင်သော(Rays-ရေးစ်)အမှုံ,အမွှား, ရောင်ခြည်ကလေးချား သွားလာလျက်ရှိ၏။

Beta Rays-ဘီတာရေးစ်ခေါ်မျက်စိဖြင့်မမြင်နိုင်သော အမှုံ,အမွှား,ရောင်ခြည်ကလေးများသည် တစက္ကန့်တွင် မိုင်ပေါင်း တသိန်းရှစ်သောင်းခန့် ရောက်ရှိအောင်သွားသည်ဟု ယခုအခါ လောကဓာတ်ဆရာများ တွက်ဆကြလေသည်။

ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်နည်းမှာထိုကဲ့သို့အမှုံ,အမွှား အထည်ဒြဗ်တခုသည် လှုပ်ရှား သွားလာနေခြင်းကို မဆိုလို။

အမှုံ့အမွှားလည်းမရှိ။ သဘာဝ သဘောတရားအား ပညာ မျက်စိဖြင့်သာလျှင် သိမြင်ရခြင်းကို ဆိုလိုသည်။

ဥပမာဆိုသော်-ကုသိုလ်ကံကိုပြုလျှင် ကောင်းကျိုး ခံစား ရ၏။ အကုသိုလ်ကံကိုပြုလျှင် မကောင်းကျိုးကို ခံစားရ၏။ ဤတွင် ကံဆိုသည်မှာ အထည်ဒြပ်မရှိ။ ဓမ္မသဘာဝသဘော တရားကို ညွှန်ပြတော်မူခြင်းဖြစ်လေသည်။

ဝိနည်းမဟာဝါ ပါဠိတော် အစ၌ လာရှိသည်မှာ ဗုဒ္ဓ မြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ ဥရုဝေဠတော, နေရဉ္ဇရာမြစ်ကမ်းရှိ ဗောဓိပင်ရင်း၌ 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ'အစရှိသော ပဋိစ္စ သမုပ္ပါဒ်တရားတော်ကိုအနုလုံ,ပဋိလုံအားဖြင့် အပြန်အလှန် ဆင်ခြင်သုံးသပ်တော်မူသည်ဟု လာရှိလေသည်။

ထိုတွင် 'အဝိဇ္ဇာ ပစ္စယာသင်္ခါရာသင်္ခါရပစ္စယာဝိညာဏံ, အစရှိသော ဓမ္မသဘာဝ ဖြစ်စဉ်ကို အပြန်အလှန် ဆင်ခြင် သုံးသပ်တော်မူရာတွင် အမှုံ့, အမွှား, သဏ္ဌာန်,ဒြပ်, လုံးဝ မပါရှိချေ။ ဓမ္မသဘာဝကို ဉာဏ်တော်ဖြင့်သာလျှင် ဆင်ခြင် သုံးသပ်တော်မူခြင်းဖြစ်၏။

ရှေ့၌ ဖော်ပြခဲ့သော ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟု အဘိဓမ္မာ ဒေသနာ တော် မြတ် ကို ဟောတော်မူရာ၌အမှုံ့,အမွှား(Beta Rays ဘီတာရေးစ်) လုံးဝမပါ။ဓမ္မသဘာဝဖြစ်သောရုပ်သဘောတရားသက်သက် နာမ်သဘောတရား သက်သက်ဖြင့် ဓမ္မသဘာဝ ဖြစ်သော "ကုသလာဓမ္မာ"နာမ်ဓာတ်သက်သက်တို့ကဆင်ခြင်သုံးသပ် ပုံတို့ကို ထင်ရှားစွာ ရှင်းလင်းဖော်ပြခဲ့ပြီးလေပြီ။

ဓမ္မသဘာဝဖြစ်ကုန်သော သဘောတရားတို့ကို ပညာမျက်စိဖြင့် သိမြင်နိုင်ရန်မှာ လောကဓာတ် ဆရာများ အရာမဟုတ် နတ်ဗြဟ္မာတို့၏ အရာမဟုတ်။ အရှင်ပစ္စေကဗုဒ္ဓါနှင့် ဗုဒ္ဓမြတ်စွာတို့၏ အရာသာလျှင် ဖြစ်လေသည်။

တတင်းခန့်သာ။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော ဓမ္မသဘာဝတို့ကို သဘောပေါက်နိုင်ရန်ရေးသားပေအံ့။

ဓာတ်ကြီးလေးပါးကိုသဘောပေါက်စေရန်မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးဘည့် မိမိပြုစုအပ်သောပရမတ္ထသရူပဘေဒနီကျမ်း,ကမ္မဋ္ဌာန်းပိုင်း ဝိပဿနာနည်းအစလောက်တွင်—

မဟာဘုတ်လေးပါးတို့သည် ပမာဏညီမျှကြကုန်၏။ရှေးစတုဓာတုဝဝတ္ထာန်(၅၅၂)၌ ပြခဲ့ပြီးသော 'ပထဝီ ဓာတု ဒေါဏ မတ္တာ သိယာ'စသော စကားကိုလည်း သတ္တိအားဖြင့် အယုတ် အလွန် အနည်း အများကို မျက်ရမ်းဆဘတို့ရာသာဆိုသောစကားမှတ်ရာသည်။ စင်စစ် မူ ကား ဓာတ် တော် အဋ္ဌဒေါဏ ကို ထောက်၍မဇ္ဈိမပ္ပမာဏ လူကိုထောင်းထုကြိတ်ချေ၍ ချင်လျှင်တတင်း ခန့် မျှ လောက် ရှိ ရာ သည်။ အဝိနိဗ္ဘောဂရုပ် ဖြစ်၍ အချင်းချင်း အတွင်း,အပ မရ။ တခုရှိရာ၌ တခုရှိရကား- ပထဝီဓာတ်တတင်းခန့်၊အာပေါဓာတ်စသည် ဝဏ္ဏ ဂန္ဓ စသည်လည်း တ တင်း ခန့် စီ ချည့် ရှိရာသည်။အားလုံးပေါင်းလျှင်လည်းတတင်း

ခန္ဓာ ရှိရာသည်ဟု ကြံသင့်သည်။ ကြံကြလေ။ ခက်ဆစ်တည်း-ဟုရေးသားထားတော်မူခဲ့လေသည်။

ဤတွင် ဆရာတော်ကြီး၏ လိုရင်းအတိုချုပ်ကို ပေါ်လွင်ထင်ရှားစေရန် ဖော်ပြရသော်- ပထဝီ, အာပေါ, တေဇော, ဝါယော တတင်းစီပေါင်းသော် တတင်းသာ ရရှိရပေမည်။ အကြောင်းသော်ကား-ဓာတ်တပါး ဆိုရာတွင် ကျန်သုံးပါးပါရှိပြီးဖြစ်ခြင်းကြောင့် ဖြစ်လေသည်။ ဤသို့ကား- သာမန်အားဖြင့်သဘောမပေါက်နိုင်။ထို့ကြောင့် ဆရာတော်ကြီးက ကြံကြလေ။ ခက်ဆစ်တည်းဟု မိန့်တော်မူခြင်းဖြစ်လေသည်။

ဤတွင်ရှေးသူမြတ်တို့ဆိုစမှတ်ရှိခဲ့သည်ကို ဖော်ပြရသော်"ကမျဉ်းနီဝယ်၊ ဆင်ကြီးကျယ်၊ ရုပ်ဝယ်ဘယ်ကများသနည်း"ဟူသော အဆိုတရပ်သို့ မှတ်သားရဘူးလေသည်။

ဤမှတဆင့်တက်ကာ ပရမတ္ထသဘာဝဆိုက်ရန် ဖော်ပြလိုသည်မှာ ခန္ဓာ ၅-ပါးအနက် ကြိုက်ရာခန္ဓာတပါးကိုချိန်ခွင်တဖက်တွင်ထည့်၍ ကျန် ၄-ပါးကို တဖက်တွင် ထည့်လျက်ချိန်စက်ပါက ချိန်ခွင်ရှာဘောင်ဝိတ်၍နေရပေမည်။အကယ်၍တဖက်ဖက်က လေးနေသည်ဟု ထင်ပါက မိမိ၏ ဝိပဿနာမျက်စိသည် ပရမတ္ထဓမ္မသဘာဝသို့ဆိုက်ရောက်အောင် အသိဉာဏ်မှာ မသက်ရောက်သေးဟု သိရှိရပေမည်။

ဝိပဿနာ ဘာဝနာ ပွားများရာတွင် အနိမိတ္တ ဝိမောက္ခ ဖြစ်ရပေမည်။ အနိမ္မတ္တသမာဓိကို ရရှိပေရမည်။သို့မှသာလျှင်

မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရရှိ ရောက်ရှိ နိုင်လေသည်။ ပရမတ္ထဓမ္မ သဘာဝတို့မှာ အမှုံ,အမွှား,အလေး,အပေါ့ဟူ၍မရှိချေ။

## မျက်စိဖြင့် ကြည့်၍ မမြင်

ဒိဗ္ဗရင်းဆရာတော် ရေးသားတော်မူအပ်သော ပရမတ္ထ စက္ခုကျမ်း (န ဝ မ နိပ် ခြင်း, စာ မျက် နှာ ၁၄၆) ရှိ ပဏ္ဏတ္တိ အကြောင်းကို ဖော်ပြရာ၌—

> ဤသို့စသည့်ရူပက္ခန္ဓာကိုမြင်အောင်ကြည့်ရသည်။ ကြည့် ဆိုသော်လည်း ပကတိ မျက်စိဖြင့် ကြည့်ရှု၍ ရူပက္ခန္ဓာကိုမမြင်။ဉာဏ်မျက်စိဖြင့်ကြည့်မှ မြင်သည်။ ဉာဏ်မျက်စိနှင့်ကြည့်ဆိုသည်မှာ သင်ကြားမှတ်သား ပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင် စဉ်းစားဆင်ခြင် သည်ကိုဆိုသည်။ယင်းသို့စဉ်းစားဆင်ခြင်သည်ကိုပင် ကမ္မဋ္ဌာန်းဘာဝနာပွားသည်ဟူ၍ ဆိုသည်။ ရွတ်ရုံ, အံရုံမျှကိုမဆို။ မစဉ်းစားမဆင်ခြင်က ပိဋကတ်သုံးပုံ ကို ကုန်အောင်ပင်တတ်သော်လည်း ရူပက္ခန္ဓာကိုမသိ မမြင် မှတ်လေ။

ဤတွင် ရူပက္ခန္ဓာကို ပကတိမျက်စိဖြင့်မမြင်။ ဉာဏ်မျက်စိ ဖြင့် ကြည့်မှမြင်သည်ဟု ဆရာတော်မိန့်တော်မူခြင်းကို အထူး ဂရုပြုစေလို၏။ ဝိပဿနာဘာဝနာပွားများရာတွင် ပညတ်ကို အာရုံမပြုရ။ ပရမတ္ထသဘာဝကို ပညာမျက်စိဖြင့် အာရုံ ပြုရ လေသည်။

ပရမတ္ထ ဓမ္မသဘာဝဆိုရာ၌ အမှုံ၊ အမွှား၊ အကောင်၊ အထည်၊အတို၊အရှည်၊အလုံး၊အပြား၊ အရိပ်၊ နိမိတ်စသော

သမ္မုဟာသနပညတ်၊ သန္တတိဃန ပညတ်၊ သဏ္ဌာနပညတ်၊ သဘာဝပညတ်တို့မှ ကင်းစင်ကျော်လွန်ရ၏။

ဝိပဿနာဉာဏ်ရင့်သန်လာသောအခါ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတ သမာဓိ၊ သုညတ သမာဓိကို ရရှိပါမှ မဂ်,ဖိုလ် နိဗ္ဗာန်ကို ရရှိ ရောက်ရှိ နိုင်သည်ကို အထူး သတိပြုအပ်လေသည်။

ထိုမှတဖန် ထင်ရှားစေရန် ဖေါ်ပြလိုပြန်သည်မှာ-ပရမတ်သို့ ဆိုက်အောင် ကြည့်ရှုစေလိုတော်မူသော အဋ္ဌကထာဆရာမြတ်သည် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ, သတိပဋ္ဌာန ဝိဘင်းအဖွင့်၌—

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ၊
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။

အနက်ကား။ ။ယံ-အကြင်မိန်းမ,ယောက်ျား အစရှိသော အဖြစ်ကို။ ပဿတိ၊ သတ္တဝါတို့သည် ကြည့်မြင်၏။ တံ၊ ထို မိန်းမ,ယောက်ျားအစရှိသော အဖြစ်သည်။ န ဒိဋ္ဌံ၊ ပရမတ္ထအားဖြင့် ကြည့်မြင်အပ်သည်မဟုတ်။ ယံ၊အကြင် ရုပ်,နာမ်အစရှိသော အဖြစ်ကို။ဒိဋ္ဌံ၊ မုချဆတ်ဆတ် ပရမတ်အားဖြင့် ကြည့်အပ်,မြင်အပ်၏။ တံ၊ ထိုပရမတ္ထအားဖြင့် ကြည့်အပ် မြင်အပ်သော ရုပ်နာမ်စသောတရားတို့ကို။ နပဿတိ၊ ပုထုဇဉ်သည် မကြည့်မမြင်နိုင်။ အပဿံ-အပဿန္တော၊ရုပ်နာမ်စသောတရားတို့ကို မကြည့်မမြင်နိုင်သော၊ မူဠော၊ ပရမတ္ထတရား၌ တွေဝေသောပုထုဇဉ်ကို။ ဗဇ္ဈတေ သမုဒယသစ္စာ၊ တဏှာအားဖြင့် ပြင်းစွာဖွဲ့ချည်အပ်၏။ ဗဇ္ဈမာနော၊ရုပ်,နာမ်,တရား၌ တဏှာ ဟူသောကြိုးဖြင့် ဖွဲ့ချည်အပ်သော ပုထုဇဉ်သည်။ နမုစ္စတိ၊ ဒုက္ခ

သစ္စာတည်းဟူသော သံသရာဝဋ်ဆင်းရဲမှ မလွတ် နိုင်သည်သာတည်းဟု ဖွင့်ဆိုတော်မူလေသည်။

အထက်တွင် ဖေါ်ပြအပ်သည့်တို့ကို ထောက်ရှုလျက် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိ၍ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်လိုသောသောသူမြတ်သည် အမျိုးမျိုးသောပညတ်တို့ကို ကျော်လွှန်စေလျက် ပညာမျက်စိဖြင့်သာ မြင်အပ်သောပရမတ္ထဓမ္မသဘာဝသို့ ဆိုက်အောင် သိရှိနားလည်ရန် အထူးအလိုရှိအပ်လေသည်။

သုညတ ဓမ္မသဘာဝ

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဝါ- ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းတို့၏ အဓိကအရေးကြီးပုံမှာ ရှေးဦးစွာ သုတမယဉာဏ် ရရှိထားရန် ဝါ- ဝိပဿနာဘာဝနာမပွားများမီ(Theory သီယိုရီ)အနုမာန သိဒ္ဓိအားဖြင့် သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ, သက္ကာယ ဒိဋ္ဌိ, အတ္တ, အနတ္တစသည်တို့ကို ပိုင်နိုင်စွာ ခွဲခြားသိရှိထားရန်ညွှန်ပြသောအခန်းများ ဖြစ်လေသည်။

တနည်းသိရန်ကား- ဘုရား,တရား, သံဃာတော်တို့၌ ယုံမှားသံသယ ဖြစ်ခြင်းမှ ကျော်လွှန်စေရန် ရှင်းလင်းဖေါ်ပြအပ်သော အခန်းများ ဖြစ်လေသည်။

မဂ်,ဖိုလ်,နိဗ္ဗာန် ရရှိရေးမှာ ဝိသုဒ္ဓိမဂ်ပဋိပဒါ ဉာဏဒဿနခန်း၌၎င်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်, မဟာဝဂ်, ဝိမောက္ခကထာခန်း၌၎င်း လာရှိသော သုညတ-ဝိမောက္ခ, အပ္ပဏိဟိတ-ဝိမောက္ခ, အနိမိတ္တ- ဝိမောက္ခ ရရှိရေးကို အထူး အလိုရှိအပ်

လေသည်။ ဤတွင် သုတ္တနိပါတ် ပါဠိတော်, ပါရာယနဝဂ်, မောဃရာဇသုတ်၌ လာရှိသည့်ကို ဖော်ပြပေအံ့။

ကထံ လောကံ အဝေက္ခန္တံ
မစ္စုရာဇာ န ပဿတိ။

အနက်ကား။ ။လောကံ၊ လောကကို။ ကထံ၊ အဘယ်သို့သောနည်းဖြင့်။ အဝေက္ခန္တံ၊ ရှုကြည့်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်ပါသနည်းဘုရား။

သုညတော လောကံ အဝေက္ခဿု
မောဃရာဇ သဒါ သတော
အတ္တာနုဒိဋ္ဌိံ ဩဟစ္စ
ဧဝံ မစ္စုတရော သိယာ
ဧဝံ လောကံ အဝေက္ခန္တံ
မစ္စုရာဇာ နပဿတိ။

အနက်ကား။ ။မောဃရာဇ-အို-မောဃရာဇ ရသေ့၊လောကံ၊ လောကကို။ သုညတော၊ ဆိတ်သုဉ်းသော အချည်းနှီးအားဖြင့်။ အဝေက္ခဿု၊ ရှုကြည့်လော့။ သဒါသတော၊ အခါခပ်သိမ်း မလွတ်သောသတိ ရှိသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိ ၂၀-ကို။ဩဟစ္စ၊ နုတ်ပယ်၍။ ပရိဗ္ဗဇေ၊ကျင့်ရာ၏။

ဧဝံ — ဤသို့ ကျင့်သည်ရှိသော်၊
မစ္စုတရော— သေခြင်းကို လွတ်မြောက်သည်၊
သိယာ — ဖြစ်ရာ၏။

ဧဝံ၊ ဤသို့။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ ရှုကြည့်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်ဟု ရှင်တော်ဘုရား ဖြေဆိုတော်မူလေသည်။

မဟာဝဂ္ဂ ၁၆။

ဤပါဠိတော်အရ လောကကြီးကို အမျိုးမျိုးသော ပညတ်တို့မှကျော်လွန်ဖေါက်ထွင်းလျက် သုညတ အနတ္တ ဓမ္မသဘာဝကို မြင်အောင်ရှုသော် သေခြင်းကိုလွန်မြောက်သည်ဟု မြွက်ဆိုတော်မူခြင်းကို အထူးသိမှတ်ရာ၏။

သုညော လောကော

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်,သဠာယတနသံယုတ်ဆန္နဝဂ်,ဒုတိယသုတ်၌ အရှင်အာနန္ဒာကလျှောက်ထားသည်မှာ....

သုညော လောကော
သုညော လောကောတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာ နုခေါ ဘန္တေ
သုညော လောကောတိ ဝုစ္စတီ တိ။

ဘာသာပြန်။ ။အရှင်ဘုရား လောကသည် ဆိတ်သုဉ်း၏ လောကသည် ဆိတ် သုဉ်း ၏ ဟု ဆိုအပ်ပါ၏။ အဘယ်မျှသော အခြင်းအရာအားဖြင့် လောကသည် ဆိတ်သုဉ်းသည်ဟု ဆိုအပ်ပါသနည်း ဘုရား။

ယသ္မာစ ခေါ အာနန္ဒ သုည
အတ္တေန ဝါ အတ္တနိယေန ဝါ
တသ္မာ သုညော လောကောတိ ဝုစ္စတိ။

ဘာသာပြန်။ ။ချစ်သားအာနန္ဒာ၊အကြင်ကြောင့် ငါ-ဟူသော သတ္တသဘောမှရင်း၊ ငါ၏ဥစ္စာ ဟူသော အတ္တနိယသဘောမှရင်း၊ ဆိတ်သုဉ်း၏။ ထို့ကြောင့် လောကသည် သုည ထည်းဟု ဟောတော်မူ၏။ ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ....

အို-ချစ်သား အာနန္ဒာ၊ အဘယ်အရာသည် ငါဟူသော အတ္တသဘောမှ ရှင်း၊ ငါ၏ဥစ္စာဟူသော အတ္တနိယ သဘောမှရှင်း ဆိတ်သုဉ်းသနည်း။

အို-ချစ်သား အာနန္ဒာ၊ စက္ခုပသာဒသည် ငါမှရှင်း၊ ငါ၏ ဥစ္စာမှရှင်း ဆိတ်သုဉ်း၏။ သုညပေတည်း။ ရူပါရုံ အဆင်းတို့ သည် ငါမှရှင်း၊ ငါ၏ဥစ္စာမှရှင်း ဆိတ်သုဉ်း၏။ သုညပေ တည်း။

စက္ခုဝိညာဏ်သည် ငါမှရှင်း၊ ငါ၏ဥစ္စာမှရှင်း ဆိတ်သုဉ်း ၏။ သုညပေတည်း စသည်တို့ဖြင့်လည်း ဆက်လက် ဟော တော်မူလေသည်။

အထက်တွင် ဖော်ပြသည်တို့ကို ထောက်ရှု၍ မဂ်, ဖိုလ်, နိဗ္ဗာန် ရရှိရေးအတွက် ဝိပဿနာ ဘာဝနာကို ပွားများအား ထုတ်လိုသော သူမြတ်သည် သုတမယဉာဏ် အားဖြင့် ရှေးဦး စွာ သုညတ ဓမ္မသဘာဝကို ပိုင်နိုင်ရန် အထူး အလိုရှိအပ် လေသည်။

## Three In One သရိး-အင်-ဝမ်း

ဤတွင် သုညတအတွက် ဖြစ်သော်လည်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်, မဟာဝဂ်, ဝိမောက္ခကထာ၌ ၃-ပါးတို့အနက် တပါးဖြစ်လျှင် ကျန် ၂-ပါးလည်းပါရှိပြီးဖြစ်သည်ဟု အရှင် သာရိပုတ္တရာကိုယ်တော်မြတ် ဟောတော်မူလေသည်။

မိမိတို့ ပါရမီဓာတ်ခံ ရင့်သန်မှုအလိုက်အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေးပွားများရာတွင်တပါးပါးက ကြီးကဲခြင်းမျှသာ ဖြစ်၏။ ထို ၃-ပါးတွင်(Three In One သရိး-အင်-ဝမ်း)

တပါးဖြစ်က ကျန် ၂-ပါးပါရှိပြီးဖြစ်၏။ ဤစကားသည်တိကျ မှန်ကန်၏။ လေးနက်ပြတ်သား၏။ ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်, အနိစ္စဝဂ်,ယဒနိစ္စသုတ်၌—

ရူပံ ဘိက္ခဝေ အနိစ္စံ၊
ယဒနိစ္စံ တံ ဒုက္ခံ၊
ယံ ဒုက္ခံ တဒနတ္တာ။

**ဘာသာပြန်။** ။ဒိ-ရဟန်းတို့—ရုပ်သည် အနိစ္စ-အကြင် ရုပ်သည် အနိစ္စ-ထိုရုပ်သည် ဒုက္ခ-အကြင်ရုပ်သည် ဒုက္ခ- ထို ရုပ်သည် အနတ္တ ဟု ဟောတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာ ဆက်၍ ဟောတော်မူပြန်သည်မှာ-

ယဒနတ္တာ တံ နေတံ မမ
နေသောဟ မသ္မိ န မေသော အတ္တာတိ
ဧဝမေတံ ယထာဘူတံ
သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဘာသာပြန်။ ။အကြင်ရုပ်သည် အနတ္တ၊ ထိုရုပ်ကို "ဤ ရုပ်သည် ငါ၏ ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါ-မဟုတ်၊ဤရုပ် သည် ငါ၏ကိုယ်မဟုတ်"ဟု ဤသို့ ဤရုပ်ကို ဟုတ်မှန်သော အတိုင်း ဝိပဿနာပညာဖြင့် ရှုမြင် သိမှတ်အပ်၏ဟု ဟော ကြားတော်မူ၏။

ဤတွင် ထင်ရှားစေလိုသောအချက်ကား- "အနိစ္စ" ဆို လျှင် ဒုက္ခနှင့်အနတ္တ ပါဝင်ပြီးဖြစ်သည်ကို သိစေလိုခြင်း ဖြစ် ၏။ ဆက်ဦးအံ့။

အင်္ဂုတ္တိုရ် ပါဠိတော်, နဝကနိပါတ်,သမ္ဗောဓိဝဂ်၌ရင်း။ ဥဒါန်းပါဠိတော်, မေဃိယဝဂ်၌ရင်း-

အနိစ္စ သညိနော မေဃိယ
အနတ္တသညာ သဏ္ဌာတိ။

**အနက်ကား။** ။မေဃိယ- အိုချစ်သား မေဃိယ၊ အနိစ္စ သညိနော-ရုပ်,နာမ် တို့သည် မမြဲပါတကားဟု အနိစ္စသညာ ထင်သောသူအား အနတ္တသညာ- အနတ္တ သညာသည်၊ သဏ္ဌာတိ- ကောင်းစွာ ထင်လာ၏ဟု ဟောတော်မူ၏။

(အနိစ္စသညာ အနတ္တသညာ,ထင်လျှင် ဒုက္ခသညာသည် မိဂပဒ ဝဠဉ္ဇန နည်းအားဖြင့် ပါဝင်ပြီးဖြစ်၏)

**အနိမိတ္တ သမာဓိ။**

သုညတသမာဓိ, အနိမိတ္တသမာဓိ, အပ္ပဏိဟိတသမာဓိ သည် အသင်္ခတဓာတ်, မြတ်သောနိဗ္ဗာန်သို့ ရောက်ရာလမ်း ကြောင်းပင်တည်းဟု ဗုဒ္ဓမြတ်စွာသည် သဠာယတန ဝဂ္ဂ သံယုတ် ပါဠိတော်, အသင်္ခတသံယုတ်, သုညတသမာဓိ သုတ်၌ ဟောတော်မူသည်မှာ-

အို-ရဟန်းတို့၊ မပြုပြင်အပ်သော မြတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဟူသည် အဘယ်နည်းဟူမူ-

အတ္တမှ ကင်းဆိတ်သော တည်ကြည်မှု "သုညတသမာဓိ"သည်၎င်း၊ မြဲသည်ဟူသော နိစ္စ နိမိတ် မရှိသော တည်ကြည်မှု "အနိမိတ္တ သမာဓိ"သည်၎င်း၊ တဏှာရာဂ တောင့်တမှု မရှိသောတည်ကြည်မှု "အပ္ပဏိဟိတသမာဓိ" သည်၎င်း ဤသမာဓိကိုနိဗ္ဗာန်ရောက်ကြောင်း လမ်းဟူ၍ ဆိုအပ်၏။

အို-ရဟန်းတို့၊ ဤသို့လျှင် သင်တို့အား ငါဘုရားသည် အသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်ကိုလည်း ဟောကြားအပ်ပြီ။ နိဗ္ဗာန်သို့ရောက်ကြောင်း ခရီးလမ်းကိုလည်း ဟောကြား အပ်ပြီ။

အို-ရဟန်းတို့၊ တပည့်တို့၏ အကျိုးစီးပွားကို လိုလား သော သနားတတ်သော ဆရာသည် သနားမှုကို အစွဲပြု၍ သင်တို့အတွက် ပြုသင့်သည်တို့ကို ငါဘုရားပြုပြီးလေပြီ။

အို-ရဟန်းတို့၊ ဤသည်တို့ကား သစ်ပင်ရင်းတို့ပေတည်း။ ဤသည်တို့ကား ဆိတ်ငြိမ်ရာ ကျောင်းတို့ပေတည်း။ တစ် လျက်စူးစိုက်ရှုကြကုန်လော့။ မမေ့မလျော့ကြကုန်လင့်။နောင် ကာလကျမှ (သေခါနီးကျမှ မလုပ်ခဲ့မိလေခြင်းဟု)နောင်တ ရခြင်းမဖြစ်ကြကုန်လင့်။

ဤသည်ကား သင်တပည့်သားတို့အတွက်(အနုသာသနီ) မသိသည်တို့ကို သိနိုင်သောနည်းတို့ဖြင့် ငါဘုရားရှင်၏ဆုံးမ သင်ပြပေးခြင်းပေတည်းဟု မိန့်တော်မူလေသည်။

အထက်တွင်ဖေါ်ပြခဲ့သည်တို့ကို ယောက်ဆသောအား ဖြင့် ယောဂီသူမြတ်သည် အသင်္ခတဖြစ်သော နိဗ္ဗာန်မှလွဲ၍ သင်္ခတနယ်၌ရှိကုန်သော ၈၁-ပါးသောဓမ္မသဘာဝတို့သည် အချည်းနှီး သုညတ, မတောင့်တအပ်သော အပ္ပဏိဟိတ, မြဲသောအနိစ္စ နိမိတ်မရှိသော အနိမိတ္တ ဖြစ်ခြင်းကို ရှေးဦးစွာ သုတမယဉာဏ်, အနုမာန သိဒ္ဓိအားဖြင့် သိရှိရမည် ဆိုသည် ကို သဘောပေါက်သင့်လေပြီ။

## ဓမ္မသဘာဝကို သဘောပေါက်စေရန် အနည်း သိစေဦးအံ့။




၈၂

အထက်တွင် ဖော်ပြအပ်သော ဂဏန်းများမှာ ၁-သည် အသင်္ခတဓာတ် ဖြစ်သောနိဗ္ဗာန်။ ၂၈-နှင့် ၅၃-မှာ သင်္ခတနယ်ရှိ ရုပ် အဋ္ဌဝီသ (၂၈)နှင့် နာမ်တေပညာသ(၅၃)တို့ဖြစ်လေသည်။ ထိုအသင်္ခတဓာတ်နှင့် သင်္ခတဓာတ်နှစ်ရပ်ပေါင်းသော် လောကီနယ်, လောကုတ္တရာနယ်တွင် ဤဓာတ် ၈၂-ပါးသာရှိလေသည်။

ယခုဤကျမ်းစာကိုဖတ်ရှုနေခြင်းသည် ပရမတ္ထသစ္စာနည်းအားဖြင့် ငါ မဟုတ်, လူမဟုတ်, သတ္တဝါမဟုတ် “ကုသလာ

ဓမ္မာ”ဖြစ်သော နာမ်တရား ၅၃-ပါးထဲမှ ထိုက်သင့် အား လျော်စွာ ရရှိသောစိတ်နှင့် စေတသိက်အချို့တို့က ဖတ်ရှုနေ ခြင်းဖြစ်၏။

အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေး ၃-ပါး ပွားများ နေခြင်းသည် “အတ္တ”ကလေးက ပွားများနေသည်မဟုတ်၊ ငါက ပွားများနေသည်မဟုတ်။ အတ္တမရှိ, ငါမရှိ,“ကုသလာ ဓမ္မာ”တည်းဟူသောဓမ္မသဘာဝဖြစ်သည့်စိတ်နှင့်စေတသိက် အချို့တို့က မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရှိရန် တက်လှမ်း နေ ကြခြင်းဖြစ်လေသည်။

ဤသို့ ဓမ္မသဘာဝကိုသိရှိမှုသည်ပင်လျှင်သုညတဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခ, အနိမိတ္တ ဝိမောက္ခသို့ရောက်ရှိရန်လမ်း ကို အနုမာနသိဉာဏ်အားဖြင့် သိမြင်ခြင်းဖြစ်လေသည်။

အထူးကား-

အနိမိတ္တ သမာဓိ
အပ္ပဏိဟိတ သမာဓိ
သုညတ သမာဓိ။

ဤသုံးပါးကို သဘောမပေါက်ဘဲ။ ဤသုံး ပါးသို့ မဆိုက်ရောက်ဘဲ။ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရရှိ၊ မရောက်ရှိနိုင်။

## ပညတ်နှင့် ပရမတ်။

ဝိပဿနာ ဘာဝနာပွားများရာတွင် သုညတဓမ္မသဘာဝ ဆိုက်ရန် သိသင့်သိအပ်သော အချက်တရပ်မှာ အမည်နာမ ပင် ဖြစ်လေသည်။

ဝိပဿနာဘာဝနာ ပွားများသောအခါ ပညတ်ကိုအာရုံ မပြုရ။ ပရမတ်ကိုသာ အာရုံပြုရမည်ဆိုသည်ကို ဝိပဿနာ ဘာဝနာလုပ်ငန်းနယ်အတွင်းသို့ ဝင်ရောက်လာသူတိုင်းအသိ ဖြစ်လေသည်။

အထက်တွင် စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်ဟူ၍ ၈၂-ပါး သော ပရမတ်တရားတို့ကို ဖော်ပြခဲ့လေပြီ။ ထိုတွင်-၈၂-ပါး သော ဓာတ်တို့၏ အမည်ပညတ်နှင့် ဓာတ်သဘာဝ တို့ကို ခွဲခြားသိရှိရန် လိုအပ်လေသည်။

ပညတ်တွင်အတိုချုပ်အားဖြင့် နှစ်မျိုးနှစ်စားရှိလေသည်။ တမျိုးမှာ ရှိသည်ကို ခေါ်ဆိုပညတ်၍ ကျန်တမျိုးမှာ မရှိသည် ကို ခေါ်ဆိုပညတ်ထားခြင်း ဖြစ်လေသည်။

ရှိသည် ဆိုရာ၀ယ် သခ်တ၊အသခ်တ၊ လောကဓာတ်ကြီး တရပ်လုံးတွင် ၈၂-ပါးသော ဓမ္မသဘာဝဖြစ်၏၊ ၎င်း၈၂- ပါးသော ဓမ္မသဘာဝတို့ကို သိစိမ့်သော၄ာ ဗုဒ္ဓမြတ်စွာ သည် ထိုဓမ္မသဘာဝတို့နှင့် ကိုက်ညီသော အမည်ပညတ်ကို ပေးလျက် ဟောကြားတော်မူခြင်းသည် "ရှိသည်"ကို သင့် လျော်စွာခေါ်ဆိုသောအမည်ဖြစ်၏။ ၎င်းကို တဇ္ဇပညတ်ဟူ၍ လည်း ခေါ်ဆိုကြ၏။

ဥပမာသော်ကား ပထဝီ၊ အာပေါ၊ဖဿ၊ဝေဒနာ၊သညာ စသည်တို့မှာ ၈၂-ပါးသော ဓမ္မသဘာဝတွင် ပါဝင်သော နာမပညတ်များဖြစ်လေသည်။

ဤတွင် အထူးသိမှတ်စရာကား- နာမည်နှင့် ဓမ္မသဘာဝ မှာ တခုနှင့်တခု မရောယှက် တခြားစီဖြစ်၏။ ပထဝီဆိုသော နာမပညတ်မှာ ဓမ္မသဘာဝတခုကို လူတို့သိရှိရန် မှည့်ခေါ်

ထားသော ပညတ်မျှသာ ဖြစ်လေသည်။ ဓမ္မသဘာဝတွင် နာမည် မပါ။ နာမည် သည် ဓမ္မသဘာဝ မဟုတ်။

စာအားဖြင့် ရေးသားထားသော "ပထဝီ"စာသုံးလုံးသည် ဓမ္မသဘာဝမဟုတ်။ အက္ခရာ ပညတ်မျှသာ ဖြစ်လေသည်။

သူတပါး ပြောဆိုသဖြင့် ကြားရသော "ပထဝီ" ဆိုသော အသံသည် ဓမ္မသဘာဝမဟုတ်။ "သဒ္ဒ" ပညတ်မျှသာ ဖြစ်၏။

ဓမ္မသဘာဝဖြစ်သော ၈၂-ပါးသော ဓာတ်တို့သည် ကမ္ဘာလောကဓာတ်ကြီးတွင် ရှိပြီးဖြစ်၏။ စုံစမ်းရှာဖွေသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ် မတွေ့ရှိသေးခြင်းကြောင့် သာလျှင် ငုပ်ကွယ်နေရခြင်း ဖြစ်၏။

ထိုရှိပြီးဖြစ်သော သဘာဝတရားတို့ကို ရှင်တော် ဘုရားပွင့်တော်မူလာသောအခါတိကျစွာ ထိုက်သင့်သော အမည်ပညတ်ကို တပ်ဆင်ခေါ်ဝေါ်တော် မူခြင်းဖြစ်၏။

မရှိသည်ကို ခေါ်ဆိုသည် ဆိုရာတွင် ၈၂-ပါးမဟုတ်၊ ဓမ္မသဘာဝအားဖြင့် မရှိသည်ကို ခေါ်ဝေါ်ပညတ်ထားခြင်းဖြစ်၏။

ဥပမာဆိုသော်- စနေ, တနင်္ဂနွေ၊ ဝါဆို,ဝါခေါင်၊အရှေ့, အနောက် စသည်တို့မှာ ၈၂-ပါးသော ဓာတ်များ မဟုတ်ချေ။ ထိုနည်းတူစွာ နွား,ကျွဲ, ယောကျ်ား,မိန်းမ, လူ, နတ်, ပြဟ္မာ သတ္တဝါဆိုသည်တို့မှာ စနေ,တနင်္ဂနွေ စသည်တို့ကဲ့သို့ပင် မရှိသည်တို့ကိုသမ္မုတိ သစ္စာအားဖြင့် "သမုတ်ရှိ"ခေါ်ဆိုထားသော နာမပညတ်မျှသာ ဖြစ်လေသည်။ ယင်းသို့ ဓမ္မသဘာဝ သီးခြားမရှိသည်ကို ခေါ်ဆိုထားခြင်းကို အဝိဇ္ဇမာန ပညတ်ဟု ခေါ်ဆို၏။

ထို့ကြောင့်ယောဂီသူမြတ်သည်“သမုတိရှိ”နှင့်“အဟုတ်ရှိ” ကိုရှေးဦးစွာ တိကျပြတ်သားစွာခွဲခြားသိမှတ် ထားရပေမည်။ တနည်းဆိုသော်“အဝိဇ္ဇမာန”ပညတ်နှင့်“ဝိဇ္ဇမာန”ပညတ်ကို ရှေးဦးစွာ တိကျပြတ်သားစွာ ခွဲခြားသိမှတ် ထားရပေမည်။

တဆင့်တက်ရန်ကား ဝိပဿနာ ဘာဝနာပွားများရာတွင် ပညတ်ကို အာရုံမပြုရ။ပရမတ္ထသဘာဝကိုသာလျှင် အာရုံပြုရလေသည်။ အကြောင်းသော်ကား- သမ္မုတိ သစ္စာ ဖြစ်သော နာမပညတ်သည် မပျက်စီး။ ဓမ္မသဘာဝ တရားသည်သာလျှင် ပျက်စီးခြင်းကြောင့် ဖြစ်လေသည်။ ဥပမာ ဆိုသော်— အရှင်သာရိပုတ္တရာဆိုသော အမည်သည် မပျက်စီး။ ခန္ဓာ ၅-ပါး ကား မရှိတော့ပြီ။သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝတာ သံယုတ်, ဆေတွာဝဂ်၌ ဒေဝတာတဦးက လျှောက်ထား သည်မှာ....

ကိံ ဇီရတိ၊
ကိံ န ဇီရတိ။

ဘာသာပြန်။ ။အဘယ်သည် ဆွေးမြေ့ပါသနည်း။
အဘယ်သည် မဆွေးမြေ့ပါသနည်းဘုရား။

ရူပံ ဇီရတိ မစ္စာနံ၊
နာမ ဂေါတ္တံ န ဇီရတိ။

ဘာသာပြန်။ ။ရုပ်သည် ဆွေးမြေ့၏။ မျိုးနွယ်၏ အမည် နာမသည် မဆွေးမြေ့ဟုဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူလေသည်။

ထို့ကြောင့် နာမပညတ်သည် မပျက်စီး၊ ရုပ်သဘာဝ နာမ် သဘာဝတို့သာလျှင် ပျက်စီးခြင်းကြောင့် ပညတ်ကို အာရုံမပြု ရ။ ပျက်စီးသော ဓမ္မသဘာဝကိုသာ အနိစ္စလက္ခဏာ, ဒုက္ခ

လက္ခဏာ, အနတ္တလက္ခဏာအားဖြင့် ရှုအပ်ရာ၏။ ထင်ရှား စေဦးအံ့။

နာမည်။ သဘာဝ။

ဤနှစ်ခုတွင် နာမည်ကို မရှုရ။ သဘာဝကိုသာ လက္ခဏာ ရေးသုံးပါးတင်၍ ပညာမျက်စိဖြင့် ရှုရလေသည်။

နာမည်ပညတ်သည် မပျက်စီး,မဆွေးမြေ့ ခြင်းကြောင့် အနိစ္စလက္ခဏာ စသည်တို့မဖြစ်။

ဤသို့လျှင် ပညတ် နှင့် ပရမတ်ကို ခွဲ ခြား သိ မှတ် လျက် ဝိပဿနာဘာဝနာကို ပွားများရသေသည်။ တဆင့်တက်၍ ဖေါ်ပြဦးအံ့။

ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် အထက်ပိုင်းသို့ ရောက် သော အခါ ခက်ခဲ၏။ နက်နဲ၏။ သဘာဝကိုဆိုက်အောင် သိမြင် နိုင်ရန် ဆရာကောင်းလို၏။ စာအုပ်ကောင်းလို၏။ ဝိပဿနာ ဘာဝနာ ပွားများရာတွင် ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထ ဓမ္မသဘာဝကိုသာ အာရုံပြုရ၏။

ဥပမာဆိုသော်-လူသေသည်ဆိုရာ၌ မမြဲသဖြင့် အနိစ္စဟု ခေါ်ဆိုရသော်လည်း ဝိပဿနာဘာဝနာ သဘောဖြစ်သော ပရမတ္ထ သဘာဝသို့မဆိုက်။ အကြောင်းမူကား လူသေ သည် ဆိုခြင်းမှာ အဝိဇ္ဇမာန ပညတ်ကို အာရုံပြုခြင်းကြောင့် ဖြစ်လေ သည်။ ပရမတ္ထ ဓမ္မသဘာဝတွင် လူမရှိ၊ ဓာတ် ၁၈-ပါးသာ ရှိ ၏၊ ဤကား ဆင်တူရိုးမှား ဖြစ်တတ်သည်ကို ထင်ရှားစေလို ခြင်းဖြစ်၏။

## နာမည်။ သဘာဝ။ လက္ခဏာ။

ရှေ့တွင် နာမည်နှင့် သဘာဝကို ဖေါ်ပြခဲ့သည့် နည်းတူ အထက်တွင် ဖေါ်ပြအပ်သော နာမည်, သဘာဝ, လက္ခဏာ ဖျူ၍ရှိပြန်ရာ ဤတွင်လည်းသဘာဝကိုသာလျှင်ရှုရလေသည်၊ နာမည်နှင့် လက္ခဏာသုံးပါးသည် သဘာဝမဟုတ်။

စာမျက်နှာ ၅၅-၅၆ တွင် အနုရာဓသုတ်၌ လာရှိသည့် အတိုင်း ခန္ဓာငါးပါးသည် သတ္တဝါမဟုတ်။ သတ္တဝါသည်ခန္ဓာငါးပါးမှ ကင်း၍လည်း မဖြစ်ဆိုဘိသကဲ့သို့ လက္ခဏာ ရေးသုံးပါးသည် သဘာဝမဟုတ်၊သို့ရာတွင် ခန္ဓာငါးပါးမှလည်း ကင်း၍မဖြစ်။ ခန္ဓာငါးပါးကို စွဲ၍သိအပ်သော ပညတ် တမျိုးပေတည်း။

## လက္ခဏာနှင့်
## လက္ခဏာ ဝန္တ

သီလတွင် ငါးပါးသီလ,ရှစ်ပါးသီလစသည်တို့သည်ရှိ၏။ ထိုသီလတို့ကို စောင့်ထိန်း ဆောက်တည် သူ လည်းရှိပြန်၏။ ထိုသီလစောင့်ထိန်းသူကို သီလဝန္တပုဂ္ဂိုလ်ဟု ခေါ်ဆို၏။ ဤတွင် သီလနှင့် သီလဝန္တပုဂ္ဂိုလ်တို့မှာ မတူကြချေ။ "စဝန" သေခြင်း စုတေခြင်းသည်ရှိ၏။ ထိုမှတပါး စုတေသဲပုဂ္ဂိုလ် "စဝန္တ"သည်ရှိ၏။ဤတွင် "စဝန"နှင့်"စဝန္တ"ပုဂ္ဂိုလ်တို့မှာ မတူကြချေ။

သုတ်သီလက္ခန် ပါဠိတော် အမ္ဗဋ္ဌသုတ်၌ အမ္ဗဋ္ဌ လုလင်သည် ဗုဒ္ဓမြတ်စွာအား ဘုရားအစစ် ဟုတ်သည် မဟုတ်သည်ကို သိလို၍ မိမိဆရာဖြစ်သော ပေါက္ခရသာတိအထံမှ (ဒွတ္တိံ

သမဟာပုရိသလက္ခဏာ) ၃၂-ပါးကုန်သော ဘုရားရှင်၏ လက္ခဏာတော်တို့ကို သင်ယူမှတ်သားလျက် ဗုဒ္ဓမြတ်စွာရှိရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ကိုက်ညီလျက် ရှိခြင်း ကို တွေ့ရှိလေသည်။

ဤတွင် အမွေ့ဋ္ဌလုလင် မှတ်ယူလာသော၃၂-ပါးကုန်သော လက္ခဏာတော်တို့မှာ ဘုရားရှင်မဟုတ်။

ဤသို့လျှင် လက္ခဏာနှင့် လက္ခဏာဝန္တ မတူကြပုံကို သိအပ်လေသည်။

### သပိတ် ဥပမာ။

လက္ခဏာအကြောင်းနှင့်ပတ်သက်၍အဋ္ဌသာလိနီ,စိတ္တုပ္ပါဒကဏ္ဍ, လောကုတ္တရ ကုသလပဒဘာဇနီ လာရှိသော သဘောကို အတိုချုပ် ဖေါ်ပြဦးအံ့။

သပိတ်ကို ဝယ်ယူရန်သွားရာ ပိသတ်ကို အလွန်နှစ်သက်၍ ဝယ်မည်ဟု ကြည့်ရှုစစ်ဆေးသောအခါ သပိတ်တွင်အပေါက် သုံးပေါက်လုံတွေ့ရှိ၏။

သောဘိက္ခု၊ ထိုရဟန်းသည်။ ဆိဒ္ဒေသု၊ အပေါက်တို့၌။ နိရာလယော၊ တပ်ခြင်းကင်းသည်။နဟောတိ၊မဖြစ်။ ပန၊သင့် လျော်သည်ကိုဆိုသော်။ ပတ္တေ၊ သပိတ်၌။ နိရာလယော၊တပ်ခြင်းကင်းသည်။ ဟောတိယထာ၊ ဖြစ်ဘိသကဲ့သို့။ ဧဝမေဝ၊ ဤနည်းတူစွာပင်လျှင်။ တီဏိ၊ သုံးပါးကုန်သော။ လက္ခဏာနိ၊ လက္ခဏာတို့ကို။ သလ္လက္ခေတွာ၊မှတ်၍။ သင်္ခါရေသု၊သင်္ခါရတရားတို့၌၊ နိရာလယော၊ တပ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌တွင် သပိတ်ဝယ်ရာ၌ နိသျှကိုကြားညှပ်၍ ဖေါ်ပြရခြင်းမှာ သပိတ်ဝယ်ရာတွင် အပေါက်သုံးပေါက်ကို ငြိုးငွေ့ခြင်းမဟုတ်၊ ထို အပေါက်သုံးပေါက်ကား အရိပ်,နိမိတ်ဖြင့်အပြစ်ပြ လက္ခဏာမျှသာဖြစ်၍ အမှန်အလိုမရှိ။ ငြိုးငွေ့ ခြင်းမှာ သပိတ်ဖြစ်သည်ကို ထင်ရှားစွာ သိစေလိုခြင်းကြောင့် ဖြစ်လေသည်။

ထိုသပိတ်ဥပမာ (ပုဆိုးဥပမာ)ဖြင့် ဆက်လျက် အဋ္ဌသာလိနီ၌ လာရှိသည်မှာ....

လက္ခဏံနာမ ပညတ္တိ ဂတိကံ၊
န ဝတ္တဗ္ဗ မဗ္ဘူတံ။

အနက်ကား။ ။သက္ခဏံနာမ၊ လက္ခဏာမည် သည်ကား။ ပညတ္တိ ဂတိကံ၊ ပညတ်လျှင် အလားရှိသည်ဖြစ်၍။ နဝတ္တဗ္ဗ မဗ္ဘူတံ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဟူ၍ မဆိုသင့်သော ကာလ ဝိမုတ်တရားဖြစ်၍ ဖြစ်၏။

အဓိပ္ပါယ်သော်ကား။ ။သင်္ခါရမှ လက္ခဏာတို့ကို အသီးထုတ်သည်ရှိသော် ပညတ်နှင့်တူ၏။ အဝိဇ္ဇမာန ပညတ်ဟူ၍ အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူလေသည်။

ကတုံးတိုင်း, ကတုံးတိုင်း
ဖိုးသူတော်မဟုတ်

တမျိုးသိအပ်ပြန်သည်မှာ ပထဝီဓာတ်သည် ကက္ခဠ(ကြမ်းတမ်းခက်မာသော)လက္ခဏာရှိ၏ဟူ၍ ကျမ်းဂန်၌ လာရှိလေသည်။ ၎င်းကိုအကြောင်းပြု၍ အချပ်ထဲတွင် ပြောဆိုကြသည်မှာ....

အရိုးကို ကိုင်ကြည့်စမ်း မာတယ် ဟုတ်ကဲ့လား၊ အေး– မာတာဟာ ကက္ခဠပေါ့။ ယက်ကို ကိုင်ကြည့်စမ်း၊ နဖူးကို ကိုင်ကြည့်စမ်း၊ မာတယ် ဟုတ်ကဲ့လား။ အေး- မာတာဟာ ကက္ခဠပေါ့။ ကက္ခဠ လက္ခဏာပေါ့။

စသည်တို့ဖြင့် ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင်ထည့်သွင်း ပြောဆိုကြ၏။ ဤသည်လည်း ဆင်တူရိုးမှား ဖြစ်၍ နေပြန်တော့၏။

ဤအသိမျိုးသည် ပရမတ္ထ ဓမ္မသဘာဝသို့ မဆိုက်။ အရိုး, ဒူး,နဖူးစသည်တို့မှာ အဝိဇ္ဇမာနပညတ်မျှသာဖြစ်၏။(မာသည် ဆိုသော) ကက္ခဠ လက္ခဏာသည် တကယ်ရှိသော ပရမတ္ထ ဓမ္မ သဘာဝ ပထဝီဓာတ်၏ လက္ခဏာဖြစ်၏။ ဝိပဿနာ ဘာဝနာ ပွားများရာတွင် ပရမတ်ကို အာရုံပြုရ၏။ အရိုး,ဒူး,နဖူးစသည် တို့သည် ပရမတ်မဟုတ်။ အဟုတ်ရှိ မဟုတ်။ သမုတ်ရှိ မျှသာ ဖြစ်၏။ အဝိဇ္ဇမာနပညတ်မျှသာ ဖြစ်၏။ ကက္ခဠ လက္ခဏာ ဆို သည်မှာ အဝိဇ္ဇမာန ပညတ်၏ လက္ခဏာ မဟုတ်ချေ။

ယမိုက်ကျမ်းနည်းအားဖြင့် တွက်သော် ဖိုးသူတော်တိုင်း ဖိုးသူတော်တိုင်း ကတုံးဖြစ်၏။ သို့သော် ကတုံးတိုင်း, ကတုံး တိုင်း ဖိုးသူတော် မဟုတ်ဆိုသော အဖြေထွက်လာ သည်ကို သတိပြုအပ်၏။

အထက်တွင် ဖေါ်ပြခဲ့သည်တို့၏ လိုရင်းမှာ- ဝိပဿနာ ဘာဝနာ ပွားများရာတွင် အမှုံ,အမွှား,သဏ္ဌာနပညတ်,နာမ ပညတ်,သဘာဝပညတ် စသည်တို့ကို အာရုံမပြုရ၊ ပရမတ် အစစ်ဖြစ်သော သဘာဝကို ပညာမျက်စိဖြင့်သာ အာရုံ ပြုရ သည် ဆိုခြင်းကို အထူးသိစေလိုခြင်း ဖြစ်လေသည်။

## သင်္ခါရာဝ သင်္ခါရေ

အပါယ် ၄-ပါးတံခါးပိတ်စေရန် တမင်္ဂတဖိုလ်ကို အလို ရှိ၍ ကြိုးစားအားထုတ်သော ယောဂီသူမြတ်တို့ သိအပ်သော အချက်တရပ်ကို ဖေါ်ပြပေဦးအံ့။

ဝိပဿနာ ဘာဝနာပွားများရာတွင် အများအားဖြင့် ဖြစ် တတ်သည်မှာ မိမိကခန္ဓာ ၅-ပါး ဖြစ်ပျက်နေသည်ကို ကြည့် ရှုပွားများကာ နေတတ်၏။ ထိုသို့ မဖြစ်စေရန် အထူးသတိပြု ရပေမည်။ယင်းသို့ အတ္တ၊ဝါ-သက္ကာယဒိဋ္ဌိ ပါရှိနေလျှင်တမင်္ဂ တဖိုလ် မရရှိနိုင်။ အမှန်အားဖြင့် ဖြစ်ပျက်နေသော စိတ်နှင့် စေတသိက်တို့က ဝိပဿနာဘာဝနာ ပွားများနေခြင်းဖြစ်၏။ (အတ္တ-မရှိ။ ငါ-မပါ။)

ဓမ္မသဘာဝတို့သည် အလွန်ဆန်းကြယ်၏။ ခန္ဓာ ၅-ပါး ဖြစ်ပျက်နေခြင်းကို ဖြစ်ပျက်နေသော ခန္ဓာ ၅-ပါးတွင် ပါရှိ သော နမ်ခန္ဓာ ၄-ပါးတို့က ကြည့်ရှုဆင်ခြင် ပွားများနေခြင်း ဖြစ်လေသည်။

ခန္ဓာ ၅-ပါးသည် ငရဲသို့ရောက်အောင် ပို့ဆောင် နိုင်၍ နတ်ပြည်၊ ဗြဟ္မာပြည်သို့လည်း ရောက်အောင် ပို့ဆောင်နိုင် လေသည်။ ခန္ဓာ ၅-ပါးသည် ခန္ဓာ ၅-ပါးကို အဆက်မပြတ် ဒုက္ခဖြစ်နေအောင်လည်းပြုလုပ်နိုင်၍ခန္ဓာ ၅-ပါးကိုသမုစ္ဆေဒ ပဟာန်အားဖြင့် ချုပ်ငြိမ်းစေလျက် အစဉ်သဖြင့် နိဗ္ဗာန်သုခ ကို ရရှိနေအောင်လည်း ပြုလုပ်နိုင်လေသည်။ ထို့ကြောင့် ခန္ဓာ ၅-ပါးကို အကျိုးရှိအောင် အသုံးချရလေသည်။

မဟာဝိဇ္ဇာ ၁၇။

အချုပ်ကား။ ။ဘာဝနာအလုပ်ကို အစဉ်အား ထုတ်နေရမည်။ ဝိပဿနာဘာဝနာ ပွားများရာတွင် ငါ-ဟ ပွားများသည်မဖြစ်စေရ၊ကုသလာဗျာဖြစ်သော စိတ်နှင့် စေတသိက်တို့က သာလျှင် ဆင်ခြင် ပွားများနေခြင်း ဖြစ်စေရမည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂ ဉာဏဒဿနပိုင်း၌....

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ
ဂဏှာတောဟိ ဒိဋ္ဌိ သမုဂ္ဃာဋနံ နာမ
န ဟောတိ။

ဘာသာပြန်။ ။ငါသည် ဝိပဿနာရှုအံ့။ငါ၏ ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ငါ-ဟူသော ဒိဋ္ဌိပျောက်ကွာ ခြင်းသည် မဖြစ်။

သင်္ခါရာဝ သင်္ခါရေ
ဝိပဿန္တိ သမ္မသန္တိ။

စသည်တို့ ဆက်၍ လာရှိလေသည်။

အနက်ကား။ ။သင်္ခါရာဝ၊ သင်္ခါရ တရားတို့သည် သာလျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။

ဤသို့လည်း ပရမတ္ထသစ္စာသို့ဆိုက်အောင်ယောဂီသူမြတ်သည် နာမ ပညတ်ကို ကျော်လွှန်၍ သဘာဝကို"ငါမပါ" ဘဲ သင်္ခါရတရားတို့က သင်္ခါရ တ ရား တို့ ကို ဝိပဿနာဘာဝနာပွားများသည်ဟုသဘောပေါက်လာခြင်းကို အထူးအလိုရှိအပ်သေသည်။

ဓမ္မ သဘာဝတို့

ဆန်းကြယ်ပုံ။

ဤမှတဖန် ဘုရား၌၎င်း၊ တရား၌၎င်း၊ သံဃာ၌၎င်းယုံမှား ခြင်းကင်းစေရန် ကျမ်းဂန်တို့၌ လာရှိသည်တို့ကို ဆက်လက် ဖေါ်ပြပေဦးအံ့။

ကုသလာ ကုသလံ ကမ္မံ
ဝိပါကာနံ ခန္ဓာနံ ကင္ခတ္တာစ
ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ပဋ္ဌာန်းပါဠိတော်, ပစ္စယနိဒ္ဒေသ)

အနက်ကား။ ။ကုသလာကုသလံ-ကုသိုလ်၊အကုသိုလ် ဖြစ်သော၊ ကမ္မံ-နာနက္ခဏိက စေတနာသည်၊ ဝိပါကာနံ= အကျိုးဖြစ်ကုန်သော၊ ခန္ဓာနဉ္စ- ဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ နာမက္ခန္ဓာတို့အား၎င်း၊ ကင္ခတ္တာ ရူပါနဉ္စ- ပဋိသန္ဓေကမ္မဇရုပ်၊ပဝတ္တိ ကမ္မဇရုပ်၊အသညသတ်ကမ္မဇရုပ်တို့ အား၎င်း၊ကမ္မပစ္စယေန-နာနက္ခဏိကကမ္မသတ္တိဖြင့်၊ပစ္စယော ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏ဟု—ဟောတော်မူ၏။

ဤတွင် ထင်ရှားစေလိုသော အချက်မှာ- ဝိပဿနာ ဘာဝနာတွင် အကျုံးမဝင်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့ကို ပြုလုပ်ခြင်းကြောင့် ရုပ်၊ နာမ် နှစ်ပါး၊ဝါ-ခန္ဓာငါးပါး အကျိုးတရားတို့သည် ဖြစ်ပေါ်လာ၏။ (ကုသိုလ်ပြုရာတွင် ဝဋ်မှ လွတ်မြောက်ရာ ဝိဝဋ္ဋ နိဿိတကုသိုလ်မျိုးကိုသာအလို ရှိအပ်လေသည်)။

ကံကြောင့် ဖြစ်သော ကမ္မဇရုပ်တို့မှာ ၄-ပါးရှိ၏။ ၎င်းတို့ကို သိသင့်သိထိုက်သဖြင့် ဖေါ်ပြပေအံ့။

### ကမ္မဇ ကလာပ် ၉-စည်း။

၁။ စက္ခုပသာဒ = စက္ခုဒသက ကလာပ်။
၂။ သောတပသာဒ= သောတဒသက ကလာပ်။
၃။ ဃာနပသာဒ = ဃာနဒသက ကလာပ်။
၄။ ဇိဝှါပသာဒ = ဇိဝှါဒသက ကလာပ်။
၅။ ကာယပသာဒ = ကာယဒသက ကလာပ်။
၆။ ဣတ္ထိဘာဝ = ဣတ္ထိဘာဝဒသက ကလာပ်။
၇။ ပုမ္ဘာဝ = ပုမ္ဘာဝဒသက ကလာပ်။
၈။ ဟဒယဝတ္ထု = ဝတ္ထုဒသက ကလာပ်။
၉။ ဇီဝိတ = ဇီဝိတ နဝက ကလာပ်။

ဤသို့လျှင် ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုသဖြင့် ရုပ်သာလျှင် ဖြစ်ပေါ်သည်မဟုတ်၊ (စိတ်,စေတသိက်) နာမ်တရားတို့သည်လည်း ထိုက်သည့် အားလျော်စွာ ဖြစ်ပေါ်လေသည်။

### အကြောင်း နှင့် အကျိုးတရား

ဝိသုဒ္ဓိမဂ်,ကင်္ခါဝိတရဏဝိသုဒ္ဓိခန်း၌လာရှိသည်မှာ-

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊
ဝိပါကော ကမ္မသမ္ဘဝေါ၊
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ
ဧဝံ လောကော ပဝတ္တတိ။

ဘာသာပြန်။ ။ကံကြောင့် အကျိုးဝိပါက်တို့သည် ဖြစ်ကုန်၏။ အကျိုးဝိပါက်သည် ကံ-ဟူသော ဖြစ်ကြောင်းရှိ၏။ ကံကြောင့်တဖန် ဘဝသစ်သည်ဖြစ်၏။ဤသို့လူလောကသည် အဆင့်ဆင့်အဖန်ဖန်ဖြစ်၏။

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿစ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။

**ဘာသာပြန်**။ ။ကံကို ပြုတတ်သောသူသည်မရှိ။ အကျိုးဝိပါက်ကို ခံစားတတ်သော သူသည်လည်းမရှိ။ သက်သက်သောနာမ်ရုပ်ဟု ဆိုအပ်သော ဓမ္မသဘာဝတို့သည်သာလျှင် ဖြစ်ကုန်၏။ ဤသို့သော သဘောရှိသော ထိုဉာဏ် အမြင်သာလျှင် မဖေါက်မပြန် မှန်ကန်သောအမြင်သည်ဖြစ်၏။

ဧဝံ ကမ္မေ ဝိပါကေစ,
ဝတ္တမာနေ သဟေတုကေ,
ဗီဇ ရုက္ခာဒိကာနံဝ,
ပုဗ္ဗာကောဋိ န နာယတိ။

**ဘာသာပြန်**။ ။မျိုးစေ့သစ်ပင် စသည်တို့၏ ရှေးဖြစ်သော အစကို မသိမမြင်နိုင်ဘိသကဲ့သို့ ထို့အတူ အကြောင်းနှင့်တကွ ဖြစ်သော ကံ၌၎င်း၊ အကျိုးဝိပါက်၌၎င်း ရှေးဖြစ်သောအစကို မသိအပ်မသိနိုင်။(ဆိုလိုရင်းကား သစ်စေ့နှင့်သစ်ပင် ထိုနှစ်ခုတွင် မည်သည်က မည်သည့်အချိန်၌စသည်ကို မသိနိုင်ဘိသကဲ့သို့ အကြောင်းနှင့်တကွဖြစ်သော ကံ၌၎င်း အကျိုးဝိပါက်၌၎င်း အစကိုမသိအပ်, မသိနိုင်)။

ကမ္မ နတ္ထိ ဝိပါကမှိ,
ပါကော ကမ္မေ န ဝိဇ္ဇတိ,
အညမညံ ဥဘော သုညာ,
နစ ကမ္မ ဝိနာဖလံ။

**ဘာသာပြန်။** ။ဝိပါက်၌ ကံသည်မရှိ။ ဝိပါက်သည် ကံ၌မရှိ။ ကံနှင့် ဝိပါက်နှစ်ပါးတို့သည် အချင်းချင်း တပါးသည် တပါး၏သဘောမှဆိတ်၏။ကံကိုကြဉ်၍ အကျိုးသည်လည်းမဖြစ်။

မဟာနိဒ္ဒေသပါဠိတော်အဋ္ဌကထာဝင်, ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ၌ရှင်း ဝိသုဒ္ဓိမဂ်, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခန်း၌ရှင်း လာရှိသည်မှာ-

အနိဓာနဂတာ ဘဂ္ဂါ,
ပုဉ္ဇော နတ္ထိ အနာဂတေ,
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ,
အာရဂ္ဂေ သာသပူပမာ။

**ဘာသာပြန်။** ။အကြင်သင်္ခါရတို့သည် ချုပ်ကုန်, ပျက်ကုန်၏။ ထိုသင်္ခါရ တရားတို့သည် တစုံတခု၌ သိုထားအပ်သည်၏အဖြစ်သို့ မရောက်ကုန်။ အနာဂတ်၌ အစုအပုံသည် မရှိ။ အကြင်ပစ္စုပ္ပန်၌ဖြစ်သော သင်္ခါရတို့သည် ဖြစ်ပေါ်၏။ ၎င်းဖြစ်ပေါ်ခြင်းမှာလည်း ပွတ်ဆောက်ဖျား၌ တင်ထားသော မုံညင်းစေ့ပမာ တည်ကုန်၏။ (ဖြစ်ပေါ်ပြီး ချက်ခြင်း ချုပ်ပျောက်သွားခြင်းကို ဆိုလိုသည်)။

အဒဿနတော အာယန္တိ,
ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ,
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ,
ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

ဘာသာပြန်။ ။မမြင်အပ်သည်မှလာကုန်၏။ ပျက်ကုန်, ပျက်ကုန်ပြီးသော သင်္ခါရတို့သည်လည်းမမြင်အပ်ကုန်သည့်၏ အဖြစ်သို့ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စီးပျက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်းပျက်ကုန်၏။ ဤသို့သော အနက်သဘောသည် ထင်ရှား၏။

ဤပါဠိတော် သဘောမှာ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သံဂတိ ဖဿော" စသည်ဖြင့် ဥပရိ ပဏ္ဏာသပါဠိတော်၊ သဠာယတနဝဂ်၊ ဆဆက္ခသုတ်၌ ဟောတော်မူသော သဘောပင်တည်း။ သဘောကား စက္ခုအကြည်ဓာတ်နှင့်ရူပါရုံကိုအစွဲပြု၍စက္ခုဝိညာဏဓာတ်တလုံး ဖြစ်ပေါ်လာ၏။ စောစောအချိန်က ထိုစက္ခုဝိညာဏဓာတ် မပေါ်မရှိခဲ့။ တဖန်စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏဓာတ် ၃-ပါး တွေ့ဆုံမိသော် "ဖဿ"ဓာတ်တလုံးဖြစ်ပေါ်လာပြန်၏။ စောစောအချိန်က ထိုစက္ခု သမ္ဖဿဓာတ် မပေါ်မရှိခဲ့ချေ။

စက္ခုပသာဒနှင့် ရူပါရုံကိုအစွဲပြု၍ ဖြစ် ပေါ် လာ သော စက္ခုဝိညာဏဓာတ်၊စက္ခုသမ္ဖဿဓာတ်တို့မှာအတည်မနေရ၊ (ပွတ်ဆောက်ဖျား) ချွန်ထက်သောစူးထိပ်ပေါ်တွင်တင်အပ်သော (မုံညင်းစေ့)ဂေါ်လီလုံးပမာကဲ့သို့ အတည်မနေနိုင်ရှာဘဲ ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားရပြန်လေသည်။ယင်းသို့ ချုပ်ပျောက်သွားသောဓာတ်တို့အတွက် သိုမှီးထားရန် ပစ္စည်းထားခန်းလည်း မရှိချေ။ ထားရန်အထည်ဒြပ် ဘာတခုမျှမရှိချေ။ ယင်းသို့သော သဘောကိုသိရန်ဖြစ်၏။ အနတ္တမဟုသဘာဝမျှသာတည်း။

## စိတ်၏ လျင်မြန်ခြင်း။

စိတ်ဓာတ်၏ အပြောင်းအလွဲလျင်မြန်ပုံကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကနိပါတ်၊လဟုပရိဝတ္တသုတ်၌ ဟောတော်မူသည်ကို ဖေါ်ပြပေအံ့။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ
သမနုပဿာမိ ယံ ဧဝံ လဟုပရိဝတ္တံ
ယထယိဒံ စိတ္တံ ယာဝဉ္စိဒံ ဘိက္ခဝေ
ဥပမာပိ နသုကရာ ယာဝလဟု
ပရိဝတ္တံ စိတ္တန္တိ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊ ဤစိတ်သည် (လဟုပရိဝတ္တံ)ဖြစ်ခြင်း ချုပ်ခြင်းဖြင့် လျင်မြန်သော အပြန်ရှိသကဲ့သို့ ဤအတူ အကြင် ဓမ္မ သဘာဝတရားသည် လျင်မြန်သော အပြန်ရှိ၏။ စိတ်မှ တပါးသော ထိုသို့ သဘောရှိသော တခုသော ဓမ္မသဘာဝ သဘောတရားကိုမျှလည်း ငါဘုရားသည် မြင်တော်မမူ။ အို-ရဟန်းတို့၊ ဤစိတ်သည် အလွန်လျင်မြန်သောဖြစ်ခြင်း၊ ချုပ်ခြင်း အပြန်ရှိ၏။ ဥပမာပြခြင်းငှါလည်း မလွယ်ကူချေ ခဲယဉ်းလှဘိ၏ဟု ဟောတော်မူလေသည်။

## စိတ်သည် တချိန်တည်းတွင် နှလုံး မဖြစ်။

ယောဂီသူမြတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန် အ မြန် ရ ရှိ ရေး အတွက် စိတ္တနိယာမကို သိရပေမည်။

သို့မှ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကို လွယ်ကူစွာ ကင်းစင်နိုင်ပေမည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ကင်္ခါဝိတရဏဝိသုဒ္ဓိခန်း၌-

ပုရိမံ ဘိဇ္ဇတိ စိတ္တံ
ပစ္ဆိမံ ဇာယတေ တတော။

ဘာသာပြန်။ ။ရှေ့စိတ်သည် ပျက်၏။ ထိုမှအခြားမဲ့၌ နောက်စိတ်သည် ဖြစ်၏ ဟု ဖွင့်ဆိုတော်မူလေသည်။ ယင်း အဋ္ဌကထာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခန်း၌-

စုလ္လာသီတိ သဟဿာနိ,
ကပ္ပံ တိဋ္ဌန္တိ ယေ မရူ,
နတွေဝ တေပိ ဒွိဟိ
စိတ္တေဟိ သမောဟိတာ။

ဘာသာပြန်။ ။အကြင်နတ်, ဗြဟ္မာတို့သည် ကမ္ဘာ ပေါင်းရှစ်သောင်း လေးထောင်ကာလပတ်လုံး တည်ကုန်၏။ ထိုနတ် ဗြဟ္မာတို့သည် ရှည်ကြာစွာ အသက်ရှင်ကုန်သော် လည်း (ဒွိဟိစိတ္တေဟိ) စိတ္တက္ခဏ နှစ်ချက် အသတ်တည်နေ နိုင်သည်မဟုတ်ဟု လာရှိလေသည်။

ဤတွင် ထင်ရှားစေရန် ဥပမာပြရသော်- ဆယ်မိုင်ခန့်ရှိ သောခရီးကို လှည်းဖြင့်သွားရာလှည်းသည် ဆယ်မိုင်ပေါ်တွင် တည်ရှိသည်မဟုတ်။ လှည်းဘီး သည် လက်သုံးလုံးခန့် ရှိ သော မြေပေါ်၌သာ တည်ရှိဘိသကဲ့သို့ပင် ဖြစ်လေသည်။

ထို့ကြောင့် လောကီနယ်တွင် သမ္မုတိသစ္စာ အားဖြင့် အသက် ၅၀-နေရသည်။ အသက် ၁၀၀-နေရသည်ဟု ဆိုရ သော်လည်း ပရမတ္ထ ဓမ္မသဘာဝမှာ စိတ်သည် ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် တခဏမျှသာ တည်ရှိသည်ကို စွဲမြဲစွာ သိမှတ် ထားရပေမည်။

အသက်ဆိုသည်မှာပရမတ္ထသစ္စာအားဖြင့်(ဥပါဒ်,ဌီ,ဘင်) စိတ္တက္ခဏ တချက်သာ ရှည်ကြာသည်ကိုဖေါ်ပြ၍ စိတ်သည် တချိန်တည်းတွင် နှစ်လုံး,သုံးလုံး ထပ်၍သော်၎င်း၊ နှစ်လုံး သုံးလုံးယှဉ်ပြိုင်၍သော်၎င်း မဖြစ်ပေါ်သည်ကို သုတ်သီ လက်ခွန် အဋ္ဌကထာ ပြဟွဇာလသုတ်၌-

ဒွိန္နံစ စိတ္တာနံ ဧကက္ခဏေ

ပဝတ္တိနာမ နတ္ထိ။

ဘာသာပြန်။ ။စိတ်သည် တချိန်တည်းတွင် နှစ်လုံးဖြစ် သည်ဟူ၍ မရှိပါ-လာရှိလေသည်။

ဤသို့လျှင် စိတ်သည် အစဉ်ဖြစ်,ပျက် နေသည်ကိုအထူးစွဲ မြဲစွာ သိမှတ်ထားပြီးနောက် စိတ်သည် မိးရထားခုတ်မောင်း သွားရာ ဘူတာစဉ်အတိုင်း ရောက်ရှိရ၏။ဘူတာစဉ်ကိုမရောက် ရှိဘဲ ခုန်ကျော် ကွေ့ကောက် ခုတ်မောင်းခြင်း၄ါ မဖြစ်နိုင်ဘိ သကဲ့သို့ စိတ်၏ ဖြစ်စဉ်မှာလည်း ခုန်ကျော် ကွေ့ကောက် ရောက်ရှိသွားသည်ဟူ၍ မရှိခြင်းကိုလည်း ကောင်းစွာသိမှတ် ထားရပေမည်။

## စိတ်၏ ဖြစ်စဉ်။

အောက်ပါစိတ်၏ဖြစ်စဉ် ၁၇-လုံးတို့မှာ စိတ်တလုံးဖြစ် ပေါ်ချုပ်ပျောက်ပြီးမှ နောက်စိတ်အသစ်တလုံးဖြစ်ပေါ်ချုပ် ပျောက်ပြန်သည်ကို သတိပြုပါလေ။

အတီတဘဝင် = အာရုံနှင့် ပသာဒရုပ် တိုက်ဆိုင်မိသော် လည်း အာရုံမပြုနိုင်သေး။ အတိတ်ကို အာရုံပြုလျက်ပင်။

ဘဝင်္ဂစလန = အထက်ပါအတိုင်းထက် ဝို၍ လှုပ်ရှား လာသည်။အတိတ်ကိုအာရုံပြုလျက်ပင်။
ဘဝင်္ဂုပစ္ဆေဒ = အတိတ်ကို အာရုံမပြုတော့ပြီ။
ပဉ္စဒွါရာဝဇ္ဇန်း = အာရုံငါးပါးကို ဆင်ခြင်သည်။
စက္ခုဝိညာဏံ = ရူပါရုံကို သိသည်။
သမ္ပဋိစ္ဆိုင်း = အာရုံကို ခံယူသည်။
သန္တီရဏ = အာရုံကို စုံစမ်းသည်။
ဝုဋ္ဌော = ပိုင်းခြားမှတ်သားလျက် ထသည်။
၁။ ဇော = အဟုန်နှင့် တကွ အာရုံ၏ အရသာကို ခံစား။
၂။ ဇော = ။
၃။ ဇော = ။
၄။ ဇော = ။
၅။ ဇော = ။
၆။ ဇော = ။
၇။ ဇော = ။
တဒါရုံ = ဇော၏အာရုံကို လိုက်၍ ယူသည်။
တဒါရုံ = ။

အထက်ပါဝီထိ စိတ်အစဉ် ၁၇–လုံးသည် တလုံးချုပ်ပျောက်သွားပြီးနောက်မှ အသစ်တလုံးဖြစ်ပေါ်လာသည်ကို ထင်ရှားပြတ်သားစွာ သိမှတ်ထားရပေမည်။

ဤဝီထိစိတ်အစဉ် ၁၇-လုံး ပြည့်ဆုံးသောအခါ ကျမြဲ ဘဝင်စိတ်တို့သည် ဖြစ်၏။

အထက်၌ရေးသားဖော်ပြအပ်သော စိတ်ဝီထိ အစဉ်တွင် ရေးသားဖော်ပြရန် များစွာ ကျန် ရှိ သေး ၏။ သို့ရာတွင် ဝိပဿနာဘာဝနာ သန့်ရှင်းရေးအတွက် ဤသဘောမျှ သိရှိရလျှင် လိုအပ်သောကိစ္စ ပြီးစီးနိုင်လေပြီ။

"မြင်,သိ,စိတ်"ဝီထိ အစဉ်ဖြစ်ပေါ်နေရာတွင် နာရီထိုးသံကို ကြားရ၏ဟုဆိုရာဝယ် ထိုနာရီထိုးသံ ကြား,သိ,စိတ်သည် မြင်,သိ,စိတ် ဝီထိအစဉ်တွင် တနေရာရာမှကြားဖေါက်၍ ဖြစ်ပေါ်လာနိုင်သည်မရှိ။မြင်,သိ,စိတ် ၁၇လုံးကုန်ဆုံးပြီးနောက် ဘဝင်စိတ်များဖြစ်နေစဉ် ကြား,သိ,စိတ် ဝီထိ အစဉ်သည် အတီတ ဘဝင်, ဘဝင် စလန, ဘဝင် ပစ္ဆေဒ,ပဉ္စဒွါရာဝဇ္ဇန်းသောတဝိညာဏ်စိတ်စသော ဝီထိအစဉ် ပြည့်စုံပါမှ နာရီထိုးသံကိုကြားသိရခြင်းဖြစ်လေသည်။ဤသည့်တို့ကားစိတ္တနိယာမပေတည်း။

ပရမတ္ထဓမ္မသဘာဝတို့သည် လွန်စွာအံ့ဩဘွယ်ရာဖြစ်၏။ လူ,နတ်,ဗြဟ္မာတို့၏ ပညာစွမ်းဖြင့် မသိစွမ်းနိုင်ချေ။

အထက်တွင် ဖေါ်ပြအပ်သောဝီထိအစဉ်ဖြစ်ရာ၌ကုသိုလ်စိတ်ဖြစ်စေ၊ အကုသိုလ်စိတ်ဖြစ်စေ ဖြစ်ပေါ်ရာတွင် ဇောစိတ်တလုံးသည်တခဏတာမျှဖြစ်ပေါ် ချုပ်ပျောက်သွားရသော်လည်း ၎င်းစိတ်တခဏတွင် ခန္ဓာ ၅-ပါး အပြည့်အစုံ ပါရှိလေသည်။

ဥပမာ-ဝိပဿနာဘာဝနာ ကုသိုလ်စိတ် အစဉ်ဖြစ်ပါက ထို ၁၇-လုံးသော စိတ်တို့အနက် ဇောစိတ်တလုံးတွင် စိတ်မှ တပါးစေတသိက်ပေါင်းအနည်းဆုံး၃၃-လုံးပါရှိလေသည်။ ၎င်းတို့သည်ကား-

| | | |
|---|---|---|
| သဗ္ဗစိတ္တ သာဓာရဏ စေတသိက် | = | ၇ |
| ပကိဏ်း စေတသိက် | = | ၆ |
| သောဘဏသာဓာရဏစေတသိက် | = | ၁၉ |
| ပညိန္ဒြေစေတသိက် | = | ၁ |
| ပေါင်း | | ၃၃ |

ရှေး၌ဖော်ပြခဲ့သည့်အတိုင်း ဤတွင် စေတသိက် ၃၃-လုံးမှ နာမ်ခန္ဓာ ၃-ပါးရ၏။ စိတ်မှ ဝိညာဏက္ခန္ဓာ ရ၏။ ဤသို့လျှင် နာမ်ခန္ဓာ ၄-ပါး ရရှိလေသည်။ ခန္ဓာ ၅-ပါး ပြည့်ရန် ရူပက္ခန္ဓာလိုပေသေး၏။

ပဋ္ဌာန်းဒေသနာတော်တွင် စိတ်ဖြစ်ပေါ်ပါက စိတ်နှင့်တကွ စိတ္တဇရုပ်သည် (အပုဗ္ဗံ-အစရိမံ) မရှေးမနှောင်းပင် ဖြစ်ပေါ်ကြောင်း လာရှိလေသည်။ ထိုမှပဋ္ဌာဝါရ ဝိဘင်၌ လာသည်မှာ-

> ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ
> သဟဇာတ ပစ္စယေန ပစ္စယော၊
> ကုသလာ ခန္ဓာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ
> သဟဇာတ ပစ္စယေန ပစ္စယော။

အနက်ကား။ ။ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော-တရားသည်၊ အဗျာကတဿ-အဗျာကတဖြစ်သော-ဓမ္မဿ-တရားအား၊ သဟဇာတ ပစ္စယေန- သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ—ဖြစ်၏။

ကုသလာ - ကုသိုလ် ဖြစ်ကုန်သော၊ ခန္ဓာ- နာမက္ခန္ဓာ ၄ပါးတို့သည်၊ စိတ္တ သမုဋ္ဌာနာနံ့စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ-စိတ္တဇရုပ်တို့အား၊ သဟဇာတ ပစ္စယေန-

သဟာဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ ဟူ၍ လာရှိလေသည်။

ဤပဋ္ဌာန်းဒေသနာတော်အရ စိတ်တလုံးဖြစ်တိုင်း, ဖြစ်တိုင်း ထိုက်သင့်သော စေတသိက်တို့ပါရှိ၏။ ယင်းသို့ စေတသိက်တို့ပါရှိခြင်းကြောင့် စိတ်တလုံး,တလုံး ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း နာမ်ခန္ဓာ ၄-ပါးပါရှိ၏။ ထိုနာမ်ခန္ဓာ၄-ပါးတို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ၎င်းတို့နှင့် အတူတကွ စိတ္တဇရုပ်တို့သည် ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် စိတ်တလုံးသည် တခဏတာအတွင်းဖြစ်ပေါ် ချုပ်ပျောက်သွားရာတွင် ခန္ဓာ ၅-ပါး အပြည့်အစုံပါရှိသည်ကို လူသည်၎င်း၊ နတ်သည်၎င်း၊ ဗြဟ္မာသည်သော်၎င်း မသိမမြင်နိုင်။ ထိုမျှ ဓမ္မနိယာမတရားတို့သည် အံ့သြဘွယ်ရာ ဖြစ်လေသည်။

ယင်းသို့ စိတ်တလုံး ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားရာ၌ နောက်စိတ် အသစ်တလုံး ပေါ်လာရာတွင် ချုပ်ပျောက်သွားသော ရှေ့စိတ်နှင့်တကွ စေတသိက်အပေါင်းတို့သည် နောက်ဖြစ်ပေါ်လာသော စိတ်တွင် လုံးဝ မပါမရှိချေ။

ထိုသို့ ပညာမျက်စိဖြင့်သိမြင်သောအခါ လိပ်ပြာကလေးသည်၎င်း, ဇီဝ-အသက်ကလေးသည်၎င်း,အတ္တကလေးသည် ၎င်း တဘဝမှ တဘဝသို့ ကူးပြောင်းသည်ဆိုသောသဿတဒိဋ္ဌိ အယူဝါဒမှာ လုံးဝ မဟုတ်မမှန်သော အယူဝါဒဖြစ်ကြောင်းကို ကောင်းစွာ သိရှိရလေသည်။ ပရမတ္ထ ဓမ္မသဘာဝတွင် လူ့ပြည် နတ်ပြည်,ဗြဟ္မာ့ပြည်စသည်မရှိ။ ခန္ဓာ ၅-ပါး ဖြစ်ပျက်နေခြင်းသာ ရှိလေသည်။

## ဗြဟ္မာ့ပြည်မှ ကျောက်တုံး။

မိလိန္ဒပဥှာ,အရူပဓမ္မ ဝဝတ္ထာနဝဂ်, ဗြဟ္မာလောက ပဥှာ အမေးအဖြေခန်း၌ အောက်ဗြဟ္မာ့ပြည်မှ ကြီးလေးလှစွာသော ကျောက်စိုင်,ကျောက်ခဲကြီးတတုံးကိုအောက်သို့ ပစ်ချသော် ၄-လကြာမှ မြေသို့ ရောက်ရှိ၏ဟု လာရှိလေသည်။

လောကီရေးတွင်သမ္ဘုတိသစ္စာအားဖြင့်ဗြဟ္မာ့ပြည်မှစုတေ၍လူ့ပြည်သို့လာရောက်ပဋိသန္ဓေနေသည်ဟုဆိုရာတွင်၄-လကြာသည်မဟုတ်။ ဗြဟ္မာ့ပြည်၌ စုတေသည်ဆိုသော် လူ့ပြည်သို့ ပရမတ္ထ ဓမ္မသဘာဝ ခန္ဓာ ၅-ပါး တစုသည် စကားပြောသည်က ကြာသေး၏။ ဘခဏချင်း ဖြစ်ပေါ် လာလေသည်။ ဤကား ပရမတ္ထ ဓမ္မသဘာဝပေတည်း။

ဤတွင် စိတ်၏ဖြစ်စဉ်ကို ပြန်၍ဆက်သော် စိတ်သည် တဖြစ်တည်းဖြစ်၍ တပျက်တည်း ပျက်နေခြင်းကို ပညာမျက်စိဖြင့် သိမြင်ရခြင်းကြောင့် သေလျှင်ဘဝပြတ်၏။ နောက်ထပ်မဖြစ်တော့ပြီဆိုသော ဉစ္ဆေဒဒိဋ္ဌိ အယူဝါဒမှာ လုံးဝ မဟုတ်မမှန်သော အယူဝါဒဖြစ်ကြောင်းကိုလည်း ကောင်းစွာ သိရှိရလေသည်။

### သက္ကာယဒိဋ္ဌိ

မဂ်,ဖိုလ်,နိဗ္ဗာန် ရရှိရေးလုပ်ငန်းတွင် သဿတဒိဋ္ဌိ,ဉစ္ဆေဒဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ တို့ကို ကျော်လွှန်ရလေသည်။

အထက်တွင် သဿတဒိဋ္ဌိ နှင့် ဉစ္ဆေဒဒိဋ္ဌိတို့မှ ကျော်လွှန်နိုင်ပုံကို ရေးသားခဲ့ပြီးဖြစ်ရာ ယခုသော် သက္ကာယဒိဋ္ဌိ အတွက်ရေးသားပေအံ့။

သုတ်သီလက္ခန် ပါဠိတော်၌ရှေးဦးစွာ ပြဟ္မဇာလသုတ်ကို ဟောကြားတော်မူလေသည်။ ထိုတွင် အယူမှားသော ၆၂-ပါးသော ဒိဋ္ဌိတို့အကြောင်းကို ဟောတော်မူရာ သက္ကာယဒိဋ္ဌိ ၂၀-သည်လည်း အပါအဝင် ဖြစ်လေသည်။

ထိုမှတပါး သက္ကာယဒိဋ္ဌိ ၂၀-ကို ပယ်သတ်ရန် ရှင်တော်ဘုရားသည် ထိုထိုသော ပါဠိတော်တို့၌ အကြိမ်ကြိမ်အဖန်ဖန် ဟောကြားတော် မူလေသည်။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်, ဒေဝတာသံယုတ်, သတ္တိဝဂ်,အစသုတ်၌ ဒေဝတာတဦးသည် ရှင်တော် ဘုရားအား ရဟန်းသည် "ကာမရာဂ ပဟာယန"ကာမရာဂကို ပယ်ဖြတ်ရန် သတိရှိရှိရပေမည်ဟု လျှောက်ထားလေသည်။ ထို အခါ ရှင်တော်ဘုရားက....

သတ္တိယာ ဝိယ ဩမဋ္ဌော
ဍယှမာနောဝ မတ္ထကေ
သက္ကာယ ဒိဋ္ဌိ ပဟာနာယ
သတော ဘိက္ခု ပရိဗ္ဗဇေ။

ဘာသာပြန်။ ။လှံဖြင့်စိုက်၍ ထိုးအပ်သော အနာရှိသော ယောကျ်ားသည် အနာပျောက်ကြောင်းကို အဆောတလျင် အားထုတ်ဘိသကဲ့သို့ ဦးခေါင်း၌ မီးတဟုန်းဟုန်း တောက်လောင်လျက်ရှိသော သူသည် မီး၏ငြိမ်းကြောင်းကို အဆောတလျင် အားထုတ်ဘိသကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် "သက္ကာယဒိဋ္ဌိ"ကို ပယ်ခြင်းငှာ သတိနှင့် ပြည့်စုံ နေရာ၏ဟု ဟောတော်မူလေသည်။

ဗုဒ္ဓဘာသာဝင် တဦးအတွက် အဘယ်သည် ရှေးဦးစွာ အရေးအကြီးဆုံး ဖြစ်ပါသနည်းဆိုသော် အပါယ် လေးပါး တံခါးပိတ်ရန်ဖြစ်၏။ သာမန် နတ်ပြည်,ဗြဟ္မာပြည်, ရောက်ရုံမျှဖြင့် အပါယ် ၄-ပါး တံခါး မပိတ်သေးချေ။ အပါယ် ၄-ပါး တံခါးပိတ်ရန် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို နောက်တဖန် မပေါ်နိုင်အောင် ပဌမ မဂ်ဖြင့် ပယ်ဖြတ်ရလေသည်။ ဤပုဂ္ဂိုလ်ကား သောတာပန်ပေတည်း။

ဒိဋ္ဌိ ဆိုသည်မှာ ဤတွင် သက္ကာယဒိဋ္ဌိ ၂၀-ကိုပယ်ဖြတ်ရန် ဖြစ်၏။ ထို့ကြောင့် သက္ကာယ ဒိဋ္ဌိ ၂၀-ကို သိအပ်လေသည်။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ် ခဇ္ဇနိယဝဂ် နောက်ဆုံးသုတ်၌....

ကထံ နုခေါ ဘန္တေ
သက္ကာယဒိဋ္ဌိ ဟောတီတိ။

ဘာသာပြန်။ ။အရှင်ဘုရား အဘယ်သို့လျှင်သက္ကာယဒိဋ္ဌိသည် ဖြစ်ပါသနည်းဟု မေးလျှောက်လေသည်။

အို—ရဟန်းတို့ (အသုတဝါ ပုထုဇ္ဇနော) သူတော်ကောင်းတရား၌ ဗဟုသုတမရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည်....

ရူပံ အတ္တတော သမနုပဿတိ
ရူပဝန္တံ့ဝါ အတ္တာနံ
အတ္တနိဝါ ရူပံ
ရူပသ္မိံဝါ အတ္တာနံ။

ဘာသာပြန်။ ။ရုပ်ကို အတ္တဟူ၍ ကြည့်ရှု၏။
အတ္တကို ရုပ်ရှိ၏ဟူ၍ ကြည့်ရှု၏။

မဟာဝိဋ္ဋာ ၁၈။

အတ္တာ၌ ရုပ်ရှိ၏ဟူ၍ ကြည့်ရှု၏။
ရုပ်၌ အတ္တကို ကြည့်ရှု၏။ ။ဤသို့လျှင်
ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်တို့၌ ကြည့်ရှု ခြင်းဖြင့် သက္ကာယ ဒိဋ္ဌိဖြစ်၏ဟူ၍ ဟောတော်မူလေသည်။

ဤတွင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် ခန္ဓာ ၅-ပါးမှတပါး တပါးလျှင် သက္ကာယ ဒိဋ္ဌိ ၄-ပါးစီရရှိခြင်း ကြောင့် သက္ကာယဒိဋ္ဌိ ပေါင်း ၂၀- ဖြစ်လာလေသည်။

သက္ကာယဒိဋ္ဌိနှင့် ပတ်သက်၍ အထူးဖေါ်ပြ လိုသည်မှာ— ရှင်တော်ဘုရားသည် အထက်တွင် ဖေါ်ပြအပ်သော "ရူပံ အတ္တတော" ပါဠိတော်ကို သုတ္တန်ဒေသနာတော် တွင်၎င်း၊ အဘိဓမ္မာ ဒေသနာတော်တွင် ၎င်း ထပ်ခါထပ်ခါ အကြိမ် ပေါင်းများစွာ ဟောတော်မူခဲ့လေသည်။

ယင်းကဲ့သို့ သက္ကာယဒိဋ္ဌိ အကြောင်းကို ကြိမ်ဖန် များစွာ ဟောတော်မူရခြင်း၏ အကြောင်းရင်းမှာ လမ်းမှားနေသော "အတ္တ"အယူဝါဒကိုပြုတ်စေ၍ "အနတ္တ"ဓမ္မသဘာဝကို မြင် ကြစေရန် အလိုရှိတော် မူခြင်းကြောင့် ဖြစ်လေသည်။

သက္ကာယဒိဋ္ဌိ ဝါ-အတ္တအယူဝါဒခံနေသမျှကာလပတ်လုံး မည်သည့်နည်းနှင့်မျှ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရောက်ရှိနိုင်ခြင်းကို အထူး သတိပြုတော်မူကြစေလိုပါသည်။

အမှန်စင်စစ်သော်ကား–ခန္ဓာ ၅-ပါးသည် စိတ်စေတသိက် ရုပ်ဓာတ် ၈၁-ပါးသာ ဖြစ်လေသည်။ ၎င်းတို့သည် အဝိဇ္ဇာ တဏှာ,ကံ,စိတ်,ဥတု, အာဟာရစသည်တို့ကြောင့် တခဏမျှ ဖြစ်ပေါ်လာပြီးလျှင် တခဏချင်း ချုပ်ပျောက် သွားရသော အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရှိသော ဓမ္မသဘာဝမျှသာ ဖြစ်

လေသည်။ ပရမတ္ထမွေ့သဘာဝတွင် လူ,နတ်, ဗြဟ္မာဟူ၍ငင်း အမှုံအမွှား ဟူ၍ငင်း အတ္တဟူ၍ငင်း အနည်းငယ်မျှ မပါ မရှိချေ။

ဝိပဿနာ သင်ပုန်းကြီး

အောက်၌ ယခုဖော်ပြလတံ့သော အချက်ကြီး နှစ်ရပ်မှာ ဝိပဿနာ ဘာဝနာပွားများရေး လုပ်ငန်းအတွက် အထူးအရေးကြီးခြင်းကြောင့် မွန်မြတ်သော စေတနာဖြင့် ထပ်ခါ ထပ်ခါ ဖော်ပြနေရခြင်း ဖြစ်လေသည်။

ဝိပဿနာဘာဝနာလုပ်ငန်းတွင် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သိရှိထားရန် အချက်ကြီးနှစ်ချက် ရှိလေသည်။

ပဌမအချက်မှာ-မိမိ၏ ကိုယ်ခန္ဓာသည်ငင်း, ယောကျ်ား, မိန်းမ,လူ,နတ်,ဗြဟ္မာ သတ္တဝါဟူသမျှတို့၏ ကိုယ်ခန္ဓာသည်ငင်း တလုံးတခဲတည်းမဟုတ်၊ အိမ်ကဲ့သို့ငင်း၊လှည်းကဲ့သို့ငင်း နာရီကဲ့သို့ငင်း၊ အစိတ်အပိုင်းများ စုပေါင်း နေဘိသကဲ့သို့ ၈၁-ပါးသော ဓာတ်တို့သည် ထိုက်သည့် အားလျော်စွာ စုပေါင်း ဖြစ်ပေါ်နေခြင်း ဖြစ်သည်ကို ရှေးဦးစွာ သိရှိထားရပေမည်။ ဤကား—နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်လေသည်။

ဒုတိယအချက်ကား-ငင်း ၈၁-ပါးသော ဓာတ်တို့ကို ထာဝရ ဘုရားသခင်က ဖန်ဆင်းပေးခြင်းမဟုတ် အလိုအလျောက် ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းတရား ရှိမှုကြောင့် အကျိုးတရားဖြစ်ပေါ်လာပြီးလျှင် အတည်မနေရ။ တခဏချင်း ချုပ်ပျောက်ပြီးနောက် အသစ်တဖန် ထပ်ခါ ထပ်ခါ ဖြစ်ပေါ်ချုပ်ပျောက်နေခြင်း၊ ယင်းသို့ မရပ်မနားထပ်ခါထပ်ခါ ဖြစ်ပေါ်ချုပ်ပျောက်နေခြင်းကိုရှေးဦးစွာ သုတမယဉာဏ်

အားဖြင့် သိရှိထားရပေမည်။ ။ဤကား ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်သေသည်။

ယောဂီသူမြတ်အတွက် ဤအချက်ကြီး နှစ်ချက်ကို သုယမယဉာဏ်အားဖြင့် ကြေညက်စွာပိုင်နိုင်ထားပါက သင်္ကာယဒိဋ္ဌိ ၂၀-ပြုတ်ပြီးလျှင် ယုံမှားခြင်း အရပ်ရပ်တို့ကင်းစင်လျက် ဝိပဿနာဘာဝနာ ပွားများရေးအတွက် အလွန် လွယ်ကူသွားပေတော့၏။ဤနာမရူပ ပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ်များကို ဝိပဿနာ သင်ပုန်းကြီးဟူ၍လည်း ခေါ်ဆိုအပ်၏။

ထို့ကြောင့် ဝိပဿနာဘာဝနာပွားများရာတွင် လွယ်ကူစေလျက် ယုံမှားခြင်း အရပ် ရပ် တို့ ကင်း စင် သွား စေ ရန် ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းကို မစမီ ဤအခန်းနှစ်ရပ်ကို ကြေညက်စွာ သိရှိထားရန် ရှေးဦးစွာ ကြိုးစားတော်မူကြပါလေ။

## ယုံမှားခြင်း။

ပရမတ္ထ သဘာဝကို မမြင်နိုင်ရှာကြကုန်သော လောကီရေးသမား သက်သက်ဖြစ်ကြသည့် လူ့နတ်ပြဟ္မာ သတ္တဝါတို့သည် အတိတ်၌ယုံမှားခြင်း ၅-ပါး။ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။ ထို ၁၆-ပါးသော ယုံမှားခြင်းတို့သည် ဖြစ်ကြကုန်၏။

'သုတဝါ အရိယ သာဝကော' တို့သည်ကား- ထိုယုံမှားခြင်း ၁၆-ပါးမှ ကင်းစင်၏-ဟူ၍ ဗုဒ္ဓမြတ်စွာသည် မူလပဏ္ဏာသ ပါဠိတော်,သဗ္ဗာသဝသုတ်၌၎င်း နိဒါနဝဂ္ဂသံယုတ်ပါဠိတော်, နိဒါနသံယုတ် အာဟာရဝဂ်, နောက်ဆုံးသုတ်၌၎င်း ဟောတော်မူသေသည်။

အတိတ်၌ ယုံမှားခြင်း ၅-ပါး။

၁။ ငါကား- ရှေးအတိတ်ကာလက ဖြစ်ဘူးလေပြီ လော (သဿတ အယူဝါဒ)။
၂။ ငါကား- အတိတ်ကာလက မဖြစ်ခဲ့ဘူးလေ သလော၊(အကြောင်းမရှိသည်ကိုစွဲယူခြင်း)။
၃။ ငါကား- ရှေးအတိတ်ကာလက မင်းဖြစ်ဘူး သလော၊ ပုဏ္ဏား ဖြစ်ဘူးသလော၊ (အမျိုးအသွင် ကို စွဲယူခြင်း)။
၄။ ငါကား- ရှေးအတိတ်ကာလက မြင့်သောသူ, နိမ့်သောသူ ဖြစ်ဘူးသလော၊ (အဆင်းသဏ္ဌာန် ကို စွဲယူခြင်း)။
၅။ ငါကား-အတိတ်ဘဝ၌ အဘယ်သို့သောအဖြစ် က အဘယ်သို့သော အရာ၌ ဖြစ်ဘူးသနည်း၊ (အဆင့်ဆင့်ကိုစွဲယူခြင်း)။

အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။

၁။ ငါသည် နောင်အနာဂတ် ကာလ၌ ဖြစ်လတံ့ လော၊ (သဿတဒိဋ္ဌိ)။
၂။ ငါသည် အနာဂတ်ကာလ၌ မဖြစ်လတံ့လော၊ (ဥစ္ဆေဒဒိဋ္ဌိ)။
၃။ ငါသည် အနာဂတ်ကာလ၌မင်း,ပုဏ္ဏားစသည် တို့တွင် အဘယ်သို့ဖြစ်လတံ့နည်း။(အမျိုးအသွင် ကို စွဲယူခြင်း)။

၄။ ငါသည် အနာဂတ်ကာလ၌ မြင့်သောသူ, နိမ့်သောသူ ဖြစ်လတံ့လော၊ (အဆင်းသဏ္ဌာန်ကို စွဲယူခြင်း)။

၅။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အဖြစ်က အဘယ်သို့သော အဖြစ်၌ ဖြစ်ရလတံ့နည်း၊ (အဆင့်ဆင့်ကို စွဲယူခြင်း)။

ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။

၁။ ငါဟုတ်၏လော၊ (သဿတ,သက္ကာယဒိဋ္ဌိ)။

၂။ ငါမဟုတ်သလော၊(ဥစ္ဆေဒ,သက္ကာယဒိဋ္ဌိ)။

၃။ ငါသည် အဘယ်အမျိုးအသွင် ဖြစ်လေသနည်း၊ (အမျိုးအသွင်ကို စွဲယူခြင်း)။

၄။ ငါသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း။

၅။ ငါသည် အဘယ်ဘဝမှ လာသနည်း။

၆။ ငါသည် အဘယ်ဘဝသို့ သွားလတံ့နည်း။

ဤသို့လျှင် အတိတ်၌ ယုံမှားခြင်း ၅-ပါး။ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးအားဖြင့် ယုံမှားခြင်း ၁၆-ပါးတို့သည် ကင်း စင် သန့် ရှင်း သွား လေတော့၏။

ဤတွင် ရှင်းလင်းရန် လိုပြန်သည်မှာ "ယုံမှားခြင်း ၁၆-ပါးတို့ ကင်းစင် သန့်ရှင်းသွားလေတော့၏" ဆိုရာတွင် မွေ့နိယာမ ဖြစ်သောဓာတ်တို့သာလျှင် အကြောင်းအကျိုးဆက်စပ်လျက် ဒသာစပ်မရပ်မနား ဖြစ်ပျက်နေသည်ကို ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်သောအခါ ယခုမျက်မှောက်၌ပင်လျှင်

ယောကျ်ား, မိန်းမ, လူ, နတ်, ပြဟ္မာ, သတ္တဝါမရှိခြင်းကြောင့် အတိတ်က ရှိခဲ့ပြီလော။ အနာဂတ်၌ ရှိမည်လော, ဆိုသော သို့လော သို့လော တွေးတောခြင်းတို့မှ ယုံမှားခြင်း ကင်းစင် သန့်ရှင်းသွားခြင်းဖြစ်လေသည်။

ယင်းသို့ ယုံမှားခြင်း ၁၆-ပါးတို့ ကင်းစင်သန့်ရှင်းသွားခြင်းကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်, နိက္ခေပကဏ္ဍ၌ လာရှိသော-

၁။ သတ္ထရိ ကင်္ခတိ ဝိစိကိစ္ဆတိ။
၂။ ဓမ္မေ ။ ။
၃။ သံဃေ ။ ။
၄။ သိက္ခာယ ။ ။
၅။ ပုဗ္ဗန္တေ ။ ။
၆။ အပရန္တေ ။ ။
၇။ ပုဗ္ဗန္တာပရန္တေ။ ။
၈။ ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ ဝိစိကိစ္ဆတိ။

ဘာသာပြန်။ ၁။ ဘုရား၌ ယုံမှားခြင်း။
၂။ တရား၌ ယုံမှားခြင်း။
၃။ သံဃာ၌ ယုံမှားခြင်း။
၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း။
၅။ အတိတ်၌ ယုံမှားခြင်း။
၆။ အနာဂတ်၌ယုံမှားခြင်း။
၇။ အတိတ်, အနာဂတ်၌ ယုံမှားခြင်း။
၈။ ပဋိစ္စ သမုပ္ပန္န တရားတို့၌ယုံမှားခြင်း။

ယင်းသို့ ဘုရား၊ တရား၊ သံဃာ ကျင့်စဉ်တရား စသည်တို့၌ ယုံမှားခြင်း ရှစ်ပါးတို့သည်လည်း ကင်းစင်သန့်ရှင်း သွားပေတော့၏။

ဤသည်ကား-ဝိပဿနာ ဘာဝနာပွားရန် ဟန်ပြင် ရုံမျှသာ ရှိသေး၏။ သမ္မသနဉာဏ်ခန်းသို့ မရောက်ရှိသေးချေ။

တနည်းဆိုသော်-စာ၊ နယ်၊ ဇင်းမှစ၍ အထက်အထက် ဖြစ်သော စာအုပ် စာတမ်းများကို ဖတ်ရှုနိုင်ရန် သင်ပုန်းကြီး ကို လေ့ကျင့် နေခြင်းမျှသာ ရှိသေး၏။ ထိုမျှနှင့်ပင် အနုမာနသိဒ္ဓိ အားဖြင့်....

၁။ သဿတဒိဋ္ဌိ ကင်းစင်ခြင်း။
၂။ ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်ခြင်း။
၃။ သက္ကာယဒိဋ္ဌိ ကင်းစင်ခြင်း။
၄။ အတ္တအယူဝါဒမှ ကင်းစင်ခြင်း။
၅။ အနတ္တသဘာဝကို သဘောပေါက်ခြင်း။
၆။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ခြင်း။
၇။ ကျင့်စဉ်တရား၌ ယုံကြည်ခြင်း။

စသည်တို့ကို သိမြင်ရရှိနိုင်ခြင်းမှာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးကို၊ ဝါ-ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နှစ်ခန်းတို့ကို သဘာဝကျစွာ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ဆင်ခြင်ခြင်းတို့မှ ရရှိသောအကျိုးကျေးဇူး ကြီးပေတည်း။

ဤသို့ ယထာဘူတဉာဏ် သမ္မာဒဿနဉာဏ်ထိုက်စွာ ဓမ္မနိယာမကို လေ့ကျင့်ဆင်ခြင် ပွားများ သုံးသပ် နေသော ပုဂ္ဂိုလ်သည် စူဠသောတာပန် အဖြစ်၌ တည်ရှိနေသည်ဟု အဋ္ဌ

ကာယာသာရုပ္ပဏ္ဍက သတိပဋ္ဌာန် ကာယဂတာသတိ ဝိပဿနာခန်း အဆုံး၌ မိန့်ဆိုတော်မူလေသည် (စူဠသောတာပန် ဆိုသည်မှာ အပါယ် ၄-ပါး တံခါးပိတ်သည်ဟူ၏။)

ကာယဂတာသတိ ဝိပဿနာ ခန်းအတွက် ဤမျှရေးသားပြီးနောက် နိဂုံးချုပ်ဖော်ပြလိုသော အချက်မှာကား- ပညာလိုက်စားရာတွင် နှစ်မျိုးနှစ်စားရှိလေသည်။ တမျိုးမှာ ဖတ်ရှုနာကြားရုံဖြင့်ပြီး၏။ ကျန်တမျိုးမှာ ထိုမျှနှင့်မပြီး။ ကိုယ်တိုင် လိုက်နာပြုကျင့်ရသေး၏။

ပဌမနည်းကား-ရာဇဝင်လိုက်စားရာတွင် စာဖတ်ခြင်းအားဖြင့် စာဖတ်နေစဉ်ပင် အဖြစ်အပျက် အကြောင်းခြင်းရာတို့ကို သိရှိရပေတော့၏။ ကိုယ်တိုင်လိုက်၍ ပြုကျင့်ရန်မလို။

ထိုနည်းတူစွာ ပထဝီဝင်ဘာသာရပ်နှင့် ဆိုင်သော မြန်မာပြည်၏ မြေပုံကိုကြည့်သော် ဗန်းမော်, မြစ်ကြီးနား စသည်တို့မှာ မြန်မာပြည်အထက်ပိုင်းတွင်ရှိ၏။ ရေး, မြိတ်, ထားဝယ် စသည်တို့မှာ အောက်ပိုင်းတွင်ရှိ၏။ ရှမ်းပြည်သည် အရှေ့ပိုင်းတွင်ရှိ၍စစ်တွေ,ကျောက်ဖြူ,သံတွဲစသည်တို့မှာ အနောက်ပိုင်းတွင်ရှိသည်ကို တွေ့မြင်သိရှိရ၏။ ထိုမျှဖြင့် ကိစ္စပြီးစီးလေတော့၏။ ကိုယ်တိုင်သွားကြည့်ရန်မလို။

ဒုတိယနည်းကား-မော်တော်ကား စက်ပြင်နည်းစာအုပ်ကို ဖတ်ရှု၏။ ထိုစာကိုဖတ်ရုံနှင့်မပြီး။ ကိုယ်တိုင် မော်တော်ကား စက်ကို ကိုင်တွယ်ဖြုတ်တတ်,ပြင်ဆင်တတ်ရ၏။ ယင်းသို့ စာဖတ်လျက် ကိုယ်တိုင်ပြင်ဆင်လေ့ကျင့်ရာတွင် သုံးလေးရက်နှင့်မပြီး။ သုံးလေးလနှင့် မကျွမ်းကျင်သေး၊ နှစ်ရှည်လ, များ

ပြင်ဆင်လေ့ကျင့်ပါမှ မော်တော်ကား ပြင်ဆင်တတ်သူတဦး ဖြစ်၍လာရ လေသည်။

ထိုနည်းတူစွာ နေယျပုဂ္ဂိုလ်တို့အတွက် ဝိပဿနာဘာဝနာ လုပ်ငန်းမှာလည်း စာဖတ်ရုံ တရားနာကြားရုံနှင့် ကိစ္စမပြီး မာလုကျပုတ္တာ ကဲ့သို့ ကိုယ်တိုင် လေ့ကျင့် သုံးသပ် ဆင်ခြင် ပွားများရသော လုပ်ငန်းဖြစ်လေသည်။

ထို့ကြောင့် ဝိပဿနာ လုပ်ငန်းအတွက် အောက် ခြေ က အစပြုလျက် အထက်လုပ်ငန်းများကိုပါ လွယ်ကူစိမ့်သောငှါ စာဖတ်ရုံမျှနှင့် ရပ်တန့်မနေမူ၍ ဤကျမ်းတွင် လာရှိသော "ဒိဋ္ဌိဝိသုဒ္ဓိ"ခန်းနှင့် "ဤ ကင်္ခါဝိတရဏဝိသုဒ္ဓိ"ခန်းကို ပိုင်နိုင် ကြေညက်စွာ သိရှိနားလည်အောင် အပြန်ပြန် အလှန်လှန် သေ့ကျင့်ထားတော် မူကြရန် လေးနက်စွာ တိုက်တွန်း ခဲ့ပါ သည်။

တနည်းဆိုသော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသော ဒိဋ္ဌိ ဝိသုဒ္ဓိခန်းနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းများကို ကြေညက်စွာ သဘောပေါက်အောင် ထပ်ခါထပ်ခါ ဖတ်ရှုတော် မူကြပါ လေ။ ထိုအခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါး၌ ငါမရှိ၊ သူမရှိ၊ အတ္တမဟုတ် အနတ္တမွေသဘာဝ သဘော တရားမျှသာ ရှိခြင်းကို ကောင်းစွာ ပညာမျက်စိဖြင့် သိမြင် လာပေတော့၏။

ရှေးဦးစွာ ဤအခန်းနှစ်ခန်းကိုပိုင်မှ ဝိပဿနာ ဘာဝနာ ကို တိုးတက်ဆက်လက် ပွားများအားထုတ်ရလေသည်။

# ပဋ္ဌာန်းနည်း

မည်သည့်ပုဂ္ဂိုလ်ကပင် ဟောပြောသည်
ဖြစ်စေ၊ ငါဘုရား ဟောတော်မူသော
ထိုထိုသော ပါဠိတော် အရပ်ရပ်တို့နှင့်
မကိုက်ညီလျှင် ပယ်အပ်သည်သာတည်း။

မဟာပဒေသတရားလေးပါး,
မဟာပရိနိဗ္ဗာနသုတ်, သုတ်မဟာဝါပါဠိတော်။

လောကဓာတ်ကြီးတရပ်လုံးတွင် ရုပ်ဓမ္မ,နာမ်ဓမ္မ,ဝါ-ရုပ်တရား,နာမ်တရား နှစ်ပါးသာ ရှိလေသည်။ ၎င်းနှစ်ပါးကို ဆန့်၍ ထုတ်လိုက်သော် စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန် ဟူ၍ ၎င်း၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈–ပါး၊ ဓာတ် ၈၁-ပါး၊ ဓာတ် ၈၂-ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားဟူသည်အထိ ရောက်ရှိလာလေသည်။

၎င်း ၈၂-ပါးသော ဓမ္မသဘာဝတို့သည် မည်သည့်အချိန်အခါမျိုးတွင် မည်သည့်အမည်၊မည်သည့်သတ္တိတို့ဖြင့်အချင်းချင်းကျေးဇူးပြုပုံကို ဖေါ်ပြသောနည်းကို(ပဋ္ဌာနနယ)ပဋ္ဌာန်းနည်းဟူ၍ သိအပ်လေသည်။

ပဋ္ဌာန်းနည်းတွင် သတ္တိ ၂၄-ပါးရှိ၏။ ပဋိစ္စသမုပ္ပါဒ်နည်း၌ သတ္တိမပါ။ ပဋ္ဌာန်းနည်းတွင် ၂၄-သတ္တိပါရုံမျှမက လောကဓာတ်ကြီးတရပ်လုံးတွင် အတ္တ,မပါ၊ အနတ္တ ဓမ္မသဘာဝ ဖြစ်ကြောင်းကို အ သေး စိတ် ဟန် ကုန် အောင် ဟော တော် မူလေသည်။

ဤကမ္ဘာလောကဓာတ်ကြီးသည် ရှေးဦးစွာ ဖြစ်ပေါ်လာသည့်ကအစပြု၍ ပျက်စီးသွားသည့်အထိဓမ္မနိယာမဖြစ်သော သဘာဝသည်သာလျှင် ဖြစ်ပေါ်၍ ဓမ္မနိယာမ ဖြစ်သော သဘာဝသည်သာလျှင် ပျက်စီးသွားခြင်းဖြစ်လေသည်။

ယင်းသို့ ဖန်ဆင်းသူမရှိ၊ အနတ္တသဘာဝ၊ ဓမ္မနိယာမ သာလျှင် ဖြစ်ခြင်းကို သိသာထင်ရှားစိမ့်သောငှာ ၀၁-ပါး ဓာတ်ဖြစ်သော ရုပ်အဋ္ဌဝိသ၊ နာမ်တေပညာသ တို့ကိုဝင်း အသခ်တဓာတ် မြတ်သောနိဗ္ဗာန်ကိုပါပေါင်းလျက် ၈၂ပါး သောဓာတ်တို့ကို ရှေ့၌ဖော်ပြခဲ့လေပြီ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌အရှင်မဟာဗုဒ္ဓဃောသဆရာမြတ်သည် အကြောင်း၊ အကျိုးဖြစ်သော ဓမ္မသဘာဝကို ပညာဘူမိနိဒ္ဒေသပိုင်းတွင် ပြတော်မူရာဝယ် ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းကို တပေါင်းတည်း ရောစပ်ပူးတွဲ ကာ ပြတော်မူခဲ့လေသည်။

လက်သန်း အဋ္ဌကထာ၌ကား—အရှင်အနုရုဒ္ဓါ ဆရာမြတ်သည် ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းတို့ကို တပေါင်းတည်း ပြတော်မမူဘဲ တနည်းစီခွဲခြား၍ ဖော်ပြတော်မူလေသည်။

လက်သန်းအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းကြီးနှစ်ကျမ်းသည် ဝိပဿနာဘာဝနာ ပွား များ ရန် အ တွက် အခြေခံ အဋ္ဌကထာကျမ်းကြီး နှစ်ကျမ်းဖြစ်လေသည်။

ယင်းကဲ့သို့ ကျမ်းအကိုးအကားကို ဖော်ထုတ် ပြသနေရခြင်းအကြောင်းရင်းမှာ ဝိပဿနာဘာဝနာ ပွားများရာတွင် အဘိဓမ္မာ ကို အလိုရှိအပ်၏။ ပဋ္ဌာန်းကျမ်းကြီးကို အလိုရှိ

အပ်၏ဟူသည်ကို ထင်ရှားလေးနက်စွာ သိစေလိုခြင်းကြောင့် ဖြစ်လေသည်။

ဤကျမ်းငယ်တွင် ခွဲခြားလျက် ပဋ္ဌိစ္စသမုပ္ပါဒ် သဘောကို အဝိဇ္ဇာခန်းတွင် အနည်းငယ်ဖော်ပြခဲ့ပြီးဖြစ်၏ ယခုသော် ပဋ္ဌာန်းနည်းကောင်းပုံ၊ ပဋ္ဌာန်းနည်းအရသာရှိပုံတို့ကို နမူနာ အဖြစ်ဖြင့် အနည်းငယ်ဖော်ပြသွားပေအံ့။

"ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် အဘိဓမ္မာမလို၊ ပဋ္ဌာန်းမလို၊ အဘိဓမ္မာမှာ ဘုရားရှင် ပွင့်တော်မူ ပြီး သည့် နောက် ၇-နှစ်ကြာမှ ဟောတော်မူ၏။ ထိုဓမ္မသင်္ဂဏီ အစ ပဋ္ဌာန်းအဆုံးရှိသော အဘိဓမ္မာတရားတော်တို့ မဟောကြား မီ သုတ္တန်နည်းအားဖြင့် နိဗ္ဗာန်ဝင်သွားတော်မူကြကုန်သော ပုဂ္ဂိုလ်ပေါင်းများစွာ ရှိလေသည်" အရပ်ထဲတွင် အချို့သုံးစွဲ ဟောပြောသံကို မကြာခဏ ကြားရလေသည်။

မည်သည့်ပုဂ္ဂိုလ်က ဟောကြားသည်ဖြစ်စေ ငါဘုရားဟောတော်မူသော ပါဠိတော်အရပ် ရပ်နှင့် မကိုက်ညီလျှင် ပယ်အပ်၏ဟူ၍ ထင် ရှားစွာ ဟောတော်မူခဲ့လေသည်။

ထို့ကြောင့် ဤကျမ်းငယ်၌ဖြစ်စေ၊ ထိုကျမ်းငယ်၌ဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်က ဟောပြောသည်ဖြစ်စေ ပါဠိတော်နှင့် မကိုက်ညီလျှင် ရဲတင်းစွာပယ်အပ်သည်သာတည်း။

အတု အယောင် များ
ပေါ များ လာ ခြင်း။

မည်သည့်ကိစ္စ လုပ်ငန်းကိုမဆို ကာလံ၊ ဒေသံ၊ အဌ ံ၊ ခနံ ဆိုသောနည်းဖြင့် ချိန်ဆကာ ပြုလုပ်ရလေသည်။ ။ဥပမာ

ဆိုသော် ဒူးရင်းပင်အောက် ဒူးရင်းသီးတလုံးကို တမတ်နှင့်ရနိုင်သော်လည်း ထိုဒူးရင်းသီးသည် မြို့ထဲသို့ ရောက်လာသောအခါ တမတ်နှင့်မရနိုင်တော့ပြီ။ ဤကား အရပ်ဒေသကို လိုက်၍ ဆုံးဖြတ်ရာ၏။

နံနက်စောစော၌ သတင်းစာတစောင်ကိုတမတ်ပေးရ၏။ ညနေချိန်သို့ရောက်လတ်သော် ၁၀-ပြား ၁၅-ပြားသာ ပေးရတော့၏။ ဤကား—အချိန်ကာလကိုလိုက်၍ ဆုံးဖြတ်ရာ၏။

ယခုအခါ ခေတ်ကြီးသည် တနှစ်ထက်တနှစ် ပိုမိုဆုတ်ယုတ်ပျက်စီးလျက် ရှိနေလေသည်။ ကမ္ဘာကြီး တဝှမ်းလုံး လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့သည် ပိုမိုပြင်းထန်စွာ တောက်လောင်လျက် ရှိနေလေသည်။ ဤမကောင်းသော ခေတ်တို့သည် တကမ္ဘာလုံး ပြန့်နှံ့လျက်ရှိ၏။ ဤသို့လျှင် ဓမ္မသဘာဝကိုလည်း ထည့်သွင်းချိန်ဆဆုံးဖြတ်ရာ၏။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ကဿပသံယုတ်၊ နောက်ဆုံးသုတ်၌ အရှင်မဟာကဿပမထေရ်ကြီးက လျှောက်ထားသည်မှာ—

> အရှင်ဘုရား ရှေးအခါကမူ သိက္ခာပုဒ်တို့သည် နည်းကုန်လျက် အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်သည် များလှသည်။ ယခုမှာမူကား သိက္ခာပုဒ်တို့သည်များလျက် အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်သည် နည်းပါးလှ၏။ အကြောင်းအသို့ပါနည်းဘုရား။

ထိုအခါ ရှင်တော်ဘုရားက-

အို-ကဿပ....သတ္တဝါတို့၌ သူတော်ကောင်း တရားသည် ယုတ်လျော့ကြကုန်သော သိက္ခာပုဒ်တို့သည် တိုးတက်များပြားလာ၏။ အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်နည်းပါးလာ၏။

အိုကဿပ....သူတော်ကောင်း တရား အတု အယောင်များသည်မဖြစ်သေး။ ထိုမျှလောက် ကာလပတ်လုံး သူတော်ကောင်းတရားသည် ကွယ်ခြင်းသည် မဖြစ်။

အိုကဿပ....အကြင်အခါ၌သူတော်ကောင်းတရားအတုအယောင်တို့သည် လောက၌ ဖြစ်ပေါ် လာ၏။ ထိုအခါ သူတော်ကောင်းတရားသည် ကွယ်ပျောက်ရာဟု ဟောတော်မူလေသည်။

ဤတွင် ဆိုလိုရင်းကား-ရှင်တော်ဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်၌ပင် အတုအယောင်များ ပေါ်ပေါက် လာခြင်း၊ သိက္ခာပုဒ်များ ပိုမိုများပြားလာခြင်း၊ နောက်ပိုင်းတွင် ကျွတ်တမ်းဝင် ပုဂ္ဂိုလ်နည်းပါးလာခြင်းတို့မှာ ထင်ရှားလျက်ရှိလေသည်။ တနည်းဆိုသော် ရှင်တော်ဘုရား သက်တော် ထင်ရှား ရှိတော်မူစဉ်ခေတ်သည် သမ္ဘတ္တိခေတ် ဖြစ်၏။ ယခုသော် ဝိပတ္တိခေတ် ဖြစ်လျက်ရှိ၏။

ရှေးအခါ ၇-ရက်

မဟာသတိပဋ္ဌာန် ကျင့်စဉ်တွင် ကာယာနုပဿနာ ၁၄-ပါး၊ ဝေဒနာနုပဿနာ ၁-ပါး၊ စိတ္တာနုပဿနာ ၁-ပါး၊ ဓမ္မာနုပဿနာ ၅-ပါး၊ပေါင်း ၂၁-ပါး လာရှိလေသည်။ ၎င်းကျင့်စဉ်များမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀-ခန့်က ပုဂ္ဂိုလ်များအတွက် အလွန်လွယ်ကူလေသည်။ ထို့ကြောင့်လည်း ၇-ရက်

တာ မျှကျင့်ပါက အရဟတ္တဖိုလ် တည်နိုင်၏ဟု ရှင်တော်ဘုရား ဟောတော်မူလေသည်။ ဟောတော်မူသည့် အတိုင်းလည်း ၇-ရက်ခန့် ကျင့်သဖြင့် အရဟတ္တဖိုလ်တည်သော ပုဂ္ဂိုလ်များ ရှိခြင်းကို ကျမ်းဂန်များတွင် တွေ့ရှိနိုင်လေသည်။

ယင်းကဲ့သို့ လွယ်ကူလျင်မြန်စွာရောက်ရှိရခြင်းအကြောင်း မှာကား ထိုစဉ်အခါက ပုဂ္ဂိုလ်များသည် ဥာဏ် ထက် ၏။ သတိကောင်း၏။ ဣန္ဒြေရင့်၏။ ရုပ်တို့ကြံ့ခိုင်၏။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဟောတော်မူသော တရားတို့ကို မကြာခဏ နာကြားရ၏။ အချို့ပါဠိတော်များကို နှုတ်ငုံဆောင်နိုင်ကြ၏။ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်, ဝိပဉ္စိတညူ ပုဂ္ဂိုလ်များ မဟုတ်ခြင်း ကြောင့်သာလျှင် တရားနာကြားရုံမျှဖြင့် ကိစ္စမပြီးနိုင်ဘဲ ရုပ်တန့်နေကြရခြင်း ဖြစ်လေသည်။

၎င်းတို့သည်ထက်မြက်သောနေယျပုဂ္ဂိုလ်များ ဖြစ်ရကား နေယျပုဂ္ဂိုလ်ကျင့်စဉ်ကိုမာတိကာမျှ ဖေါ်ပြပေးတော်မူလိုက်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ ထင်ရှားရှိတော်မူစဉ်က နေယျပုဂ္ဂိုလ်တို့သည် ဘုရား တရားတော်၌ ဗဟုသုတ ပြည့်စုံပြီး ဖြစ်ကြလေသည်။ ထို့ကြောင့် ပါဠိတော် အရပ်ရပ်တွင် ''သုတဝါ အရိယ သာဝကော'' အကြား အမြင်ရှိသော အရိယာ၏ တပည့်သည် ဟူ၍ လာရှိလေသည်။

ထိုစဉ်အခါက နေယျ ပုဂ္ဂိုလ်များ ဥာဏ်ပညာ ဗဟုသုတ ပြည့်စုံပုံကို ဥပမာပြရသော်-မဟာသတိပဋ္ဌာနသုတ်, ဣရိယာပထ ပဗ္ဗ၌....

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ
ပဇာနာတိ။

ဘာသာပြန်။ ။သွားလျှင်မူလည်း သွားသည်ဟု အပြားအားဖြင့် သိ၏ဟူ၍ လာရှိလေသည်။ ဤတွင် "ပဇာနာတိ" အရ "အပြားအားဖြင့်သိ၏"ဆိုရာဝယ် ထိုစဉ်အခါကပုဂ္ဂိုလ်တို့သည် "နာမရူပ ပရိစ္ဆေဒဉာဏ်" သဘောအသိကို အလိုရှိအပ်၏ဟူ၍ သိပြီးဖြစ်၏။

နှစ်ပေါင်းများစွာကြာလတ်သော် ထိုသို့သဘောမပေါက်ကြကုန်။ ထို့ကြောင့် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၉၀၀-ခန့် ရှိသောအခါ "ပဇာနာတိ"ဆိုသည်မှာ....

ခွေးစသော သတ္တဝါတို့သည်ပင်သော်လည်း သွားလျှင်သွား၏ဟု သိကုန်၏။ ယင်းသို့ သိခြင်းသည် ငါဟူသော အယူကိုမစွန့်၊ သတိပဋ္ဌာန်ကို ပွားစေခြင်းသည် မဖြစ်။ ထို့ကြောင့် ငါဟူသော အမှတ်သညာကို စွန့်၍ သတိပဋ္ဌာန်ကို ပွားစေခြင်းဖြစ်သော သိခြင်းအထူးကိုသာ လိုအပ်၏။

ဟူ၍ အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူလေသည်။ ထို့အတူ ယင်းပါဠိတော်၌"သမုဒယ ဓမ္မာနုပဿီ"ဖြစ်ကြောင်းသဘောကို အဖန်ဖန်ရှုသည်ဆိုရာဝယ်"ပစ္စယ ပရိဂ္ဂဟဉာဏ်" သဘောအသိကို အလိုရှိအပ်၏ဟူ၍ သိပြီးဖြစ်၏။

ရှေးအခါက ၇-ရက်ခန့်ဖြင့် အရဟတ္တဖိုလ် တည်နိုင်သော မဟာသတိပဋ္ဌာန်၌ လာရှိသည့် ကာယာနုပဿနာ ပဋိကူလ

မနသိကာရပဗ္ဗ၌ ကေသာ, လောမာ, နခါ, ဒန္တာ, တစော စသော၃၂ ကောဋ္ဌာသကိုပင်လျှင် ၇ရက်တာမျှမကဘဲ ၄လကျော် ၆-လခန့်ကြာအောင် အနုလုံ, ပဋိလုံ သမထဘာဝနာအားဖြင့် ပွားများ အားထုတ်ရန်သမ္ဗောဟ ဝိနောဒနီအဋ္ဌကထာ, သတိပဋ္ဌာနဝိဘင်္ဂ၌ ဖွင့်ဆိုတော်မူလေသည်။

ဤကား-ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူသည့်အခါနှင့် နှိုင်းစာသော် ကာလဝိပတ္တိ ဖြစ်လာခြင်း၊ လူတို့သည်လည်း(ဂတိမန္ဒ)ဉာဏ်ပညာ နုံ့ထိုင်းခြင်း၊ (သတိမန္ဒ) သတိတရားနုံ့ထိုင်းခြင်း၊ ပါဠိတော်အရပ်ရပ်တို့၌ ဗဟုသုတ နည်းပါးခြင်းတို့ကြောင့် ပိုမိုလိုက်စား ကြိုးစားရမည်ကို ထင်ရှားစေလေသည်။

ရှင်တော်ဘုရား အချိန်ကာလနှင့် "သမ္မောဟ" အဋ္ဌကထာ ဖွင့်ဆိုသည့် အချိန်ကာလမှာ နှစ်ပေါင်း ၉၀၀-ခန့် ကွာခြားလေပြီ။ တဖန်အဋ္ဌကထာ ဖွင့်ဆိုချိန်နှင့် ယခုသော် နှစ်ပေါင်း ၁၆၀၀-ခန့်ကွာခြားလာပြီကိုလည်း သတိပြု အပ်လေသည်။ ဆိုလိုရင်းကား-မေ့ဘာတိုနေခြင်းကြောင့် ရှေ့သို့ခြေတလှမ်းတိုး၍ ခုတ်ကြရန်ဖြစ်လေသည်။ ဝါ-ပိုမို ကြိုးစားကြရန် ဖြစ်လေသည်။

တဖက်တွင် ကြည့်ပြန်သော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးကို ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော် မူပြီးသည့်နောက် နှစ်ပေါင်း ၉၀၀-ခန့်တွင် အရှင်မဟာ ဗုဒ္ဓဃောသ စီရင်တော်မူခဲ့လေသည်။

ရုပ်-အဋ္ဌဝိသ
နာမ် တေပညာသ ပိုင်ရမည်

ယင်း အဋ္ဌကထာ ကျမ်းကြီး ဝါ-မဂ်, ဖိုလ်,နိဗ္ဗာန် ရရှိရေး ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းကျမ်းကြီးတွင် ထို ခေတ်နှင့်လျော်သော ကျင့်စဉ်တို့ကို များစွာထည့်သွင်းဖော်ပြ ထားလေသည်။ ၎င်းတို့သည်ကား မဇ္ဈိမဂ်ဏီအစ ပဋ္ဌာန်းအ ဆုံးဖြစ်သော အဘိဓမ္မာ ဒေသနာတော်များ ဖြစ်လေသည်။

ထိုမှတပါးလွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀-နီးပါးက(စတုဂီရိ) တောင် ၄-လုံးဆရာတော် ရေးသားတော် မူသော စတုဂီရိ ရှုဘွယ်ကျမ်း တတိယတွဲ၊စာမျက်နှာ၂၁၇-(သုဓမ္မဝတီ ၁၉၂၉) တွင် ခေတ်လူတို့ အကျိုးရှိစေရန် ရည်မှန်းလျက် အောက်ပါ အတိုင်း ညွှန်ပြတော်မူခဲ့လေသည်။

ပရမတ်သဘော ဇော,ဝီထိ, ရုပ်,နမ်, ခန္ဓာ
တရားတို့ကို ပိုင်းခြား၍ သိ နိုင် မှ သာ လျှင်
လက္ခဏာရေး ၃-ပါးကို သဘော အမိပွါယ်
ကျအောင် ဆင်ခြင်နိုင်မည်။ ထို့ကြောင့်....

ပရမတ်သင်မှ နားဝင်မည်။
ပရမတ်ကျမှ နားဝမည်။
ပရမတ်မသင်လျှင် နားမဝင်။
ပရမတ်မကျ နားမဝ။

ဟု ဆိုတုံမိန့်တုံ ရှေးဆရာတို့ ပြုတော်မူကုန်သတည်း။

ဤ၌လည်း ဝိပဿနာ ဘာဝနာပွားများရာတွင် ပရမတ္ထ ဓမ္မ သဘာဝ ဖြစ်သော (စိတ်,စေတသိက်, ရုပ်) အဘိဓမ္မာ

သဘောသွားတို့ကို ကျနစွာ သိရှိပါမှ ယက္ခဏာရေး ၃-ပါး ထင်ရာတွင် လွယ်ကူစွာ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ဆိုက်ရောက် နိုင်မည်ဟု ညွှန်ပြတော်မူခဲ့ခြင်းပင် ဖြစ်လေသည်။

ထိုမှတပါး လယ်တီဆရာတော် ဘုရားကြီး ပြုပြင် စီရင်အပ်သော ဝိပဿနာ ဒီပနီ၌လည်း စိတ် ၁-ပါး,စေတသိက် ၅၂-ပါး, ရုပ် ၂၈-ပါး, နိဗ္ဗာန် ၁-ပါး၊ ထို ၈၂-ပါးသော အဘိဓမ္မာ မရမတ္ထ ဓမ္မသဘာဝတို့ကို တပါးစီခွဲခြမ်း စိတ်ဖြာလျက် ဖေါ်ပြထားတော်မူသည်တို့ တွေ့ရှိနိုင်လေသည်။

ထို့ပြင်ဦးတိက္ခိန္ဒြိယ အရှင်သူမြတ်စီရင်အပ်သော"သမုပ္ပါဒ နိရောဓဂကျမ်း" စသည်တို့တွင် သုတ္တန်ဒေသနာ နည်းပါးလျက် ဝိပဿနာဘာဝနာ ပွားများရေးအတွက် အဘိဓမ္မာ ဒေသနာတော်၌ လာသည်တို့ကို သန်သန်ကြီးကိုးကားလျက် အံ့ကျက္ကက်တိ ရေးသားညွှန်ပြ သွားတော်မူလေသည်။

အဘိဓမ္မာ လို၏။

နောက်ဆုံး ဖေါ်ပြလိုသော သာဓကတရပ်ကား သင်္ဂြိုဟ်ကျမ်းဖြစ်၏။ ထိုကျမ်းကို ဘုန်းကြီးကျောင်းသား ကိုရင်များ ကျွမ်းကျင် တတ်မြောက်ကြ၏။ ထို့နောက် အသက် ၁၉-နှစ် ၂၀-ရောက်ရှိမှ ရဟန်းတက်သော ဦးပဥ္စင်းတို့ အတွက်ကား-ကြေညက်မှုတွင် ဆိုဘွယ်မရှိပြီ။

ထိုသင်္ဂြိုဟ်ကျမ်းကိုပင် လက်သန်း အဋ္ဌကထာဟု ခေါ်ဆိုရ၏။ ထိုကျမ်း၏ ဂုဏ်ထူးသား သင်္ဂြိုဟ်ပေါက်လျှင် နိဗ္ဗာန်ရောက်၏ဟု ဆိုစမှတ်ရှိ၏။ ။ထိုစကားသည်မှန်၏။

ကိုရင်ငယ်မျှသင်္ဂြိုဟ်ကျမ်းကိုတတ်ကျွမ်းထားသူတဦးအား ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ရေး အတွက်

ဓမ္မသဘာဝကို သဘောပေါက်ရန် သင်ပြရာ၌အလွန်လွယ်ကူ သည်ကို တွေ့ရှိရ၏။ ထို့ထက် စာအားရှိသော ပုဂ္ဂိုလ်ကိုသင် ပြပေးရခြင်းက ပို၍လွယ်ကူသည်ကို တွေ့ရှိရ၏။

ယင်းသို့ နိဗ္ဗာန်ပေါက်နိုင်သော အရှင်အနုရုဒ္ဓါ၏ သပ္ပိုဟ် ကျမ်းကို လေ့လာသော် အဘိဓမ္မာ ဒေသနာတော်ကို မှုတည် လျက် သုတ္တန်ဒေသနာတော်ကို ရောပြွမ်း ပြတော်မူသည်ကို တွေ့ရှိနိုင်လေသည်။

အထက်တွင် ဖေါ်ပြ အပ်သည် တို့ကို ထောက်ဆ၍ ဝိပဿနာဘာဝနာ လုပ်ငန်းအတွက် "အဘိဓမ္မာမလို။ ပဋ္ဌာန်း မဆိုင်" စသော အသုံးအနှုန်းမျိုးကို မသုံးသင့်၊မသုံးထိုက်ချေ။

ဤကျမ်း၌ဖြစ်စေ, မည်သည့် ပုဂ္ဂိုလ်က ဟောပြောသည် ဖြစ်စေ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီပါက ရဲတင်းစွာ ပယ်ဖျက်ရမည်။ လက်မခံရ။

ယင်းသို့ ပယ်ဖျက်ရမည် ဆိုသည်ကိုလည်း သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ "စတ္တာရော မေ ဘိက္ခဝေ မဟာပဒေသေ ဒေသိဿာမိ" စသည်ဖြင့် မဟာပဒေသတရား ၄-ပါးကို ရှင်တော်ဘုရားသည် ထင်ရှားစွာ ဟောတော်မူခဲ့ လေသည်။

## ၂၄-ပစ္စည်းတို့၏ သတ္တိထူး။

ဝိပဿနာဘာဝနာ ပွားများရာ၌ အဘိဓမ္မာ ဒေသနာ တော်ကြီးသည် အနတ္တသဘာဝပေါ်ရှိရန် မည်မျှ အထောက် အပံ့ ကျေးဇူးပြုပုံကိုသိရှိစိမ့်သောငှာ အဘိဓမ္မာအစဖြစ်သော

မဇ္ဈိမပဏ္ဏာသ ပါဠိတော် စိတ္တ ပုဂ္ဂလိက ကင်္ခါ, ကာမာဝစရ ကုသလ ပဒ၌ လာရှိသော....

ကတမေ ဓမ္မာ ကုသလာ
ယသ္မိံ သမယေ ကာမာဝစရံ
ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ
သောမနဿ သဟဂတံ
ဉာဏသမ္ပယုတ္တံ × × ×။

အစရှိသော ပါဠိတော်ကို ဝိပဿနာ ဘာဝနာ ပွားများရန် အတွက်သဘောထားလျက် လက်တမိုက်ခန့်မျှဖတ်ရှုပါလေ။ ထိုတွင် မည်မျှ အနတ္တဓမ္မ သဘာဝ ပါရှိသည်ကိုရင်း, ဗုဒ္ဓ ဘာသာ တရားသည် မည်မျှခက်ခဲ နက်နဲ သိမ်မွေ့ပုံတို့ကိုရင်း အံ့သြ၍ မဆုံးနိုင်အောင် တွေ့ရှိရပေလတံ့။

အဘိဓမ္မာ ဒေသနာတော်၏ အဆုံးဖြစ်သော ပဋ္ဌာန်းကျမ်း ကြီးကို လေ့လာပါက ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် ကြီး မားလှပါပေ၏တကားဟု အံ့သြလတံ့။ အလွန်အကျူးအထူး ချီးကျူးလတံ့။ သွက်သွက်ခါအောင် လက်ဖျားခါလတံ့။ ထိုက်တန်သော ချီးကျူးစရာ စကားလုံးမရှိ ဆိုသည်မှာ ဗုဒ္ဓ မြတ်စွာ၏ ဉာဏ်တော်ကို ဆိုခြင်းပါတကားဟု ကိုယ်တိုင် သိရှိရပေလတံ့။

ပဋ္ဌာန်းကျမ်းကြီးကို များစွာမဟုတ်၊ ပဋ္ဌာန်းကျမ်း၏အစ၌ လာရှိသော "ပစ္စယနိဒ္ဒေသ"ကို မိနစ်အစိတ်ခန့် အကုန်ခံ၍ ဖတ်ရှုပါက ကမ္ဘာ့လောကဓာတ်ကြီး တရပ်လုံးရှိ ၈၂-ပါး သော ဓာတ်တို့သည် အဘယ်ဓာတ်သည် အဘယ်မည်သော

ခုတ်ကို အဘယ်အခါ၌အဘယ်မည်သောသတ္တိဖြင့် ကျေးဇူး
ပြုသည်ကို လွယ်ကူစွာ သိရှိနိုင်လေသည်။

ထိုမှပဋ္ဌာန်း ဒေသနာတော်ကြီးသည် ဝိပဿနာဘာဝနာ
ပွားများရေးတွင် အရေးအကြီးဆုံးဖြစ်သော အနတ္တသဘာဝ
ကို သဘောပေါက်နိုင်ရန် ဖော်ပြထားခြင်းကြောင့် ပဋ္ဌာန်း
နည်းကို အနည်းငယ် နမူနာအဖြစ်ဖြင့် ဖော်ပြပေအံ့။

ပဋ္ဌာန်း-ပစ္စယုဒ္ဒေသ။

ဟေတု ပစ္စယော, အာရမ္မဏပစ္စယော,
အဓိပတိ ပစ္စယော, အနန္တရ ပစ္စယော,
သမနန္တရ ပစ္စယော, သဟဇာတ ပစ္စယော,
အညမည ပစ္စယော, နိဿယ ပစ္စယော,

ဥပနိဿယ ပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတ ပစ္စယော, အာသေဝနပစ္စယော, ကမ္မပစ္စယော, ဝိပါကပစ္စယော အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော, ဈာန ပစ္စယော, မဂ္ဂ ပစ္စယော သမ္ပယုတ္တ ပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။

၁။ ဟေတု ပစ္စည်း။ ။ပစ္စယုပ္ပန် အကျိုးတရားတို့အားရေ
သောက်မြစ် သဖွယ် ကျေးဇူးပြုသော (မူလ
သဘာဝ)သဘောတရား။

၂။ အာရမ္မဏ ပစ္စည်း။ ။အာရုံပြုခံလျက်ကျေးဇူးပြုသော
သဘောတရား။

၃။ အဓိပတိပစ္စည်း။ ။ကြီးကဲစိုးမိုးလျက် ကျေးဇူးပြုသော
သဘောတရား။

၄။ အနန္တရ ပစ္စည်း။ ။အခြားမဲ့ နာမ်အား ကျေးဇူးပြုသော သဘောတရား။

၅။ သမနန္တရ ပစ္စည်း။ ။ကောင်းစွာ အခြားမဲ့နာအား ကျေးဇူးပြုသော သဘောတရား။

၆။ သဟဇာတပစ္စအား။ ။အတူတကွ ဖြစ်လျက် ကျေးဇူး ပြုသော သဘောတရား။

၇။ အညမညပစ္စည်း။ ။အချင်း ချင်းအပြန်အလှန်ကျေးဇူး ပြုတတ်သော သဘောတရား။

၈။ နိဿယပစ္စည်း။ ။မှီရာ အဖြစ်ဖြင့် ကျေးဇူး ပြုသော သဘောတရား။

၉။ ဥပနိဿယပစ္စည်း။ ။အားကြီးသော မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုသော သဘောတရား။

၁၀။ ပုရေဇာတ ပစ္စည်း။ ။ရှေးဦးစွာ ဖြစ်နေ၍ ကျေးဇူး ပြုသော သဘောတရား။

၁၁။ ပစ္ဆာဇာတ ပစ္စည်း။ ။နောက်မှ ဖြစ်လျက် ကျေးဇူး ပြုသော သဘောတရား။

၁၂။ အာသေဝန ပစ္စည်း။ ။အဟုန်အရှိန်ဖြစ်စေရန်ကျေးဇူး ပြုသော သဘောတရား။

၁၃။ ကမ္မ ပစ္စည်း။ ။အကျိုးတရားတို့ကို ပြုပြင်စီရင်တတ် သော ကံသည်ဖြစ်၍ ကျေးဇူးပြုသောသဘော တရား။

၁၄။ ဝိပါက ပစ္စည်း။ ။ကုသိုလ်, အကုသိုလ် ကံ၏အကျိုး ဆက် အဖြစ်ဖြင့် ကျေးဇူးပြုသော သဘော တရား။

၁၅။ အာဟာရပစ္စည်း။ ။အကျိုးတရား တို့ကို ဆောင်၍ ကျေးဇူးပြုတတ်သောသဘောတရား။

၁၆။ ဣန္ဒြိယပစ္စည်း။ ။အသီးသီး မိမိတို့ ကိစ္စဖြင့် ဇုန္ဒြေ ရစွာ ကျေးဇူးပြုတတ်သော သဘောတရား။

၁၇။ ဈာနပစ္စည်း။ ။အာရုံသို့စူးစိုက်ရှုခြင်းကိစ္စဖြင့်ကျေးဇူး ပြုတတ်သော သဘောတရား။

၁၈။ မဂ္ဂပစ္စည်း။ ။ရောက်ကြောင်း ခရီး လမ်း ကိ စ္စ ဖြင့် ကျေးဇူးပြုတတ်သော သဘောတရား။

၁၉။ သမ္ပယုတ္တ ပစ္စည်း။ ။အညီအညွတ် ယှဉ်တွဲကျေးဇူး ပြုတတ်သော သဘောတရား။

၂၀။ ဝိပ္ပယုတ္တ ပစ္စည်း။ ။မယှဉ်တွဲဘဲ ကျေးဇူးပြုတတ်သော သဘောတရား။

၂၁။ အတ္ထိပစ္စည်း။ ။ထင်ရှားရှိသည်ဖြစ်၍ကျေးဇူးပြုတတ် သော သဘောတရား။

၂၂။ နတ္ထိပစ္စည်း။ ။မရှိဘဲအားဖြင့် ကျေးဇူးပြုတတ်သော သဘောတရား။

၂၃။ ဝိဂတ ပစ္စည်း။ ။ကင်းလျက် ကျေးဇူးပြုတတ်သော သဘောတရား။

၂၄။ အဝိဂတပစ္စည်း။ ။မကင်းချုပ်ဘဲ ထင် ရှား တည် ရှိ လျက် ကျေးဇူးပြုတတ်သော သဘောတရား။

ဤသည်တို့ကား-(ပဋ္ဌာန်း) ၂၄-ပစ္စည်းတို့တွင်တပါးပါး ၌ သီးခြားရအပ်သော သတ္တိထူးများပေတည်း။

ဝိပဿနာဘာဝနာ ပွားများရေးအတွက် အဋ္ဌကထာတို့ တွင် နံပါတ်တစ် ဘွဲ့ထူးကို ရအပ်သောဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌

ဤ ၂၄-ပစ္စည်းကို အသေးစိတ် ရှည်လျားစွာ ပညာဘူမိ နိဒ္ဒေသပိုင်း၌ ဖွင့်ဆိုဖော်ပြထားတော်မူခဲ့လေသည်။

သူ့နည်းနှင့်သူ။

လောကကြီးတရပ်လုံးတွင်နိဗ္ဗာန်ကိုချန်လှပ်၍ဓမ္မသဘာဝ တို့ကိုစစ်ထုတ်လိုက်သော်နာမ်ရုပ် ၂ပါးနှင့်၎င်းတို့အချင်းချင်း အကြောင်း, အကျိုးဆက်စပ်ကာ အခါမပြတ် ဒလစပ် ဖြစ် ပျက်နေသည်ကိုသာ ပညာမျက်စိဖြင့် တွေ့မြင်ရလေသည်။

ထိုနာမ်ရုပ် ၂-ပါး အချင်းချင်း အကြောင်း,အကျိုးဆက် စပ်ဖြစ်,ပျက် နေပုံတို့ကို နည်း ၃-ပါးတို့ဖြင့် သိရှိထားခြင်းကို အလိုရှိအပ်လေသည်။၎င်း ၃-ပါးတို့မှာ-

အရိယ သစ္စာနည်း၊
ပဋိစ္စ သမုပ္ပါဒ်နည်း၊
ပဋ္ဌာန်းနည်းတို့ ဖြစ်၏။

ထိုနည်း ၃-နည်းတို့ကို တနည်းနှင့်တနည်း ရောထွေးကာ မကြံစည် မသုံးသပ်ရ။သူ့နည်းနှင့်သူသာလျှင်ကြံစည်သုံးသပ် ရလေသည်။ ရောယှက်ကြံစည်သုံးသပ်ပါက ရှုပ်ထွေးလျက် ယုံမှားခြင်းသို့ ရောက်ရာ၏။

ပဋိစ္စသမုပ္ပါဒ် နည်းတွင် ဝေဒနာ, ပစ္စယာ, တဏှာ, ဟူ၍ ဟောတော်မူ၏။ ဤတွင် ဝေဒနာသည်အကြောင်း၊ တဏှာ သည် အကျိုး။

အရိယသစ္စာနည်းတွင် တဏှာသည်အကြောင်း သမုဒယ သစ္စာ။ ဒေဒနာသည်အကျိုး ဒုက္ခသစ္စာဟု ဟောတော်မူ၏။

ပဋ္ဌာန်းဒေသနာ နည်းတွင် ပဋ္ဌာန်းပါဠိတော်, ပဥှာဝါရ ၀ိဘင်၌—

အဗျာကတော ဓမ္မော
အကုသလဿ ဓမ္မဿ
အာရမ္မဏ ပစ္စယေန ပစ္စယော
စက္ခုံ အသာဒေတိ အဘိနန္ဒတိ
တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။
(စာမျက်နှာ ၃၀၀-နှင့်ဆက်ဖတ်ရန်)

**အနက်ကား။** ။အဗျာကတော- အဗျာကတ ဖြစ်သော၊ ဓမ္မော-တရားသည်၊ အကုသလဿ- အကုသိုလ် ဖြစ်သော၊ ဓမ္မဿ-တရားအား၊ အာရမ္မဏ ပစ္စယေန အာရမ္မဏပစ္စယ သတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

စက္ခုံ = စက္ခုပသာဒကို၊
အသာဒေတိ = သာယာ၏။
အဘိနန္ဒတိ = အလွန်နှစ်သက်၏၊
တံ = ထိုစက္ခုပသာဒကို၊
အာရဗ္ဘ = အကြောင်းပြု၍၊
ရာဂေါ = တဏှာရာဂသည်၊
ဥပ္ပဇ္ဇတိ = ဖြစ်၏။

ဤ၌ စက္ခုသည် အာရမ္မဏပစ္စည်း၊ အလွန်နှစ်သက်သာယာသော တဏှာသည် ထိုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်ဖြစ်၏။ ဤပဋ္ဌာန်း ဒေသနာတော် နည်းအားဖြင့် စက္ခုသည် အကြောင်းဖြစ်၏။ တဏှာသည် အကျိုးဖြစ်၏။

အရိယသစ္စာ ဒေသနာတော် နည်းအားဖြင့် တဏှာသည် သမုဒယသစ္စာဖြစ်၍ အကြောင်းတရားဖြစ်၏။ စက္ခုသည်ဒုက္ခသစ္စာဖြစ်၍ အကျိုးတရားဖြစ်၏။ ဤတွင်လည်း တနည်းနှင့်တနည်း ဆန့်ကျင်ဘက်ဖြစ်၍ နေပြန်လေသည်။ ထို့ကြောင့် သူ့နည်းနှင့်သူသာ ကြိုစည်သုံးသပ်ရလေသည်။

အထက်တွင် ဖော်ပြအပ်သော သဘောတရားများကို ထောက်ရှုခြင်းအားဖြင့် ပါဠိတော်အရပ်ရပ်ကို လေ့လာ နိုင်လေလေ၊ ဓမ္မသဘာဝ သဘောတရားများကို ပိုင်လေလေ ဖြစ်ခြင်းကို ထင်ရှားစေလေသည်။

ထိုမှတပါး အဘိဓမ္မာဒေသနာတော်၏ နောက်ဆုံးကျမ်း ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို အထူးလေ့လာ သင့်ကြောင်း ဖော်လှစ်ထင်ရှားစေပြန်လေသည်။

ဤမှတဖန် ပဋ္ဌာန်းနည်းကို ဆက်လက်ဖော်ပြပေအံ့။ စာမျက်နှာ ၂၉၉-၌ ဖော်ပြခဲ့သော "အဇ္ဈာတ ဓမ္မော အဇ္ဈတ္တဿ ဓမ္မဿ" ပါဠိတော်၌ ဆက်လက် လာရှိသည်မှာ....

(တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ)

ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။

ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာ ဇ္ဈာကတေ ကိရိယာ ဇ္ဈာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

**အနက်ကား။** ။ဒိဋ္ဌိ = ဒိဋ္ဌိသည်၊
ဥပ္ပဇ္ဇတိ = ဖြစ်၏၊
ဝိစိကိစ္ဆာ = ဝိစိကိစ္ဆာသည်၊
ဥပ္ပဇ္ဇတိ = ဖြစ်၏၊
ဥဒ္ဓစ္စံ = ဥဒ္ဓစ္စသည်၊
ဥပ္ပဇ္ဇတိ = ဖြစ်၏၊
ဒေါမနဿံ = ဒေါမနဿသည်၊
ဥပ္ပဇ္ဇတိ = ဖြစ်၏၊
သောတံ = သောတပသာဒကို၊
ဃာနံ = ဃာန ပသာဒကို၊
ဇိဝှံ = ဇိဝှါပသာဒကို၊
ကာယံ = ကာယ ပသာဒကို၊
ရူပေ = ရူပါရုံတို့ကို၊
သဒ္ဒေ = သဒ္ဒါရုံတို့ကို၊
ဂန္ဓေ = ဂန္ဓာရုံတို့ကို၊
ရသေ = ရသာရုံတို့ကို၊
ဖောဋ္ဌဗ္ဗေ = ဖောဋ္ဌဗ္ဗာရုံတို့ကို၊
ဝတ္ထုံ = ဟဒယ ဝတ္ထုကို၊
ဝိပါကာဗျာကတေ = ဝိပါက် အဗျာကတ ဖြစ်ကုန်သော၊
ကြိယာဗျာကတေ = ကြိယာအဗျာကတဖြစ် ကုန်သော၊
ခန္ဓေ = ခန္ဓာတို့ကို၊
အဿာဒေတိ = သာယာ၏။

| | | |
|---|---|---|
| အဘိနန္ဒတိ | = | အလွန်နှစ်သက်၏၊ |
| တံ | = | ထိုသည့်တို့ကို၊ |
| အာရဗ္ဘ | = | အကြောင်းပြု၍၊ |
| ရာဂေါ ဥပ္ပဇ္ဇတိ | = | တဏှာရာဂသည်ဖြစ်၏၊ |
| ဒိဋ္ဌိ ဥပ္ပဇ္ဇတိ | = | ဒိဋ္ဌိသည် ဖြစ်၏။ |
| ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ | = | ဝိစိကိစ္ဆာသည် ဖြစ်၏။ |
| ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ | = | ဥဒ္ဓစ္စသည် ဖြစ်၏။ |
| ဒေါမနဿံဥပ္ပဇ္ဇတိ | = | ဒေါမနဿသည်ဖြစ်၏။ |

ဤ ပါဠိတော်အရ အကုသိုလ်စိတ်သည် အကြောင်းကင်း လျက် ဖြစ်ပေါ်လာသည်မဟုတ်၊ အဗျာကတ ဖြစ်ကြကုန် သော စက္ခု၊သောတ၊ဃာန၊ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ စသည်တို့ က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၍ ဖြစ်ပေါ်လာ ရသည်ကို ပြတော်မူ၏။

ဓမ္မသဘာဝကို သဘောပေါက်လာရန် ဤပဋ္ဌာန်း တရား တော်များကို ထပ်ခါထပ်ခါ ဖတ်လျက် ဆင်ခြင် သုံးသပ်ပါ လေ။ မကြာမီ အနတ္တဓမ္မသဘာဝကို တွေ့ရှိရလတံ့။

ကျန် သိအပ်သော အချက်တရပ်မှာ စက္ခု၊သောတ၊ဃာန ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံစသော အဗျာကတ တရားတို့ကို ဝိပဿနာဘာဝနာသဘောဖြင့် မဆင်ခြင်မရှုဘဲ သာယာနှစ် သက်ဘွယ်အားဖြင့် ရှုသော် အထက်၌ ဖော်ပြအပ်သော ပဋ္ဌာန်းပါဠိတော်အရ အကုသိုလ်ဖြစ်နေကြောင်းကို ကောင်း စွာ သိမှတ်ထားရပေမည်။

## ဓမ္မ သဘာဝ ခက်ခဲ, နက်နဲခြင်း။

ဝိပဿနာ ဘာဝနာ လုပ်ငန်းသည် အထက်တန်း၌ နူးညံ့သိမ်မွေ့ ပုံတရပ်ကို ပဋ္ဌာန်းနည်းအားဖြင့် ဖေါ်ပြပေဦးအံ့။

လောကီရေးတွင် ဒါန,သီလ, ကုသိုလ်ကောင်းမှု ပြုလုပ်မည်ဆိုသော် မပြုလုပ်မီက ဝမ်းမြောက်ဝမ်းသာ ရှိရ၏။ ပြုလုပ်ဆဲ၌လည်း ထို့အတူ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး နောက်လည်း ထိုနည်းတူစွာ ဝမ်းမြောက်ဝမ်းသာ အာရုံ ပြုနိုင်လေသည်။

ဝိပဿနာဘာဝနာ မဂ်,ဖိုလ်လုပ်ငန်းကား ထိုသို့ ဝမ်းသာနေခြင်းကို အလိုမရှိအပ်။ ထို့ကြောင့် ဓမ္မသဘာဝ အဆင့်အတန်းအလိုက် သိရှိနိုင်ရန် ပဋ္ဌာန်းပါဠိတော် ပဥှာဝါရဝိဘင်္ဂ၌ ဟောတော်မူသည်မှာ....

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ
အာရမ္မဏ ပစ္စယေန ပစ္စယော ဒါနံဒတွာ
သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ

ကတွာ တံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

| | | |
|---|---|---|
| အနက်ကား။ ။ကုသလော | = | ကုသိုလ်ဖြစ်သော၊ |
| ဓမ္မော | = | တရားသည်၊ |
| အကုသလဿ | = | အကုသိုလ်ဖြစ်သော၊ |
| ဓမ္မဿ | = | တရားအား၊ |
| အာရမ္မဏ ပစ္စယေန | = | အာရမ္မဏ ပစ္စယ သတ္တိဖြင့်၊ |

| | | |
|---|---|---|
| ပစ္စယော | = | ကျေးဇူးပြုသည်၊ |
| ဟောတိ | = | ဖြစ်၏။ |
| ဒါနံ ဒတွာ | = | အလှူကို ပေးလှူ၍၊ |
| သီလံ | = | သီလကို၊ |
| သမာဒိယိတွာ | = | ကောင်း စွာ ဆောက်တည်၍၊ |
| ဥပေါသထ ကမ္မံ | = | အဋ္ဌင်္ဂဥပုသ်ကို၊ |
| ကတွာ | = | ဆောက်တည်ပြီး၍၊ |
| တံ | = | ထိုသို အကုသိုလ်ကို၊ |
| အဿာဒေတိ | = | သာယာ၏။ |
| အဘိနန္ဒတိ | = | အလွန်နှစ်သက်၏။ |
| တံ | = | ထိုထို အကုသိုလ်ကို၊ |
| အာရဗ္ဘ | = | အာရုံပြု၍၊ |
| ရာဂေါ ဥပ္ပဇ္ဇတိ | = | တဏှာရာဂသည် ဖြစ်၏။ |
| ဒိဋ္ဌိ ။ | = | ဒိဋ္ဌိသည် ဖြစ်၏။ |
| ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ | = | ဝိစိကိစ္ဆာသည် ဖြစ်၏။ |
| ဥဒ္ဓစ္စံ ။ | = | ဥဒ္ဓစ္စသည် ဖြစ်၏။ |
| ဒေါမနဿံ ။ | = | ဒေါမနဿသည် ဖြစ်၏။ |

ဤ ပဌာန်း ဒေသနာတော် အရကား- ဝမ်းသာလေလေ, ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိ ဥပ္ပဇ္ဇတိ, ဝိစိကိစ္ဆာ ဥပ္ပဇ္ဇာဘိ ဖြစ်လေလေ ဆိုသည်ကို ထင်ရှားစွာ ပြတော်မူလေသည်။

ယောဂီပုဂ္ဂိုလ်အတွက် သောတာပန်ဖြစ်ရန်မှာ ရှေးဦးစွာ အရေးအကြီးဆုံး ဖြစ်၏။ သောတာပန် ဖြစ်ရန် ဝိပဿနာ ဘာဝနာပွားများနေရခြင်းမှာဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပြုတ်ရန်ဖြစ်၏။

ယခုသော် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မပြုတ်သည်သာမက ထပ်ခါ ထပ်ခါ တိုး၍သာ လာလျက်ရှိနေသည်ကို အထူးသတိပြု တော်မူပါလေ။(သာယာစိတ်ကို ဘာဝနာပွားများပစ်ရ၏)။

ကုသိုလ်ကို အကြောင်းပြု၍ အကုသိုလ် သက်ရောက်ပုံ ပဋ္ဌာနပါဠိ ဝိဘင်္ဂ၌ လာသည်ကို အတိုချုပ် ကောက်နုတ်ဖော်ပြ ဦးအံ့။

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ
ဥပနိဿယ ပစ္စယေန ပစ္စယော + + +
သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ
သီလံ,သုတံ,စာဂံ,ပညံ,ဥပနိဿာယ
မာနံ ဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ။

အနက်ကား။ ။ကုသလော = ကုသိုလ်ဖြစ်သော၊
ဓမ္မော = တရားသည်၊
အကုသလဿ = အကုသိုလ်ဖြစ်သော၊
ဓမ္မဿ = တရားအား၊
ဥပနိဿယ
ပစ္စယေန = ဥပနိဿယပစ္စယသတ္တိဖြင့်၊
ပစ္စယော = ကျေးဇူးပြုသည်၊
ဟောတိ = ဖြစ်၏။
သဒ္ဓံ = သဒ္ဓါခြင်းကို၊
ဥပနိဿာယ = အမှီပြု၍၊
မာနံဇပ္ပေတိ = မာနကို ဖြစ်စေ၏။
ဒိဋ္ဌိံ ဂဏှာတိ = မှားသောအယူကိုယူ၏။

သီလံ,သုတံ,စာဂံ, ပညံ, ဥပနိဿာယမာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ = သီလကို,ဗဟုသုတကို, လှူဒါန်းစွန့်ကြဲခြင်းကို, ဉာဏ်ပညာကို အမှီပြု၍ မာနကို ဖြစ်စေ၏။ မှားသောအယူကိုယူ၏။

ဤ ပဋ္ဌာန်း ဒေသနာတော်အရ ဤကျမ်းငယ်ကို ပြုစုသူမှ အစပြု၍ ဓမ္မကထိကသည်ရှင်း, ကမ္မဋ္ဌာန်းနည်းပြဆရာသည်ရှင်း၊ ယောဂီသူမြတ်သည်ရှင်း, ဤကျမ်းကို ယခုဖတ်ရှုနေသောပုဂ္ဂိုလ်သည်ရှင်း မည်သည့်ပုဂ္ဂိုလ်မဆို တမဂ်,တဖိုလ်ကို အလိုရှိသူအပေါင်းတို့သည် မိမိတို့ရရှိထားသောဂုဏ်အရည်အချင်းကို အစွဲပြု၍-

မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊

မဖြစ်ကြစေရန် အထူး သတိပြုအပ်လေသည်။အကယ်၍ ဖြစ်ငြားအံ့။ မိမိသည် မိမိအလိုရှိနေသော မဂ်,ဖိုလ်သို့မနီးကပ်နိုင်ဘဲ ဝေးသည်သာမက သာ၍ဝေးသည်အထိရောက်ရှိသွားနိုင်လေသည်။

ထို့ကြောင့် လောကုတ္တရာ မဂ်, ဖိုလ်, နိဗ္ဗာန် ရရှိရေးမှာ လောကီရေးနှင့်မတူ။ ဝမ်းသာခြင်း, ဝမ်းနည်းခြင်း, မာနကြီးခြင်း စသည်တို့ အနည်းငယ်မျှပင် မပါ မရှိရချေ။

အမှတ်တမဲ့ နေလျှင် မေ့ာဟ။

လောကီရေးနှင့် လောကုတ္တရာရေး တို့မှာ ထိုမျှကွာခြားလျက်လောကုတ္တရာရေးမှာ သာမန်ပုဂ္ဂိုလ်တို့သိနိုင်ရန်အလွန်ခဲယဉ်းလျက် အလွန့်အလွန် နူးညံ့ သိမ်မွေ့သော ဓမ္မသဘာဝဖြစ်လေသည်။

ဤကား-အဘိဓမ္မာ ပဋ္ဌာန်းဒေသနာတော်မြတ်၏ အလို ဖြစ်၍ သုတ္တန် ဒေသနာတော်မြတ်ဖြစ်သော ဥပရိပဏ္ဏာသ ပါဠိတော်, သဠာယတနဝဂ်, ဆဆက္ကသုတ်၌-

ကြိုက်လျှင် - သောဘ၊
မကြိုက်လျှင် - ဒေါသ၊
အမှတ်မဲ့နေလျှင်- မောဟ၊

ဝါ-တနည်းကား-

ကြိုက်လျှင် - ရာဂါနုသယော အနုသေတိ၊
မကြိုက်လျှင် - ပဋိဃာနုသယော အနုသေတိ၊
အမှတ်မဲ့နေလျှင်- အဝိဇ္ဇာနုသယော အနုသေတိ၊

ဟူ၍ ဟောတော်မူ၏။

ဤ အဘိဓမ္မာ ပဋ္ဌာန်းနည်း,သုတ္တန်နည်းတို့၌လာရှိသော ဓမ္မသဘာဝကိုထောက်သော် တမင်္ဂတဖိုလ်ကို အလိုရှိသော ပုဂ္ဂိုလ်သည် မည်သည့်အချိန်အခါမဆို ဝိပဿနာ ဘာဝနာ ပွားများခြင်းမှ ကင်း၍ မနေအပ်သည်ကို သိသင့်လေပြီ။ ။ အချိန်အခါမရွေး ဝိပဿနာဘာဝနာကို ပွားများနေရမည်။

ဤဖေါ်ပြချက်သည် မှန်ကန်၏။ လေးနက်၏။ တိကျ၏။ သဘာဝဆိုက်၏။ ပါဠိတော်နှင့်ကိုက်ညီ၏။လိုက်နာကျင့်သုံး အပ်၏။လိုက်နာကျင့်သုံးရမည်။ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် မဟာသတိပဋ္ဌာနသုတ်, ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ၌—

အသိတေ = စားသည်ရှိသော်၊
ပီတေ = သောက်သည် ရှိသော်၊
ခါယိတေ = ခဲသည် ရှိသော်၊
သာယိတေ = လျက်သည် ရှိသော်၊

သမ္ပဇာနကာရီ= ဝိပဿနာ ပညာ ဖြင့် ဆင်ခြင်၍စားသောက်, ခဲ, လျက် ခြင်း ကို ပြု လေ့ ရှိသည်။
ဟောတိ = ဖြစ်၏။

ထိုမျှ နေရာမလပ်, အချိန်မလပ် စားရာ သောက်ရာ တွင်ပင် ဝိပဿနာပညာဖြင့် ဆင်ခြင် စားသောက် ရမည့် သာမကသေး ပါဠိတော်၌—

ဥစ္စာရ = ကျင်ကြီး
ပဿာဝကမ္မေ = ကျင်ငယ်စွန့်ရာဝယ်
သမ္ပဇာနကာရီ = ဝိ ပ ဿ နာ ပ ညာ ဖြင့် ဆင်ခြင်၍ကျင်ကြီးကျင်ငယ် စွန့်လေ့ရှိသည်၊
ဟောတိ = ဖြစ်၏။

ဟူ၍ ဆက်လက်ဟောကြား ညွှန်ပြတော်မူပြန်လေသည်။ ထို့ကြောင့် ဝိပဿနာဘာဝနာ ပွားများခြင်းကို အချိန်အခါ မရွေး စားရင်း,သောက်ရင်း ကျင်ကြီး ကျင်ငယ် စွန့်ရင်းပင် ပွားများ အားထုတ်နေရမည် ဆိုသည်မှာ ထင် ရှား လှ ပေ တော့၏။

အကယ်၍ ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းကို လက်လွှတ်လိုက်သည်ဆိုပါကလွှတ်လိုက်သည်နှင့်တပြိုင်နက် အထက်တွင် ဖေါ်ပြခဲ့သော လောဘ,ဒေါသ,မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော အကုသိုလ် စေတသိက် ၁၄-လုံးတို့

သည်(ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ)အလွန်ဖြူစင် သန့်ရှင်းစင်ကြယ်သော စိတ်သို့ တခဏခြင်းဝင်ရောက်ပူးကပ်ပေတော့၏။

ထို့ကြောင့်အထက်တွင်အချိန်အခါမရွေး
ဝိပဿနာဘာဝနာကို ပွားများနေရမည်။ ။
ဤ ဖေါ်ပြချက်သည် မှန်ကန်၏။သေးနက်၏။
တိကျ၏။ သဘာဝဆိုက်၏။ ပါဠိတော်နှင့်
ကိုက်ညီ၏။လိုက်နာကျင့်သုံးအပ်၏။ လိုက်နာ
ကျင့်သုံးရမည်ဟု ရေးသား ဖေါ်ပြခဲ့ခြင်းဖြစ်
လေသည်။

ဝိပဿနာဘာဝနာကို တမိနစ် ပွားများသော် တမိနစ်အတွက် မဂ်,ဖိုလ်, နိဗ္ဗာန်နှင့် နီးကပ်လာ၏။ ၂-မိနစ် ပွားများသော် ၂-မိနစ်အတွက်နီးကပ်လာ၏။ ခဏခဏပွားများသော် တကြိမ်ထက်တကြိမ် ခဏ ခဏ နီးကပ်လာလေသည်။

အနုပုဗ္ဗေန မေဓာဝိ
ထောကံ ထောကံ ခဏေ ခဏေ
ကမ္မာရော ရဇတဿေဝ
နိဒ္ဓမေ မလမတ္တနော။

အနက်ကား။ ။ကမ္မာရော-ပန်းထိမ်သည်သည်၊ ရဇတဿ-ငွေ၏၊ မလံ- အညစ်အကြေးကို၊ နိဒ္ဓမေဣဝ- မီးမှာချဖုတ်တူဖြင့်ထုနှက်လျက် တဖြည်းဖြည်း ထုတ်သကဲ့သို့၊ ဧဝမေဝ-ဤအတူပင်၊ မေဓာဝိ-ပညာရှိသည်၊ အနုပုဗ္ဗေန-အစဉ်သဖြင့်၊ ထောကံ ထောကံ-အနည်းငယ် အနည်းငယ်၊ ခဏေ ခဏေ-ခဏတိုင်း ခဏတိုင်း၊ အတ္တနော-မိမိ၏။ သန္တာနေ- သန္တာန်၌၊ ဝိဇ္ဇမာနံ-ထင်ရှားရှိသော၊ မလံ- ကိလေသာ အညစ်အကြေး

ကို၊ နိဗ္ဗာနဂါမိနီ-ဝီရိယတည်းဟူသော မီးမှာချဖုတ် ပညာတည်းဟူသောတူဖြင့် ထုနှက်လျက် တဖြည်းဖြည်း ထုတ်ရာ၏။ ။ မဇ္ဈပဒ ပါဠိတော်မလာဝင်။

သေခါနီး
အပါယ်တံခါးပိတ်၏။

ထိုပွားများအပ်သော ဝိပဿနာဘာဝနာ ကုသိုလ်သည် ကွယ်ပျောက် သွားသည်မရှိ၊ ချက်ကောင်းကျလျှင် ကောင်းကျိုးပေးရန်, မဂ်ကျိုးပေးရန်, ဖိုလ်ကျိုးပေးရန်—

(ပုရိမာ ပုရိမာ ကုသလာဓမ္မာ
ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ
ဓမ္မာနံ ဥပနိဿယ ပစ္စယေန
ပစ္စယော။)

ဥပနိဿယ ပစ္စည်း၏ သတ္တိဖြင့် စောင့်လျက်ရှိနေ၏။ (ဤတွင် ဗာဟိယ ဒါရုစိရိယ, အရှင်စူဠပန်, ပဋာစာရီ စသည်တို့ကို ထောက်)။

ယင်းသို့ ဓမ္မသဘာဝတို့ကို သဘောပေါက်ကာ သတိရ တိုင်း သတိရတိုင်း ဝိပဿနာဘာဝနာကို ပွားများတော်မူပါလေ၊ အားထုတ်ပါများလတ်သော် သေခါနီးတွင် ဖြစ်ပေါ်လေ့ရှိသော အာစိဏ္ဏကံ၊ အာသန္နကံတို့အတွက် အကျိုးကျေးဇူးကြီးမားလှပေသည်။

သေခါနီးတွင် စကားမပြောနိုင်။ လက်ခြေတို့ကို မမြောက်နိုင်။ ပြောချင်, ဆိုချင်, မှာခဲ့ချင်သည်တို့ကို လက်ဟန်၊ ခြေဟန်နှင့်ပင် မပြနိုင်ခြင်းကြောင့် ဒေါသစိတ်ဖြင့် အချို့သေကြေရကုန်၏။ အချို့လောဘစိတ်ဖြင့် သေကြရကုန်၏။ အချို့

မောဟစိတ်ဖြင့် သေကြရကုန်၏။ ထိုအချိန်တွင် ယခင်ကလေ့ ကျင့်ထားသော ဝိပဿနာ ဘာဝနာကို တခဏမျှ ပွားများ သော် ထိုဝိပဿနာဘာဝနာကုသိုလ်သည် သာမန်ကုသိုလ် မဟုတ်၊ တခဏချင်းဖြင့် စူဠသောတာပန်ဖြစ်လျက် အပါယ် လေးပါးတံခါးကို ပိတ်စေ၍ သေသောအခါ ကောင်းရာ သုဂတိသို့ ရောက်ရလေသည်။

အရက်သမား သရဏာနိ မင်းသား။

မဟာဝဂ္ဂသံယုတ် ပါဠိတော်, သောတာပတ္တိယင်္ဂသံယုတ်, သရဏာနိဝဂ်, သရဏာနိသုတ္တသုတ်၌ အရက်သမားသရဏာနိ မင်းသားသည် သေခါနီးဆဲဆဲတွင် ဝိပဿနာ ဘာဝနာကို ပွားများရာ သောတာပန် အဖြစ်ဖြင့်နတ်ပြည်သို့ရောက်ရခြင်း "ဝိပဿနာအခြေခံနှင့် အဖြေမှန်" ကျမ်း နိဗ္ဗာန်ဥဒါဟရဏ်ခန်း၌ အကျယ်ဖော်ပြခဲ့သော ဝိပဿနာနတ်သားသည် ဝိပဿနာ ဘာဝနာကို ပွားများလျက် သောတာပန် မဖြစ်သေးမီ သေ လွန်ခဲ့ရာ နတ်ပြည်သို့ရောက်လျှင်ရောက်ချင်း တရားတပုဒ်ကို နာကြားရ၍ ချက်ခြင်းပင်သောတာပန် ဖြစ်ရပုံတို့ကို အားကျ လျက် ဝိပဿနာဘာဝနာကို အချိန်အခါမရွေး အခွင့် သာတိုင်း ပွားများ အားထုတ်တော်မူကြပါလေ။

အကုသိုလ်မှ ကုသိုလ် ရရှိခြင်း၊

အထက်တွင် စက္ခု,သောတ,စသော အဇ္ဈတ္တ တရား များနှင့် ကုသိုလ်တရားများကို အကြောင်းပြု၍ လောဘ ဒေါသ၊ မောဟ၊မာန၊ဒိဋ္ဌိ စသည့် အကုသိုလ် တရားများဖြစ် ပါလျှင် အကုသိုလ်တရားကို အကြောင်းပြု၍ အကုသိုလ်

တရားဖြစ်ခြင်းကို အထူးဖော်ပြရန် မလိုတော့သဖြင့် ချန်လှပ်ခဲ့၏။

ယခုသော် ကုသိုလ်, အဗျာကတ တရားတို့ကိုမဆိုထားဘိ မိမိပြုအပ်သော အကုသိုလ်တရားမှပင် လွယ်ကူစွာ ငွေကြေးမကုန်, လူမပင်ပန်းရဘဲ အကောင်းဆုံးကုသိုလ်တရားဖြစ်နိုင်ပုံတို့ကို ပဋ္ဌာန်း ပါဠိတော်, ပဥ္စာဝဂ္ဂါရ ဝိဘင်္ဂ၌ လာသည်ကို ဖော်ပြပေအံ့။

အကုသလော ဓမ္မော ကုသလဿ
ဓမ္မဿ အာရမ္မဏပစ္စယေန
ပစ္စယော။ + + + ။သေက္ခာဝါ ပုထုဇ္ဇနာဝါ
အကုသလံ အနိစ္စတော ဒုက္ခတော
အနတ္တတော ဝိပဿန္တိ။

အနက်ကား။ ။အကုသလော = အကုသိုလ်ဖြစ်သော၊
ဓမ္မော = တရားသည်၊
ကုသလဿ = ကုသိုလ်ဖြစ်သော၊
ဓမ္မဿ = တရားအား၊
အာရမ္မဏပစ္စယေန=အာရမ္မဏပစ္စယသတ္တိဖြင့်
ပစ္စယော = ကျေးဇူးပြုသည်၊
ယောတိ = ဖြစ်၏၊
သေက္ခာဝါ = ကျင့်ဆဲပုဂ္ဂိုလ်တို့သည်ရင်း၊
ပုထိဇ္ဇနာဝါ = ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ရင်း၊
အကုသလံ = အကုသိုလ်ကို၊
အနိစ္စတော = အနိစ္စဟူ၍ရင်း၊
ဒုက္ခတော = ဒုက္ခဟူ၍ရင်း၊

အနုတ္တရတော = အနုတ္တရ ဟူ၍ရင်း၊
ဝိပဿန္တိ = ဝိပဿနာ ရှုကုန်၏။

ဤတွင် မိမိယခု ပြုအပ်သော ကာယကံ,ဝစီကံ,မနောကံ, အကုသိုလ်ကို အကြောင်းပြု၍ သော်၎င်း၊ ရှေးက ပြုခဲ့သော အကုသိုလ်အတွက် စိတ်ကူးလျက် ဝမ်းသာခြင်း, ဒေါသထ ခြင်း,ဝမ်းနည်းခြင်းဖြစ်သော စိတ်တို့ကို ဆက်လက်သိမ်းဝိုက် ခြင်းမပြုဘဲ ထိုအကုသိုလ်တရားတို့ကိုအနိစ္စ,ဒုက္ခ,အနတ္တဟူ၍ ဝိပဿနာဘာဝနာသို့ ကူးပြောင်းလိုက်သည် ရှိသော် ရတ် တရက် ချက်ခြင်း ထိုအကုသိုလ်တရားကိုအကြောင်းပြုလျက် ငွေကြေးမကုန် လူမပင်ပန်းဘဲ ကုသိုလ်တကာတို့တွင် အကြီး ဆုံးဖြစ်သော ကုသိုလ်ကြီးကို တခဏချင်း ရရှိနိုင်လေသည်။

ကုသလော ဓမ္မော ကုသလဿ
ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော
+ + +။ သေက္ခာ ဂေါ ပုထုဇ္ဇနာ ဂေါ
ကုသလံအနိစ္စတော, ဒုက္ခတော,
အနတ္တတော ဝိပဿန္တိ။

(အနက်သွယ်ပြီ)

မိမိကုသိုလ်ပြုခဲ့သည်တို့ကို အာရုံပြုလျက်ဝမ်းမြောက်စိတ် ဖြစ်ပေါ်လာပါက ထိုစိတ်ကို ရှေ့ဆက်လက် သိမ်းဝိုက်ခြင်း မပြုဘဲ ဝမ်းမြောက်သောစိတ်ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ဝိပဿနာ ဘာဝနာသို့ကူးပြောင်းလိုက်သည်ရှိသော်ကုသိုလ် ကို အကြောင်းပြု၍ မွန်မြတ်လှသော ဝိပဿနာ ကုသိုလ်ကြီး ကို ထပ်မံရရှိပြန်လေသည်။

သို့မဟုတ်ပါသဲ မိမိကုသိုလ်အတွက် ဆက်ခါဆက်ခါ ဝမ်းသာနေပါကသာမန်ကုသိုလ်သာလျှင်ရရှိလျက်ဝိပဿနာ ဘာဝနာ ကုသိုလ်ကိုကား မရရှိတော့ပြီ။

အဗျာကတော ဓမ္မော
ကုသလဿ ဓမ္မဿ
အာရမ္မဏ ပစ္စယေန
ပစ္စယော + + + + +။

သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော, ဒုက္ခတော, အနတ္တတော ဝိပဿန္တိ။ သောတံ, ဃာနံ, ဇိဝှံ,ကာယံ,ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ, ဝတ္ထုံ, ဝိပါကာ ဗျာကတေ ကြိယာဗျာကတေ ခန္ဓေ အနိစ္စတောဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အနက်ကား။ ။အဗျာကတော- အဗျာကတ ဖြစ်သော၊ ဓမ္မော—တရားသည်၊ ကုသလဿ-ကုသိုလ်ဖြစ်သော၊ ဓမ္မဿ တရားအား၊ အာရမ္မဏ ပစ္စယေန—အာရမ္မဏ ပစ္စယသတ္တိဖြင့်၊ပစ္စယော-ကျေးဇူးပြုသည်၊ဟောတိ-ဖြစ်၏။ + + +။

သေက္ခာဝါ = ကျင့်ဆဲပုဂ္ဂိုလ်တို့သည်ရင်း၊
ပုထုဇ္ဇနာဝါ = ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း၊
စက္ခုံ = စက္ခုပသာဒကို၊
အနိစ္စတော = အနိစ္စ ဟူ၍ရင်း၊
ဒုက္ခတော = ဒုက္ခ ဟူ၍ရင်း၊
အနတ္တတော = အနတ္တ ဟူ၍ရင်း၊
ဝိပဿန္တိ = ဝိပဿနာရှုကြကုန်၏။
သောတံ = သောတပသာဒကို၊

| | | |
|---|---|---|
| ဃာနံ | = | ဃာနပသာဒကို။ |
| ဇိဝှံ | = | ဇိဝှါပသာဒကို |
| ကာယံ | = | ကာယပသာဒကို၊ |
| ရူပေ | = | ရူပါရုံတို့ကို၊ |
| သဒ္ဒေ | = | သဒ္ဒါရုံတို့ကို၊ |
| ဂန္ဓေ | = | ဂန္ဓာရုံတို့ကို၊ |
| ရသေ | = | ရသာရုံတို့ကို၊ |
| ဖေါဋ္ဌဗ္ဗေ | = | ဖေါဋ္ဌဗ္ဗာရုံတို့ကို၊ |
| ဝတ္ထုံ | = | ဟာဒယ ဝတ္ထုတို့ကို၊ |
| အနိစ္စတော | = | အနိစ္စဟူ၍ရင်း၊ |
| ဒုက္ခတော | = | ဒုက္ခဟူ၍ရင်း၊ |
| အနတ္တတော | = | အနတ္တ ဟူ၍ရင်း၊ |
| ဝိပဿန္တိ | = | ဝိပဿနာ ရှုကုန်၏။ |
| ဝိပါကာ ဗျာကတေ | = | ဝိ ပါက် အ ဗျာ က တ ဖြစ်ကုန်သော၊ |
| ကြိယာဗျာကတေ | = | ကြိ ယာ အ ဗျာ က တ ဖြစ်ကုန်သော၊ |
| ခန္ဓေ | = | ခန္ဓာတို့ကို၊ |
| အနိစ္စတော | = | အနိစ္စဟူ၍ရင်း၊ |
| ဒုက္ခတော | = | ဒုက္ခဟူ၍ရင်း၊ |
| အနတ္တတော | = | အနတ္တ ဟူ၍ရင်း၊ |
| ဝိပဿန္တိ | = | ဝိပဿနာ ရှုကုန်။ |

## အိမ်တွင်လည်း
## တရားအားထုတ်နိုင်၏။

ဤပဋ္ဌာန်းဒေသနာတော်အရအကြောင်းမညီညွတ်သဖြင့် တောတွင်းသို့သွားရောက်ခါ မကျင့်နိုင်စေကာမူ အိမ်တွင်နေရင်း,ထိုင်ရင်း, စင်္ကြ, ဘောဇ, ဈာန, ဇဝိ, ကာယ,မာနတို့ ကိုဒင်း၊ရူပေ, သဒ္ဒေ, ဂန္ဓေ,ရသေ,ဖေါဋ္ဌဗ္ဗေ,ဝတ္ထုံ့စသည်တို့ကို အာရုံပြုလျှာ် အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး ၃-ပါး တင်လျက် ပွားများနေပါက ရှင်တော်ဘုရား ညွှန်ပြတော်မူသော "ကာမ သုခလ္လိကာနုယောဂ" မှ လည်း လွတ်လျက် "အတ္တ ကိလမထာနုယောဂ"မှလည်း လွတ်လျက် "အတ္တ ကိလမထာနုယောဂ"မှသည်း လွတ်လျက်ဘုရားတဆူ,တဆူ ပွင့်တော်မူပါမှ သိရအပ်သော ဝိပဿနာ ဘာဝနာ အကျင့် မြတ်ကို လေ့ကျင့်ပွားများခြင်းဖြင့် ဒါန, သီလ,သမထထက် မြတ်သော ကုသိုလ်ကြီးကို ရရှိနိုင်သည့်ဟု သတိပြုကြပြီးလျှင် ရနိုင်သည့် အချိန်ကလေး ဟူသ မျှ ကို အ လွတ် မ ပေး ဘဲ ဝိပဿနာ ဘာဝနာတရားကို အားထုတ်ကြပါလေ။ (တော ထွက်၍ကျင့်နိုင်လျှင် သာ၍ကောင်း၏)။

## ရှေ့စိတ်နှင့် နောက်စိတ်
## ဆက်စပ်ပုံ။

သိအပ်သော ပြဿနာတရပ်ကို ရှင်းခဲ့ဦးအံ့။ စိတ်သည် အဆက်မပြတ် ဒလစပ် ဖြစ်ပျက်နေသည် ဆို၏။ ထို့ကြောင့် ချုပ်သွားသော ရှေ့စိတ်၏ ဆောင် ရွက် သွား သည် တို့ကို နောက်စိတ်သည် အဘယ်ကဲ့သို့သိ၍ ဆက်လက် ဆောင်ရွက်

သွားနိုင်ပါသနည်း။ (သာမန် လူတို့ မ သိ နိုင်။ အ ထူး သိ အပ်၏)။

ဤကား- စိတ္တနိယာမသဘောဖြစ်၏။ စာမျက်နှာ ၂၆၆၌ စိတ္တ နိယာမ ဖြစ်သော ၁၇-လုံးသောစိတ်တို့ ဖြစ်ပြီးပါမှသိရှိနိုင်ခြင်းဖြစ်သည်ကို ဖော်ပြခဲ့လေပြီ။(တဒနုဝတ္တက ဝီထိ ချန် ထားခဲ့၏)။

အတီတဘဝင်, ဘဝင်စလန, ဘဝင်ပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းစသည့်စိတ် ၁၇-ချက်တို့သည် ခုန်ကျော်၍မဖြစ်၊ ဘေးကတခြား တပါးသောစိတ်ဝင်ရောက်လာ၍မဖြစ်။အစဉ်အတိုင်းသာဖြစ်ကြရ၏။(စိတ်၏ဖြစ်ခြင်းပျက်ခြင်း လျင်မြန်ပုံ ၂၆၄)။

ထိုမှတဖန် ရှေ့စိတ် ဆောင်ရွက်သွားပုံကို နောက်စိတ်သည် အဘယ်ကဲ့သို့သိသဖြင့် တိကျမှန်ကန်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ပါသနည်း ဆိုသော် ဖဿ, စေတနာ သညာဆိုသော သဘောတရားတို့သည် ရှိကုန်၏။ သို့ရာတွင် လူတို့ မသိမမြင်နိုင်ကြကုန်။

ထိုနည်းတူစွာ လူတို့ မသိမမြင် နိုင်သော ၂၄-ပါးသော ပစ္စည်းသတ္တိတို့သည် ရှိ သည် သာ တည်း။ ဤ ၂၄-ပစ္စည်းသတ္တိတို့သည်သင်္ခတလောကဓာတ်ကြီး တရပ်လုံးရှိ ၈၁-ပါးသောဓာတ်တို့ကို တပါးနှင့်တပါး ဓမ္မနိယာမအားဖြင့် ထိုက်သည်အားလျော်သော ပစ္စည်းသတ္တိတို့ဖြင့် ဆက်သွယ်ပေးလျက်ရှိ၏။

ချုပ်သွားလေသော ရှေ့စိတ်၏ဆောင်ရွက်သွားသည်တို့ကို အသစ်ပေါ်လာသော နောက်စိတ်က တိကျစွာလိုက်နာ

ဆောင်ရွက်နိုင်ရခြင်း အကြောင်းရင်းကို ပဋ္ဌာန်း ဒေသနာ တော် ပစ္စယနိဒ္ဒေသ၌-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ
ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ
ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

အနက်ကား။ ။ပုရိမာ ပုရိမာ- ရှေး၌ ရှေး၌ ဖြစ်ကုန်သော ကုသလာ-ကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာ- ကုသိုလ်တရားတို့ သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ—နောက်၌နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ ကုသိုလ်ဖြစ်ကုန်သော၊ဓမ္မာနံ—ကုသိုလ်တရားတို့ အား၊ဥပနိဿယပစ္စယေန-ဥပနိဿယပစ္စယသတ္တိဖြင့်၊ပစ္စယော ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

ဤ ပါဠိ တော် ဖြင့် ရှေ့ စိတ် သည် နောက် စိတ် အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခဲ့သည်ကို သိနိုင်လေသည်။ ထိုဥပနိဿယ သတ္တိဖြင့်သာ မဟုတ်သေး။ အနန္တရသတ္တိ, သမနန္တရသတ္တိ, နတ္ထိ သတ္တိ, ဝိဂတသတ္တိတို့ဖြင့်လည်း ကျေးဇူး ပြုလေသေး၏။

အကယ်၍ ဇောစိတ်များ ဖြစ်ပါမူ ပဌမဇောသည် ဒုတိယ ဇောအား အာသေဝန သတ္တိတလုံးပို၍ကျေးဇူးပြုပြန်သေး၏။

ဤသို့လျှင် အဆက်မပြတ် ဒလစပ် ဖြစ်ပျက်နေသော စိတ် အစဉ်တွင် ချုပ်လေပြီးသော ရှေ့စိတ်သည် နောက်ဖြစ်ပေါ် လာသော စိတ်သစ်အား ထိုက်သည်အားလျော်စွာ ၅-သတ္တိ ၆-သတ္တိတို့ဖြင့် ကျေးဇူးပြုသည်ကို သိအပ်လေသည်။

ထိုမှတပါး အသခ်တခါတ် မြတ်သောနိဗ္ဗာန်က မဂ်စိတ်အား အာရမ္မဏ သတ္တိ, အဓိပတိသတ္တိ, ဥပနိဿယသတ္တိ ဤ ၃–သတ္တိ တို့ဖြင့် ကျေး ဇူး ပြု သည် ကို လည်း သိ အပ်သေးသည်။

## စာခံမနေ

### အဘိဓမ္မာလို၏။ ပဋ္ဌာန်းဆိုင်၏။

ဤသည်တို့ကား- ဝိပဿနာ ဘာဝနာ ပွားများရာတွင် ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းအဆုံးရှိသော အဘိဓမ္မာ ဒေသနာတော်ကြီး အရေးကြီးပုံကို မနှိုင်းမယှဉ်သာသော (ရေတွက်ခြင်းသို့ပင် မရောက်သော)အနည်းငယ်မျှသော နမူနာ အဖြစ်ဖြင့် ဖေါ်ပြလိုက်ရခြင်းဖြစ်၏။

ရှေ့မျက်နှာများတွင် ဖေါ်ပြခဲ့ပြီးဖြစ်သော်လည်း အရေးကြီးသောအချက်များဖြစ်ခြင်းကြောင့် ထပ် မံ ဖေး နက် စေဦးအံ့။

စာသင်သားတို့ ရှေးဦးစွာ သင်ယူမှတ်သားရသောသင်္ဂြိုဟ်ကျမ်းကို သင်ယူခဲ့ဘူးသူဖြစ်ပါက ဝိပဿနာ ဘာဝနာပွားများရေးလုပ်ငန်းကို ပြသပေးရာတွင် အလွန်လွယ်ကူသည်ကို တွေ့ရှိရသေးသည်။

ထို့ထက် ပါဠိတော်အဋ္ဌကထာ စသည်တို့ကို များများ သင်ခဲ့ဘူးသူဖြစ်ပါက သင်ခဲ့ဘူးသည်နှင့်အမျှ ပို၍များများ လွယ်ကူသည်ကိုတွေ့ရှိရ၏။

ထို့ကြောင့် စာမလိုဘူး။ စာခံနေသည် ဆိုသောအသုံး အနှုန်းမျိုးကို လုံးဝ လက်သင့်ရခံချေ။ ထိုအသုံးအနှုန်းကို အမြစ် ပါနုတ်ပစ်အပ်၏။

စာမလိုဘူး။စာခံနေသည်ဟုပြောရဲဆိုရဲသူတို့နှင့်အဘိဓမ္မာ မလို။ ပဋ္ဌာန်းမဆိုင်ဟုပြောရဲ ဆိုရဲသူတို့သည် ပရိယတ္တိ သာသနာတော်ကြီး ပုတ်ခတ်စွပ်စွဲရာ ကျရောက်သည် ဖြစ်ရ ကား ကြီးစွာသောအပြစ်ကြီးကိုပြုလုပ်သူများ ဖြစ်လေသည်။

ဤမျှဖြင့် ပဋ္ဌာန်းနမူနာကို နိဂုံးချုပ်ရသော် စာမျက်နှာ ၂၀၃-၌ ဖေါ်ပြခဲ့သည့်အတိုင်း မည်သူမည်ဝါ မည်သည့် ပုဂ္ဂိုလ်က ပြောသည်ဖြစ်စေ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ် သောပါဠိ ဒေသနာတော်အရပ်ရပ်နှင့် မကိုက်ညီလျှင် ရဲတင်းစွာပယ်ရ မည်သာတည်း။

နိဂုံးချုပ်ကား- ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်း တွင် စာခံ မနေ။ စာတတ်လေလေ သ ဘော ပေါက် ရာ ၌ မြန်လေလေ။

အဘိဓမ္မာ တတ်လေလေ
ဝိပဿနာ လွယ်လေလေ။
ပဋ္ဌာန်း တတ်လေလေ
ဓမ္မသဘာဝ ပိုင်လေလေ။

# ပကိဏ္ဏက

ဤအခန်းသည် ယောဂီသူမြတ် သိသင့်သိထိုက်
သော အချက် အလက် အချို့တို့ကို ဖေါ်ပြ
ထား ခြင်းကြောင့် သ ဘော ပေါက် အောင်
အထူး ဖတ်ရှု ထားတော်မူကြစေလိုပါသည်။

မိန်းမဖြစ်မှု "သိက္ခမာနာ"
ယောကျ်ားဖြစ်မှု "ပရိဝါသ်"ကို
ပြုကျင့်ရဘိသကဲ့သို့။

မိမိတို့သည် တရားနာကြားခဲ့ကြရသည်မှာ အကြိမ်ပေါင်းများစွာ ရှိခဲ့လင့်ကစား၊ ယခုတိုင် ဘာမျှ မဖြစ်သေးသည်ကို ထောက်ဆသော်မိမိတို့သည် ဥဂ္ဃဋိတညူ၊ဝိပဉ္စိတညူမဟုတ်ဘဲ နေယျ ပုဂ္ဂိုလ် မျှ သာ ဖြစ် ခြင်း ကို ကောင်း စွာ သိ အပ်လေသည်။

နေယျပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ဝိပဿနာဘာဝနာကိုတိကျမှန်ကန်စွာ ပွားများအားထုတ်နိုင်ရန် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် ပိုင်နိုင်ကြေညက်စွာလေ့ကျင့်သိမှတ်ထားရပေမည်။

တနည်းဆိုဦးအံ့။ ဝိပဿနာ ဘာဝနာပွားများရာ၌ နည်းမှန်လမ်းမှန် ရရှိရေးအတွက် ရှေးဦးစွာ နားလည်ရမည်ဖြစ်သော အဓိက ဝတ္တရားကြီးတခုသည် ရှိ၏။

ထိုဝတ္တရားကြီးအတွက်ဥပမာပြုရသော်အမျိုးသမီးတဦးသည် ဘိက္ခုနီ(ရဟန်းမ)အဖြစ်သို့ ရောက်လိုသော်- "သိက္ခမာနာ"

ဆိုသော ဘိက္ခုနီမဖြစ်မီ လူမိန်းမဘဝဖြင့် အချို့ အချို့သောအကျင့်သိက္ခာတို့ကို သင်ယူလေ့ကျင့်ရမည်ဟု ဝိနည်းတော်၌ လာတိသကဲ့သို့ပင်း။ သုတ္တန် ဒေသနာတော်များ၌ အခြားတပါးသော အယူဝါဒရှိသူတဦးသည် ဗုဒ္ဓမြတ်စွာ၏ အယူဝါဒသို့ ကူးပြောင်းကာ ရဟန်းပြုလိုသော်-ရဟန်းမပြုမီ လေးလတိုင် "ပရိဝါသ်"ကို ပြုရမည်ဟူ၍ပင်း ပညတ်တော်မူခဲ့လေသည်။(ရံခါရံခါ ချက်ခြင်းခွင့်ပြုတော် မူသည်လည်း ရှိ၏)။

ထိုနည်းတူစွာ နေယျပုဂ္ဂိုလ်တဦးသည်ဝိပဿနာဘာဝနာကို ပွားများ အားထုတ်လိုသော် အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ ဝိပဿနာဘာဝနာသို့မတက်ရောက်မီ ရှေးဦးစွာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်နိုင်ကြေညက်စွာသင်ယူလေ့ကျင့်ထားရပေမည်။

ဝါ-တနည်းဆိုသော်- ဝိသုဒ္ဓိမဂ်, အဋ္ဌကထာ၌လာရှိသော ဒိဋ္ဌိဝိသုဒ္ဓိခန်းနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းတို့ကို ပိုင်နိုင်ကြေညက်စွာ သဘောပေါက်အောင် သင်ယူထားရပေမည်။

ဝိပဿနာဘာဝနာပွားများခြင်းမပြုမီ၊ဝါ-သမ္မသနဉာဏ်ခန်းကို မတက်မီ ထို ၂-ပိုင်းကို သိ ရှိ လေ့ ကျင့် နေခြင်းဖြင့် အဘယ်မျှအကျိုးကျေးဇူးကြီးမားသည်ကို ဖေါ်ပြပေအံ့။

ဝိသုဒ္ဓိမဂ်၌ ဝိပဿနာ ဘာဝနာ ပွားများရာ၏ အစဖြစ်သော သမ္မသနဉာဏ်သို့ မရောက်မီ ကပ်လျက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိအခန်း ဆုံးခါနီးတွင်-

သောဠသ ဝိဓာ ကင်္ခါ
သုဋ္ဌုတာရံ ပဟီယတိ။

စသည်ဖြင့်အောက်ပါအနက်အဓိပ္ပါယ်တို့ လာရှိလေသည်၊ ယင်းကဲ့သို့ ရုပ်နှင့်နာမ်တို့ကို ဓမ္မသဘာဝ ကျနစွာ လေ့ကျင့်သော် သုတ္တန်ဒေသနာတော်၌ လာရှိသော ယုံမှားခြင်း ၁၆-ချက်၊ အဘိဓမ္မာ၌ လာရှိသော ဘုရား၌ ယုံမှားသံသယရှိခြင်း တရား၌ ယုံမှားသံသယရှိခြင်း၊ သံဃာ၌ ယုံမှားသံသယရှိခြင်း စသော ယုံမှားခြင်း ရှစ်ပါးတို့သည် ကင်းစင် ပျောက်ကွာ သွားခပေတော့၏။ ထို့နောက် ဆက်ကာ....

ဒွါသဋ္ဌိ ဒိဋ္ဌိ ဂတာနိ
ဝိက္ခမ္ဘန္တိ။

စသည်ဖြင့် လာရှိပြန်၏။

အဓိပ္ပါယ်သော်ကား။ ယင်းသို့ရုပ်တရား, နာမ်တရားတို့နှင့်တကွ ၎င်းရုပ်,နာမ်တို့၏ ဖြစ်လာရသော အကြောင်းရင်းတို့ကို တိကျမှန်ကန်စွာ လေ့ကျင့် နေသောအခါ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အယူတို့သည် အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာ ရေးသုံးပါး မပွားများမိပင်လျှင် ကင်းစင်ကွယ်ပျောက် သွားရပေတော့၏ဟူ၍ လာရှိလေသည်။

၌တွင် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဟူသည်ကား သုတ်သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်၌ လာရှိသည့် အတိုင်း တော,တောင်,ရေ,မြေ, သမုဒ္ဒရာတို့နှင့်တကွသားရဲ,တိရစ္ဆာန် လူ,နတ်,ဗြဟ္မာတို့ကို ဗြဟ္မာကြီးဖန်ဆင်းသည်။ ထာဝရ ဘုရားသခင်ဖန်ဆင်းသည်။ အတ္တကလေးရှိသည်၊ အသက်, လိပ်ပြာကောင်ကလေးရှိသည် စသည်တို့နှင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့ အပါအဝင်ဖြစ်သော ၆၂-ပါးသော မိစ္ဆာ

ဒိဋ္ဌိ အယူဝါဒများ ကင်းစင်ကွယ်ပျောက် သွားခြင်းကို ဆိုလို ပေသည်။

ဤတွင်ကား-ဝိပဿနာ ဘာဝနာကို ပွားများအားထုတ် ခြင်း မပြုလုပ်ရသေးချေ။ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ရန် ဟန်ပြင်နေရုံမျှသာ ရှိပေသေးသည်။ ။နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ထိုမျှအရေးပါ အရာရောက် သည်ကို သိရှိတော်မူသင့်ကြလေပြီ။

နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ဆိုသည်မှာ စာသံ ပေသံ ပါဠိသံ ဖြစ်နေခြင်းကြောင့် ခက်မည်ဟု ထင် မှတ်ရသော်လည်း အမှန်ကား ခက်သည်မဟုတ်ပေ။ လိုချင် လျှင် ဆရာအပြကောင်းက အလွန်လွယ်ကူလေသည်။

ယင်းသို့ ဝိပဿနာ အခြေခံပညာကို ရှေးဦးစွာသင်ပြပေး ထားပါက ဘာသာခြား တဦးကိုပင် "သင်၏အယူဝါဒသည် အမှားသာတည်း။ သင်၏အယူဝါဒကို စွန့်လော့" ဟူ၍ပင် မဆိုရတော့ဘဲ ပြဟ္မာကြီးဖန်ဆင်းသည်၊ ထာဝရ ဘုရားသခင် ဖန်ဆင်းသည်ဆိုသောအယူဝါဒနှင့်တကွ အတ္တဒိဋ္ဌိ(သက္ကာယ ဒိဋ္ဌိ)စသည်တို့မှာ မဟုတ်မမှန်ဟု ၎င်းတို့ကိုယ်တိုင် တိကျမှန် ကန်စွာ သိရှိလာပေတော့၏။

ထိုအခါ ဗုဒ္ဓဘာသာဝင်မဟုတ်သောနိုင်ငံခြားသားတဦး ဖြစ်ပါမူ ဗုဒ္ဓဝါဒ၌ ယောကျာ်းမရှိ၊ မိန်းမ မရှိ၊ လူမရှိ၊ ၎င်း- ယောကျာ်း, မိန်းမ လူဆိုသည်တို့မှာ ဓမ္မသဘာဝတို့၏ အရိပ် အရောင် နိမိတ်တို့မျှသာ ပါတကား ဆိုသည်ကို သဘော

ပေါက်လာကြမည့် သာမက ငါတို့အနောက်နိုင်ငံတွင် ရေး သားနေကြသော....

> "What is Mind? No body knows."
> "What is Matter? No body knows."
> "We know only the manifestations of mind and matter."

ဆိုသည်မှာ ငါတို့သည်ဗုဒ္ဓ၏ အနတ္တဝါဒကို တိကျမှန်ကန် စွာ မသိကြလို့ကိုး, ဗုဒ္ဓဝါဒမှာ ငါတို့အနောက်နိုင်ငံ စိတ် ပညာဆရာများ, လောကဓာတ်ဆရာများနှင့် ငါတို့အနောက် နိုင်ငံသူ နိုင်ငံသားတို့ မသိရသေးသော ဓမ္မသဘာဝတွေ မြောက်မြားစွာ ရှိပါကလားဟု ၎င်းနိုင်ငံခြားသားကိုယ်တိုင် သိရှိနားလည် လာရမှာကောနော်။

၎င်းတွင် ရှင်တော်ဘုရား ဟောတော်မူသော တရားတော် အပေါ်တွင် ယုံမှားခြင်းကင်းစင်လျက် ဗုဒ္ဓမြတ်စွာ၏ ဉာဏ် တော်ကို ကြည်ညိုရှ၍မဆုံး ဖြစ်လာပေလတံ့။ ယင်းသို့မဟုတ် မူ၍ အတ္တနှင့် အနတ္တကိုပင် အနုမာန အားဖြင့် ကွဲပြား သိရှိ အောင် သင်ပြပေးခြင်းကို မပြုနိုင်ပါက ဘာသာ ခြားများ အတွက် ရှင်တော်ဘုရား၏ အနတ္တဝါဒကို ယုံကြည်လေးစား လာရန် လွယ်ကူမည်မဟုတ်ချေ။ (အဋ္ဌာစိက္ခန္တိ-ဖြစ်ရာ၏။)

ထိုမှတပါး သိရှိအပ်ပြန်သည့်မှာ နာမရူပ ပရိစ္ဆေဒဉာဏ် နှင့် ပစ္စယာပရိဂ္ဂဟဉာဏ်ကို ကြေညက်စွာ သိရှိလျက် နာမ်နှင့် ရုပ်တို့ကိုရင်း နာမ်ရုပ်တို့၏ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်း တို့ကိုရင်း၊ ဆင်ခြင်ပွားများ သိမ်းဆည်းနေခြင်းသည် သာမန် အကျိုးအာနိသင်မဟုတ်။ ဗုဒ္ဓသာသနာ တော်မြတ်ကြီးတွင်

အောက်ခြေခိုင်လျက် အပေါ်ယ်လေးပါး တံခါးပိတ်သော ရှုဥ္ သောတာပန် စခန်းသို့ ဆိုက်ရောက်လျက်ရှိပေတော့၏။

ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်မြတ်သည် နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်တို့ကို ပဌမကြေညက်စွာ နားလည်ရမည် ဆိုသည်ကို ပါဠိတော်တို့တွင် လာရှိသည်တို့မှ သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် သဠာယတန သံယုတ်, မိဂဇာလဝဂ်, ဆဖဿာယတနသုတ်၌ လာသည်ကို ဖေါ်ပြပေအံ့။

ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု
ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ
အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ
နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ
အဝုသိတံ တေန ဗြဟ္မစရိယံ
အာရကာ သော ဣမသ္မာ ဓမ္မဝိနယာတိ။

အစရှိသော ပါဠိတော်ကို ဟောတော်မူ၏။

ဘာသာပြန်သော်....

အမှတ်မထင်အကြောင် တဦးသောရဟန်းသည် ၆-ပါးသော ဖဿာယတနတို့၏ ဖြစ်ကြောင်းကိုရင်း, ချုပ်ခြင်းကိုရင်း, သာယာဘွယ်ကိုရင်း, အပြစ်ကိုရင်း, ထွက်မြောက်ရာကိုရင်း ဟုတ်မှန်သည့်အတိုင်း မသိ။ ထိုရဟန်းသည် မြတ်သောအကျင့်ကို မကျင့်သုံးအံ့၊ ထိုရဟန်းသည် ဤသုတ်, ဝိနည်း, အဘိဓမ္မာ ဒေသနာတော်တို့မှ ဝေးကွာလှဘိ၏ဟူ၍ ဟောတော် မူလေသည်။ (ရုပ်, ဝေဒနာ, သညာ စသည်တို့ကိုပါ ဤသဘော

အတိုင်းပင် သိအပ်၏။)။ "ပကိဏ္ဏကခန်း 'ရူပံ ပဇာနာတိ' နှင့် တွဲဖတ်ရန်"။

ယင်းသို့လျှင် ပါဠိတော် အရပ်ရပ်တို့၌ လာသည့် တိုက်ကို ထောက်ထားလျက် ဗုဒ္ဓဘာသာတရားတော်၏ ထူးခြားသော အသိအနှစ် အစစ်အမှန်ကို သိလိုသော ပုဂ္ဂိုလ်တို့သည် ဝိ-ပဿနာဘာဝနာ မြတ်တရားကိုပွားများအားထုတ်လိုသော ပုဂ္ဂိုလ်များမှာ- နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပဋိစ္စသမုပ္ပါဒ် အပါအဝင်ဖြစ်သော ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ကို ရှေးဦးစွာ ပိုင်နိုင်ကြေညက်စွာ သင်ယူမှတ်သားထားရမည် ဆိုသည်ကို စွဲမြဲစွာ သိရှိနားလည်ထားရပေမည်။

အထူးကား-

ဘာသာ ခြား များ သည့် ဗုဒ္ဓဘာသာ၏ အသိအနှစ်ဖြစ်သော ဝိပဿနာ ဘာဝနာကို ပွားများလိုပါသည်ဆိုပါက ထိုပုဂ္ဂိုလ်အား အထက်တွင် ဖော်ပြအပ်သော သဘောအရ ယောက်ျားဖြစ်သော် ၄-လ"ပရိဝါသ်" ပြုရခြင်း၊ မိန်းမဖြစ်သော် "သိက္ခမာနာ"ပြုရခြင်း များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပဋိစ္စသမုပ္ပါဒ် အပါအဝင်ဖြစ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို သင်ကြားပေးရပေမည်။

အမှန်အားဖြင့်လည်း ၎င်းပုဂ္ဂိုလ်တို့သည် မည်သည့် နေရာကစရမည်ကိုပင် မသိကြ။သင် ပြပေးသူက သင်ပြ မပေးခြင်းကြောင့်သာဟု

စုံစမ်းသိရှိရ၏။ (အမေရိကန် တဦး, အင်္ဂလိပ် တဦး၊ ဂျာမန်တဦးကို ရန်ကုန်မြို့၌စုံစမ်းကြည့်ဘူး၏)။

ယင်းကဲ့သို့စံနစ်မရှိဘဲ လာသမျှကို သင်ပြပေး နေခြင်းကြောင့် ၎င်းပုဂ္ဂိုလ်တို့ မှာလည်း အကျိုးမများ' ဗုဒ္ဓဘာသာတရားတော်၏ အဆီအနှစ် ဖြစ်သော ဝိပဿနာ ဘာဝနာမှာလည်းသဘာဝမကျဟုအထင်အမြင်သေးခြင်းကို ခံရလေသည်။

ဤတွင် စံနစ်မကျမှုကြောင့် နှစ်ဦးနှစ်ဖက် နစ်နာရပုံတရပ်ကို ဥပမာ နမူနာအဖြစ်ဖြင့် ဖေါ်ပြပေအံ့။

Shattock'ရှက်တော့'အမည်ရှိသောရေကြောင်းစစ်ဗိုလ်ကြီးသည် ဝိပဿနာ ဘာဝနာ ပွားများနည်းကို သင်ယူလေ့ကျင့်ရန် ခွင့်တလယူ၍ မြန်မာပြည်သို့ လာရောက်လေ့ကျင့်လေသည်။

၎င်းနောက် ၁၉၅၈-ခုနှစ်တွင် လန်ဒန်မြို့မှနေ၍ An Experiment In Mindfulness. ခေါ်စာအုပ်တအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေ၏။ ထိုစာအုပ်ကို ရန်ကုန်မြို့တွင် ၁၁-နှင့် ရောင်းချလျက်ရှိ၏။ ထိုစာအုပ် စာမျက်နှာ ၈၀-၌ လာရှိသည့် အာဘော် အတိုချုပ်မှာ အောက်ပါအတိုင်းပင်။

(စစ်ဗိုလ်)ခြစ်ယာန်ဘာသာ အယူဝါဒမှာ- Rebirth ရီဘာတ်, ဘဝသစ်ဖြစ်ခြင်းသည်ပါရှိ၏။ ဗုဒ္ဓဘာသာတွင်လည်း ဘဝသစ် ဖြစ်ခြင်းသည် ပါရှိ၏။ သို့သော် ခြာယာန ဘာသာ

၌ကား"အတ္တ"ရှိခြင်းကြောင့် ဘဝသစ် ဖြစ်ခြင်းသည် သဘာဝကျ၏။

ဗုဒ္ဓဘာသာ၌ "အတ္တ" မရှိဘဲ "အနတ္တ" ဝါဒဖြစ်ပါလျက် ဘဝသစ်ဖြစ်သည် ဆိုခြင်း၌ အသို့ပါနည်း။

(ဖြေ) အလုပ်သာ ဆက်လုပ်ပါ။ အလုပ်လုပ်နေရင်း သိလာပါလိမ့်မည်။

(စစ်ဗိုလ်) ကျွန်ုပ်သည် အနတ္တဝါဒ ကို သဘော မပေါက်သဖြင့်မေးတိုင်းမေးတိုင်း၌အဖြေကိုသာပေးနေခြင်းကြောင့် ကျွန်ုပ်သည် "အနတ္တ"ဝါဒကို လက်မခံဘဲ "အတ္တ" ဝါဒဖြင့် အလုပ် လုပ်ခဲ့၏ဟူသော အာဘော်ကို ထိုစာအုပ်တွင် ရေးသားဖော်ပြထားလေသည်။

ထိုစာအုပ်သည် မြန်မာပြည်သို့သာ ရောက် ရှိ လာ သည် မဟုတ်၊ ကမ္ဘာ့ရှိ တိုင်းပြည်အသီးသီးသို့လည်းရောက်ရှိသွားလေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ ရှေးဦးစွာ "ပရိဝါသ်" သဘော "သိက္ခမာနာ"သဘောအဖြစ်ဖြင့်၁၅-ရက် တန်သည်,အရက် ၂၀-တန်သည်, ဝါ-တလတန်သည်, နှစ်လတန်သည် စသည်ဖြင့် အချိန်ယူလျက် ရုပ် အဌဝိသ, နာမ် တေပညာသ တို့၏ဝိသေသ သဘောလက္ခဏာကိုသင်ပြမပေးခြင်း၊ပဋိစ္စသမုပ္ပါဒ်အစရှိသော ပစ္စယ ပရိဂ္ဂဟဉာဏ်၏ သဘော သဘာဝကို သင်ပြမပေးခြင်းတို့ကြောင့် ဤကဲ့သို့ နှစ်ဦး, နှစ်ဖက် နစ်နာခြင်းများ ဖြစ်ရလေသည်။

ထို့ကြောင့် ဘာသာခြားကိုသော်၎င်း၊ ဘာသာတူကို သော်၎င်း ဝိပဿနာဘာဝနာ ပွားများနည်းကို စံနစ်တကျမှန်ကန်စွာ သင်ကြားပြသပေးလိုပါမူ ရှေးဦးစွာ ဒိဋ္ဌိ စင်ကြယ်စေရန်၊ ဝါ-ဒိဋ္ဌိဝိသုဒ္ဓိဖြစ်စေရန် နာမရူပ ပရိစ္ဆေဒဉာဏ်ကို သင်ကြား ပြသပေးရပေမည်။

ထို့နောက် ဘုရား, တရား, သံဃာစသည်တို့၌ ယုံမှားခြင်းကင်းကွာ သွားစေရန် ဝါ-ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်စေရန် ပဋိစ္စသမုပ္ပါဒ်အစရှိသော ပစ္စယပရိဂ္ဂဟဉာဏ်ကိုသုတမယဉာဏ်အားဖြင့် အတ္တ,အနတ္တ ကွဲပြားခြားနားစွာ သိရှိစေရန်သင်ပြပေးထားရပေမည်။ ထိုနောက်မှ သမ္မသနဉာဏ်ကိုတက်ရာ၏။

(ဤကား-သင်ပြနည်းကိုပြင်ရန်ဖြစ်၏။ တခဏ်းရပ်)။

ပါယာသိ ရာဇည စော်ဘွားကြီးအား
အရှင် ကုမာရ ကဿပက
ဆန်းကြယ်စွာ တရား ဟောတော်မူခြင်း။

တရားတော်တို့ကို ဆန်းကြယ် လှစွာ တန်ဆာဆင်၍ ဟောတော် မူရာတွင် အရှင် ကုမာရကဿပ မထေရ်မြတ်သည် တေဒဂ်ရတော်မူ၏။

အင်္ဂုတ္တိုရ်ပါဠိတော်
ကေနိပါတ် တေဒဂ္ဂဝဂ်။

အရှင်ကုမာရကဿပ မထေရ်မြတ်သည် ကံ,ကံ၏အကျိုးကို မယုံကြည်သော အယူလွဲမှားနေသည့် ပါယာသိစော်ဘွားကြီးအား ဆန်းကြယ်စွာ ဟောတော်မူအပ်သည်မှာ အထူးဖတ်ရှုထိုက်သော တရားတော် ဖြစ်ခြင်းကြောင့် ကမ္ဘာသူ

ကမ္ဘာ့သားတို့အကျိုး၄ါ သုတ်မဟာဝ ါပါဠိတော် ပါယာသိ ရာဇည သုတ်၌ ရှည်လျားစွာ လာရှိသည်တို့အနက် အချို့ကို နမူနာအဖြစ်ဖြင့် ဖေါ်ပြပေအံ့။

စော်ဘွားကြီးက-အရှင်ကဿပအကျွန်ုပ်၏ဆွေမျိုးရင်းချာတို့တွင် မကောင်းမှုကို အစဉ်ပြုလုပ်နေသူသည်တို့ရှိခဲ့၏။ထိုသူတို့အား သေခါနီးတွင် အကယ်၍ငရဲရှိ၍ ငရဲခံရလျှင် ငါ့အား လာရောက်ပြောကြားပါဟု မှာလိုက် သော် လည်း တ ဦး တယောက်မျှ လာရောက်ပြောကြားခြင်း မပြုချေ။ ထို့ကြောင့် ကံအကျိုးပေးရှိသည်ကို မယုံကြည်ပါ။

အို....စော်ဘွားကြီး- သင်၏နယ်တွင်း၌ သူခိုး,ဓားပြကိုမိ၍ အာဏာသားတို့အားထိုသူကိုကြိုးဖြင့်တုပ်နှောင်ခေါ်ဆောင် လျက် လူဆိုးတို့သတ်ရာအရပ်တွင် သွားရောက် သတ်စေဟု အမိန့်ပေး၏။

အာဏာသားတို့သည် လူဆိုးကိုတုပ်နှောင်လျက်လူသတ် ရာဌာနသို့ ခေါ်ဆောင်သွား၏။ ထမ်းတွင် ထိုလူဆိုးက အို- အချင်းတို့၊ အိမ်တွင်ကျန်ရစ်သူတို့အား စကားအရပ်ရပ်တို့ကို မှာကြားရန် ခေတ္တအိမ်ပြန်ခွင့် ပြုပါဟု တောင်းဆိုသော် ခွင့်ပြုကြပါမည်လော။

စော်ဘွားကြီးက-အရှင်ကဿပ ခွင့်ပြုကြမည်မဟုတ်ပါဟု လျှောက်ထားလေသည်။

အို....စော်ဘွားကြီး-ထိုနည်းတူစွာ ငရဲထိန်းတို့သည်ငရဲကျ လာသူအား သင်စော်ဘွားကြီးထံသို့ လာရောက် ပြောဆိုခွင့် ကို ပေးလိမ့်မည်မဟုတ်ချေ။

အရှင်ကဿပ-ဤသို့ဖြင့်လည်း မိမိအယူကိုမပြောင်းနိုင်ပါ။ အကြောင်းသော်ကား-အကျွန်ုပ်၏ဆွေမျိုးရင်းချာတို့ အနက် ဘောင်းမှုကိုအစဉ်ပြုနေသူများအားသေခါနီးတွင်အကယ်၍ နတ်ပြည်သို့ရောက်အံ့ငါအားလာရောက်ပြောပါဟုမှာလိုက် သော်လည်း မည်သူတဦးတယောက်မျှလာရောက်ပြောကြား ခြင်းမပြုပါ။ ထို့ကြောင့် ကံ အ ကျိုး ပေး ရှိသည် ကို မယုံ ကြည်ပါ။

အိုစော်ဘွားကြီး-ယောက်ျားတဦးသည် မစင်တွင်းသို့ ကျ ရောက်ခဲ့ရာ ထိုယောက်ျားကို အသင်စော်ဘွားကြီးဆယ်ယူ စေ၏။ သန့်ရှင်းစွာ ရေချိုးစေလျက် နံ့သာ အမွှေး အကြိုင် တို့ဖြင့် လိမ်းကျံစေ၏။ အဝတ်ကောင်းတို့ကို ဝတ်စေလျက် ပြသာဒ်ထက်၌ထား၏။ စားကောင်းသောက်ဖွယ်တို့ကိုကျွေး လျက် ကာမဂုဏ်တို့ကို ခံစားစေ၏။ အိုစော်ဘွားကြီး ထို သူသည် မစင်တွင်းသို့ ပြန်လည်သက်ဆင်းလိုသော ဆန္ဒရှိပါ အံ့လော။ လူတို့၏ အနံ့အသက်သည် ယူဇနာတရာ၌ ရှိစေ ကာမူ နတ်တို့အား အလွန်နှိပ်စက်လေသည်။

အရှင်ကဿပ-ဤသို့ဖြင့်လည်းမိမိအယူကိုမပြောင်းနိုင်ပါ။ အကြောင်းသော်ကား- တာဝတိံသာဘုံ ရှိသည်ကိုဝင်း၊ တာဝတိံသာ၌ရှိသော နတ်တို့၏အသက်ကိုဆိုသော်လူတို့၏ အရေအတွက်အားဖြင့် အနှစ်တရာသည် တာဝတိံသာ၌ တညဉ့်တနေ့သာဖြစ်၏။ ထိုညဉ့်ပေါင်း သုံးဆယ်သည်တလ။ ထို ၁၂-လသည် တနှစ်။ ထိုနှစ်ဖြင့် အနှစ် တထောင်သည် တာဝတိံသာနတ်တို့၏ အသက်အပိုင်းအခြားဖြစ်၏ဆိုသည် ကို မယုံကြည်။

အိုစော်ဘွားကြီး-အမိဝမ်းတွင်းကကန်းလာသောသူသည် ဤကား အမဲတည်း၊ ဤကားအဖြူတည်းဟုပြောသော်လည်း မသိမမြင်ရာ။ စင်စစ်သော်ကား အဖြူ အမဲ အရောင်အဆင်း သည် ရှိသည်သာတည်း။

ဤသည်တို့ကား-များစွာသော ဥပမာတို့မှ အနည်းငယ် အတိုချုပ် သဘောကို ကောက်နုတ် ဖေါ်ပြခြင်း မျှသာဖြစ် လေသည်။

ထိုမှဆက်လက်ခါ အမျိုးမျိုးသော ဥပမာတို့ဖြင့်ဆောင်၍ ဟောသော်လည်း မိမိအယူဝါဒကို မပြောင်းနိုင် ဟူ၍သာ ခံနေပေတော့၏။

သို့ရာတွင် ဟောတော်မူပါများလတ်သော် အဖြေတမျိုး ပြောင်းလာလေသည်။ အဖြေသစ်မှာ—

အရှင်ကဿပ၊အကျွန်ုပ်၏ မှားယွင်းသော အယူကိုစွန့် လွှတ်ရန်မတတ်နိုင်ပါ။အကြောင်းသော်ကား ပါယာသိရာဇည သည် တပါးသောလောကမရှိ။ သတ္တဝါသည် တဖန်ပြန်၍ မဖြစ်။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးပေးသည် မရှိ။ ဤသို့အယူကို ယူ၏။ ဤသို့ပြောဆိုလေ့ရှိ၏ဟု မင်းအ များတို့ သိပြီးဖြစ်၏။အကယ်၍ ဤမှားသောအယူကို စွန့်လွှတ် ပါက ပါယာသိရာဇည သည် မိုက်လေစွတကား၊ ယုတ်ညံ့ လေစွတကားဟု စသည်တို့ဖြင့် အပြစ်တင်ကဲ့ရဲ့ခြင်းကို ပြုကြ ပါလိမ့်မည်။ ထို့ကြောင့် မိမိ၏အယူမှားကို စွန့်လွှတ်ရန် မတတ်နိုင်ပါ။ (ဤကား အဖြေသစ်ပေတည်း)။

ထိုအခါ အရှင်ကုမာရကဿပသည် တဖန် လှည်းသမား ခေါင်းဆောင်ကြီး နှစ်ဦးကို ဥပမာဆောင်၍ ဟောတော်မူ

ပြန်၏။ ထို့နောက်တဖန် ဝက်ခွေးသော ယောက်ျားဥပမာကို ဆောင်၍ ဟောတော်မူပြန်၏။ ထိုမှတဖန် အန်စာ ကစား သမားဥပမာကို ဆောင်၍ ဟောတော်မူပြန်၏။ ပါယာသိ စော်ဘွားကြီးသည် မိမိပြောဆိုမိနေခြင်းကြောင့် မိမိအယူ မှားကို စွန့်လွှတ်ခြင်းငှါ မတတ်နိုင်တော့ပါဟူ၍သာပြောဆို နေလေသည်။

ထိုအခါ အရှင်ကုမာရ ကဿပ မထေရ်မြတ်က တဖန် ဟောတော်မူပြန်သည်မှာ-

အို....စော်ဘွားကြီး၊ ရှေးအခါကမိတ်ဆွေနှစ်ဦးတို့သည် တိုင်ပင်ကြလျက် ရွာပျက်ကြီးများသို့ဥစ္စာပစ္စည်းရရှိစိမ့်သော ငှါ သွားရောက်ရှာဖွေကြ၏။ ရွာပျက်သို့ ရောက်သောအခါ လျှော်တို့ကိုရရှိသဖြင့် မိတ်ဆွေနှစ်ဦးတို့သည် နိုင်သမျှကိုထမ်း ဆောင်၍ ယူခဲ့ကြလေ၏။

ရှေ့ရွာပျက်တခုသို့ ရောက်သောအခါ ချည်ခင် များကို တွေ့ရှိရာ တဦးသောမိတ်ဆွေက တဦးသော မိတ်ဆွေအား "လျှော်တို့ကိုစွန့်၍ ချည်ခင်တို့ကိုထမ်းဆောင်သွားကြစေအံ့" ဟု ပြောဆို၏။

ထိုအခါ ကျန်တဦးက "လျှော်တို့ကို ဝေးလံသောအရပ်မှ ကောင်းစွာထုတ်လျက် ထမ်းဆောင်လာခဲ့ရသဖြင့် ဤလျှော် တို့ကို မစွန့်ခဲ့နိုင်ပါ။ ဤ လျှော် မျှ ဖြင့် တော်ပါပြီ" ဟု ပြောဆို၏။

တဖန် ရွာပျက်တခုသို့ ရောက်ပြန်သော် အထည် အဝတ် များကို တွေ့ရှိရာ ချည်ခင်ထမ်းလာသောမိတ်ဆွေက "ချည်ခင် နှင့်လျှော်တို့ကိုစွန့်၍ အထည် အဝတ် များကို ထမ်းဆောင်

သွားကြကုန်အံ့”ဟုပြောဆိုရာလျှော်ထမ်းသမားသည် ယခင် အတိုင်းပင်ပြောဆိုလျက် လျှော်တို့ကိုသာ ထမ်းမြဲ အတိုင်း ထမ်းဆောင်လာ၏။

ရွာပျက်တခုသို့ ရောက်ပြန်သော် အထည်အဝတ် တို့ကို ထမ်းဆောင်လာသောမိတ်ဆွေက “အထည်အဝတ်နှင့်လျှော် တို့ကိုစွန့်၍ ငွေခွက်တို့ကို ထမ်းဆောင် သွားကြကုန်အံ့” ဟု ပြောဆိုရာ လျှော်ထမ်းသမားသည် ယခင်အတိုင်းပင်ပြောဆို လျက် လျှော်ကိုသာ ထမ်းဆောင်လာ၏။

နောက်ဆုံး၌ ရွှေခွက်များရှိသော ရွာပျက်ကြီးသို့ရောက် ပြန်ရာ ရွှေခွက်တို့ကို ထမ်းဆောင် လာ သော မိတ်ဆွေက “ငွေခွက်နှင့် လျှော်တို့ကိုစွန့်၍ ရွှေခွက်တို့ကို ထမ်းဆောင် သွားကြကုန်အံ့”ဟု ပြောဆိုရာ လျှော်ထမ်းသမားက “မိမိ သည် ဝေးလံလှစွာသော အ ရပ် မှ ကောင်း စွာ ထုတ် လျက် ပင်ပန်းကြီးစွာ လျှော်တို့ကို ထမ်းဆောင် လာခဲ့ရသဖြင့် ဤ လျှော်တို့ ကို မစွန့်ခဲ့နိုင်ပါ။ ဤလျှော်မျှဖြင့်တော်ပါပြီ၊သင်သာ လျှင် သင်အလိုရှိသည်ကိုပြုလော့”ဟုဆို၍ လျှော်တို့ကိုထမ်း ဆောင်မြဲအတိုင်း ထမ်းဆောင်လာ၏။

ထိုသူနှစ်ဦးတို့သည် မိမိတို့ရပ်ရွာသို့ပြန်လည်ရောက်ရှိလာ သောအခါ ရွှေတို့ကိုထမ်းဆောင်လာသူ၏အိမ်သားတစုတို့ သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရကုန်၏။ လျှော်ထမ်းလာ သူ၏ အိမ်သားတစုတို့ကား မနှစ်သက်ကြကုန်။

အိုစေဘ်ွားကြီး၊ အသင်စော်ဘွားကြီးသည် လျှော်တို့ကို ထမ်းဆောင်လာသောသူနှင့် တူလှသည်မှာ ထင်ရှားလှပေ တော့၏။ အသင်စော်ဘွားကြီး၏ မိစ္ဆာအယူကို စွန့်လော့။

အသင်စော်ဘွားကြီးအား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးယုတ်လျော့ခြင်း ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့်ဟု ဟောတော်မူ၏။

ဤ ဒေသနာတော်တွင် ပါယာသိ ရာဇည စော်ဘွားကြီးသည် ကုသိုလ်ကံ, အကုသိုလ်ကံအကျိုးပေးစသည်တို့ကိုမယုံကြည်သော မိစ္ဆာအယူကိုစွန့်လျက် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်းသို့ ရောက်ရှိလာလေသည်။

အမှာ။ ။ထိုသုတ္တန် ဒေသနာတော်တွင် လာရှိသည့်တို့မှာ ဖတ်ရှုသူတို့၏ အသိဉာဏ်ကို အထူးပွင့်လင်းစေမည့်အတွက်အပြည့်အစုံ ဖေါ်ပြလိုသော်လည်း ဤကျမ်းမှာ ကျမ်းငယ်မျှသာဖြစ်ခြင်းကြောင့် မူရင်း တရားတော်ကို အစမှအဆုံးတိုင်ဖတ်ရှုတော်မူကြပါရန်အထူး တိုက်တွန်းပါ၏။မိမိဟောပြောရေးသားပါက ကမ္ဘာသူ ကမ္ဘာသားတို့ အတွက် အထူး အကျိုးကျေးဇူးများဘွယ်ဖြစ်၏။ (ယခုအခါ မြန်မာဘာသာပြန်စာအုပ်များလည်းလွယ်ကူစွာရရှိနိုင်လေပြီ)။

ဤဒေသနာတော်ကိုဖေါ်ပြရခြင်း၏လိုရင်းအချက်ကြီးမှာ ဤကျမ်းငယ်ကို ပြုစုသော သာမန် လူတယောက်နှင့်တကွ မည်သည့်ပုဂ္ဂိုလ်မဆို ဘုရား,ရဟန္တာ ရှင်ပစ္စေကဗုဒ္ဓါမြတ်တို့ကလွဲလျှင် မှားတတ်စမြဲဖြစ်ခြင်းကြောင့် မိမိ၏ ရှေးအခါကစ၍ ယူဆချက်များသည် မှားသည်ဟုသိရှိပါကသိရှိသည်နှင့်

တပြိုင်နက် သောဝစသောတာ (Teachable တိချေဘဲလ်)ဂုဏ်နှင့်ပြည့်စုံသော ပညာရှိသူတော်ကောင်း ဖြစ်လာစေရန် မိမိအမှားကို စွန့်လွှတ်လျက် အမှန်ကို အမြန်ဆုံးယက်ခံရန်ဖြစ်လေသည်။

တနည်းဆိုသော်- ပညာရှိ သူတော်ကောင်း လက္ခဏာ စိုးစဉ်းမျှမပါသော"ကျားကျားမိးရပ်"ဆိုသော အကျင့်ဆိုးကို ကျင့်သုံးသောသူကဲ့သို့ရင်း, အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ဟိုသည် တရားစစ်,တရားမှန်ကို တွေ့ရှိသဖြင့် "သိဥ္စဉ်း"အား ခေါ်ပါသော် လည်း အမှန်တရားသို့ မလိုက်နာဘိသကဲ့သို့ရင်း,အထက်ထွင် ဖေါ်ပြအပ်သော လျှော်ထမ်းသမား ဥပမာကဲ့သို့ရင်း, မဖြစ်ကြ စေရန်ဤတရားတော်ကို ဖေါ်ထုတ်ရေးသားရခြင်းဖြစ်လေသည်။

ပညာရှိ သူတော်ကောင်းဖြစ်လိုလျှင် ဝါ မိမိအကျိုးကို အလိုရှိသူသည်မိမိအမှားတွေ့ရှိက အမြန်ဆုံးပြင်ရလေသည်။ မိမိအမှားကို သိရှိနိုင်ရန် ပညာရှိသူတော်ကောင်းကို ဆည်းပူးရ၍ စာအုပ်ကောင်းကိုလည်း ဖတ်ရှုရလေသည်။

ပါဠိတော်

ဤကျမ်းသည် ပါဠိ တော် အ ရပ် ရပ် တို့ ၌ လာရှိသည့်အတိုင်း အသခ်ဘခါတနှင့် သခ်တခါတ်နှစ်ပါးတို့ကိုမှုတည်လျက် ကျမ်းပြုခြင်း ဖြစ်လေသည်။

ထို့ကြောင့် အသခ်ဘခါတ် သခ်တ ခါတ် တို့ နှင့် ဓမ္မသဘာဝတို့ဆက်စပ်လျက်ရှိသော အကြောင်းခြင်းရာ တို့ကို

စာဖတ်သူတို့၏ ပါရမီဓာတ်ခံအလိုက် စရိုက်နှင့်လျော်စွာသိရှိ ကျင့်သုံးနိုင်ရန် ကျမ်းဂန်အရပ်ရပ်တို့၌ လာရှိသည်တို့ကို ဖော်ပြပေးနေခြင်းဖြစ်၏။

ယင်းသို့ ပါဠိတော်များကို စာဖတ်သူတို့အကျိုးငှါဖော်ပြ ရာ၌ စာအားမရှိခြင်းကြောင့်ပါဠိတော်များကိုမဖတ်နိုင်ပါက ပါဠိတော်များကိုမဖတ်ဘဲချန်လှပ်ထားနိုင်ပါသည်။သို့သော် ပါဠိတော်ကို ကြိုးစား၍ ဖတ်ရှုတော်မူကြရန် အထူးတိုက် တွန်းပါသည်။ ပါဠိတော်ကို ဖတ်ရှု၍ သိရှိ ခံစားရသော အရသာနှင့် ဘာသာပြန်ကိုဖတ်ရှုရသဖြင့် သိရှိခံစားရသော အရသာတို့မှာ များစွာကွာခြားလှပေ၏။

ဥပမာဆိုသော်-မူရင်းစာက အင်္ဂလိပ်ဘာသာဖြစ်နေလျှင် မြန်မာဘာသာပြန်ကို ဖတ်ရသည်ထက် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရခြင်းက အဓိပ္ပါယ်ပို၍လေးနက်လှပါသည်။ ထိုနည်းတူ စွာ မူရင်းစာက မြန်မာဘာသာဖြစ်နေလျှင် အင်္ဂလိပ်ဘာသာ ပြန်ကို ဖတ်ရသည်ထက် မြန်မာဘာသာဖြင့် ဖတ်ရခြင်းက အဓိပ္ပါယ်ပို၍ လေးနက်လှပါသည်။ထိုနည်းတူစွာပါဠိတော် ကို ဖတ်ခြင်းက အနက်အဓိပ္ပါယ် ပြည့်စုံစွာ ရှေ့လျက် တရား အရသာကို ပို၍လေးနက်စွာ ခံစားရပါသည်။

ပါဠိတော်ကို လေ့လာဖတ်ရှုရန် ရွတ်ဆိုခြင်း အားဖြင့် ပရိယတ္တိ သာသနာတော်ကြီးကိုလည်း အားပေးချီးမြှင့်ရာသို့ ရောက်ပါသည်။ မိမိအတွက်လည်း ပါရမီရင့်သန်လာသည် ဘာမကပါဠိတော်ကိုဖတ်ပါများပါက,နာကြားရဖန်များက နားရည်ဝလျက် ပါဠိတော် အခေါ်အပြောများကို အလိုလို

လွှယ်ကူစွာရရှိလာပါသည်။ ဥပမာဆိုသော်- “နမောတဿ ဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ”ဆိုသည်ကိုအထူး မကျက်ရဘဲ ကြားရပန်များသဖြင့် အလိုလိုရရှိလာဘိသကဲ့သို့ ဖြစ်ပါသည်။

တဖက်တွင်လည်း ပါဠိတော်တွေ, ဘာတွေ လုပ်မနေပါ နှင့်ဟု ပေါ့ဆစွာ ပြောဆိုမိတတ်ပါသည်။ ယင်းသို့ ပြောဆို ခြင်းသည် ဘုရားရှင်တဆူတဆူပွင့်တော်မူပါမှ ကြားနာသိရှိ ရသော သာမုက္ကံသိက ဒေသနာတော်ကို မလေးမခန့် ပုတ် ခတ်ခြင်းပြုရာသို့ ကျရောက်ပါသည်။ထိုသို့ပါဠိတော်ကို ပုတ် ခတ်သူမှာ အပြစ်တင်အထင်သေးခြင်းကိုလည်း ခံရပါသည်။ ပရိယတ္တိ သာသနာတော်ကြီးကိုလည်း သေးသိမ် မှေးမှိန် အောင်ပြုလုပ်သည်နှင့်လည်း တူလှပေတော့၏။ တရားစကား ပြောဟောရာ၌ရင်း၊ စာပေရေးသားရာ၌ရင်းပါဠိတော်တို့ကို ကိုးကား ပြောဟော ရေးသား ခြင်းသည် တရားတော်၏ တန်ဘိုးကို ဆပေါင်းများစွာတိုးတက်လေးနက်စေပါသည်။ ထို့ကြောင့် ပါဠိတော်များကို နည်းများမဆို တနေ့ထက် တနေ့ ပိုမိုရရှိလာအောင် ကြိုးစားတော်မူကြပါလေ။

အကြောင်းခြင်းရာတို့ကို တဘာသာမှ အခြားတဘာသာ သို့ ဘာသာပြန် ဆိုသော အခါ အချို့ နေရာတွင် အနက် အဓိပ္ပါယ်တူသည့်ကိုရရှိ၏။အချို့နေရာတွင်အနက်အဓိပ္ပါယ် အရသာ တဆယ်ရာခိုင်နှုန်း ပေါ့ပျက်သွား၏။ အချို့နေရာ တွင် ရာခိုင်နှုန်းငါးဆယ်၊အချို့နေရာတွင်ရာခိုင်နှုန်းကိုးဆယ် ခန့် အရသာပေါ့ပျက်သွားပါသည်။ဥပမာ“အတ္တ” ဆိုသည်

ထို"ငါ"ဟူ၍၎င်း၊"အနတ္တ"ဆိုသည်ကို "ငါမဟုတ်, ကိုယ်မဟုတ်"ဟူ၍၎င်း ဘာသာပြန်ဆိုပါက ရှင်တော်ဘုရားအလိုရှိတော်မူအပ်သော နဂိုရ်ရင်းအနက်အဓိပ္ပါယ်နှင့်များစွာကွာခြားသွားပေတော့၏။

ထို့ကြောင့် စူဠဝါပါဠိတော် (ခုဒ္ဒက ဝတ္ထုက္ခန္ဓက) ၌ ပုဏ္ဏားအမျိုးမှ ရဟန်းပြုသော ရဟန်းညီနောင်တို့က"အရှင်ဘုရား,အရှင်ဘုရား၏ စကားတော်များကို ယခု အခါ လူအမျိုးမျိုးတို့က မိမိတို့ ဘာသာစကားဖြင့် ထင်ရာ ပြောဆိုဖျက်ဆီးနေကြပါသည်ဘုရား။ ထို့ကြောင့် အရှင်ဘုရား၏ စကားတော်များကို အလွယ်တကူ နားလည်စေရန် သက္ကတ ဘာသာဖြင့် ပြန် ဆို ပါ မည် ဘု ရား ဟု လျှောက် ထား ကြလေသည်။

ထိုအခါရှင်တော်ဘုရားက ငါဘုရား၏စကားတော်များကို သက္ကတ ဘာသာဖြင့် ပြန်ဆိုခြင်းကို မပြုအပ်။ သိလိုသော် ငါဘုရား၏ စကားတော်ကို မိမိတို့ ဘာသာဖြင့် နားလည်အောင် သင်ယူရန် ခွင့်ပြုတော်မူ၏။ အကယ်၍ ဘာသာပြန်ဆိုသော်-

န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော
အာရောပေတဗ္ဗံ,ယော အာရောပေယျ အာပတ္တိ ဒုက္ကဋဿ။

ဒုက္ကဋ်အာပတ်သင့်စေဟူ၍ မိန့်ဟ ပညတ်တော်မူလေသည်။

ထို့ကြောင့် ပါဠိတော်များကို ဘာသာပြန်ဆိုရာ၌အထူးသတိပြုအပ်လေသည်။ ဥပမာပြရသော်-

ပထဝီဓာတု - Earth (အ၀်)
အာပေါဓာတု - Water (ဝါးတား)
တေဇောဓာတု - Fire (ဖိုင်းယား)
ဝါယောဓာတု - Air (အဲယား)

ဟူ၍ အချို့ အနောက်နိုင်ငံ ဘာသာပြန် စာအုပ်များတွင် တွေ့ရှိရ၏။ ပါဠိတော်၌လာရှိသော ပထဝီဓာတု ဆိုသည်မှာ မြေကြီးကို ဆိုလိုသည်မဟုတ် ပထဝီ ဓာတ်သဘော, ဓမ္မသဘာဝကိုဆိုခြင်းဖြစ်၏။ ဓာတ်သဘောဆိုသည်မှာ ပညာမျက်စိဖြင့်သာ မြင်ရ၏။ လက်ဖြင့် ကိုင်တွယ် တွေ့ထိ၍ မရကောင်း။ ပရမတ်သဘောဖြစ်၏။ Earth (အ၀်) ဆို သည်မှာ "မရှိ" ပညတ်ဖြစ်နေ၏။

တဖန်ပြန်ဆိုရသော်"ဓာတု"ဓာတ်ဆိုသည်ကို Element (အဲလီမင့်)ဟူ၍ ပြန်ဆိုသည်ကို တွေ့ရှိရ၏။ ဤ၌လည်း ဓမ္မသဘာဝကို ပြောရာ နိုင်ငံခြားသားတို့က အစိုင်အခဲကို သိရှိနားလည်သွားပြန်တော့၏။ ဥပမာပြရသော်—

Iron - သံ
Lead - ခဲ
Silver - ငွေ
Tin - သံဖြူ
Zinc - သွတ်

စသည်တို့ကို Element (အဲလီမင့်)ဟူ၍ နိုင်ငံခြားသားတို့ သိရှိနားလည် ထားကြလေသည်။ ထို့ကြောင့် "ဓာတု" ဓမ္မသဘာဝဆိုသည်ကို Element ဟုပြန်ဆိုလိုက်လျှင် ပါဠိတော်လိုရင်းသို့ မဆိုက်ရောက်တော့ပြီ"ဓာတု" ဆိုသည်မှာ

နိသတ္တ, နိဇီဝဓမ္မ သဘာဝ သက်သက်ကိုပညာမျက်စိဖြင့်သာ သိမြင်အပ်လေသည်။

တဖန် ဆက်လက်ဖော်ပြလိုပြန်သည်မှာ "အနိစ္စ" ဟူသော ပါဠိတော်ကို State of Flux ဟု အ နောက် နိုင် ငံ သား တို့ ဘာသာပြန်ဆိုထားသည်ကို တွေ့ရှိရ၏။

**State of Flux** ဆိုသည်မှာ လော က ဓာတ် ဆရာများ အနုမြူ အမှုံ,အမွှား ကလေးများကို စုံစမ်း လေ့လာသော အခါ ထိုအနုမြူ အမှုံ အမွှား ကလေးများသည် တနေရာ တည်းတွင် အတည်မနေ ဤမှ ထိုမှ အစဉ်မပြတ် ဒလစပ်ရွေ့လျားသွားလာနေခြင်းကို ခေါ်ဆိုကြခြင်းဖြစ်လေသည်။

Matter can neither be
created nor destroyed.

ထိုအနုမြူ အမှုံ အမွှား ကလေးများကို မည်သည်ကမျှ ဖြစ်ပေါ်လာအောင် မဖန်တီးနိုင်။ ထိုနည်းတူစွာ မည်သည် ကမျှ ပျောက်ပျက်သွားအောင်မဖျက်ဆီးနိုင်ဟုလောကဓာတ် ဆရာများ သိမှတ်ထားကြလေသည်။

ပါဠိတော်၏ အနိစ္စသဘောကား-ထိုသို့တနေရာမှ တနေ ရာသို့ အစဉ် ရွေ့ပြောင်းနေခြင်းမျှကို ဆိုလိုသည် မဟုတ်။ ထိုမျှမက ရုပ်ဓာတ်ဘည် ပြုပြင်ခြင်းခံရ၏။ ချုပ်ပျောက်သွား ရ၏။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်, ခန္ဓသံယုတ်, အနိစ္စဝဂ်, နောက်ဆုံးသုတ်၌—

ရူပံခေါ အာနန္ဒ အနိစ္စံ သင်္ခတံ
ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ

ဝိရာဂဝမ္ဗ နိရောဓ ဓမ္မတသ
နိရောဓော နိရောဓောတိ ဝုစ္စတိ။

ဘာသာပြန်။ ။အာနန္ဒာ ရုပ်သည်မမြဲ, အပြုပြင် ခံရ၏။ အကြောင်းကိုစွဲ၍ဖြစ်၏။ ကုန်ခန်းခြင်းသဘောရှိ၏။ ပျက်စီးခြင်းသဘောရှိ၏။ ကင်းပြတ်ခြင်း သဘောရှိ၏။ ချုပ်ခြင်းသဘောရှိ၏။ ထိုရုပ်၏ချုပ်မှုကို ချုပ်မှုဟုဆိုရ၏။ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ပါဠိတော်၌ လာရှိသော အနိစ္စသဘောမှာ တနေရာမှ တနေရာသို့ရွှေ့ပြောင်းခြင်း သဘောမျှသာမက လုံးဝကင်း ပျောက်၍ ချုပ်မှုကိုဟောတော်မူခြင်းဖြစ်ရာState of Fluxဆို သောဘာသာပြန်နှင့် များစွာ ကွာ ခြား လျက် ရှိ ရုံ မျှ မက သဿတဒိဋ္ဌိနှင့် ငြိတွယ်နေပြန်တော့၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ပုဏ္ဏား ညီနောင်တို့အား ပါဠိတော်ကို ဘာသာမပြန်ရ။ သိနားလည်အောင်ငါဘုရား စကားတော်ကို ၎င်းတို့ဘာသာဖြင့်သာ သင်ယူစေရမည်ဟု ပညတ်တော်မူခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့် ဘာသာ ပြန်ကြရာတွင် အထူးသတိပြုကြရ ပေလိမ့်မည်။ ဓမ္မသဘာဝကို ဆိုက် အောင် မ ပြန် နိုင် လျှင် (အဗ္ဘာစိက္ခန္တိ) ဗု ဒ္ဓ မြတ် စွာ အား စွပ် စွဲ ရာ ကျ ရောက် ပေ လိမ့်မည်။

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော် များမှာ ရှေးကရှိပြီးသော စကားလုံးများစွာပါရှိ၏။ ရှေးက မသုံးစွဲ မပေါ်ပေါက်ခဲ့ဘူးသေးသောစကားလုံးများစွာလည်း ပါရှိ ၏။ ထို့ကြောင့် ရှင်တော်ဘုရား ပွင့်တော်မူလာသောအခါ

စကားလုံးများ တိုးတက်ကြွယ်ဝ များပြားလာ၏။ ဤစကား သည် မှန်၏။ထို့ကြောင့်ပဋိဝါပါဠိတော်(သမုဋ္ဌာနသီသ)၌-

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ
ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ
တေသံ သဘာဝ ဓမ္မာနံ
နာမမတ္တံ န နာယတိ။

အနက်ကား။ ။ဗုဒ္ဓစန္ဒေ- ဘုရားတည်းဟူသော လမင်း သည်၊အနုပ္ပန္နေ-ပွင့်တော်မမူသည်ရှိသော်၊ ဗုဒ္ဓါဒိစ္စေ- ဘုရား တည်းဟူသောနေမင်းသည်၊ အနုဂ္ဂတေ- တက်လျက်မပေါ် ထွက်သည်ရှိသော်၊တေသံသဘာဝဓမ္မာနံ-ထိုဓမ္မသဘာဝဖြစ် သောသင်္ခတ,အသင်္ခတ,ရုပ်,အဇ္ဈတ္တိသ,နာမ်တေပညာသသစ္စာ လေးပါး, မဂ္ဂင်ရှစ်ပါး, ပဋိစ္စသမုပ္ပါဒ်, အနိစ္စ,ဒုက္ခ, အနတ္တ စသောတရားများ၏ အမည်နာမကိုပင်၊ နနာယတိ - မသိ မထင်ဟုလာရှိလေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် သူတပါးထံမှ နည်းမရဘဲ မိမိကိုယ် တော်တိုင် ကျင့်တော်မူလျက် နိဗ္ဗာန်သို့ စံမြန်းတော်မူလေ သည်။

သို့ရာတွင် မိမိသိရှိသောတရားတော်တို့ကိုနာမည်ပေးခြင်း ၌ာ စွမ်းအားတော် မရှိခြင်းကြောင့် သူတပါးအား နားလည် အောင် တရားဟောတော်မူခြင်း၌ာ မစွမ်းဆောင်နိုင်ချေ။

အထက်တွင် ဖေါ်ပြအပ်သော အကြောင်း ခြင်းရာ တို့ကြောင့် ပါဠိတော်ကို အပြစ်မဆိုဘဲ ပါဠိတော်ကိုဖတ်ရှု နိုင်အောင် ကြိုးစားတော်မူကြပါလေ။ ပဌမတွင် မဖတ်ရှုနိုင် သေးပါကနိသျ,ဘာသာပြန်,အဘိဓာန်တို့နှင့်တွဲ၍ဖတ်ရှုတော်မူ

ပါသေး၊ဖတ်ရှုဖန်များသော်ပါဠိတော်၏ထူးခြားသောအနက်အဓိပ္ပါယ် အရသာတို့ကို ကိုယ်တိုင်တွေ့ရှိ ခံစားရပေထတံ့။

ဓမ္မကထိက

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ, ကိတ္တာဝတာ နုခေါ
ဘန္တေ ဓမ္မကထိကော ဟောတိတိ။

အဓိပ္ပါယ်သော်ကား။ အရှင်ဘုရားတရားဟောတတ်သောသူကို ဓမ္မကထိက ပုဂ္ဂိုလ် ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ခေါ်ဆိုအပ်ပါ၏။ အဘယ်မျှလောက်သောအရည်အချင်းအတိုင်းအထွာတို့ဖြင့် ဓမ္မကထိကမည်သည် ဖြစ်ပါသနည်း အရှင်ဘုရား။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်, ခန္ဓသံယုတ်, ဓမ္မကထိကဝဂ်, ဓမ္မကထိကသုတ်)။

ရူပဿစ ဘိက္ခု နိဗ္ဗိဒါယ
ဝိရာဂါယ နိရောဓာယ ဓမ္မံ
ဒေသေတိ ဓမ္မကထိကော
ဘိက္ခုတိ အလံဝစနာယ။

စသည်ဖြင့် ထိုပါဠိတော်၌ ဆက်လက် လာရှိလေသည်။ အနက်အဓိပ္ပါယ်သော်ကား—

အို-ရဟန်း၊ အကယ်၍ ရုပ်ကို ငြီးငွေ့စေခြင်းငှာ, ရာဂကင်းစေခြင်းငှာ, ချုပ်စေခြင်းငှာ တရားကိုဟောအံ့၊ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ခေါ်ဆိုခြင်းငှာသိုက်၏ဟု ရှင်တော်ဘုရား ဟောကြားတော်မူ၏။

ထိုပါဠိတော်၌ ဆက်လက် လာရှိသည်မှာ-

အိုရဟန်း၊ အကယ်၍ ရုပ်ကိုငြီးငွေ့ခြင်းငှာ, ရာဂကင်းခြင်းငှာ ချုပ်ခြင်းငှာကျင့်သည်ဖြစ်အံ့၊ လောကုတ္တရာတရား မဂ်, ဖိုလ်, နိဗ္ဗာန်အား လျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊ အကယ်၍ ရုပ်ကို ငြီးငွေ့ခြင်းကြောင့်, ရာဂကင်းခြင်းကြောင့်,ချုပ်ခြင်းကြောင့် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလန်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်သည် ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်းအကယ်၍ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုငြီးငွေ့စေခြင်းငှာ, ရာဂကင်းစေခြင်းငှာ,ချုပ်စေခြင်းငှာ တရားကို ဟောအံ့၊ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိကဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊အကယ်၍ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုငြီးငွေ့ခြင်းငှာ, ရာဂကင်းခြင်းငှာ, ချုပ်ခြင်းငှာကျင့်သည် ဖြစ်အံ့။ လောကုတ္တရာ တရား, မဂ်, ဖိုလ်, နိဗ္ဗာန်အား လျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊အကယ်၍ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုငြီးငွေ့ခြင်းကြောင့်, ချုပ်ခြင်းကြောင့်,တဏှာ ဒိဋ္ဌိ တို့ဖြင့် မစွဲလန်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်သည် ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက် သော ရဟန်းဟူ၍ ခေါ်ဆိုထိုက်၏ ဟူ၍ ရှင်တော်ဘုရားသည်

ဓမ္မကထိက အရည်အချင်းအတိုင်းအထွာကို ဖြေကြားဟော တော်မူလေသည်။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်, သဠာယတနသံယုတ် နဝ ပုရာဏဝဂ်, ဓမ္မကထိကသုတ်၌ လာရှိသည်မှာ-

အရှင်ဘုရား ဓမ္မကထိက,ဓမ္မကထိကဟူ၍ခေါ်ဆိုအပ်ပါ သည်ဘုရား။အဘယ်မျှလောက်သော အရည်အချင်းအတိုင်း အထွာတို့ဖြင့် ဓမ္မကထိက မည်သည် ဖြစ်ပါသနည်းဟု ရဟန်း တပါးသည် ရှင်တော်ဘုရားအား လျှောက်ထားလေသည်။

စက္ခုဿစေ ဘိက္ခု နိဗ္ဗိဒါယ
ဝိရာဂါယ နိရောဓာယ ဓမ္မံ
ဒေသေတိ ဓမ္မကထိကော
ဘိက္ခူတိ အလံဝစနာယ။

စသည်ဖြင့် ရှင်တော်ဘုရားဟောကြားတော်မူလေသည်၊ အနက် အဓိပ္ပါယ်သော်ကား-

အိုရဟန်း၊စက္ခုပသာဒကို ငြီးငွေ့စေခြင်းငှာ,ရာဂကင်းစေ ခြင်းငှာ, ချုပ်စေခြင်းငှာ အကယ်၍ တရားကိုဟောအံ့။ ထို ရဟန်းအား တရားဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာထိုက်၏။

အိုရဟန်း၊စက္ခုပသာဒကို ငြီးငွေ့ခြင်းငှာ, ရာဂကင်းခြင်း ငှာ,ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့၊ လောကုတ္တရာ တရား, မဂ်,ဖိုလ်,နိဗ္ဗာန်အား လျော်သောအကျင့်ကိုကျင့်သောရဟန်း ဟူ၍ ခေါ်ဆိုခြင်းငှာထိုက်၏။

အိုရဟန်း၊စက္ခုပသာဒကိုငြီးငွေ့ခြင်းကြောင့်, ရာဂကင်း ခြင်းကြောင့်,ချုပ်ခြင်းကြောင့် တဏှာဒိဋ္ဌိတို့ဖြင့်မစွဲလမ်းသော

ကြောင့် အကယ်၍ကိလေသာတို့မှလွတ်မြောက်သည်ဖြစ်အံ့။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒတို့ကို ငြီးငွေ့စေခြင်းခြင်း, ရာဂ ကင်းစေခြင်းငှာ, ချုပ်စေခြင်းငှာ အကယ်၍ တရားကိုဟောအံ့။ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာထိုက်၏။

အို-ရဟန်း။ သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒတို့ကို ငြီးငွေ့ခြင်းငှာ, ရာဂကင်းခြင်းငှာ, ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့။ လောကုတ္တရာ တရား, မဂ်, ဖိုလ်, နိဗ္ဗာန်အား လျော်သောအကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာထိုက်၏။

အို-ရဟန်း၊ သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ တို့ကို ငြီးငွေ့ခြင်းကြောင့်, ရာဂကင်းခြင်းကြောင့်, ချုပ်ခြင်းကြောင့် တဏှာ ဒိဋ္ဌိ တို့ဖြင့် မစွဲလန်းသောကြောင့် အကယ်၍ ကိလေသာတို့မှလွတ်မြောက်သည်ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စိတ်ကို ငြီးငွေ့စေခြင်းငှာ, ရာဂကင်းစေခြင်းငှာ, ချုပ်စေခြင်းငှာ အကယ်၍ တရားကိုဟောအံ့၊ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုး-ရဟန်း၊စိတ်ကိုငြိုးငွေ့ခြင်း၄ာ, ရာဂကင်းခြင်း၄ာ, ချုပ်ခြင်း၄ါ ကျင့်သည်ဖြစ်အံ့။ လောကုတ္တရာတရား, မဂ်, ဖိုလ်, နိဗ္ဗာန်အား လျော်သောအကျင့်ကိုကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်း၄ာထိုက်၏။

အိုး-ရဟန်း၊စိတ်ကို ငြိုးငွေ့သည်ဖြစ်၍, ရာဂကင်းသည်ဖြစ်၍,ချုပ်သည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလန်းသောကြောင့် အကယ်၍ ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်အံ့။ မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်း၄ာထိုက်၏ဟူ၍ရှင်တော်ဘုရားဟောကြားတော်မူလေသည်။

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ ကိတ္တာဝတာ နုခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဤအမေးကို နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်, အာဟာရဝဂ်, ဓမ္မကထိကသုတ်၌ ရဟန်းတပါးသည် မေးလျှောက်၏။

အမိပ္ပါယ်သော်ကား-အရှင်ဘုရားဓမ္မကထိက, ဓမ္မကထိကဟူ၍ ခေါ်ဆိုပါသည်ဘုရား။ အဘယ်မျှသော အကြောင်းခြင်းရာအားဖြင့် ဓမ္မကထိက မည်ပါ သနည်းဘုရား။

ထိုအခါ ရှင်တော်ဘုရားက ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို မူတည်လျက် ဟောတော်မူရာမှ ဤတွင် သက်ဆိုင်ရာကို ကောက်နုတ် ဖေါ်ပြရသော်-

အိုး-ရဟန်း၊ဝိဉာဏ်,နာမ်ရုပ်,ဝေဒနာ,တဏှာ, ဘဝစသည်တို့ကို အကယ်၍-

နိဗ္ဗိဒါယ = ငြီးငွေ့စေခြင်းငှာ၊
ဝိရာဂါယ = တပ်မက်ခြင်းကင်းစေခြင်းငှာ
နိရောဓာယ = ချုပ်စေခြင်းငှာ၊
ဓမ္မံ = တရားတော်ကို၊
ဒေသေတိ = ဟောပြောအံ့၊

တံဘိက္ခုံ-ထိုရဟန်းကို၊ ဓမ္မကထိကောဘိက္ခူတိ- ဓမ္မကထိက ရဟန်းဟူ၍။ အလံဝစနာယ- ခေါ်ဆိုခြင်းငှာ ထိုက်၏ဟူ၍ ရှင်တော်ဘုရားဟောကြားတော်မူလေသည်။

ဤ ပါဠိ ခတော်အရပ်ရပ်တို့ကိုထောက်လျှက်မိမိနာမည်နှင့် "ဓမ္မကထိက"ဘွဲ့ထူးကို ယှဉ်တွဲတပ်ဆင်ကြသော ပုဂ္ဂိုလ်တို့ အနက် ရှင်တော်ဘုရား အလိုရှိအပ်သော ဓမ္မကထိကဂုဏ်ပုဒ် နှင့်ပြည့်စုံကာ ဟောပြောတော် မူကြကုန်သော ပုဂ္ဂိုလ်တို့ အတွက် သာဓုခေါ်ပါ၏။အကယ်၍"ဓမ္မကထိက" ဘွဲ့ထူးကို ယူလျှက် ရှင်တော်ဘုရားအလိုရှိတော်မူအပ်သော ဂုဏ်အင်္ဂါ တို့နှင့် မပြည့်စုံသေးပါက ပြည့်စုံလုံလောက်အောင် ကြိုးစား တော်မူနိုင်ကြပါစေကုန်သတည်း။

ဓမ္မ ကထိက ၄-ဦး။

စတ္တာရော မေ ဘိက္ခဝေ
ဓမ္မကထိကာ ကတမေ စတ္တာရော။

အစရှိသော ပါဠိတော်ကိုရှင်တော်ဘုရားသည် အင်္ဂုတ္တိုရ် ပါဠိ တော်, စ တု က နိ ပါတ်, ပုဂ္ဂသ ဝဂ် ၌ ဟော တော် မူ လေသည်။

ယင်းပါဠိတော်၌ သာရှိသည်တို့ကို အတိုချုပ်ဖော်ပြ ရသော်-

အို-ရဟန်းတို့၊ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် လေးဦးရှိ၏။ အဘယ် လေးဦး နည်းဟူမူကား-

၁။ တဦးသော ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော ဟောပြော၏။ ထိုအနည်းငယ်သောတရားစကားမှာ အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်းမဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမဟုတ်။

၂။ တဦးသောပုဂ္ဂိုလ်သည် အနည်းငယ်မျှသာ ဟောပြော၏။ ထိုအနည်းငယ်သော တရားစကားမှာ အကျိုးစီးပွားကိုဖြစ်စေ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၏။

၃။ တဦးသော ပုဂ္ဂိုလ်သည် များစွာ ဟောပြော၏။ ထိုများစွာသောဟောပြောသည်တို့မှာ အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်းမဟုတ်။နိဗ္ဗာန်သို့ရောက်ကြောင်းတရားမဟုတ်။

၄။ တဦးသော ပုဂ္ဂိုလ်သည် များစွာဟောပြော၏။ ထိုများစွာသော ဟောပြောသည်တို့မှာ အကျိုးစီးပွားကိုဖြစ်စေ၏။နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၏။ အို-ရဟန်းတို့၊ ဤသို့လျှင် ဓမ္မကထိက ပုဂ္ဂိုလ် လေးဦးရှိ၏ဟု ဟောတော်မူလေသည်။

ဤ၌ သတိပြုတော်မူကြရန်ကား- ရှင်တော်ဘုရားရှိစဉ်ကပင်လျှင် အကျိုးစီးပွား များစေတတ်သော ဓမ္မသဘာဝ တရားတော်များ မပါမရှိသည်တို့ကိုဟောပြောလေ့ ရှိသော ဓမ္မကထိက အမည်ခံ ပုဂ္ဂိုလ်များရှိခဲ့ပါသေးလျှင် နှစ်ပေါင်း ၂၅၀၀-ကျော်ပြီဖြစ်ခဲ့သောယခုအချိန်၌အတုအပဓမ္မကထိကများ မည်မျှပေါများမည်ကို အထူးသတိ ပြုတော်မူအပ်လှပေသည်။

တရားပြကောင်း သောပုဂ္ဂိုလ်, တရား အဟော အပြော ကောင်းသောပုဂ္ဂိုလ်, ဝါ-တရားစစ် တရားမှန်ကို အနုသာ သနီနည်းဖြင့် ပြသနိုင်သော ဆရာကောင်း ရရှိရေး သည် အလွန်အကျူးအထူးအရေးကြီးလှပေသည်။

ထို့ကြောင့် မဟာဝဂ္ဂ သံယုတ်ပါဠိတော်, သောတပတ္တိ သံယုတ် သဂါထာ ပုညာဘိ သန္ဒဝဂ်၌-

စတ္တာရိ မာနိ ဘိက္ခဝေ
သောတာပတ္တိ ယင်္ဂါနိ ကတမာနိ စတ္တာရိ
သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ
ယောနိသော မနသိကာရော
ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ ဣမာနိခေါ ဘိက္ခဝေ
စတ္တာရိ သောတာပတ္တိ ယင်္ဂါနီတိ။

အနက်ကား။ ။ဘိက္ခဝေ-ရဟန်းတို့၊သောတာပတ္တိယင်္ဂါနိ သောတာပတ္တိမဂ်၏ ရှေ့အဖို့က ကြိုတင် ရ အပ် ကုန် သော အကြောင်းခြင်းရာ တို့ သည်၊ ဣ မာ နိ စတ္တာရိ- ဤ၄ -ပါး တို့တည်း။

စတ္တာရိ-၄-ပါးဟူသည်ကား-ကာတမာနိ- အဘယ်သည် တို့နည်း။

၁။ သပ္ပုရိသသံသေဝေါ- သူတော်ကောင်းတို့ကိုမှီဝဲခြင်း သည်၎င်း၊

၂။ သဒ္ဓမ္မဿဝနံ- သူတော်ကောင်း တို့ ၏ တ ရား ကို ကြားနာရခြင်းသည်၎င်း၊

၃။ ယောနိသော မနသိကာရော-အသင့်အားဖြင့် နှလုံး သွင်းခြင်းသည်၎င်း၊

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ-မဂ် ၄—ပါး, ဖိုလ် ၄—ပါး, နိဗ္ဗာန် တည်းဟူသောလောကုတ္တရာတရားကိုးပါးအား လျော်သော ဝိပဿနာ ဘာဝနာ အကျင့်မြတ်ကို ပွားများ ကျင့်သုံးခြင်း သည်၎င်း၊ ဘိက္ခဝေ-ရဟန်းတို့၊ သော တာ ပ တ္တိ ယ င်္ဂါ နိ- သောတာပတ္တိမဂ်၏ ရှေးအဖို့က ကြိုတင် ရရှိအပ်ကုန်သော အကြောင်းခြင်းရာတို့သည်၊ ဣမာနိ စတ္တာရိ-ဤ ၄-ပါးတို့ပေ တည်း၊ ဣတိ-ဤသို့၊ အဝေါစ-မိန့်တော်မူ၏။

ဤပါဠိတော်အရ တမဂ်,တဖိုလ်ရရှိရေး,ဝါ-သောတာပန် ဖြစ်ရေးမှာ သမထ ဘာဝနာ ပွား များ နည်း၊ ဝိ ပဿ နာ ဘာဝနာပွားများနည်းတို့ကို ပါဠိတော်နှင့် ကိုက်ညီအောင် (အနုသာသနီနည်းဖြင့်)မသိသည်ကို သိအောင်, နားမလည် သည်ကို နားလည်အောင်,သဘောမပေါက်သည်ကိုသဘော ပေါက်အောင်ဓမ္မသဘာဝတို့ကိုပြသပေးနိုင်သော(သပ္ပုရိသ သံသေဝ)သူတော်သူမြတ် ဆရာကောင်းရရှိရေးသည် အလွန် အလွန်, လွန်သည်ထက်လွန်အောင် အရေးကြီးလှပေသည်။

ထို့ကြောင့်တမဂ်,တဖိုလ်ကို ရလို၍ ဝိပဿနာဘာဝနာ ကို ကြိုးစားအားထုတ် ပွားများလိုသော သူတော်ကောင်း အပေါင်းတို့သည် ရှေးဦးစွာ ဆရာစစ်, ဆရာမှန် ရရှိရန်မှာ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ် ရမည်ထက်အရေး ကြီးသည်ကို အထူး သတိပြုအပ်လေသည်။

## အနုသာသနီနည်း။

အနုသာသနီနည်းဆိုသည်မှာ-ဒါကို သည်လိုလုပ်၊ဟိုဟာ ကို ဟိုလိုလုပ်-ဟု ဆိုသည်မျှ မဟုတ်ဘဲ ဘာ့ကြောင့် ဒါကို

သည့်လိုလုပ်ရသည်၊ ဟိုဟာကျတော့ ဘာ့ကြောင့် ဟိုလို လုပ်ရသည်ဆိုသော အကြောင်းနှင့် အကျိုး ဓမ္မသဘာဝ သဘောတရားတို့ကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ကိုက်ညီအောင် နားမလည်သည်ကို နားလည်အောင်, သဘောမပေါက်သည်ကိုသဘောပေါက်အောင် အမျိုးမျိုး သော ကျမ်းဂန်တို့ဖြင့်ဆောင်လျက် အာဂမယုတ္တိ, သဘာဝ ယုတ္တိ, သာဓကယုတ္တိတို့ဖြင့် သင်ပြပေးသောနည်းကိုအနုသာ သနီနည်းဟူ၍သိအပ်၏။

တနည်းဆိုသော်- စစ်ဗိုလ်သည် စစ်သားကို အမိန့်ပေး သောသဘောမျိုးမဟုတ်၊ စစ်သားက စစ်ဗိုလ်ကို ဘာမျှ ပြန်မမေးရဆိုသော အခြင်းအရာမျိုး မဟုတ်၊ ဝါ-တန်ခိုး, အာဏာမသုံးဘဲ နားမလည်သည်ကို နားလည်အောင်, သဘောမပေါက်သည်ကို သဘောပေါက်အောင် ကျမ်းဂန် ပါဠိတော်တို့၌ လာရှိသည်နှင့်အညီ ကျမ်းကိုကိုးကားလျက် ရှင်းလင်းပြသပေးသောနည်းကို အနုသာသနီနည်း ဟူ၍ သိအပ်၏။

တန်ခိုးဣဒ္ဓိပါဋိဟာရိယသုံးသောနည်းကို ရှင်တော်ဘုရား အလို မရှိချေ။ ခွင့်မပြုချေ။ ထို့ကြောင့် သုတ်သီလက္ခန် ပါဠိတော် ကေဝဋ္ဋသုတ်၌တရားတော်ပြသရာတွင်, ဝါ-သာသနာတော် မြတ်ကြီး တိုးပွားမှုအတွက် ဣဒ္ဓိပါဋိဟာရိယ နည်းကိုသော် ၎င်း၊ အာဒေသနာ ပါဋိဟာရိယ နည်းကိုသော်၎င်း အသုံး မပြုရ။ အနုသာသနီ နည်းကို သာလျှင် အသုံးပြုရမည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

အနုသာသနီနည်းဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူပုံကို နမူနာအဖြစ်ဖြင့် တခုသော တရားတော်ကို ဖေါ်ပြရသော် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်, ဝေဒနာသံယုတ် သဂါထာဝဂ်, ဂေလည သုတ်၌-

သတော ဘိက္ခုဝေ ဘိက္ခု သမ္ပဇာနော
ကာလံ အာဂမေယျ အယံဝေါ
အမှာကံ အနုသာသနီ။

စသည်ဖြင့် ဟောတော်မူလေသည်။

**အနက်ကား။** ။ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-ရဟန်းသည်၊ သတော-သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ သမ္ပဇာနော- ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ ကာလံ-ကာလကို၊အာဂမေယျ-ဆိုင်းတွမြှော်လင့်ရာ၏၊ အယံ-ဤသည်လျှင်၊ ဝေါ-သင်တို့အား၊ အမှာကံ- ငါဘုရားတို့၏၊ အနုသာသနီ-အနုသာသနီနည်း အဆုံးအမ တော်ပေတည်းဟု အကြောင်းနှင့် အကျိုးတရားတို့ကို ဆက်လက် ဟောတော်မူလေသည်။

ထိုသုတ်၌မဟာသတိပဋ္ဌာန်သုတ်တွင် ဟောတော်မူသော သတောကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူခြင်းမှ တခုသောတရားတော်ကို ထုတ်ဖေါ်ပြရသော်-

အသိတေ ပိတေ ခါယိတေ
သာယိတေ သမ္ပဇာန ကာရီ ဟောတိ။

**အနက်ကား။** ။အသိတေ-စားရာ၌ရင်း၊ ပိတေ-သောက်ရာ၌ရင်း၊ ခါယိတေ-ခဲရာ၌ရင်း၊ သာယိတေ- လျက်ရာ၌ရင်း၊ သမ္ပဇာန ကာရီ-ပညာဖြင့် ဆင်ခြင်၍ စားခြင်း,သောက်ခြင်း, ခဲခြင်း, လျက်ခြင်းဟု ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

ဤ၌ ဆိုလိုရင်းကား— စားရာ, သောက်ရာ စသည်တို့၌ တဏှာမပါရ။ အသက်သတ်လွတ် စားဘိသကဲ့သို့တဏှာလွတ် စားရမည်ကို ဆိုလိုရင်း ဖြစ်လေသည်။

ထိုသုတ်မှလာရှိသည့်တို့အနက် တခုသောသဘောတရား ကို တဖန် ထုတ်ဖော်၍ ပြရပြန်သော်-

ဒိ-ရဟန်းတို့၊ အကာယ်၍ သုခဝေဒနာသည်ဖြစ်၏။ (ဝါ- ဒုက္ခဝေဒနာသည် ဖြစ်၏)။ ထိုဝေဒနာသည် အကြောင်းကို စွဲ၍ဖြစ်ပေါ်၏။ အကြောင်းတရားကို မစွဲမူ၍ မဖြစ်။ အဘယ် အကြောင်းကိုစွဲ၍ ဖြစ်သနည်းဟူမူကား-

ကိံ ပဋိစ္စ ဣမမေဝ ကာယံ ပဋိစ္စ
အယံ ခေါပန ကာယော အနိစ္စော
သင်္ခတော ပဋိစ္စ သမုပ္ပန္နော အနိစ္စံ
ခေါပန သင်္ခတံ ပဋိစ္စံ သမုပ္ပန္နံ
ကာယံ ပဋိစ္စ ဥပ္ပန္နာ သုခါဝေဒနာ
ကုတော နိစ္စာ ဘဝိဿတီတိ။

အနက်ကား။ ။ကိံ ပဋိစ္စ- အဘယ်ကိုစွဲ၍၊ ဥပ္ပန္နာ-ဖြစ် သနည်း၊ ဣမမေဝကာယံ- ဤကိုယ်ကို သာလျှင်၊ ပဋိစ္စ-စွဲ၍၊ ဥပ္ပန္နာ-ဖြစ်၏၊ အယံခေါပန ကာယော- ဤကိုယ်သည်ကား၊ အနိစ္စော-မမြဲ၊ သင်္ခတော-အကြောင်းတရားသည် ပြုပြင်အပ်၏၊ ပဋိစ္စသမုပ္ပန္နော-အကြောင်းတရားကို စွဲ၍ဖြစ်၏၊ အနိစ္စံ- မမြဲသော၊ သင်္ခတံ-အကြောင်းတရားတို့သည် ပြုပြင်အပ်သော ပဋိစ္စသမုပ္ပန္နံ-အကြောင်းတရားကို စွဲ၍ ဖြစ်သော၊ ကာယံ- ကိုယ်ကို၊ ပဋိစ္စ-စွဲ၍၊ ဥပ္ပန္နာ-ဖြစ်သော၊ သုခါဝေဒနာ- ချမ်း သာသော ဝေဒနာသည်၊ ကုတော ကေန ကာရဏေန-

အဘယ်သို့သောအကြောင်းကြောင့်နိဗ္ဗာ-မြသည်၊တဝိဿတိ ဖြစ်လတံ့နည်း။

ဤတွင် ဆိုလိုရင်း အတိုချုပ်ကား-

သုခ ဝေဒနာသည် ငါ၌ဖြစ်ပေါ်လာ၏။ ထိုသုခဝေဒနာ သည် အကြောင်းကင်း၍ ဖြစ်ပေါ်သည်မဟုတ်။ အကြောင်း ကိုစွဲ၍ ဖြစ်ပေါ်လာရ၏။ အဘယ်အကြောင်းကိုစွဲ၍ ဖြစ်ပေါ် လာရသနည်းဟူမူ-ဤခန္ဓာကိုစွဲ၍ဖြစ်ပေါ်လာရ၏။ ။ဤခန္ဓာ ကိုယ်သည်လည်းမမြဲသောသဘောရှိ၏။အကြောင်းတရားတို့ သည် ပြုပြင်စီမံအပ်ကုန်၏။ ဤခန္ဓာကိုယ်ပင် မမြဲပါက မမြဲ သောခန္ဓာကိုယ်ကို စွဲ၍ဖြစ်ရသော ဤသုခ ဝေဒနာ သည် အဘယ်လျှင် မြဲနိုင်ပါမည်နည်း။

ဤသို့လျှင် ပြုပြင်အပ်သော ဓမ္မ သဘာဝ တို့၏ အနက် အဓိပ္ပါယ်ကို သဘောပေါက်အောင်ဟောပြောပြသပေးခြင်း သည် အနုသာသနီနည်း ဖြစ်လေသည်။

## တရားရကြပုံ။

တရားကျင့်သူတို့၏ ပါရမီစရိုက်မှာ တဦးနှင့်တဦးမတူကြ ချေ။ ရှင်တော်ဘုရားသည် ကျွတ်ထိုက်သော ဝေနေယျတို့၏ စိတ်အလို အဇ္ဈာသယကိုကြည့်၍ဟောတော်မူ၏။ တဦးချင်း အားဖြင့် ပုဂ္ဂလဇ္ဈာသယ စိတ်အလိုဓာတ်ကို ကြည့်၍ ဟော တော်မူလေ့ရှိ၏။ ဤသည်ကိုထောက်သော် တရားပြသရာ တွင် တရားကျင့်မည့်သူ၏အခြေခံပညာအနုအရင့်ကိုစစ်ဆေး စုံစမ်းပြီးလျှင် ထိုက်သင့်သည်တို့ကို ထိုက်သင့်သော အဆင့် အတန်းက စတင် ပြသအပ်သည်ကို သတိပြုအပ်လေသည်။

မင်္ဂ,ဖိုလ်,နိဗ္ဗာန်ရရှိရေးတွင် အချို့ပုဂ္ဂိုလ်သည် ရုပ်ကိုစ၍ သဘောပေါက်ကြ၏။ အချို့မှာ နာမ်တရားကို စ၍သဘော ပေါက်ကြ၏။ အချို့ကား- သမထကိုစ၍အားထုတ်လိုကြ၏။ အချို့ကား ဝိပဿနာဘာဝနာကို စ၍ အားထုတ်လိုကြ၏။ အချို့ယောဂီအား မဟာသတိပဋ္ဌာန်းကို ပြထိုက်၏။ အချို့ယောဂီအား ပဋိစ္စသမုပ္ပါဒ်ကို ပြထိုက်၏။အချို့ယောဂီအား သစ္စာလေးပါးမြတ်တရားကို ပြထိုက်၏။

မိမိ၏ ပါရမီ စရိုက်နှင့် မကိုက်ညီသော ကမ္မဋ္ဌာန်းတရားကို လေ့ကျင့်နေသဖြင့် မင်္ဂ,ဖိုလ်, ရသင့်ရထိုက်သောအချိန်တွင် မရရှိဘဲ နှောင့်နှေးကြို့ကြာနေသည်တို့ကို ကျမ်းဂန်တွင် တွေ့ရှိရ၏။ ။ထို့ကြောင့် တရားဘာဝနာပွားများအားထုတ်မှုကို သင်ပြပေးရာ၌ ပုံသေနည်းတမျိုးတည်း မထားပဲ ထိုက်သည်အားလျော်စွာ ပြသပေးရာ၏။

မင်္ဂ,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရှိသည်ကား မှန်၏။ သို့ရာတွင် တဦးနှင့်တဦး အမြင်သန့်ရှင်းပုံတို့မှာ မတူကြချေ။ ယင်းသို့ မတူကြပုံကို သဠာယတန သံယုတ်ပါဠိတော် အာသီဝိသဝဂ်၊ ကိံသုကသုတ်၌ လာရှိသည်ကို ဖော်ပြပေအံ့။

အခါတပါး၌ ရဟန်းတပါးသည် ရှင်တော်ဘုရားထံ သွားရောက်လျှောက်ထားသည်မှာ အရှင်ဘုရားတပည့်တော်သည် ရဟန်းတပါးအား အဘယ်မျှဖြင့် အမြင်သည်ကောင်းစွာ စင်ကြယ်သည် ဖြစ်ပါသနည်းဟုမေးရာ ထိုရဟန်းက အို-ငါ့ရှင် ၆–ပါးသော ဖဿာယတန တို့၏ ဖြစ်ကြောင်းကို ၎င်း၊ ချုပ်ကြောင်းကို၎င်း၊ဟုတ်မှန်သည့်အတိုင်းအပြားအားဖြင့် သိ၏။ အို–ငါ့ရှင်၊ ဤမျှဖြင့် ရဟန်းအား အမြင်သည်

ကောင်းစွာ စင်ကြယ်သည်ဖြစ်၏ဟု ဖြေဆိုပါသည် အရှင်ဘုရား။

ယင်းသို့ဖြေဆိုသည်ကို မရောင့်ရဲနိုင်သေးရကား တပါးသော ရဟန်းထံသွားရောက်ကာ ယခင်အတိုင်း မေးမြန်းပြန်ပါသည်။ ထိုအခါ အို-ငါ့ရှင်၊ ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ကြောင်းကိုရင်း၊ဟုတ်မှန်သည့် အတိုင်း အပြားအားဖြင့်သိ၏။ အို-ငါ့ရှင်၊ ဤမျှဖြင့် ရဟန်းအားအမြင်သည် ကောင်းစွာစင်ကြယ်သည် ဖြစ်၏ဟု ဖြေဆိုပါသည် အရှင်ဘုရား။

ဤတွင် မရောင့်ရဲနိုင်သေးရကား တပါးသော ရဟန်းထံသွားရောက်ကာ မေးမြန်းပြန်ရာ ထိုရဟန်းက အို-ငါ့ရှင်၊ ၄-ပါးသော မဟာဘုတ်တို့၏ ဖြစ်ကြောင်းကိုရင်း၊ ချုပ်ကြောင်းကိုရင်း၊ ဟုတ်မှန်သည့်အတိုင်း အပြား အားဖြင့်သိ၏။ အို-ငါ့ရှင် ဤမျှဖြင့် ရဟန်းအားအမြင်သည် ကောင်းစွာစင်ကြယ်သည်ဖြစ်၏ဟု ဖြေဆိုပါသည် အရှင်ဘုရား။

ထိုမှမက တပါးသောရဟန်းသည် ဤသို့လည်း ဖြေဆိုပါသေးသည်။ အို-ငါ့ရှင် ခပ်သိမ်းကုန်သောအကြောင်းကြောင့် ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထို အ လုံး စုံ သော တရားတို့သည်ချုပ်ပျောက်ခြင်း သဘောရှိ၏ဟုဟုတ်မှန်သည့် အတိုင်းအပြားအားဖြင့်သိ၏။အို-ငါ့ရှင် ဤမျှဖြင့်ရဟန်းအား အမြင်သည် ကောင်းစွာ စင်ကြယ်သည် ဖြစ်၏ဟု ဖြေဆိုပါသည် အရှင်ဘုရား။

ယင်းသို့ ဖြေဆိုပုံတို့ကို မရောင့်ရဲနိုင်ပါသောကြောင့် ယခု အရှင်ဘုရားထံ ရောက်ရှိလာပါသည်အရှင်ဘုရား၊ အဘယ်

အတိမျှဖြင့်ရဟန်းအား အမြင်သည် ကောင်းစွာ စင်ကြယ်သည် ဖြစ်ပါသနည်း အရှင်ဘုရားဟု မေးလျှောက်လေသည်။

## ပေါက်ပင် ဥပမာ။

ထိုအခါ ရှင်တော်ဘုရားက ဥပမာဆောင်လျက် ပြတော်မူသည်မှာ လူတယောက်သည် ပေါက်ပင်ကို မမြင်ဘူးခြင်းကြောင့် မြင်ဘူးသူတဦးထံသို့ သွားရောက်မေးမြန်းရာ မြင်ဘူးသူက ပေါက်ပင်သည် မီးလောင်သော သစ်ငုတ်ကဲ့သို့ မည်းနက်၏ဟု ဖြေဆို၏။ အို-ရဟန်း၊ ထိုသူမြင်သော အချိန်၌ ပေါက်ပင်သည် မီးလောင်သော သစ်ငုတ်ကဲ့သို့ မည်းနက်သည်ကို မြင်၍ဖြေဆိုခြင်းပေတည်း။

ထိုသူသည် ၎င်းဖြေဆိုမှုကို မရောင့်ရဲသဖြင့် တပါးသော ပေါက်ပင်ကိုမြင်ဘူးသူဘဦးအားမေးမြန်းရာပေါက်ပင်သည် ချင်းချင်းနီသော သားတစ်ကဲ့သို့ ပေတည်းဟု ဖြေဆို၏။

တပါးသော ပေါက်ပင်ကို မြင်ဘူးသူတဦးအား မေးမြန်းရာ ပေါက်ပင်သည် ကုက္ကိုပင်ကဲ့သို့ အောက်သို့ တွဲလျားကျသော ဆံကျင်သဖွယ်ဖြစ်၏ဟု ဖြေဆို၏။ တပါးသော ပေါက်ပင်ကို မြင်ဘူးသူတဦးအား မေးမြန်းရာ ပေါက်ပင်သည် ပညောင်ပင်ကဲ့သို့ ထူထပ်သော ရွက်နုရွက်ရင့်တို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ အေးချမ်းသော အရိပ်ရှိ၏ဟု ဖြေဆို၏။

အိုရဟန်း၊ ဤဥပမာ အတူသာလျှင် အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် နှလုံး သွင်း ကုန် သော ထိုသူတော်ကောင်းတို့၏ အမြင်သည် ကောင်းစွာ စင်ကြယ်သည်ဖြစ်၏။ ထိုထိုသို့သော အခြင်းအရာအားဖြင့် ထိုသူတော်ကောင်း

တို့သည် ဖြေကြားအပ်ပေကုန်၏ဟု ရှင်တော်ဘုရား မြွက်ဆိုတော်မူလေသည်။

ဤပါဠိတော်ကို ထောက်ရှုလျက် တရားပြသော ဆရာမြတ်သည် နည်းတနည်းတည်းကိုသာ လက်ကိုင် မထားမူ၍ သစ္စာလေးပါးကို သဘောပေါက် သိနားလည်အောင် ပြသနိုင်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်နည်းကို သဘာဝဆိုက်အောင် ပြသနိုင်ခြင်း၊ မဟာသတိပဋ္ဌာန်ကို လိပ်ပတ်လည်အောင် ပြသနိုင်ခြင်း၊ အဘိဓမ္မာ အစ၌လာရှိသော ကုသလာဓမ္မာ, အကုသလာဓမ္မာ,အဗျာကတာဓမ္မာဆိုသည့်ကို နိသတ္တ, နိဇီဝ,သတ္တ ဝါမဟုတ်,အသက်လိပ်ပြာမဟုတ်၊ စင်စစ်အားဖြင့် ဆိုသော် ဓမ္မသဘာဝမျှသာ ဖြစ်သည်ကို ပဋ္ဌာန်းဒေသနာ နည်းတို့ဖြင့် ထည့်သွင်းပြသနိုင်သည့်အထိ မိမိကိုယ်တိုင် သင်ယူလေ့ကျင့်ပွားများအားထုတ် ထားအပ်လေသည်။ ဤအရာ၌ ခက်သည် မဟုတ်ပါ။ ဆရာကောင်းနှင့်တွေ့လျှင် လွယ်သည်သာတည်း။ ဆရာကောင်း ရရှိရန်သာလျှင် အရေးကြီးလှပေ၏။

### အရှင် အာနန္ဒာ၏
### ပညာရေးတိုးတက်မှု ဩဝါဒ။

မိမိတို့၏ ပညာအရည်အချင်း တိုးတက်မှုနှင့် မိမိတို့ရရှိပြီးသော ပညာရပ်များ မမေ့မလျော့ မပျောက်ပျက်စေရန်အရှင် အာနန္ဒာ မထေရ်မြတ်သည် အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ဓမ္မိကဝဂ် အာနန္ဒသုတ်၌ ဟောတော်မူသည်မှာ—

(၁) မည်သူမဆို လက်ရှိအခြေ အနေထက် တိုးတက်သာစေရန် ဆရာကောင်းထံတွင် သင်ယူလေ့ကျင့်ရမည်။

(၂) မိမိသိရှိသည့်တို့ကို သူတပါးအား မှန်မြတ်သော စေတနာဖြင့် ဟောပြောရမည်၊

(၃) မိမိသိရှိသည့်တို့ကို သူတပါးအား မှန်မြတ်သော စေတနာဖြင့် လက်ဆပ်သင်ကြား ပြသပေးရမည်။

(၄) မိမိရရှိပြီးသည့်တို့ကို မပျောက်ပျက် မမေ့မလျော့ စိမ့်သောငှာ အဖန်ဖန်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကို ပြုရပေမည်။

(၅) မိမိသင်ယူ ကြားနာ ရရှိသည့်တို့ကို ဓမ္မသဘာဝ အတိုင်း မိမိကိုယ်တိုင် ပညာမျက်စိဖြင့် သိမြင်ရရှိ လာစေရန် စိတ်ဖြင့် အဖန်ဖန်ဝေဖန် ဆင်ခြင်သုံးသပ်ခြင်းကို ပြုလုပ်ရပေမည်။

(၆) မသိသေးသော မရှင်းလင်းသေးသော တရားတော်များကို ပညာရှိ သူတော်ကောင်းတို့ထံ သွားရောက် စုံစမ်းခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရပေမည်ဟု လာရှိလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၂၀၀-ကျော် ၃၀၀-ခန့်တွင် Patanjali ပတန်ဂျလိ အမည်ရှိပသောယောဂီသူမြတ်ကြီးတဦးထွန်းပေါ်ခဲ့လေသည်။ ၎င်းယောဂီသူမြတ်၏ ဩဝါဒမှာ—

(၁) မည်သူမဆို လက်ရှိအခြေအနေ အဆင့် အတန်း၌ ရှိစေကာမူ တိုးတက်စေရန် ဆရာကောင်း ဆရာမြတ်တို့ထံ သွားရောက်သင်ကြား နာယူမှတ်သားရမည်။

(၂) ထိုဆရာမြတ်တို့ထံမှ ရရှိခဲ့သည့်တို့ကို သဘာဝ ဆိုက်အောင် မိမိကိုယ်တိုင် ဝေဖန်ဆင်ခြင် သုံးသပ်ရမည်။

(၃) ယင်းသို့ မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်သိရှိပြီးသည်တို့ကို သူတပါးနားလည်အောင် သင်ကြားပေးရမည်။

(၄) မိမိကိုယ်တိုင်လည်း ထိုသိရှိပြီးဖြစ်သော ပညာရပ်များ၏ အကျိုးကျေးဇူး ခံစားရလေအောင် ကျင့်သုံးဆောက်တည်ရပေမည် ဟူ၍ ရေးသား ထားသည်ကို Upanishad ဥပနိသယ ဟိန္ဒူကျမ်းတစောင်တွင် တွေ့ရှိရဘူးလေသည်။

ဤသည်တို့ကို ဆောက်ဆလျက် မိမိသိရှိသည်ကို မိမိတို့အတွက်လည်းအကျိုးများစေ၍ ပစ္စုပ္ပန်သတ္တဝါ အပေါင်းတို့နှင့်တကွ နောင်လာနောက်သားတို့ အကျိုးများစေရန် ထိုနည်းတို့ကို လေ့လာ ကျင့်သုံးတော်မူကြစေလိုပါသည်။

ဤတွင် ထည့်သွင်းသိရှိတော်မူကြစေလိုသည်မှာထိုအချိန်အခါတွင် အာဂုံဆောင်ကြခြင်းသာ ဖြစ်ကြပါသည်။ ဉာဏ်များ သတိများ အလွန်ကောင်းကြပါသည်။ ထို့ကြောင့် ရေးသားမှတ်သားခြင်း မရှိကြသေးချေ။ယခုသော် (သတိမန္ဒ-ဂတိမန္ဒ)သတိမေ့လျော့ခြင်း,ဉာဏ်ပညာသေးမှိန်ခြင်းတို့ကြောင့် စာပေ,အက္ခရာ ခေတ် သို့ ရွှေ့ ပြောင်း ရောက် ရှိ လာခဲ့ ရာ အကောင်းဆုံး ပညာရပ်ကို အချိန်အတိုဆုံးဖြင့် အလွယ်ဆုံး သိရှိနိုင်စေရန် ကြိုးစားရေးသား၍ ကျမ်းပြုစုတော်မူကြရန် အထူးတိုက်တွန်းပါ၏။ ကျမ်းမပြုနိုင်ကြကုန်သော ပုဂ္ဂိုလ်တို့ကလည်း ငွေအား, လူအား, ဝါဒအားဖြင့် အားပေး ကူညီတော်မူနိုင်ကြပါစေကုန်သတည်း။

## ဂုဏ်ပကာသန
## (ဇနပဒ ကလျာဏီ)

တရားဟောပြော သင်ပြသော လုပ်ငန်းသည် အလွန့်အလွန် မွန်မြတ်သော လုပ်ငန်း ဖြစ်လေသည်။ ထို့ကြောင့် တရားဟောပြော သင်ပြပေးသော ပုဂ္ဂိုလ်၏ စိတ်ထားမှာ အလွန်မွန်မြတ်ရလေသည်။ မွန် မြတ် ရ လေ သည် ဆို ရာ ၌ အကျော်အစော လာဘ်လာဘ, ဂုဏ်ပကာသန စသည်တို့ကို အလိုရှိ၍ ဟောပြော သင်ပြပေးခြင်းမျိုးမဟုတ်ရချေ။

တရားဟောပြော သင်ပြ ရာ ၌ ထား ရှိ အပ် သော စိတ်စေတနာမှာ ငါသိရှိထားသော တရားတော်များကို ၎င်းတို့အား ဟောပြောသင်ပြပေးခြင်းဖြင့် ၎င်းတို့သည် ဒုက္ခဘေးအပေါင်းတို့၏ ကင်းဝေး လွတ်ငြိမ်းရာ ဖြစ်သော မဂ်,ဖိုလ်, နိဗ္ဗာန်ကို လွယ်ကူစွာ ကျင့်သုံးရောက်ရှိ နိုင်ကြပါစေသတည်း ဟူသော စိတ်စေတနာဖြင့် ဟောပြောပြသပေးခြင်းကို ပြုရပေမည်။

မိမိအတွက်ကား လာဘ သက္ကာရ သိလောက ရရှိရေးမဟုတ်၊ မိမိအတွက် ထားရှိရမည် ဖြစ်သော စေတနာမှာ- ငါသည် ဤမည်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရခြင်းကြောင့် တမဂ်တဖိုလ်ကို အလျင်အမြန် ရောက် ရ ပါလို၏။ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် ကြိုးစား နိုင်သောကိုယ် ဖြစ်ရပါလို၏ ဟူသော စိတ်စေတနာမျိုးကို ထားရှိရလေသည်။

ဤအကြောင်းနှင့်ပတ်သက်၍နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကဿပသံယုတ်, စန္ဒူပမာ သုတ်၌ နှစ်မျိုးနှစ်စား လာသည်မှ

လိုရင်း အတိုချုပ်ကို ဖေါ်ပြ ရသော်— တ ရား ဟော သော ပုဂ္ဂိုလ်၏စိတ်တွင် ငါသည် တရားဟောရမှုကား- ကောင်း လေစွ။ တရားအဟောကောင်းခြင်းကြောင့် ငါ့အားကြည်ညို လေးစားသော အခြင်းအရာကို ပြုကြပါမှုကား ကောင်း လေစွဟူသော စိတ်စေတနာဖြင့် ဟောပြောခြင်းသည် မစင် ကြယ်သော ဟောပြောခြင်းပေတည်း။

ကျန်တမျိုးကား- ငါသည် တ ရား ဟော ရ ပါ မှု ကား ကောင်းလေစွ။ တရားတော်၌ လာရှိသည့်အတိုင်း ၎င်းတို့ သည် ကျင့်သုံးပွားများသွားခြင်းဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရောက်ရှိသွားပါက အော်-ကောင်းလေစွဟူသောစိတ်ထား ဖြင့် ဟောပြောခြင်းသည် စင်ကြယ်သော ဟောပြောခြင်း ဖြစ်သည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့လေသည်။

ဥပရိပဏ္ဏာသ ပါဠိတော် ဝိဘင်္ဂဝဂ်, အရဏဝိဘင်္ဂသုတ်၌ တရားဟောသူတို့ လိုက် နာ အပ် သော အ ချက် များ မှာ ချီးမြှောက်ခြင်းပြု၍ တရားမဟောရာ၊ မောင်းမဲ၍ တရား မဟောရာ။ ဟုတ်မှန်သော အမှန်တရားကိုသာ ဟောပြော ရာ၏။ ဆိတ်ကွယ်ရာ၌ ကဲ့ရဲ့ပြစ်တင်သော စကားကိုမဆိုရာ။ မျက်မှောက်၌ ကိလေသာရာဂနှင့်စပ်သော စကားဆိုမဆိုရာ စသည်တို့ဖြင့် ရှည်လျားစွာ ဟောတော်မူလေသည်။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် လာဘ သက္ကာရ သံယုတ် ပဠိသိကသုတ်၌ လာဘသက္ကာရ သိလောကအပြစ်ကို ဟော တော်မူသည်မှာ—

အို-ရဟန်းတို့၊ လာဘ်လာဘ ပူဇော်သက္ကာရ အကျော် အစောသည် ခက်ထန်၏။ ထက်မြက်၏။ ကြမ်းကြုတ်၏။

ဥပမာအားဖြင့် ဆိုသော် ငါးမျှားချိတ်၌ရှိသော ငါးစာနှင့် တူလှ၏။ ငါးစာသို မျိုမိသော ငါးသဖွယ် ဒုက္ခခံရလျက် မင်္ဂ, ဖိုလ်, နိဗ္ဗာန်နှင့် ဝေးကွာရပေတော့၏။ ဤမျှ လာဘသက္ကာရ သိလောကဆိုးပုံကို ရှင်တော်ဘုရားက လေးနက်စွာ ဟော တော်မူခဲ့လေသည်။

ထို လာဘ သက္ကာရ သံယုတ် ပါဠိတော် ရစ္စသုတ်၌ လာရှိသည်မှာ—

အို-ရဟန်းတို့၊ လာဘ်လာဘ ပူဇော်သက္ကာရ အကျော် အစောသည် ခက်ထန်၏။ မိမိ၏အရေပေါ်အရေထူကိုဖြတ်၏။ အသားအကြောတို့ကိုဖြတ်၏။ အရိုးကိုဖြတ်လျက် ရိုးတွင်း ခြင်ဆီကိုထိ၍တည်၏။ ဥပမာအားဖြင့်ဆိုသော် လူကိုကြိုးဖြင့် ပတ်ရစ်၍ ပွတ်တိုက်ရာကြိုးသည် အရေပေါ်အရေထူကို ဖြတ် စေ၏။ အသားအကြောတို့ကို ဖြတ်စေ၏။ အရိုးကိုဖြတ်စေ လျက် ရိုးတွင်းခြင်ဆီ၌တည်ဘိသကဲ့သို့ ဤမျှ လာဘသက္ကာရ သိလောကသည် ကြောက်မက်ဖွယ်ရာဖြစ်၏ဟု ဟောတော် မူလေသည်။

ယင်းပါဠိတော် ပက္ကန္တသုတ်၌ လာဘ်လာဘ အကျော် အစောသည် မိမိအား ပျက်စီးရာပျက်စီးကြောင်းကိုဖြစ်စေ၏။ ဥပမာအားဖြင့်ဆိုသော် ငှက်ပျောပင်သည် မိမိကို သတ်စေ ခြင်းငှါ အသီးကိုဖြစ်စေဘိ သကဲ့သို့တည်း။အတိုချုပ်အားဖြင့် ဆိုသော် အို-ရဟန်းတို့၊ ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်ဘိသကဲ့သို့၊ ဝါးသီးသည် ဝါးပင်ကို သတ်ဘိသကဲ့သို့ ကျူသီးသည်ကျူပင်ကိုသတ်ဘိသကဲ့သို့၊အဿတရနည်မြင်းမ ၏ ကိုယ်ဝန်သည် အဿတရနည်မြင်းမကို သတ်ဘိသကဲ့သို့၊

ထိုအတူ အကျော်အစောပူဇော်သက္ကာရသည် ထိုယောကျ်ား အား သတ်လေတော့၏ဟူ၍ ဟောတော်မူလေသည်။

ရှင်တော်ဘုရားသည်တရားဟောပြောပြသရာ၌ အကျော် အစော,ဂုဏ်ပကာသန, လာဘ်လာဘ ရရှိမှုအတွက် မဟော ပြောအပ်ကြောင်းကို ထိုနိဒါနဝဂ္ဂ သံယုတ်ပါဠိတော်လာဘ သက္ကာရ သံယုတ်၌ များစွာဟောတော်မူလေသည်။ ထိုပါဠိ တော်တို့အနက် ဇနပဒကလျာဏီသုတ်ကို ဖေါ်ပြရသော်—

အို-ရဟန်းတို့ လာဘ်လာဘ, ပူဇော်သက္ကာရ အကျော် အစောသည် လွန်စွာ ကြောက်မက်ဖွယ် ကောင်းလှပေ၏၊ အဘယ်မျှ ကြောက်မက်ဖွယ်ကောင်းသနည်းဟူမူ- ကောင်း ခြင်းအင်္ဂါအဖြာဖြာတို့နှင့် ပြည့်စုံသော ဇနပဒကလျာဏီ မည် သောမိန်းမသည် တဦးသောရဟန်း၏ စိတ်ကို ဆွဲဆောင်၍ တိမ်းယိမ်းအောင် မပြုလုပ်နိုင်သော်လည်း လာဘသက္ကာရ သိလောကသည် ထိုရဟန်းအား သိမ်းကျုံး ဆွဲဆောင်၍ တိမ်းယိမ်းအောင် ပြုလုပ်နိုင်၏-ဟုဟောတော်မူလေသည်။ ။ ထိုမျှ အကျော်အစောသည် ကြောက်မက်ဖွယ် ကောင်းလှ ပေ၏။

ဆရာကောင်း ရှာရမည်။

(မာဟောံ အာနန္ဒ မာဟောံ အာနန္ဒ)။

နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်, နိဒါနသံယုတ် အန္တရ ပေယျာလဝဂ်,သတ္ထုပရိယေသိ တဗ္ဗသုတ်တို့၌လာရှိသည်တို့ ကို ကောက်နုတ်ဖေါ်ပြရသော်....

အို-ရဟန်းတို့၊ ဇရာမရဏ ကိုသော်၎င်း၊ ဇရာမရဏ တို့၏ အကြောင်းရင်းကိုသော်၎င်း,ဇရာမရဏတို့၏ချုပ်ရာ နိဗ္ဗာန်သို့

ရောက်ကြောင်း အကျင့်မြတ်ကို သော်၎င်း ဟုတ်မှန်သည့် အတိုင်း မသိမမြင်ခြင်းကြောင့် ပြသပေးနိုင်သော ဆရာကို ရှာအပ်၏။

အို-ရဟန်းတို့၊ ဇာတိကိုသော်၎င်း၊ ဘဝကိုသော်၎င်း,ဥပါ ဒါန်....တဏှာ....ဝေဒနာ....ဖဿ.... သဠာယတန.... နာမ် ရုပ်....ဝိညာဏ်ကိုသော်၎င်း, ဘဝ,ဥပါဒါန်,တဏှာ, ဝေဒနာ, ဖဿ,သဠာယတန, နာမ်ရုပ် ဝိညာဏ်တို့၏ အကြောင်းရင်းကို သော်၎င်း, ၎င်းတို့၏ ချုပ်ရာကိုသော်၎င်း, ၎င်းတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မြတ်ကိုသော်၎င်း ဟုတ်မှန် သည့်အတိုင်း မသိမမြင်ခြင်းကြောင့် ပြသပေးနိုင်သော ဆရာ ကို ရှာအပ်၏။

အို-ရဟန်းတို့၊ သင်္ခါရတို့ကိုသော်၎င်း, သင်္ခါရတို့၏ အ ကြောင်းရင်းကိုသော်၎င်း, သင်္ခါရတို့၏ ချုပ်ရာကိုသော်၎င်း, သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မြတ်ကို သော်၎င်း ဟုတ်မှန်သည့်အတိုင်း မသိမမြင်ခြင်းကြောင့် ပြသ ပေးနိုင်သော ဆရာကို ရှာအပ်၏ဟု ရှင်တော် ဘုရား ဟောကြားတော်မူလေသည်။

ယခုအခါ ဝိပဿနာ ဘာဝနာ ပွားများနည်းကို ကမ္ဘာ့ အရပ်ရပ်တို့မှလည်း နည်းစစ်နည်းမှန်ကို ရရှိနိုင်ရန် တိဗက် ပြည်သို့၎င်း၊ မြန်မာပြည်သို့၎င်း၊ သီဟိုဠ်ကျွန်းသို့၎င်း၊ အခြား သော ဗုဒ္ဓဘာသာ ထွန်းကားသည့် တိုင်းပြည် များသို့၎င်း သွားရောက်ရှာဖွေ ကြိုးစားလျက် ရှိကြလေသည်။

ဝိပဿနာ ဘာဝနာ ပွားများရေးအတွက် နည်းစစ်နည်း မှန် သိရှိနိုင်ရန် ပါဠိတော်အရပ်ရပ်တို့တွင် စစ်ဆေးနိုင်သော

နည်းပေါင်းများစွာ လာရှိသည်တို့အနက် မူလပဏ္ဏာသပါဠိ တော် သီဟနာဒသုတ်, မဟာဒုက္ခက္ခန္ဓသုတ်၌ လာရှိသော တခုသော စစ်ဆေးနည်းကို အတိုချုပ်ဖော်ပြပေအံ့။

အခါတပါး၌ သာသနာပမှ ဖြစ်သော ပရိဗိုဇ်တို့သည် ဗုဒ္ဓမြတ်စွာ၏ တပည့်ရဟန်းတို့အား ဤသို့ဆို၏။

ငါ့ရှင်တို့၊ သင်တို့ဆရာ ရဟန်းဂေါတမသည် ကာမဂုဏ်တရားတို့ကို လွန်မြောက်ခြင်းငှာ ဟောကြားပညတ်၏။ ငါတို့သည်လည်း ဤအတိုင်းပင် ဟောကြားပညတ်၏။

ရဟန်းဂေါတမသည် ရုပ်, ဝေဒနာ တရားတို့ကို လွန်မြောက်ခြင်းငှာ ဟောကြားပညတ်၏၊ ငါတို့သည်လည်း ဤအတိုင်းပင် ဟောကြားပညတ်၏။

ငါ့ရှင်တို့၊ ဤသို့ဟောကြားပညတ်ရာ၌ ရဟန်း ဂေါတမနှင့် ငါတို့ဟောကြားသုံးမကြွပုံမှာ ထူးခြားချက်ကားအဘယ်နည်း။ သင်တို့ဆရာ ရဟန်းဂေါတမ၏ သာလွန်ချက်ကား အဘယ်နည်းဟု ပြောဆို၏။

ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ အထံသို့ ရောက်ရှိသော အခါ အထက်ပါ အခြင်းအရာတို့ကို အလုံးစုံ ပြန်လည် လျှောက်ထားကြလေသည်။ ထိုသောအခါ ရှင်တော်ဘုရားက....

ကော ပနာ ဝုသော
ကာမာနံ အဿာဒေါ
ကော အာဒီနဝေါ
ကိံ နိဿရဏံ။

မဟာဝဂ္ဂ ၂၄။

စသည်ဖြင့် မိန့်ဟတော်မူလေသည်။ အဓိပ္ပါယ်သော်ကား ရဟန်းတို့၊ သင်တို့သည် ပရိဗိုဇ်တို့အား....

ငါ့ရှင်တို့၊ ကာမ တရားတို့၏ သာယာဘွယ်သည် အဘယ်နည်း။ အပြစ်သည် အဘယ်နည်း။ ထွက်မြောက်ရာသည် အဘယ်နည်း။ ရုပ်တရားတို့၏ သာယာဘွယ်သည် အဘယ်နည်း။ အပြစ်သည် အဘယ်နည်း။ဝေဒနာတို့၏သာယာဘွယ်သည် အဘယ်နည်း အပြစ်သည် အဘယ်နည်း။ ထွက်မြောက် ရာသည် အဘယ်နည်းဟု ပြန်လည်မေးသင့်ကြကုန်၏ဟု မိန့်ဟတော်မူ၏။

ထိုမှတဖန် ဗုဒ္ဓမြတ်စွာသည် ဆက်လက်မိန့်ဟတော်မူပြန်သည်မှာ အို-ရဟန်းတို့၊ ထိုအဖြေကို ငါဘုရားသည်၎င်း, ငါဘုရား၏ တပည့်တို့သည်၎င်း၊ ဖြေနိုင်ကြကုန်၏။ ထိုမှတပါး အခြားသောသူတို့ ဖြေဆိုနိုင်ကြကုန်၏။ ထိုမှတပါး အခြားသောသူတို့ ဖြေဆိုနိုင်သည်မဟုတ်ဟု မိန့်ဆိုတော် မူပြီးလျှင် ထိုဒေသနာတော်၌ အဖြေကို ရှည်လျားစွာ ဖြေဆိုတော်မူလေသည်။

ဤတွင် ထင်ရှားစေလိုသော အချက်ကား- တမဂ်,အဖိုလ်ကို အလိုရှိ၍ ကြိုး စား အား ထုတ် လို သော ပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာကို သင်ပြပေးမည် ဖြစ်သော ဆရာအား အထက်တွင် ဖေါ်ပြအပ်သော အချက်အလက်တို့ကို မေးမြန်းရာ၏။ အကယ်၍ ထိုပုဂ္ဂိုလ်သည် အခြားအခြားသော ဆရာတော်ကြီးများ လက်ခံနိုင်မည်ဖြစ်သော ပါဠိတော် အရပ်ရပ်

တို့နှင့် ကိုက်ညီအောင် ဖြေရှင်းနိုင်သော် ဆရာအရာ၌ ထား အပ်လေပြီ။

ထိုသို့မဟုတ်မူ၍ မိမိမသိသည်ကို ဝန်မခံဘဲ မာယာ, သာဌေယျနည်းဖြင့်....

> မေးမနေနှင့်။ စာခံနေရင် တရားမပေါက် ဘူး။ စာမလိုဘူး။ ဘုရားလက်ထက်က စာ မတတ်ဘဲ တရားရသွားသူတွေ မရေမတွက် နိုင်ဘူး။

စသည်တို့ဖြင့် တောင်တောင်မြောက်မြောက်ပြောနေလျှင် "သည်ပုဂ္ဂိုလ်သည်" မဟုန်သေးဘူးဆိုသည်ကို သိရတော့၍ ဆရာသစ်ကို ရှာရပေမည်။

ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းသည် အထက် ပိုင်း ရောက်လေလေ, သဘာဝကို ပိုင်ရလေလေ ဖြစ်၏။ အဘယ်မျှ ပိုင်ရမည်နည်းဟူမူ....

> အနိမိတ္တ ဝိမောက္ခ
> အပ္ပဏိဟိတ ဝိမောက္ခ
> သုညတ ဝိမောက္ခ

တို့၏ သဘောသဘာဝ အနက် အဓိပ္ပါယ်ကို ကောင်းစွာ နားလည်ပြီး၍....

> အနိမိတ္တ သမာဓိ
> အပ္ပဏိဟိတ သမာဓိ
> သုညတ သမာဓိ

တို့ကိုရရှိအောင် ဝိပဿနာ ဘာဝနာတရားကို ပွားများ ရ၏ ဆိုသည်ကိုလည်း ပိုင်နိုင်စွာသိရှိထားရပြန်၏။

ထိုမျှမကသေး ယင်းသို့သော သမာဓိတို့ကို ရရှိလာသော အခါ "သဗ္ဗလောကေ အနဘိရတိ သညာ"သခ်ာ လောက ခေတ်ကြီး တရပ်လုံးတွင် မွေ့လျော်ဘွယ်ရာ ဘာမျှ မရှိပါ တကား-ဆိုသော သဘောတရားသည် ယောဂီသူမြတ် စိတ် တွင်(ဥပဋ္ဌာနာကာရ) ထင်ရှားစွာ ပေါ်ပေါက်လာ၏ ဆို သည်ကိုလည်း သိရှိထားရပေသေးသည်။

ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းသည် ဝိပဿနာ ဘာဝနာနှင့်ဆိုင်သော ပါဠိတော်, အဋ္ဌကထာ စသည်တို့ကို ကောင်းစွာလေ့လာပြီး၍ မိမိကိုယ်တိုင်လည်း ကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်မြတ်၌ လာသည့်အတိုင်း ဟော ပြောသင်ပြပေးပါက အလွန်လွယ်ကူသော တရားဖြစ်၏။

ထိုကဲ့သို့သော ဆရာကောင်း,ဆရာမြတ်ကို မရှာဖွေ, မစူး စမ်းဘဲ လက်သင့်ရာ ဆရာ တင်မိပါက မိမိ၌အလွန်ကြီးကြိုက် ခဲ့သော, အလွန်ရခဲသော တမင်္ဂတဖိုလ်ကို ဆုံးရှုံးရသည်သာ မကသေး၊ လူ့ဘုံအလယ်တွင် ရှက်ဖွယ်ရာလည်း ဖြစ်ရပေ သေး၏။ ။ထို့ကြောင့် ဆရာကောင်း, ဆရာမြတ် ရရှိရန် ရှေးဦးစွာ အထူးကြိုးစား ရှာဖွေရပေမည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်,ကောသလသံယုတ်, ဒုတိယ ဝဂ်, ဒုတိယ အပ္ပမာဒသုတ်၌ လာရှိသည်ကို ဖေါ်ပြပေအံ့။

ထိုမှ လိုရင်းကို အတိုချုပ်ဖေါ်ပြရသော်- အရှင်အာနန္ဒာ က အရှင်ဘုရား၊ သူတော်ကောင်းကို မှီဝဲဆည်းကပ် ရခြင်း သည် မြတ်သော အကျင့်ကို ကျင့်ရာဝယ် ကိစ္စထက်ဝက် အောင်မြင်ပြီးစီးခြင်းသို့ ရောက်ရှိပါသည် ဘုရားဟု လျှောက် ထားလေသည်။

ထိုအခါ ရှင်တော်ဘုရားက (မာဟောဝံ အာနန္ဒ, မာဟောဝံ အာနန္ဒ) ဤသို့မဆိုလင့် အာနန္ဒာ, ဤသို့မဆိုလင့် အာနန္ဒာ။ သူတော်ကောင်းကို မှီဝဲဆည်းကပ် ရခြင်းသည် မြတ်သော အကျင့်ကို ကျင့်ရာဝယ် ကိစ္စသည် အကုန်ပြီး၏ဟု မိန့်ဟတော်မူလေသည်။

ဤဒေသနာတော်အရ တနည်းသိရှိအပ်သည်မှာ-သူတော် သူမြတ်,ဆရာကောင်းကို မှီဝဲဆည်းကပ်ရခြင်းသည်ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ကိစ္စအကုန် ပြီးသည်ဟု သိအပ်လေ သည်။ လောကဓာတ်ကြီး တရပ်လုံးတွင် ဗုဒ္ဓတည်းဟူသော ဆရာကောင်းသူတော်သူမြတ်ကို မှီဝဲဆည်းကပ်ရခြင်းကြောင့် ပဥ္စဝဂ္ဂီငါးဦးမှ အစပြု၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် စသော ရဟန္တာပုဂ္ဂိုလ် အပေါင်းတို့သည် နိဗ္ဗာန် စခန်းသို့ မြန်းကြွတော်မူကြရလေပြီ။ အကယ်၍ ဗုဒ္ဓတည်း ဟူသော ဆရာကောင်းကို မှီဝဲဆည်းကပ်ခြင်း မပြုရသေးပါကထိုပုဂ္ဂိုလ် အသီးသီးတို့မှာ ယခုအချိန်တွင် နိဗ္ဗာန်မြတ်သို့ ရောက်ရှိတော် မူကြဦးမည် မဟုတ်သေးချေ။

ထို့ကြောင့် ဆရာကောင်း,ဆရာမှန်ကို ရှာရန် ရှေးဦးစွာ အရေးကြီးသော ပဓာနအချက်ကြီး ဖြစ်သည်ကို အထူးသတိ ပြုတော်မူကြစေလိုပါသည်။

မဂ်, ဖိုလ်, မရဘူး သူက
မဂ်,ဖိုလ်တရားကို
ဟောသင့် ပါသလော။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်, မဟာဝဂ်, မုသိလသုတ္တေရ သုတ်၌ ရဟန္တာမဟုတ်ဘဲလျက် ပဋိစ္စ သမုပ္ပါဒ်တရား, နိဗ္ဗာန်

တရားတို့ကို ဟောနိုင်ပါသလော ဟူသော အမေးအဖြေကို အတိုချုပ်ဖော်ပြပေအံ့။

အရှင်ပဝိဋ္ဌသည် အရှင်မုသိလအား မေးလျှောက်သည်မှာ “ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏” ဟူ၍ အရှင်မုသိလအား ဖြစ်သောဉာဏ်သည် ရှိပါ၏လော။ အို-ငါ့ရှင်၊ ငါသည် ဤအကြောင်းကို သိမြင်၏ဟု ဖြေဆို၏။

အရှင်မုသိလအား “ဘဝ”ဟူသော အကြောင်းကြောင့် “ဇာတိ”သည်ဖြစ်၏ဟူ၍ ဖြစ်သောဉာဏ်သည် ရှိပါ၏လော။ အို-ငါ့ရှင်၊ငါသည် ဤအကြောင်းကို သိမြင်၏ဟု ဖြေဆို၏။

အရှင်မုသိလအား“ဥပါဒါန်”ဟူသောအကြောင်းကြောင့် “ဘဝ”သည်ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့်ဥပါဒါန်သည်ဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ သဠာယတနဟူသောအကြောင်းကြောင့် ဖဿသည် ဖြစ်၏။ နာမ်,ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနသည်ဖြစ်၏။ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်, ရုပ်သည် ဖြစ်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည်ဖြစ်၏ဟူ၍ သိသောဉာဏ်သည် ရှိပါ၏လော။ ။ အို-ငါ့ရှင်၊ ငါသည် ဤအကြောင်းတို့ကိုသိမြင်၏ဟု ဖြေဆို၏။

ဤမျှဖြင့် မပြီးသေး၊အပြန်အားဖြင့် အရှင်ပဝိဋ္ဌက မေးမြန်းပြန်သည်မှာ- အရှင်မုသိလအား “ဇာတိ”၏ ချုပ်ခြင်းကြောင့် “ဇရာ မရဏ”၏ချုပ်ခြင်းသည် ဖြစ်၏ဟူ၍ သိသော ဉာဏ်

သည် ရှိပါ၏လော။ ။အို-ငါ့ရှင်၊ ငါသည်ဤအကြောင်းတို့ကို သိမြင်၏ဟု ဖြေဆို၏။

အရှင်မှုသိလအား ဘဝချုပ်ခြင်းကြောင့်ဇာတိ၏ ချုပ်ခြင်းသည်ဖြစ်၏။ ဥပါဒါန်၏ ချုပ်ခြင်းကြောင့် ဘဝ၏ ချုပ်ခြင်းသည် ဖြစ်၏။ တဏှာ၏ ချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်းသည်ဖြစ်၏။ ဝေဒနာ၏ ချုပ်ခြင်းကြောင့် တဏှာ၏ ချုပ်ခြင်းသည် ဖြစ်၏။ ဖဿ၏ ချုပ်ခြင်းကြောင့် ဝေဒနာ၏ ချုပ်ခြင်းသည် ဖြစ်၏။ သဠာယတန၏ ချုပ်ခြင်းကြောင့် ဖဿ၏ ချုပ်ခြင်းသည်ဖြစ်၏။ နာမ်ရုပ်တို့၏ ချုပ်ခြင်းကြောင့် သဠာယတန၏ချုပ်ခြင်းသည်ဖြစ်၏။ ဝိညာဏ်၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်တို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ ချုပ်ခြင်းသည်ဖြစ်၏။ အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏ဟူ၍ သိသော ဉာဏ်သည် ရှိပါ၏လော။ ။အို-ငါ့ရှင်၊ ငါသည်ဤအကြောင်းတို့ကို သိမြင်၏ဟု ဖြေဆိုပြန်၏။

အရှင်မုသိလ အား "ဘဝ၏ ချုပ်ခြင်းသည် နိဗ္ဗာန်တည်း" ဟူ၍သိသောဉာဏ်သည် ရှိပါ၏လော။ ။အို-ငါ့ရှင် ဘဝ၏ ချုပ်ရာသည် နိဗ္ဗာန်တည်းဟူ၍ ငါသည် ဤအကြောင်းကို သိမြင်၏ဟု ဖြေဆို၏။ (ဤ၌ "သုတမယ"ဉာဏ်ဖြင့် သိထားခြင်းဖြစ်၏။)

ထိုအခါ အရှင်ပဝိဋ္ဌက ဤသို့ဖြစ်ပါမူ အရှင် မုသိလသည် အာသဝေါတရား ကုန်ပြီးသော ရဟန္တာပါလောဟု မေးလျှောက်၏။ ။ဤတွင် အရှင်မုသိလသည် ဆိတ်ဆိတ်နေ၏။

ထိုသို့သောအချိန်တွင် အနီး၌ရှိသော အရှင် နာရဒ သည် ခွင့်တောင်းလျက် ဖြေဆိုသည်မှာ....

အို-ငါ့ရှင်ပဝိဋ္ဌဉပမာဆောင်လျက် ဖြေဆိုရသော်သဲကန္တာရ လမ်းခရီး၌ ရေတွင်းသည်ရှိ၏။ သို့ရာတွင် ရေပုံး သည်ဂင်း ကြိုးသည်ဂင်း မရှိချေ။ ပူလောင်သောယောကျာ်းတဦးသည် ပင်ပန်း၏။ ရေငတ်၏။ ရေသောက်လို၍ ရေတွင်းကိုကြည့်ရာ ရေတည်းဟူသော အသိဉာဏ်သည်ကား ဖြစ်သည်မှန်၏။ ကိုယ်ဖြင့်တွေ့ထိ၍ကား မနေရသေး။ အို-ငါ့ရှင် ပဝိဋ္ဌ ဤဥပမာ အတူသာလျှင် "ဘဝ"၏ ချုပ်ခြင်းသည် "နိဗ္ဗာန်"တည်းဟူ ၍ကား ဟုတ်မှန်သည့်အတိုင်းကောင်းသောပညာဖြင့်သိမြင် ၏။အာသဝေါကုန်ပြီးသောရဟန္တာသော်ကားမဖြစ်သေးဟု ဖြေဆို၏။

ယင်းသို့ဖြေဆိုသည်ရှိသော် အနီး၌ရှိသောအရှင်အာနန္ဒာ မထေရ်မြတ်က အရှင်ပဝိဋ္ဌအား အို-ငါ့ရှင်ပဝိဋ္ဌ,အရှင်နာရဒ ၏ အယူဝါဒဖြေဆိုပုံကို အဘယ်သို့ဆိုပါမည်နည်းဟုမေး၏၊ ထိုအခါ အရှင်ပဝိဋ္ဌက အို-အရှင်အာနန္ဒာ ဤသို့အယူရှိသော အရှင်နာရဒ၏ဖြေဆိုချက်မှာ ကောင်းသည်ကိုကြဉ်၍ အပြစ် မရှိသည်မှတပါး အခြားတစုံတခုကိုမျှ ဆိုဘွယ်ရာ မရှိပါဟု လျှောက်ထားလေသည်။

### အရှင် နာဂသေန

မိလိန္ဒပဉှာ အစလောက်တွင် အ ရှင် နာ ဂ သေ န နှင့် ဒါယိကာမကြီးတို့ သောတာပန်ဖြစ်ပုံ လာရှိ၏။

အရှင်နာဂသေနသည် တဦးသောဒါယိကာမကြီး အိမ်၌ ဆွမ်းစားပြီး၍ ဒါယိကာမကြီးအားသုညတ မဂ်,ဖိုလ်,နိဗ္ဗာန်

နှင့်စပ်သော တရားတော်ကို ဟောတော်မူသည်၏အဆုံးတွင် ဒါယိကာမကြီးသည် သောတာပန်၌တည်လေ၏။

ထိုတရားတော်ကို ဟောတော်မူသော အရှင်နာဂသေန သည် ထိုစဉ်အခါတွင် သောတာပန်မဖြစ်သေးချေ။ နောက်မှ ဖြစ်တော်မူလေသည်။

## မာတိကာ ဒါယိကာမကြီး။

ဓမ္မပဒအဋ္ဌကထာ စိတ္တဝဂ်၌ မာတိကာ ဒါယိကာမကြီး သည် သောတာပန်မျှမဖြစ်သေးသော ရဟန်းတော်များ ထံမှ ကမ္မဋ္ဌာန်းအားထုတ်ပွားများနည်းကို နာယူမှတ်သား၍အိမ် တွင်ဘာဝနာမြတ်တရားကို ပွားများအားထုတ်ရာ တရားပြ တော်မူသော ရဟန်းတော်များထက် စော၍ အနာဂါမ်၌ တည်လေ၏။ ။ထို အချိန် တွင် ရဟန်း တော် များသည် သောတာပန်ပင် မဖြစ်ကြသေးချေ။

အထက်တွင်ဖော်ပြအပ်သောပါဠိတော်အဋ္ဌကထာတို့ကို ထောက်ဆခြင်းအားဖြင့် တမဂ်,တဖိုလ် မရသေး စေကာမူ ပါဠိတော်အရပ်ရပ်တို့၌လာရှိသော မဂ်,ဖိုလ်,နိဗ္ဗာန် ရောက် ကြောင်းကမ္မဋ္ဌာန်းဘာဝနာကျင့်စဉ်များကို ဟောပြောသင်ပြ ပေးထိုက်သည်မှာ ထင်ရှားလျက် ရှိပေတော့၏။

## နိဗ္ဗာန်နှင့်
## နိရောဓ သမာပတ်။

ရှေးအခါက အကောင်းဆုံး ဘာသာရပ်နှင့် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာရာ လက်ဝင်းထူးခြားချက်တရပ်ကား နိရောဓ သမာပတ်ကို ဝင်စားနိုင်မှု ဖြစ်လေသည်။

ရှေးအခါကဆိုမူ သမထဘာဝနာနည်းဖြင့် ဈာန်အဘိညာဉ်တို့ကိုရရှိလျက် အထက်ဆုံး ဗြဟ္မာ့ဘုံသို့ တိုင်အောင် ရောက်ရှိနိုင်လေသည်။ သို့ရာတွင် နိရောဓ သမာပတ် ကိုကား မဝင်စားနိုင်ကြချေ။

နိရောဓ သမာပတ် ကို ဝင် စား နိုင် သော ပုဂ္ဂိုလ် မှာ အထက်ဆုံး ဗြဟ္မာ့ဘုံသို့ ရောက်ရှိနိုင်သော လောကီဈာန် အမျိုးမျိုးကိုရရှိလျက် ဝိပဿနာဘာဝနာနည်းဖြင့်အနာဂါမိ ပုဂ္ဂိုလ်,ရဟန္တာပုဂ္ဂိုလ်တို့သာလျှင် နိရောဓသမာပတ်ကို ဝင်စားတော်မူနိုင်ကြလေသည်။ ထို့ကြောင့် သာသနာပတွင် ဝါ-ဗုဒ္ဓမြတ်စွာပွင့်တော်မမူမီရှေးအခါက နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်ဟူ၍ မရှိချေ။ ဤကား ထူးခြားချက်တရပ်ပင်တည်း။

နိရောဓသမာပတ်ကို ဝင်စားသောရဟန်းသည် ရှေးဦးစွာ ဝစီသင်္ခါရသည် ချုပ်၏။ ထို့နောက် ကာယသင်္ခါရ ချုပ်၏။ ထို့နောက် စိတ္တသင်္ခါရချုပ်၏ ဟူ၍ မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်၌၎င်း၊ ထိုထိုသော ပါဠိတော်တို့၌ လာရှိလေသည်။

အရပ်သုံးစကားမှာကား-နိရောဓသမာပတ်ဝင်စားသော် စိတ်,စေတသိက်,စိတ္တဇရုပ်တို့ ချုပ်ကုန်ကြ၏ဟူ၍ ခပ်သွက်သွက်ပြောဆိုလေ့ရှိကြလေသည်။ ထိုစကားသည် မှားသည် မဟုတ်၊မှန်သည်သာတည်း။

သို့ရာတွင် နိရောဓသမာပတ် ဝင်စားတော်မူခြင်းနှင့် ပတ်သက်၍ အရေးကြီးသောအချက်ကြီးတရပ် ဝှပ်ကွယ်နေသည်ကို တွေ့ရှိရလေသည်။ ။အမှန်အားဖြင့် ထိုဝှပ်ကွယ်နေသော

ပဓာနအချက်ကြီးကို တရားလိုက်စားသူတိုင်းသိရှိရန် အထူး ဟောပြောပေးအပ်လေသည်။ ၎င်းအချက်ကြီးကို သဘော ပေါက်ပါလျှင် နိဗ္ဗာန်ချမ်းသာဟူသော ဓမ္မသဘာဝကိုလွယ် ကူစွာ သဘောပေါက်နိုင်လေသည်။

သဠာယတနဝဂ္ဂ ဝေဒနာသံယုတ်ပါဠိတော်,ရဟောဂတ ဝဂ်ပဉ္စကင်္ဂ ဂဟပတိသုတ် ပဉ္စကင်္ဂ သူကြွယ်နှင့် အရှင်ဥဒါယီ ကို အကြောင်းပြု၍ အရှင်အာနန္ဒာအားဗုဒ္ဓမြတ်စွာဟောကြား တော်မူသော လိုရင်းအတိုချုပ်မှာ အောက်ပါ အတိုင်းဖြစ် လေသည်။

> အာနန္ဒာ ကာမဂုဏ် ခံစားရသော ကာမ ချမ်းသာထက် ဈာန်ချမ်းသာမြတ်၏။ ဈာန် ချမ်းသာထက် (သညာ ဝေဒယိတ နိရောဓ) သညာဝေဒနာတို့ ချုပ်ခြင်းနိရောဓသမာပတ် ကို ဝင်စားနေစဉ် ရရှိသောသုခချမ်းသာသည် ဈာန်ချမ်းသာထက် မြတ်သော သုခချမ်းသာ ဟု ငါဘုရားဟောကြားတော်မူ၏ ဟူ၍လာရှိ လေသည်။

လူတို့သည် သုခဝေဒနာကို အလွန်အလိုရှိ ကြလေသည်။ ဤကား တဏှာလောဘပေတည်း။ လုကြ, တိုက်ကြ, ခိုးကြ, ဖှက်ကြ,လိမ်ကြ,ကောက်ကြစသည့် အကုသိုလ်ဒုစရိုက်တို့မှာ သုခဝေဒနာကို ခံစားလိုမှုကြောင့်ဖြစ်ရလေသည်။

နိရောဓသမာပတ်ကို ၇-ရက်ခန့်မျှဝင်စားနေလျှင်ဝေဒနာ သညာ ချုပ်ငြိမ်းနေ၏။ ယင်းသို့ တဏှာမပါ သုခဝေဒနာကို မခံစားရဘဲ ဝေဒနာကိုခံစားလျက် ရှိသောသုခဝေဒနာထက်

ချမ်းသာမှုရရှိ၏။ မြတ်၏ ဟူ၍ ဟောတော်မူခြင်းကြောင့် ဝေဒနက္ခန္ဓာ,သညက္ခန္ဓာ ၂-ပါးသောခန္ဓာမျှသာမက ခန္ဓာ ၅-ပါးစလုံး ချုပ်ငြိမ်းနေခြင်းအားဖြင့် ရရှိသော နိဗ္ဗာန်ချမ်းသာသုခကို''အနုမာနသိဒ္ဓိ''အားဖြင့် ကောင်းစွာ ထောက်ဆသိမြင်နိုင်လေသည်။

ထို့ကြောင့် နိရောဓသမာပတ်ကိုဝင်စားရာ၌ စိတ်,စေတသိက်, စိတ္တဇရုပ်တို့ ချုပ်သည်ဆိုသည်မျှကို ပြောဆို ရပ်တန့်မနေမူ၍ နိရောဓသမာပတ်ကို ဝင်စားနေရာဝယ် သညာ, ဝေဒနာတို့ချုပ်လျက် ကာမသုခ, ဈာနသုခတို့ထက် သာလွန်မွန်မြတ်သော သုခချမ်းသာကို ရရှိသည်အထိ ဟောပြောညွှန်ကြား ပြသပေးအပ်သေသည်။

သို့မှ သညာ,ဝေဒနာ ဝါ-ခန္ဓာငါးပါးချုပ်ငြိမ်းနေသော နိဗ္ဗာန်ချမ်းသာသုခကို သုတမယ ဉာဏ် အားဖြင့် ကောင်းစွာ သဘောပေါက်နိုင်ပေမည်။

ရူပံ ပဇာနာတိ

(ရူပံ ဇာနာတိ မဟုတ်)။

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ဖြင့် လောကဓာတ်ကြီးတရပ်လုံးကို ကြည့်ရှုတော်မူသောအခါ အသခ်တဓာတ်မြတ်သောနိဗ္ဗာန်နှင့် ဒုက္ခအတိသာလျှင်ဖြစ်သော (၃၁-ဘုံ) သခ်တဓာတ်ကို တွေ့မြင်သိရှိတော်မူ၏။

ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ စိုးရိမ် ပူဆွေး ငိုကြွေးရခြင်းဆင်းရဲ၊ ဤဆင်းရဲအပေါင်းတို့နှင့် ပြည့်စုံသောသခ်တဓာတ်မှ အသခ်တဓာတ် မြတ်သော နိဗ္ဗာန်ချမ်းသာသို့ ကူးမြောက်

ရောက်ရှိလိုသော အကြင်သူမြတ်သည် အောက်ပါ ၇-ဌာန နှင့် ၃-ဌာနကို စုံစမ်းသေ့လာ ကျွမ်းကျင်စွာ ကြိုးစားအား ထုတ်အပ်၏။ ထိုပုဂ္ဂိုလ်ကို ကိစ္စအလုံးစုံ ပြီးဆုံးပြီ ဖြစ်သော (ဥတ္တမပုရိသ) ယောကျ်ားမြတ် ဟူ၍ ခေါ်ဆိုအပ်ပြီဟု ဗုဒ္ဓ မြတ်စွာသည် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်, ခန္ဓသံယုတ်, ဥပယဝဂ်, ပဋ္ဌမသုတ်၌ ဟောတော်မူလေသည်။

ထိုရှည်လျားစွာသော ဟောတော်မူအပ်သော ဒေသနာ တော်မှ ယောဂီသူမြတ်လွယ်ကူစွာသိရှိတော်မူနိုင် ရန်ဤကျမ်း ငယ်နှင့်လျော်သည့်တို့ကိုကောက်နုတ်စိစဥ်ကာဖေါ်ပြပေအံ့။

၃-ဌာန ဟူသည်ကား-

၁။ လောကဓာတ်ကြီးကို ဓာတ်အားဖြင့်စုံစမ်းသေ့လာ ဆင်ခြင် သုံးသပ်ခြင်း။

၂။ အာယတန အားဖြင့် စုံစမ်းသေ့လာ ဆင်ခြင်သုံး သပ်ခြင်း။

၃။ ပဋိစ္စ သမုပ္ပါဒ်အားဖြင့် စုံစမ်းသေ့ လာ ဆင် ခြင် သုံးသပ်ခြင်း။

ဤသည်ကား(တိဝိဓူပ ပရိက္ခ) သုံးပါးသော ဌာနတို့၌ စုံစမ်းသေ့လာဆင်ခြင်သုံးသပ်ခြင်းဖြစ်လေသည်။

ဤတွင် "ဓာတ်အားဖြင့် စုံစမ်းသေ့လာဆင်ခြင်သုံးသပ် ခြင်း"ဆိုရာ၌ ဓာတ်ကြီး ၄-ပါး၊ ဓာတ် ၆-ပါး၊ ဓာတ် ၁၀-ပါး၊ ဓာတ် ၁၁-ပါး၊ ဓာတ် ၁၂-ပါး၊ သင်္ခတဓာတ်၊ အသင်္ခတဓာတ်တို့ပင် ဖြစ်လေသည်။

၇-ဌာန ဟူသည်ကား-

၁။ ရူပံ ပဇာနာတိ = ရုပ်တရားတို့ကို "ဇာနာတိ" ရိုးရိုး အသိမျိုး မဟုတ်ဘဲ "ပဇာနာတိ" (ကွဲကွဲခြားခြား)အပြားအားဖြင့်ဝမ္မသဘာဝကို သိခြင်း။ (ဤတွင် အနောက်နိုင်ငံသား တို့ သိသော Mind and Matter ဓိုင်း-အင်-မက်တား အသိမျိုးကို မဆိုလို။ ၎င်းအသိမျိုးဖြင့် ကိစ္စ မပြီး)သို့ကြောင့် အထက်၌"ခါတ်အားဖြင့် စုံစမ်းလေ့လာဆင်ခြင် သုံးသပ်ရမည်ဟု ဗုဒ္ဓ မြတ်စွာ ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်လေသည်။

၂။ ရူပသမုဒယံ ပဇာနာတိ– ရုပ်၏ ဖြစ်ကြောင်းကို "ပဇာနာတိ"အားဖြင့် သိခြင်း။

၃။ ရူပနိရောဓံ ပဇာနာတိ=ရုပ်၏ ချုပ်ဆုံးမှုကို"ပဇာနာတိ"အားဖြင့် သိခြင်း။

၄။ ရူပ နိရောဓဂါမိနိ ပဋိပဒံ ပဇာနာတိ= ရုပ်၏ ချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်ကို "ပဇာနာတိ"အားဖြင့် သိခြင်း။

၅။ ရူပဿ အဿာဒံ ပဇာနာတိ=ရုပ်၏ သာယာဘွယ်ကို "ပဇာနာတိ"အားဖြင့် သိခြင်း။

၆။ အာဒီနဝံ ပဇာနာတိ= ရုပ်၏ အပြစ်ဘေးကို "ပဇာနာတိ"အားဖြင့် သိခြင်း။

၇။ ရူပသာနိသာရဏံ ပဇာနာတိ=ရုပ်၏ သံ သ ရာ ဝဋ်
ဆင်းရဲမှ ထွက်မြောက်ရေးကို ''ပဇာနာတိ''
အားဖြင့် သိခြင်း။
(ဤကား ၇-ဌာန များပေတည်း)။

ဤသို့ ရုပ်ကို ၇-ဌာနတို့ဖြင့် ဟောတော် မူပြီးနောက် ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ကို ရုပ်အတိုင်းပင် ဆက်လက်ဟောတော်မူ၏။

ထို့နောက်တဖန် ရုပ်အတွက် ပြန်လည် ဆက်လက် ဟောတော်မူသည်မှာ....

၁။ အို-ရဟန်းတို့၊ ရုပ်သည် အဘယ်နည်းဟူမူကား၊လေးပါးသော မဟာဘုတ်တို့သည်၎င်း၊ လေးပါးသော မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်ဟူသည်၎င်း၊ ဤသဘောတရားတို့ကို ရုပ်ဟူ၍ ဆိုအပ်၏။

၂။ အာဟာရဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်ဖြစ်၏။

၃။ အာဟာရချုပ်ခြင်းကြောင့်ရုပ်၏ချုပ်ခြင်းသည်ဖြစ်၏။

၄။ မြတ်သော အင်္ဂါရှစ်ပါးရှိသော လမ်းသည် ရုပ်၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ပေတည်း။

၅။ အကြင်ရုပ်ကိုစွဲ၍ ချမ်းသာခြင်း ဝမ်း မြောက် ခြင်းသည်ဖြစ်၏။ ဤချမ်းသာ ဝမ်းမြောက်မှုသည် ရုပ်၏ သာယာဘွယ် မည်၏။

၆။ အကြင်ရုပ်သည် ဆင်းရဲ၏။ ဖေါက်ပြန် တတ်သော သဘောသည်ရှိ၏။ ဤသို့ဖြစ်ခြင်းသည် ရုပ်၏ အပြစ်ဘေး မည်၏။

၇။ ရုပ်၌ အကြင်လိုလား ကပ်ငြိခြင်း၊ ဆန္ဒရာဂကို ဆုံးမခြင်း၊ အကြင် ဆန္ဒရာဂကို ပယ်ခြင်းသည်ရှိ၏။ ဤသည်ကား- ရုပ်၏ ထွက်မြောက်ကျွတ်လွတ်ရာ မည်၏။

အို-ရဟန်းတို့....ဤသို့ရုပ်ကိုသိ၍၊ရုပ်၏ဖြစ်ကြောင်းကိုသိ၍ ရုပ်၏ ချုပ်ဆုံးရာကိုသိ၍၊ ရုပ်၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုသိ၍၊ ရုပ်၏သာယာဘွယ်ကိုသိ၍၊ ရုပ်၏ အပြစ်ဒေါသကိုသိ၍၊ ရုပ်၏ထွက်မြောက်ရာကို သိ၍....

ရုပ်ကိုငြီးငွေ့ခြင်းငှာ ကျင့်၏။
တပ်ခြင်း ကင်းခြင်းငှာ ကျင့်၏။
ချုပ်ခြင်းငှာ ကျင့်၏။

ထိုသူမြတ်တို့သည် ကောင်းစွာကျင့်သည် မည်ကုန်၏။ ထိုသို့ ကျင့်ကုန်သဖြင့် ရုပ်ကို ငြီးငွေ့ကုန်၏။ တပ်ခြင်း ကင်းကုန်၏။ ချုပ်ကုန်၏။ တဏှာဒိဋ္ဌိအားဖြင့် မစွဲလန်း။ ရုပ်မှ လွတ်ကုန်၏။

ထိုသူမြတ်တို့သည် ကောင်းစွာလွတ်မြောက် သူများဖြစ်ကြကုန်၏။ထိုကောင်းစွာလွတ်မြောက်ပြီး သူတို့သည် အလုံးစုံကိစ္စပြီးပြီ ဖြစ်ကုန်၏၊ ထိုသူတို့အား ဝဋ္ဋဆင်းရဲဟူ၍ပညတ်ရန် မရှိတော့ပြီ ဟု-ဟောတော်မူလေသည်။

ထို့နောက် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း "ရုပ်"ကို ဟောတော်မူဘိသကဲ့သို့ထိုက်သည့်တို့ကိုရှည်လျားစွာ ဟောတော်မူလေသည်။

ဤသည်တို့ကိုကား-အတိုချုပ် သဘော မျှသာ ဖြစ်ခြင်းကြောင့် ပါဠိတော်, ဘာသာပြန်, နိဿယစသည်တို့ကို ဆက်လက်ဖတ်ရှုတော်မူကြရန် အထူးတိုက်တွန်းပါ၏။

ဤဒေသနာတော်၏လိုရင်းမှာ ယောဂီသူမြတ်သည်ဓာတ် အားဖြင့် သိရှိရခြင်း၊ အာယတန အားဖြင့် သိရှိရခြင်း၊ ပဋိစ္စ သမုပ္ပါဒ်အားဖြင့်သိရှိရခြင်းတို့ အပြင်ရပ်နှင့်တကွ ခန္ဓာ၅-ပါး ကို ၇-ပါးသော နည်းတို့ဖြင့်သိ၍ ဝိပဿနာ ဘာဝနာ ပွားများရန် ဗုဒ္ဓမြတ်စွာ ဟောတော်မူခြင်းဖြစ်လေသည်။

ဤဒေသနာတော်နှင့် စာမျက်နှာ ၃၂၆-၌ ဖော်ပြထား သော"ဆန္ဒံဖဿာသတနာနံ သမုဒယာ့ အတ္ထင်္ဂမာ့×××" ဟူသော ပါဠိတော်ကို တွဲဖက်ဖတ်ရှုပါလျှင် ပိုမိုထင်ရှားစွာ အဓိပ္ပါယ်ပေါက်လာဘွယ် ရှိလေသည်။

ဇေတဝန် ကျောင်းတော်က
သစ်ခက်,သစ်ရွက်,မြက်ခြောက်တို့ကို
မီးလောင်သော်။

သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော်, သဠာယတန သံယုတ် န-တုမှာကသုတ်၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဟောတော်မူသည့် အတိုချုပ်သဘောမှာအောက်ပါအတိုင်း ဖြစ်လေသည်။

အို-ရဟန်းတို့....ဤဇေတဝန် ကျောင်းတော် အတွင်း၌ ရှိသော သစ်ခက်၊သစ်ရွက်၊ ထင်းပေါက်၊ မြက်ခြောက်တို့ကို လူတို့သည် ယူဆောင်သွားကြသည်သော်ငြား၊မီးရှို့ကြသည် သော်ငြား၊ အလိုရှိတိုင်းပြုကြသည်သော်ငြား၊ ငါတို့ကို လူတို့ သည် ယူဆောင်သွားကြသည်ဟူ၍ငြား၊ မီးရှို့ကြသည်ဟူ၍ ငြား၊ အလိုရှိတိုင်း ပြုကြသည်ဟူ၍ငြား၊ သင်တို့အား ယင်းသို့ စိတ်(ထိခိုက်ခြင်း)သည် ဖြစ်ရာ၏လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က စိတ်၌ မည်သို့မျှမဖြစ်ပါ။အဘယ်ကြောင့်ဆိုသော် ထိုသစ်ခက်၊ သစ်ရွက်၊ ထင်းပေါက်၊ မြက်ခြောက်တို့မှာ တပည့်တော်တို့၏ ဥစ္စာ မဟုတ် ခြင်း ကြောင့် ဖြစ်ပါသည်ဘုရား။

အို-ရဟန်းတို့.... ထို့အတူသာလျှင် စက္ခုပသာဒသည် သင်တို့၏ ဥစ္စာမဟုတ်။ သောတ,ဃာန,ဇိဝှာ,ကာယ, မနတို့သည် သင်တို့၏ ဥစ္စာမဟုတ်။

ထို့အတူသာလျှင် ရူပ ရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ စသည်တို့သည်၎င်း၊ စက္ခုဝိညာဏ်,သောတဝိညာဏ်,ဃာနဝိညာဏ် စသည်တို့သည်၎င်း၊ စက္ခုသမ္ဖဿ,သောတသမ္ဖဿ, ဃာနသမ္ဖဿ စသည့်တို့သည်၎င်း၊ စက္ခု သမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာန သမ္ဖဿဇာ ဝေဒနာ စသည့်တို့သည်၎င်း၊ ၎င်းတို့သည် သင်တို့၏ ဥစ္စာမဟုတ်။ ၎င်းတို့ကို ပယ်စွန့်ကြကုန်လော့။ ပယ်စွန့်သည်ရှိသော်- သင်တို့အား ချမ်းသာခြင်းသည် ဖြစ်လတံ့ဟု ဟောတော်မူလေသည်။ (ဤတွင် စာမျက်နှာ ၂၄၁-၌လာရှိသော သုညတောလောက ဒေသနာတော်ကို၎င်း၊ စာမျက်နှာ ၂၄၂-၌လာရှိသော သုညော လောကော ဒေသနာတော်ကို၎င်း ပြန်၍ ဖတ်ရှုတော်မူပါလေ)။

သဗ္ဗံ ရူပံ နေတံ မမ။

အထက်ပါဒေသနာတော်နှင့်ဝိနည်းမဟာဝါပါဠိတော်, မဟာခန္ဓက၌ ပဥ္စဝဂ္ဂီတို့အားဟောတော်မူသော အနတ္တသုတ်တွင် လာရှိသည်ကို အောက်ပါအတိုင်း ဆက်စပ်သိအပ်ပြန်လေသည်။

တသ္မာ တိဟ ဘိက္ခဝေ
ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ
ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ
ဩဠာရိကံဝါ သုခုမံဝါ ဟီနံပါ ပဏီတံဝါ ယံဒူရေ သန္တိ
ကေဝါ၊ သဗ္ဗံ ရူပံ နေတံ မမ နေသောဟာ မသ္မိ နမေသော
အတ္တာတိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဠဗ္ဗံ။
(အလွတ်ရအောင်ကျက်မှတ်လျက်မကြာခဏရွတ်ဆိုပါလေ)။

အနက်ကား။ ။ဘိက္ခဝေ = ရဟန်းတို့၊

| | | |
|---|---|---|
| တသ္မာ | = | ထိုသို့ ခန္ဓာ ငါးပါး တို့၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သောကြောင့်၊ |
| အတီတာ နာဂတပစ္စုပ္ပန္နံ | = | အ တိတ်, အ နာ ဂတ်, ပစ္စုပ္ပန်ဖြစ်သော၊ |
| အဇ္ဈတ္တံဝါ | = | စက္ခု စသော ပသာဒရုပ် ငါး ခု ဟု ဆို အပ် သော, အဇ္ဈတ္တလည်းဖြစ်သော၊ |
| ဗဟိဒ္ဓါဝါ | = | ပသာဒရုပ် ငါးခုမှ ကြွင်းသော,ရုပ်ဟုဆိုအပ်သော ဗဟိဒ္ဓလည်း ဖြစ်သော။ |
| ဩဠာရိကံဝါ | = | ကြမ်း ထမ်း သော ရုပ် တရားသည်ရင်း၊ |
| သုခုမံဝါ | = | သိမ်မွေ့သော ရုပ် တ ရား သည်ရင်း၊ |

ဟီနံဝါ = ယုတ်ညံ့သော ရုပ်တရား သည်၎င်း၊

ပဏီနံဝါ = မြင့်မြတ်သော ရုပ်တရား သည်၎င်း၊

ယံ ဒူရေ = အကြွင်း အဝေး၌ဖြစ်သော ရုပ်တရားသည်၎င်း၊

ယံသန္တိကေဝါ = အကြွင်း အနီး၌ ဖြစ်သော ရုပ်တရားသည်၎င်း၊

အတ္ထိ = ရှိ၏၊

သဗ္ဗံ = ခပ်သိမ်းကုန်သော၊

ဧတံ ရူပံ = ထိုရုပ်ဟူသမျှသည်၊

န မမ = ငါ၏ဥစ္စာမဟုတ်၊

ဧသော = ထိုရုပ်အပေါင်းသည်၊

န အဟမသ္မိ = ငါဖြစ်၍နေသည် မဟုတ်၊

ဧသော = ထိုရုပ်အပေါင်းသည်၊

မမ = ငါ၏၊

န အတ္တာ = အလိုသို့ လိုက်သော အတ္တ မဟုတ်၊

ဣတိ ဧဝံ = ဤသို့ ဆိုအပ် ခဲ့ပြီးသော နည်းတို့ဖြင့်၊

ဧတံ = ထို ခပ် သိမ်း သော ရုပ်ဟူ သမျှကို၊

ယထာဘူတံ = မဖေါက်မပြန် ဟုတ်မှန် သော အတိုင်း၊

သမ္ပယုတ္တညာဏ = ကောင်းစွာ (ရုပ်ခဲ နာမ်ခဲ ကို ဖေါက် ခွဲ သော) ဝိပဿနာပညာဖြင့်၊
ဒဋ္ဌဗ္ဗံ = ရှုအပ်၏။

ယင်း အနတ္တသုတ်၌ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, နာမ်တရားတို့အတွက်လည်း အထက်ပါ နည်းအတိုင်းပင် ဟောတော်မူလေသည်။

ဤ "အနတ္တ" သုတ် နှင့် ဇေ တ ဝန် ကျောင်း တော်က "နတုမှာက" သုတ် တို့ကဲ့ ပေါင်းစပ်လျက် လိုရင်းကို ဖေါ် ထုတ်ရသော်-ခန္ဓာငါးပါးသည်ငါမဟုတ်၊ငါ၏ဥစ္စာမဟုတ်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်တွင် လာရှိသော ခတ် ၈၁-ပါးမျှ သာတည်း။ ပိုင်ဆိုင်သူမရှိ။ အကြောင်း အားလျော်စွာ ဖြစ် ပေါ်လာသော ဓမ္မသဘာဝမျှသာ ဖြစ်ခြင်းကို ထူးခြားစွာ သိရပေမည်။

ယင်းသို့ သိမြင်ခြင်းမှာလည်း ငါက သိမြင်သည်မဟုတ်၊ "ကုသလာ ဓမ္မာ" တွင် ပါရှိသောစိတ်နှင့် စေတသိက်အချို့ က သိမြင်ခြင်းပါတကားဟူ၍လည်း တဆင့် တက်ကာ ထူး ခြားစွာ သိရပေဦးမည်။

ထိုမှတဖန် ဤခန္ဓာငါးပါး, ရုပ်,နာမ် တရားတို့သည် ငါ မဟုတ်၊ ငါ၏ဥစ္စာ မဟုတ်။ထိုမျှမကရင်းခန္ဓာငါးပါးတို့သည် အကြောင်းကင်းလျက် ဖြစ်ပေါ် လာကြသည်မဟုတ်၊အဝိဇ္ဇာ, တဏှာ,ကံ, စိတ်, ဥတု, အာဟာရ စသည်တို့ကြောင့်သာ ဖြစ် ပေါ်လာရသည် ပါတကားဟု ပစ္စယပရိဂ္ဂဟ ဉာဏ်အားဖြင့် လည်း ထူးခြားစွာ သိအပ် ပြန်လေသည်။

ယင်းသို့လျှင် ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်၊ ဓမ္မသဘာဝ အနတ္တမျှသာတည်းဟု ထပ်ခါထပ်ခါ ဆင်ခြင်ပွား များ ပါ များလတ်သော် "အတ္တ"ဟူသော အယူဝါဒကို စွန့်ပယ်နိုင် တော့၏။

ဤစကားသည် ခိုင်လုံ၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်, ပညာဝဂ် သတိပဋ္ဌာန ကထာ၌—

အနတ္တတော အနုပဿန္တော
အတ္တ သညံ ပဇဟတိ။

ဟူ၍ လာရှိသေသည်။

အနက် အဓိပ္ပါယ်သော်ကား- အတ္တ မဟုတ်၊ အနတ္တဟု အကြိမ်ကြိမ် အဖန်ဖန် ရှုသည်ရှိသော် အတ္တဟူသော အမှတ် သညာကို စွန့်ပယ်နိုင်၏ ဟူ၍ ဟောတော်မူသေသည်။

ရူပံ န သတ္တော န ဇီဝေါ။

ခန္ဓာငါးပါးသည် ဝါ-နာမရူပ ပရိစ္ဆေဒ ဉာဏ်ခန်း၌ လာရှိသော ရုပ် ၂၈-ပါး၊ စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး။ ထို ၈၁-ပါးသော ဓာတ်တို့သည် ငါမဟုတ်၊ ငါ၏ဥစ္စာ မဟုတ်ဆိုသည်ကို ကျနစွာ သိစေရန် ဝိသုဒ္ဓိမဂ်, အဋ္ဌကထာ ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိခန်းနှင့် စူဠနိဒ္ဒေသ ပါဠိတော်, ပါရာယနဝဂ်၌ လာရှိသည်မှာ—

ရူပံ န သတ္တော န ဇီဝေါ
န နရော န မာဏဝေါ
န ဣတ္ထီ န ပုရိသော
န အတ္တာ န အတ္တနိယံ
နာဟံ န မမ န ကောစိ န ကဿစိ။

**ဘာသာပြန်။** ။ရူပက္ခန္ဓာသည်သတ္တဝါမဟုတ်၊ဇီဝမဟုတ် လူမဟုတ်၊လုလင်မဟုတ်၊ မိန်းမ မဟုတ်၊ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ဥစ္စာ မဟုတ်၊တစုံတယောက်သော ပုဂ္ဂိုလ်မဟုတ်၊ တစုံတယောက် သောပုဂ္ဂိုလ်၏ ဥစ္စာမဟုတ်ဟု ဟောတော်မူ၏။

ကျန် နာမ်ခန္ဓာ လေးပါး တို့ ကို လည်း ဤ အတိုင်း ပင် ဟောတော်မူလေသည်။

**သား သမီး မရှိ။**

ပုတ္တ မတ္ထိ ဓနမတ္ထိ
ဣတိ ဗာလော ဝိဟညတိ
အတ္တာပိ အတ္တနော နတ္ထိ
ကုတော ပုတ္တာ ကုတော ဓနံ။

ဟု ဓမ္မပဒ ပါဠိတော်, ဗာလဝဂ်၌ ဟောတော်မူ၏။

**ဘာသာပြန်။** ။သား, သမီးသည်ရှိ၏။ ဥစ္စာပစ္စည်းသည် ရှိ၏။ ဤသို့ လူမိုက်သည် စိုးရိမ် ပူဆွေး၏။ မိမိ၏ ကိုယ်ပင်လျှင် မရှိပါဘဲလျက် အဘယ်မှာလျှင် သား,သမီးသည် ရှိနိုင်ပါအံ့ နည်း၊အဘယ်မှာလျှင် ဥစ္စာ ပစ္စည်းသည် ရှိနိုင်ပါအံ့နည်းဟု ဟောတော်မူ၏။

စာမျက်နှာ ၃၀၅-၌ လာရှိသောဇေတဝန်ကျောင်းတော် က သစ်ခက်, သစ်ရွက်တို့ကို မီးရှို့ရာတွင် မိမိ မတုန်လှုပ်ဘိ သကဲ့သို့ရင်း၊ ထို့နောက် လာရှိသော''သဗ္ဗံ ရူပံ နေတံ မမ'' ဟူသော ပါဠိတော်အရရင်း၊ ထို့နောက် လာရှိသော ''ရူပံ န သတ္တော၊ န ဇီဝေါ'' ဟူသော ပါဠိတော်အရရင်း၊ ထို့ နောက် လာရှိသော''သားသမီးမရှိ''ဟူသော ဒေသနာတော်

အရဂုဏ်း စိုးရိမ်ပူပန်ခြင်းမဖြစ်ရလေအောင်ခန္ဓာငါးပါးသည် ငါမဟုတ်၊ ဂ၁—ပါးသော ဓာတ်သဘာဝတို့၏ အစုအဝေး မျှသာတည်းဟူ၍ ပညာမျက်စိတွင် ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ သိမြင်လာအောင် လေ့ကျင့်ပေးရပေမည်။

တဏှာ ရာဂ လောဘစိတ်ပေါ်လာလျှင် ငါလိုချင်သည်၊ ငါစားချင်သည်မဟုတ်၊ ငါမရှိ။ (စာမျက်နှာ- ၂၁၉)စိတ်နှင့် အကုသိုလ်စေတသိက် ၁၉-လုံး ဖြစ်ပေါ် လာ ခြင်း မျှသာ တည်းဟု ဓမ္မ သဘာဝ ပေါ်လာအောင် ဆင်ခြင်လေ့ကျင့် ဝေဖန်ပစ်ရပေမည်။

ထိုနည်းတူစွာ ဝမ်းသာစိတ်, ဝမ်းနည်းစိတ်, ဒေါသစိတ် စသည်တို့ ပေါ်လာသည့်အခါတွင်လည်း ငါမဟုတ်၊ငါမရှိ။ ထိုက်သည့်အားလျော်စွာသော စိတ်နှင့် စေတသိက်တို့ ဖြစ် ပေါ်လာခြင်းမျှသာ တည်းဟု ဓမ္မသဘာဝ ပေါ်လာအောင် ဆင်ခြင်လေ့ကျင့် ဝေဖန် ပစ်ရပေမည်။

ဤတွင် စာမျက်နှာ ဂ၆—၌ ဖော်ပြခဲ့သော မာလုံကျပုတ္တ ဒေသနာတော်၌ လာရှိသည့် မြင်လျှင် မြင်ကာမျှသာ, ကြား လျှင် ကြားကာမျှသာ စသည်တို့ကို ဖြစ်စေရန် ကမ္မဋ္ဌာန်း တရားကို သတိလွှတ်မသွားစေရ။ သတိလွှတ်သွားလျှင် မင်, ဗိုလ်,နိဗ္ဗာန်နှင့် ဝေးလေပြီဟု ဟောတော်မူသည်ကိုပြန်လည် သတိပြုရပေမည်။

ထို့နောက် တဖန် စာမျက်နှာ- ၃၀၇- ၌လာရှိသည့် ကြိုက် လျှင် လောဘ၊ မကြိုက်လျှင်ဒေါသ၊အမှတ်တမဲ့နေလျှင်မောဟ ဟု ဟောတော်မူသည်ကို ပြန်လည်သတိရကာ ရုပ်နာမ်နှစ်ပါး

ကို(ပရိညာ)ခွဲခြမ်း စိတ်ဖြာခြင်းနှင့် ရုပ် နာမ်နှစ်ပါးဖြစ်ပေါ်လာမှုအကြောင်းရင်းကို သုံးသပ် ဆင်ခြင် ပေးရပေမည်။

ဤသဘောသည် ဗုဒ္ဓမြတ်စွာ၏ အလိုတော် ပင်တည်း။ ထို့ကြောင့် စာမျက်နှာ-၂၂၃-၌ "ဘူတေ ဘူတတော" စသောပါဠိတော်ကို ဖော်ပြခဲ့လေပြီ။ ထိုပါဠိ တော်၌ မြင်သည့်, ကြားသည့်, တွေ့ထိသည့် စသည်တို့ကို(ပရိညာ) ခွဲခြမ်း စိတ်ဖြာ၍ ဝိပဿနာ ဘာဝနာ ပွားများပစ်ရန် ဆက်လက်လာရှိသည်မှာ-

(၁) ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊

(၂) ဒိဋ္ဌံ ဒိဋ္ဌတော သ ညတွာ၊

ဒိဋ္ဌံ မညတိ၊ (၃) ဒိဋ္ဌသ္မိံ မညတိ၊ (၄) ဒိဋ္ဌတော မညတိ၊ (၅)ဒိဋ္ဌံမေတိ မညတိ၊(၆)ဒိဋ္ဌံအဘိနန္ဒတိ၊(၇) တံ ကိ ဿ ဟေတု၊ (၈) အပရိညာတံ တဿာတိ ဝဒါမိ။

ဘာသာပြန်။ ။(၁)မြင်သည်ကိုမြင်သည့်အတိုင်းသိမှတ်ထား၏။

(၂) မြင်သည်ကို မြင်သည့်အတိုင်း သိမှတ် ထား၍ မြင်သည်ကို မြင်ရသည့် အတိုင်းဟု သိမှတ်၏။

(၃) မြင်ရသည့် အတိုင်း သိမှတ်၏။

(၄) မြင်ရသည့် အရာတိုင်း သိမှတ်၏။

(၅) မြင်ရသည့် အရာကို ငါ့ဟာဟု သိမှတ်၏။

(၆) မြင်ရသော အရာကို အလွန် နှစ်သက်၏။

(၇) ဤသို့ ဖြစ်ရခြင်းကား အဘယ် ကြောင့်ပါနည်း။

(၈) ထိုသူသည် မြင်ရသော အရာကို ပိုင်းခြား မသိမှုကြောင့်ဟု ဗုဒ္ဓမည်တွင် ငါဘုရားရှင် မိန့်ဆိုတော်မူ၏။

ဤတွင် သာမန်ပုဂ္ဂိုလ်တို့အတွက် လွယ်ကူစွာ သဘော ပေါက်နိုင်စေရန် ရေးသားဖေါ်ပြရသော် မြင်သည်ကိုယ်စဉ် လူမှန်းသိသည်ကအစပြု၍ သညာ ဝိပလ္လာသဖြင့် မှတ်ယူထား သည့်အတိုင်းမှတ်ယူသိမ်းပိုက် ထားခြင်းမပြုရ။သညာဝိပလ္လာ သဖြင့် လက်ခံသိမ်းပိုက် ထားခြင်းသည် အသုတဝါ ပုထုဇ္ဇန် တို့၏အလေ့အကျင့်သာဖြစ်၏။ မဂ်,ဖိုလ်,နိဗ္ဗာန်နှင့် ဝေးစေ၏။

(သုတဝါ အရိယ သာဝက)အရိယတို့၏တပည့်ဖြစ်သူတို့ ကား မြင်သည်ကို ယထာဘူတဉာဏ် ဆိုက်အောင် ရုပ် နာမ် နှစ်ပါးကို (ညာတပရိဉာဏ်) အသေးစိတ်ခွဲခြမ်းစိတ်ဖြာပစ်ရ၏။ ယင်းသို့ပြုခြင်းသည် မဂ်,ဖိုလ်,နိဗ္ဗာန်နှင့် နီးစေသည်မည်၏။

ထိုမျှမက နာရီကိုအသေးစိတ် ခွဲးခြမ်းစိတ်ဖြာကြည့်သော အခါ နာရီမရှိဘဲ သကဲ့သို့ရင်း။ အိမ်ကို ခွဲခြမ်းစိတ်ဖြာ ကြည့် သော အခါအိမ်မရှိသကဲ့သို့ရင်း၊ မြင်သော "ငါ" ကိုလည်း ဤနည်း အတိုင်းပင် ရုပ်နာမ်နှစ်ပါးကို ခွဲခြမ်း စိတ်ဖြာကာ ကြည့်ရှုရပေမည်။

ထိုအခါ အမြင်ခံရ သည်မှာလည်း ၁၀-ပါးသော ခဝတ် တို့ ထိုက်သည် အားလျော်စွာ ပေါင်းဆုံ ဖြစ်ပေါ် ခြင်း (သုဒ္ဓ သခ်ါရပုဥ္ဇယံစာမျက်နှာ ၅၀-)မျှသာဖြစ်၏။ လူမဟုတ်,နတ် မဟုတ်,သတ္တဝါမဟုတ် ဆိုသည်ကိုပညာမျက်စိတွင် ထင်ရှား စွာ သိမြင်လာပေတော့၏။

ထိုနည်းတူစွာ မြင်သည်ဆိုသော "ငါ" မှာလည်း "ငါမ ဟုတ်" ၁၀-ပါးသောခဝတ်တို့ ထိုက်သည့်အား လျော်စွာ ပေါင်းဆုံဖြစ်ပေါ် ခြင်းမျှသာ ဖြစ်၏။ လူမဟုတ်၊ သတ္တဝါ

မဟုတ်၊ မိန်းမ ယောကျ်ားမဟုတ်ဆိုသည်ကို ပညာမျက်စိတွင် ထင်ရှားစွာသိမြင်လာပေတော့၏။

ဤကား-ဝိပဿနာ ဘာဝနာနယ်တွင် အမြင်မှန်စ၍ ရရှိသော "ဒိဋ္ဌိ ဝိသုဒ္ဓိ"ပေတည်း။ ဝါ-ယောဂီသူမြတ်သည်ပညာမျက်စိဖြင့် အတ္တနှင့်အနတ္တ ဓမ္မသဘာဝကိုစ၍ခွဲခြားစွာသိမြင်ခြင်းပေတည်း။

ထိုဒေသနာတော်တွင် "သုတံ သုတတော သဥ္ဇာနာတိ" စသည်ကိုရင်း၊ "မုတံ မုတတော သဥ္ဇာနာတိ"စသည်ကိုရင်း "ဝိညာတံ ဝိညာတတော သဥ္ဇာနာတိ" စ သည် ကို ရင်း၊ အထက်ပါ "ဒိဋ္ဌံ ဒိဋ္ဌတော သဥ္ဇာနာတိ"ပါဠိတော်အတိုင်း ဆက်လက် ဟောတော်မူလေသည်။

အချုပ်ကား- မြင်သောအခါ၊ ကြားသောအခါ၊ တွေ့ထိသောအခါ စသည်တို့၌"ကြိုက်လျှင် လောဘ၊ မကြိုက်လျှင် ဒေါသ၊ အမှတ်တမဲ့နေလျှင် မောဟ" မဖြစ်စေရန် မြင်သည်၊ ကြားသည်၊ တွေ့ထိသည် စသည်တို့၌ နာမ်ရုပ်နှစ်ပါးဖြစ်ခြင်းကိုခွဲခြမ်းစိတ်ဖြာ၍ ကောင်းစွာ ထင်မြင်အောင် ဆင်ခြင်သုံးသပ်ပေးရပေမည်။

ထိုမှတဆင့်တက်သော် ထိုနာမ်တို့သည် အကြောင်းမဲ့ဖြစ်ပေါ်လာသည် မဟုတ်။ အဝိဇ္ဇာ, တဏှာ, ကံ,စိတ်, ဥတု, အာဟာရစသည့် အကြောင်းတရား တို့ကြောင့် ဖြစ်ပေါ်လာရသော ဓမ္မသဘာဝ အကျိုးတရားမျှသာ ပေတည်းဟု မိမိဉာဏ်ဝတွင် လိုရင်းသဘော ဆိုက်ရောက်လာအောင် အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်သုံးသပ် ပွားများရပေမည်။

မဟာသတိပဋ္ဌာန် ပါဠိတော်ကာယာနုပဿနာ ၁၄-ခန်း ၌၎င်း၊ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ ခန်းတို့၌၎င်း-

"သမုဒယ ဓမ္မာနု ပဿီ"

အကျိုးတရား ဖြစ်ပေါ်လာရခြင်း၏ အကြောင်းတရား ဓမ္မ သဘာဝကို ဆင်ခြင်သုံးသပ် ပွားများ လေ့ကျင့်ပေးရန် ဗုဒ္ဓ မြတ်စွာသည် ထပ်ခါထပ်ခါ ညွှန်ပြတော်မူခဲ့လေသည်။

ယင်းသို့လျှင် ရုပ်,နာမ်နှစ်ပါး ဝါ-ခန္ဓာငါးပါး စသည်တို့ ၏ ဖြစ်ပေါ်မှု အကြောင်းရင်းတို့ကို သိပါမှ ၎င်းတို့မှ လွတ် မြောက်အောင် ရှောင်ကြဉ်လိုသော စိတ်ဓာတ်ဖြစ်ပေါ် လာ နိုင်ပေမည်။

ထို့ကြောင့် ရုပ်,နာမ် နှစ်ပါး ဝါ-ခန္ဓာငါးပါး စသည်တို့ ၏ ဖြစ်ပေါ်မှု အကြောင်းရင်းဖြစ်သော အဝိဇ္ဇာ,တဏှာ, ကံ, စိတ်,ဥတု,အာဟာရ စသည်တို့ကို လေးနက်စွာဆင်ခြင် သုံး သပ် ပွားများလေ့ကျင့် ပေးရပေမည်။

ထိုမှတဖန် တဆင့်တက်ကာ ထိုနမ်,ရုပ် နှစ်ပါး ခန္ဓာငါး ပါးတို့သည် ငါ-မဟုတ် အတ္တမဟုတ်သည်သာမက မြင်သည် ကြားသည်, တွေ့ထိသည် စသည်တို့၌ အနိစ္စသဘော ဒုက္ခ သဘော အနတ္တသဘောမျှသာ ဖြစ်ခြင်းကို ဆင်ခြင် သုံးသပ် လေ့ကျင့်ပေးရပေမည်။ (ဝိပဿနာဘာဝနာ ပွားများ လေ့ ကျင့်နည်းကို ရှေ့လာမည့် ဘာဝနာခန်းတွင် တွေ့ရှိရလတံ့)။

ဤမှတဖန် တဆင့်တက်ရမည်မှာ ခန္ဓာငါးပါး ဖြစ်ပေါ် ခြင်းသည်....

ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ၊
ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခန္တိ၊
ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ။

ဟူ၍ စာမျက်နှာ ၂၁-တွင် ဖော်ပြခဲ့သည့်အတိုင်း ဆင်ခြင်ပွားများလျက် ခန္ဓာငါးပါး ဖြစ် ပေါ် မှု သည် ဒုက္ခ၊ ခန္ဓာငါးပါးချုပ်ငြိမ်းရာ နိဗ္ဗာန်သည် သုခ-ဟူ၍ နိဗ္ဗာန်ကို (သန္တိကတဗ္ဗန္တိ) မျက်မှောက် ပြုရပေမည်။

ဤသည်တို့ကား-မဂ်,ဖိုလ်,နိဗ္ဗာန်ကိုအလိုရှိတော်မူကြကုန်သော သူမြတ်တို့ ပွားများ လေ့ကျင့် ပေးရမည် ဖြစ်သော ပဓာနလုပ်ငန်းကြီးပေတည်း။

နိမိတ်ကို မယူရ။
(ရဲရဲတောက်တရား)

ဣဓ မဟာရာဇ
ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ
န နိမိတ္တဂ္ဂါဟီ ဟောတိ
နာနု ဗျဉ္ဇနဂ္ဂါဟီ။

စသည်ဖြင့် အဇာတသတ်မင်းအား အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာသည် သုတ်သီလက္ခန်ပါဠိတော် သာမည ဖလသုတ်ကို ရှည်လျားစွာ ဟောတော် မူလေသည်။ ၎င်းပါဠိတော်၏ အနက်အဓိပ္ပါယ် ဘာသာပြန်ကို (ဆဋ္ဌမူ ဘာသာပြန် စာမျက်နှာ ၇၃-၌ လာရှိသည့်အတိုင်း) ဆိုင်ရာတို့ကို ကောက်နုတ်ဖော်ပြပေအံ့။

မင်းကြီး....ဤလောက၌ရဟန်းသည်မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သော (မိန်းမ

ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ (လက်ခြေစသောအင်္ဂါ၊ ပြုံးဟန်, ရယ်ဟန် စသောအမူအရာ)အမှတ်လက္ခာကို စွဲယူလေ့မရှိ။(အကယ်၍)စက္ခုန္ဒြေကိုမစောင့်စည်းဘဲနေလျှင် ယင်း (စက္ခုန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ-နှလုံး မသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသောအကုသိုလ်တရားတို့သည်ထိုမစောင့်စည်းသောသူကို လိုက်၍ နှိပ်စက် ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏။ စက္ခုန္ဒြေကို စောင့်စည်း၏။ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်(ပ)
နှာခေါင်းဖြင့် 'ဂန္ဓာရုံ'ကို နမ်းသော် (ပ)
လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်(ပ)
ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်(ပ)
စိတ်ဖြင့်သဘော 'ဓမ္မာရုံ'ကို သိသော်(ပ)

ဤသည်တို့ကား- လိုရင်း အတိုချုပ်မျှသာတည်း။ ဤပါဠိတော်မှာ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိ၍ သေ့လာ ကျင့်သုံးနေကြကုန်သော သူ မြတ် တို့အ တွက် အ ထူး အ ရေး ကြီးလေသည်။

ဤပါဠိတော်၏ လိုရင်းမှာ ရူပါရုံကို မြင်သောအခါ ယောကျ်ား နိမိတ်, မိန်းမ နိမိတ်, အသံကိုကြားရသောအခါ

ယောကျ်ားအသံ, မိန်းမအသံ, အသံကောင်းသည်, မကောင်းသည်စသော နိမိတ်စသည်တို့ကို မ ယူ ဘဲ ဓမ္မသ ဘာ ဝ ကို ပညာမျက်စိဖြင့် ကောင်းစွာထင်မြင် ဆင်ခြင် သုံးသပ်ရမည် ဖြစ်၏။

ထို့ကြောင့် အဋ္ဌကထာ ဆရာမြတ်သည် အရိပ်,နိမိတ်, ပုံပန်းသဏ္ဍာန်ကို မယူရန်-

ယံ ပဿတိ န တံ ဒိဋ္ဌံ။
ယံ ဒိဋ္ဌံ တံ နပဿတိ၊

စသည်ဖြင့် ဖွင့်ဆိုတော်မူခဲ့သည်ကို စာမျက်နှာ- ၂၃၉-၌ ဖေါ်ပြခဲ့လေသည်။

အဇာတသတ် မင်းအား ဟောတော်မူသော ဒေတနာတော်မှာ သ ဘော အား ဖြင့် ဆိုသော် စာ မျက် နှာ ၇၆-၌ မာလုကျပုတ္တအား ဟောတော်မူအပ်သော "ရူပံ ဒိသွာ သတိ မုဋ္ဌာဝိယ နိမိတ္တံ မနသိ ကရောတော" စသော ဒေသနာတော် အတိုင်း-

မြင်သောအခါ ကြားသောအခါ စားသော အခါတွေ့ထိသောအခါစသည်တို့၌ကမ္မဋ္ဌာန်း တရားသတိလက်လွတ်သွားသောအခါ မင်, ဖိုလ်,နိဗ္ဗာန်နှင့် ဝေးသွားဘိသကဲ့သို့ အရိပ် နိမိတ်ကို ယက်ခံ သိမ်းပိုက်လိုက်သော အခါ ကြိုက်လျှင်လောဘဖြစ်၏။မကြိုက်လျှင်ဒေါသ ဖြစ်၏။ အမှတ်တမဲ့ နေလျှင် မောဟဖြစ်၏။

ထို့ကြောင့် မင်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိ၍ တကယ်တန်း ကျင့်သောသူမြတ်သည် "စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ

ဟောတိ နာနုဗျဥ္စနဂ္ဂါဟီ''ဟူ၍ ဟောတော်မူသောဒေသနာတော်အရ နိမိတ်ကိုမယူဘဲ ဓမ္မသဘာဝကို ပညာမျက်စိဖြင့် ကောက်ယူ၍ ဝိပဿနာဘာဝနာ ပွားများပစ်ရန်သာ ဖြစ်လေသည်။

ထို''စက္ခုနာ ရူပံ ဒိသွာ'' ပါဠိတော်ကို သုတ်သီလက္ခန် ပါဠိတော်၌ အဇာတသတ် မင်းကိုသာလျှင် ဟောတော်မူသည်မဟုတ်သေး။ ကျန်ရှိသေးသော ပါဠိတော်များမှာ-

သုတ် သီလက္ခန်ပါဠိတော် သုဘသုတ်။
သုတ်ပါထေယျ ပါဠိတော် သံဂီတိသုတ်။
မူလပဏ္ဏာသ ပါဠိတော် ဂူဠှဟတ္ထိ ပဒေါပမ သုတ်။
မဇ္ဈိမ ပဏ္ဏာသ ဗြာဟ္မဏဝဂ်, ဃောဋ မုခသုတ်။
ဥပရိ ပဏ္ဏာသ အစ, ဒေဝ ဒဟသုတ်။
အင်္ဂုတ္တိုရ် စတုက္ကနိပါတ်, မဟာဝဂ်, အတ္တန္တပသုတ်။
သဠာယတနဝဂ္ဂ သဠာယတန သံယုတ်ပါဠိတော်,
  လောက ကာမဂုဏဝဂ်, သာရိပုတ္တ ဧတ္တရသုတ်။
ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍ (သုတ္တန္တိက ဒုကမိဘာဂ)။

တို့၌လည်းဟောတော်မူလေသည်။ ဤသည်တို့ကားမှတ်မိသည်တို့ကို ဖေါ်ပြခြင်းမျှသာတည်း။ မမှတ်မိသောထိုထိုပါဠိတော်တို့၌လည်းထိုဒေသနာတော်ကို အကြိမ်ကြိမ်ဟောတော်မူလေသည်။

ဤသို့ ကျမ်းရင်းများကို ဖေါ်ပြရခြင်းမှာ ကျမ်းရင်းကို အလိုရှိသူတို့ လွယ်ကူစွာ ရှာဖွေဖတ်ရှုနိုင်ရန်နှင့် ဤမြင်သည့်ကြားသည့် စသည့် နိမိတ်တို့ကို ယက်ခံသိမ်းပိုက်ခြင်း မပြုရန်

ဗုဒ္ဓ မြတ်စွာ အဘယ်မျှ အလိုရှိတော်မူသည်ကို ထင်ရှားစွာ သိတော်မူနိုင်ကြစေရန် ဖော်ပြရခြင်း ဖြစ်လေသည်။

ဤအရာဝယ် နိမိတ်ဟူသည် အဘယ်နည်းဟူမူ—

| | |
|---|---|
| ၁။ ရူပနိမိတ်။ | ၄။ ရသနိမိတ်။ |
| ၂။ သဒ္ဒနိမိတ်။ | ၅။ ဖော်ဋ္ဌဗ္ဗနိမိတ်။ |
| ၃။ ဂန္ဓနိမိတ်။ | ၆။ ဓမ္မနိမိတ်။ |

ဟူ၍ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ် ဟာလိဒ္ဒိကာနိ သုတ်၌ လာရှိ‌လေသည်။

ဤ ရူပနိမိတ်, သဒ္ဒနိမိတ် စသည် တို့သည်ပင် ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ,ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ ဖြစ်လေသည်။

အရှင် ဝင်္ဂီသ

ပုံပန်းသဏ္ဌာန် အရိပ်နိမိတ်တို့နှင့် ပတ်သက်၍ သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော် ဝင်္ဂီသဝဂ်စတုတ္ထသုတ်၌ လာရှိသည်မှ အတိုချုပ် ကောက်နုတ်ဖော်ပြပေအံ့။

အိုု-အရှင်အာနန္ဒာ အကျွန်ုပ်အား ကာမ ရာဂဟူသော မီးသည် အလွန်တောက်လောင် ပါ၏။ ကာမရာဂငြိမ်းကြောင်းတရားကိုဟော တော်မူပါဟု လျှောက်ထား တောင်းပန်၏။

ထိုအခါ အရှင်အာနန္ဒာက အို-ဝင်္ဂီသ.... အမှတ် သညာ ဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည် ရာဂမီးလောင်ခြင်း ခံနေရ၏။ ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုဘအာရုံ၌ ယောကျ်ား, မိန်းမ, ခြေလက်စသော နိမိတ်တို့ကို ပယ်ရှား ရှောင်ကြဉ်လေလော့။

သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် ရှုသော့။ (ဒုက္ခတော မာစ အတ္တနော) ဒုက္ခအားဖြင့် ရှုလော့။ အတ္တအားဖြင့် မရှုလေလင့်စသည်ဖြင့် နည်းပေးတော်မူ၏။ (ဆိုဦးအံ့)။

အရှင် ရာဟုလာ

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ရာဟုလသံယုတ် ဒုတိယဝဂ်(ဆဋ္ဌ- အ နု သ ယ သုတ်) မာနာ နုသယသုတ်၌ အရှင်ရာဟုလာလ....

အရှင်ဘုရား.... အဘယ်သို့ သိမြင်သောသူအား ဝိညာဏ် ရှိသော ကိုယ်၌၎င်း၊ ဤအပသန္တာန်၌ဖြစ်သော (သဗ္ဗနိမိတ္တေသု)အလုံးစုံသော နိမိတ်တို့၌၎င်း၊ အဟံ ကာရ ဟူသော ဒိဋ္ဌိ၊ မမံကာရ ဟူသော တဏှာ၊ မာန ဟူသော အနုသယ တို့သည် မဖြစ်ကုန်ပါ သနည်းဟု လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓမြတ်စွာက အလုံးစုံ ကုန်သော ဤရုပ်သည် ငါ၏ ဥစ္စာမဟုတ် ဤရုပ်သည် ငါမဟုတ်။ ဤရုပ်သည် ငါ၏ အတ္တမဟုတ်ဟူ၍ ဤသို့ ဟုတ်မှန်သောအတိုင်းကောင်းသော ပညာဖြင့် မြင်၏ဟု ဟောတော်မူလေသည်။ပါဠိတော်ကား-

သဗ္ဗံ ရူပံ နေတံ မမ
နေ သောဟာ မသ္မိ
န မေသော အတ္တာတိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ-ဟူ၏။

ဤတွင် ''ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်၏''ဆိုရာဝယ် ရုပ်နာမ်တို့ကိုနာမရူပ ပရိစ္ဆေဒဉာဏ်ခွဲခြင်း

ပစ္စယပရိဂ္ဂဟဉာဏ်ရှာခြင်း၊ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်တို့ဖြင့် ဝိပဿနာဘာဝနာ ပွားများခြင်းကို အထိုရှိအပ်လေသည်။ ထိုအခါ တဏှာ,မာန,ဒိဋ္ဌိတို့ မဖြစ်တော့ပြီ။ (ထင်ရှားစေဦးအံ့)။

ရဲရဲတောက်တရား။

ယောဂီသူမြတ်တို့ သိသင့်သိထိုက်သဖြင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်,သဠာယတနသံယုတ် သမုဒ္ဒဝဂ် အာဒိတ္တပရိယာယသုတ်၌ ရှည်လျားစွာ ဟောတော်မူသည့်တို့မှလိုရင်းသဘောကို အတိုချုပ် ကောက်နုတ်ဖော်ပြပေအံ့။

အို-ရဟန်းတို့....စက္ခုဝိညာဏ်၏ အာရုံဖြစ်သော ရူပါရုံ၌တင့်တယ်သော ခြေ,လက်စသော ကိုယ်အင်္ဂါတို့ကိုမှတ်သောအားဖြင့် ယောကျ်ား,မိန်းမဟူသော သဏ္ဌာန်နိမိတ်ကိုယူခြင်းသည်မမြတ်။ အလျှံနှင့်တကွ ရဲရဲတောက်ပြောင်နေသော သံချောင်းဖြင့် မျက်စိကို ထိုးဖေါက်ခြင်းသည် မြတ်သေး၏။

အိုရဟန်းတို့....သောတဝိညာဏ်၏ အာရုံဖြစ်သော သဒ္ဒါရုံကို ကောင်းမြတ်၏ ဟူသော အမှတ်လက္ခဏာ အားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည်မမြတ်။ အလျှံနှင့်တကွ ရဲရဲတောက်ပြောင်နေသော သံချွန်ဖြင့်နားကို ထိုးဖေါက်ခြင်းသည် မြတ်သေး၏။

အို-ရဟန်းတို့....ဃာနဝိညာဏ်၏ အာရုံဖြစ်သော ဂန္ဓာရုံ၌ကောင်းမြတ်၏ ဟူသော အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကိုယူခြင်းသည် မမြတ်။ အလျှံနှင့်တကွ ရဲရဲတောက်ပြောင်နေသော ဓားငယ်ဖြင့် နှာခေါင်းကိုထိုးဖေါက်လှီးဖြတ်လိုက်ခြင်းသည် မြတ်သေး၏။

အို-ရဟန်းတို့....ဇိဝှာဝိညာဏ်၏ အာရုံဖြစ်သော ရသာရုံ၌ ကောင်းမြတ်၏ဟူသော အမှတ်လက္ခဏာအားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည်မမြတ်။ အလျှံနှင့်တကွ ရဲရဲတောက်ပြောင်နေသော မီးဖြင့် လျှာကို လှီးဖြတ်ခြင်းသည် မြတ်သေး၏။

အို-ရဟန်းတို့....ကာယဝိညာဏ်၏အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ကောင်း မြတ်၏ ဟူသော အမှတ်လက္ခဏာ အားဖြင့် သဏ္ဌာန်နိမိတ်ကို ယူခြင်းသည်မမြတ်။ အလျှံနှင့်တကွ ရဲရဲတောက်ပြောင်နေသော လှံဖြင့် ကိုယ်ကိုထိုးခြင်းသည် မြတ်သေး၏။

ထိုဒေသနာတော်၌ နောက်ထပ် ဆက်လက်လာရှိပေသေး၏။ လိုရင်းကား-စာမျက်နှာ ၃၀၇-၌ ဆဆက္ကသုတ်၌ လာရှိသည့်အတိုင်း....

ကြိုက်လျှင် — လောဘ။
မကြိုက်လျှင် — ဒေါသ။
အမှတ်တမဲ့နေလျှင် — မောဟ။

စသည်ဖြင့် ထိုကိလေသာအား လျော်စွာ အနုသယတို့ ထပ်မံတိုးပွားလာမည် ဖြစ်ခြင်းကြောင့် မြင်သည်, ကြားသည်, တွေ့ထိသည် စသည်တို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးတင်ကာ ဝိပဿနာဘာဝနာ ပွားများပစ်ရန်သာ ဖြစ်လေသည်။

တနည်းဆိုသော် မာလုကျပုတ္တအား ဟောတော် မူသည့်အတိုင်း မြင်သည်, ကြားသည်, တွေ့ထိသည်တို့၌ ကမ္မဋ္ဌာန်း

တရားသို့သွင်းလျက် ဝိပဿနာဘာဝနာကို ဆင်ခြင်ပွားများ
လေ့ကျင့်နေရန်သာ ဖြစ်လေသည်။

ဤတွင် ထင်ရှားစေလိုသော အချက်ကား ပုံပန်းသဏ္ဌာန်
နိမိတ်ကို ထက်ခံသိမ်းပိုက်မည့်အစား စက္ခု,သောတ စသည်
တို့ကို သံချွန်တို့ဖြင့် ထိုးဖောက်လိုက်ခြင်းသာ မြတ်သေး၏ဟု
ဟောတော်မူသဖြင့် ရူပနိမိတ်, သဒ္ဒနိမိတ်, ဂန္ဓနိမိတ်, ရသ
နိမိတ်, ဖောဋ္ဌဗ္ဗနိမိတ်,ဓမ္မနိမိတ်တို့သည် ယောဂီ သူမြတ်အား
မည်မျှ နစ်မွန်းစေသည်ကို အထူးသိရှိတော်မူကြရန် ဖြစ်လေ
သည်။

ထိုမျှဖြင့် မပြီးသေး၊ တဆင့်တက်ရန်ကား-လူ့ပြည်, နတ်
ပြည်တို့၌ နိမိတ်ကိုယူကာ ဇိမ်ခံလိုခြင်းသည် ယောဂီ သူမြတ်
အား မည်မျှနစ်မွန်းစေမည် ဆိုသည်ကိုလည်း သိရှိတော်မူရန်
ဖြစ်လေသည်။

## သာသနာ တည်တံ့ရေး။

(ဗောဇ္ဈင်္ဂသံယုတ်)။

သုတ်မဟာဝါ ပါဠိတော်, မဟာပရိနိဗ္ဗာနသုတ်၌ ဟော
တော်မူသည့်တို့မှ ဤတွင် အလို ရှိအပ်သည်ကိုကောက်နုတ်
ဖေါ်ပြပေအံ့။

အို-ရဟန်းတို့.... သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ
ဌာ တည်တံ့စေရန် သင်တို့သည်ကောင်းစွာ—

သင်ဆောင် မှီဝဲ ကြကုန်လော့။
ပွားများ အားထုတ်ကြကုန်လော့။
အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ကြကုန်လော့။

ယင်းသို့ လိုက်နာဆောင်ရွက်မှုကြောင့် သာသနာတော် မြတ်ကြီးသည် အဓွန့်ရှည်စွာ တည်ရှိလတံ့။ သာသနာတော် မြတ်ကြီး အဓွန့်ရှည်စွာ တည်ရှိမှုကြောင့် လူ, နတ်, များစွာ သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာခြင်းသည် ဖြစ်ရာ၏။ ယင်းတရားတို့သည်ကား–

သတိပဋ္ဌာန်....၄-ပါး၊
သမ္မပ္ပဓာန် ....၄-ပါး၊
ဣဒ္ဓိပါဒ် ....၄-ပါး၊
ဣန္ဒြေ ....၅-ပါး၊
ဗိုလ် ....၅-ပါး၊
ဗောဇ္ဈင် ....၇-ပါး၊
မဂ္ဂင် ....၈-ပါး-တို့ ပေတည်းဟု ဟော တော်မူ၏။

ဤတရားစုတို့ကို ပေါင်းသော်- ဗောဓိပက္ခိယတရား ၃၇- ပါးဖြစ်လာ၏။

ထိုမှ တဖန် ဤဗောဓိပက္ခိယ တရား ၃၇-ပါး ကျင့်စဉ်နှင့် ပတ်သက်၍ သိသင့်, သိထိုက်, သိအပ်သည့်ကို မဟာဝဂ္ဂ သံယုတ်ပါဠိတော်,မဂ္ဂသံယုတ်, ဗလ ကရဏီယဝဂ်၌ လာရှိ သော သဘောသွားကို ဖေါ်ပြဦးအံ့။

အို-ရဟန်းတို့.... အင်္ဂါရှစ် ပါး ရှိ သော မဂ်ကို ပွားသည့်ရှိသော်, မြတ်သော အင်္ဂါရှစ် ပါးရှိသော မဂ်ကို အကြိမ်များစွာ လေ့ကျင့် သည့်ရှိသော်—

၄-ပါးသော သတိပဋ္ဌာန်တို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

၄-ပါးသော သမ္မပ္ပဓာန်တို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

၄-ပါးသော ဣဒ္ဓိပါဒ်တို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

၅-ပါးသော ဣန္ဒြေတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

၅-ပါးသော ဗိုလ်တို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်။

၇ - ပါး သော ဗော ဇ္ဈင် တို့ သည် လည်း ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု ဟောတော်မူ၏။ (ဤဒေသနာတော် အရ မဂ္ဂင် ရှစ်ပါး ပြည့်စုံအောင် ဆောင်ရွက်သော်- ကျန် ၂၉-ပါးပြည့်စုံသည်ဟူ၏)။

ဤပါဠိတော်နှစ်ရင်ကို ပေါင်းစပ်သော်- သာသနာတော် မြတ်ကြီး အဓွန့်ရှည်စွာ တည်ရှိရေးမှာ ဝိပဿနာဘာဝနာ ပွားများခြင်းဖြစ်၍ ဝိပဿနာ-ဘာဝနာ ပွားများခြင်းမှာ ဗောဓိပက္ခိယ တရား ၃၇-ပါးနှင့်ပြည့်စုံခြင်းသို့ ရောက်သည် ဖြစ်၏။

ထို့ကြောင့် မိမိအတွက် အ ထွဋ် အ ထိပ် ဆုံး ဖြစ် သော အကျိုးနှင့်တကွ သာသ နာ တော် မြတ် ကြီး အ ဓွန့် ရှည် စွာ တည်ရှိစေလျက် နောင်လာနောက်သားတို့ အကျိုးစီးပွား

ချမ်းသာသုခ ရရှိနိုင်စေခြင်းငှာ ဝိပဿနာဘာဝနာကို နေ့ည မရွေး ကြိုးစား ပွားများ အားထုတ်တော် မူကြရန် အထူး တိုက်တွန်းပါ၏။

## ဗောဇ္ဈင် သံယုတ်။

ဝိပဿနာ ဘာဝနာ ပွားများရေးတွင် ဤဗောဓိပက္ခိယ တရား ၃၇-ပါးတို့ အနက် မဟာသတိပဋ္ဌာန် ၄-ပါးကို လူသိများ၏။

ထိုနည်းတူစွာ ဗောဇ္ဈင် ၇—ပါး ပွားများ ရေးကို ဗုဒ္ဓ မြတ်စွာသည် များစွာ အရေးထားတော်မူလျက် မဟာဝဂ္ဂ သံယုတ်ပါဠိတော်တွင်ဗောဇ္ဈင်သံယုတ်ဟူ၍မဟာသတိပဋ္ဌာန် ကဲ့သို့ပင် ရှည်လျားစွာ ဟောတော်မူခဲ့သော်လည်း မဟာ သတိပဋ္ဌာန်ကဲ့သို့ လူသိမများချေ။(မဟာဝဂ္ဂ သံယုတ် ပါဠိ တော်တွင် သတိပဋ္ဌာနသံယုတ်လည်း ပါရှိလေသည်။)။

ဗောဇ္ဈင် ၇-ပါးသည် ယောဂီသူမြတ်တို့ သိသင့်သိထိုက် ပုံကို ဖေါ်ပြရသော်-နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ရွတ်ဖတ် သရဇ္ဈာယ်နေကြရသော ပရိတ်ကြီးပ ဠိတော်တွင် ဗောဇ္ဈင် သုတ် ဟူ၍ သီးခြားပါရှိလျက် ရှိလေသည်။

သမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အင်္ဂါ။

ကောင်းစွာသိခြင်း၏အကြောင်း။

သစ္စာ ၄-ပါးကို သိခြင်း၏ အ ကြောင်း။

ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ ဘန္တေ ဝုစ္စတိ။
ကိတ္တာဝတာ နုခေါ ဘန္တေ ဗောဇ္ဈင်္ဂါတိ ဝုစ္စတိ။

ဘာသာပြန်။ ။အရှင်ဘုရား.... ဗောဇ္ဈင်, ဗောဇ္ဈင် ဟူ၍ ဆိုအပ်ပါ၏။ အဘယ်အကြောင်းကြောင့် ဗောဇ္ဈင်ဟူ၍ ဆိုအပ်ပါသနည်းဘုရား။

သမ္ဗောဓာယ သံဝတ္တန္တီတိ ခေါ ဘိက္ခု

တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ။

ဘာသာပြန်။ ။အို-ရဟန်း-ကိုယ်တိုင် ထိုးသွင်း၍ သိခြင်း၌ ဖြစ်ကုန်၏။ ထို့ကြောင့် ဗောဇ္ဈင် ဟူ၍ ဆိုအပ်ကုန်၏ ဟု ဗုဒ္ဓမြတ်စွာသည် မဟာဝဂ္ဂသံယုတ် ပါဠိတော်, ဗောဇ္ဈင် သံယုတ်, ဥဒါယိဝဂ်အစ၌ ဟောတော်မူလေသည်။

ထိုဗောဇ္ဈင် သံယုတ် ပါဠိတော်၌ လာရှိသည်တို့မှာအထူး သိသင့် သိထိုက်ခြင်းကြောင့် အတိုချုပ် ကောက်နုတ် ဖော်ပြပေဦးအံ့။

ဗောဇ္ဈင် ၇-ပါး။

၁။ သတိ သမ္ဗောဇ္ဈင်။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်။

၃။ ဝီရိယ သမ္ဗောဇ္ဈင်။

၄။ ပီတိ သမ္ဗောဇ္ဈင်။

၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်။

၆။ သမာဓိ သမ္ဗောဇ္ဈင်။

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင်။

တရားအားထုတ်နေသော သူမြတ်သည် တရားအားထုတ်မှု၌ စိတ်တွန့်တို လာသောအခါ ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိ သမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများ အားထုတ်ရန် အချိန်အခါမဟုတ်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်,

ပီတိသမ္ဗောဇ္ဈင် တို့ကိုသာ ပွားများ အားထုတ်ရမည့် အချိန်အခါပေတည်း။ ဤတွင် ဗုဒ္ဓမြတ်စွာသည် ဥပမာဆောင်၍ ပြတော်မူသည်မှာ....

အို-ရဟန်းတို့....ဥပမာသော်ကား- အားသေးသော မီးကို တောက်စေလိုသော် မြက်စို့,နွားချေးစို့,ထင်းစို့, မြေ့,ရေ,လေ, တို့ကို မထည့်ပေးရဘိသကဲ့သို့တည်း။

အို-ရဟန်းတို့....အကြင်အခါ၌ စိတ်သည် တုန်လှုပ်ပြန့်လွင့်၏။ ထိုအခါ၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားများအားထုတ်ရန် အချိန်အခါမဟုတ်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်,သမာဓိ သမ္ဗောဇ္ဈင်, ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ကိုသာ ပွားများအားထုတ်ရမည့် အချိန်အခါပေတည်း။

အို-ရဟန်းတို့....ဥပမာသော်ကား- အားကြီးသော မီးကို ငြိမ်းစေလိုသော် စိုသောမြက်,စိုသောနွားချေး, စိုသောထင်း, မြေ့,ရေ,လေတို့ကို သွန်းလောင်းပေးရသကဲ့သို့တည်း။

ဤသို့လျှင် ၇-ပါးသော မ္ဗောဇ္ဈင်တရားတို့ကို အခါကာလ အားလျော်စွာ မည်သည့်အခါတွင် မည်သည့် မ္ဗောဇ္ဈင်တို့ကို ပွားများအားထုတ်အပ်၏ဟူ၍ ဟောကြားတော်မူပြီးနောက် ကျန်ရှိသော သတိသမ္ဗောဇ္ဈင် အတွက်ကိုမူကား....

သတိံ စ ခွါဟံ ဘိက္ခဝေ
သဗ္ဗတ္ထိကံ ဝဒါမိတိ။

ဘာသာပြန်။ ။အို-ရဟန်းတို့....သတိကိုမူကား အလုံးစုံ၌ ပင် အလိုရှိပြန်အပ်ဟူ၍ ငါဘုရားသည် ဟောကြားတော်မူ၏ ဟု အင်္ဂုသုတ်၌ မိန့်တော်မူ၏။

ဌာနိယသုတ်၌....

"ကာမရာဂ ဌာနိယာနံ ဘိက္ခဝေ
ဓမ္မာနံ မနသိကာရ ဗဟုလီကာရာ"

စသည်ဖြင့်လာရှိလေသည်။ အနက် အဓိပ္ပါယ်သော်ကား
အို-ရဟန်းတို့....ကာမရာဂ၏ အကြောင်း ဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်း၊မနသိကာရကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း အတိုင်းထက် အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏။

အို-ရဟန်းတို့.... ဗျာပါဒ၏ အကြောင်း ဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်းကို များစွာပြုခြင်းကြောင့်မဖြစ်သေးသော ဗျာပါဒသည်လည်း ဖြစ်၏။ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏ × × × စသည်ဖြင့် ဟောတော်မူ၏။ ထို့နောက် ဆက်လက်ဟောတော်မူသည်မှာ....

အို-ရဟန်းတို့.... သတိ သမ္ဗောဇ္ဈင်၏ အကြောင်း ဖြစ်ကုန်သောတရားတို့အားနှလုံးသွင်းခြင်းကိုများစွာပြုသောကြောင့် မဖြစ်ပေါ်သေးသော သတိသမ္ဗောဇ္ဈင်သည်ဖြစ်၏။ ဖြစ်ပေါ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ရောက်၏။ × × ×စသည်ဖြင့်ရှည်လျားစွာဟောတော်မူ၏။

ထို့နောက် ယင်းဗောဇ္ဈင် သံယုတ်၌ လာရှိသည့် သုတ်များတွင် နီဝရဏ ငါးပါးတို့ကြောင့် ဉာဏ်ပညာ အားသေးရခြင်း၊ ပညာမျက်စိ ကန်းရခြင်း၊ ပညာအရာ၌ စကားမဆိုတတ်ခြင်းကြောင့် အ,သည်၏ အ ဖြစ် သို့ ရောက်ရှိရခြင်း၊

သူတော်ကောင်းဥစ္စာ၌ ခေါင်းပါးဆင်းရဲရခြင်း စသည်တို့သည် ဖြစ်ရ၏။ ထိုအဖြစ်တို့မှ လွတ်မြောက်ရန်မှာ ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို အားထုတ်ပွားများရ၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ထို့ပြင် နိရောဓ ပေယျာလဝဂ်၌ လာရှိသည်မှာ-

| | | | |
|---|---|---|---|
| အသုဘသညာ | ကို | ပွားများ | သော် |
| မရဏသညာ | ။ | ။ | ။ |
| အာဟာရေ ပဋိကူလ သညာ | ။ | ။ | ။ |
| အနိစ္စ သညာ | ။ | ။ | ။ |
| ဒုက္ခ သညာ | ။ | ။ | ။ |
| အနတ္တ သညာ | ။ | ။ | ။ |

အလုံးစုံသော လောက၌ မမွေ့လျော်မှု အနဘိရတိသညာ စသည်တို့ကို ပွားများသော်၊ အကြိမ်များစွာ လေ့ကျင့်သည်ရှိသော် ကြီးစွာသော ချမ်းသာစွာ နေရခြင်းအကျိုးငှာ ဖြစ်၏ဟု- ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလေသည်။

အရှင် မဟာ ကဿပ။

၇-ပါးသော ဗောဇ္ဈင်တရားတို့ သတ္တိထူးပုံကို ယင်းပါဠိတော် ဂိလာနဝဂ်၌ လာရှိသည်တို့အနက်အချို့ကိုဖော်ပြဦးအံ့။

အခါတပါး၌ အရှင်မ ဟာ ကဿပ မထေရ် မြတ်သည် ပြင်းထန်သော ရောဂါဝေဒနာ နှိပ်စက်ခြင်းကို ခံစားနေရ၏။ ဗုဒ္ဓမြတ်စွာသည် အရှင် မဟာ ကဿပ ရှိ ရာ သို့ ကြွ တော်မူလျက်—

အိုကဿပ.... ငါဘုရားသည် ကောင်းစွာ ဟောအပ်သော သတိသမ္ဗောဇ္ဈင်သည် ပွားများအပ်သည်ရှိသော်, အကြိမ်များစွာ လေ့ကျင့်သည်ရှိသော်, ထူးသောဉာဏ်ဖြင့်သိခြင်းငှာ, ကိုယ်တိုင် ထိုးထွင်း၍ သိခြင်းငှာ, ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန် အကျိုးငှာဖြစ်၏ဟု ဟောတော်မူ၏။

ထိုတွင်မပြီး။ဗုဒ္ဓမြတ်စွာသည် ကျန် ၆-ပါးသောဗောဇ္ဈင်တရားတို့လည်း အထက်ပါအတိုင်းပင် ဆက် လက် ဟောတော်မူ၏။

အရှင်မဟာကဿပ မထေရ်မြတ်သည် ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတို့ကို အာရုံပြုလျက် တရားတော်ကို နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ အ လွန် ဝမ်း မြောက် ခြင်းဖြစ်လေ၏။ ထိုအခါ ရောဂါဝေဒနာမှ ထမြောက်လေ၏။ အရှင်မဟာ ကဿပ မထေရ်မြတ်သည် ထိုသို့ ဗောဇ္ဈင်တရားကို နာယူစဉ် အခါ ဗုဒ္ဓမြတ်စွာ သာသနာတော်၏အဆုံးအမသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မှန်ပေသည်ဟု ကြံဆသောခဏ၌ သွေးတို့သည် ကြည်လင်၍ ထိုအနာကို စွန့်ပယ်သည် ဖြစ်၏။

## အရှင် မဟာ မောဂ္ဂလာန်။

အခါတပါး၌ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ရောဂါဝေဒနာ ပြင်းပြစွာနှိပ်စက်ခြင်း ခံစားတော် မူနေရာ

ဗုဒ္ဓမြတ်စွာသည် အရှင် မဟာမောဂ္ဂလာန် ရှိရာသို့ ကြွရောက်တော်မူလျက် ဗောဇ္ဈင် ၇-ပါး တရားတော်ကို ဟောကြားတော်မူရာ တရားတော်အဆုံး၌ အရှင် မဟာ မောဂ္ဂလာန်မထေရ်မြတ်၏ သွေးတို့သည် ကြည်လင်၍ ထိုရောဂါဝေဒနာကို ပယ်စွန့်သည်ဖြစ်၏။

## ဗုဒ္ဓ မြတ်စွာနှင့်
## အရှင် မဟာ စုန္ဒမထေရ်

တခါသော် ဗုဒ္ဓမြတ်စွာသည် မကျန်းမမာဝေဒနာနှိပ်စက်လျက်ရှိရာ အရှင်မဟာစုန္ဒမထေရ်မြတ်သည် ဗုဒ္ဓမြတ်စွာထံတော်သို့ ရှိသေစွာချဉ်းကပ်ရှိခိုးလေ၏။ ထိုသောအခါ ဗုဒ္ဓမြတ်စွာသည် အရှင် မဟာ စုန္ဒအား....

အို-ချစ်သားစုန္ဒ....ဗောဇ္ဈင် တရားတို့ကို ရွတ် ဆို သောအားဖြင့် ထင်ရှားစေဘိလော့ဟု မိန့်တော်မူ၏။

အရှင်မဟာစုန္ဒသည် ၇-ပါးသော ဗောဇ္ဈင်တရားတော်ကို ဗုဒ္ဓမြတ်စွာသည်အရှင်မဟာကဿပ၊အရှင်မဟာမောဂ္ဂလာန်တို့အား ဟောတော် မူသည့်အတိုင်း မှန်ကန်တိကျစွာရွတ်ဆိုလျှောက်ထားရာ တရားတော်အဆုံး၌ ဗုဒ္ဓမြတ်စွာသည်-

> အို-ချစ်သားစုန္ဒ.... ဗောဇ္ဈင် တ ရား တို့ သည် စင် စစ် မြတ်လှပေ၏။
>
> အို-ချစ်သားစုန္ဒ.... ဗောဇ္ဈင် တ ရား တို့ သည် စင် စစ် မြတ်လှပေ၏ဟု မိန့်တော်မူ၏။

ထိုခဏချင်း၌ပင် ဗုဒ္ဓမြတ်စွာသည် ထိုရောဂါဝေဒနာမှ ထမြောက်တော်မူ၏။ ထိုရောဂါဝေဒနာကို ပယ်စွန့်တော်မူအပ်သည်ဖြစ်၏။

ဤသည် ဤသို့ အထိ ဗောဇ္ဈင် ၇-ပါး တရားတော်သည် တန်ခိုးအာနိသင် ရှိခြင်းကို ကောင်းစွာသိအပ်လေသည်။

ဤသည်တို့ကား- မဟာဝဂ္ဂ သံယုတ်ပါဠိတော်,ဗောဇ္ဈင် သံယုတ်တွင် လာရှိသောအကျိုးအာနိသင်တို့မှ (နောက်ဆက် လက် ဖတ်ရှုတော်မူနိုင်ကြစေရန်) နမူနာ သဲလွန်စ အဖြစ်ဖြင့် ဤကျမ်းငယ်တွင် ဖော်ပြလိုက်ရခြင်းဖြစ်၏။

ထို့ကြောင့် ဗောဇ္ဈင်သံယုတ် ပါဠိတော် (ဝါ-ဘာသာပြန်)ကို ဆက်လက်ဖတ်ရှုတော်မူရန် အထူးတိုက်တွန်းပါ၏။

ဤတွင် စာမျက်နှာ ၄၀၅-၌ ဖော်ပြခဲ့သည့် သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်ရှိရေးအတွက် ဆောင်ရွက်ရန်မှာ ဒါန,သီလမျှတွင် ရပ်တံ့မနေဘဲ (ဝါ-ပရိယတ္တိမျှတွင် ရပ်တံ့မနေဘဲ)-

၁။ မိမိအတွက်။

၂။ သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ တည်ရှိရေး အတွက်။

၃။ နောင်လာနောက်သား ကမ္ဘာသူကမ္ဘာသားများ အတွက် မိမိတို့ကိုယ်တိုင် ဝိပဿနာ ဘာဝနာပွားများအားထုတ်တော်မူကြလျက် ဝိပဿနာ ဘာဝနာ ပြန့်ပွားရေးအသင်းများ မြို့တိုင်းမြို့တိုင်းတွင်ဖွဲ့စည်းတည်ထောင်တော်မူကြရန်လေးစားစွာတိုက်တွန်းခဲ့ပါ၏။

## ကမ္မဋ္ဌာန်း ဘာဝနာ

နိဗ္ဗာန်

↑

သမထ ⟶ ⟵ ဝိပဿနာ

| | | |
|---|---|---|
| ဘာဝနာ | = | ပွားစေခြင်း။<br>ကမ္မဋ္ဌာန်းစီးဖြန်းခြင်း။ |
| ကမ္မ | = | ပြုခြင်း။ |
| ဌာန | = | တည်ရာအရပ် |
| ကမ္မဋ္ဌာန | = | ကမ္မဋ္ဌာန်း။<br>ကမ္မဋ္ဌာန်း ဘာဝနာမှု၏<br>တည်ရာ။ |

ဘာဝနာတိ စတဿော ဘာဝနာ
တတ္ထ ဇာတာနံ ဓမ္မာနံ
အန တိဝတ္တနဋ္ဌေန ဘာဝနာ
ဣန္ဒြိယာနံ ဧက ရသဋ္ဌေန ဘာဝနာ
တဒုပဂ ဝီရိယ ဝါဟနဋ္ဌေန ဘာဝနာ
အာသေဝနဋ္ဌေန ဘာဝနာ။

[ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် သတိပဋ္ဌာနကထာ။]

ဘာသာပြန်။ ။ဘာဝနာဟူရာ၌ လေးပါးသော ဘာဝနာတို့ပေတည်း။ ထိုလေးပါးတို့တွင်....

၁။ ဖြစ်ဆဲဖြစ်သောတရားတို့ကို လွန်၍ဖြစ်ခြင်း သဘော မရှိခြင်းကြောင့် ဘာဝနာမည်၏။

၂။ ဇုမ္ဗြေတို့၏ ကိစ္စတခုတည်းရှိသော သဘောကြောင့် ဘာဝနာမည်၏။

၃။ ထိုသို့အား ကပ်ရောက်စေရန် အားထုတ် ဆောင်ယူခြင်း သဘောကြောင့် ဘာဝနာမည်၏။

၄။ ထပ်ခါထပ်ခါ ပွားများ စေခြင်းကြောင့် ဘာဝနာမည်၏။

ဤဒေသနာတော်ကို ထပ်ခါထပ်ခါဖတ်ရှုပါလေ။ဖတ်ပါများသော် ကမ္မဋ္ဌာန်းဘာဝနာ ဆိုသည်ကိုသဘောပေါက်လာပေလတံ့။

ကတမောစ ဘိက္ခဝေ
အသင်္ခတ ဂါမိ မဂ္ဂေါ
သမထောစ ဝိပဿနာစ
အယံ ဝုစ္စတိ ဘိက္ခဝေ
အသင်္ခတ ဂါမိ မဂ္ဂေါ။

[သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်
အသင်္ခတသံယုတ် ပဌမဝဂ်]။

ဘာသာပြန်။ ။အို-ရဟန်းတို့.... အသင်္ခတခေါ် မြတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်နည်းဟူမူကား- သမထ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာတို့ပေတည်း။

## စိတ်ဆန်းကြယ်၏။

စိတ်သည် အလွန်ဆန်းကြယ်၏။ အလွန်တန်ခိုးသတ္တိရှိ၏။ မိမိကိုယ်ကို ချမ်းသာအောင်လုပ်သည်မှာ ဤစိတ်ပင် ဖြစ်၏။

လူအများကို ချမ်းသာအောင် လုပ်သည်မှာလည်း ဤစိတ်ပင် ဖြစ်၏။ မိမိကိုယ်ကိုဆင်းရဲအောင် လုပ်သည်မှာလည်း ဤစိတ် ပင်ဖြစ်၍ လူ အများကို ဒုက္ခဖြစ်စေအောင် လုပ်သည်မှာလည်း ဤစိတ်ပင် ဖြစ်လေသည်။

နတ်ပြည်,ဗြဟ္မာ့ပြည်, နိဗ္ဗာန်သို့ရောက်ရှိရသည် မှာလည်း ဤစိတ်ပင်ဖြစ်၍ ငရဲ,တိရစ္ဆာန်, ပြိတ္တာ ဖြစ်ရသည် မှာလည်း ဤစိတ်ပင် ဖြစ်လေသည်။ ယခုအခါ လောကကြီးတွင် အမျိုး မျိုးအဆန်းတကြယ် ပေါ်ထွက်လာရသည်တို့မှာလည်းဤစိတ် ပင်ဖြစ်၏။ ထို့ကြောင့် စိတ်သည် ဆန်းကြယ် တကာတို့၏ ဆရာဖြစ်၏။

စိတ်ဆန်းကြယ်ပုံကို ရှင်တော်ဘုရားသည် ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်,ခန္ဓသံယုတ် ပုပ္ဖဝဂ် ဒုတိယ ဂဒ္ဒုလသုတ်၌ ဟော တော်မူသောအတိုချုပ်သဘောမှာအောက်ပါအတိုင်းဖြစ်၏။

အို-ရဟန်းတို့.... လက်စွမ်းပြ ပန်းချီကားသည် စိတ်ဖြင့် သာလျှင် ပြီးအပ်၏။ စင်စစ်သော်ကား ထိုအထူးထူး အပြား ပြားဆန်းကြယ်သော ပန်းချီကားထက် စိတ်သည် သာလျှင် အထူးသဖြင့် ဆန်းကြယ်၏။ ထို့ကြောင့် အို-ရဟန်းတို့ မိမိ စိတ်ကို ဆင်ခြင်အပ်၏။ဤစိတ်သည် ရှည်မြင့်စွာသော ကာလ ပတ်လုံး ရာဂဖြင့်,ဒေါသဖြင့်,မောဟဖြင့် ညစ်ညူးသည်ဖြစ်၏ စိတ်၏ ညစ်ညူးခြင်းကြောင့် သတ္တဝါတို့သည်ညစ်ညူးကုန်၏။ စိတ်၏စင်ကြယ် ဖြူစင်ခြင်းကြောင့် သတ္တဝါတို့သည် စင်ကြယ် ဖြူစင်ကုန်၏ဟု ဟောတော်မူ၏။

# ကျည်းကန် ကိုရင်ကြီး။

မြန်မာသက္ကရာဇ် ၁၁၅၀-ခုနှစ် လောက်တွင် ဘိုးတော်ဘုရား(ဘိုးတော်-ဦးဝိုင်း) လက်ထက်၌ သာသနာပိုင် ဆရာတော်ကား မောင်းထောင်ဆရာတော်ကြီး ဖြစ်လေသည်။

တနေ့သော် ဘိုးတော်ဘုရားသည် သံဃာတော်များအား ဆွမ်းလုပ်ကျွေးရာ၌ ဆရာတော်များအားလျှောက်ထားသည်မှာ-အရှင်ဘုရား၊ဗုဒ္ဓမြတ်စွာဟောတော်မူအပ်သောဒေသနာတော် အရပ်ရပ်တို့တွင် ပုဒ်,ပါဒ်၌, အက္ခရာ အတိုဆုံးဖြင့် တန်ခိုးသတ္တိ အရှိဆုံး“သာမုက္က°သိက”ဒေသနာတော်စကားသည် အဘယ်ပါနည်းဘုရားဟု လျှောက်ထားလေသည်။

ဆရာတော်များနှင့်တကွ ပရိသတ်ကြီးသည် မလှုပ်မရှား တိတ်ဆိတ်စွာ ရှိနေ၏။ ဆရာတော် အချို့ကား- အဖြေကို ကြံစည် စိတ်ကူးလျက် ရှိကြ၏။ ဆရာတော် အချို့ကား သာသနာပိုင် ဆရာတော်ကြီး၏ အမိန့်သံကို အာရုံပြုလျက် ရှိကြ၏။ အတော်ကြာမျှ တိတ်ဆိတ်လျက် ရှိသည်ဟူ၏။

ဆရာတော်ကြီးသည် သံဃာပရိသတ်ကို ထိုမှဤမှကြည့်ရှုလျက် ခပ်လှမ်းလှမ်းတွင် ဆရာတော်ကြီးအား ခေါင်းထောင်၍ကြည့်နေသော ကျည်းကန် ကိုရင်ကြီးကိုမြင်တော် မူသဖြင့် သာသနာပိုင် ဆရာတော်ကြီးက“ကဲ-ကဲ ကျည်းကန်ကိုရင်ကြီး ဖြေလိုက်စမ်းပါ”ဟု မိန့်ဆိုတော် မူလိုက်လေသည်။

ထိုအခါ ကျည်းကန်ကိုရင်ကြီးက တမဟုတ်ခြင်းဖြင့်“စိတ်”ပေါ့ ရေမြေ့ရှင်တကာတော်ကြီးရဲ့ဟု ဖြေဆိုလိုက်ရာ ဆရာတော်ကြီးများနှင့်တကွ ရှင်ဘုရင်ကြီးပါ ပရိသတ်ကြီး တရပ်လုံး အားရရွှင်မြူးလျက် အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ရဘူး

လေသည်ဟု ဆရာတော်ကြီးများထံမှ တဆင့် မှတ်သားရဘူး လေသည်။

## စိတ်ကို နိုင်သော ရဲဘော်။

စိတ်သည် အလွန် တန်ခိုးသတ္တိ ကြီးမား၏။ မကောင်း သည်ကိုလည်း အစွမ်းကုန်လုပ်နိုင်၍ ကောင်းသည်ကိုလည်း အစွမ်းကုန် လုပ်နိုင်လေသည်။ သို့ရာတွင် စိတ် ကို အလို အလျောက် ထားလိုက်ပါက စိတ်သည် မကောင်းရာသို့ အစဉ်ဘက်လိုက်လျက် ရှိလေသည်။

ပါပသ္မိံ ရမတိ မနော။

(ဓမ္မပဒ ပါဠိတော် ပါပဝဂ်)

**အနက်ကား**။ ။ပါပသ္မိံ-မကောင်းမှု၌၊ မနော-သတ္တဝါ တို့၏ စိတ်သည်၊ ရမတိ-မွေ့လျော်၏။

ပါပါ စိတ္တံ နိဝါရယေ။

(၎င်းပါဠိတော် အဆက်)

**အနက်ကား**။ ။တသ္မာ-ထို့ကြောင့်၊ပါပါ-မကောင်းမှုမှ၊ စိတ္တံ-စိတ်ကို၊ နိဝါရယေ- တားမြစ်ရာ၏- ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလေသည်။

ဒုန္နိဂ္ဂဟဿ လဟုနော
ယတ္ထ ကာမ နိပါတိနော
စိတ္တဿ ဒမထော သာဓု
စိတ္တံ ဒန္တံ သုခါဝဟံ။

**အနက်ကား**။ ။ဒုန္နိဂ္ဂဟဿ-နှိမ်နင်းနိုင်ခဲသော။လဟုနော၊ လျင်မြန်စွာဖြစ်ထသော၊ ယတ္ထ ကာမ နိပါတိနော-မျိုးနွယ်

နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်တတ်အမှတ်မရှိသော ကာမ ဂုဏ်၌ ကျလေ့ရှိသော၊ စိတ္တံ-စိတ်ကို၊ ဒမထော- ဆုံးမ ခြင်းသည်၊ သာဓု-ကောင်း၏၊ ဒန္တံ- ဆုံးမ၍ ယဉ်ကျေးပြီး သော၊ စိတ္တံ—စိတ်သည်၊ သုခါဝဟံ- ချမ်းသာကို ဆောင် တတ်၏။

ဤပါဠိတော်မှာ ဓမ္မပဒ, စိတ္တဝဂ်၌လာရှိ၍ အဋ္ဌကထာ နှင့်တွဲဖက်၍ ဖတ်ကြစေလိုပါသည်။ ထိုမှတပါးယင်းပါဠိ တော်,သဟဿဝဂ်၌—

ယော သဟဿံ သဟဿေန
သင်္ဂါမေ မာနုသေ ဇိနေ
ဧကဉ္စ ဇေယျ မတ္တာနံ
သဝေ သင်္ဂါမ ဇုတ္တမော။

ဘာသာပြန်။ ။အကြင် သူရဲကောင်းသည် စစ်မြေပြင်၌ ဆယ်သိန်းလျှင် အရေအတွက်ရှိသော လူတို့ကို အောင်နိုင် ရာ၏။ အကြင်သူရဲကောင်းသည်လည်း ကိုယ်တွင်းကိလေသာ စိတ်ကို အောင်နိုင်ရာ၏။ ထိုသူရဲကောင်း နှစ်ဦးတို့တွင် ကိုယ် တွင်းကိလေသာစိတ်ကို တကြိမ်တခါ အောင်နိုင်သော သူရဲ ကောင်းသာလျှင် စင်စစ်အောင်နိုင်သူတကာတို့ထက်မြတ်၏ ဟု ဟောတော်မူလေသည်။ ။ဤပါဠိတော်ကို အရဆောင် လျက် ရွတ်ဆိုပါလေ။မကြာမီသဘောပေါက်လျက် ရှေ့တွင် အကျိုးကျေးဇူးကြီးစွာကို အစဉ်ခံစားရလတံ့။

## သမာဓိအား ကောင်းရန်။

စိတ်ကို အစွမ်းကုန် အကောင်းဆုံးသို့ ရောက်ရှိစေလျက် မကောင်းဟူသမျှသို့ မရောက်ရှိစေရန် နည်းလမ်းမှာ သမထ

ဘာဝနာကို ပွားများခြင်း၊ ထိုမှတဖန် ဝိပဿနာ ဘာဝနာ သို့တဆင့်တက်ခါ ပွားများခြင်းသည် အကောင်းဆုံး နည်းလမ်းဟူ၍ ပါဠိတော် အရပ်ရပ်တွင် အထပ်ထပ် လာရှိလေသည်။ ။ထိုတွင် သုတ်မဟာဝါပါဠိတော်, မဟာပရိနိဗ္ဗာန သုတ်၌ လာရှိသည်မှ ဤတွင် လိုသည့်မျှကိုကောက်နုတ်ဖော်ပြရသော်-

သမာဓိ ပရိဘာဝိတာ ပညာ
မဟပ္ဖလာ ဟောတိ မဟာနိသံသာ။
ပညာ ပရိဘာဝိတံ စိတ္တံ သမ္မဒေဝ
အာသဝေဟိ ဝိမုစ္စတိ။

ဘာသာပြန်။ ။သမာဓိဖြင့် ထက်ဝန်းကျင်မှထုံအပ်သော ပညာသည် ကြီးမားသော အကျိုးဆက် အာနိသင်ရှိ၏။ ပညာဖြင့် ထက်ဝန်းကျင်မှ ထုံအပ်သော စိတ်သည် ကောင်းစွာသာလျှင် အာသဝေါတရားတို့မှ လွတ်မြောက်၏ ဟူ၍ ဟောတော်မူလေသည်။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်, ခန္ဓသံယုတ်, သမာဓိသုတ်၌ ၎င်း၊ သဠာယတနဝဂ္ဂ, သဠာယတန သံယုတ် ပါဠိတော်, သမာဓိ ဘာဝနာသုတ်၌၎င်း လာရှိသည်မှာ-

သမာဓိံ ဘိက္ခဝေ ဘာဝေထ
သမာဟိတော ဘိက္ခဝေ ဘိက္ခု
ယထာဘူတံ ပဇာနာတိ။

ဘာသာပြန်။ ။အို-ရဟန်းတို့၊စိတ်၏တည်ကြည်မှုသမာဓိကို ပွားကြကုန်လော့။ ရဟန်းတို့၊ တည်ကြည် သော စိတ်ရှိသောရဟန်းသည် ဟုတ်မှန်သော အတိုင်း သိ၏ဟု ဟော

တော်မူလေသည်။ ။ထိုမှတပါး အင်္ဂုတ္တိုရ် ပါဠိတော် စတုက္က နိပါတ်အစသုတ်၌ လာရှိသည်မှာ-

အရိယဿ သီလဿ ဘိက္ခဝေ သမာဓိဿ
အနနုဗောဓာ အပ္ပဋိဝေဓာ
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ
သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ဘာသာပြန်။ ။အို-ရဟန်းတို့....မြတ်စွာ ကောင်းမြတ်သော သမာဓိကို မသိခြင်းကြောင့် မျက်မှောက်ထင်ထင် မထိုးထွင်းနိုင်ဘဲ ငါဘုရားသည်၎င်း,သင်ချစ်သားတို့သည်၎င်း, ရှည်မြင့်စွာသော ကာလပတ်လုံး တဘဝမှ တဘဝသို့ ပြေးသွားခဲ့ရလေပြီ၊ တဘဝမှ တဘဝသို့ အဖန်တလဲလဲ ကျင်လည်ခဲ့ရလေပြီဟု ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

သဂါထာဝဂ္ဂ သံယုတ်, ဒေဝတာသံယုတ်, အာဒိတ္တဝဂ်, တတိယဇနသုတ်၌ (ကိံ သုတဿ ဝိဓာဝတိ) ထိုသတ္တဝါ၏ အဘယ်သည် ဤမှ ထိုမှ ပြေးသွားပါသနည်းဟု နတ်သားတဦးက လျှောက်ထားမေးမြန်းလေသည်။

ထိုအခါ ရှင်တော်ဘုရားက (စိတ္တမဿ ဝိဓာဝတိ) ထိုသတ္တဝါ၏စိတ်သည် ဤမှ ထိုမှပြေးသွား၏ဟု ဟောတော်မူလေသည်။

ထို့ကြောင့်ဉာဏ်ပညာထက်သန်လျက်ခဲရာခဲဆစ်ဖြစ်သော ဓမ္မသဘာဝပြဿနာအရပ်ရပ်တို့ကို တိကျမှန်ကန်စွာသိလိုသူသည် ဝါ- အလွန်ခဲရာခဲဆစ်ဖြစ်သော သုခအတိ ဖြစ်သော နိဗ္ဗာန်ကို အလိုရှိသော ပုဂ္ဂိုလ်သည်....

ဒူရင်္ဂမံ ဧကစရံ
အသရီရံ ဂုဟာသယံ
ယေ စိတ္တံ သံယမေဿန္တိ
မောက္ခန္တိ မာရဗန္ဓနာ။

အနက်ကား။ ။ဒူရင်္ဂမံ၊ ဝေးသောအရပ်၌ တည်ရှိသော အာရုံသို့လည်း သွားတတ်သော။ ဧကစရံ၊ တခုချုပ်ပြီးမှ တခုဖြစ်သော။ အသရီရံ၊ ကိုယ်လည်း မဟုတ်သော။ ဂုဟာသယံ၊ မဟာဘုတ်တည်းဟူသော လိုဏ်ဂူလျှောင်တည်ရာရှိသော စိတ္တံ၊ စိတ်ကို၊ ယေ၊ အကြင်သူတို့သည်၊ သံယမေဿန္တိ၊ စောင့်စည်းချုပ်တည်းနိုင်ကုန်၏။ တေ၊ ထိုစိတ်ကို စောင့်စည်းချုပ်တည်းနိုင်သူတို့သည်၊ မာရဗန္ဓနာ၊ ကိလေသာ မာရ် တည်းဟူသော အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်ကုန်လတံ့ဟု ဓမ္မပဒပါဠိတော် စိတ္တဝဂ်၌ ဟောကြားတော်မူလေသည်။ (ဤပါဠိတော်မှာ ဓမ္မကထိကတိုင်း ရရှိထားသော ပါဠိတော်ဖြစ်လေသည်။)

သူဌေးတဦးသည် ရဟန်းပြုရာ ဥပဇ္ဈာယ်ဆရာတို့ကရဟန်းကျင့်ဝတ်တို့ကို သင်ပြပေးရာ(သူဌေး)ရဟန်းသည် သာသနာတော်၌ ကျင့်ရန်ကိစ္စ များလှဘိ၏။ နေနိုင်စရာမရှိ။ လူထွက်အံ့ဟု လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက ယင်းသို့ကျင့်ဝတ် သိက္ခာပုဒ်တွေများပါက စိတ်တခုကိုသာ နိုင်အောင်ဆုံးမရန်....

သုဒုဒ္ဒသံ သုနိပုဏံ
ယတ္ထ ကာမ နိပါတိနံ
စိတ္တံ ရက္ခေထ မေဓာဝီ
စိတ္တံ ဂုတ္တံ သုခါဝဟံ။

အနက်ကား။ ။သုဒ္ဓသံ၊ အလွန်မြင်နိုင်ခဲသော။သုနိပုဏံ၊ အလွန်သိမ်မွေ့လှသော။ ယတ္ထ ကာမ နိပါတိနံ- မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်တတ် အမှတ်မရှိသော အကြင်ကာမဂုဏ်၌ ကျလေ့ရှိသော။ စိတ္တံ၊စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ စောင့်ရှောက်၍ လုံခြုံသော။ စိတ္တံ၊စိတ်သည်။ သုခါဝဟံ၊ ချမ်းသာကိုဆောင်၏ဟု ဓမ္မပဒပါဠိတော်,စိတ္တဝဂ်၌ ဟောတော်မူရာ သိက္ခာပုဒ်နည်းပါးသွားသဖြင့် ရဟန်းသည် လူမထွက်တော့ပြီ။

## ဆေးနည်းတို-ဆရာ။

ဤတွင် ကမ္မဋ္ဌာန်းဘာဝနာ အတွက် သဘော တရားကို အနည်းငယ် ဖေါ်ပြပြီးနောက် အရေးကြီးသော သဘော တရားတခုကို ဖေါ်ပြပေအံ့။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ အချိန်ကာလ၌ ရှိပြီးဖြစ်သော ဗြဟ္မဏဘာသာ အကျင့်များမှာ နတ်ပြည်, ဗြဟ္မာ့ပြည်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်သော အကျင့် ကောင်းများ ဖြစ်လေသည်။ သို့ရာတွင် သောတာပန်မှအစပြု၍ နိဗ္ဗာန်သို့ ရောက်ရှိရန် အကျင့်မြတ်ဟူ၍မရှိချေ။ ဝါ- အပါယ်လေးပါး တံခါးကို ကိစ္စတုံးပိတ်စေနိုင်သော အကျင့်ဟူ၍ကား- လုံးဝ မရှိချေ။

ဗုဒ္ဓဘာသာ ကျင့်စဉ်တွင်ကား အပါယ်လေးပါးတံခါးတို့ကို လုံးဝ ပိတ်စေလျက်, နတ်ပြည်, ဗြဟ္မာ့ပြည် သို့လည်း ရောက်စေနိုင်၍ သောတာပန်အစ နိဗ္ဗာန်အဆုံး အထိလည်း ပို့ဆောင်နိုင်လေသည်။

ထိုကျင့်စဉ်မှာဝိပဿနာဘာဝနာပွားများရေး ကျင့်စဉ်ပင် ဖြစ်၏။ စာမျက်နှာ ၄၁၆-တွင် နိဗ္ဗာန်သွားရာ ကျင့်စဉ် နှစ်မျိုး နှစ်စား ခွဲခြားပြသထားခဲ့လေသည်။တမျိုးမှာသမထဘာဝနာကို မူတည်လျက် သမာဓိအား ကောင်းလာမှ ဝိပဿနာ ဘာဝနာသို့ တဆင့်တက်ခါ ပွားများအားထုတ်ခြင်း ဖြစ်၏။ ၎င်းကို သမထယာနိကဟု ခေါ်ဆိုရ၏။ ကျန်တမျိုးမှာ သမထ ဘာဝနာကို မူမတည်ဘဲ ဝိပဿနာ ဘာဝနာကစ၍ ပွားများ အားထုတ်ခြင်းဖြစ်၏။၎င်းကိုဝိပဿနာယာနိကဟုခေါ်ဆိုရ၏။

ဤတွင် သတိပြုရန်ကား—သမထဘာဝနာကို ပွားများနေ ပါလျက် ဝိပဿနာဘာဝနာသို့ တက်မပေးဘဲ ဆက်သာလုပ် ပါလမ်းဆုံးလျှင် ရွာတွေ့ပါလိမ့်မည်ဟု ပြောတတ်ကြ၏။

သမထဘာဝနာသည် ပညတ်ကို အာရုံပြု၏။ ဝိပဿနာ ဘာဝနာသည် ပရမတ်ကို အာရုံပြု၏။ ထို့ကြောင့် သမထ ဘာဝနာကို ဆက်လုပ်နေပါက ကုသိုလ်ကားရ၏။ သို့ရာတွင် တမဂ်, တဖိုလ်ကို မရနိုင်ဆိုသည်ကို ဧကန် မုချ ဟု စွဲမြဲစွာ မှတ်ယူထားရှိ ရပေမည်။

တဖန် ဖြစ်တတ်ပြန်သေးသည်မှာ နာမရူပ ပရိစ္ဆေဒဉာဏ် ကို ကြေညက်စွာ မသိရှိဘဲ ဝါ-ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိ သော "ဒိဋ္ဌိဝိသုဒ္ဓိ"ခန်းကို သဘောမပေါက်ဘဲ"သွားတာက ရုပ်၊ သိတာက-နာမ်"ဟု အဖျားဆွတ် ပြောတတ် ရုံမျှသည် သုတမယဉာဏ်အားဖြင့် "အတ္တ" နယ်မှ မကျော်လွန်သေး။ "အနတ္တ"ဓမ္မသဘာဝသို့ မဆိုက်၊ ယင်းအသိမျိုးကို နာမ်နှင့် ရုပ် ပိုင်းခြား၍သိပြီဟု ဝိပဿနာဘောင်အတွင်းက လက်မခံ။ ဒိဋ္ဌိဝိသုဒ္ဓိမဖြစ်။ ဗုဒ္ဓမြတ်စွာအား စွပ်စွဲရာရောက်၏။

ငင်းအသိမျိုးကို Mind and Matter (မိုင်း-အင်-မက်တား)နာမ်နှင့်ရုပ်ဟူ၍ လောကဓာတ် ဆရာများ ယခုအခါသိကြ၏။စိတ်ပညာဆရာများ ယခုအခါသိကြ၏။ထို့ကြောင့် ဗုဒ္ဓဝါဒတွင် ထိုသာမန် အသိမျိုးကို မဆိုလို။

ထိုမှတဖန် တဆင့်တက်သော် ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကပင် ဗြာဟ္မဏအယူဝါဒ(ဟိန္ဒူအယူဝါဒ) ၌ ရုပ်နှင့်နာမ် ကိုသိကြ၏။ ထို့ကြောင့် အချို့တို့သည် နာမ်တရား ရှိခြင်းသည် မကောင်း။ နာမ် တ ရား မ ရှိရန် ကျင့်ကြရာ နောက်ဆုံး၌ "အသညသတ်ဘုံ"သို့ ရောက်ရှိသွားကြလေသည်။

အချို့တို့သည် ကိုယ်ကာယကြီး ရှိနေခြင်းမှာ အလွန်ဝန်လေးလှ၏။ကိုယ်ကာယကြီး မရှိခြင်းသည် ကောင်း၏ဟုယူဆကာ ကိုယ်ကာယကြီးမရှိရန် ကျင့်ကြရာ နောက်ဆုံး၌ "အရူပဘုံ"သို့ ရောက်ရှိသွားကြ လေသည်။ တမဂ်, တဖိုလ်ကိုကား မရရှိကြချေ။

ထိုအသိမျိုးတို့မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်၌သာ ရှိရနိုင်သော ရုပ် ၂၈-ပါး၊ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး စသော (အတ္တမဟုတ်သည့်) အနတ္တ သဘောမျိုးကို ပိုင်းခြားသိသောအသိမျိုး မဟုတ်ခြင်းကြောင့် လောကဓာတ် ဆရာများ, စိတ်ပညာဆရာများ, ဟိန္ဒူ ဘာသာဝင်တို့ သိသော သမ္မုဟာဿန မစင်သည့် သာမန်အသိမျိုးကို မဆိုလို။

ထို့ကြောင့် ယခုအခါ တမဂ်,တဖိုလ်ကို တကယ်အလိုရှိတော်မူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ရန် ဝါ-နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပိုင်နိုင်ကြေညက်စွာသိရန် ရှေးဦးစွာ ကြိုးစားရပေမည်။

အဌကထာဋီကာတို့တွင် ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းအတွက် အကောင်းဆုံးမှာ ဝိသုဒ္ဓိမဂ် အဌကထာဖြစ်သေသည်။ ထိုဝိသုဒ္ဓိမဂ် အဌကထာတွင် ဝိပဿနာဘာဝနာ ပွားများရာ၌ အခန်းကြီး ခြောက်ခန်းဖေါ်ပြထားသေသည်။ ၎င်းတို့သည်ကား—

၁။ ဒိဋ္ဌိ ဝိသုဒ္ဓိ။
၂။ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ။
၃။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။
၄။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ။
၅။ ဉာဏဒဿန ဝိသုဒ္ဓိ။
၆။ ပညာ ဘာဝနာ နိသံသ တို့ဖြစ်၏။

ထိုတွင်နံပါတ်၁-နှင့်နံပါတ် ၂-တို့မှာဝိပဿနာဘာဝနာ ပွားများရန် အခြေခံမျှသာရှိသေး၏။ နံပါတ် ၃-ဖြစ်သော မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိကျမှ သမ္မသနဉာဏ်အမည်ဖြင့် ဝိပဿနာဘာဝနာကို စ၍ပွားများရသေသည်။

ဤတွင် ထင်ရှားစွာ သိစေလိုသော အချက်ကား ပဌမ နံပါတ် ၁-ဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်ကို ထင်ရှားစွာသိစေလိုခြင်းဖြစ်၏။

ဒိဋ္ဌိ = မှားသောအမြင်(မိစ္ဆာအယူ)။
ဝိသုဒ္ဓိ = အထူးသဖြင့် စင်ကြယ်ခြင်း။
ဒိဋ္ဌိဝိသုဒ္ဓိ = မှား သော အမြင် မှား သော အယူမှ အထူးသဖြင့် စင်ကြယ်ခြင်းကို ဆိုလိုသည်။

အဘယ်သို့ စင်ကြယ်ခြင်းကို ဆိုလိုပါသနည်းဟူမူ- စာမျက်နှာ ၂၇၃-၌ ဖော်ပြခဲ့သော "ရုပ် အတ္တတော သမနုပဿတိ" အစရှိသော သက္ကာယ ဒိဋ္ဌိ ၂၀-တို့မှ အထူး သန့်ရှင်းစင်ကြယ်ခြင်းဖြစ်လေသည်။

တနည်းဆိုသော်— အတ္တဒိဋ္ဌိ,အတ္တအယူဝါဒမှ သုတမယဉာဏ်အားဖြင့်ရင်း၊ အနုမာန သိဒ္ဓိအားဖြင့်ရင်း၊ အထူးသန့်ရှင်းစင်ကြယ်စွာ သိရှိထားခြင်း ဖြစ်လေသည်။ အတ္တဒိဋ္ဌိမှ စင်ကြယ်ခြင်းကြောင့် အနတ္တကို သဘော ပေါက် သည်ဟူ၏။

ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိပိုင်လျှင် ဝါ-နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုပိုင်လျှင် အတ္တနှင့် အနတ္တ မတူပုံကို သုတမယဉာဏ်အားဖြင့်ရင်း အနုမာနသိဒ္ဓိအားဖြင့်ရင်း ခွဲခြားစိတ်ဖြာလျက် တိကျစွာ ပိုင်နိုင်ပြီး ဖြစ်လေသည်။

ယင်းသို့ ဟိန္ဒူဘာသာ အပါအဝင်ဖြစ်သော လောကီဆရာများသိသော ရင်နာမ်အသိမျိုးဖြင့် ဝိပဿနာဘာဝနာ ပွားများနေပါက ပရမတ်မဆိုက်၊အတ္တနှင့်အနတ္တမခွဲသဘာဝ ဆိုက်အောင် မခွဲခြားနိုင်မှုကြောင့် "မဂ္ဂါဝရဏ" မဂ်ရရှိမှုကို ပိတ်ပင်၏ဟုအဋ္ဌသာလိနီ,နိကျေပ ကဏ္ဍကထာ၌ အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူလေသည်။

ထို့ကြောင့် ဝိပဿနာ ဘာဝနာကို ပွားများခြင်း မပြုသေးမီ ရှေးဦးစွာ အတ္တနှင့် အနတ္တကို သုတမယဉာဏ်အားဖြင့် ခွဲခြားသိရှိထားရန် ကြိုးစားရပေမည်။

အတ္တနှင့် အနတ္တ ခွဲခြားသိမှု၊ သဿဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိ စသည်တို့ကို သုတမယဉာဏ်၊ အနုမာနသိဒ္ဓိ အားဖြင့် ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ခြင်း မပြုမီ ကြိုတင်သိရှိထားမှုမှာ ခက်သည်မဟုတ်။ သင်္ဂြိုဟ်ကျမ်း ချုကို သင်ဘူးသူဖြစ်ပါက ဝိပဿနာ ဘာဝနာ လုပ်ငန်းကို ပါဠိတော်နှင့်တကွတကယ်တတ်မြောက်သောဆရာကောင်း ထံတွင် တနေ့လျှင် တနာရီခန့်မျှဖြင့် လေး,ငါးရက်ခန့်သင်ယူ လိုက်ရပါလျှင် လွယ်ကူစွာသိရှိသွားနိုင်လေသည်။

ဤတွင် သုတ္တန်နည်း၊ အဘိဓမ္မာနည်းနှင့်တကွဝိပဿနာ ဘာဝနာ ပွားများမှုကို ကောင်းစွာတတ်မြောက်သောဆရာ ကောင်းကို အထူးအလိုရှိအပ်လေသည်။သာမန် "ဆေးနည်း တို" ဆရာဖြင့်တမဂ်,တဖိုလ်ကိုမရရှိနိုင်သည်ဆိုသည်ကိုအထူး သတိပြုရမည်။

**စာဖတ်သူသည် တိုးတက်၏။**
**ထို့ကြောင့် စာဖတ်သောလူမျိုးသည်**
**တိုးတက် ရလေသည်။**

လူတဦးတယောက်၏ တိုးတက်မှုသည်ရင်း၊ လူတမျိုးလုံး ၏ တိုးတက်မှုသည်ရင်း စာပေပညာ ဗဟုသုတ လိုက်စားမှု ပေါ်တွင် မူတည်လျက်ရှိ၏။

တိုးတက်ထွန်းကား ကြီးပွားလျက်ရှိသော တိုင်းပြည်ကြီး များတွင် လူ ၁၀၀-တွင် ၉၀-ယောက်စာတတ်ကြသေသည်။ မြန်မာနိုင်ငံတော်၌မူကား ၁၉၃၁-ခုနှစ် သန်းခေါင် စာရင်း အရ လူ ၁၀၀-တွင် ၃၉-ယောက်မျှသာ စာတတ်သည်ဟု သိရှိရ၏။

ဤတွင် မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား များသည် တိုးတက်မှု၏ ပဓာနအချက်ကြီးဖြစ်သော ပညာဗဟုသုတဘက်တွင် မည်မျှ အောက်ကျ နောက်ကျ ဖြစ်လျက် ရှိနေသည်ကို ကောင်းစွာ သိရှိနိုင်ပေပြီ။

ထိုမျှသာမကသေး၊ မှားယွင်းချက်ကြီးတချက် ရှိပြန်သေးသည်မှာ-အများအားဖြင့်ကျောင်းမှထွက်လာကြသောအခါ စာပေဗဟုသုတကို ဆက်လက်ရှာဖွေဖတ်ရှုခြင်းကိုမပြုလုပ်ကြခြင်းပင်ဖြစ်လေသည်။ ဤတွင် ပရိယတ္တိ နယ်မှ ပြုလုပ်သော စာမေးပွဲတွင် အောင်မြင်ပြီး အချို့ပုဂ္ဂိုလ်များလည်း အပါအဝင်ဖြစ်လေသည်။

အမှန်အားဖြင့် ကျောင်းတွင် သင်ကြားရသည့်တို့မှာ မိမိမိမိတို့၏ သက်ဆိုင်ရာပညာရပ်များကို ကျောင်းမှ ထွက်သောအခါ ဆက်လက်ရှာဖွေဆည်းပူးနိုင်ရန် အရင်းအနှီး အနည်းငယ် ပေးလိုက်ခြင်းမျှသာ ဖြစ်လေသည်။

တနည်းဆိုသော်— ကျောင်းမှ ထွက်သောအခါ ကမ္ဘာရတနာတိုက်ခန်းကြီးများတွင် မိမိတို့ ကြိုက်နှစ်သက်ရာ တိုက်ခန်းကိုဖွင့်လျက် ကမ္ဘာ့သူ ကမ္ဘာ့သား တို့၏ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရှာဖွေဖြန့်ဖြူးပေးနိုင်ရန် သော့တွဲကို ပေးလိုက်ခြင်းပင်ဖြစ်လေသည်။

ပရိယတ္တိနယ်ရှိ စာမေးပွဲ အောင်ပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက်လည်းဤအတိုင်းပင်။သောတဇနအဖြစ်ဖြင့်သင်ကြားခဲ့ရခြင်းတို့၏ ပဓာနအချက်မှာ မိမိရရှိပြီးဖြစ်သော ပညာရပ်ဖြင့်ပါဠိတော်အရပ်ရပ်တို့၌လာရှိသောနိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ရှာဖွေလျက် မိမိကိုယ်တိုင် ကျင့်သုံးခြင်း၊ ထိုမှ

တပါး ထိုနည်းနာ နိသျတို့ကို ကမ္ဘာသူ ကမ္ဘာသားတို့အား လွယ်ကူစွာ သိရှိနားလည်စေရန် ဟောပြောရေးသားညွှန်ပြ တော်မူကြရန်ဖြစ်လေသည်။

ဤသည်ကား-အများနှင့် သက်ဆိုင်သည်တို့ကို ဖော်ပြပြီး နောက် ဝိပဿနာ ဘာဝနာ ပွားများရေးအတွက် သံယုတ် ပါဠိတော် ကျမ်းကြီးများ ဘောင်းခြင်းကို ဖော်ပြပေအံ့။

ဗုဒ္ဓမြတ်စွာ၏ တရားတော်အရပ်ရပ်တို့ကို ပေါင်းစုသော် ပါဠိတော်ကျမ်းပေါင်း ၄၀-ရှိ၏။ ၎င်းတို့ကို နိကာယ်ဖွဲ့သော်-

၁။ ဒီဃနိကာယ်။
၂။ မဇ္ဈိမ နိကာယ်။
၃။ အင်္ဂုတ္တရ နိကာယ်။
၄။ သံယုတ္တ နိကာယ်။
၅။ ခုဒ္ဒက နိကာယ်။

ဟူ၍ နိကာယ် ငါးရပ်ဖြစ်လေသည်။

ဤတွင် စကားတရပ် ဖြစ်ပေါ်နေသည်မှာ....''ကျောင်း ကောင်းထိုင်လို အင်္ဂုတ္တိုရ်''ဟူ၍၎င်း၊ ''ဆွမ်းကောင်း စားလို အင်္ဂုတ္တိုရ်''ဟူ၍၎င်း၊သောတုဇနတို့ပြောစမှတ်ရှိကြလေသည်။

ထိုနည်းတူစွာ တဖက်တွင်လည်း လူကြည့် နည်းပါးလှ သဖြင့် စာအုပ်ဘီတိုထည်းတွင် အိပ်နေရှာသော နိကာယ် တရပ်ပါရှိ၏။ ထိုနိကာယ်ကား- ယောဂီများအား အထူး အကျိုးများစေသည့် သံယုတ္တနိကာယ် ဖြစ်လေသည်။

သံယုတ္တနိကာယ် ကျမ်းကြီးငါးကျမ်း မှာလည်း ဘွဲ့ထူး, ဂုဏ်ထူး တသီးတခြား ချီးမြှင့်ထားကြလေသည်။ ထိုဘွဲ့ထူး ကား- ကျမ်းအိပ်ကြီးများ ဟူသော ဘွဲ့ထူးပင် ဖြစ်လေသည်။

ထိုသံယုတ္တနိကာယ်တွင်ပါဝင်သောကျမ်းကြီးငါးကျမ်းမှာ-

၁။ သဂါထာဝဂ္ဂ သံယုတ်။
၂။ နိဒါနဝဂ္ဂ သံယုတ်။
၃။ ခန္ဓဝဂ္ဂ သံယုတ်။
၄။ သဠာယတန သံယုတ်။
၅။ မဟာဝဂ္ဂ သံယုတ်တို့၏။

ဝိပဿနာ ဘာဝနာပွားများရေးအတွက် ဓမ္မသဘာဝကို ပိုမိုလွယ်ကူစွာ သိရှိနားလည် လိုပါမူ ထိုသံယုတ် ပါဠိတော် ကျမ်းကြီး ငါးကျမ်းသို့ ဖတ်ရှုလေ့လာတော်မူကြရန် လေး နက်စွာ အထူး တိုက်တွန်းခဲ့ပါ၏။

ရေတ်ကျည်ပွေ့။

ပါဠိတော်ကို မသွားနိုင်စေကာမူ စိတ်လျော့ရန် မသင့်။ ယခုအခါ နိသျများရှိပြီးဖြစ်၏။ ဦးမြို့ ဘာသာပြန်။ ဆဋ္ဌမူ— ဘာသာပြန်တို့နှင့် ယှဉ်တွဲဖတ်ရှုတော်မူကြပါလေ။

နိသျများတွင်"မိုးထိ"မူ ရရှိနိုင်လျှင် ပို၍ကောင်း၏။ ထို့ပြင် အနားတွင်လည်း ဦးဟုတ်စိန် ၏ ပါဠိ အဘိဓါန် တစုံကို လည်း ထားရှိပါသေး။(လေးအုပ်တစုံကို ၂၀-ကျပ်နှင့် ရန်ကုန် မြို့ အစိုးရစာပုံနှိပ်တိုက်တွင် ရရှိနိုင်၏။)

အမှန်အားဖြင့်ဆိုသော် ပါဠိတော်ကိုဖတ်ရှုပါမှလေးနက် တိကျသော တရားအရသာကို ရာခိုင်နှုန်းအပြည့် ခံစားရရှိနိုင် သေးသည်။

ကြိုးစားတော်မူကြပါ။ ရေတ် ကျည်ပွေ့ အတက်ပေါက် သောခေတ် မကုန်သေးချေ။ ဤကား ကေန်။

ဤတွင် တခန်းရပ်လျက်ကျန်ဆက်စပ်လျက်ရှိသည့်အချက် ဘရပ်ကို ပေါ်ပြဦးအံ့။

မိမိ၏လက်ရှိ အခြေအနေမှာမည်သည့်အခြေအနေ၌ရှိစေ ကာမူ စာဖတ်သူသည် စာဖတ်သည်နှင့်အမျှ တိုးတက်နေ၏။ ထို့ကြောင့် စာဖတ်သောမြို့ရွာနယ်ပယ်သည် တိုးတက်နေ၏။ ထို့ကြောင့် စာဖတ်သောတိုင်းပြည်နိုင်ငံသည် တိုးတက်နေ၏ ဝါ-တနည်းကား စာဖတ်သော လူမျိုးသည် တိုးတက်၏။

မြန်မာနိုင်ငံတော်တွင် မိမိတို့အတွက် သိန်း ၇၀-ခန့်အကုန် ခံကာ ဆောက်လုပ်ထားသော စာကြည့်တိုက်ကြီး တခုရှိ၏။ ထိုစာကြည့်တိုက်ကြီးမှာ မိမိတို့တိုးတက်မှုအတွက် ဝါ-"ဒို့လူမျိုး" တိုးတက်မှုအတွက် ဆောက်လုပ်ထားသည်ကို လူတိုင်း မသိရှိကြသေးချေ။

စာတအုပ်တအုပ်လျှင် လေးဆယ့်ငါးဆယ်တန် စာအုပ်ပေါင်း များစွာ ရှိသေသည်။ ထို့ထက် မိမိ၌ ငွေအင်အား ပြည့်စုံစေကာမူဝယ်ယူ၍မရနိုင်သော စာအုပ်မြောက်မြားစွာ နှင့်တကွပေမူမြောက်မြားစွာတို့ကိုတွေ့မြင်ဖတ်ရှုနိုင်သေးသည်။

ပေမူများအတွက် ရေးသားရသော်စာအုပ် အသွင်ဖြင့် ထွက်ပေါ်မလာရသေးသောပေမူများ မြောက်မြားစွာ ရှိလေသည်။ ထိုတွင် စာအုပ်ဘဝသို့ ရောက်ရှိမလာသေးသောနိသျ ပေမူပေါင်း များစွာကိုလည်း တွေ့မြင်ဖတ်ရှုနိုင်သေးသည်။

ဤကျမ်းပြုစုရာ၌ ကမ္ဘာ့အေးစေတီတော်အနီးရှိ ဥတ္တရဂုရု ကျောင်းဆောင်ကြီးတွင် ၂-သတိုင်တိုင် တည်းခိုနေထိုင်လျက် ထို ကမ္ဘာ့အေး စာကြည့်တိုက်ရှိ စာပေတို့ကို နေ့စဉ်နေ့တိုင်း လေ့လာ ဆည်းပူး ကူးယူခွင့်ရရှိသဖြင့် ထိုကမ္ဘာ့အေး စာ

ကြည့်တိုက် ကြီးနှင့်တကွ အုပ်ချုပ်ရေး အရာရှိ ကြီး, ငယ် အပေါင်းတို့၏ ကျေးဇူးများစွာ ပါရှိလေသည်။

ထိုထိုသောအကြောင်းတို့ကြောင့်ရန်ကုန်သူ,ရန်ကုန်သား များနှင့်တကွ နယ်သူ,နယ်သား အပေါင်းတို့အား မိမိတို့၏ တိုးတက်မှုအတွက် သိန်း ၇၀-ခန့် အကုန်ခံကာ ဆောက်လုပ် ထားသော ရန်ကုန်မြို့ရှိ ကမ္ဘာ့အေး စာကြည့်တိုက် ကြီးကို "ငါရောက်ဘူးပါတယ်ကွာ"ဟူ၍၎င်း၊ "အဲဒီစာကြည့်တိုက် ကြီးမှာ ငါကိုယ်တိုင် စာပေတို့ကို လေ့လာဆည်းပူး ခဲ့ဘူးပါ တယ်ကွာ"ဟု ဆိုနိုင်လောက်အောင် သွားရောက် ကြည့်ရှု လေ့လာအပ်လေသည်။

အကယ်၍ မိမိတို့၏ တိုးတက်မှုအတွက် ဝါ-ဒို့လူမျိုးတို့၏ တိုးတက်မှုအတွက် သိန်း ၇၀-ခန့် အကုန်ခံ၍ ဆောက်လုပ် ထားသော စာကြည့်တိုက်ကြီးသို့ သွားရောက်လေ့လာခြင်း မပြုရသေးပါက ထိုသူသည် ရန်ကုန်မြို့တော်ကြီး၏ ကြီးကျယ် ခန်းနားပုံကို အပြည့်အစုံ မသိရှာသေးဟု အဆိုခံရဘွယ် ရှိလေသည်။

ထို့ကြောင့် ဆရာများနှင့်တကွကျောင်းသူ,ကျောင်းသား အပေါင်းတို့ပါ ဝါ-မိမိတကိုယ်တည်းသာ မဟုတ်မူ၍ အိမ် ရှင်မနှင့်တကွ နောင်တက်လတံ့သော သားသွီးတို့ကိုပါခေါ် ဆောင်လျက် ကမ္ဘာ့အေး စာကြည့်တိုက်ကြီးသို့ သွားရောက် ကြည့်ရှု လေ့လာတော်မူကြရန် လေးနက်စွာ တိုက်တွန်းပါ၏။

အကြောင်းသော်ကား စာဖတ်သူသည် တိုးတက်၍ စာ ဖတ်သောလူမျိုးသည် လျင်မြန်စွာ တိုးတက်ကြီးပွား ကြရ ခြင်းကြောင့် ဖြစ်လေသည်။




**အထက်ပါ သမာဓိများသို့ ဆိုက်ရောက်မှ သာလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရရှိ၊ ရောက်ရှိ နိုင်လေသည်။**

(ရှေ့တွင် ထင်ရှား စေလတံ့)။

# ဘာဝနာ

ဒါနထက် သီလ မြတ်၏။
သီလထက် သမထ မြတ်၏။
သမထထက် ဝိပဿနာ မြတ်၏-ဟု
ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြ၏။

သမထ ဘာဝနာ ပွားများရာတွင် နည်းပေါင်း ၄၀-ရှိ၏။ ထိုတွင် မိမိနှင့် သင့်လျော်သောနည်းကို ရွေးချယ်ပွားများရ၏။

ထိုမှတပါး ယင်းသမထ ၄၀-တို့တွင် ပုဂ္ဂိုလ်တိုင်းနှင့် သက်ဆိုင်သော ကမ္မဋ္ဌာန်းတရားတို့သည်လည်းရှိ၏။ ထိုတွင် လူကြိုက်များလျက် ခေတ်စားနေသော အာနာပါနကမ္မဋ္ဌာန်းကို ရေးသားပေအံ့။

## အာနာပါန။

အာနာပါနဿတိ ဘိက္ခဝေ
ဘာဝိတာ ဗဟုလီကတာ
မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

[မဟာဝဂ္ဂ သံယုတ် ပါဠိတော်
အာနာပါန သံယုတ် ဧကဓမ္မသုတ်]။

ဘာသာပြန်။ ။အို-ရဟန်းတို့....ထွက်သက်၊ဝင်သက် လေကို သတိပြုမှု အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ ပွားများမှု ပြုသည်ရှိသော် ကြီး

သောအကျိုးသည် ဖြစ်၏။ ကြီးသော အာနိသင်သည်ရှိသည် ဖြစ်၏-ဟု ဟောတော်မူ၏။

ဤပါဠိတော်အတိုင်းပင် ဥပရိ ပဏ္ဏာသ ပါဠိတော်, အနုပဒဝဂ်, အာနာပါန သုတ်၌လည်း ဟောတော်မူ၏။

ထိုမှတပါး မဟာဝဂ္ဂသံယုတ်ပါဠိတော်, အာနာပါန သံယုတ်, ဧကဓမ္မဝဂ်, ပဒီပေါပမ သုတ်၌ လာသည်တို့မှ အနည်းငယ်ကို ကောက်နုတ် ဖေါ်ပြပေအံ့။

ဆင်းရဲ ပင်ပန်းခြင်း မရှိဘဲ
ချမ်းသာစွာဖြင့်
မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရှိနိုင်၏။

အို-ရဟန်းတို့.... ငါဘုရားသည် အလောင်းတော် ဘဝကပင် အာနာပါန ကမ္မဋ္ဌာန်း တရားကို များစွာ ပွားများအားထုတ်တော်မူခဲ့လေသည်။

တဿ မယှံ ဘိက္ခဝေ
ဣမိနာ ဝိဟာရေန ဗဟုလံ
ဝိဟရတော နေဝ ကာယော
ကိလမတိ န စက္ခူနိ အနုပါဒါယစ
မေ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

အနက်ကား။ ။ဘိက္ခဝေ-အို-ရဟန်းတို့၊ ဣမိနာ ဝိဟာရေန- ဤသို့သောနေခြင်းဖြင့်၊ ဗဟုလံ-များစွာ၊ ဝိဟရတော-နေသော၊ တဿ မယှံ-ထိုငါ့အား၊ ကာယော- ကိုယ်သည်၊ နေဝ ကိလမတိ-မပင်ပန်း၊ စက္ခူနိ-မျက်စိတို့သည်၊ န ကိလမန္တိ မပင်ပန်းကုန်၊ အနုပါဒါယစ- တစုံတခုသော အာရုံကို မစွဲ

လမ်းမှု၍လည်း၊ မေ-ငါ၏၊ စိတ္တံ စိတ်သည်၊ အာသဝေဟိ-အာသဝေါတရားတို့မှ၊ ဝိမုစ္စိ-လွတ်၏။

ထိုမှတဖန်ယင်းပါဠိတော်၌ဆက်လက်လာရှိပြန်သည်မှာ-

အို-ရဟန်းတို့....ထို့ကြောင့်ပင်လျှင် ရဟန်းသည် ငါ၏ ကိုယ်ကို မပင်ပန်းစေအံ့၊ မျက်စိတို့ကို မ ပင် ပန်း စေ အံ့- ဟု တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ် သည် လွတ်စေအံ့ဟု အကယ်၍ အလိုရှိငြားအံ့။ (အယမေဝ အာနာပါနဿတိ သမာဓိ သာဓုကံ မနသိ ကာတဗ္ဗော)= ဤ ထွက်သက်, ဝင်သက်လေကို ရှုရာ၌ သတိနှင့် ယှဉ်သော သမာဓိကို ကောင်းစွာ နှလုံး သွင်း အပ်၏ဟု ဟောတော်မူ လေသည်။

ဤဒေသနာတော်တွင် ထေးနက် ထူးခြားစွာ သိစေလို သော အချက်မှာ- အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများ ရာ၌ ကိုယ်၏ပင်ပန်းခြင်း စိုးစဉ်းမျှ မ ရှိ ဘဲ ကြီး မား သော အကျိုးအာနိသင်ကို ပြန်လည် ရရှိခြင်းကို လေးနက်ထူးခြား စွာ သိစေလိုခြင်းဖြစ်လေသည်။

ထိုမှတပါး ယင်းပါဠိတော်, ဓေမ္မဝဂ်, သဠာယတနဝဂ္ဂ သုတ်၌ လာရှိသည်တို့အနက် လိုရင်းကို ကောက်နုတ်ဖော်ပြ ပေဦးအံ့။

အယံပိခေါ ဘိက္ခဝေ
အာနာပါနဿတိ သမာဓိ
ဘာဝိတော ဗဟုလီကတော
သန္တောစေဝ ပဏီတောစ။

စသော ဒေသနာတော်ကို ဟောတော်မူ၏။

ဘာသာပြန်။ ။အို-ရဟန်းတို့....ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကို ပွား အပ်သည်ရှိသော်, အကြိမ်များစွာ ပွားများလေ့လာသည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏။ မြတ်လည်း မြတ်၏။ ပရိကံ ဥပစာတို့နှင့် မရောနှော သည်လည်း ဖြစ်၏။ ချမ်းသာစွာလည်း နေရ၏။ ဖြစ်ဖြစ်သမျှကုန်သော, ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ထိုခဏ၌ ကွယ်ပျောက်စေ၏။ ငြိမ်းစေ၏။

အို-ရဟန်းတို့.... ဥပမာအားဖြင့် ဆိုသော်- နွေလ တို့ ၏ နောက်ဆုံးဖြစ်သောလ၌ အထက်သို့ တက်သော မြူမှုံတို့သည် ရှိကုန်၏။ထိုမြူမှုံတို့ကို အခါမဲ့သည်းထန်စွာရွာသွန်းသော မိုးကြီးသည် ခဏချင်းဖြင့် ကွယ်ပျောက် စေ၏။ ငြိမ်းစေ၏။

အို-ရဟန်းတို့....ထိုဥပမာအတူသာလျှင်အာနာပါနဿတိနှင့် ယှဉ်သော သမာဓိကို ပွားစေအပ်သည်ရှိသော်, အကြိမ်များစွာ လေ့လာ ပွားများသည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏။ မြတ်လည်းမြတ်၏။ ပရိကံ ဥပစာတို့နှင့် မရောနှောသည်လည်းဖြစ်၏။ ချမ်းသာစွာလည်း နေရ၏။ ဖြစ်ဖြစ်သမျှကုန်သော, ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် ထိုခဏ၌ပင် ကွယ်ပျောက်စေ၏။ ငြိမ်းစေ၏။ (ယင်းဒေသနာတော်ကို ပါရာဇိကဏ် ပါဠိတော်, တတိယ ပါရာဇိက၌လည်း ဟောတော်မူ၏)။

ဂုဏ်းပြင် ယင်းပါဠိတော်၌ပင် အရှင်မဟာကပ္ပိန မထေရ်ကို အကြောင်းပြု၍ ဟောတော်မူပြန်သည်မှာ—

အို-ရဟန်းတို့....တောအရပ်သို့ကပ်သည်ဖြစ်၍၎င်း၊သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍၎င်း၊ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်သည်ဖြစ်၍၎င်း ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကို ဖြောင့်မတ်စွာထား ပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသောသတိကိုဖြစ်စေ၍ထိုင်နေ၏။

အို-ရဟန်းတို့....ထွက်သက်,ဝင်သက်လေကို အောက်မေ့မှု သတိနှင့်ယှဉ်သော သမာဓိ၌ ဤသို့ပွားများအပ်သည်ရှိသော် ဤသို့အကြိမ်များစွာ လေ့လာပွားများသည်ရှိသော် ကိုယ်၏ လှုပ်ရှားသော အဖြစ်သည်၎င်း၊ တုန်လှုပ်သော အဖြစ်သည် ၎င်းမဖြစ်၊ စိတ်၏လှုပ်ရှားသော အဖြစ်သည်၎င်း၊ တုန်လှုပ် သော အဖြစ်သည်၎င်း မဖြစ်ဟု ဟောတော်မူ၏။

သဠာယတနသုတ်,သီသပါဝနဝဂ်, သစ္စသံယုတ်, မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌ ဝိပဿနာ ဘာဝနာ ပွားများရာတွင် ဆင်းရဲပင်ပန်းခြင်းမရှိ။ချမ်းသာစွာ ကျင့်သုံးပွားများရသည်ကို သိစေတော် မူလိုသောဗုဒ္ဓမြတ်စွာသည်....

[illegible]ဟန်းတို့....ဆင်းရဲခြင်းနှင့်တကွ, နှလုံး မသ[illegible]ခြင်းနှင့်တကွ လေးပါး ကုန်သော အရိယ သစ္စာတို့ကို ထိုးထွင်း၍ သိခြင်းကို ငါ ဘုရားသည် ဟောတော်မမူ။ အို-ရဟန်းတို့.... စင်စစ်သော်ကား-ချမ်းသာခြင်းနှင့်တကွ,ဝမ်း မြောက်ခြင်းနှင့်တကွ လေးပါးကုန်သော အရိ ယ သစ္စာတို့ကို ထိုးထွင်း၍သိခြင်းကိုသာ ငါ ဘုရား မိန့်တော်မူ၏ ဟု ဟောတော် မူလေ သည်။

အာနာပါန ကမ္မဋ္ဌာန်း ဘာဝနာကို လေ့ကျင့် ပွားများရန် ဗုဒ္ဓမြတ်စွာသည် မဟာသတိပဋ္ဌာန် ဒေသနာ တော်တွင် ညွှန်ပြတော် မူရာဝယ်....

ဣဓ ဘိက္ခဝေ ဘိက္ခု
အရညဂတောဝါ
ရုက္ခမူလ ဂတောဝါ
သုညာဂါရ ဂတောဝါ

နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ- စသည်ဖြင့် လာရှိလေသည်။

**အနက်ကား။** ။ဘိက္ခဝေ၊ အို-ရဟန်းတို့။ ဣဓ၊ ဤသာသနာ တော်၌။ ဘိက္ခု-ရဟန်းသည်။အရညဂတောဝါ၊ တောအရပ် သို့ကပ်၍ငင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ကပ်၍ငင်း သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ငင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ဥဇုံ၊ ဖြောင့် မတ်စွာ။ ကာယံ၊ကိုယ်ကို။ ပဏိဓာယ၊ထား၍။ သတိံ၊ သတိ ကို။ ပရိမုခံ၊ကမ္မဋ္ဌာန်းသို့ရှေးရှု။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီ ဒတိ၊ ထိုင်နေ၏။

ဤသို့ ညွှန်ကြားတော်မူရာ ပါဠိတော်တွင် တောအရပ်သို့ ကပ်၍ငင်း၊ သစ်ပင်ရင်းသို့ ကပ်၍ငင်း၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ငင်း အာနာပါန ကမ္မဋ္ဌာန်းကို လေ့လာ ပွားများရာ တွင် မှုးမေ့ မေ့မြောသွားပါက ကူညီ စောင့်ရှောက် ရန် အကူအညီ အပေါင်းအဖေါ် ခေါ်သွားရန် မပါရှိချေ။ တဦးချင်းသာ ဖြစ်ရလေသည်။

အဖေါ်မပါ တဦးတည်း သေ့လာကျင့်သုံးခြင်းကို အလို ရှိတော်မူသော ဗုဒ္ဓမြတ်စွာသည် ဓမ္မပဒပါဠိတော်, ပကိဏ္ဏက ဝဂ်, ဧကဝိဟာရိသုတ်၌....

ဧကာသနံ ဧကသေယျံ
ဧကော စရ မတန္ဒိတော။
ဧကော ဒမယ မတ္တာနံ
ဝနန္တေ ရမိတော သိယာ။

အနက်ကား။ ။ဧကာသနံ၊ တယောက် ထည်းတည်း နေ ခြင်းကိုငင်း။ ဧကသေယျံ၊ တယောက်ထည်းတည်း အိပ်ခြင်း ကိုငင်း။ ကရေ၊ ပြုရာ၏။ ဧကော၊ တယောက် ထည်းတည်း၊ အတန္ဒိတော၊ မပျင်းမရိသည်ဖြစ်၍။ စရ၊ ကျင့်လေ၊။ ဧကော တယောက်ထည်းတည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယံ၊ ဒမ ယန္တော၊ ဆုံးမသည်ဖြစ်၍။ ဝနန္တေ၊ တောအုပ်၌။ ရမိတော၊ မွေ့လျော်သည်။ သိယာ၊ ဖြစ်ရာ၏။

ထိုမှတပါး ပဉ္စဝဂ္ဂီတို့အား ဟောတော်မူသော ဓမ္မစက္က ပဝတ္တန သုတ်၌....

ဒွေ မေ ဘိက္ခဝေ အန္တာ
ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

စသည့်ဒေသနာတော်ကို ဟောတော်မူရာ (ကာမသုခလ္လိ ကာ နုယောဂေါ)ကာမဂုဏ် ခံစားခြင်းနှင့်(အတ္တကိလမထာ နုယောဂေါ) မိမိကိုယ်ကို ပင်ပန်းအောင် ပြုခြင်း, ဤတရားနှစ် ပါးကို(န-သေဝိတဗ္ဗာ) မမှီဝဲအပ်ကုန်ဟု ဟောတော် မူလေ သည်။

ဤသို့လျှင်အထက်တွင် ဖော်ပြအပ်သောပါဠိတော်အရပ်ရပ်ဘို့ကို ထောက်ရှုသော အားဖြင့် အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော သူမြတ်အတွက် ကိုယ်ကာယ၏ ပင်ပန်း ဆင်းရဲခြင်း မဖြစ်သည်ကို အထူး သိအပ်လေသည်။

အကယ်၍ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများရာတွင် ကိုယ်၏ဆင်းရဲပင်ပန်းခြင်း, သတိမေ့လျော့ခြင်း, မူးမေ့လဲကျသွားခြင်းစသော ရန့်ရင်းကြမ်းထမ်းသော အမှုအရာများ ဖြစ်ပေါ်လာသည် ဆိုပါက မိမိ၏အာနာပါန ကမ္မဋ္ဌာန်းတရားလုပ်ငန်းမှာ လမ်းမှားနေပြီ ဆို သည် ကို ကောင်း စွာသိအပ်လေပြီ။

ဤတွင် ပါယာသိ ရာဇညသုတ် ၃၃၀-၌ ဟောတော်မူအပ်သောလျော်ထမ်းသမား ဥပမာကိုဆောင်လျက်"သောဝစဿတာ" ဂုဏ်နှင့် ပြည့်စုံပြီးလျှင် မိမိနည်းမှားကို စွန့်ကာနည်းကောင်း လမ်းမှန်ကို သင်ပြပေးနိုင်သော ဆရာကောင်းကို ရှာအပ်လေပြီ။ "ကျား-ကျား မီးယပ်"ဆိုလျှင် မိမိ၌သုံးရှုံးခြင်းမက သုံးရှုံးရပေတော့၏။ ဆရာ ဖြစ် ပါ က လည်း မိမိအမှားကို စွန့်အပ်လေပြီ။

ယင်းအမှားကို မိမိ ကိုယ်တိုင်ဆက်လက် လုပ်ကိုင်နေခြင်းသူတပါးအား ပြောဟော သင်ပြပေးနေ ခြင်းတို့ကို ဆက်လက် လုပ်ကိုင်နေပါက တမင်္ဂတဖိုလ်နှင့် ဝေးကွာရုံမျှ မက (အဘ္ဗာဝစ်ကွန္တိ)ဗုဒ္ဓမြတ်စွာအား စွပ်စွဲရာ ကျလျက်ရှိပေတော့၏။ ဤသည်ကား ကြီးလေးသော အပြစ်ကြီးပေတည်း။

ထို့ပြင် အာနာပါန ကမ္မဋ္ဌာန်းအတွက် သိအပ် ပြန်သော အချက်တရပ်မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း၌....

> ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည်ကား- ခဲခက်၏။ ခက်ခဲသော ဘာဝနာဖြစ်၏။ ဘုရား ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော်၊ ယောကျ်ား မြတ်တို့၏သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏။ သိမ်သိမ်ငယ်ငယ်မဟုတ်။ သာမန် လူစားများ နည်းနာကျကျ သဘာဝနှင့်အညီ မှီဝဲနိုင်သည် မဟုတ်။ အကြွင်းအကြင်းသို့ နှလုံးသွင်း၏။ ထို နှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏။သိမ်မွေ့သည်လည်းဖြစ်၏။ထို့ကြောင့် ဤအာနာပါနဿတိ ကမ္မဋ္ဌာန်း၌ အားကြီး သောသတိကိုရင်း၊ ပညာဉာဏ်ကိုရင်း အလို ရှိအပ်သေးသည်ဟု လာရှိ၏။

ဤတွင် အာနာပါနကမ္မဋ္ဌာန်းသည် သိမ်မွေ့၏။နည်းနာ ကျကျ သဘာဝနှင့်အညီ လေ့ကျင့် ပွားများနိုင်ရန် မလွယ်။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို ပွားများကြရာ ပုဂ္ဂိုလ် အချို့တို့မှာ နည်းလမ်းမမှန်မှုကြောင့် ကိုယ်ယိမ်းထိုးလျက် နတ်ပူးသကဲ့သို့ လှုပ်ရှားနေသည်ကို တွေ့ရှိရ၏။ ပုဂ္ဂိုလ်အချို့ တို့ကား- ရှူးရှဲရှူးရှဲနှင့် မူးလဲသွားသည်ကိုပင် တွေ့ရ၏။

အထက်တွင် ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာ တို့နှင့် တိုက်ဆိုင် စစ်ဆေးသော် ထိုနည်းလမ်းမှာ အမှား

သက်သက်ဖြစ်နေသော နည်းထမ်းဖြစ်ရကား ထိုနည်းထမ်းကို အမြန်ဆုံး စွန့်လွှတ်အပ်လေသည်။

ထိုမှတပါး အဋ္ဌကထာဖွင့်ဆိုချက်အရ ဘုရားအစရှိသော ယောက်ျားမြတ်တို့၏သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏ဟု ဆိုရာဝယ် ယောဂီသူမြတ်တို့ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း မပြုရ ဟူ၍ကား မဆိုလို။

အာနာပါနလုပ်ငန်းသည် သိမ်သိမ် ငယ်ငယ် မဟုတ်၊ နည်းနာကျကျ ပွားများနိုင်ရန်နှင့် အားကြီးသော သတိပညာကိုအသုံးပြုရန် အလိုရှိအပ်သည်ကို ဖေါ်ပြခြင်းမျှသာဖြစ်၏။ ယောဂီသူမြတ်တို့ မကျင့်အပ်ဟု ဆိုလိုသည် မဟုတ်ချေ။

အားကြီးသော သတိပညာကို အလိုရှိအပ်၏ဟု ဆိုသော စကားသည် မှန်၏။ ထို့ကြောင့် ဥပရိပဏ္ဏာသ ပါဠိတော်, အာနာပါနဿတိ သုတ်၌-

နာဟံ ဘိက္ခဝေ မုဋ္ဌ ဿတိဿ
အသမ္ပဇာနဿ အာနာပါနဿတိံ ဝဒါမိ။

ဘာသာပြန်။ ။အို-ရဟန်းတို့.... လွတ်သောသတိရှိလျက် အဆင် အခြင် ဉာဏ်ပညာ မရှိသော သူအား ငါဘုရားသည် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ဟောကြားတော်မမူ။

ယင်းဒေသနာတော် သဘောကို မဟာဝဂ္ဂသံယုတ် ပါဠိတော်, အာနာပါန သံယုတ်, ဧကဓမ္မဝဂ်, ကိမိလ သုတ်၌လည်း ဟောတော်မူလေသည်။

ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို ပွားများလိုသော် ပါဠိတော်အဋ္ဌကထာ တို့နှင့် ကိုက်ညီသောနည်းထမ်းကိုသာ

အထူးအလိုရှိအပ်လေသည်။အာနာပါနကမ္မဋ္ဌာန်းကိုယောဂီတို့ မလေ့ကျင့်အပ် ဟူ၍ကား အလိုမရှိအပ်ချေ။

အာနာပါန ပွားများနည်း။

အာနာပါနကမ္မဋ္ဌာန်းကို သုတ်မဟာဝါပါဠိတော်,မဟာသတိပဋ္ဌာန သုတ်တွင်၎င်း၊ ဥပရိပဏ္ဏာသ ပါဠိတော် အနုပဒဝဂ်၌၎င်း၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်အာနာပါနသံယုတ်၌၎င်း၊ထိုထိုသောပါဠိတော်တို့၌၎င်း ဟောတော်မူလေသည်။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်တွင်ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက်နှာခေါင်းဝ၌ ထွက်နေသော ထွက်သက် ဝင်သက်လေကို အာရုံစူးစိုက်ကာ သတိကို တခြားတပါးသို့ မလွင့်စေဘဲ ပွားများအားထုတ်ရလေသည်။ပါဠိတော်ကားအောက်ပါအတိုင်းတည်း။

(က) သော သတောဝ အဿသတိ
သတောဝ ပဿသတိ။

(ခ) ဒီဃံဝါ အဿ သန္တော
ဒီဃံ အဿသာမီတိ ပဇာနာတိ။
ဒီဃံဝါ ပဿ သန္တော
ဒီဃံ ပဿသာမီတိ ပဇာနာတိ။

(ဂ) ရဿံဝါ အဿသန္တော
ရဿံ အဿသာမီတိ ပဇာနာတိ။
ရဿံဝါ ပဿ သန္တော
ရဿံ ပဿသာမီတိ ပဇာနာတိ။

(ဃ) သဗ္ဗကာယ ပဋိသံဝေဒီ
အဿ သိဿာမီတိ သိက္ခတိ။

သဗ္ဗကာယ ပဋိသံဝေဒီ
ပဿ သိဿာမီတိ သိက္ခတိ။
(င) ပဿမ္ဘယံ ကာယ သင်္ခါရံ
အဿ သိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယ သင်္ခါရံ
ပဿ သိဿာမီတိ သိက္ခတိ။

အနက်ကား။ ။(က) သောဘိက္ခု- ထိုရဟန်းသည်၊ သတော၀- သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်၊ အဿ သတိ ထွက်သက်လေကိုဖြစ်စေ၏၊ သတော၀-သတိနှင့်ပြည့်စုံသည် ဖြစ်၍သာလျှင်၊ ပဿသတိ- ဝင်သက်လေကို ဖြစ်စေ၏။

အထူး သတိ ပြုကား-

ထွက်သက်လေ, ဝင်သက်လေကိုသာလျှင် အာရုံ ပြုရပေမည်။ သတိမလွတ်စေရ။ တခြား တပါးသို့စိတ်ရောက်မသွားစေရ၊ဒ ဂ္ဂိယဆရာ သည် ပြဒါးမပြေးနိုင်အောင် ဖမ်းထားဘိ သကဲ့သို့ ယောဂီသူမြတ်သည် စိတ်ကို တခြား တပါးသို့ထွက်မပြေးနိုင်ရန် ဖမ်းဆီးထားခြင်း ကို လေ့ကျင့်နေခြင်း ဖြစ်၏။ သတိခမခြင်း, သတိလွတ်ခြင်း စိတ်သည် ကမ္မဋ္ဌာန်း အာရုံမှ လွတ်၍ တခြားတပါးသို့ရောက်သည်ရှိသော် နီဝရဏတရားတို့ကို လက်ခံမှုကြောင့် မိမိ၏ အာနာပါန လုပ်ငန်းမှာ တိကျသောတန်ဘိုး မရှိတော့ပြီ။

(ခ) ဒီဃံ ဝါ- ရှည်စွာမူလည်း၊ အဿာသ ဝန္တော-ထွက်သက်လေကို ဖြစ်စေသည်ရှိသော်၊ ဒီဃံ-ရှည်စွာ၊အဿာသာမိတိ-ထွက်သက်လေကိုဖြစ်စေ၏ဟူ၍၊ ပဇာနာတိ- အပြားအားဖြင့်သိ၏၊ ဒီဃံ ဝါ- ရှည်စွာမူလည်း၊ ပဿ ဝန္တော-ဝင်သက်လေကို ဖြစ်စေသည်ရှိသော်၊ဒီဃံ-ရှည်စွာ၊ပဿာသာမိတိ-ဝင်သက်လေကို ဖြစ်စေ၏ဟူ၍၊ ပဇာနာတိ-အပြားအားဖြင့် သိ၏။

(ဂ) ရဿံဝါ- တိုစွာမူလည်း အဿ ဝန္တော-ထွက်သက်လေကိုဖြစ်စေသည်ရှိသော် ရဿံ-တိုစွာ၊ အဿာသာမိတိ ထွက်သက်လေကို ဖြစ်စေ၏ဟူ၍၊ပဇာနာတိ-အပြားအားဖြင့် သိ၏၊ ရဿံဝါ-တိုစွာမူလည်း၊ ပဿဝန္တော-ဝင်သက်လေကို ဖြစ်စေသည်ရှိသော်၊ ရဿံ-တိုစွာ ပဿ ာသာမိတိ- ဝင်သက်လေကို ဖြစ်စေ၏ ဟူ၍၊ ပဇာနာတိ-အပြားအားဖြင့် သိ၏။

(ဃ) သဗ္ဗကာယ ပဋိသံဝေဒီ-အလုံးစုံသော ထွက်သက်လေ၏ အစ,အလယ်, အဆုံး သုံးပါး အပေါင်းကို ထင်စေလျက်၊ အဿ သိဿာမိတိ-ထွက်သက်လေကိုဖြစ်စေအံ့ဟူ၍၊ သိက္ခတိ—အားထုတ်သဖြင့် ကျင့်၏၊ သဗ္ဗကာယ ပဋိသံဝေဒီ-အလုံးစုံသော ဝင်သက်လေ၏အစ, အလယ်, အဆုံး သုံးပါး အပေါင်းကို ထင်စေလျက်၊ ပဿ သိဿာမိတိ- ဝင်သက်လေကို ဖြစ်စေအံ့ ဟူ၍၊ သိက္ခတိ-အားထုတ်သဖြင့် ကျင့်၏။

(င) ကာယ သင်္ခါရံ- ရုန့်ရင်းသော ထွက်သက်လေကို၊ ပဿမ္ဘယံ- ပဿမ္ဘယန္တော- ငြိမ်းစေလျက်၊ အဿ သိဿာ

ဒိတိ- ထွက်သက်လေကို ဖြစ်စေအံ့ဟူ၍၊ သိက္ခတိ-အားထုတ်သဖြင့် ကျင့်၏၊ ကာယ သင်္ခါရံ- ရုန့်ရင်းသော ဝင်သက်လေကို၊ပဿမ္ဘယံ-ပဿမ္ဘယန္တော-ငြိမ်းစေလျက်၊ ပဿသိဿာမိတိ-ဝင်သက်လေကို ဖြစ်စေအံ့ဟူ၍၊ သိက္ခတိ- အားထုတ်သဖြင့် ကျင့်၏။

ဤကား အာနာပါန ကမ္မဋ္ဌာန်းအတွက် ပါဠိတော်တို့၌ လာရှိသော အခြေခံမှုရင်းပေတည်း။

အာနာပါန သမထ ဘာဝနာကို ပွားများရခြင်း၏လိုရင်းမှာ ထွက်သက် ဝင်သက်လေတွင် အာရုံ စူးစိုက်ထားလျက် စိတ်ကို အခြားတပါးသို့ ထွက်မပြေးစေရန် ချည်နှောင်ဖမ်းဆီးထားခြင်း ဖြစ်လေသည်။ ယင်းသို့ လေ့ကျင့်နေရခြင်းမှာ စိတ်ကို နိုင်ရန်, ဝါ-သမာဓိကောင်းရန်, ဝါ-နီဝရဏ တရားငါးပါး မဝင်နိုင်ရန်, ဝါ–စိတ်ကို နိုင်နင်းထားနိုင်မှုကြောင့် ဝိပဿနာ ဘာဝနာ ပွားများရာတွင် လွယ်ကူစွာခရီးပေါက်နိုင်ရန် ဖြစ်လေသည်။

အာနာပါန ကမ္မဋ္ဌာန်းအတွက် ပါဠိတော်အရင်းရပ်တို့၌ ရှုတည်ပုံမှာ အထက်ဖော်ပြခဲ့သော ပါဠိတော် အတိုင်းပင် ဖြစ်လေသည်။ သို့ရာတွင် အာနာပါန သမထ ဘာဝနာမှ ဝိပဿနာဘာဝနာသို့ ကူးတက်ရာတွင် မဟာသတိပဋ္ဌာန်၌ လာရှိသော နည်းနှင့်ဥပရိပဏ္ဏာသပါဠိတော်တွင်လာရှိသော နည်းမှာ မတူကြချေ။ မဟာဝဂ္ဂ သံယုတ်ပါဠိတော် အာနာပါန သံယုတ်တွင်ကား ပိုမိုရှည်လျား ကျယ်ပြန့်စွာ လာရှိလေသည်။

မည်သို့ပင်ဖြစ်စေ သုတ္တန်နည်း အားဖြင့် တရားနာသူ, ကမ္မဋ္ဌာန်းနည်းယူသူ, ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကိုလိုက်၍ သင့်လျော်ရာကို ညွှန်ပြတော်မူခြင်းပင် ဖြစ်လေသည်။

## ဝိပဿနာသို့ မတက်လှမ်းမှီ ကြိုတင် သိရှိ ထားရန်။

ယခုခေတ်ရှိနေယျပုဂ္ဂိုလ်တို့အတွက်မှာကား အာနာပါန သမထမှ ဝိပဿနာသို့ တက်သောအခါ ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို တည်ထောင်လျက် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးတင်ကာ ဝိပဿနာ ဘာဝနာကို ပွားများနေရခြင်း၊ ထိုမှ ဝိပဿနာ ဘာဝနာ ရင့်သန်လာသောအခါ နိဗ္ဗာန်ကို (သစ္ဆိကာတဗ္ဗ)မျက်မှောက်ပြုခြင်း ကိစ္စသည် အချုပ်အခြာ ပဓာန လုပ်ငန်းကြီးဖြစ်၏။

မရောက်ဘူးသော နိုင်ငံခြားရှိ မြို့ကြီးတမြို့သို့ ခရီးသွား လိုသော်-ရှေးဦးစွာ ထိုမြို့၏မြေပုံ (Guide-ဂိုက်) လမ်းညွှန် စာရွက် စာအုပ်ကို ကြိုတင်လေ့လာကြရလေသည်။

ထိုနည်းတူစွာ ဝိပဿနာ ဘာဝနာပွားများရာတွင်လည်း သက်ဆိုင်သည်တို့ကို ကြိုတင်သိရှိထားရလေသည်။ (ကြိုတင် သိရှိရေး အတွက်, ခေတ္တရပ်ဆိုင်းအံ့)။

အထက်တွင် ဖေါ်ပြခဲ့သော ဝိပဿနာဘာဝနာ ရင့်သန် လာသောအခါ ဆိုသည်မှာ- ဝိပဿနာ ဘာဝနာကို ဓမ္မ သဘာဝကျကျ လေ့ကျင့်ပွားများဖန် များလတ်သော်....

အနိမိတ္တ ဝိမောက္ခ၊
အပ္ပဏိဟိတ ဝိမောက္ခ
သုညတ ဝိမောက္ခ တို့၏
နယ်နိမိတ် ဘောင်အတွင်းသို့ ရောက်ရှိလာခြင်းကို ဆိုလိုသည်။ (ဝိမောက္ခ=လွတ်မြောက်ခြင်း)။

ထိုဝိမောက္ခသုံးပါးတို့အတွက် အဓိပ္ပါယ် သဘောပေါက်ရန် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခန်း၌လာသည်တို့မှ အနည်းငယ် ကောက်နုတ် ဖေါ်ပြရသော်....

နိမိတ် ကင်းကြောင်း ဖြစ်သော အနိမိတ္တာနုပဿနာမည်သော အနိစ္စာနုပဿနာကိုပွားစေသော ယောဂီသည်အစဉ်၌ရင်း, အပေါင်း၌ရင်း, တခုတည်း,တလုံးတခဲတည်း၏ အဖြစ်ကိုမှတ်သော သညာဖြင့် ယူအပ်သော လုံးလုံးလျှောင်းလျှောင်းအထည်ကိုယ်ရှိသကဲ့သို့ကပ်၍ထင်ခြင်းဟူသော နိမိတ်ကိုပယ်ခွာ၏။ (စွန့်လွှတ်တော့၏။)

တောင့်တ တပ်မက် နှစ်သက်ဖွယ် မရှိဟုအသိဉာဏ် ဖြစ်ကြောင်း ဖြစ်သော အပ္ပဏိဟိတာနုပဿနာမည်သောဒုက္ခာနုပဿနာကိုပွားစေသော ယောဂီသည် သုခကိုတောင့်တသော တဏှာ ပဏိဓိကိုပယ်ခွာ၏။ (စွန့်လွှတ်တော့၏။)

သင်္ခါရတို့၏ အတ္တမှဆိတ်သည်၏အဖြစ်ကိုအဖန်တလဲလဲရှုသော သုညတာ နုပဿနာ

မည်သော အနတ္တာ နုပဿနာကို ပွားစေသော ယောဂီသည် အတ္တဟု မှတ်မှားသော နှလုံးသွင်းခြင်း "အဘိနိဝေသ" ကို ပယ်ခွာ၏။ (စွန့်လွှတ်တော့၏) ဟု လာရှိလေသည်။

ထိုမှတပါး ဝိမိုသဘောပေါက် နိုင်ရန် ယင်းအဋ္ဌကထာ ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ ပိုင်း၌ လာရှိသည်တို့မှ အနည်းငယ် ကောက်နုတ်ဖေါ်ပြပေဦးအံ့။

ဤမဂ်သည် အနိစ္စာနုပဿနာဖြင့် သင်္ခါရတို့၏ အခေါင်းကိစ္စ အာရုံအားဖြင့် တခဲနက်ကို ဝေဖန်ခြင်းကိုပြု၍ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကိုစွန့်လျက် အကြင့်ကြောင့်လာ၏။ ထို့ကြောင့် အနိမိတ္တမည်၏။ (The Signless Liberation)။

ထိုမှတပါး ဒုက္ခာ နုပဿနာဖြင့် သုခသညာကိုပယ်၍ ပဏိဓိဟု ဆိုအပ် သော တောင့်တခြင်းကို ခြောက်စေ၍ လာသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်၏။ (The Desireless Liberation)။

အနတ္တာနုပဿနာဖြင့် အတ္တ,သတ္တ,ပုဂ္ဂလ သညာကိုပယ်၍ သင်္ခါရတို့၏ အတ္တ သတ္တဝါ ပုဂ္ဂိုလ်မှ ဆိတ်သည်၏အဖြစ်ဖြင့်မြင်အပ်သည်၏ အဖြစ်ကြောင့် သုညတ မည်၏။ (The Void Liberation)။

တနည်းဆိုသော်အနိမိတ္တဝိမောက္ခဆိုသည်မှာ (စာမျက်နှာ ၃၉၇)၌ မိန်းမ, ယောကျ်ား, အကောင်အထည်, ပုံပန်း သဏ္ဌာန် နိမိတ်ကိုမယူရ။ အာရုံမပြုရ။ ဤသည်ကို နိမိတ်မှ လွတ်မြောက်ခြင်းဟု ဆိုလေသည်။

အပ္ပဏိဟိတ ဝိမောက္ခဆိုသည်မှာ မဇ္ဈိမပဏ္ဏာသပါဠိတော် နှင့်ဆိုင်ရသည့်အတိုင်း ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ တို့မှ လွတ်မြောက်ခြင်းဖြစ်၏။ (လူစည်းစိမ်,နတ်စည်းစိမ်တို့ကို တောင့်တခြင်းသည် ကာမတဏှာ ဘဝတဏှာတို့ပင် ဖြစ်လေ သည်။)

သုညတ ဝိမောက္ခဆိုသည်မှာ သန္တတ လောကဓာတ်ကြီး တရပ်လုံးတွင် ဘာတခုမျှ အနှစ်သာရမရှိ၊ ဖြစ်ပေါ်လာပြီး ကွယ်ပျောက်ရသော သုညတအနတ္တ ဓမ္မသဘာဝမျှသာ ဖြစ် ချေသည်တကား။ ငါ,ငါ့ဟာ,ငါ့ဥစ္စာ၊ သူ,သူ့ဟာ,သူ့ဥစ္စာ စသော သက္ကာယဒိဋ္ဌိအယူ,အတ္တအယူတို့မှ လွတ်မြောက်ခြင်း ဖြစ်၏။

ယင်းသို့လျှင် ယောဂီသူမြတ်သည် ထိုအနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, သုညတ ဝိမောက္ခတို့၏ သဘော သဘာဝ အနက် အဓိပ္ပါယ်တို့ကို ရှေးဦးစွာ သုတမယဉာဏ် အားဖြင့် သိရှိထားရပေမည်။

ထိုအကွက်သို့ ဆိုက်ရောက် လာသောအခါ ဥဒယဗ္ဗယ ဉာဏ်ကိုစွဲမြဲစွာ ပွားများ အားထုတ်လတ်သော် အနိမိတ္တ, သမာဓိ,အပ္ပဏိဟိတ သမာဓိ,သုညတ သမာဓိကို စိုက်ထူ မိပေ တော့၏။

တနည်းဆိုသော်- အင်္ဂုတ္တိုရ် ပါဠိတော်, ပဋ္ဌကနိပါတ်, သညာဝဂ်၌ရှင်း၊ မဟာဝဂ္ဂ သံယုတ် ပါဠိတော်, ဗောဇ္ဈင် သံယုတ်,နိရောဓဝဂ် အစ၌ရှင်း ဗုဒ္ဓမြတ်စွာဟောတော်မူသည့် အတိုင်း....

"သဗ္ဗလောကေ
အနဘိရတိ သညာ"

သခ်ၤာ လောကခေတ်ကြီးတရပ်လုံးတွင် မွေ့လျော်ဘွယ် ရာ မရှိပါတကား ဟူသည်ကိုလည်း ယောဂီဉာဏ်ဝတွင် ထင် ရှားစွာ ပေါ်လာပေတော့၏။

တနည်းသိရှိရန်မှာ ယင်းသို့ ဉဒယဗ္ဗယဉာဏ်ကို စွဲမြဲစွာ ပွားများအားထုတ်လတ်သော် ကမ္မဋ္ဌာန်းတရားကိုသတိလွတ် သွားလျှက် နိမိတ်တခုခုကို အာရုံပြုမိလျှင်....

ကြိုက်လျှင် — လောဘ
မကြိုက်လျှင် — ဒေါသ
အမှတ်တမဲ့နေလျှင် — မောဟ

ဟု ရှင်တော်ဘုရား ဟောတော်မူသော တရားသဘော သည် မိမိဉာဏ်ဝတွင် ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာပေါ် ပေါက်လာလေသည်။

တနည်းသော်- ကမ္မဋ္ဌာန်းတရားကို သတိလွတ် သွားပြီး လျှင်(ဝိယံ နိမိတ္တံ မနသိကရောတော)နိမိတ်ကို အာရုံယူလိုက် မိပါက နိဗ္ဗာန်နှင့် ဝေးသွားလေပြီဟူသော(စာမျက်နှာ-၉၂)

ဝေံ အာစိနတော ဒုက္ခံ
အာရာ နိဗ္ဗာန ဝုစ္စတိ။

ဒေသနာတော်သည် ဓိမိဥာဏ်ဝတွင် ကွက် ကွက် ကွင်း ကွင်းထင်ရှားစွာ ပေါ်ပေါက် လာပေတော့၏။ ။ဤအဆင့် အတန်းသို့ ရောက်ရှိလာခြင်းကား- သာမန်မဟုတ်တော့ပြီ။

ယင်းသို့ ဝိပဿနာဥာဏ် ရင့်သန်မှုကြောင့် ပေါ်ပေါက် လာသော ဓမ္မသဘာဝ သဘောတရားသည် "သဗ္ဗလောကေ အနဘိရတိ သညာ" ဟူသော ဒေသနာတော်၏ အနက် အဓိပ္ပါယ်တွင် အပါအဝင်တရပ် ဖြစ်လေသည်။

အချုပ်ကား—ဝိပဿနာ ဘာဝနာရင့်သန်လာသောအခါ အနိမိတ္တ သမာဓိ, အပ္ပဏိဟိတ သမာဓိ, သုညသ သမာဓိကို ရရှိရပေမည်။

ထိုအခါ စာမျက်နှာ ၂၀-၌ ဖော်ပြခဲ့သော "ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ" စသော ပါဠိတော်၌ ဆက်လက် လာရှိသော ပါဠိတော်အခြေအနေသို့ ဆိုက်ရောက်လာ၏။ ဆက်လက်လာရှိသော ပါဠိတော်မှာ-

၁။ ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ
သန္တိပဒေ ဉာဏံ။

၂။ ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခန္တိ
သန္တိပဒေ ဉာဏံ။

၃။ ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ
သန္တိပဒေ ဉာဏံ-ဟူ၏။

ဘာသာပြန်။ ၁။ ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏။ မဖြစ် ပေါ်ခြင်းသည်ဘေးကင်းသည်မည်၏။ ဤသို့ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌ ဉာဏ် သည်ဖြစ်၏။

၂။ ဖြစ်ပေါ်ခြင်းသည် ဒုက္ခမည်၏။မဖြစ်ပေါ်ခြင်းသည် သုခမည်၏။ ဤသို့ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌ ဉာဏ်သည် ဖြစ်၏။

၃။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရမည်၏။ မဖြစ်ပေါ်ခြင်း သည် နိဗ္ဗာန်မည်၏။ ဤသို့ ငြိမ်းရာဖြင့်သော နိဗ္ဗာန်၌ ဉာဏ် သည် ဖြစ်၏။

ဤတွင် တဆင့်တက်ခါ သိရှိထားအပ် ပြန်သည်မှာ- ဝိပဿနာ ဘာဝနာ ရင့်သန်လာသောအခါ ခန္ဓာ ငါးပါး ဖြစ်ပျက်မှုမှ လွတ်လို၍ ခန္ဓာငါးပါး ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ အာရုံပြု၏။

အကယ်၍ မိမိ၏သမာဓိအား ကောင်းက နိဗ္ဗာန်သို့ပြေး ဝင်၏။ အကယ်၍ လိုအပ်သလောက် အားမကောင်းသေး ပါက ခန္ဓာ ငါးပါး အဖြစ်အပျက် ဥဒယဗ္ဗယ ဉာဏ်ကိုပင် ပြန်လည် ပွားများ အားထုတ်ပြန်၏။ တဖန်နိဗ္ဗာန်သို့ အာရုံ ပြုပြန်၏။

ဤတွင် စာမျက်နှာ ၂၂-၌ ဖော်ပြခဲ့သည့် အ တိုင်း အဋ္ဌကထာ ဆရာမြတ်သည်အောက်ပါအတိုင်းဥပမာဆောင် လျက် ပြတော်မူ၏။

သမုဒ္ဒရာသို့ ကူးသော ကုန်သည်တို့သည် မိမိတို့ကမ်းနှင့် နီးသည်, မနီးသည်ကို သိလို၍ အရပ် မျက်နှာကို သိသော "ဒိသာကာကကျီး" ကို သင်္ဘောလင်းယဉ် တိုင်ဖျားမှ လွှတ် လိုက်၏။

အကယ်၍ "ဒိသာ ကာကကျီး" သည် ကမ်းကို မမြင်က ကမ်းသို့သာလျှင် ပျံသွားလေ၏။ အကယ်၍ ကမ်းကိုမမြင်အံ့။ တဖန် လင်းယဥ်တိုင်သို့ နားလာပြန်သည်။

ထိုနည်းတူစွာ အသင်္ခတခေတ် မြတ်သော နိဗ္ဗာန်ကို ငြိမ်သက်သော သန္တိအားဖြင့် အကယ်၍ မြင်အံ့။ အလုံးစုံသော သင်္ခါရ၏အဖြစ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင်ပြေးဝင်၏။

အကယ်၍ မရှုမမြင်အံ့။ ဥဒယဗ္ဗယ ဉာဏ်သို့ ပြန်၍ တဖန် ပွားများအားထုတ်ရပြန်၏။ တဖန် နိဗ္ဗာန်သို့ အာရုံ ပြုပြန်၏၊ ဤသည်တို့ကိုလည်း၊ ယောဂီသူမြတ် ကြို တင် သိရှိထားရပေမည်။

ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ရာတွင်အဘယ် အခြေအနေသို့ ဆိုက်အောင် ကြိုးစား ပွားများရမည်ဆိုသည်ကို ကြိုတင်သိရှိထားရန်မှာ-(၄၃၆-ကို ကြည့်ပါ)။

မြဲသည် ဆိုသောနိစ္စနိမိတ်ပပျောက်၍အနိမိတ္တ
သမာဓိ ရရှိအောင်-

လိုချင်သည် ဆိုသော တဏှာ ပ ပျောက် ၍
အပ္ပဏိဟိတ သမာဓိ ရရှိလာအောင်-

သတ္တဝါ,အတ္တဟူသောအယူကင်းစင်ပပျောက်
၍ သုညတ သမာဓိ ရရှိလာအောင်-

သင်္ခတ လောကခေတ်ကြီး တ ရပ် လုံး ဘာမျှ
ပျော်မွေ့စရာ မရှိပါတကားဟု- ဓမ္မ
သဘာဝကို ယောဂီသူမြတ် ဉာဏ်ဝ
တွင် ခေတ်ပုံရိုက်ကူး ထားဘိသကဲ့သို့

သဘော ပေါက် ကာ ထင် မြင် နေ
အောင်-ကြိုးစား ပွားများရလေသည်။

အကယ်၍ သောဂီ သူမြတ်သည် ဝိသုဒ္ဓိမဂ်၌ လာရှိသော ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ် စသည်တို့မှ အနုလောမ ဉာဏ်အထိ လေ့လာဖတ်ရှုထားပါက ဝိပဿနာ ပွားများနေရင်း မိမိသည် မည်သည့် အခြေ အနေသို့ ဆိုက်ရောက်နေပြီဆိုသည်ကို မိမိကိုယ်တိုင် ကောင်းစွာ သိရှိနိုင်လေသည်။ ။ဤကား-ကြိုတင်သိအပ်သည်တို့ပေတည်း။

**အာနာပါန အဆက်။**

ဤသို့ဝိပဿနာဘာဝနာပွားများရေးအတွက်ကြိုတင်သိရှိအပ်သည်တို့ကို ပေါ်ပြပြီးနောက် စာမျက်နှာ ၄၃၆-တွင် ခေတ္တရပ်ဆိုင်းခဲ့သော အာနာပါနမှ ဝိပဿနာ ဘာဝနာသို့ တက်ရန်ကို ဆက်ပေအံ့။

မဟာ သတိပဋ္ဌာန် အာနာပါ ပဗ္ဗ၌ အာနာပါန သမထ ဘာဝနာမှ ဝိပဿနာ ဘာဝနာသို့တက်ရန် ဆက်လက်ထားရှိသော ပါဠိတော် အကုန်အစင်မှာ-

ဣတိ အဇ္ဈတ္တံဝါ
ကာယေ ကာယာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ
ကာယေ ကာယာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါဝါ
ကာယေ ကာယာနုပဿီ ဝိဟရတိ။

**အနက်ကား။** ။ဣတိ-ဤသို့ အဇ္ဈတ္တံဝါ- မိမိသန္တာန်၌လည်းဖြစ်သော၊ ကာယေ- ထွက်သက်ဝင်သက် အပေါင်း၌၊

ကာယာနုပဿီ- ထွက်သက် ဝင်သက် အပေါင်းကို အဖန် တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေရ၏၊ ဗဟိဒ္ဓါဝါ- အပ သန္တာန်၌လည်း၊ ကာယေ-ထွက်သက် ဝင်သက် အပေါင်း၌၊ ကာယာနုပဿီ- ထွက်သက် ဝင်သက် အပေါင်းကို အဖန် တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ အဇ္ဈတ္တ ဗဟိဒ္ဓါဝါ- ရံခါ မိမိသန္တာန် ရံခါ အပသန္တာန်၌လည်း၊ ကာယေ-ထွက် သက် ဝင်သက် အပေါင်း၌၊ ကာယာနုပဿီ- ထွက်သက် ဝင်သက်အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ- နေ၏။

သမုဒယ ဓမ္မာနုပဿီဝါ
ကာယသ္မိံ ဝိဟရတိ၊
ဝယ ဓမ္မာ နုပဿီဝါ
ကာယသ္မိံ ဝိဟရတိ၊
သမုဒယ ဝယဓမ္မာ နုပဿီဝါ
ကာယသ္မိံ ဝိဟရတိ။

အနက်ကား။ ။ကာယသ္မိံ- ထွက်သက် ဝင်သက် အပေါင်း၌၊ သမုဒယ ဓမ္မာ နုပဿီဝါ- ဖြစ်ကြောင်းသဘော ကို အဖန်တလဲလဲ ရှုသည် ဖြစ်၍လည်း၊ ဝိဟရတိ- နေ၏၊ ကာယသ္မိံ- ထွက်သက်ဝင်သက် အပေါင်း၌၊ ဝယဓမ္မာ နုပဿီဝါ-ပျက်စီးကြောင်းသဘောကို အဖန်တလဲလဲရှုသည် ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏၊ ကာယသ္မိံ- ထွက်သက် ဝင် သက် အပေါင်း၌၊ သမုဒယ ဝယ ဓမ္မာနုပဿီဝါ- ဖြစ် ကြောင်းသဘော, ပျက်စီးကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ-နေ၏။

(ပါဠိတော်၌ ဆက်လက်လာရှိပြန်သည်မှာ)-

အတ္ထိ ကာယောတိ ဝါ

ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ

ယာဝ ဒေဝ ဉာဏမတ္တာယ

ပဋိဿတိ မတ္တာယ။

အနိဿိတောစ ဝိဟရတိ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေကာယာနုပဿီ ဝိဟရတိ။ (ဆက်လက် လာရှိသော ပါဠိတော်မှာ ဤမျှသာတည်း။)

အနက်ကား။ ။ကာယော-ထွက်သက်ဝင်သက်အပေါင်း သည်သာလျှင်၊ အတ္ထိ—ရှိ၏ဣတိ-ဤသို့၊အဿ-ထိုရဟန်း၏ သတိဝါ- အာနာပါနဿတိသည်မူလည်း၊၊ ပစ္စုပဋ္ဌိတာ- ရှေ့ရှုဆင်သည်၊ ဟောတိ-ဖြစ်၏၊သာ-ထိုအာနာပါနဿတိ သည်၊ ယာဝ ဒေဝ— အကြင်မျှလောက်၊ ဉာဏမတ္တာယ- အဆင့်ဆင့် ကာနုပဿနာ ဉာဏ်၏ ပွားများခြင်း အတိုင်း အရှည် အကျိုးငှာရင်း၊ ပဋိဿတိ မတ္တာယ- အဆင့်ဆင့် အာနာပါနဿတိ၏ ပွားများခြင်း အတိုင်းအရှည် အကျိုး ငှါရင်း၊ ဟောတိ-ဖြစ်၏။

သော ဘိက္ခု-ထိုရဟန်းသည်၊အနိဿိတောစ- ထွက်သက် ဝင်သက်ကို တဏှာ ဒိဋ္ဌိ အားဖြင့် မမှီမူ၍လည်း၊ ဝိဟရတိ- နေ၏၊ လောကေ-ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌၊ ကိဉ္စိ- တစုံတခုသော ရုပ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိဉာဏ် ကို၊ အတ္တာတိဝါ- ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့် ရင်း၊ အတ္တနိယန္တိ ဝါ- ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်ရင်း၊ နစ ဥပါဒိယတိ-မစွဲသန်း၊ဘိက္ခဝေ-အို-ရဟန်းတို့ ဧဝမ္ပိခေါ-

ဤသို့လည်း၊ ဘိက္ခု-ရဟန်းသည် ကာယေ- ရူပကာယ၌၊ ကာယာနုပဿီ- ရူပကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။

အထက်၌ ဖေါ်ပြထားသော ပါဠိတော်တို့မှာ (အာနာပါန) သမထ ဘာဝနာမှ ဝိပဿနာဘာဝနာသို့ တက်ရန် မဟာသတိပဋ္ဌာန် ဒေသနာတော်၌ လာရှိသော ပါဠိတော် အစုံအလင် ဖြစ်လေသည်။

ဤမဟာသတိ ပဋ္ဌာန် ပါဠိတော်၌ ကာယာနုပဿနာ ပွား များရန်-

အာနာပါန ပဗ္ဗ၊
ဣရိယာပထ ပဗ္ဗ၊
သမ္ပဇာန ပဗ္ဗ၊
ပဋိကူလ မနသိကာရ ပဗ္ဗ၊
ဓာတုမန သိကာရ ပဗ္ဗ၊

စသည်တို့ဖြင့် ၁၄-မျိုးသော လေ့ကျင့်ပွားများခန်းတို့ကို ညွှန်ပြတော်မူခဲ့လေသည်။

ထို ၁၄-ခန်းစလုံးပင် ပဌမပိုင်း၌ သက်ဆိုင်ရာ သမထ ဘာဝနာ ပွားများမှုသို့ ညွှန်ပြတော်မူ၍ ထို သက် ဆိုင် ရာ သမထ ဘာဝနာမှ ဝိပဿနာ ဘာဝနာ ပွားများရေးသို့တက် လှမ်းသောအခါ အထက်တွင် ဖေါ်ပြထားသော-

“ဣတိ အဇ္ဈတ္တံဝါ × × × မှ
အတ္ထိ ကာယောတိဝါ × × ×”

ပါဠိတော်အဆုံးအထိ လာရှိသောပါဠိတော်အတိုင်းပင် ထပ်ခါထပ်ခါ ညွှန်ပြတော်မူလေသည်။

ထိုဖော်ပြထားသော ပါဠိတော်ကို အကြိမ်ကြိမ်အဖန်ဖန် ဖတ်လျက် သမထမှ ဝိပဿနာ ဘာဝနာကို ပွားများရေးသို့ တက်မည်ဆိုသော် သာမန်ပုဂ္ဂိုလ်ကို မဆိုထားဘိ ပရိယတ္တိ နယ်ရှိ စာမေးပွဲအချို့ကို အောင်မြင်ထားသော ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ဝိပဿနာဘာဝနာပွားများနည်းကို တတ်ကျွမ်းသော ဆရာ့ထံတွင် နည်းမခံဘဲ သမထမှ ဝိပဿနာဘာဝနာသို့ တိကျမှန်ကန်စွာ တက်လှမ်းပွားများနိုင်ရန် အကြောင်း မဟုတ်ချေ။

သော ကီ အ ကျိုး စီး ပွား ရေး အ တွက် သော် ၎င်း၊ လောကုတ္တရာအကျိုးစီးပွားရေးအတွက်သော်၎င်း၊မည်သည့် လုပ်ငန်းမဆို ထိုလုပ်ငန်း၏သဘာဝကို သဘောပေါက်သွားပါက အလုပ်လုပ်ရသည်မှာ အလွန်လွယ်ကူလေသည်။

ဝိပဿနာ ဘာဝနာ မပွားများမီ သမထဘာဝနာကိုပွားများရခြင်းမှာ စိတ်တည်ငြိမ်မှု, သမာဓိကောင်းမှု, နီဝရဏ တရားငါးပါးတို့ မဝင်ရောက်စေခြင်းတို့အတွက် ဖြစ်လေသည်။

ဝိပဿနာ ဘာဝနာသို့ တက်လှမ်းသောအခါ နီဝရဏ တရား ငါးပါးနှင့်တကွ အဝိဇ္ဇာ နီဝရဏ တရား ၆-ပါးတို့ကို ပယ်သတ်နေခြင်းဖြစ်၏။

စာမျက်နှာ ၂၂၃-တွင် "ဘူတေ ဘူတတော သဠာနာတိ....တံကိဿ ဟေတု၊ အပ္ပရိညာတံ တဿာတိ ဝဒါမိ" ဟူသော ပါဠိဟော်ကို ဖော်ပြခဲ့လေပြီ။ (သိရှိမှု လေးနက်စေရန် ပြန်၍ ဖတ်ပါလေ)။

ထိုပါဠိတော်၏သဘောမှာသတ္တဝါဟု ထင်မှတ်နေရခြင်းမှာ အဘယ့်ကြောင့်နည်းဆိုသော်(အပ္ပဝိဉ္ဇာတံ တဿာတိ ဝဒါမိ)အိမ်ကို ခွဲခြမ်းစိတ်ဖြာ မကြည့်မှုကြောင့် အိမ်ဟု ထင်မှတ်နေရဘိသကဲ့သို့ ရုပ်တရား နာမ်တရား ဓမ္မသဘာဝတို့ကို ခွဲခြမ်းစိတ်ဖြာ မကြည့်မှုကြောင့် သတ္တဝါဟူ၍ရင်း၊ လူဟူ၍ရင်း၊ ယောကျ်ားဟူ၍ရင်း၊မိန်းမဟူ၍ရင်းထင်မှတ်နေကြခြင်းဖြစ်လေသည်။

ထို့ကြောင့် လူကို ဓမ္မသဘာဝ နည်းဖြင့် ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ လူမရှိ၊ မိန်းမ ယောကျ်ားမရှိ၊ ရုပ် ၂၈-ပါးနှင့် စိတ်စေတသိက် ၅၂-ပါးသာရှိသည်ကို ပညာမျက်စိဖြင့် ငေ့မြင်သိရှိရလေသည်။

တဖန်တုံ-သိအပ်သည့် နူးညံ့သိမ်မွေ့သော ဓမ္မသဘာဝ တရပ်သည် ရှိပေသေး၏။စာမျက်နှာ ၅၅-နှင့် ၅၆-တို့၌အရှင်အနုရာဓအားဟောတော်မူသည်ကို ပြန်လည်ဖတ်ရှုပါကရုပ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ကို သတ္တဝါဟု မသိမြင်အပ်(ဓမ္မအရသာကို တွေ့ရှိစေရန် ၅၅-နှင့် ၅၆-ကိုပြန်၍ ဖတ်ရှုတော်မူပါလေ)။

သို့ရာတွင် အပြန်အားဖြင့် သတ္တဝါသည် ရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်မဟုတ်ဟူ၍လည်း မသိမြင်အပ်၏ဟု ဗုဒ္ဓမြတ်စွာသည် ထိုပါဠိတော်၌ ဟောတော်မူသည်ကိုလည်း သိရှိထားအပ်လေသည်။

ဤ"သာမုက္ကံသိက" ဒေသနာတော်ကို သဘောပေါက်အောင် အကြိမ်ကြိမ် ဆင်ခြင်သုံးသပ်တော် မူကြပါလေ။ ။

ဆင်ခြင်သုံးသပ်ဖန် များလတ်သော် လူ, ယောကျ်ား, မိန်းမ,

သတ္တဝါဆိုသည်တို့မှာ ပရမတ္ထ ဓမ္မသဘာဝတို့၏ အရိပ်နိမိတ်မျှသာ ဖြစ်သည်ကိုယောဂီဉာဏ်ဝတွင် ထင်ရှားစွာသိမြင်လာပေလိမ့်မည်။ ဤကား အနိမိတ္တဝိမောက္ခ၏ ဝေးစွာသော အစပေတည်း။

ယောဂီသူမြတ်သည် ဤကျမ်းအစမှစ၍ ဖတ်ရှုခဲ့ရာ မှတ်သားစရာ များပြားရကား·အလုပ်လုပ်ရန်အတွက် ပဓာနသိရှိအပ်သည်ကို သတိရရှိ စိမ့်သောငှာ အတိုချုပ် ပြန်လည်ကောက်နုတ်ပေါ်ပြပေအံ့။

ပဌမအချက်ကား- ပြုပြင်အပ်သော သင်္ခါရနယ်တွင် ၈၁-ပါးသော ဓာတ်တို့သာရှိ၏။ ထိုမှတပါး ဘာမျှမရှိ၊ ထို ၈၁-ပါးသောဓာတ်တို့သည် ၃၁-ဘုံတို့တွင် ထိုက်သည့်အားလျော်စွာ အသီးသီးရောက်ရှိနေ၏။

ထို ၈၁-ပါးသော ဓာတ်တို့ကိုပင် ခန္ဓာငါးပါးဟု ခေါ်ဆိုရ၏။ထို ၈၁-ပါးသော ဓာတ်တို့သည် ပရမတ္ထ ဓမ္မသဘာဝအားဖြင့် အစဉ်ဖြစ်ပေါ် ချုပ်ပျောက် နေကြရ၏။ ယင်းသို့အတည်မနေကြရဘဲ ဖြစ်ပေါ် ချုပ်ပျောက် နေရခြင်းကြောင့်သုခ စိုးစဉ်းမျှ မပါသော ဒုက္ခအတိသာဖြစ်၏။

ထို့ကြောင့် ဤကျမ်းရှုံပြုစုသော ၈၁-ပါးသော ဓာတ်တို့သည် ဝါ-ခန္ဓာငါးပါးသည် ဒုက္ခအတိသာတည်း။

ထိုနည်းတူစွာ ဤကျမ်းကို ဖတ်ရှုနေသော ၈၁-ပါးသောဓာတ်တို့သည် ဝါ-ခန္ဓာငါးပါးသည် ဒုက္ခအတိ သာတည်း။ ထိုနည်းတူစွာ ၃၁-ဘုံ၌ ရှိကြကုန်သောခန္ဓာတပါး၊ခန္ဓာလေးပါး၊ခန္ဓာငါးပါးတို့သည် သုခဟူ၍ စိုးစဉ်းမျှမပါ၊ ဒုက္ခအတိ

သာတည်း။ ယင်းမွေသဘာဝကို ပညာမျက်စိဖြင့်မြင်အောင် ဆင်ခြင်သုံးသပ်ပါလေ။

ထို့ကြောင့် ယောဂီသူမြတ်၏ လုပ်ငန်းမှာအစဉ်ဖြစ်ပျက်နေသော ဒုက္ခကို (ဝါ-ဂဝ-ပါးသောခေတ်တို့ကို) ချုပ်ငြိမ်းစေ၍ အစဉ်ငြိမ်းချမ်းနေသော အသင်္ခတခေတ် မြတ်သောနိဗ္ဗာန်သို့ ရောက်ရှိရန် ကြိုးစားရမည်မှာ ယောဂီသူမြတ်၏ ပဓာန လုပ်ငန်းကြီးပေတည်း။

ဒုတိယအဆင့်သို့တက်သော် ဒုက္ခသည်အဘယ့်ကြောင့်ဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ စာမျက်နှာ ဂဝ-တွင် ဖေါ်ပြခဲ့သည့်အတိုင်း ဒုက္ခသည် အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်ရလေသည်။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာကို နောက်ထပ်မဖြစ်ပေါ်စေရုံမျှမက ရှိပြီးဖြစ်သောအနုသယတို့ကို အမြစ်ပါ ပယ်နုတ်ပစ်ရန် ဖြစ်၏။

တတိယအဆင့်သို့ တက်သော် အဝိဇ္ဇာနှင့် တဏှာ ပြုတ်ရန် ဝိပဿနာ ဘာဝနာကို ပွားများရ၏။ အဘယ်မျှ ပွားများရအံ့နည်း ဆိုသော် (ဘာဝိတာ ဗဟုလီကတာ) အကြိမ်ကြိမ် အဖန်ဖန် မရပ်မနား ပွားများနေရ၏။

စာမျက်နှာ ၁၀၉-၌လာသည့်အတိုင်း (အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာန ကာရီ ဟောတိ)။ စားတိုင်းစားတိုင်း, သောက်တိုင်းသောက်တိုင်း, ခဲတိုင်းခဲတိုင်း, လျက်တိုင်း လျက်တိုင်း ဝိပဿနာ ဘာဝနာအလုပ်မှ လွတ်ကင်း မနေရအောင် ပွားများနေရ၏။

ထိုမျှမကသေး၊ "ဉစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာန ကာရီ ဟောတိ"ဟု ဗုဒ္ဓမြတ်စွာ ဆက်လက် ညွှန်ပြတော်မူသဖြင့်

ကျင်ကြီး,ကျင်ငယ် စွန့်ရာ၌ပင်လျှင် ဝိပဿနာဘာဝနာအလုပ်မှ လွတ်ကင်းမနေရအောင် အကြိမ်ကြိမ်,အဖန်ဖန် မရပ်မနား ဝိပဿနာ ဘာဝနာကို ပွားများနေရပေမည်။

စာမျက်နှာ ၉၂-၌ ဖော်ပြခဲ့သည့် အတိုင်း ဝိပဿနာ ဘာဝနာ ပွားများခြင်းမှ လွတ်ကင်းသွားသည်နှင့် တပြိုင်နက် "ဝေံ အာစိနတော ဒုက္ခံ အာရာ နိဗ္ဗာန ဝုစ္စတိ" နိဗ္ဗာန်နှင့် ဝေးသွားလေပြီ ဖြစ်၏။

ဝိပဿနာဘာဝနာ ပွားများရာတွင်အဘယ်ကအဘယ်သို့ စ,ရပါအံ့နည်းဟူမူ-တမဂ်,တဖိုလ်ကို မရရှိသေးသော ပုဂ္ဂိုလ် ဖြစ်ပါမူ နာမရူပ ပရိစ္ဆေဒဉာဏ်ကစ၍ တဖန်ပစ္စယ ပရိဂ္ဂဟ ဉာဏ်သို့တက်ခါ ဆင်ခြင်သုံးသပ် ရလေသည်။ ၎င်းဉာဏ် နှစ်ပါးကို ဒိဋ္ဌိ ဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဟူ၍လည်း သိရှိအပ်၏။

ထိုသို့မြင်သည့်, ကြားသည့်,တွေ့ထိသည့်တို့၌ ပညာ မျက်စိဖြင့် ရုပ်ကိုအသေးစိတ် ခွဲခြမ်းစိတ်ဖြာ ကြည့်ခြင်း၊ စိတ်နှင့် စေတသိက်တို့ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ခြင်းဘို့ကို လေ့ကျင့် ပွားများဆင်ခြင် သုံးသပ်နေခြင်းသည် သမ္မသန ဉာဏ်နှင့် ဉဒယဗ္ဗယဉာဏ်သို့ တက်လှမ်း သောအခါ ကြီး စွာသော အထောက်အပံ့ဖြစ်စေသည်သာမက ယင်းသို့လေ့ကျင့် ပွားများ ဆင်ခြင်သုံးသပ် နေခြင်းသည် ဒါန,သီလ, သမထတို့ ထက် မြင့်မြတ်သောဘုရားတဆူ တဆူ ပွင့်တော်မူပါမှ သိရသော ကျင့်စဉ်ကို ကျင့်သုံးပွားများ နေခြင်းကြောင့် ထိုပုဂ္ဂိုလ် သည် ရှုဥသောတာပန် ဖြစ်လျက် ရှိနေလေပြီဟု ဝိသုဒ္ဓိမဂ်

အဋ္ဌကထာ၌ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိအဆုံးမှာ အောက်ပါ အတိုင်း ဖွင့်ဆိုတော်မူလေသည်။

ဣမိနာ ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ
လဒ္ဓဿာသော လဒ္ဓ ပတိဋ္ဌော
နိယတ ဂတိကော စူဠသောတာ
ပန္နော နာမဟောတိ။

(အလွတ်ရအောင် ဆောင်ထားတော်မူပါလေ)။

ယင်းသို့ ပြ ဆို ခဲ့ ပြီးသော ဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ယောဂီသူ မြတ်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ (လဒ္ဓဿာသော) သက်သာရာကို ရရှိသည်၊ (လဒ္ဓပတိဋ္ဌော) ထောက်တည်ရာ ကိုရရှိသည်၊ (နိယတဂတိကော) မြဲသော ဂတိ ရှိသည်ဖြစ်၍ စူဠသောတာပန် မည်သည်ဖြစ်၏။

ဤတွင် ဆိုလိုရင်းကား-သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ် သို့ မတက်ရောက်ရသေးစေကာမူ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ဖြင့် ရုပ်အဋ္ဌဝိသ,နာမ် တေပညာသ တို့ကို ဆင်ခြင်သုံးသပ်နေခြင်းကြောင့်(ဒိဋ္ဌိဝိသုဒ္ဓိ) အမြင်မှန်ကို ရရှိလျက် အတ္တမရှိ, အတ္တမဟုတ်, အနတ္တမွေ သဘာဝပေါ တကားဟု အနုမာနသိဒ္ဓိအားဖြင့် သိရှိမှုကြောင့် သေလျှင် အပါယ်လေးပါးသို့ မကျရောက်ဟော "စူဠသောတာပန်" ဖြစ်လျက် တည်ရှိ၏ ဟုအဋ္ဌကထာ ဆရာမြတ်သည် ဖွင့် ဆို တော် မူ ခြင်း ပင် ဖြစ်သေသည်။

ဤကား- ဝိပဿနာ ဘာဝနာသို့ အတိအကျ မရောက်သေးချေ။ ဝိပဿနာ ဘာဝနာပွားများရန် ဟန်ပြင်နေရုံမျှသာ ရှိသေး၏။ ဤမျှ ဝိပဿနာ ဘာဝနာ၏ တန်ခိုးသတ္တိသည် ကြီးမားလှပေ၏။

အကယ်၍ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ပိုင်နိုင်စွာလေ့ကျင့်ပြီးနောက်ဝိပဿနာ ဘာဝနာ၏ အစဖြစ်သော သမ္မသနဉာဏ်သို့ တက်သော် သောတာပန် မဖြစ်သေးစေကာမူ အပါယ်လေးပါး တံခါးကို သော့ချက် နှစ်ဆင့်ဖြင့် ပိတ်သည် မည်၏။

ထိုမှတဖန် ဥဒယဗ္ဗယဉာဏ်သို့ တက်သော် အပါယ်လေးပါးတံခါးကို သမုစ္ဆေဒပဟာန်ဖြင့် ပိတ်နိုင်သော သောတာပန်မဖြစ်သေးစေကာမူ အပါယ်လေးပါးတံခါးကိုသော့ချက် ပေါင်းများစွာနှင့် ပိတ်သည်မည်ပေတော့၏။

ထိုမျှမကသေး၊ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရှိသောအခါ နတ်သမီးတို့က မှန်ပြယူရသော "ဝိပဿနာနတ်သား"အကြောင်းကို "ဝိပဿနာ အခြေခံနှင့် အဖြေမှန်"ကျမ်း နိဗ္ဗိဒါဉာဏ်ခန်း၌ အကျယ်ဖော်ပြခဲ့လေပြီ။

ထိုမှတပါး အင်္ဂုတ္တိုရ်ပါဠိတော်, စတုက္ကနိပါတ်, မဟာဝဂ်အစသုတ်၌ လာရှိသည်ကို အတိုချုပ် ဖော်ပြရသော်— (ဒိဋ္ဌိယာ သုပ္ပဋိ ဝိဒ္ဓါ) ပညာဖြင့် ကောင်းစွာ ထိုးထွင်းအပ်ကုန်သည်ဖြစ်ခြင်းကြောင့် သေသည်၏ အခြားမဲ့၌တပါးပါးသော နတ်ဘုံ၌ဖြစ်၍ ထိုလေ့ကျင့်ဘူးသော တရားတို့သည် နတ်ပြည်၌ ထင်ရှား ဖြစ်ပေါ်လာ၏ ဟု ဟောတော်မူထေသည်။

ဤ၌ သိရှိရန်ကား- ယောဂီသူ မြတ် သည် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေခြင်းဖြင့် သေလွန်သော် ဝါ- ဝိမိုထင်ရှားစေရသျှင် သေခါနီးတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် တို့ဖြင့် ဝိပဿနာ ဘာဝနာကို ဆင်ခြင်ပွားများလျက် သေ သော် သောတာပန်မဖြစ်သေးစေကာမူ အထက်တွင်ဖော်ပြ အပ်သော ဒေသနာတော်အရ နတ်ပြည်သို့ ရောက်ရမည်မှာ ကေန်ဆိုသည်ကို သိအပ်လေပြီ။

ထိုသို့ နတ်ပြည်သို့ ရောက်ရှိရုံမျှမကသေး၊လူ့ပြည်က မိမိ ပြုစုပျိုးထောင်ခဲ့သော ကမ္မဋ္ဌာန်းတရားကို နတ်ပြည်တွင် လွယ်ကူစွာ အားထုတ်ရ၍ မဂ်,ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ ရောက် ရှိ နိုင် ခြင်းကို လည်း ထို ဒေ သ နာ တော် ၌ လာရှိ ထေသည်။

ထို့ကြောင့် သေခါနီး အချိန်ကာလသည် အထူးအရေး ကြီးလေသည်။ အသဒိသအလှူတော်ကြီးကိုပေးလှူထားသော မလ္လိကာ မိဖုရားကြီး ဖြစ်စေကာမူ သေခါနီးဆဲဆဲတွင်မိမိ၏ ကျေးဇူးရှင်ဖြစ်သော ဘုရင်ကြီးအား မတရား ပြု ခဲ့ မိ သော အကုသိုလ်ကို ပြုခဲ့မိလေခြင်းဟုတွေးတောနေစဉ်စုတေသဖြင့် ကောင်းရာသုဂတိသို့ မရောက်ရှာလေ။

တိဿမထေရ်သည် သေခါနီး၌ မိမိအလှူခံ၍ရအပ်ခဲ့သော သင်္ကန်းကို စွဲလမ်းလျက် ပြန်လွန်တော်မူသဖြင့် သင်္ကန်းတွင် သန်းချေးဖြစ်ရခြင်း။

တဖက်တွင်ဆိုသော်- အနှစ်ပေါင်း များစွာ ရာဇဝတ် ကောင်တို့ကို သတ်ဖြတ်နေရသော တမ္ဗဒါဠိကသည် သေခါ

နီးတွင် အရှင်သာရိပုတ္တရာ၏ သောတာပတ္တိမဂ် အတွင်းဝင်သော တရားတော်ကို နာကြားရခြင်းကြောင့် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ရောက်ရခြင်း။

စာမျက်နှာ ၃၁၁-တွင် ဖေါ်ပြခဲ့သော ကဇော်အရက်သမား သရဏာနိခင်းသားသည် သေခါနီးဆဲဆဲတွင် ဝိပဿနာဘာဝနာကို ပွားများခြင်းကြောင့် သောတာပန်ဖြစ်ကာ နတ်ပြည်သို့ လားရခြင်း။

ဤသည်တို့ကား- အနည်းငယ်သော ဥပမာမျှတည်း။ များစွာ ကျန်ရှိသေး၏။ ထို့ကြောင့် သေခါနီးဆဲဆဲ အချိန်ကာလသည် မိမိ၏လားရာဂတိကို ဆုံးဖြတ် ပို့ဆောင်မည့် အချိန်ကာလ ဖြစ်ခြ ားကြောင့် ထိုအချိန်အခါတွင် နာမရူပ ပရိစ္ဆေဒဉာဏ် အစရှိသော ဝိပဿနာ ဘာဝနာပွားများခြင်းကို ပြုနိုင်စေရန် ယခု ယနေ့က အစပြု၍ ဝိပဿနာ ဘာဝနာ ပွားများမှုကို လေ့ကျင့် ဆင်ခြင်ပွားများထားရပေမည်။

ထို့ကြောင့် ရှင်တော်ဘုရားသည် သေခါနီးမှ နောင်တမရကြရလေအောင် မဟာဝဂ္ဂသံယုတ် ပါဠိတော်,သတိပဋ္ဌာနသံယုတ် အမ္ဗပါလိဝဂ် အဆုံး၌—

အို-ချစ်သား အာနန္ဒာ.... ဤသစ်ပင်ရင်းတည်းဟူသော ကျောင်းတို့သည် ရှိကုန်၏။ ဤဆိတ်ငြိမ်ရာ အရပ်တို့သည်ရှိကုန်၏။သမထ ဘာဝနာကို ကပ်၍ ရှုလော့။ လက္ခဏာရေး သုံးပါးကို ဆင်ခြင်ပွားများ ခြင်းဖြင့် ရှုးစိုက်ကာ ရှုကြကုန်လော့။

(မာ ပမာဒတ္တ မာပဿာ ဝိပ္ပဋိ သာရိနော အဟုဝတ္ထ ။

မမေ့ မလျော့ မပေါ့ကြကုန်လင့်။ နောင် အခါ သေခါနီးကာလကျမှ နောင်တ, တဖန် နှလုံးမသာ ပူပန်ခြင်း မဖြစ်ကြ စေကုန်လင့်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော် မူခဲ့လေသည်။

ဤဒေသနာတော်ကို မဟာဝဂ္ဂသံယုတ် ပါဠိတော်၌သာ ဟောတော်မူသည်မဟုတ်သေး၊ အင်္ဂုတ္တိုရ်ပါဠိတော်, ပဉ္စက နိပါတ်, ယောခါဇိဝဂ်, စတုတ္ထသုတ် အဆုံး၌ရင်း၊ သဠာ ယတန ဝဂ္ဂသံယုတ်ပါဠိတော် အသင်္ခတသံယုတ် ပဌမဝဂ် အဆုံး၌ရင်း၊ ထိုမှတပါး ထိုထိုသော ပါဠိတော်များတွင် ရင်း ဗုဒ္ဓမြတ်စွာသည် ထိုသဘောကို အကြိမ်ကြိမ်ဟောကြား ညွှန်ပြတော်မူခဲ့လေသည်။

နာမရူပ ပရိစ္ဆေဒဉာဏ်မှ အစပြု၍ ဝိပဿနာ ဘာဝနာ ပွားများမှုသည် ထိုမျှ အကျိုးကျေးဇူး များခြင်းကြောင့် စာ မျက်နှာ ၄၄၇-၌ ဖေါ်ပြထားသော အာနာပါန သမထ ဘာဝနာမှ ဝိပဿနာ ဘာဝနာသို့ တက်ကြကုန်စို့။

ရုပ်တရား။

ထွက်သက် ဝင်သက် လေကို သမထနည်းအားဖြင့် ကြိမ် ဖန်များစွာလေ့ကျင့်ပြီးနောက် ဝိပဿနာဘာဝနာသို့တက် ရန်မှာ-

ဤထွက်သက်လေ, ဝင်သက်လေသည် ရုပ်တရားလော, နာမ်တရားလော အဘယ်ကို အကိုးအကား ပြု၍ သိအပ် သနည်း။

ထွက်သက်လေ ဝင်သက်လေသည့်ရုပ်မွေ့ဖြစ်၏။အဘယ်ကို အကိုးအကားပြု၍ သိရပါသနည်းဆိုသော်- (စာမျက်နှာ ၂၀၇)အရှင်ပဏ္ဏာသာတိကို ခေတ် ၆-ပါး ဟောတော်မူရာ၌ ထွက် သက် လေ, ဝင် သက် လေ ကို(အဿာသ ပဿာသ) ဝါယောခေတ်ဟု ဟောတော်မူပါသည်။

တဖန်(စာမျက်နှာ ၁၉၄) "ကတမဥ္စ ဘိက္ခဝေ ရူပံ" ဆိုသည်ကို အဖြေပေးတော်မူရာ၌ "စတ္တာရောစ မဟာဘူတာ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ"ဟု အဖြေပေးတော်မူသဖြင့်လည်း မဟာဘုတ် ၄-ပါးတွင် ဝါယော ခေတ်အဖြစ်ဖြင့် ဟောတော် မူခြင်းကြောင့် "အဿာသ ပဿာသ"ထွက်သက်လေ ဝင်သက်လေကို ရုပ်ဟူ၍ ထင်ရှားစွာ သိရပါသည်။

ထိုရုပ်ဖြစ်ပေါ်လာရန် အဘယ်သူသည် ပြုပြင်ဖန်တီးပေးပါသနည်း။ အကိုးအကားသည် အဘယ်နည်း။

ဝါယောခေတ် ဖြစ်ပေါ်လာခြင်းသည် (လုံးချင်း) တပါးတည်း ဖြစ်ပေါ်လာသလော။ အခြားရုပ်ခေတ်တို့နှင့် တွဲဖက်ပေါ်ထွက်လာသလော။ အကိုးအကား ဆောင်ဦးလော့။

ရုပ်မွေ့ (ဝါ-သို့မဟုတ်)ရုပ်တရားကို ဖြစ်ပေါ်လာအောင် လူသည်၎င်း,နတ်သည်၎င်း, ဗြဟ္မာသည်၎င်း,ထာဝရ ဘုရားသည်၎င်း ဖန်ဆင်းပေးသည်မဟုတ်ပါ။(စာမျက်နှာ ၁၉၇)၌ "ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ" စသည်ဖြင့်လာရှိခြင်းကြောင့် ရုပ်သည်ကံ,စိတ်,ဥတု,အာဟာရတို့ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

"အဿာသ ပဿာသ" ဝါယောဓာတ်သည် မိမိတပါး တည်း လုံးချင်းဖြစ်ပေါ်လာရသည်မဟုတ်ပါ။ အကိုးအကား ဆောင်ရသော် ပဋ္ဌာန်းပါဠိတော် ပဋိစ္စဝါရ၌....

ဧကံ မဟာဘူတံ ပဋိစ္စ
တယော မဟာဘူတာ။
တယော မဟာဘူတေ ပဋိစ္စ
ဧကံ မဟာဘူတံ။
ဒွေ မဟာဘူတေ ပဋိစ္စ
ဒွေ မဟာဘူတာ။

ဘာသာပြန်။ ။တပါးသော ပထဝီအစရှိသော မဟာဘုတ်ကိုစွဲ၍ သုံးပါးကုန်သော အာပေါ အစရှိကုန်သော မဟာဘုတ်တို့သည်ဖြစ်ကုန်၏။သုံးပါးကုန်သော ပထဝီအစရှိ သောမဟာဘုတ်တို့ကိုစွဲ၍ တပါးသော ဝါယောအစရှိသော မဟာဘုတ်သည်ဖြစ်၏။ နှစ်ပါးကုန်သော ပထဝီ, အာပေါ အစရှိသော မဟာဘုတ်တို့ကိုစွဲ၍ နှစ်ပါးကုန်သော တေဇော ဝါယော အစရှိသောမဟာဘုတ်တို့သည် ဖြစ်ကုန်၏။

ဤပါဠိတော်အရ ပထဝီဓာတ် တပါးကိုစွဲ၍ ကျန်ဓာတ် ကြီးသုံးပါးသည် ဖြစ်၏။ကျန်ဓာတ်ကြီး သုံးပါးကိုစွဲ၍ ပထဝီ ဓာတ်သည်ဖြစ်၏။ တဖန် ဓာတ်ကြီးနှစ်ပါးသည် ကျန်ဓာတ် ကြီးနှစ်ပါးကိုစွဲ၍ ဖြစ်၏ဟု ဟောတော်မူခြင်းကြောင့် ဓာတ် ကြီးတပါးပေါ်လျှင် ကျန်ဓာတ်ကြီး သုံးပါး ပါဝင်ပြီး ဖြစ် သည်မှာ ထင်ရှားလှပါသည်။

နာမ်ခန္ဓာ လေးပါးအဘွဲ့သည်း ထိုပဋ္ဌာန်း ပါဠိတော်၌ အထက်ပါသဘောအတိုင်းပင် လာရှိပါသည်။လာရှိပုံကား–

ဃော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ
တယော ခန္ဓေ ပဋိစ္စ ဃော ခန္ဓော
ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ဟူ၏။

ဘာသာပြန်။ ။တပါးသော နာမ်ခန္ဓာကိုစွဲ၍ သုံးပါးကုန်သော နာမ်ခန္ဓာတို့သည်ဖြစ်ကုန်၏။ သုံးပါးကုန်သော နာမ်ခန္ဓာတို့ကိုစွဲ၍ တပါးသော နာမ်ခန္ဓာသည်ဖြစ်၏။နှစ်ပါးကုန်သော နာမ်ခန္ဓာ တို့ကိုစွဲ၍ နှစ်ပါးကုန်သော နာမ်ခန္ဓာတို့သည် ဖြစ်ကုန်၏။

ထိုမှတပါးဝိသုဒ္ဓိမဂ်တွင် ဆံပင်ဆိုသည်မှာ ဆံပင်ဟူ၍မရှိ၊ ဓာတ်ကြီးလေးပါးနှင့် ၎င်းဓာတ်ကြီး လေးပါး ကို မှီတွယ်လျက်ရှိသော "ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ, အဆင်း, အနံ့, အရသာ,ဩဇာ ထိုရှစ်ပါးတို့ ပူးတွဲပေါင်းစုခြင်းမျှသာဖြစ်သည်ဟု ဖွင့်ဆိုတော်မူသည်ကို ဤကျမ်းစာမျက်နှာ ၂၇၃ ၌ ဖော်ပြထားပါသည်။

၎င်းရှစ်ပါးကို "အဝိနိဗ္ဘောဂ"ရုပ်ဟု ခေါ်ဆိုရပါသည်။ "အဝိနိဗ္ဘောဂ"ဆိုသည်မှာ တပါးနှင့်တပါး ခွဲ၍ မရသောသဘောပင် ဖြစ်ပါသည်။

ထိုမှတပါး တနည်းဆိုသော်.... စာမျက်နှာ ၆၀-၌ "ဒုက္ခမေဝဟိ သမ္ဘောတိ ဒုက္ခံ တိဋ္ဌတိ ဝေတိစ"စသည်ဖြင့် ဖော်ပြအပ်သော ပါဠိတော်အရ ဒုက္ခသာလျှင်ဖြစ်ပေါ်၍ ဒုက္ခသာလျှင် ချုပ်ပျောက်သည်ကို သိရှိခဲ့ရလေသည်။

စာမျက်နှာ ၅၇-တွင် ကစ္စာနအား"ဒုက္ခ မေဝ ဥပ္ပဇ္ဇာမာနံ ဥပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီတိ" စသည်ဖြင့် ဟောတော်မူကြောင်းကို ဖော်ပြခဲ့ရာ ထိုဒေသနာ တော်၌လည်း လူ

မဟုတ်,နတ်မဟုတ်,ဒုက္ခသာဖြစ်ပေါ်၍ ဒုက္ခသာချုပ်သည်ကို ဟောတော်မူခဲ့လေသည်။

ဤတွင် ဒုက္ခသာဖြစ်၍ ဒုက္ခသာဖြစ်၏ဟု ဟောတော်မူခြင်းကြောင့် စာမျက်နှာ ၈၁-အရဆိုသော် ရုပ် အဇ္ဈတ္တိသနှင့် နာမ်တေပညာသတို့သည် ဒုက္ခသာဖြစ်၏။ ဒုက္ခကိုဖြစ်ပေါ်စေသော အကြောင်းတရားကား အဝိဇ္ဇာနှင့်တဏှာ ကေန်ဟု သိအပ်လေသည်။ ။ထို့ကြောင့် ရုပ်ကို အဝိဇ္ဇာ,တဏှာ, ကံ, စိတ်,ဥတု, အာဟာရတို့ကြောင့်သာ ဖြစ်ပေါ်လာရပါသည်။ တဦးတယောက်ကမှ ဖန်ဆင်းသည် မဟုတ်ပါ။ ။ရုပ်သည် တပါးတည်း (လုံးချင်း)ဖြစ်ပေါ်လာသည်လည်း မဟုတ်ပါ။

နာမ်တရား။

အဿာသ ပဿာသ ထွက်သက်လေ, ဝင်သက် လေသည် ရုပ်ဖြစ်သည်ဟူ၍ရင်း၊ ထိုရုပ်သည် အဝိဇ္ဇာ,တဏှာ, ကံ,စိတ်, ဥတု,အာဟာရ စသည်တို့ကြောင့် ဖြစ်ပေါ်လာရ သည်ဟု သိရခြင်းသည် အဘယ်သူက သိရှိခြင်းပါနည်း။ ကျမ်းအကိုး အကားကို ဆောင်ဦးလော့။

ယင်းသို့ သိရှိခြင်းမှာ ဓမ္မသဘာဝနည်းဖြစ်သော ပရမတ္ထ နည်းဖြင့် ပြေဆိုရသော် သိသူ ယောကျ်ား, မိန်းမ, သတ္တဝါ ဟူ၍မရှိပါ။ (စာမျက်နှာ ၂၁၃)၌ ကုသလာဓမ္မာ ဆိုသော ဓမ္မသဘာဝက သိရှိခြင်းဖြစ်ပါသည်။

ကုသလာ ဓမ္မာတွင် လူဟူ၍ရင်း, သတ္တဝါဟူ၍ရင်း လုံးဝ မပါရှိပါ။ ကုသလာဓမ္မာတွင် စိတ်တလုံးနှင့် စေတသိက် အများဆုံး ရရှိနိုင်သည်မှာ ၃၈-လုံးဖြစ်ပါသည်။ထိုတွင်ထိုက် သင့်သော စေတသိက်တို့သည် စိတ်နှင့်ယှဉ်တွဲလျက် သိခြင်း

ဖြစ်ပါသည်။ ငါကာသိသည်မဟုတ်ပါ။ အတ္တကလေးက သိသည် မဟုတ်ပါ။

တနည်းဆိုသော်- စာမျက်နှာ ၂၅၈-၌ ဖော်ပြထားသည့် အတိုင်း(သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ) ပြုပြင်အပ်သော သင်္ခါရ တရားတို့က ပြုပြင်အပ်သော သင်္ခါရတရားတို့ကို ဝါ-ဒုက္ခကို ကြည့်ရှုဆင်ခြင်သုံးသပ်နေခြင်းမျှသာ ဖြစ်ပါသည်။ ပရမတ္ထဓမ္မ သဘာဝတွင် ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဟူ၍ မရရှိခြင်းကြောင့် ရုပ်တရား, နာမ်တရားကို ဆင်ခြင် သုံးသပ်သူ ဟူ၍ မရစကောင်းပါ။

ယခုကဲ့သို့ ဝိပဿနာ ဘာဝနာ၌ အကျုံးဝင်သော ရုပ် တရား နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာ ဆင်ခြင် သုံးသပ်နေ သောစိတ်တွင် အဘယ် စေတသိက်တို့ ပါဝင်ပါသနည်းဟူမူ စာမျက်နှာ ၂၆၉-တွင် ဖော်ပြထားသော စေတသိက်၃၃ လုံးတို့ ပါရှိလေသည်။ ထိုတွင် စိတ်ကို ထည့်သော် နာမ် တရား ၃၄-လုံးရရှိပါသည်။

သင်္ခတနယ်ရှိ ရုပ်ဓာတ် နာမ်ဓာတ် ၈၁-ပါးသော ဓာတ် တို့သည် တလုံးတခဲတည်း မဟုတ်ကြပါ။ အကြောင်းတိုက် ဆိုင်ပါမှ ထိုက်သင့်သော ဓာတ်တို့သည် ဖြစ်ပေါ်လာ၍ အသီးအသီး မိမိတို့ရရှိအပ်သော ဝိသေသ လက္ခဏာတို့ဖြင့် အသီးအသီး ဆောင်ရွက် သွားကြခြင်းမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် "ဋီကာကျော်"အမည်ရှိသောကျမ်းသမုစ္စည်း ပိုင်းတွင်-

အတ္တနော သဘာဝံ
ဓာရေတီတိ ဓာတု။

ဟူ၍ မိန့်ဆိုတော် မူခဲ့ပါသည်။

ဤနာမ်တရားတို့ကို အဘယ်သူသည် ပြုပြင် ဖန်ဆင်းပါသနည်းဟူမူ-ဖန်ဆင်းသူဟူ၍ မရှိပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာနှင့်တဏှာတည်းဟူသောအကြောင်းတရား တို့ကြောင့် ဒုက္ခတည်းဟူသော အကျိုးတရားဖြစ်ပေါ်လာရခြင်း မျှသာ ဖြစ်ပါသည်။

ဤကဲ့သို့ ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြားဝေဖန် ဆင်ခြင်သုံးသပ်နေခြင်းသည် အဘယ် အကျိုး အာနိသင် ရရှိပါသနည်းဆိုသော်-

ယင်းကဲ့သို့ ဆင်ခြင်သုံးသပ် နေခြင်းသည် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်သို့ တက်ရာတွင် ပဓာန အခြေခံကိုတည်ဆောက်သည်မည်ပါသည်။ ထို အခြေခံ မရှိဘဲ ဝိပဿနာဘာဝနာ ပွားများခြင်းသည် သဘာဝ မကျနိုင်ပါ။

ထို့မှမက ယင်းသို့ ရုပ်ဓမ္မ နာမ်ဓမ္မ တို့ကို ပိုင်းခြားဝေဖန်ဆင်ခြင်သုံးသပ်နေခြင်းသည် အတ္တမဟုတ်၊ အနတ္တဟု တိကျစွာသိရှိလျှင်"ဒိဋ္ဌိဝိသုဒ္ဓိ"ဓမ္မသဘာဝအမြင်အမှန်ကိုရရှိခြင်း၊ "ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ"အမြင်မှန်ကိုရရှိသဖြင့်ဘုရား၊တရား၊ သံဃာ စသည်တို့၌ သို့လော သို့လောဟု တွေးတောခြင်းမှ ကင်းစင်ခြင်းတို့ကြောင့် အပါယ်လေးပါး တံခါးကိုပိတ်စေသော စူဠသောတာပန် အခြေ၌ တည်ရှိခဲ့ပုံကို စာမျက်နှာ ၄၆၀-၌ ဖော်ပြထားခဲ့ပါပြီ။

မဟာ သတိပဋ္ဌာန်တွင် ကာယာနုပဿနာခန်း၌ ၁၄-မျိုး ညွှန်ပြတော်မူခဲ့ရာ သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ တက်ရောက်ရာတွင် ဤ အာနာပါန သမထမှ ဝိပဿနာ

ဘာဝနာသို့ တက်ရောက်သော နည်းအတိုင်း အသုံးပြုနိုင်ပါသလား။

ကာယာနုပဿနာတွင် သမထမှဝိပဿနာသို့တက်သော အခါ ယင်းပါဠိတော်တွင် အာနာပါနမှ တက်သော နည်းအတိုင်းပင်ညွှန်ပြတော်မူခြင်းကြောင့်အာနာပါနမှဝိပဿနာသို့ တက်သောနည်း အတိုင်းပင်တက်နိုင်ပါသည်(ရှင်းဦးအံ့)။

စာမျက်နှာ ၂၇၂-တွင် ဖော်ပြထားသော "သတ္တိယာဝိယ) ဩမဋ္ဌော" အစရှိသော ပါဠိတော် အရ ငါ-ငါ ဟူသော"သက္ကာယ ဒိဋ္ဌိ" နှင့် ရှေးဦးစွာ ကွာရှင်းနေရပေမည်။

ဘာသာခြားများနှင့် အသုတဝါ ပုထုဇ္ဇနတို့ အယူရှိနေသော သမ္မုတိသစ္စာနယ်ရှိ ငါ-ငါ ဟူသော အတ္တ ကို ပရမတ္ထ ဓမ္မသဘာဝ အနတ္တ သို့ ဆိုက်အောင် ပဥ္စမ မူတည်ရပေမည်။

တနည်းဆိုသော် စာမျက်နှာ ၁၇၃-၌ ဖော်ပြထားသော လူပြည့်,နတ်ပြည့် ဗြဟ္မပြည်၌ သုခဝေဒနာကို ခံစားလိုသော သမ္မုတိ သစ္စာနယ်၌ ရှိသော အတ္တ အယူဝါဒကို ပရမတ္ထ ဓမ္မ သဘာဝဖြစ်သော အနတ္တ ဓမ္မသဘာဝသို့ ဆိုက်အောင်ပဥ္စမ မူတည်ရမည်။

အချုပ်မှာ မြင်သည်, ကြားသည်, တွေ့ထိသည် စသည်တို့ကို တဏှာ ဒိဋ္ဌိ ဘက်သို့ ရောက်ရှိမသွားစေရန် ရှေးဦးစွာ မြင်သည်, ကြားသည်, တွေ့ထိသည်တို့၌ ရုပ်နာမ်တို့ကိုခွဲခြမ်း စိတ်ဖြာ ဆင်ခြင်သုံးသပ်ခြင်း၊ ထို့နောက် ၎င်းရုပ်နာမ်တို့၏ ဖြစ်ပေါ်လာမှု အကြောင်းရင်းကို ဆင်ခြင် သုံးသပ် နိုင်ခြင်းသည် ပဓာန လိုရင်းဖြစ်၏။

အထူးကား—

ဝိပဿနာဘာဝနာလုပ်ငန်းသည်သဘော ပေါက်သွားပါက အလွန်လွယ်ကူသော လုပ်ငန်းဖြစ်ပါသည်။ သဘော မပေါက်မီ ခက်သည်ဟု ထင်ရုံမျှမက သဘော မပေါက်က လမ်းလွဲသို့လည်း ရောက် ရှိ သွား တတ်ပါသည်။

ထို့ကြောင့် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ" စသည်တို့နှင့်တကွ အနတ္တ လက္ခဏ သဘာဝကိုသဘောပေါက်လျက် ဝိပဿနာ ဘာဝနာ ပွားများရာတွင် လွယ်ကူစေရန် စာမျက်နှာ ၃၇၅-(ဇေတဝန်ကျောင်းတော်က ဟူသော ခေါင်းစဉ်း) မှ ၃၉၆-အဆုံးနားအထိ ကြေညက်စွာ ဖတ်ရှုတော်မူရန် အထူးညွှန်ကြားပါ၏။

ဝိပဿနာ ဘာဝနာ ပွားများရာတွင် ရုပ်က စ,ရမည်လော။ နာမ်က စ,ရမည်လော ဆိုသော ပြဿနာမှာ ပဓာန မဟုတ်ပါ။ မြင်သောအခါ, ကြားသောအခါ, တွေ့ထိသောအခါ, စိတ်၌ဖြစ်ပေါ်လာသောအခါတို့၌ စာမျက်နှာ ၄၆၁ ၌ လာရှိသော-

အနိဿိတော စ ဝိဟရတိ
နစ ကိဉ္စိ လောကေ ဥပါဒိယတိ။

စသော ပါဠိတော်အတိုင်းပင် တဏှာ ဒိဋ္ဌိအားဖြင့် မမှီမှု၍ (ဝိဟရတိ နေ၏- ဆိုသော အမြဲ နေ၌ တည်ရှိနေရန်ဖြစ်ပါသည်။

မြင်သည်,ကြားသည် စသည်တို့၌ အတ္တဒိဋ္ဌိ ဝါ-သက္ကာယဒိဋ္ဌိ မဖြစ်ပွားစေရန် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် ဆင်ခြင်သုံးသပ်နေသောအခါ 'ဒိဋ္ဌိ''နှင့်မယှဉ်တော့ပြီ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်လျက် နေပေတော့၏။

စာမျက်နှာ ၂၆၆-၌''ဒိဋ္ဌိသုတ္တဝိတ္တာနံကောက္ကုစ္စ ပဝတ္တိနာမနတ္တိ''ဟုပြခဲ့သည့်အတိုင်း စိတ်သည် တချိန်တည်းတွင် နှစ်လုံးယှဉ်ပြိုင်၍ဖြစ်ပေါ်ခြင်း မရှိရကား ကုသိုလ်စိတ် ဖြစ်ပေါ်နေသော အချိန်တွင် တဏှာ စိတ် မဖြစ်ပေါ်နိုင်။

ထို့ကြောင့် မြင်သည်,ကြားသည် စိတ်၌ဖြစ်ပေါ်သည်တို့၌ ရုပ်တရား, နာမ်တရား အသီးသီးတို့၏ (ပစ္စတ္တ) ဝိသေသလက္ခဏာကို သုံးသပ်ဆင်ခြင်ခြင်း, ၎င်းရုပ်တရား,နာမ်တရားတို့၏ ဖြစ်ပေါ်လာမှုကို သုံးသပ်ဆင်ခြင် နေခြင်းသာလျှင် ပဓာနဖြစ်သေသည်။ ထို့ကြောင့် ရုပ်တရားက စ,ရမည်လော။ နာမ်တရားကစ, ရမည်လောဆိုသော ပြဿနာ မပေါ်လာတော့ပြီ။

အချုပ်ကား.... မြင်သမျှ, ကြားသမျှ, တွေ့ထိသမျှ, စိတ်၌ဖြစ်ပေါ်လာသမျှတို့၌ (အနိဿိတောစ ဝိဟရတိ) တဏှာဒိဋ္ဌိအားဖြင့် မမှီမှု၍နေခြင်း၊ ဝါ-ကမ္မဋ္ဌာန်း တရားကို လက်မလွှတ်ဘဲနေခြင်းသာလျှင် ပဓာနဖြစ်၏။ ကြိုက်လျှင်လောဘ၊ မကြိုက်လျှင်ဒေါသ၊ အမှတ်တမဲ့နေလျှင် မောဟ ဆိုသော

စက်ကွင်းထဲသို့ မရောက်ရှိရန် သည်သာလျှင် ပဓာနဖြစ်၏။ ဝါ-စ,ချင်ရာက စ,နိုင်၏။ (စာမျက်နှာ ၃၅၇-၌ တရားရကြခြင်း မတူကြပုံကို ဘတ်ပြုပါလေ။)

သရာဂံဝါ စိတ္တံ

သရာဂံ စိတ္တန္တိ ပဇာနာတိ။

စသည်တို့ဖြင့် မဟာသတိပဋ္ဌာန်၌လာရှိ၏။ ဤပါဠိတော်၏ ဆိုလိုရင်းမှာ တပ်ခြင်းရာဂနှင့်တကွ ဖြစ်သောစိတ် ဖြစ်ပေါ်လာပါက ထိုစိတ်ပေါ်လာခြင်းကို တခဏ၌ သိလျက် တာရှည်လက်ခံခြင်း မပြုဘဲ တဏှာဒိဋ္ဌိတို့ ရင့်သန် မလာမီ ဝိပဿနာဘာဝနာဖြင့် ဆင်ခြင် သုံးသပ်ကာ ပယ်ဖျောက်ပစ်ရလေသည်။

ဆင်ခြင်သုံးသပ်ရန်မှာစာမျက်နှာ ၂၁၉-တွင်ဖော်ပြထားသည့်အတိုင်း လောဘစိတ်သည် ဖြစ်ပေါ်လာလေပြီ။

ထိုလောဘစိတ်သည် ငါ-မဟုတ်, အတ္တ-မဟုတ်, စိတ်နှင့် စေတသိက် ၁၉-လုံးတို့သာ ဖြစ်လေသည်။စာမျက်နှာ ၁၈၆-အောက်ဆုံးမှ စ၍ ဖော်ပြထားသော စေတသိက် များတွင် စာမျက်နှာ ၂၁၉-၌ ဖော်ပြထားသော စေတသိက် ၁၉-လုံး ကိုရအောင် ရေတွက်ပါ။မရရအောင် ကြိုးစားတော်မူပါ။

ထိုမှတဖန်ငင်းစိတ်နှင့်စေတသိက်တို့သည်အဘယ့်ကြောင့် ဖြစ်ပေါ်လာနိုင်ပါသနည်းဟု အကြောင်းရင်းကို ရှာရ၏။

ထိုအခါစာမျက်နှာ ၁၄၄-တွင် ပြထားသော(အကြောင်းငါးပါး အကျိုးငါးပါး) "အတီတေ ဟေတဝေါ ပဉ္စ ဣဒါနိ ဖလ ပဉ္စကံ"ဟူသည်ကိုရင်း၊(၁၄၅-၌ ပြထားသော) ယခင်က အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန် စေတနာ ဤငါးပါးကို

ပြုသဖြင့် ယခု ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ ဤငါးပါးသော အကျိုးတရားတို့ ဖြစ်ပေါ် လာရခြင်းပါ တကား စသည်ဖြင့် ကြိုက်သလို ဆင်ခြင်နိုင်လေသည်။ သို့ရာ တွင် သဘောပေါက်ပါစေ။

အချုပ်ကား.... ဖြစ်ပေါ်လာသော လောဘစိတ်, ဒေါသ စိတ် အကုသိုလ်စိတ် စေတသိက်တို့ကို ဝိသေသ လက္ခဏာနှင့် တကွ ပိုင်းခြားဝေဖန်ခြင်း၊ ထိုနာမ်တရားတို့သည် အဘယ် ကြောင့် ဖြစ်ပေါ်လာနိုင်ရသနည်း စသည်တို့ကို ဆင်ခြင်သုံး သပ် နေရန်သည် ပဓာနလုပ်ငန်း ဖြစ်၏။

ထိုအချိန်တွင် လောဘစိတ်၊ ဒေါသစိတ် တို့သည် ကွယ် ပျောက်သွားရလေတော့၏။ အကြောင်းသော်ကား (စာမျက် နှာ ၂၆၆)တချိန်တည်းတွင် စိတ်နှစ်လုံးယှဉ်ပြိုင်၍ မဖြစ်ပေါ် နိုင်သောကြောင့် ဖြစ်လေသည်။

သိရှိစရာကား- လောဘ,ဒေါသ စသော စိတ်, စေတသိက် တို့ ပေါ်ပေါက်လာသောအခါ မိမိနေ့စဉ် နေ့တိုင်း ပွားများ အပ်သော ဘာဝနာ သမာဓိ အားကောင်း သလောက်သာ သို့အကုသိုလ်စိတ်,စေတသိက်တို့ကို နိုင်နင်း နိုင်လေသည်။

ဖြစ်ပေါ်လာသော အကုသိုလ်စိတ် စေတသိက်တို့ကို မိမိ ၏ ဘာဝနာသမာဓိက မနိုင်ဘဲ အရှုံးပေးရသည် ဆိုပါလျှင် သေခါနီးတွင်လည်း ဤကဲ့သို့ပင် အရှုံးပေးရပေမည်။

ထိုသို့ဖြစ်ပေါ်လာသော အကုသိုလ်စိတ်,အကုသိုလ် စေ တသိက်တို့ကို အနိုင်မခံ အရှုံးမပေးရစေရန် (စာမျက်နှာ— ၄၇၂-၃)ဗုဒ္ဓမြတ်စွာသည် "မာပမာဒတ္ထ မာပစ္ဆာ ဝိပ္ပဋိသာ ရိနော" စသည်ဖြင့် ညွှန်ပြတော်မူခဲ့လေသည်။

ထို့ကြောင့် သေခါနီး စိတ်ချရစေရန် ဝိပဿနာဘာဝနာ သမာဓိ အားကောင်းလျက် ရှိစေရန် ယခုယနေ့က အစပြု၍ အချိန်ရှိသမျှ မီးကုန်ယမ်းကုန် ကြိုးစားထားရပေမည်။

အထူး သိမှတ်စရာကား....

ယင်းသို့ မြင်သည်, ကြားသည်, တွေ့ထိသည်, စိတ်၌ ဖြစ်ပေါ်လာသည်တို့ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ဖြင့် ဆင်ခြင်သုံးသပ် လိုက်ခြင်း ပည် တဏှာ,မာန, ဒိဋ္ဌိ စသည်တို့ကပ်နှစ် သွားခြင်းကြောင့် ' ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေ သုတမတ္တံ ဘဝိဿတိ'' စသည်တို့ ဖြစ်၍ နေခြင်းပေတည်းဟု အထူးသိရှိအပ်လေသည်။

## ဝိပဿနာ ဘာဝနာ။

အထက်တွင် အသင်္ခတ သင်္ခတခန်းဟူ၍၎င်း၊ ဒုက္ခခန်း ဟူ၍၎င်း၊ တဏှာခန်း ဟူ၍၎င်း စသည်တို့ဖြင့် အခန်း ၉-ခန်း ကို စာမျက်နှာ ၄၀၀-ကျော်မျှ ဖွင့်လှစ်ရေးသား ခဲ့ရခြင်း၏ အကြောင်းရင်းမှာ ဝိပဿနာဘာဝနာ ပွားများရာတွင်လွယ် ကူစွာ သဘောပေါက်လျက် သိရှိနားလည် နိုင်စေရန် ကြိုတင် ဖြေရှင်း လမ်းခင်းပေးခဲ့ရခြင်းပင် ဖြစ်လေသည်။

ဝိပဿနာဘာဝနာ ပွားများရာတွင် လိုရင်းကို သဘော ပေါက်သွားပါက လေ့ကျင့်ပွားများရန် အလွန် လွယ်ကူ လေသည်။

ဥပမာဆိုသော်-တတ်ကျွမ်းသော ပန်းချီဆရာသည် ဆေး စက်ကျရာတွင် အရုပ်ဖြစ်နိုင်ဘိ သကဲ့သို့ ထို့အတူ ဝိပဿနာ

ဘာဝနာလုပ်ငန်းကို သဘောပေါက် သွားပါက မြင်သမျှ, ကြားသမျှ, တွေ့ထိသမျှ, စိတ်ကူးပေါက်သမျှတို့၌ လွယ်ကူစွာ ဝိပဿနာဘာဝနာ ပွားများနိုင်ပေတော့၏။

တနည်းဆိုသော် စာမျက်နှာ ၇၅-၌ ဖေါ်ပြခဲ့သော "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ" ဆိုသည် တို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပေတော့၏။

ထိုကြောင့်လည်း စာမျက်နှာ ၂၁၀-၌ ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းတွင် အသိတရား ၉၀-ရာခိုင်နှုန်းပါရှိ၍ အလုပ်စခန်းမှာ ၁၀-ရာခိုင်နှုန်းသာ ပါရှိလေသည်ဟူ၍၎င်း၊ ရွှေဥမင်ဆရာတော်ကြီးက ဝိပဿနာဘာဝနာ ပွားများရေး လုပ်ငန်းမှာ 'အကျင့်မခက် အသိခက်၏' ဟု မိန့်ဆိုတော်မူခဲ့ခြင်း ကို ဖေါ်ပြခဲ့ခြင်း ဖြစ်လေသည်။

ရှေ့တွင် ရေးသားဖေါ်ပြခဲ့သည်တို့မှာ အလွန် များပြားသည်ဖြစ်ရကား မည်သည့်အချက်သည် မည်သို့ အရေးကြီး သည်တို့ကို တိကျစွာ ပြန်သည်သတိမရနိုင် ဖြစ်ခြင်းကြောင့် ဝိပဿနာ ပွားများရာတွင် ဓမ္မိကမူရင်းကို သတိရမိစေရန် အောက်တွင် ဖေါ်ပြထားသော အခန်း ၉-ခန်း၏ ထိပ်ဆုံး စာတမျက်နှာကျစီကို မကြာခဏ ဖတ်ရှုတော်မူရန် အထူး သွန်ကြားပါ၏။


၁။ အသင်္ခတ သင်္ခတ .... ၁၉

၂။ ဒုက္ခ .... ၄၁

၃။ တဏှာ .... ၇၉

၄။ အဝိဇ္ဇာ ....၁၂၂

၅။ ဒိဋ္ဌိ ဝိသုဒ္ဓိ ....၁၇၃

၆။ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ....၂၂၇
၇။ ပဋ္ဌာန်း ....၂၀၃
၈။ ပကိဏ္ဏက ....၃၂၁
၉။ ဘာဝနာ ....၄၃၇

အကယ်၍ ဤ ကျမ်း အစမှ စ၍ ကြေပြွန်စွာ ကြေညက်စွာ ဖတ်ရှုဆင်ခြင် လေ့ကျင့်လာပါလျှင် ဤတွင် ဤအချိန်မှာ ဝိပဿနာ ဘာဝနာပွားများရေး အတွက် အခက် အခဲ ဟူ၍ အနည်းငယ်မျှ မရှိနိုင်တော့ပြီ။

အချုပ်ကား- (ရုပ်အထဝိသ နာမ်တေပညာသ) ရုပ်နာမ် နှစ်ပါး ဝါ-ခန္ဓာငါးပါးတို့၏ အဖြစ်အပျက် ကို ရှုလျက် ရံခါ ရံခါ နိဗ္ဗာန်ကို အာရုံပြုမှု သာအလုပ်လုပ်ရန်ကျန်ရှိပေတော့၏။

ထိုကြောင့်အလုပ်လုပ်ရန်ကျန်ရှိသော၁၀-ရာ-ခိုင်နှုန်းသည် လွယ်၏။ သာ၍လွယ်၏။ အလွယ်ဆုံးဖြစ်လာစေရန်အထက် ၌ရေးသားခဲ့သော အခန်း ၉-ခန်းကို အခန်းတိုင်း အခန်း တိုင်း၌ ကြေညက်စွာ သဘောပေါက်ရှိ ထားနိုင်ရန် ထပ်ခါ ထပ်ခါ ဖတ်ရှုလေ့လာ ဆင်ခြင်တော်မူလျက် အချို့အချို့ သော ပါဠိတော်များကို အာဂုံ ဆောင် ထား တော် မူကြရန် မွန်မြတ်သော စေတနာဖြင့် လေးနက်စွာ တိုက်တွန်းခြင်း ပြုခဲ့ပါ၏။

## သမ္မသန ဉာဏ်။

ဝိပဿနာ ဘာဝနာ ပွားများရာတွင် ရှေးဦးစွာသမ္မသန ဉာဏ်ဖြင့် ပွားများရန် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌သော်၎င်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိခန်း၌ သော်၎င်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

အဋ္ဌကထာ မှတည်ပုံမှာ- အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဟောကြားညွှန်ပြတော်မူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို မှတည်ခြင်း ဖြစ်၏။

ပဋိသမ္ဘိဒါမဂ် မှတည်ပုံမှာ ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီတို့အား ဟောတော်မူသော စာမျက်နှာ ၃၇၆-၌ဖေါ်ပြခဲ့သော အနတ္တလက္ခဏသုတ်လျှင် အစရှိသော ထိုသိုသော သာမုက္ကံသိက ဒေသနာတော်ဖြစ်သည်။ "ယံကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" အစရှိသော ဒေသနာတော်ကို မှတည်လျက် ရုပ်လုံးပေါ်သာအောင် ထွင်းထုနည်းကိုညွှန်ပြတော်မူခြင်းဖြစ်သေသည်။

တနည်းသော်-စာမျက်နှာ ၂၂၉ ၌ ဖေါ်ပြအပ်သော-

သဗ္ဗံ ဘိက္ခဝေ အနိစ္စံ
။ ။ ဒုက္ခံ
။ ။ အနတ္တာ

ဟူသော ပါဠိတော်အရင်း၊ စာမျက်နှာ ၆၇-နှင့် ၂၂၉ တို့တွင် ဖေါ်ပြအပ်သော-

သဗ္ဗေ သင်္ခါရာ အနိစ္စာ
။ ။ ဒုက္ခာ
။ ဓမ္မာ အနတ္တာ

ဟူသော ပါဠိတော် အရင်း၊ ပြုပြင် စီမံအပ်သောသင်္ခတနယ်ရှိ ၃၁-ဘုံ အလုံးစုံ၌ရှိကုန်သော ရုပ်တရား, နာမ်တရား ၇၁-ပါးသော ခါတ်ဟူသမျှ တို့ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်း,အပြင်,အကြမ်း,အနု စ သည့် တူ ရာ တို့ ကို စုပေါင်းလျက် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါး

တင်ကာ ဆင်ခြင်သုံးသပ် ပွားများရခြင်းကို ညွှန်ပြတော်မူခြင်းဖြစ်လေသည်။

ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခန်း၌ ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဉာဏကထာ သမ္မသန ဉာဏ်ခန်း၌ လာရှိသော ပါဠိတော်မှာ-

ယံကိဉ္စိ ရူပံ အတီတာ
နာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ
ဩဠာရိကံဝါ သုခုမံဝါ

ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝ ဝဝတ္ထေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထေတိ ဧကံ သမ္မသနံ။ (စာမျက်နှာ ၃၈၆-၌ လာရှိသော အနတ္တသုတ်နှင့် "သဗ္ဗံ ရူပံ" အထိ အတူတူပင်)။

ဘာသာပြန်။ ။အတိတ်, အနာဂတ်, ပစ္စုပ္ပန် မူလည်းဖြစ်သော၊ အဇ္ဈတ္တ သန္တာန်၌ မူလည်းဖြစ်သော၊ ဗဟိဒ္ဓသန္တာန်၌ မူလည်းဖြစ်သော၊ ကြမ်းထမ်းသည်မူ လည်းဖြစ်သော၊ သိမ်မွေ့သည် မူလည်းဖြစ်သော၊ ယုတ်သည် မူလည်းဖြစ်သော၊ မြတ်သည်မူလည်းဖြစ်သော၊ အဝေး၌ မူလည်းဖြစ်သော၊ အနီး၌ မူလည်းဖြစ်သော ရုပ်အားလုံးကို အနိစ္စ ဟူ၍ ပိုင်း ခြား မှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင် ခြင်း "သမ္မသနဉာဏ်"မည်၏။

ဒုက္ခဟူ၍ ပိုင်းခြားမှတ်သားခြင်းသည် တခုသောသုံးသပ်ဆင်ခြင်ခြင်း "သမ္မသနဉာဏ်"မည်၏။

အနတ္တဟူ၍ ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း "သမ္မသနဉာဏ်" မည်၏။

ဤအတိုင်းပင် ကျန်နာမ်ခန္ဓာ လေးပါးတို့ကိုလည်း ပိုင်းခြားမှတ်သား သုံးသပ် ဆင်ခြင် ခြင်းသည်လည်း "သမ္မသန ဉာဏ်" မည်၏-ဟု လာရှိလေသည်။

သဗ္ဗံ ဘိက္ခဝေ အနိစ္စံ အစရှိသော ပါဠိတော် အရင်း၊ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" အစရှိသော ပါဠိတော်အရင်း၊ အထက်၌ ဖော်ပြခဲ့သောပဋိသမ္ဘိဒါမဂ် ပါဠိတော်အရင်း-

> ရှိရှိသမျှ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ရှိကုန်သော ရုပ် ဟူသရွေ့တို့သည် အနိစ္စသာ ဖြစ်ကြကုန်၏။ ဒုက္ခ အတိမျှသာ ဖြစ်ကြကုန်၏။ အနတ္တ ဓမ္မ သဘာဝ သာလျှင် ဖြစ်ကြကုန်၏ဟု ပရမတ္ထ ဓမ္မ သဘာဝသို့ ဆိုက်ရောက်အောင် ပညာမျက်စိဖြင့် ဆင်ခြင်သုံးသပ်ရမည်။

ဤတွင်နှေးခြင်း,မြန်ခြင်းသည်လိုရင်းမဟုတ်။ ဓမ္မသဘာဝ ပရမတ္ထသို့ ပညာမျက်စိဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဟု မြင်အောင် ကြည့်ရှုပွားများ နေခြင်းသာလျှင် ပဓာန လိုရင်း အချက်ကြီး ဖြစ်လေသည်။

ပါဠိတော်၌ ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် အားလုံးတို့ကို တသီးတခြားစီ ရုပ်ကို ဆင်ခြင် သုံးသပ် ဘိသကဲ့သို့ ဆင်ခြင် သုံးသပ်ရန် လာရှိလေသည်။

ပါဠိတော်၌ သမ္မသန ဉာဏ်အတွက်ပင် တဆင့် တက်၍ သာပြန်သည်မှာ....

ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ
အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန....

ဟူ၍လည်း ဆင်ခြင်သုံးသပ်ရမည်ဟု လာရှိလေသည်။

အဓိပ္ပါယ်သော်ကား.... အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သောရုပ်ကို ကုန်တတ်သော သဘောအားဖြင့် အနိစ္စ မည်၏ဟူ၍၎င်း၊ နှိပ်စက်တတ်သော သဘောအားဖြင့် ဒုက္ခ မည်၏ဟူ၍၎င်း၊ အနှစ်သာရမရှိသော သဘောအားဖြင့် အနတ္တ မည်၏ဟူ၍၎င်း ဆင်ခြင်သုံးသပ် ပွားများရမည်ဟူ၍ လာရှိလေသည်။

ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် အားလုံးတို့ကို တသီးတခြားရုပ်ကို ဆင်ခြင်သုံးသပ် ဘိသကဲ့သို့ သုံးသပ်ရန် လာရှိလေသည်။

ထိုပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ပင် သမ္မသနဉာဏ်အတွက် ဆက်လက် ဆင်ခြင်သုံးသပ်ရန် လာရှိပြန်သည်မှာ....

ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ
အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ
နိရောဓ ဓမ္မန္တိ သံခိပိတွာ
ဝ ဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

(စာမျက်နှာ ၃၄၂-တွင် အရှင်အာနန္ဒာအား ဗုဒ္ဓမြတ်စွာ ဟောတော်မူသည့် အတိုင်းပင်)။

**ဘာသာပြန်။** ။အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို အနိစ္စဟူ၍၎င်း၊ ပြုပြင်အပ်၏ဟူ၍၎င်း၊ အကြောင်းကို စွဲ၍ ဖြစ်၏ဟူ၍၎င်း၊ ကုန်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ကင်းခြင်းသဘော၊ ချုပ်ငြိမ်းခြင်းသဘောရှိ၏ ဟူ၍၎င်း၊ အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

ပါဠိတော်၌ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် အတွက်လည်း အထက်ပါအတိုင်းပင် လာ ရှိလေသည်။

ဤပါဠိတော်၌ သဘောပေါက်၍ အလုပ် လုပ်ရမည်မှာ အတိတ်,အနာဂတ် ပစ္စုပ္ပန်၌ဖြစ်သော ရုပ်တရား နာမ်တရား ခန္ဓာငါးပါး ဟူသရွေ့တို့၌....

အနိစ္စ ဒုက္ခ အနတ္တ-ဟူ၍၎င်း၊

အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန-ဟူ၍၎င်း၊
အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ
နိရောဓ ဓမ္မန္တိ ဟူ၍၎င်း၊

ဆင်ခြင်ပွားများ သုံးသပ်နေရမည်။ ယင်းသို့ဆင်ခြင် သုံးသပ်နေခြင်းသည် သမ္မသနဉာဏ်ပင် ဖြစ်လေသည်။

တိုက်တွန်းပါ၏။အထက်၌ဖော်ပြအပ်သော ပါဠိတော်မှာမများပါ။သို့အတွက် ပါဠိတော်၏အနက်အဓိပ္ပါယ်ကိုသဘောပေါက်အောင် လေ့လာလျက် ပါဠိတော်ဖြင့် ဆင်ခြင်သုံးသပ်

ပွားများတော်မူပါလော။ မြွေအရသာတို့ရာနိုင်
နှုန်းအပြည့် ခံစားရလတံ့။ ရင့်သန်သော
(ပုညသမ္ဘာရ) ပါရမီကို ရရှိလတံ့။

ထိုမှတဖန် ပါဠိတော်၌ သမ္ဘာသနဥာဏ် ဆင်ခြင် သုံးသပ်နည်းကို ဆက်လက်ဖော်ပြပြန်သည်မှာ....

ဇာတိ ပစ္စယာ ဇရာ မရဏံ
အသတိ ဇာတိယာ နတ္ထိ ဇရာ မရဏန္တိ။

ဘာသာပြန်။ ။ဇာတိကြောင့် ဇရာ မရဏသည် ဖြစ်၏။ ဇာတိ မရှိသော် ဇရာမရဏသည် မရှိ။ (ဤသို့ ဆင်ခြင်ခြင်းသည်လည်း သမ္ဘာသနဥာဏ် ပင်တည်း။)

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
အသတိ အဝိဇ္ဇာယ နတ္ထိ သင်္ခါရာတိ။

ဘာသာပြန်။ ။အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ အဝိဇ္ဇာမရှိသော် သင်္ခါရတို့သည် မရှိကုန်။ (ဤသို့ ဆင်ခြင်ခြင်းသည်လည်း သမ္ဘာသနဥာဏ်ပင်တည်း။

ပဋိသမ္ဘိဒါမဂ်ပါဠိသော်တွင် သမ္ဘာသနဥာဏ်ခန်းအတွက်များစွာ လာရှိသည်တို့အနက် ဤကျမ်းငယ်နှင့် သင့်လျော်သည်မျှသာ ကောက်နုတ်ဖော်ပြ လို[illegible]ရခြင်း ဖြစ်လေသည်။

စာမျက်နှာ ၄၇၅-၌ ဖော်ပြထားသော အခန်း ၉-ခန်းကို ကြည့်ရှုစွာ ဖတ်ရှုလေ့ကျင့်လာခဲ့ပါမူ ဤသမ္ဘာသနဘာဝနာပွားများရာ၌ ခဲရာခဲဆစ် မရှိနိုင်တော့ပြီ။

ထိုနည်းတူစွာ ဤသမ္ဘာသနဥာဏ်ခန်း၌လာရှိသည့်အတိုင်း လေ့ကျင့်ပွားများပါက အထက်တွင် ဖော်ပြခဲ့သော အလုပ်ခန်းအတွက် ကျန်ရှိသော ၁၀-ရာခိုင်နှုန်းတွင် သုံးပုံနှစ်ပုံကိစ္စ

ပြီးစီးသွားလေတော့၏။ တနည်းဆိုသော် ဝိပဿနာဘာဝနာ ပွားများရေးတွင် ၉၆-ရာခိုင်နှုန်းအထိ ပြီးစီးခဲ့နပြီဟု ဆိုလိုသည်။

ယင်းသို့ အထက်တွင် ဖော်ပြခဲ့သော နည်းတို့ဖြင့် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေသော ပုဂ္ဂိုလ်သည် သာမန်အနေစား စူဠသောတာပန်မဟုတ်တော့ပြီ။ ရင့်ကျက်နေသော စူဠသောတာပန်ဖြစ်လျက် တည်ရှိပေတော့၏ ပါရမီအလျောက် သောတာပန်ဖြစ်ရန် လွန်စွာ နီးကပ်လျက် ရှိပေတော့၏။

သာသနာပြုခြင်း။

ဤသမ္ဗုဒ္ဓဘာသာဂျာနယ် ဘာဝနာ ပွားများနည်းကို ဖတ်ရှုပြီးရုံမျှတွင် ရပ်တန့်မနေဘဲ ဟောကြားညွှန်ပြတော်မူသည့်အတိုင်း ဝိပဿနာ ဘာဝနာသို့ ထပ်ခါထပ်ခါ ပွားများတော်မူပါလေ။ မိမိရရှိသေးသော ကုသိုလ်ကိုရရှိနေသည့်ပြင် စာမျက်နှာ ၄၀၅-၌ လာရှိသည့်အတိုင်း သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်စွာ တည်တံ့အောင် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဝါ-သာသနာပြုနေခြင်းလည်း မည်ပါသည်။ ထိုမှတပါး ဗုဒ္ဓမြတ်စွာအား အကောင်းဆုံးပူဇော်ခြင်းဖြင့် ပူဇော်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် အထူးကြိုးစား အားထုတ်တော်မူကြပါလေ။

## ဥဒယဗ္ဗယ ဉာဏ်။

ရှေ့၌ သမ္ဗုဒ္ဓဂျာနယ်အတွက် ရေးသားခဲ့ပြီးဖြစ်ရာ ယခုသော်ကား ဤကျမ်းငယ်တွင် ဝိပဿနာ ဘာဝနာလုပ်ငန်း

အတွက် နောက်ဆုံး အစိတ်အပိုင်းဖြစ်သော ဥဒယဗ္ဗယဉာဏ်ခန်းကို ရေးသားရန်ဖြစ်၏။

ထိုဉာဏ်ခန်းအတွက် ယောဂီ သူမြတ် သိအပ်သည် ဖြစ်သော၊ သိရမည် ဖြစ်သော အချက်ကြီး တရပ်ကို ရှေးဦးစွာ ဖေါ်ပြပေအံ့။

ဝိပဿနာလုပ်ငန်းတွင် အနိမိတ္တ ဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ သုညတ ဝိမောက္ခ၊ တနည်းဆိုသော်-

အနိမိတ္တ သမာဓိ
အပ္ပဏိဟိတ သမာဓိ
သုညတ သမာဓိ

တို့သို့ ရောက်ရှိရမည် ဆိုသည်ကို ကြိုတင် သိရှိထားရပေမည်။

ထိုသုံးပါးကဲ့သို့ပင် စာမျက်နှာ ၄၁၂-၄၃၆-နှင့် ၄၅၅-တို့၌ ဖေါ်ပြခဲ့သော-

သဗ္ဗလောကေ
အနဘိရတိ သညာ

သခ်တ လောကဓာတ်ကြီး တရပ်လုံးတွင် မွေ့လျော်ဘွယ်ရာ ဘာမျှ မရှိပါတကားဟု သိမြင်ပါမှ နိဗ္ဗာန်ကို အလိုရှိနိုင်ပေမည် ဆိုသည်ကို ကြိုတင် သိရှိထားရပေမည်။

အထက်ဖေါ်ပြခဲ့ပြီးသော အခန်းများတွင် လိုချင်တောင့်တမှုတဏှာဖြစ်လျှင်ခန္ဓာ ငါးပါးဖြစ်ခြင်းကြောင့် အပ္ပဏိဟိတ ဝိမောက္ခသို့ ရောက်ရှိလေအောင် ရည်သန်လျက် တဏှာကို သတ်ရန် များစွာ ရေးသား ဖေါ်ပြခဲ့ပြီးလေပြီ။

ထိုနည်းတူစွာ အနိမိတ္တ ဝိမောက္ခသို့ ရောက်ရှိစေရန် ရည်သန်လျက် မြင်သည်၊ ကြားသည် စသည်တို့၌ နိမိတ်ကိုမယူရန် အထူး ရေးသား ဖော်ပြခဲ့ပြီးလေပြီ။

ယခုသော်- ကျန်ရှိသေးသော သုညတ ဝိမောက္ခ အတွက် အနည်းငယ် ရေးသား ဖော်ပြပေအံ့။

စာမျက်နှာ ၃၈၆ တွင် ဖော်ပြခဲ့သော အနတ္တသုတ် ပါဠိတော်နှင့် စာမျက်နှာ ၄၈၇-၄၈၈-၌ လာရှိသော ပါဠိတော်မှာ ပဌမပိုင်းတွင် တူညီလျက် ဒုတိယပိုင်းတွင် အနည်းငယ် ကွာခြားလျက် ဟောတော်မူလေသည်။

စင်စစ်သော်ကား- လိုအပ်သော အဖြေမှာ အတူတူပင် ဖြစ်လေသည်။ အနတ္တသုတ် ဒေသနာတော်၌ ဗုဒ္ဓမြတ်စွာ ဦးစားပေးလျက် ဟောတော်မူခြင်းကား-

အထူး ရွတ်ဆို
ပွားများတော်မူကြရန်၊

သဗ္ဗံ ရူပံ နေတံမမ နေသောဟ မသ္မိ
န မေသော အတ္တာတိ ဧဝ မေတံ
ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဟူ၍ ဟောတော်မူသဖြင့် သုညတ ဝိမောက္ခ သုညတ သမာဓိကို ထင်ရှားစေရန် ဦးစား ပေး၍ ဟောတော်မူခြင်း ဖြစ်လေသည်။

ဤသဘာဝကို ဖော်ထုတ်ပြခြင်းမှာ စာမျက်နှာ ၃၈၅-၌ “ဇေတဝန်ကျောင်းတော်က သစ်ခက် သစ်ရွက် မြက်ခြောက် တို့ကို မီးလောင်သော်”ဟူသော ခေါင်းစဉ်ဖြင့် လာရှိသော

ဒေသနာတော်နှင့် ပေါင်းစပ်လျက် ခန္ဓာ ငါးပါး ဟူသည့် ပိုင်ဆိုင်သူမရှိ။ အနတ္တ သုညတ ဓမ္မ သဘာဝမျှသာ ဖြစ်ခြင်းကို ထင်ရှားစွာ သိရှိစေရန် ဖော်ထုတ်ရခြင်း ဖြစ်၏။

စာမျက်နှာ ၂၄၁ -၌"သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော အတ္တာနု ဒိဋ္ဌိံ ဉဟစ္စ" စသည့် ဒေသနာတော်ကိုလည်း အနက်နှင့် တကွ ဖော်ပြခဲ့လေပြီ။

အရှင်အာနန္ဒာက ဗုဒ္ဓမြတ်စွာအား (စာမျက်နှာ ၂၄၂-)၌-

သုညော လောကော
သုညော လောကောတိ

ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ သုညော လောကောတိ ဝုစ္စတီတိ-ဟူ၍ လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက-

ယသ္မာစ ခေါ အာနန္ဒ သုညံ အတ္တေနဝါ
အတ္တနိယေနဝါ တသ္မာ သုညော
လောကောတိ ဝုစ္စတိ၊ စသည်တို့ဖြင့်ရှည်လျား

စွာ ဖြေဆိုတော်မူပုံတို့ကို ဖော်ပြခဲ့လေပြီ။

ထိုနောက် စာမျက်နှာ ၂၄၄-၌-

ရူပံ ဘိက္ခဝေ အနိစ္စံ
ယဒ နိစ္စံ တံ ဒုက္ခံ

ယံ ဒုက္ခံ တဒ နတ္တာ၊ ယဒ နတ္တာ တံ၊ နေတံ မမ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ဟု ဟောတော်မူခြင်းကိုဘာသာပြန်နှင့်တကွ ဖော်ပြခဲ့လေပြီ။

စာမျက်နှာ ၃၉၀-၌—

ရူပံ န သတ္တော နဇီဝေါ
န နရော န မာဏဝေါ

န ဣတ္ထိ၊ န ပုရိသော၊ န အတ္တာ န အတ္တနိယံ၊ နာဟံ၊ န မမ၊ န ကောစိ၊ နကဿစိ-ဟု ဟောတော်မူသည်ကို ဘာသာပြန်နှင့်တကွ ဖေါ်ပြခဲ့လေပြီ။

ထိုစာမျက်နှာ၌ပင်လျှင်-

ပုတ္တ မတ္ထိ ဓန မတ္ထိ
ဣတိ ဗာလော ဝိဟညတိ

စသည်တို့ကို ဘာသာပြန်နှင့်တကွ ဖေါ်ပြခဲ့လေပြီ။ (ထို ပါဠိတော်တို့ကို အစဉ်ရှုတ်ဆိုဆင်ခြင် သုံးသပ်တော်မူကြရန် အထူးတိုက်တွန်းပါ၏)။

န-တုမှာကံ တံ ပဇဟထ။

သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် သဠာယတနသံယုတ် သဠဝဂ် ပဌမ နတုမှာက သုတ်၌-

စက္ခုံ ဘိက္ခဝေ န- တုမှာကံ တံ ပဇဟထ။
ရူပါ ။ ။ ။ တေ ။ ။
စက္ခုဝိညာဏံ ။ ။ တံ ။

**အနက်ကား။** ။ဘိက္ခဝေ-ရဟန်းတို့၊ စက္ခု-စက္ခုပသာဒသည်၊ တုမှာကံ-သင်တို့၏၊ နသန္တကံ- ဥစ္စာမဟုတ်၊ တံ- ထို စက္ခုပသာဒကို၊ ပဇဟထ-စွန့်ကြကုန်လော့။

ဘိက္ခဝေ၊ ရဟန်းတို့....ရူပါ၊ ရူပါရုံတို့သည်။တုမှာကံ၊သင်တို့၏။ နသန္တကာ၊ဥစ္စာမဟုတ်ကုန်။ တေ၊ ထိုရူပါရုံ တို့ကို။ ပဇဟထ စွန့်ကြကုန်လော့။

ဘိက္ခဝေ၊ရဟန်းတို့....စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တံ၊ ထိုစက္ခုဝိညာဏ်ကို။ ပဇဟထ၊ စွန့်ကြကုန်လော့။

ထိုနည်းတူစွာပင် သောတ၊ဃာန၊ ဇိဝှါ စသည်တို့ကိုရင်း သဒ္ဒါရုံ ဂန္ဓာရုံစသည်တို့ကိုရင်း၊ သောတဝိညာဏ် စသည်တို့ကိုရင်း စွန့်ကြကုန်လော့။

ယင်းသို့ သင်တို့၏ ဥစ္စာမဟုတ် ကုန်သည်တို့ကို စွန့်သော် သင်တို့အား (ဟိတာယ)အကျိုးကျေးဇူး များခြင်းသည်ရင်း၊ (သုခါယ)သုခချမ်းသာ သည်ရင်း၊ (ဘဝိဿန္တိ) ဖြစ်ကုန်လတံ့ဟူ၍ ဗုဒ္ဓမြတ်စွာရှည်လျားစွာ ဟောတော်မူလေသည်။

အထက်ပါ ဒေသနာတော်သဘောကို သဠာယတနဝဂ္ဂ သံယုတ်၌သာ ဟောတော်မူသည် မဟုတ်သေး။ စာမျက်နှာ ၃၇၅-၌ ဖေါ်ပြခဲ့သည့်အတိုင်းပင် ဇေတဝန် ကျောင်း တော်က သစ်ခက်သစ်ရွက် မြက်ခြောက်တို့ကို ဥပမာဆောင်၍....

| | | | | | |
|---|---|---|---|---|---|
| ရူပံ | ဘိက္ခဝေ | န | တုမှာကံ | တံ | ပဇဟထ။ |
| ဝေဒနာ | ။ | ။ | ။ | ။ | ။ |
| သညာ | ။ | ။ | ။ | ။ | ။ |
| သင်္ခါရာ | ။ | ။ | ။ | တေ | ။ |
| ဝိညာဏံ | ။ | ။ | ။ | တံ | ။ |

ဟု ဟောတော်မူလေသည်။ (အနက်လွယ်၏။)

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ကဠာရ ခတ္တိယဝဂ် နတုမှာ ဘသုတ်၌ ဤကိုယ်ကာယသည် မိမိဥစ္စာမဟုတ်၊ သူတပါး၏ ဥစ္စာလည်းမဟုတ်၊ အနတ္တဓမ္မ သဘာဝမျှသာဖြစ်ခြင်းကို သိ ခစေတော်မူလို၍....

နာယံ ဘိက္ခဝေ ကာယော တုမှာကံ
နပိ အညေသံ ပုရာဏာ မိဒံ
ဘိက္ခဝေ ကမ္မံ အဘိသင်္ခတံ
အဘိ သဉ္စေတယိတံ ဝေဒနိယံ ဒဋ္ဌဗ္ဗံ

စသည်တို့ကို ဟောတော်မူလေသည်။

ဘာသာပြန်။ အို-ရဟန်းတို့....ဤကိုယ်သည် သင်တို့၏ဥစ္စာ မဟုတ်၊ သူတပါးတို့၏ ဥစ္စာသည်းမဟုတ်၊ အို- ရဟန်းတို့.... ဤကိုယ်ကို အဟောင်းဖြစ်သောကံသည် အထူးသဖြင့် ပြုပြင် စီရင်အပ်၏၊ အထူးသဖြင့် စေ့ဆော်အပ်၏၊ ခံစားအပ်၏ဟူ၍ သိမှတ်အပ်၏ဟု ဟောတော်မူပြီးနောက်ပဋိစ္စသမုပ္ပါဒ်တရား တော်ကို ဆက်လက်ဟောတော်မူလေသည်။

ဇာတိ ဇာမသ္မိံ သတိ။

ပဋိစ္စသမုပ္ပါဒ် တရားတော်ကို စာမျက်နှာ ၁၂၄-နှင့် ၁၄၅ တို့၌ တနည်းစီဖော်ပြခဲ့လေပြီ။ စာမျက်နှာ ၁၄၅-၌ လာရှိ သော သဘောကို အတိုချုပ် ကောက်နုတ်သော်....

အဝိဇ္ဇာ, သင်္ခါရ,တဏှာ,
ဥပါဒါန်, စေတနာ။

ဤအကြောင်း တရား ငါးပါး အနတ္တ ဓမ္မ သဘာဝတို့ ကြောင့်....

ဝိညာဏ်, နာမ်ရုပ်, အာယတန,
ဖဿ, ဝေဒနာ။

ဤ အကျိုးတရားငါးပါး အနုတ္တဓမ္မ သဘာဝတို့သည်ဖြစ်ပေါ်လာကုန်၏။ အကြောင်းတရား ငါးပါးမရှိသော် အကျိုးတရား ငါးပါးမရှိပြီ။ ။ထို့ကြောင့် စာမျက်နှာ ၇၉-၌-

ဇာတိ ဇာမဿ္ သတိ ဇ္လာဒံဟောတိ
ဇာမဿုပ္ပါဒါ ဇာဒံ ဥပ္ပဇ္ဇတိ
ဇာမဿ္ အသတိ ဇာဒံ န ဟောတိ
ဇာမဿ နိရောဓာ ဇ္လာဒံ နိရုဇ္ဈတိ။

(ပါဠိတော်ကို ဘာသာပြန်နှင့်တကွ ဖော်ပြခဲ့လေပြီ)။

ဤ၌ ထင်ရှားစေလိုသော အချက်ကား အကြောင်းအကျိုးဓမ္မသဘာဝသာရှိ၏။ မိန်းမ,ယောက်ျား, လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဟူ၍မရှိ ဆိုသည့်ကို ထင်ရှားစွာ သိစေလို၏။ ဤကား (အနတ္တ)သုညတ ဝိမောက္ခပင်တည်း။

အနတ္တ ဓမ္မ သဘာဝ။

ဤမျှပါဠိတော်တို့ဘိုးကားပြသနေရခြင်း၏အကြောင်းရင်းမှာ ခန္ဓာငါးပါးကို မည်သူမျှမပိုင်။ ငါ မဟုတ်၊ ငါ့-ဥစ္စာ မဟုတ်၊ သူ-မဟုတ်၊ သူ့-ဥစ္စာ မဟုတ်၊ အနတ္တ ဓမ္မ သဘာဝ သက်သက် အကြောင်းကြောင့် ဖြစ်ပေါ်သော အကျိုးတရားပါတကားဟု ပညာမျက်စိဖြင့် ထင်ရှားစွာ မြင်ရှိလာအောင် ကြိုးစားပွားများ ရမည်ဆိုသည့်ကို သိရှိရန်ဖြစ်၏။

အရေးကြီးခြင်းကြောင့် ထပ်မံ၍ လေးနက်စေဦးအံ့။ ။ ဝိပဿနာ ဘာဝနာပွားများရာ၌ လိုရင်းဝုပ်ကွယ်နေသည့်ကို အတိုချုပ်ဖော်ထုတ်ပြသရသော်အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာ

ရေး သုံးပါးတင်၍ပွားများရခြင်းမှာ စာမျက်နှာ ၄၃၆-နှင့် ၄၅၈-တွင် ဖေါ်ပြထားသည့်အတိုင်း....

အနိမိတ္တ သမာဓိ
အပ္ပဏိဟိတ သမာဓိ
သုညတ သမာဓိ

တို့သို့ ရောက်ရှိ ရရှိရေးအတွက် ပွားများအားထုတ် နေရခြင်း ဖြစ်လေသည်။

တနည်းဆိုသော်-အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေးသုံးပါးတင်၍ ပွားများအားထုတ်နေရခြင်းမှာ....

သဗ္ဗ လောကေ
အနဘိရတိ သညာ။

သင်္ခတ လောကဓာတ်ကြီးတရပ်လုံး ဘာမျှပျော်မွေ့စရာမရှိပါတကားဟု ဝိပဿနာ ဘာဝနာ ပွားများနေသော "ကုသလာဓမ္မာ"ဖြစ်ကုန်သော စိတ်နှင့် စေတသိက် တို့တွင် ထင်ရှားစွာ ဖြစ်ပေါ်လာရန် ကြိုးစားပွားများ နေရခြင်း ဖြစ်လေသည်။ ။ဤအခြေအနေသို့ မရောက်ရှိဘဲ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းမှာ ကေန်။

ဤအခြေအနေသို့ဆိုက်ရောက်အောင် ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရမည်ဆိုသည်ကို ယောဂီသူမြတ်တို့ကြိုတင် သိရှိထားရမည်မှာ အလွန့်အလွန် အရေးကြီးလေသည်။

ဤကား စာမျက်နှာ ၄၉၄-၌ ဖေါ်ပြခဲ့သော ယောဂီသူမြတ်သိအပ်သည် ဖြစ်သော, သိရမည် ဖြစ်သော, ငုပ်ကွယ် နေသော အချက်ကြီး ပေတည်း။

ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ရာ၌သိအပ်သည် ဖြစ်သော၊ ငုပ်ကွယ်လျက်ရှိနေသော ပဓာန အချက်ကြီးကို ဖေါ်ပြပြီးနောက် ဥဒယဗ္ဗယဉာဏ် အတွက် ဆက်လက်ရေးသားပေအံ့။

အဝိဇ္ဇာ သမုဒယာ
ရူပ သမုဒယော။

ကထံ ပစ္စုပ္ပန္နာနံ ဓမ္မာနံ
ဝိပရိဏာမာ နုပဿနေ ပညာ
ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ။

(ပဋိသမ္ဘိဒါမဂ်, မဟာဝဂ်, ဉာဏကထာ)။

ဘာသာပြန်။ ။ပစ္စုပ္ပန်ဖြစ်ကုန်သော တရားတို့၏ဖေါက်ပြန် ပြောင်းလဲ ပျက်စီးတတ်သောသဘောကို အဖန်တလဲလဲ ရှုရာ၌ ဖြစ်သော ပညာသည် ဥဒယဗ္ဗယာ နုပဿနာ ဉာဏ် မည်သည် အဘယ်သို့ ဖြစ်ပါသနည်း။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ တဿ
နိဗ္ဗတ္တိ လက္ခဏံ ဥဒယော
ဝိပရိဏာမ လက္ခဏံ ဝယော
အနုပဿနာ ဉာဏံ။

ဘာသာပြန်။ ။ဖြစ်ဆဲရုပ်သည် ပစ္စုပ္ပန်မည်၏။ ထိုပစ္စုပ္ပန်၏ ဖြစ်ခြင်းလက္ခဏာသည်ဥဒယမည်၏။ဖေါက်ပြန်ပြောင်းလဲ ပျက်စီးခြင်းလက္ခဏာသည် ဝယ မည်၏။အဖန်တလဲလဲရှုခြင်းသည် အနုပဿနာဉာဏ် မည်၏။

ပါဠိတော်၌ ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်, စက္ခု စသည်တို့ အတွက်လည်း အထက်ပါ အတိုင်းပင် လာရှိ လေသည်။

ဝိပဿနာ ဘာဝနာ လုပ်ငန်းအတွက် ခန္ဓာငါးပါး ဖြစ် ပေါ်ရခြင်းအကြောင်းရင်းကို သိရှိရန် အလိုရှိအပ်ကြောင်း ကို ပါဠိတော်အရပ်ရပ်တွင် ထပ်ခါထပ်ခါလာရှိလေသည်။ (သမုဒယ မဂ္ဂါနုပဿီ။ စာမျက်နှာ ၃၉၆-နှင့် ၄၆၀)။ သို့မှ ၎င်းအကြောင်းရင်းတို့ကို ရှောင်တိမ်း နိုင်မည် ဖြစ်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသည်ကို ဖော်ပြပေအံ့။ (အလွတ်ဆောင်ထ ားလျက် အားတိုင်းအား တိုင်း ရွတ်ဆို ဆင်ခြင် သုံးသပ်ပါလေ)။

အဝိဇ္ဇာ သမုဒယာ ရူပ သမုဒယောတိ
ပစ္စယ သမုဒယဋ္ဌေန ရူပက္ခန္ဓဿ
ဥဒယံ ပဿတိ။

ဘာသာပြန်။ ။အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏ဟု အကြောင်းကြောင့် ဖြစ်သော အ နက် သ ဘော အားဖြင့် ရူပက္ခန္ဓာ ဖြစ်ခြင်းကို မြင်၏။(ဆိုလိုရင်းကား-အဝိဇ္ဇာဖြစ်လို့ ရုပ်ဖြစ်ရတာကို သိမြင်၏)။

တဏှာ သမုဒယာ ရူပ သမုဒယောတိ
ပစ္စယ သမုဒယဋ္ဌေန ရူပက္ခန္ဓဿ
ဥဒယံ ပဿတိ။

ဘာသာပြန်။ ။တ ဏှာ ဖြစ် ခြင်း ကြောင့် ရုပ် ဖြစ် ၏ ဟု အကြောင်းကြောင့် ဖြစ်သော အ နက် သ ဘော အား ဖြင့်

ရူပက္ခန္ဓာဖြစ်ခြင်းကို မြင်၏။ (တဏှာဖြစ်လို့ ရုပ်ဖြစ်တယ် ဆိုတာကို သိမြင်၏)။

ကမ္မ သမုဒယာ ရူပ သမုဒယောတိ
ပစ္စယ သမုဒယဋ္ဌေန ရူပက္ခန္ဓဿ
ဥဒယံ ပဿတိ။

**ဘာသာပြန်**။ ။ကံဖြစ်ခြင်းကြောင့်ရုပ်ဖြစ်၏ဟုအကြောင်းကြောင့် ဖြစ်သော အနက်သဘောအားဖြင့် ရူပက္ခန္ဓာ ဖြစ်ခြင်းကိုမြင်၏။(အော်....ရုပ်ဖြစ်ရတာ ကုသိုလ်ကံ,အကုသိုလ်ကံတွေကို ပြုမိလို့ကိုး)။

အာဟာရ သမုဒယာ ရူပသမုဒယောတိ
ပစ္စယ သမုဒယဋ္ဌေန ရူပက္ခန္ဓဿ
ဥဒယံ ပဿတိ။

**ဘာသာပြန်**။ ။အာဟာရ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းကြောင့် ဖြစ်သော အနက်သဘော အားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို မြင်၏။ (အင်း....အာဟာရ သွင်းပေးနေတော့ ရုပ်ဖြစ်ရတာပေါ့ ဆိုတာကလဲ မြင်၏)။

နိဗ္ဗတ္တိ လက္ခဏံ ပဿန္တောပိ
ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။

ဘာသာပြန်။ ။ဖြစ်ခြင်း လက္ခဏာကိုရှုသောပုဂ္ဂိုလ်သည် လည်း ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို မြင်၏။ (ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုတဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ခြင်းလက္ခဏာကို မြင်၏)။

အဝိဇ္ဇာ နိရောဓာ ရူပ နိရောဓောတိ
ပစ္စယ နိရောဓဋ္ဌေန ရူပက္ခန္ဓဿ
ဝယံ ပဿတိ။

ဘာသာပြန်။ ။အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်း ချုပ်ခြင်းဟူသော အနက် သဘော အားဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

တဏှာ နိရောဓာ ရူပ နိရောဓောတိ
ပစ္စယ နိရောဓဋ္ဌေန ရူပက္ခန္ဓဿ
ဝယံ ပဿတိ။

ဘာသာပြန်။ ။တဏှာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု-အကြောင်း ချုပ်ခြင်းဟူသော အနက် သဘော အား ဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို မြင်၏။

ကမ္မ နိရောဓာ ရူပ နိရောဓောတိ
ပစ္စယ နိရောဓဋ္ဌေန ရူပက္ခန္ဓဿ
ဝယံ ပဿတိ။

ဘာသာပြန်။ ။ကံ ချုပ် ခြင်း ကြောင့် ရုပ် ချုပ် ၏ ဟု-အကြောင်း ချုပ်ခြင်းဟူသော အနက် သ ဘော အား ဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို မြင်၏။

အာဟာရ နိရောဓာ ရူပ နိရောဓောတိ
ပစ္စယ နိရောဓဋ္ဌေန ရူပက္ခန္ဓဿ
ဝယံ ပဿတိ။

ဘာသာပြန်။ ။အာဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အ နက် သဘော အား ဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဝိပရိဏာမ လက္ခဏံ ပဿန္တောပိ
ရူပက္ခန္ဓဿ ဝယံ ပဿတိ။

ဘာသာပြန်။ ။ဖေါက်ပြန်နေခြင်း လက္ခဏာကို ရှုသော ပုဂ္ဂိုလ်သည်လည်း ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဤအတိုင်းပင် နာမ်ခန္ဓာတို့ အတွက်လည်း ထိုက်သည့်တို့ ကို ရှည်လျားစွာ ဖေါ်ပြထားလေသည်။

ဤတွင် အတိုချုပ်အားဖြင့် ယောဂီသူမြတ် သိရှိရန်မှာ— ဒုက္ခအတိပြီးသော ခန္ဓာငါးပါး ဖြစ်ရခြင်းမှာ အဝိဇ္ဇာ,တဏှာ ကံ,အာဟာရ စသည့်တို့ကြောင့် ဖြစ်ပေါ်ရခြင်းကို ကောင်းစွာ သိလျက် အဝိဇ္ဇာ, တဏှာ,ကံ, အာဟာရ စသည့်တို့ကို မပြုလုပ် မိရန် ဖေါ်ပြထားခြင်းဖြစ်၏။

အကယ်၍ ကံကိုပြုရသော် အာဟာရကို စားသောက်ရ သောအခါ တဏှာ ဒိဋ္ဌိ မပါအောင် ပြုလုပ်ရမည်ကို အထူး သတိပြုရန် ဖြစ်လေသည်။ ပြုလုပ်နည်းကိုလည်း ရှေး၌ဖေါ်ပြ ခဲ့ပြီးလေပြီ။

ဤသည့်တို့ကား–အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဝိပဿနာဘာဝနာ ပွားများရေးအတွက် အသေးစိတ် ညွှန်ပြ တော်မူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာတို့၌ ဥဒယဗ္ဗယဉာဏ်ခန်းအတွက် ရှည်လျားစွာ လာရှိ သည့်တို့အနက် အနည်းငယ် နမူနာအဖြစ်ဖြင့် ဖေါ်ပြလိုက်ခြင်း ပေတည်း။

ဥဒယဗ္ဗယ ဉာဏ်ခန်းကို ဖေါ်ပြ ပြီးနောက် သင်္ခါရုပေက္ခာဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ် စသည့်တို့ဖြင့် များ စွာ လာရှိပေသေး၏။

အလွန်ရှည်လျားစွာ လာရှိသော်လည်း ဥဒယဗ္ဗယဉာဏ် ၏ နောက်ပိုင်း၌ လာရှိသည့်တို့မှာ– ခန္ဓာငါးပါး၏ အပြစ်။

ခန္ဓာငါးပါးကို ငြီးငွေ့ရန်။ နိဗ္ဗာန်သို့ ရောက်ရှိ ရရှိရေးအတွက် ခန္ဓာငါးပါးကို စွန့်လွှတ်ရန် တို့ပင် ဖြစ်လေသည်။

အဖြစ်အပျက်ကို ''ဥဒယဗ္ဗယ'' ဉာဏ်ဖြင့် နည်းမှန်လမ်းမှန် အတိုင်း အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်သုံးသပ် ပွားများသော် သုတမယဉာဏ်ဖြင့် သိရှိထားသော ဓမ္မသဘာဝတို့သည် ထိုက်သည့် အချိန်ကာလအားလျော်စွာ (ဥပဋ္ဌာနာကာရ) ပညာမျက်စိတွင် ဘွားကနဲ ဘွားကနဲ ထင်ရှားစွာ ပေါ်လာပေတော့၏။

ထို့ကြောင့်ဗုဒ္ဓမြတ်စွာသည် ''ဥဒယဗ္ဗယ'' ဉာဏ်ကို ပွားများခြင်းဖြင့် အကျိုးကြီးမားပုံကို ပြတော်မူလိုရကား- ဓမ္မပဒပါဠိတော် သဟဿဝဂ်၌ ပဋာစာရီကို အကြောင်းပြု၍....

ယောစ ဝဿသတံ ဇီဝေ
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော
ပဿတော ဥဒယဗ္ဗယံ။

အနက်ကား။ ယောစ=အကြင်သူသည်ကား။ ဥဒယဗ္ဗယံ= ခန္ဓာငါးပါးတို့၏ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ-အပဿန္တော= မရှုမမြင်ဘဲ။ ဝဿသတံ=အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ န-သေယျော=မမြတ်။ ဥဒယဗ္ဗယံ=ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿတော=ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ=တရက်မျှ။ ဇီဝိတံ=အသက်ရှည် ရခြင်းသည်။ သေယျော=မြတ်၏ဟု ဟောတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ဉရုဝေလတော နေရဥ္စရာ မြစ်ကမ်းရှိ ဗောဓိပင်ရင်း၌ အဖြစ်အပျက် အကြောင်းအကျိုး တရားတို့ကို

အကြိမ်ကြိမ် သုံးသပ်သော် ဓမ္မသဘာဝတို့သည် ဉာဏ်တော်ဝသို့ ထင်ရှားစွာ ဖြစ်ပေါ်လာရကား....

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

ဟူ၍ ဥဒါန်း ကျူးရင့်တော်မူလေသည်။

**အနက်ကား။** ။အာတာပိနော=ပြင်းထန်စွာ လုံ့လ ထုတ်လျက်။ဈာယတော=စူးစူးစိုက်စိုက် ရှုသော။ဗြာဟ္မဏဿ၊ ရဟန်းမြတ်အား။ ယဒါ=အကြင်စူးစိုက်စွာ ရှုသောအခါ၌၊ ဓမ္မာ=ဓမ္မသဘာဝ သဘောတရားတို့သည်။ ပါတုဘဝန္တိ= ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏ဟု- ဥဒါန်း ကျူးရင့်တော်မူလေသည်။

ဥဒယဗ္ဗယဉာဏ် ဝိပဿနာ ဘာဝနာ ပွားများရေးအတွက် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှ အစပြု၍ ထိုထိုသော ပါဠိတော် အရပ်ရပ်တို့၌ လာရှိသည်တို့၏ လိုရင်းကို ကောက်နုတ်၍ အလုပ်လုပ်ရန်မှာ ပဉ္စုပ္ပန်၌ ဖြစ်သော ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါးတင်လျက် ဝိပဿနာဘာဝနာ ဆင်ခြင် ပွားများရခြင်းပင် ဖြစ်လေသည်။ ဆင်ခြင် ပွားများပုံမှာ....

သမ္မုတိသစ္စာ အားဖြင့် မိမိ ကိုယ်ဟု ခေါ်ဆိုသော ကိုယ် ကာယ သတ္တဝါကောင်ကို ပရမတ္ထသစ္စာ ဖွဲ့သော် ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ ခန္ဓာငါးပါး ရရှိ၏။

ထိုခန္ဓာငါးပါးဟူသည် အခြားမရှိ။ ယခုစာဖတ်နေခြင်း မှာ ရုပ်တရား၏ အကူအညီ အထောက်အပံ့ဖြင့် နာမ် ခန္ဓာ လေးပါးတို့က ဖတ်ရှုနေခြင်းဖြစ်၏။ ဤတွင် ငါ-မပါ၊ အတ္တ

မဟုတ်။ (စာမျက်နှာ ၂၁၃-၂၁၄ အရ) "ကုသလာဓမ္မာ" ဖြစ်သော စိတ်နှင့်သက်ဆိုင်ရာ စေတသိက် အချို့တို့က ဖတ်ရှုနေခြင်း ဖြစ်သည်ဟု ပညာမျက်စိဖြင့် ဓမ္မသဘာဝကို မြင်အောင် ဆင်ခြင်သုံးသပ်ရ၏။

ပစ္စုပ္ပန်ဖြစ်ဆဲ ခန္ဓာငါးပါးကိုဥဒယဗ္ဗယဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရန်မှာ ဓမ္မသဘာဝကို ပညာမျက်စိဖြင့် မြင်အောင်ရှုလျက်—

ရူပက္ခန္ဓာ .... အနိစ္စ
။ .... ဒုက္ခ
။ .... အနတ္တ

ဟု ဆင်ခြင်သုံးသပ်ရမည်။ယင်းသို့ ဆင်ခြင်သုံးသပ်ရာတွင် ပါးစပ်က ရွတ်ဆို၍ စိတ်ကရောက်ချင်ရာ ရောက်နေခြင်းမဖြစ်စေရ။ ပရမတ္ထ ဓမ္မသဘာဝကို"ကုသလာဓမ္မာ"က စူးစိုက်ဆင်ခြင် သုံးသပ်နေခြင်းသာ ဖြစ်ရလေသည်။

စိတ်က ကမ္မဋ္ဌာန်းအာရုံ၌ မစူးစိုက်ပါက အနိမိတ္တသမာဓိ, အပ္ပဏိဟိတ သမာဓိ, သုညတသမာဓိ မရရှိနိုင်။ "သဗ္ဗလောကေ အနဘိရတိသညာ"ကို သဘောမပေါက်နိုင်။

ယင်းသို့သဘောမပေါက်နိုင်မှုကြောင့် အရပ်စကားမကြာခဏ ကြားရသည့်မှာ (တ ပည့် တော် တော့) တပည့်တော်မတော့ ခုနှယ်နိဗ္ဗာန်က လာခေါ်ရင် ခဏဆိုင်းပါဦး။ သားတွေ,သမီးတွေ နေရာတကျစီမံပြီးမှ လိုက်ပါရစေဟု တောင်းပန်ရမှာဘဲဟူသော စကားအသုံး အနှုန်းမျိုးကို မကြာခဏ ကြားရခြင်း ဖြစ်လေသည်။

စာမျက်နှာ ၆၉-၇၀-၌ဖေါ်ပြခဲ့သော ဒုက္ခနှစ်မျိုး နှစ်စား ကို ပိုင်နိုင်စွာ သိရှိခဲ့လျှင်ယခုပင် ၃၁-ဘုံ၌ နေခြင်းကို အလို မရှိနိုင်ချေ။ ထို့ကြောင့် ဒုက္ခကို ဤမျှသိလျှင် နိဗ္ဗာန်ကို ထိုမျှ အလိုရှိခြင်း ဖြစ်သည်ဟု ဖေါ်ပြခဲ့ခြင်း ဖြစ်လေသည်။

အထက်ပါ အကြောင်းတို့ကြောင့် သမာဓိအား ကောင်း လာစေရန် စိတ်ကို ဝိပဿနာ ဘာဝနာ အာရုံမှ တပါး အခြားသို့ မလွင့်စေဘဲ အောက်ပါ အတိုင်း ဆက်ထက် ဆင်ခြင်ပွားများပါလေ။

ရူပက္ခန္ဓာ....အနိစ္စံ ခယဋ္ဌေန။
။ ....ဒုက္ခံ ဘယဋ္ဌေန။
။ ....အနတ္တာ အသာရကဋ္ဌေန။

ထို့နောက်-

ရူပက္ခန္ဓာ....အနိစ္စံ သင်္ခတံ ပဋိစ္စ သမုပ္ပန္နံ
။ ....ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ
။ ....နိရောဓ ဓမ္မန္တိ။

ထိုနည်းအတိုင်း ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့ကိုလည်း တပါးစီ တပါးစီ ဆင်ခြင်ပွား များပါလေ။

ယင်းသို့ ခန္ဓာတပါးစီ ပွားများရန် ဖေါ်ပြထားသော် လည်း ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် ဝိပဿနာ ကထာ၌-

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော
အနုလောမိကံ ခန္တိံ ပဋိလဘတိ။

အနက်ကား။ ။ပဋ္ဌက္ခန္ဓေ- ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စတော-မမြဲသောအားဖြင့်၊ ပဿန္တော- ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ပုဂ္ဂိုလ်သည်၊ အနုလောမိကံ-မဂ်အားလျော်သော၊ခန္တိံ-တရားကိုနှစ်သက်တတ်သော သဘောဉာဏ်ကို၊ ပဋိလဘတိ-ရ၏။ (ဆက်ခါလာရှိသည့်မှာ-)

ပဋ္ဌက္ခန္ဓေ ဒုက္ခတော ပဿန္တော<br>
အနုလောမိကံ ခန္တိံ ပဋိလဘတိ။<br>
ပဋ္ဌက္ခန္ဓေ အနတ္တတော ပဿန္တော<br>
အနုလောမိကံ ခန္တိံ ပဋိလပတိ။

(အနက်လွယ်ပြီ)

ထိုသို့ ဟောတော်မူခြင်းကြောင့် ခန္ဓာ ငါးပါးကိုလည်း တပေါင်းတည်း အထက်ပါနည်းအတိုင်း ဆင်ခြင်ပွားများအားထုတ်နိုင်ခြင်းကို သိအပ်လေပြီ။

ဝိပဿနာဘာဝနာ ပွားများရခြင်း အကြောင်းရင်းမှာ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်အဝိဇ္ဇာကိုသတ်ရန်ဖြစ်၏။အဝိဇ္ဇာ မဖြစ်သော် သင်္ခါရမဖြစ်။ သင်္ခါရမဖြစ်သော် ဝိညာဏ်မဖြစ်။ ဝိညာဏ်မဖြစ်သော် နာမ်ရုပ်သည် မဖြစ်။

ဤသို့ ဝိညာဏ် နာမ်ရုပ်မဖြစ်သော်(ဝါ)စိတ် စေတသိက် ရုပ် မဖြစ်သော် ခန္ဓာငါးပါး မဖြစ်တော့ပြီ။ ခန္ဓာ ငါးပါး မဖြစ်သော် တဏှာ မဖြစ်နိုင်တော့ပြီ။ထို့ကြောင့်အဝိဇ္ဇာကို သတ်သည်ရှိသော် တဏှာကိုပါ သတ်သည်ဖြစ်၏။

စာမျက်နှာ ၁၃၉-၁၄၀တို့၌ အဝိဇ္ဇာမဖြစ်စေဘဲဝိဇ္ဇာဖြစ်စေရန် စက္ခုရုပါရုံ စက္ခုဝိညာဏ် စသည်တို့ကို ဝိပဿနာဘာဝနာ ပွားပစ်ရန် ဟောတော်မူသဖြင့် ပစ္စုပ္ပန်ဖြစ်ဆဲ မြင်

သရွေ့ ကြားသရွေ့ တွေ့ထိသရွေ့ စသည်တို့ကိုအထက်ပါ နည်းအတိုင်း ဆင်ခြင်ပွားများရမည်။
ပစ္စုပ္ပန်၌မြင်သော-

ရူပါရုံကို =အနိစ္စံ ခယဋ္ဌေန
=ဒုက္ခံ ဘယဋ္ဌေန
=အနတ္တာအသာရကဋ္ဌေန-ဟူ၍၎င်း၊
=အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ဟူ၍၎င်း ဆင်ခြင်ပွားများရမည်။ (အနက်အဓိပ္ပါယ် စာမျက်နှာ ၄၉၀-နှင့် ၃၄၂)။

စက္ခုပသာဒကို =အနိစ္စံ ခယဋ္ဌေနစသည်ဖြင့် ရူပါရုံကို ဆင်ခြင်သည့်အတိုင်းဆင်ခြင်ရမည်။

ထို့အတူ စက္ခုနှင့်ရူပါရုံကို အစွဲပြု၍ ဖြစ်ပေါ်သော စက္ခုဝိညာဏ်ကို အနိစ္စံ ခယဋ္ဌေန စသည်ဖြင့် အထက်ပါ နည်းအတိုင်း ဆင်ခြင်ရမည်။

ပစ္စုပ္ပန် မြင်ဆဲတွင် ဤမျှဆင်ခြင်သော် ကောင်း၏။ ကိစ္စ ပြီးနိုင်သည်ဟု ဆိုအပ်၏။ အကယ်၍ "စက္ခုသမ္ဖဿ" ကို၎င်း။ "စက္ခုသမ္ဖဿဇာ ဝေဒနာ"ကို၎င်း အထက်ပါ နည်း အတိုင်း ဆင်ခြင်နိုင်လျှင် သာ၍ကောင်း၏။

ဤသို့လျှင် ပစ္စုပ္ပန် မြင်ဆဲဖြစ်သော ရူပါရုံ၊ စက္ခုပသာဒ၊ စက္ခုဝိညာဏ်၊ စက္ခု သမ္ဖဿ၊ စက္ခုသမ္ဖဿဇာဝေဒနာတို့ကို ဝိပဿနာ ဘာဝနာ အားဖြင့် ဆင်ခြင်သုံးသပ်နေခြင်းသည် ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"ဖြစ်၍ နေပေတော့၏။

တနည်းဆိုသော်- အဝိဇ္ဇာ မဖြစ်ဘဲ ဝိဇ္ဇာဉာဏ်ဖြစ်၍ နေပေတော့၏။ ဝါ-စာမျက်နှာ ၉၂-၌ ဖော်ပြခဲ့သည့် အတိုင်း "ဧဝံ အပစိနတော ဒုက္ခံ သန္တိကေ နိဗ္ဗာန ဝုစ္စတိ" ဟူသော ပါဠိတော်နှင့် အညီ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ နီး၍ နီး၍ သာ လာပေတော့၏။

ဤအတိုင်းပင်ကြားသည်၊ နံသည် စသည်တို့၌ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ကိုရင်း၊ သောတ ဃာန ဇိဝှါ ကာယ မန တို့ကိုရင်း၊ သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာ ဝိညာဏ် ကာယဝိညာဏ် မနော ဝိညာဏ် တို့ကိုရင်း၊ သောတ သမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿတို့ကိုရင်း၊ သောတ သမ္ဖဿဇာ ဝေဒနာ၊ဃာန သမ္ဖဇာ ဝေဒနာ၊ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ကာယ သမ္ဖဿဇာ ဝေဒနာ၊ မနော သမ္ဖဿဇာ ဝေဒနာတို့ကိုရင်း အထက်၌ ရူပါရုံ ကို ဆင်ခြင်သုံးသပ်သည့်အတိုင်း ဆင်ခြင် သုံးသပ်ရ ပေမည်။

ဤသို့ မြင်သည် ကြားသည် စသည်တို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးတင်ကာ ဝိပဿနာ ဘာဝနာ ပွားများနေသောအချိန်အခါသည် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတ မတ္တံ ဘဝိဿတိ" စသည်တို့ဖြစ်နေသောအချိန် အခါပေတည်း။

ယခုအခါ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ကြားရဖန်များသဖြင့် အနိစ္စနှင့် ဒုက္ခကို အကြမ်းပြင်း သဘောပေါက်နိုင် ကြ သော်လည်း အနတ္တ ဓမ္မ သဘာဝကိုကား သိရှိရန် မလွယ်ကူချေ၊

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများရာတွင် အနိစ္စံ သဉ်တံ ပဋိစ္စသမုပ္ပန္န “ခယဓမ္မ” ဝယဓမ္မ “ဝိရာဂဓမ္မ”” နိရောဓ ဓမ္မ” အထိ အနတ္တ ဓမ္မသဘာဝ ပေါ်လာရန်ဆင်ခြင် သုံးသပ် ရမည်။ သဘောမပေါက်၊ သဘာဝမဆိုက်သော ပုတီးအပတ် ပေါင်းများစွာရရှိခြင်းကို အလိုမရှိအပ်။ အနတ္တ ဓမ္မသဘာဝ ထင်ရှားစွာပေါ်လာလျက် သုညတ သမာဓိ ရရှိရေးသာလျှင် ပဓာနလိုရင်း ဖြစ်၏။

သုခ ဝေဒနာကို
ခံစားလိုသေးလျှင်။

အထက်တွင် ဖော်ပြအပ်သည့်ခန္ဓာငါးပါး အဖြစ်အပျက် နှင့်တကွ ခန္ဓာငါးပါး ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းတို့ ကို ဆင်ခြင်သုံးသပ် နေသောအခါ—

အဝိဇ္ဇာ ဖြစ်အောင် မနေရဲတော့ပြီ။
တဏှာ ။ ။ ။
ခန္ဓာငါးပါး ဖြစ်စေမည့် ကံကို မပြုရဲတော့ပြီ။
အာဟာရ ကို တဏှာနှင့် မစားသောက် ရဲတော့ပြီ။
ခန္ဓာငါးပါး ဖြစ်ပေါ်မည့် အမှုကို မပြုရဲတော့ပြီ။

ဤတွင် ဖော်ထုတ်သိရှိရန်ကား သုခဝေဒနာကို ခံစားပါ က တဏှာလောဘ ပါရှိခြင်းကြောင့် ခန္ဓာငါးပါး ဖြစ်ရဦး မည်ပင်။

ထို့ကြောင့် အကြင် ယောဂီသည် လူ့ပြည်, နတ်ပြည် စသည်တို့၌ သုခဝေဒနာကို ခံစားလိုသေးသည်ဟု ဆိုပါက ထိုပုဂ္ဂိုလ်သည် ဝိပဿနာ ဘာဝနာ ပွားများရေး အတွက်

သဘာဝဆိုက်အောင် သဘော မပေါက် သေးသည်ကို သိအပ်လေသည်။

ဝိဘဝ တဏှာ။

တနည်း သိရှိအပ်သည်ကို ဖော်ပြဦးအံ့။ ဝိတဏ္ဍာ ဝါဒီ ပုဂ္ဂိုလ်သည် အကယ်၍များ ဤသို့ဆိုသော်....

ကြိုက်ရင် လောဘဖြစ်တယ်။

မကြိုက်တာကျပြန်တော့ ဒေါသဖြစ်တယ်။

အမှတ်တမဲ့နေပြန်တော့ မောဟဖြစ်တယ်။

ဒီတော့ ဘယ်လိုနေနေ၊ ဒီကိုယ်ကောင်ကြီး ရှိနေသမျှ ကာလ ပတ်လုံးတော့ လောဘ, ဒေါသ, မောဟ ဖြစ်နေမှာဘဲ။ ကဲ-ဒါကြောင့် သတ်သေတယ်ကွာ၊ အေးရော မဟုတ်လား။ ကိစ္စတုံးပြီလေ ဟူ၍များ စောဒကတက်ကာ ပြောဆိုသော်—ဤသည်ကားပို၍ ရှုပ်သွားပြန် တော့၏။

အကြောင်းသော်ကား-စာမျက်နှာ ၈၃-၌ဖော်ပြခဲ့သည့်-

ကာယံ တဏှာ ပေါနောဗ္ဘဝိကာ

နန္ဒိရာဂ သဟဂတာ တတြ တတြာဘိ

နန္ဒိနီ။ သေယျထိဒံ-

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ဟူ၍ဒေသနာတော်တွင် အကြိမ်ကြိမ် ထိုတဏှာ မဖြစ်စေရန် ဟောတော်မူခဲ့လေသည်။

ဤ၌ သတ်သေလိုက်ခြင်းသည် ဝိဘဝ တဏှာ နှင့် ငြိနေပေတော့၏။ ။အကယ်၍ သတ်သေ၍ ပြီးတန်းဆိုလျှင် ဗုဒ္ဓမြတ်စွာသည် သတ်သေကြရန် ဟောတော် မူမည်မှာ ကေန်။ ။ ဤသို့ကား မဟုတ်ချေ။

ဤတွင် ကမ္မဘသု, ကမ္မဘသားတို့ ရှင်းလင်း ထင်ရှားစွာ သိမှတ် ထားရန်ကား....

ကြိုက်ရင်လဲ — လောဘဖြစ်၏။
မကြိုက်ရင်လဲ — ဒေါသဖြစ်၏။
အမှတ်တမဲ့နေရင်လဲ — မောဟဖြစ်၏။
သတ်သေပြန်ရင်လဲ — ဝိဘဝတဏှာ ဖြစ်၏။

ထို့ကြောင့် စောစော ပိုင်းက သုံးခက်ရှိနေရာ သတ်သေ လိုက်ပါမှ တခက်တိုးကာ လေးခက်ဖြစ်လာပြန်တော့၏။

ထို့ကြောင့် ဤအခက်ဇာရား လေးပါးတို့မှ လွတ်မြောက်ရန် အသို့ပြုရပါအံ့နည်းဆိုသော် ဝိပဿနာဘာဝနာပွားများခြင်းမှတပါး အခြားနည်းမရှိချေ။

ဝိပဿနာ ဘာဝနာ ပွားများရေးမှာလည်း ဗုဒ္ဓ ဘာသာ တရားတော်မှလွဲ၍ အသယ်ဘာသာတရားတွင်မှ မပါမရှိချေ။ ထို့ကြောင့် ဤကျမ်းအစတွင်....

ဗုဒ္ဓ ဘာ သာ သ ည်
ဝိပဿနာ
ဝိ ပ ဿ နာ သ ည်
ဗုဒ္ဓဘာသာ

ဟူ၍ တိကျပြတ်သားသော စကားကိုဆိုခဲ့ခြင်း ဖြစ်လေသည်။

ယင်းသို့ ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါး တင်၍ ဆင်ခြင်ပွားများ သုံးသပ်ဖန်များသော် စာမျက်နှာ ၄၅၆-၌ ဖေါ်ပြခဲ့သော....

ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ
သုခန္တိ သန္တိပဒေ ဉာဏံ။

ဆိုသောညဏ်သည် ဖြစ်ပေါ်လာပေ တော့၏။ ထိုအချိန်သည်ကား- နိဗ္ဗာန်ကို အာရုံပြုရမည့်အချိန်ကာလ ပေတည်း။

**နိဗ္ဗာန်။**

**အတ္ထိ ဘိက္ခဝေ အဇာတံ**
**အဘူတံ အကတံ အသင်္ခတံ။**

ဤကား၊ ဣတိဝုတ်ပါဠိတော် ဒုကနိပါတဒုတိယဝဂ်၌၎င်း၊ ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ် တတိယသုတ်၌၎င်း။ဟောတော်မူသော ဒေသနာတော်ပေတည်း။

အနက်ကား။ ။ဘိက္ခဝေ = ရဟန်းတို့။

| | | |
|---|---|---|
| အဇာတံ | = | အကြောင်း ညီညွတ်သဖြင့် မဖြစ်သော။ |
| အဘူတံ | = | အကြောင်းနှင့် ကင်း၍ မိမိ အလို အလျောက် မဖြစ်သော။ |
| အကတံ | = | တစုံတခုသော အကြောင်းသည် မပြုအပ်သော။ |
| အသင်္ခတံ | = | အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သည်။ |
| အတ္ထိ | = | ရှိ၏။ |

ထို့မှတပါး သုတ္တနိပါတ် မဟာဝဂ် အဆုံးနား၌၎င်း၊ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်, သဠာယတနသံယုတ်, ဒေဝဒဟဝဂ် ရူပါရာမသုတ်၌၎င်း....

**သန္တိကေ နဝိဇာနန္တိ**
**မဂ္ဂါ မဓမ္မဿ အကောဝိဒါ။**

**အနက်ကား။** ။ဓမ္မသာ- ဓမ္မသဘာဝ၌၊ အကောဝိဒါ- မလိမ်မာကုန်သော (ပုထုဇဉ်တို့သည်) မဂ္ဂါ-အရိယာမဂ်မှ၊ သန္တိကေ- အနီး၌(ဖြစ်သော)၊ နိဗ္ဗာနံ- နိဗ္ဗာန်ကို၊နဝိဇာနန္တိ- မသိနိုင်ကြကုန်-ဟူ၍ ဟောတော်မူလေသည်။

ထို့ ပြင် ဓမ္မသင်္ဂဏီပါဠိတော် အဋ္ဌကထာကဏ္ဍ (တိကဝိဘာဂ) အဆုံးနား၌—

အနိန္ဒြိယ ဗဒ္ဓ ရူပဥ္စ
နိဗ္ဗာနဥ္စ ဗဟိဒ္ဓါ။

**အနက်ကား။** ။အနိန္ဒြိယ ဗဒ္ဓရူပဥ္စ-ဇီဝိတိန္ဒြေနှင့် ဆက်စပ်ခြင်းမရှိသော ရုပ်အပေါင်းသည်၎င်း၊ နိဗ္ဗာနဥ္စ-နိဗ္ဗာန် တရားသည်၎င်း၊ ဗဟိဒ္ဓါ- ဗဟိဒ္ဓမည်ကုန်၏- ဟူ၍ ဟောတော်မူလေသည်။

နိဗ္ဗာန် ဟူသော ဓမ္မသဘာဝကိုသဘောပေါက်ရန် နေယျပုဂ္ဂိုလ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဤလေးပါးကို သင်ယူမှတ်သား လေ့လာထားရမည်။ ၎င်းလေးပါးကို နားလည်သဘောက်သော (အသင်္ခတ အနတ္တ)နိဗ္ဗာန် ဓမ္မ သဘာဝကို သဘောပေါက်နိုင်သည်။

အထက်တွင် ဖော်ပြခဲ့သော ပါဠိတော် အရပ်ရပ်တို့၏ အနက်အဓိပ္ပါယ်ကို သဘောပေါက်လျက် တဖက်တွင်ဖော်ပြထားသော သုခနှင့် ဒုက္ခကိုသော်၎င်း၊ အသင်္ခတနှင့် သင်္ခတကိုသော်၎င်း၊ နိဗ္ဗာန်နှင့် ၃၁-ဘုံကိုသော်၎င်း နိဗ္ဗာန်နှင့်စိတ်စေတသိက် ရုပ်ကိုသော်၎င်း၊ဓမ္မသဘာဝကို ဆင်ခြင်သုံးသပ်ရန် အလိုရှိအပ်လေသည်။




အထက်ပါ သင်္ခတနှင့် အသင်္ခတ ဓာတ်တို့ကို အကြိမ်ကြိမ် ဆင်ခြင် သုံးသပ်ပါလေ။ ထိုအခါ လူ, နတ်, ဗြဟ္မာ, စိတ်, စေတသိက်, ရုပ်တို့သည် ဒုက္ခ၊ နိဗ္ဗာန်သည် သုခဆိုသည်ကို ထင်ရှားစွာ တွေ့မြင်ရလတံ့။ ထို့ကြောင့် လူမရှိ၊ ဒုက္ခသာ ရှိ၏။

ပုံတွင် လေးပုံပြထားသော်လည်းသုခနှင့်ဒုက္ခပုံမှာ ယောဂီသူမြတ် မြန်မာလို သ ဘော ပေါက် ထား ရန် မျှ သာ ဖြစ်လေသည်။

သဘောပေါက်ထားရန်ကား- လောကဓာတ်ကြီး တရပ်လုံးတွင် ဘာမျှမရှိ။ သုခနှင့်ဒုက္ခသာ ရှိ သည် ပါတ ကားဆိုသည်ကို ရှေးဦးစွာ သဘောပေါက်ထားရန် ဖြစ်၏။

ထိုသဘောဖြင့် ကျန်သုံးပုံကို မိမိအားသန်ရာကိုအာရုံပြုနိုင်လေသည်။အာရုံပြုကာ ဆင်ခြင်သုံးသပ်ပုံမှာ-

(၁) အသင်္ခတဓာတ်မြတ်သောနိဗ္ဗာန်သည် သုခ အတိပြီး၍ ပြုပြင်အပ်သောသင်္ခတဓာတ်သည်ဒုက္ခအတိသာဖြစ်၏။ (သို့မဟုတ်)-

(၂) နိဗ္ဗာန်သည် သုခအတိ ပြီး၍ ၃၁-ဘုံရှိ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူသမျှတို့သည် ဒုက္ခအတိသာ ဖြစ်၏။ (သို့မဟုတ်)—

(၃) နိဗ္ဗာန်သည် သုခအတိပြီး၍ စိတ် စေတသိက် ရုပ်ဟူသမျှတို့သည် ဒုက္ခအတိသာဖြစ်၏ ဟူ၍၎င်း၊ မိမိပါရမီအလိုက် အားသန်ရာကို အာရုံပြုကာ ပွားများ အားထုတ်နိုင်လေသည်။

## ဥပသမာ နုဿတိ။

ဤတွင် သိအပ်သည်မှာ ဝိပဿနာ ဘာဝနာ မပွားများသော အချိန်အခါ၌ တဖက်တွင်ဖော်ပြထားသော အသင်္ခတဓာတ်နှင့် သင်္ခတဓာတ်တို့ကို အာရုံပြုလျက် အသင်္ခတဓာတ်မြတ်သော နိဗ္ဗာန်၌ သုခအတိ ပြီးပုံနှင့် သင်္ခတဓာတ်၌ပြုပြင်စီမံခြင်း ခံရမှုကြောင့် ဒုက္ခအတိသာ ဖြစ်ခြင်းတို့ကို စူးစိုက်

ဆင်ခြင်သုံးသပ်နေခြင်းသည် တနေ့သော အခါ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် ကြီးစွာသော အထောက် အပံ့ကြီး ဖြစ်လေသည်။ အကြောင်းသော်ကား- ဥပသမာ နုဿတိကမ္မဋ္ဌာန်းကို ပွားများနေခြင်းကြောင့် ဖြစ်လေသည်။

သင်္ခတာ ဓမ္မာ
အသင်္ခတာ ဓမ္မာ။

ဝိပဿနာ ဘာဝနာ ပွားများရာတွင် သတိမပြုမိ ခြင်းကြောင့် ငါ-က ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါး တင်ကာ ဆင်ခြင် ပွား များ နေ သည် ဟု အများအားဖြင့် ဖြစ်တတ်လေသည်။ ဤအချက်ကို အစဉ် သတိပြုရပေမည်။

ဖြစ်သင့်သည်ကား- စာမျက်နှာ ၂၅၇- ၂၅၀-တို့ တွင် ရှင်းလင်း ဖော်ပြခဲ့သည့် အတိုင်း-

သင်္ခါရာဝ သင်္ခါရေ
ဝိပဿန္တိ သမ္မသန္တိ။

ဟူသော သဘောသာလျှင် ဖြစ်စေရမည်။

ဤတွင် သတိမပြုမိခြင်းကြောင့် ခန္ဓာငါးပါး၏ အဖြစ် အပျက်ကို ငါ-က ပွားများ အားထုတ် နေ သော သဘောပါရှိနေလျှင် "အတ္တ" မစင်၊ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်ခြင်းကြောင့် မိမိအလိုရှိအပ်သော တမဂ်တဖိုလ် ကို မရရှိနိုင်ချေ။

ထို့ကြောင့် အထက်တွင် သမ္မသန ဉာဏ်သို့ မတက်မီ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ

ဥာဏ်ကို ပိုင်ရမည်ဟု အကြိမ်ကြိမ် ရေးသားဖေါ်ပြ ခဲ့ခြင်း ဖြစ်လေသည်။

ဖြစ်သင့်သည်ကို တဆင့်တက်ကာ ဖေါ်ပြဦးအံ့။ ဒေသနာ တော်တွင် "သဗ္ဗေဓမ္မာအနတ္တာ" ဟူ၍ရှိ၏၊ ထို့ကြောင့်သင်္ခတ ဓာတ်, အသင်္ခတဓာတ် အလုံးစုံတို့မှာ အနတ္တသာလျှင်ဖြစ်ကြ ကုန်၏။ ဓမ္မသင်္ဂဏီ ပါဠိတော်တွင်—

သင်္ခတာ ဓမ္မာ
အသင်္ခတာ ဓမ္မာ။

ဟူ၍ လာရှိ၏။ ။ဝိပဿနာ ဘာဝနာပွားများအားထုတ် နေခြင်းမှာ ငါ-မဟုတ်၊ "သင်္ခတာ ဓမ္မာ" အရ သင်္ခတနယ်၌ ရှိသော အနတ္တ ဓမ္မ သဘာဝက "အသင်္ခတာ ဓမ္မာ" အရ အသင်္ခတ နယ်၌ရှိသော အနတ္တ ဓမ္မ သဘာဝသို့ရောက်ရှိရေး အတွက် ရောက်အောင် သွားနေခြင်းဖြစ်၏။ ။ဤတွင်ရောက် အောင် သွားနေခြင်း ဆိုသည်မှာ ဝိပဿနာ ဘာဝနာကို ဆင်ခြင်ပွားများနေခြင်းကို ဆိုလိုသည်။

ဤကဲ့သို့ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်လျက်၊ ဝါ-သက္ကာယဒိဋ္ဌိ- ၂၀-မှ ကင်းစင်ကာ ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်မှ သာလျှင် မာလုကျပုတ္တအား ဗုဒ္ဓမြတ်စွာ ဟောကြားတော် မူသော—

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

ဟူသော ဒေသနာတော် အတွက် နည်းလမ်း မှန်ကန်စွာနှင့် တကွ ဓမ္မသဘာဝ၏ အဖြေကို တိကျစွာ ရရှိနိုင်ပေမည်။

ဝုသိတံ ဗြဟ္မစရိယံ။

ဤသို့လျှင် နည်းလမ်းမှန်ကန်စွာဖြင့် ခန္ဓာငါးပါး၌ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးသုံးပါးတင်၍ ဘာဝနာ ပွားများ လျက် ရံခါ ရံခါ နိဗ္ဗာန်ကို အထက်တွင်ဖော်ပြခဲ့သောနည်း အတိုင်း အာရုံပြုခြင်း၊ ဝိပဿနာဘာဝနာပွားများခြင်းတို့ကို အပြန်အလှန် ကြိမ်ဖန်များစွာ အားထုတ် ပွားများသော်- ပွားများသည်နှင့်အမျှ သမာဓိအား ကောင်းလာပေတော့၏။

ယင်းသို့ အနိမိတ္တ သမာဓိ၊ အပ္ပနိဟိတ သမာဓိ၊ သုညတ သမာဓိတို့ ရင့်သန် အားကောင်းလာသည်နှင့်အမျှ မဂ်,ဖိုလ်, နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရှိပေတော့၏။

ထိုအခါ အနတ္တသုတ်နှင့်တကွ ထိုထိုသော ပါဠိတော် တို့တွင် ထပ်ခါထပ်ခါ လာရှိသော ဒေသနာတော်အတိုင်း-

ဝုသိတံ ဗြဟ္မစရိယံ။
ကတံ ကရဏီယံ။
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

အနက်ကား။ ။ဗြဟ္မစရိယံ- မြတ်သောအကျင့်ဟူသမျှကို၊ ဝုသိတံ- ကျင့်သုံးခြင်းကိစ္စ ပြီးစီးခဲ့လေပြီ၊ ကရဏီယံ-ပြုဘွယ် မဂ်ကိစ္စဟူသမျှကို၊ ကတံ- ပြုအပ်ပြီးလေပြီ၊ ဣတ္ထတ္တာယ- ဤပဉ္စုပ္ပန် ခန္ဓာအစဉ်မှ၊ အပရံ-တပါးသောခန္ဓာအစဉ်သည်၊

နတ္ထိ-မရှိချေ၊ ဇာတိ-ဤသို့၊ ပဇာနာတိ- ရှင်းလင်းစွာ သိပေတော့၏။

မိမိတို့ကိုယ်တိုင် သိရှိနိုင်ပုံ ကိုလည်း စာမျက်နှာ ၃၀-၌ အောက်ပါ ပါဠိတော်ကို ဖော်ပြခဲ့လေပြီ။

ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော
ပရိယောဂါဠ္ဟ ဓမ္မော တိဏ္ဏ ဝိစိကိစ္ဆော
ဝိဂတ ကထံကထော ဝေသာရဇ္ဇပ္ပတ္တော
အပရပ္ပစ္စယော........။

ပါဠိတော်၌ ဝိပဿနာ ဘာဝနာ ပွားများ ခြင်းဖြင့် နောင်တဖန် ပဋိသန္ဓေနေမှု မရှိတော့ပြီဆိုသည်ကို မိမိတို့ ကိုယ်တော်တိုင် သိရှိတော်မူကြကုန်သော ရဟန်းတို့သည်၊ ဝါ-ရဟန္တာ အရှင်မြတ်တို့သည် တရားခိုးရန် လာသော သုသိမ ပရိဗိုဇ် ရှေ့တွင် ရှင်တော်ဘုရားထံသို့ အသီးသီးကြွ ရောက်လျှောက်ထားတော်မူကြသည်ကို ဆဋ္ဌမူ နိဒါနဝဂ္ဂ သံယုတ်, မဟာဝဂ်, သုသိမသုတ် မြန်မာပြန် စာမျက်နှာ ၄၂၇-၌—

"များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ပဋိသန္ဓေနေမှုကုန်ပါပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံး ပြီးပါပြီ၊ ပြု ဖွယ်ကိစ္စကို ပြုပြီးပါပြီ၊အရဟတ္တဖိုလ်အကျိုး ငှါ တဖန်ပြုဖွယ် ကိစ္စ မရှိတော့ပါပြီဟု သိကြ ပါ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားကုန် ၏။" ဟု ဘာသာပြန် ဆိုဖော်ပြ ထား လေသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတွင် အထွဋ်အအထိပ်ဆုံး ဖြစ်သော အဆင့်အတန်းသို့ ရောက် ရှိရ ခြင်း အကြောင်း ရင်းကို ရှာသော်—

နာမရူပ ပရိစ္ဆေဒ ဉာဏ်။
ပစ္စယ ပရိဂ္ဂဟ ဉာဏ်။
သမ္မသန ဉာဏ်။
ဉဒယဗ္ဗယ ဉာဏ်-တို့ကို

ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူသည့် နည်းအတိုင်း အကြိမ် ကြိမ် အဖန်ဖန် လေ့ကျင့်ဆင်ခြင် ပွားများ ခြင်း တို့ ကြောင့် ဖြစ်လေသည်။

## နိဂုံးချုပ်။

ယောဂီသူမြတ်သည် လောကဓာတ်ကြီး တရပ်လုံးကို ဗုဒ္ဓ မြတ်စွာ ပေးတော်မူအပ်သော ပညာမျက်စိဖြင့် ကြည့်ရှု စစ် ဆေးလိုက်သောအခါ အသင်္ခတဓာတ် နှင့် သင်္ခတဓာတ်နှစ်ပါး ကို သိမြင်တွေ့ရှိရမည်။

အသင်္ခတဓာတ်သည် သုခအတိဖြစ်သော နိဗ္ဗာန်ဟု အနု မာနသိဒ္ဓိ အားဖြင့် သိမြင် တွေ့ရှိရ၍ သင်္ခတဓာတ်သည် ဒုက္ခ အတိဖြစ်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ အပါအဝင်ဖြစ် သော ၃၁-ဘုံတို့ကို သိမြင် တွေ့ရှိရမည်။

တဖန် ဒုက္ခသည် အဘယ့်ကြောင့် ဖြစ်ပေါ်ရသနည်းဟု စစ်ဆေးပြန်သော်-အဝိဇ္ဇာ နှင့် တဏှာကြောင့် ဖြစ်သည်ကို သိမြင်တွေ့ရှိရမည်။

ဒုက္ခ၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို သတ်၍ သုခအတိပြီးသော နိဗ္ဗာန်သို့ အဘယ်သို့သော ကျင့်စဉ် လမ်းခရီးဖြင့် သွားရပါအံ့နည်း- ဟု စုံစမ်းရှာဖွေ စစ်ဆေး ပြန်သော်- ဝိပဿနာ ဘာဝနာ ပွားများရေး ကျင့်စဉ် ကို တွေ့မြင်သိရှိရမည်။

ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း၏ အချုပ် အကောင်း ဆုံး အလုပ်မှာ ဝိပဿနာ ဘာဝနာ ပွားများရခြင်းဟု တိကျပြတ် သားစွာ ရှိသိထားရမည်။

ဝိပဿနာ ဘာဝနာ ပွားများရေးကို အဘယ်က စ,ရပါ အံ့နည်းဆိုသော်-မည်သူက မည်သို့ပင် ပြောစေကာမူ နား မယောင်ဘဲ နာမရူပ ပရိစ္ဆေဒဉာဏ် နှင့် ပစ္စယ ပရိဂ္ဂဟ ဉာဏ်က စ,ရမည်ဟု ကေန်သိရှိ မှတ်သားထားရမည်။

အကြောင်းသော်ကား- ဝိပဿနာ ဘာဝနာ ပွားရာတွင် ရှေးဦးစွာ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ရလေသည်။ ။ဒိဋ္ဌိ ဝိသုဒ္ဓိ မဖြစ်လျှင်၊ ဝါ-အတ္တဒိဋ္ဌိ မစင်လျှင် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်း ကြောင့် ဖြစ်လေသည်။

အချုပ်ကား-သစ္စာလေးပါးနည်းအရဒုက္ခကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ဆင်ခြင်သုံးသပ် နေရပေမည်။ ထိုမှ ဆက်ကာ ဒုက္ခဖြစ်ရခြင်း အကြောင်းရင်းမှာ အဝိဇ္ဇာ, တဏှာ ကံ,စိတ်, ဉတု,အာဟာရ စသည်တို့ကြောင့် ဖြစ်ရခြင်းပါ တကား ဟု ထပ်ခါထပ်ခါ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်သုံး သပ် နေရပေမည်။

သတိပြုရန်ကား- ဒုက္ခဖြစ်ရခြင်းအကြောင်းရင်း (သမုဒယ သစ္စာ)တရားကို ထပ်ခါထပ်ခါ ဆင်ခြင်ပွားများရန် အများ အားဖြင့် မေ့လျော့နေတတ်ကြလေသည်။

ဤတွင်"ဒါတွေ ငါ-အသိသားဘဲ"ဆိုကာ မဆင်ခြင်မသုံး သပ်ဘဲ မနေရ။ ဒုက္ခဖြစ်ခြင်း အကြောင်းကို ဆင်ခြင်ပွားများ လေလေ၊ ဒုက္ခဖြစ်စေတတ်သော အကြောင်းရင်းတို့ကို မလုပ် ရဲလေလေ ဖြစ်၍လာပေတော့၏။

ဤသည်လည်းဝိပဿနာ ဘာဝနာပွားများရာတွင် လိုရင်း ပဓာန အချက်ကြီးတရပ် ဖြစ်လေသည်။ ဤနည်းကို လေ့ကျင့် ပါများသော် လောကကြီးတွင် မွေ့လျော်ဘွယ်ရာ မည်သည့် မျှ မရှိပါတကားဆိုသော''သဗ္ဗလောကေအနဘိရတိ သညာ' အခြေအနေသို့ ဆိုက်ရောက်လာပေတော့၏။

ထိုအခါ ဘုံသုံးပါးတွင် အရသာကို မခံစား လိုတော့ဘဲ ဝိပဿနာ ဘာဝနာ ပွားများခြင်း၌သာ အချိန်ကိုအသုံး ပြုနေ ပေတော့၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိနိဒ္ဒေသ နိဗ္ဗိဒါ နုပဿနာ ဉာဏ်ခန်း၌....

တိဝိဓေ သုဂတိ ဘဝေပိ နာဘိ ရမတိ။
တိသု ပန အနုပဿနာသုယေဝ ရမတိ-

ဟု လာရှိထေသည်။

ဤသို့ ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးကို ပိုင်နိုင်လာသောအခါ ဒုက္ခမှလွတ်ရာ နေရာဌာနကိုရှာသော် အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို တွေ့မြင်သိရှိလာပေတော့၏။

တဖန် အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်သို့ အသို့ရောက်ရအံ့နည်းဟူသော ဝိပဿနာဘာဝနာ ပွားများရေးလမ်းစဉ်ကို ထင်ရှားစွာ တွေ့မြင်လာပြန်တော့၏။

ထိုအခါ ဒုက္ခကိုသိ၍ သမုဒယကို ရှုံမုန်းသည်နှင့် အမျှ နိရောဓသစ္စာ နိဗ္ဗာန်၏ သုခကိုသိ၍ နိဗ္ဗာန် ရောက်ကြောင်းတရားကို လက်မလွှတ်နိုင်ဘဲ မဂ္ဂသစ္စာကို ကျင့်သုံးကာ နေပေတော့၏။ မဂ္ဂသစ္စာကို ကျင့်သုံးလေလေ၊ ဝါ- ဝိပဿနာဘာဝနာကို ပွားများလေလေ၊ အပါယ်လေးပါး တံခါးကို ပိတ်စေလျက် နိဗ္ဗာန်နှင့် နီးလေလေ ဖြစ်၍နေပေတော့၏။

မဂ်,ဖိုလ်, နိဗ္ဗာန်မှာ မိမိ၏ပါရမီနှင့် အားထုတ် မှုတွင်မူတည်လျက် အမြန်နှင့်အနှေး ရောက်ရှိရပေတော့ သတည်း။

# ကမ္ဘာကိုဗမာက
# သာသနာ ပြုနိုင်ရန်။

ရှေး၌ ပေါ်ပြုလတံ့သော အချို့ ဘာသာကြီးများ ဖြစ်ပေါ်လာပုံ အချိန်ကာလနှင့်တကွ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ပြန့်နှံ့သွားပုံတို့ကို ဖတ်ရှုတော်မူရန် အထူးတိုက်တွန်း ပါ၏။ သို့မှ ကမ္ဘာကို ဗမာက လွယ်ကူစွာ သာသနာပြုနိုင် ပေလိမ့်မည်။

မသိရှိသေးသော သူတို့အား သိရှိအောင် ပြသ ပေးရန်မှာ- သိရှိပြီး ဖြစ်သော ပညာရှိသူတော်သူမြတ်တို့၏ တာဝန်ဖြစ်၍ ဤဘာသာရေး ပြဿနာကို ယင်းသို့ သိရှိအောင် ပြသပေးခြင်းကြောင့် ရရှိမည့် အကျိုးကား အဘိုးမဖြတ်နိုင်အောင် ကြီးမားလှပေ၏။

ထို့ကြောင့် ရှေ့စာမျက်နှာ များကို ဖတ်ရှုတော်မူကြရန် အထူး တိုက်တွန်း ရခြင်း ဖြစ်လေသည်။

မဟာဝိဇ္ဇာ ၃၄။

# ကမ္ဘာ့ဘာသာ ပြဿနာ

ဗြဟ္မဏ ဘာသာ။
ခရစ်ယာန်ဘာသာ။
အစ္စလမ် ဘာသာ။
**Bible**-ဘိုင်ဘဲလ် ကျမ်းနှင့်
ဗုဒ္ဓတရားတော်။

ဤကျမ်းငယ် ပြုစုရာတွင် ကမ္ဘာ့ခဲရာခဲဆစ်ကို ဖြေရှင်းရန် ၂-ပိုင်းပြု၍ စာမျက်နှာ ၅၀၀-ခန့်ရိုက်နှိပ်ရန် ရည်ရွယ် ခဲ့လေသည်။

ပဌမပိုင်းမှာ ဗုဒ္ဓမြတ်စွာ ဒေသနာတော်တွင် လိုရင်းပဓာန အဖြစ်ဆုံးသော ဝိပဿနာဘာဝနာပွားများနည်းကိုရေးသား ရန် စာမျက်နှာ ၄၀၀-ခန့်မှန်း ရာထားခဲ့၏။

ဒုတိယပိုင်းကို စာမျက်နှာ ၁၀၀-ခန့်ရည်မှန်း ရာထားခဲ့၏။ ထိုတွင် အခန်း ၃-ခန်းဖွင့်ရန်ဖြစ်၏။ ပဌမခန်း၌ ဗုဒ္ဓဘာသာနှင့် တကွ ဗြာဟ္မဏဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာ၊ ပါရှားဘာသာ၊ ယင်း ဘာသာကြီးများ ဖြစ်ပေါ်လာသော အကြောင်းခြင်းရာနှင့်တကွ အချိန်ကာလ များကိုပါ သဘော ပေါက်အောင် ရေးသားရန် ရည်ရွယ်ခဲ့၏။

အသယ်ပိုင်း အတွက် ရေးရန်မှာ အိန္ဒိယပြည်တွင် ထင်ရှား နေသော Sanskrit သက္ကဋဘာသာ စကားသည် မူရင်း ဘာသာစကားမဟုတ်၊ ထို့ထက် ရှေးကျသော မိခင်ဘာသာ စကားရင်းတရပ် ရှိရပေဦးမည်။ အကြောင်းသော်ကား ဥရောပ

တိုက်၌သုံးစွဲနေသော စကားများနှင့် သက္ကဋ ဘာသာစကား တွင် ပါရှိသော စကားလုံးတို့မှာ များစွာတူလျက် ရှိသော ကြောင့်တည်းဟု အကြောင်းပြထားကြလေသည်။

ထိုသို့ရေးသားကြသော လိုရင်းမှာ- ကမ္ဘာ့ ယဥ်ကျေးမှု အတွက် အိန္ဒိယပြည်ကို ဦးစားမပေးလိုခြင်းကြောင့် ဖြစ်လေ သည်။

၎င်းဇာတ်ထုပ်ကိုရေးဦးစွာတီထွင်သူကား Sir William Jones ဖြစ်၍ ရေးသား ဖေါ်ထုတ်သော အချိန်မှာကား ၁၇၈၃-ခုနှစ်နှင့် ၁၇၈၄-ခုနှစ်တွင် ဖြစ်ခဲ့လေသည်။

ထိုဇာတ်ထုပ်ကို အကောင်အထည်ပေါ်အောင် ဆောင် ရွက်သူကား Max Muller နှင့် John Clark Ridpath တို့ ဖြစ်ကြလေသည်။

၎င်းတို့ရေးသားရာ အတိုချုပ်ကို ဖေါ်ပြရသော် အိန္ဒိယ လူမျိုးများသည် ရှေးအခါက လူရိုင်းများဖြစ်ကြ၏။ အာရှ တိုက်အလယ်ပိုင်းမှ (Aryan invaders) အရိယံ လူမျိုးတို့ (Vedas or Wise Sayigs)ဗေဒကျမ်းများကို ယူဆောင် လာမှ အိန္ဒိယပြည်ကြီး ယဉ်ကျေးလာရပုံကို ရေးသား ထား ကြလေသည်။

ထိုစာအုပ်များမှာ ငယ်သည်မဟုတ်၊ စာတအုပ် တအုပ် မှာ လက်သုံးလုံးခန့်ထူ၍ တအုပ်ထည်း မဟုတ်၊ နှစ်အုပ်၊ သုံး အုပ် အတွဲလိုက် ရိုက်နှိပ်ထုတ်ဝေထားသော စာအုပ်ကြီးများ ဖြစ်လေသည်။

ဤတွင် သတိပြုရန်ကား အိန္ဒိယပြည်ကြီးတွင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသောအခါ သောတာပန်၊ သကဒါဂါမ်၊ အနာ

ဂါမ်၊ ရဟန္တာသူမြတ်တို့ကို အရိယာသူမြတ်တို့ဟူ၍ ခေါ်ဆိုရာ ထိုအရိယာသူမြတ်တို့နှင့်၎င်းတို့ဇာတ်ထုပ်တွင် ပါရှိသော အရိယံလူမျိုးတို့ တူသယောင်ယောင် ရေးသား ထားခြင်းကို ယခုအခါ ထွေ့မြင်သိရှိရသည်ကို သတိပြုအပ်၏။

သို့ရာတွင် ထိုတူသယောင်ယောင်တွင် မရပ်ဘဲ နောင်အနာဂတ် ကာလတွင်တူ၏။ အတူတူပင် ဖြစ်၏ဟု ထိုဇာတ်ထုပ်ကို ကမ္ဘာသို့ အတင်းရိုက်သွင်းရန် လမ်းခင်းထားခြင်းဖြစ်သေသည်။

ထိုနည်းပရိယာယ်မျိုးဖြင့် မိမိတို့လိုရာ အသုံးပြုသွားခြင်းများကို ရာဇဝင်သမိုင်းနှင့် တကွ ဗဟုသုတ အဖြာဖြာကို လိုက်စားသူတိုင်းအသိ ဖြစ်သေသည်။

အကယ်၍ ၎င်းလူသိုက်တို့ ပြောဆိုချက် မှန်ပါက ၎င်းတို့၏ ဆရာကြီးများ ဖြစ်ကုန်သော **Socrates** ဆိုကရေးတိစ် **Plato**-ပလေတိုစသော ပုဂ္ဂိုလ်ကြီးများက ပြောဆိုခဲ့ရာ၏။

သို့မဟုတ် မြေပုံတွင်ဖေါ်ပြထားသည့် အတိုင်း ခေါမတိုင်းကြီးသည် အိန္ဒိယပြည်အနောက် မြောက်ပိုင်းအထိပြန့်နှံ့စဉ်က ထိုစကားကို ပြောဆိုခဲ့ရာ၏။

သို့တည်းမဟုတ် ရောမတိုင်းသားများ ဥရောပတိုက်ကြီးကို အနှံ့အပြားသိမ်းပိုက်ထားစဉ်ကထိုစကားကို ဖေါ်ထုတ်ခဲ့ရာ၏။

ထို့ပြင် အကြောင်းအပေါင်းများစွာတို့ကြောင့် ၁၇၈၄ ခုနှစ်တွင်နောက်ထပ်ထုတ်လိုက်သောဇာတ်ထုပ်မှာ အနည်းငယ်မျှပင် မဟုတ်မမှန်ကြောင်း နောင်လာ နောက်သားတို့အတွက် ဖြေရှင်းခဲ့ရန် ရည်ရွယ်ခဲ့၏။

နောက်ဆုံးအပိုင်းကားခရစ်ယန်ဘာသာ Bible-ဘိုင်ဘဲလ် ကျမ်းဘွင် ပါရှိသည့်တို့နှင့် သဗ္ဗညုတဉာဏ်တော် ရရှိမှသာ လျှင် သိမြင်အပ်သော ဗုဒ္ဓမြတ်စွာဒေသနာတော်တို့မှာ အချို့ အချို့တူညီနေခြင်းကြောင့် ခရစ်တော်နှင့် ဂေါတမဗုဒ္ဓတို့မှာ တူညီသော ပညာအရည်အချင်းရှိကြပါပေ၏ဟု ထုတ်ဖေါ် ရေးသားကြသည့်တို့ကို မကြာခဏ တွေ့မြင်ဖတ်ရှုရ၏။

ထိုတွင် ဗုဒ္ဓမြတ်စွာ ဒေသနာတော်နှင့် ဘိုင်ဘဲလ်ကျမ်းစာ တွင် ပါရှိသော အချို့တူညီပုံတို့မှာ အဘယ်ကြောင့် တူညီ ရသည့်ကို ဖေါ်ပြရှင်းလင်းခဲ့ရန် ရည်ရွယ်ခဲ့၏။

ယခုသော် ဝိပဿနာ ဘာဝနာ ပွားများခန်းနှင့်ပင် စာ မျက်နှာ ၅၀၀-သို့ ရောက်ရှိသွားရာ အထက်ပါအကြောင်း ခြင်းရာတို့ကို ဖြုတ်ချထားခဲ့ရန်သာရှိပေတော့၏။

အကြောင်းကား— အပြည့်အစုံထည့်သွင်း ရိုက်နှိပ်ပါက ငွေအားမရှိသူတို့အတွက် ဝယ်ယူဖတ်ရှုနိုင်ရန်မလွယ်ကူချေ။

ထိုမှတပါး အကောင်းဆုံးကို လူတိုင်း ဝယ်ယူ ဖတ်ရှုနိုင်ရန် အပေါဆုံး နှင့် ရောင်းရန် စိတ်တွင်စွဲမြဲနေသည်ကလည်း ရှိနေ ပြန်သေး၏။

တဖန်သော် အထက်ပါပြဿနာများကို ကမ္ဘာသူကမ္ဘာ သားတို့အတွက် ဖြေရှင်းရန်မှာဗုဒ္ဓဘာသာဝင်တဦး၏တာဝန် ဖြစ်လေသည်။ အခြားဘာသာဝင်များ၏တာဝန်မဟုတ်ချေ။

ထို့ကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့ အကျိုးငှါ မဖြုတ် ရက်နိုင်ဘဲ ရှိနေရပြန်လေသည်။

ထို့ကြောင့် နောက်ဆုံးအကြိတမှ ရရှိသည်မှာ ပဥ္စမခန်းတွင် ဘာသာကြီးများအတွက် မာတိကာမျှသာ ထည့်သွင်း ရေးသားခဲ့မည်။

အလယ်ပိုင်းအတွက်အထူးသီးခြားမရေးတော့ဘဲအထက်တွင် ရေးသားခဲ့သည့်အတိုင်း ရေးသားလျက် နောက်ဆုံးပိုင်းတွင် အနည်းငယ်ရောနှော ထည့်သွင်းဖြေရှင်းပေးခဲ့မည်။

နောက်ဆုံးပိုင်း အတွက်ကား အတိုချုပ်ကား ရှေ့တွင် ဖော်ပြမည့်အတိုင်း ဖြေရှင်းရေးသားပေးခဲ့မည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်ရပေတော့သတည်း။

## ဗြာဟ္မဏ ဘာသာ
## နှင့်
## ဗုဒ္ဓဘာသာ။

ဤကမ္ဘာလောကဓာတ်ကြီး စတည်ဖြစ်ပေါ် ခဲ့သည်မှာ လူတို့၏ ဉာဏ်ပညာဖြင့် နှစ်ပေါင်းသိန်းသန်း မည်မျှကြာခဲ့ပြီဆိုသည်ကို ရေတွက်ခြင်းငှာ မတတ်နိုင်အောင်ကြာရှိခဲ့လေပြီ။

ထိုမျှကြာရှိခဲ့ပြီဆိုသည်ကိုလည်း ယခုအခါလောကဓာတ်ဆရာပေါင်း များစွာတို့က ဝန်ခံလျက် ရှိကြလေပြီ။

ယခုအခါ ထင်ရှားစွာ တည်လျက်ရှိသော ဘာသာကြီးများအနက် ရှေးအကျဆုံး ဘာသာမှာ ဗြာဟ္မဏဘာသာကြီး ဖြစ်လေသည်။

ဗြာဟ္မဏဘာသာ အယူဝါဒကား အတ္တအယူဝါဒ ဖြစ်၍ ကမ္ဘာကြီးနှင့်တကွ သတ္တဝါတွေကို ဖန်ဆင်းသူရှိ၏ဟူသော အယူဝါဒဖြစ်၏။

ထိုဘာသာ၏ ကျင့်စဉ်အတိုင်း လေ့ကျင့်ပါက ဈာနဝိမောက္ခ အဘိညာဉ်၊ဒိဗ္ဗသောတအဘိညာဉ်၊ ပုဗ္ဗေနိဝါသ အဘိညာဉ် စသည်တို့ကို ရရှိနိုင်ပြီးလျှင် ဗြဟ္မဏဘာသာ အဲတိုင်းအထွာ ပေတံအားဖြင့် ဗြဟ္မဏဘာသာ နိဗ္ဗာန်သို့ရောက်ရှိ၏။

၎င်းတွင် ဗုဒ္ဓဘာသာနှင့် ကွာခြားပုံကား- ဗြာဟ္မဏဘာသာ ကျင့်စဉ်တွင် နိရောဓသမာပတ် ဝင်စားနိုင်သော ကျင့်စဉ် မပါရှိချေ။ ထိုမှတပါး အပါယ်လေးဘုံကို မကျရောက်နိုင်သော(သမုစ္ဆေဒ ပဟာန်အားဖြင့်ပယ်နိုင်သော)ကျင့်စဉ်များ မပါရှိချေ။

ထိုမှတပါး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်သော ကျင့်စဉ်များ လုံးဝမပါရှိချေ။ သို့ရာတွင် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် အနီးကပ်ဆုံး ဘာသာမှာ ထိုဗြာဟ္မဏ ဘာသာပင်ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော် ထွက်ပေါ်လာသည်မှာ နှစ်ပေါင်း ၂၅၀၀- ကျော်မျှသာ ရှိပေသေး၏။ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် အတိအကျ သိရှိရန် အမှတ်အသားကား လက်ရှိ သာသနာတော်နှစ်ကိုတည်၍....

ဒွေအဋ္ဌနှင့် ကောဇော ရောထုံပါက
သာသနာနှစ် အတိတ်ဖြစ်၏ ဟူ၍

ဆိုစမှတ်ရှိခဲ့ရာ လက်ရှိသာသနာတော်နှစ် ၁၃၂၄-နှစ်ကိုတည်၍ ၁၁၈၂-ခုနှစ်နှင့် ပေါင်းသော် သာသနာနှစ်မှာ ၂၅၀၆-ရှိသည်ဟု သိအပ်လေပြီ။

ဤတွင် သိအပ်သော အချက်တရပ်မှာ သာသနာ နှစ်ကို ဘွက်ရာ၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်သော အချိန် ကာလကစ၍ တွက်ခြင်းကြောင့် ပရိနိဗ္ဗာန်စံတော်မမူမီ ၄၅-နှစ်ကာ ၁င် ဗုဒ္ဓမြတ်စွာ သာသနာ ပေါ်ထွန်း လာသည် ဟူ၍လည်း သတိပြုအပ်လေသည်။

## ခရစ်ယန် ဘာသာ။

ခရစ်တော်သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် နှစ်ပေါင်း ၅၄၃ နှစ်တွင် မွေးဖွားတော်မူလေသည်။

၁၂-နှစ်သားအထိ မိဘနှင့်အတူ နေထိုင်ခဲ့ပြီး နောက်၊ ၁၈-နှစ်တိုင်တိုင် ပျောက်ကွယ်သွားလေသည်။

အသက် ၃၀-တွင် မိမိရပ်ရွာ ဒေသသို့ ပြန်လည်ရောက်ရှိလာသောအခါ ဘခင်ကြီးကို မတွေ့ရတော့ပြီ။ မိခင်ကြီးနှင့် အိမ်သားများကိုသာ တွေ့ရှိရလေသည်။

ထိုအချိန်မှအစပြု၍ ရောမတိုင်းသားများလက်အောက်မှ လွတ်မြောက်ရန်နှင့် ဘာသာရေးတွင် နည်းကောင်းလမ်းမှန်သို့ ရောက်ရှိရန် ခေါင်းဆောင်ကာ ၃-နှစ်တိုင်ကြိုးစားလေသည်။

အသက် ၃၃-နှစ်သို့ ရောက်ရှိသောအခါ အာဏာဖိဆန်ဆန့်ကျင်မှုဖြင့် လက်ဝါးကပ်တိုင်တွင် ခရစ်ယန်ဘာသာဝင်တို့အကျိုးငှာ အသက်စွန့်သွားရရှာလေသည်။

ဤတွင် ခရစ်တော်နှင့် ဂေါတမဗုဒ္ဓတူသောအချက်တရပ်ပါရှိလေသည်။ ထိုအချက်ကား ခရစ်တော်နောက်ဆုံး မိန့်တော်မူသောစကားရပ်သည်Bible ဘိုင်ဘဲလ်ကျမ်းတွင်လာ

ရှိ၏။ ထိုနည်းတူစွာ ဂေါတမဗုဒ္ဓ မိန့်တော်မူသောစကားရပ် သည်လည်း ဗုဒ္ဓမြတ်စွာ ဒေသနာတော်တွင် ပါရှိလေသည်။ ဤကား-တူသော အချက်ပေတည်း။ ထိုပါရှိသည့်တို့ကို မူ အတိုင်း ဖော်ပြပါအံ့။

ခရစ်တော် နောက်ဆုံး စကားတော်။

(စိန့်မက်သူ အခန်း ၂၇-အပိုဒ် ၄၆)

My God, My God,
Why hast thou forsaken me?

ဂေါတမဗုဒ္ဓ နောက်ဆုံး စကားတော်။

(ဤကျမ်း စာမျက်နှာ ၂၂၃-)

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

အစ္စလမ် ဘာသာ။

အစ္စလမ် ဘာသာကြီးကို ပြု စု ပျိုး ထောင် သွား သော ပုဂ္ဂိုလ်ကြီးကား မိုဟာမက် ဖြစ်လေသည်။

မိုဟာမက်မှာ ခရစ်တော်ကို မွေးဖွား ပြီးသည့်နောက် နှစ်ပေါင်း ၅၇၀-အကြာတွင် အာရေဘိယပြည်မက္ကာမြို့တွင် ဖွားမြင်တော်မူလေသည်။

ထိုကြောင့် ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်တော်မူသော အချိန်နှင့်နှိုင်းစာသော်မိုဟာမက်သည် ဂေါတမဗုဒ္ဓပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း(၁၁၀၀)တထောင့် တရာကျော်ကြာမှ မွေးဖွားသည်ကို သိနိုင်လေသည်။

မိုဟာမက်၏ ဘခင်မှာ မိုဟာမက်ငယ်စဉ်ကပင် သေဆုံးသွား၍ မိခင်မှာ မိုဟာမက် ၆-နှစ်သားတွင် ကွယ်လွန်သွားရှာရကား- အဘိုးနှင့်ဦးလေးထံ ဘွင်ကြီးပြင်းလာရလေသည်။

မိုဟာမက်သည် ငယ်စဉ်ကပင် ရိုးသား၏။ ကြိုးစား၏။ ဗဟုသုတများစွာလိုက်စားခဲ့၏။ အထူးသဖြင့်ဘာသာရေးကို စုံစမ်းရှာဖွေ လေ့လာလိုက်စားခဲ့၏။

အချိန်တန် အရွယ်ရောက် အသက် ၂၅-နှစ် သို့ ရောက်သောအခါ ဥစ္စာပစ္စည်း ကြွယ်ဝ ချမ်းသာသော "ခတီဇာ" အမည်ရှိသော မုဆိုးမကြီးနှင့် အကြောင်းပါကြလေသည်။

အာရေဗီယပြည်ရှိမိမိလူမျိုးများသည် ဘာသာတရားကို မလိုက်စား၊ အရက်သောက်ခြင်း၊ လောင်း က စား ခြင်း၊ ပျော်ရွှင်မြူးထူးခြင်းတို့ဖြင့်သာ အချိန်ကုန်နေခြင်းကိုတွေ့မြင်ရကား မိမိလူမျိုး တိုး တက် မှု ကို မူ တည် လျက် အစ္စလမ်ဘာသာကြီးကို စထွင်တည်ထောင်ခဲ့လေသည်။

ဗုဒ္ဓနှင့် ခရစ်ယန်ကျမ်း
နှစ်ပေါင်း ၇၀၀-ကျော် ကွာခြင်း။

Bible ဘိုင်ဘဲလ် ကျမ်း၌ လာရှိသည်တို့နှင့် ဂေါတမ ဗုဒ္ဓတရားတော်တို့ တူညီရခြင်း အကြောင်းရင်းကို ရေးသားရန် ဘိုင်ဘဲလ် ကျမ်း ပေါ်ထွက်လာသော အချိန်ကာလနှင့် ထိုဘိုင်ဘဲလ် ကျမ်း မထွက်မီ ကမ္ဘာ့ရာဇဝင် သမိုင်း အခြေအနေတို့ကို မူတည်ရပေလိမ့်မည်။

ခရစ်တော်သည် ဂေါတမဗုဒ္ဓပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၅၄၃-နှစ် ကြာ မှ မွေးဖွါးတော်မူ

လေသည်။ ခရစ်တော်၏ ဘိုင်ဘဲလ်ကျမ်းစာသစ်မှာ ခရစ်တော်ကွယ်လွန်ပြီးသည့်နောက် နှစ်ပေါင်း ၁၅၀-ခန့် ကြာမှ အဆုံးသတ် ရေးသားပြီးသည်ဟု အဆိုရှိ၏။

တဖန်သော် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မမူမီ ၄၅-နှစ်တိုင်တိုင် ကြာရှိခဲ့သည်ကိုလည်း သတိမမေ့အပ်ချေ။

ထို့ကြောင့် ၄၅-နှစ်။ ၅၄၃-နှစ်။ အနှစ် ၁၅၀-၏ အချိန်ကာလ သုံးရပ်ကို စုပေါင်းသော်- ဗုဒ္ဓမြတ်စွာ တရားတော်ပေါ်ထွက်လာသည်က အစပြု၍ ခရစ်တော်၏ ကျမ်းစာသစ်ရေးသားပြီးဆုံးသော နှစ်အထိ အချိန်ကာလ အားဖြင့် ဆိုသော် နှစ်ပေါင်း ၇၃၈—ခန့် ကြာရှိသွားခဲ့လေသည်။

တနည်းဆိုသော်- ဗုဒ္ဓ မြတ် စွာ ပွင့် တော် မူ သော အချိန်နှင့် ခရစ်တော်၏ ဘိုင်ဘဲလ် ကျမ်းစာသစ် ရေးသားပြီးသောအချိန်တို့ကို နှိုင်းယှဉ်သော် ဗုဒ္ဓမြတ်စွာတရားတော်ပေါ်ထွန်းလာသည်က နှစ်ပေါင်း ၇၀၀-ကျော်စောနေသည်ကိုသိရှိမှတ်သားရပေမည်။

ဤမူဘည့်ချက်ကို ဤတွင် ခေတ္တရပ်ဆိုင်းထားလျက် ထိုအချိန်အခါ မတိုင်မီ ကမ္ဘာ့အခြေအနေ အခြင်းအရာတို့ကို အတိုချုပ်ရေးသား ဖေါ်ပြပြီးနောက် ဤမူတည့်ချက်ကိုနိဂုံးချုပ်တွင် ပြန်၍ဆက်ပေအံ့။

## ပါရှား ဘာသာ။

ကမ္ဘာ့ရာဇဝင်အကိုးအကားအားဖြင့် ကမ္ဘာတွင် ရှေးအကျဆုံး အင်ပါယာ နိုင်ငံတော်ကြီးကို တည်ထောင်သွားသော လူမျိုးမှာ ပါရှားလူမျိုးများဖြစ်လေသည်။

အချိန်ကာလအားဖြင့်ဆိုသော် ခရစ်တော် မမွေးဖွါးမီ နှစ်ပေါင်း ၅၀၀–ကျော်က ဖြစ်ခဲ့လေသည်။

ပါရှားလူမျိုးတို့ ကိုးကွယ်သည့်ဘာသာကို တည်ထောင်သွားသူမှာ Zoroaster ဇိုရိုအစ္စတာ အမည်ရှိသော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ အချိန်ကာလ အားဖြင့် ဆိုသော် ခရစ်တော် မမွေးဖွားမီ နှစ်ပေါင်း ၁၀၀၀-ခန့်ဟု တွေ့ရှိရ၏။

ဇိုရိုအစ္စတာမှာ အကျင့်သီလရှိခြင်း၊ အမြော်အမြင် ဉာဏ်ပညာရှိ ခြင်း တို့ ကြောင့် Ahura Mazda အဟူရ-မဇ္ဇဒ (ကမ္ဘာကြီးကိုဖန်ဆင်းတော်မူသော ဉာဏ်တော်ရှင် ထာဝရဘုရားသခင်)က ကမ္ဘာသူ ကမ္ဘာသားတို့အား ကျင့်စဉ်တရားတို့ကို ဟောပြောပြသပေးရန် ဇိုရိုအစ္စတာအား ကျမ်းစာ အုပ် တအုပ် ပေးသွားသည်ဟု အဆိုရှိ၏။

ထိုကျမ်းစာတွင် လာရှိသည့် အတိုင်း ဇိုရိုအစ္စတာ သည် ပါရှားလူမျိုးတို့အား ဟောပြောသင်ပြပေးလေသည်။

အိန္ဒိယ တိုင်းသားတို့သည် ကမ္ဘာ့စာပေ ကျမ်းဂန်တို့ကို ရှာဖွေလေ့လာ လိုက်စား ကြသောအခါ ပါရှားလူမျိုးတို့ လိုက်နာ ကျင့်သုံးသော ထိုကျမ်းမှာ အများအားဖြင့် အိန္ဒိယ ကျမ်းများမှ ကူးယူရေးသား ဟောပြောသည်ဟု အဆိုရှိသည် ကို တွေ့မြင်ဖတ်ရှုရ ပြန်လေသည်။

မြေပုံကိုကြည့်လျှင်ပါရှားဩဇာအာဏာသည်အီဂျစ်ပြည် အစိတ်အပိုင်းနှင့် ဂရိ(ခ)ပြည် အစိတ်အပိုင်းကိုလည်း လွှမ်းမိုးသွားခဲ့သည်ကို သိမြင်နိုင်လေသည်။




ကမ္ဘာတွင် ရှေးအကျဆုံး ပါရှား အင်ပါယာကြီး။

အင်္ဂလိပ်လူမျိုးတို့သည်မြန်မာပြည်ကို လွှမ်းမိုးအုပ်စိုးသွားစဥ် အင်္ဂလိပ်လူမျိုးတို့၏ အပြုအမူ အလေ့အကျင့်၊ အင်္ဂလိပ်စကား၊ အင်္ဂလိပ်တို့ ကိုးကွယ်သည့် ဘာသာ အယူဝါဒ၊ အင်္ဂလိပ်လူမျိုးတို့နှင့် ပေါက်ဖွားသော ကလေးများ စသည်တို့ကိုအလွန်ပြန့်ပွားသွားခဲ့သည်ကိုမြန်မာလူမျိုးတိုင်းအသိပင်ဖြစ်လေသည်။

ဂျပန်တို့ဒုတိယကမ္ဘာစစ်ကြီးအတွင်း သုံးနှစ်တာမျှမြန်မာပြည်သို့ ရောက်ရှိလာရာ တခဏတာမျှပင် ဂျပန်အပြုအမူများပြန့်ပွားသွားခြင်း၊ဂျပန်စကား လျင်မြန်စွာပြန့်ပွား သွားခြင်း၊ ဂျပန်လူမျိုးများနှင့် ရရှိသော ကလေးများပင် တွေ့မြင် ခဲ့ရလေသည်။

ဤသည်တို့ကိုထောက်သော် ထိုစဥ်အခါက ပါရှားလူမျိုးတို့၏ ဩဇာလွှမ်းမိုးခြင်းခံရသော တိုင်းပြည်များမှာ ပါရှားလူမျိုးတို့၏ အပြုအမူ၊အလေ့အကျင့်၊ဘာသာစကား၊ပါရှားလူမျိုးတို့နှင့် ပေါင်းစပ်ပေါက်ဖွားသော ကလေးများ၊ပါရှားလူမျိုးတို့ ကိုးကွယ်သည့် ဘာသာအယူဝါဒ မည်မျှ ပြန့်ပွားသွားမည်ကို လွယ်ကူစွာ သိမြင်နိုင်လေသည်။

Bible ဘိုင်ဘဲလ် ကျမ်းစာဟောင်းတွင် (ဘီ·စီ-၅၃၆) Ezra အဇ္ဇရာအခန်းကို လေ့လာလျှင် ပါရှား ဘုရင်ကြီး Cyrus ဆိုင်ရပ်(စ) လက်အောက်မှ လွတ်လပ်ရေး ရသွားပုံတို့ကို ထောက်သော် ပါရှားလူမျိုးတို့၏ ဘာသာရေးနှင့်တကွ အရပ်ရပ်ဓိဇများ ၎င်းထံတွင် မြောက်မြားစွာ ပါရှိသွားသည် ဆိုသည်ကို လွယ်ကူစွာ သိရှိနိုင်လေသည်။

# ပိသာဂုရပ်(စ)
# PYTHAGORAS

ခရစ်တော်မမွေးဖွားမီဘီစီ-၅၈၂-တွင် နောင်သောအခါ ခေါ်မတိုင်း, ရောမတိုင်းတွင် ပညာရှိ ဆရာကြီးတဦး ဖြစ်မည့် ပိသာဂုရပ်(စ) အမည်နာမကို ရရှိမည်ဖြစ်သော သားကောင်း တယောက် ကျောက်ကောင်းတစေ့ကို ဂရိ(ခ) လူမျိုးထဲမှ မွေးဖွားလာလေသည်။

ပိသာဂုရပ်(စ)သည်ငယ်စဉ်အခါကပင် ပညာကိုလိုလား လိုက်စားသူ ဖြစ်ခဲ့လေသည်။ အရွယ်သို့ ရောက်လတ်သော် ပညာဖွေရာ၌ အီဂျစ်ပြည်အပါအဝင်ဖြစ်သောမြေထဲပင်လယ် ကမ်းခြေရှိ နိုင်ငံများတွင်သာမက ပါရှားနှင့်အိန္ဒိယ ပြည်သို့ ပါ သွားရောက်ပညာရှာဖွေ ဆည်းပူးခဲ့သူဖြစ်လေသည်။

ပိသာဂုရပ်(စ)သည် ပညာစုံ၍မိမိနိုင်ငံသို့ ပြန်ရောက်လာ သောအခါအသက် ၅၂-နှစ်ရှိလေပြီ။ထိုအခါ ပိသာဂုရပ်(စ) သည် မိမိနေရပ်ဖြစ်သော အေရှမိုင်းနား အနီးရှိ ဂရိ(ခ)ပိုင် Samos ဆမို(စ)ကျွန်းတွင် မနေထိုင်တော့ဘဲ အီတလီကျွန်း ဆွယ် တောင်ဒေါင့်ရှိ Croton ကရိုတွန်မြို့တွင် နေထိုင်လျက် ထိုမြို့တွင် ကျောင်းကြီးဖွင့်ကာ ဂဏန်းသင်္ချာ၊အက္ခရာသင်္ချာ၊ ဂျီဩမီတရီစသော လောကဓာတ် ပညာရပ် များနှင့်တကွ ဘာသာရေး အယူဝါဒကို အနှစ် ၃၀-တိုင်တိုင်(အသက်၈၂- နှစ်တွင် ကွယ်လွန်သည်အထိ)ပညာအလှူကြီးကို ပေးလှူသွား လေသည်။

ဤတွင် ထင်ရှားစေလိုသောအချက်ကား-၎င်းပုဂ္ဂိုလ်ကြီး ၏ ဘာသာရေး အယူဝါဒ ဖြစ် ၏။ ပိသာဂုရပ်(စ) သည်

ကွယ်လွန် သွားသော်လည်း Pythagoreanism "ပိသာဂိုရီယန် နစ္စမ်"ခေါ် ၎င်း၏ဘာသာ အယူဝါဒကြီးမှာ တသီးတခြား ကျန်ရစ်ခဲ့လေသည်။

ပိသာဂိုရပ်(စ)၏ ဘာသာရေးအယူဝါဒကြီးမှာ အဘယ်တွင် မြစ်ဖျားခံလျက် စီးဆင်းလာသည်ကို အစအနအားဖြင့် သိရှိနိုင်စေရန် အနည်းငယ်ဖော်ထုတ်ခဲ့လေသည်။

ပိသာဂိုရပ်(စ)၏ ဘာသာရေး ဝါဒကျင့်စဉ် နည်းလမ်းများမှ နမူနာစအဖြစ်ဖြင့် ကောက်နုတ်ဖော်ပြရသော်....

သူ့အသက်မသတ်ရ။
သူ့အသားမစားရ။
အရက်မသောက်ရ။
ဆိတ်ဆိတ်နေရမည်။
တဦးနှင့်တဦး ချစ်ခင်ရမည်။

ဤသည်တို့ကား အနည်းငယ်မျှသော နမူနာ ပေတည်း။ ထိုတွင် ဥရောပတိုက်ကြီးတွင် မကြားစဘူးသော အချက်ကြီး တရပ်ပါရှိလေသည်။ ထိုအချက်ကြီးကားRebirth"ရီဘတ်" ဘဝသစ်တဖန်ပြန်လည်ဖြစ်သည်ဆိုသောအယူဝါဒကြီးဖြစ်၏။

"ရီဘတ်"အယူဝါဒနှင့် ပတ်သက်၍ အကြောင်းခြင်းရာ တခုကို ထုတ်ဖော်ပြပေအံ့။ အခါတပါးဘွင်၎င်းတို့အချင်းချင်း စကားပြောဆိုနေကြရာ အနီးရှိ ခွေး တ ကောင် သည် အသံကျယ်စွာပြု၍ ဟောင်နေလေသည်။

တဦးသောပုဂ္ဂိုလ်က ခွေးကို ထန်၍ရိုက်မည်ပြုရာ ပိသာဂိုရပ်(စ)က ဟန့်တားလျက် ခွေးကို မရိုက်ပါလေနှင့်။ ဤခွေးသည် ရှေ့ဘဝကငါတို့၏မိတ်ဆွေရင်းဖြစ်မှုလည်းဖြစ်ခဲ့ရာ၏။

ငါတို့၏ဆွေမျိုးသားချင်း ဖြစ်မှုလည်း ဖြစ်ခဲ့ရာ၏ဟု ပြောဆိုကာ မေတ္တာရပ်ခံလေသည်။

ဤအခြင်းအရာဖြစ်စဉ်ကို ကမ္ဘာ့ဘာသာရေး လိုက်စားသူတိုင်းအသိဖြစ်လေသည်။

Socrates ဆိုကရေးတီ(စ) အယူဝါဒမှာ ကိုယ်ကာယ သာလျှင်ပျက်စီးတတ်သည်။(Soul-ဆိုးလ်)အသက်ဝိညာဏ် သည်မပျက်စီးဟူသော ဝါဒဖြစ်ခြင်းကို ဆိုကရေးတီ(စ)၏ အတ္ထုပ္ပတ္တိကို ဖတ်သူးသူတိုင်း အသိဖြစ်လေသည်။

ဆိုကရေးတီ(စ)၏ တပည့်ဖြစ်သော Plato ပလေတို၏ အယူဝါဒမှာလည်း ထိုအတိုင်းပင် ဖြစ်၏။ ပလေတိုသည် ဆိုကရေးတီ(စ)တပည့်ဖြစ်သည်ကိုစာပေ လိုက်စားသူတိုင်း အသိဖြစ်သော်လည်း ပလေတိုသည် ပိသာဂိုရပ်(စ)၏ပညာ ရင်နို့ကို ကောင်းစွာ သောက်စို့ရသည်ကိုကား စာပေလိုက် စားသူတိုင်း မသိရှာကြပေ။ (ထို့ကြောင့် စာဖတ်ပါ။ စာဖတ် သူသည် တိုးတက်၏။ စာဖတ်သောသူမျိုးသည် တိုးတက်၏ ဟူ၍ စာမျက်နှာ ၄၃၀-တွင် ဖော်ပြခဲ့ခြင်းဖြစ်၏)။

ပိသာဂိုရပ်(စ)၏ ပညာအရပ်ရပ် ပြန့်နှံ့ ပြီး သည့် နောက် ခရစ်တော်မမွေးမီ နှစ်ပေါင်း၄၀၀-ခန့်တွင်Democritusဒီမို ခရိတပ်(စ)အမည်ရှိ ပညာကျော်ကြီးသည် မြေ-ရေ-လေ-မီး ဓာတ်ကြီး ၄-ပါး အကြောင်းကို ဖော်ထုတ်ခဲ့သည်ကိုလည်း ပညာဗဟုသုတ လိုက်စားသူတိုင်း အသိဖြစ်လေသည်။

ဤတွင် ရေးသားရန် များ စွာ ကျန် ရှိ သေး သော် လည်း တဘက်ပါအရေးကြီး၍ သိအပ်သော အချက်ကြီး ကိုသာ ဖော်ပြလျက် ပိသာဂိုရပ်(စ)အခန်းကို ရပ် တန့် လိုက် ရ လေ သတည်း။

အသက် ကြီးစဉ် ငယ်လိုက်။

| | | |
|---|---|---|
| သိဒ္ဓတ္ထ | ဖွားမြင်တော်မူသည့် ဘီစီ | -၆၂၃။ |
| Buddha | ဘုရားအဖြစ်သို့ | ။ ၅၀၀-၅၄၃ |
| Pythagoras | ပိသာဂူရပ်(စ) | ။ ၅၀၂-၅၀၀ |
| Socrates | ဆိုကရေးတီ(စ) | ။ ၄၇၀-၃၉၉ |
| Democritus | ဒီမိုခရိတပ်(စ) | ။ ၄၆၀-၃၆၂ |
| Plato | ပလေတို | ။ ၄၂၇-၃၄၇ |
| Aristotle | အရစ္စတိုတဲ(လ်) | ။ ၃၈၄-၃၂၂ |
| Alexander | အလက်ဇန်ဒါး | ။ ၃၅၆-၃၂၃ |
| Jesus | (ဂျီဇက်)ခရစ်တော် | အေဒီ.... -၃၃ |
| Mohamed | မိုဟာမက် | ။ ၅၇၀-၆၃၂ |

အထက်ပါ အသက်စဉ်ကို ကြည့်ရှုခြင်းအားဖြင့် ဥရောပ တိုက်တွင်ပညာကျော်များဖြစ်ကြကုန်သောဆိုကရေးတီ(စ)၊ ဒီမိုခရိတပ်(စ)၊ ပလေတို၊ အရစ္စတိုတဲ(လ်) တို့၏ ပညာရပ်များသည် အဘယ်တွင် မြစ်ဖျားခံလျက် အဘယ်ဗိဇ္ဇာမှတည့် ကြသည်ကို လွယ်ကူစွာ သိမြင်တော် မူ နိုင် ကြ ပါ စေ ကုန် သတည်း။

ပါရှားအင်ပါယာကြီး။

ပါရှား အင်ပါယာ ကြီး အ တွက် သိအပ်သည်တို့ကို လွယ်ကူစွာသိမြင်နိုင်ရန် စာမျက်နှာ ၅၄၂-တွင် မြေပုံဆွဲကာ ဖေါ်ပြထား၏။

ကမ္ဘာတွင် ရှေးအကျဆုံးပါရှားအင်ပါယာနိုင်ငံတော်ကြီးကို စတင်တည်ထောင်သူမှာ Cyrus ဆိုင်ရပ်(စ) ဘုရင်ကြီးဖြစ်ခဲ့၍ ခရစ်တော်မမွေးဖွားမီ ဘီစီ ၅၂၉-တွင် နတ်ရွာ စံတော်မူလေသည်။

Darius ဒရိယဝ်(စ)ဘုရင်လက်ထက်တွင် ပါရှားလူမျိုးတို့ ဩဇာအာဏာ ကြီးမားလာခဲ့လေသည်။ ထိုဘုရင်သည် ဘီစီ ၄၈၆-ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

ပါရှားနိုင်ငံတော်ကြီးမှ အရှေ့သို့လားသော်-အိန္ဒိယပြည် ဟိန္ဒူမြစ်အနီးသို့ ရောက်ရှိ၍ အနောက်သို့ လားသော်-(ခေါ်မတိုင်း)ဂရိ(ခ)နိုင်ငံ အစိတ်အပိုင်းအထိ ရောက်ရှိလေသည်။

## ဂရိ(ခ)အာပါယာကြီး။

အထက်၌ဖော်ပြခဲ့သည့်တို့အပြင်အိန္ဒိယပြည်၏ယဉ်ကျေးမှုများသည် အနောက်နိုင်ငံများသို့ မည်သို့မည်ပုံ ပြန့်နှံ့သွားသည့်တို့ကို တဖန်ထင်ရှားစေဦးအံ့။

ခေါ်မတိုင်း၊ ဝါ-ဂရိ(ခ)အင်ပါယာကြီး တိုးတက် ကြီးကျယ်လာပုံကို လွယ်ကူစွာသိရှိနိုင်စေရန် မြေပုံဆွဲကာ တဖက်တွင် ဖော်ပြထား၏။

ခရစ်တော်ကို မမွေးဖွားမီ ၃၈၂-ခုနှစ်တွင် ဖွားမြင်သော မက်စီဒိုနီးယား ပြည်ရှင် ဘုရင်ဖိလစ်သည့် ဂရိ(ခ) စစ်ပွဲတွင် အောင်မြင် နိုင်နင်းခဲ့ပြီးနောက် ဘီစီ ၃၃၆-ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

ထိုအခါ သားတော် Alexander အလက်ဇန်ဒါ နန်းတက်လေသည်။ နန်းတက်သည်မှ ၁၀-နှစ် အတွင်းတွင် အလက်ဇန်ဒါသည် ပါရှားလူမျိုးတို့ လွှမ်းမိုး အုပ်စိုးသော အင်ပါယာနိုင်ငံတော်ကြီးကို စာမျက်နှာ ၅၄၂-၌ ပြထားသည်)။ တိုက်ခိုက်လွှမ်းမိုး အုပ်စိုးတော် မူလိုက်လေသည်။

အလက်ဇန်ဒါ တိုက်ခိုက်ရာတွင် အရှေ့ဘက်နယ်နိမိတ်မှာ ပါရှားလူမျိုးတို့ သိမ်းပိုက်ထားသော နေရာအထိ သာမက




အလက်ဇန်ဒါဘုရင် အောင်မြင်သော ဂရိ(ခ)အင်ပါယာကြီး။

ဟိန္ဒူမြစ်၏ အရှေ့ဘက်မြစ်ထက်တက်များတွင် တည်ရှိသော ပန်ဂျပ်ပြည်နယ်ရှိ မြို့ကြီးများပါ တိုက်ခိုက် သိမ်းယူ ရရှိခဲ့လေသည်။

အလက်ဇန်ဒါသည် အိန္ဒိယပြည်သို့ စစ်ချီတက် လာရာတွင် မိမိတိုင်းပြည်မှ ပညာသည်အချို့နှင့် စာပေဗဟုသုတ အရာ၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်အချို့ကိုပါ ခေါ်ဆောင် လာလေသည်။ အကြောင်းသော်ကား- အိန္ဒိယပြည်တွင် ခက်ခဲနက်နဲသော ပညာရပ်များကို လေ့လာဆည်းပူးရန် ဖြစ်လေသည်။

၎င်းသည်ကိုထောက်သော် ခေါမတိုင်းသားတို့သည်အိန္ဒိယပြည်ကြီးသည် ပညာရှေ့အိုးကြီး ဖြစ်ကြောင်းကို ထိုအခါ မတိုင်မီကပင် သိရှိထားကြောင်း ကောင်းစွာသိနိုင်လေသည်။

ထိုအချိန်ကားဗုဒ္ဓမြတ်စွာပွင့်တော်မူပြီးသည်မှာနှစ်ပေါင်း (၂၆၀)နှစ်ရှာ့ ခြောက်ဆယ်ခန့် ကြာရှိသွားလေပြီ။

အလက်ဇန်ဒါသည် ပန်ဂျပ်ပြည်နယ်အထိ သိမ်းယူပြီးနောက် တက္ကသိုလ်မှလည်း ပညာရှိပုဂ္ဂိုလ်များစွာကို မိမိတိုင်းပြည်သို့ ပင့်ဆောင်သွားသည်လည်း ရှိပေသေး၏။

အလက်ဇန်ဒါ ဘုရင်သည် မိမိအား နောင်အစဉ် အလာသတိရရှိစေခြင်းငှာ အထိမ်းအမှတ်သဘောဖြင့် အီဂျစ်ပြည်ရှိ မြေထဲပင်လယ်ကမ်းတွင် Alexandria အလက်ဇန်ဒရီယာမြို့ကို တည်ဆောက်စေလျက် အိန္ဒိယပြည်မှ ရရှိအပ်သောပညာရပ်များကို ကျောင်းဖွင့်လျက် သင်ကြားပြသ ပေးစေလေသည်။

အလက်ဇန်ဒါ ဘုရင် နတ်ရွာစံလွန်သည်မှာ ခရစ်တော်မမွေးဖွားမီ ၃၂၃-နှစ်တွင်ဖြစ်၍ အသက်တော်မှာ (ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့) ၃၃-နှစ်မျှသာရှိသေးသည်။

ထို့ကြောင့် အလက်ဇန်ဒါ ခေတ်တွင်လည်း အိန္ဒိယ ယဉ်ကျေးမှုနှင့် ဘာသာရေးဝါဒများ အနောက်နိုင်ငံသို့ ပြန့်နှံ့သွားသည်ကိုလည်း သိနိုင်လေသည်။ ထိုအချိန် တွင်လည်း ခရစ်တော် မမွေးဖွားသေးသည်ကို သတိပြုရပေမည်။

## မိုဟင်ဂျို-ဒါရိုး။
## MOHENJO-DARO

၁၉၂၀-ခုနှစ်လောက်တွင် အိန္ဒိယပြည် ဟိန္ဒူမြစ်ကမ်းနား ရှိ မိုဟင်ဂျို၊ဒါရိုးမြို့တွင် တူးဖေါ်ရာ မြို့ဟောင်းကြီးနှင့် တကွ အဆောက်အဦကြီးများ၊ လမ်းမကြီးများ၊ ရေတွင်း,ရေကန်, လူတို့၏ နေ့စဉ်အသုံးအဆောင် ပစ္စည်းများ သာမက ရွှေ,ငွေ,ပုလဲ,ကျောက်မျက်ရွဲ စသည်တို့ကို အနုပညာ သည်များ လက်စွမ်းပြ သီကုံးထုလုပ်ထားသည့်တို့ကို တွေ့ရှိရလေသည်။ ထိုမြို့ဟောင်းကြီးနှင့်တကွ တွေ့ရှိရသော ပစ္စည်းအရပ်ရပ်တို့ကို ချင့်တွက်သော် ခရစ်တော်မမွေးဖွားမီ ဘီစီ နှစ်ပေါင်း ၃၀၀၀-ခန့်မျှ ကြာရှိလေပြီဟု ခန့်မှန်းကြလေသည်။

ထိုတူးဖေါ်ရရှိသော မြို့ဟောင်းကြီးမှာ ဘီစီနှစ် ပေါင်း ၃၀၀၀-ခန့်က မြို့ကြီးဖြစ်ခဲ့သည်ဆိုသော ထိုမြို့ကြီးကို တည် ထောင်နိုင်သော အခြေအနေသို့ ရောက်ရှိရန် မြို့ဟောင်းကြီး မတည်ဆောက်မီ နှစ်ပေါင်းများစွာကပင် အိန္ဒိယပြည်တွင် အဖက်ဖက်က ယဉ်ကျေးမှုတည်ရှိနေသည်ဆိုခြင်းကိုကောင်း စွာသိရှိရပေမည်။

၁၇၉၄-ခုနှစ်တွင်မွေးဖွား၍၁၈၇၁-ခုနှစ်တွင် ကွယ်လွန် သွားသော အင်္ဂလိပ်ရာဇဝင်ဆရာကြီး Grote ဂရုတ် ရေး သားချက်အရဆိုလျှင် ဂရိ(ခ)ပြည် ရာဇဝင်သမိုင်း ထင်ရှား

စွာဖြစ်ပေါ်လာသော အချိန်သည် ဘီစီ -၇၇၆-နှစ်လောက် ကစ,ရပေမည်ဟု သိရှိရ၏။

ဟင်းသို ရာဇဝင်ဆရာက ရေးသားသော်လည်း ဘီစီ-၈၀၀-ကျော် ၉၀၀-တွင်းတွင် ဂရိ(ခ)ပညာရှိကြီး Homer ဟိုးမားပေါ်ထွန်းခဲ့ဘူးသည်ကိုလည်း သတိပြုသင့်သေသည်။

ဤတွင် ဆိုလိုရင်းကား- အိန္ဒိယပြည် မိုဟင်ဂျို-ဒါရိုး မြို့ဟောင်းကြီးတည်ရှိနေစဉ် ဘီစီ ၃၀၀၀—ခန့်တွင်ဂရိ(ခ)ပြည်သည် ရာဇဝင်သမိုင်းတွင် ပါဝင်လောက်အောင် ထင်ရှားကျော်ကြားသော တိုင်းပြည်မဟုတ်သေးကြောင်းကောင်းစွာ သိစေလိုခြင်း ဖြစ်၏။

တဖန်တုံ၊ ဆင်ခြင်စဉ်းစားရန်မှာ- အရိယံလူမျိုးတို့သည် "ဗေဒ"ကျမ်းကို ယူ၍ အိန္ဒိယပြည်တွင်းသို့ဝင်ရောက်ကြသည် ဆိုလျှင် ဘီစီ ၁၅၀၀-ခန့်က ဥရောပတိုက် အလယ်ပိုင်းမှ အရိယံလူမျိုးတို့ ဂရိ(ခ) ပြည့်တွင်းသို့ ဝင်ရောက်လာသည် တွင်"ဗေဒ"ကျမ်းကို ယူဆောင်လာရာ၏။

ရာဇဝင် သမိုင်း စာပေတွင် ဥရောပတိုက် အလယ်ပိုင်း တွင်၎င်း၊ ဂရိ(ခ)ပြည်တွင်၎င်း ရှေးအခါက "ဗေဒ" ပညာ ရှိသည်ဟူ၍ မလာချေ။

အကယ်၍ ဗေဒပညာရောက်ရှိပါသည်ဆိုငြားအံ့။အိန္ဒိယ ပြည်မှရောက်ရှိလာသည်ဟု ဆိုရပေမည်။ (အနည်းငယ်ဖေါ် ထုတ်ညွှန်ပြခဲ့ပြီးမှ ပြန်၍ဆက်ပေအံ့)။

ဗြာဟ္မဏအယူဝါဒတွင် မြစ်ထဲသို့ဆင်း၍ရေချိုးလျှင် အပြစ်စင်ကြယ်သွားသည်ဆို၏။ ခရစ်ယာန်အယူဝါဒတွင် ရေနှစ်ခြင်းအယူဝါဒ ပါရှိ၏။

မြဟ္မဏဘာသာတွင် ကမ္ဘာကြီးကို ထာဝရ ဘုရားသခင် ဖန်ဆင်း၏ဟု အယူရှိ၏။ ပါရှားအယူဝါဒတွင် ကမ္ဘာကြီးကို ဘုရားသခင်ဥာဏ်တော်အရှင်သည် (၆)ကြိမ် တိုင်တိုင် ဖန်ဆင်းတော်မူရ၏ဟု ဆို၏။ ခရစ်ယာန်ကျမ်းတွင် ထာဝရ ဘုရားသခင်သည် (၆)ရက် တိုင်တိုင် ဖန်ဆင်းတော်မူ၏ဟု ပါရှိ၏။

ဘိုင်ဘဲလ်ကျမ်းတွင် ကမ္ဘာကြီးကို ထာဝရဘုရားသခင် ဖန်ဆင်းတော်မူသည်မှာ ခရစ်တော်မမွေးဖွားမီ (၄၀၀၄) လေးထောင့်လေးနှစ်က ဖန်ဆင်းတော်မူ၏ဟု ဖေါ်ပြထား၏။ ။ယခု ၁၉၆၂-ခုနှစ်နှင့်ပေါင်းသော် ဘိုင်ဘဲလ်ကျမ်း အလိုအရ ကမ္ဘာကြီး ဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း (၆၀၀၀)ခြောက်ထောင်ပင်မရှိသေးချေ။

ကမ္ဘာကြီးကို ဘီစီ ၄၀၀၄—နှစ်တွင် ဖန်ဆင်းသည်ကို ကမ္ဘာက လက်မခံခြင်းကြောင့် ယခုတဖန် ပြင်ဆင်ချက် သွင်းလာပြန်၏။ ပြင်ဆင်ချက်သွင်းလာပုံကား—

ကမ္ဘာကြီးကိုထာဝရဘုရားသခင်ဖန်ဆင်းသည်မှာ၆-ရက် ကြာသည်ဆိုရာဝယ်တရက်တရက်ဆိုသည်မှာယခုအခါလူတို့ အသုံးပြုနေသော ၂၄-နာရီ တရက်မျိုးမဟုတ်၊ ထိုတရက် ဆိုသည်မှာ နှစ်ပေါင်း ၇၀၀၀-ကြာ၏။ ထို့ကြောင့် ၆-ရက်မှာ နှစ်ပေါင်း (၄၂၀၀၀)လေးသောင်း နှစ်ထောင်ကျော် ကြာရှိ လေသည်ဟု ပြင်ဆင်ချက် တရပ်ပေါ်ထွက်လာ၏၊ ထိုပြင် ဆင်ချက်ကို ကမ္ဘာ့ဘာသာရေးကို လိုက်စားသူတိုင်း သိရှိကြ၏။

ဤပြင်ဆင်ချက်တွင် ထူးခြားချက်ကား တရက်ဆိုသည် မှာအနှစ်တရာ၊အနှစ်တထောင်၊အနှစ်တသောင်းဟုအဘယ်.

ကြောင့်မယူဆပါသနည်း။သို့မဟုတ်တရက်ဆိုသည့်မှာအနှစ် ၅၀၀၊ အနှစ် ၅၀၀၀၊ အနှစ် ၅၀,၀၀၀-ဟု အဘယ့်ကြောင့် မယူဆပါသနည်း။အဘယ့်ကြောင့် ၇ထူးသော အနှစ်၇၀၀၀ ကို ယူဆကြပါသနည်းဆိုသော ပြဿနာတရပ် ပေါ်ထွက်လာပေတော့၏။ ဤအချက်ကို အများအားဖြင့် စဉ်းစားကြမည်မဟုတ်ချေ။

အကြောင်းကိုရှာ၏။ အဖြေမတွေ့၊ ကြိမ်ဖန်များစွာ ရှာဖွေသော် အဖြေကို ရရှိပေတော့၏။ ဗုဒ္ဓမြတ်စွာ ဒေသနာတော်တွင် ခက်ခဲနက်နဲသော သံယုတ်ငါးကျမ်းရှိရာ ထိုတွင် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ပါရှိ၏။ထိုပါဠိတော်အနမတဂ္ဂသံယုတ် ဒုတိယဝဂ် နောက်ဆုံး ဝေပုလ္လသုတ်၌ ကကုသန်မြတ်စွာဘုရားသည် ဤကမ္ဘာတွင် အနှစ်(၄၀,၀၀၀) သေးသောင်းတန်း၌ ပွင့်တော်မူ၏ဟု လာရှိခြင်းကြောင့် ဖြစ်လေသည်။ (အောက်-တော်လဲ တော်ကြပါပေရဲ့)။

အို-အချင်းတို့-

ဘုရားရှင် တဆူတဆူ ပွင့်တော်မူပါမှ သိရအပ်သော ဗုဒ္ဓဘာသာ သာသနာတော် မြတ်ကြီးအတွက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေကြကုန်လင့်။နောင် လာလတံ့သော ကမ္ဘာသူ ကမ္ဘာသားတို့ အကျိုးငှာ ကြိုးစားတော်မူကြကုန်လော့။

ဤတွင် စာမျက်နှာ ၅၅၂-ကို ပြန်၍ဆက်ပေအံ့။အိမ်ခြေယာခြေ မရှိ။ တနေရာမှတနေရာသို့ ရွှေ့ပြောင်း နေထိုင်သွားလာစားသောက်နေကြရသော "ပုံကျု" အရိုင်း လူမျိုးတစုက ဒုကြီး ဒယ်ကြီးနှင့်တကွ တိုက်တာ လယ်မြေအတည်

တကျနေထိုင်သော တိုင်းကြီး ပြည်ကြီးများကို လာရောက်လွှမ်းမိုးသည်ဆိုခြင်းကား- ယုတ္တိစိုးစဉ်းမျှပင် မရှိချေ။

ဥရောပတိုက်၏ ယဉ်ကျေးမှု မိခင်ကြီးမှာ ဂရိ(ခ)ပြည်ဟု အနောက်နိုင်ငံသားများ ဆုံးဖြတ်ကြ၏။ ။ဂရိ(ခ)ပြည်၏ ယဉ်ကျေးမှုမှာ အိန္ဒိယပြည်ထက် နှစ်ပေါင်းများစွာနောက်ကျလျက်ရှိ၏။ ။ထို့ကြောင့် ဂရိ(ခ)ပြည်နှင့်တကွ ဥရောပတိုက်၏ယဉ်ကျေးမှုမိခင်ကြီးမှာအိန္ဒိယပြည်ကြီးဟုယူဆဘွယ်ရှိရာ၏ဟု မရေးသားလိုဘဲ ဂရိ(ခ ပြည်နှင့်တကွဥရောပတိုက်၏ ယဉ်ကျေးမှုမိခင်ကြီးမှာ အိန္ဒိယပြည်ကြီးဟု တိကျပြတ်သားစွာ မှတ်ထားကြရပေမည်ဟု ရေးသားလိုက်၏။

## သီရိဓမ္မာသောကမင်းကြီး။

ပေါ်ပြရန် များစွာ ကျန်ရှိသေးသော်လည်း နောက်ဆုံးအနေဖြင့် အတိုချုံးကာပေါ်ပြရသော် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ၂၃၅-နှစ်တွင် သီရိဓမ္မာ သောကမင်းကြီးသည် တတိယသံဂါယနာတင်တော်မူလေသည်။

တဖက်၌ ပြထားသောမြေပုံတွင် မျဉ်းကြောင်းငယ် ဆွဲ၍ပြထားသော နေရာဒေသများမှာ သီရိဓမ္မာသောက မင်းကြီး ဩဇာအာဏာ လွှမ်းမိုးခဲ့သော အင်ပါယာ နိုင်ငံတော်ကြီးဖြစ်ခဲ့လေသည်။

တတိယသံဂါယနာ တင်သော အချိန်ကာလကို တွက်သော်(ဘီစီ-၃၀၀-နှစ်)ခရစ်တော် မမွေးမီ နှစ်ပေါင်း သုံးရာကျော်က ဖြစ်လေသည်။

ထိုတတိယ သံဂါယနာတင်တွင် အာသောက ဘုရင်ကြီးသည် ဝိဥကတ်တော်များကို အတိုင်းတိုင်း အပြည်ပြည်သို့ ပေးပို့လှူဒါန်းတော်မူခဲ့ရာ ပါရှား၊အစ္စရယ် တိုင်းပြည်များ




ဤပုံသည်ကား.... ဗုဒ္ဓဘာသာ သာသနာတော် မြတ်ကြီး ကမ္ဘာသို့ ပြန့်နှံ့စေ၍ အဓွန့်ရှည်စွာ တည်ရှိစေရန် ဆောင်ရွက် သွားတော်မူသော သီရိဓမ္မာသောက မင်းကြီး၏ အိန္ဒိယ အင်ပါယာ နိုင်ငံတော်ကြီး ဖြစ်လေသည်။

သာမက အစ္စရာယ်ကိုကျော်လွန်ကာ ဂရိ(ခ)ပြည်အထိ ပေး ပို့ လှူဒါန်းတော်မူခဲ့လေသည်။

ဤအချိန်တွင် ခရစ်တော် မမွေးသေးချေ။ နှစ်ပေါင်း ၃၀၀-သုံးရာခန့် စော၍နေလေသည်။

ဤတွင် စာမျက်နှာ-၅၄၀ စာကြောင်းရေ(၁၉)၌ ပြန်၍ ဆက်ပေအံ့ဟု ကတိပြုခဲ့သည့်အတိုင်း နိဂုံးချုပ်ဖြင့် ပြန်၍ ဆက်ပေအံ့။

## နိဂုံးချုပ်။

စာမျက်နှာ ၅၃၁-၌ အစပြု၍ ရေးသား ဖေါ်ပြခဲ့သော ကမ္ဘာ့ဘာသာ ပြဿနာကြီးကို နိဂုံးချုပ်ဖေါ်ပြပေအံ့။

ကမ္ဘာ့အစ ရှေး အကျဆုံး သော ဘာသာ တရားမှာ ဗြာဟ္မဏဘာသာကြီး ဖြစ်လေသည်။

ကမ္ဘာ့လောကကြီး၌ ယဉ်ကျေးမှုအစ မိခင်ကြီးမှာ အိန္ဒိယ ပြည်ကြီးဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ထွန်းကား ပေါ်ပေါက်လာ သည်မှာ နှစ်ပေါင်း ၂၅၀၀-ကျော်ရှိလေပြီ။

ခရစ်တော်မှာ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်နှစ်ပေါင်း ၅၄၃-နှစ်ကြာမှ မွေးဖွားတော်မူလေသည်။

မိုဟာမက်မှာ ခရစ်တော်မွေးဖွားတော် မူပြီးသည့်နောက် နှစ်ပေါင်း ၅၇၀-ကြာမှ မွေးဖွားတော်မူလေသည်။ သိဒ္ဓတ္ထ မွေးဖွားတော်မူသည်နှင့် စာသော် (၆၂၃+၅၇၀) နှစ်ပေါင်း ၁၁၉၃-နှစ် ကွာခြားလေသည်။

အိန္ဒိယပြည်၏ ယဉ်ကျေးမှု အနောက်နိုင်ငံများသို့ ရောက် ရှိသွားရခြင်း အကြောင်းရင်းနှင့် ဗုဒ္ဓမြတ်စွာ ဒေသနာတော်

အချို့ဘိုင်ဘဲလ် ကျမ်းတွင် ပါရှိနေရခြင်းအကြောင်းရင်းတို့မှာ အထက်တွင် ရှင်းလင်းဖေါ်ပြခဲ့သည့်အတိုင်း....

ပါရှင်း အင်ပါယာနည်း။
ပီသာဂူရပ်(စ)နည်း။
အလက်ဇန်ဒါနည်း။
သီရိဓမ္မာ သောကမင်းကြီးနည်း။

စသည်တို့ကြောင့်ရောက်ရှိသွားသည်ကို သိသင့်ထေသည်။

ယခုအခါကမ္ဘာ့လောကကြီးတွင် ဗြာဟ္မဏဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာဟူ၍ ဘာသာကြီး လေးဘာသာရှိလေသည်။

၄င်းဘာသာကြီး လေးဘာသာတွင် ဗြာဟ္မဏကိုသော်၎င်း၊ ဂေါတမဗုဒ္ဓကိုသော်၎င်း၊ ခရစ်တော်ကိုသော်၎င်း၊ မိုဟာမက်ကို သော်၎င်း မှီလိုက်သူမရှိချေ။

ထို့ကြောင့် မည်သည့် ဘာသာ တရားသည် သဘာဝ အကျဆုံး၊ အမှန်ကန်ဆုံး၊ အမွန်မြတ်ဆုံး ဖြစ်သည်ကို ၎င်းတို့ ကိုယ်တိုင် သိရှိစေရန် ဗြာဟ္မဏဘာသာ၊ဗုဒ္ဓဘာသာ၊ခရစ်ယာန် ဘာသာ အစ္စလမ်ဘာသာ၊ ဘာသာကြီး လေးဘာသာတို့၏ ဘာသာရေးဆိုင်ရာ ကျမ်းစာလေးမျိုးတို့ကို စားပွဲ ပေါ်တွင် တင်ကာ ဖတ်ရှုစေရန် ဒို့ဗမာအပေါင်းတို့က ကမ္ဘာသူ ကမ္ဘာ သား အပေါင်းတို့အား တိုက်တွန်းရစ်ကြပါလေ။

တနည်းပြုရန်ကား....သီရိဓမ္မာသောက မင်း ကြီး သည် အတိုင်းတိုင်း အပြည်ပြည်သို့ သာသနာပြုတော်မူသဘိ သကဲ့သို့ အထက်တွင် ဖေါ်ပြခဲ့သော အကြောင်းခြင်းရာတို့ကို ဗမာက ကမ္ဘာ့သို့ လှည့်လည်ရှင်းလင်း ဟောပြောပြသပေးရန် ကမ္ဘာ့ သူ ကမ္ဘာ့သားတို့အကျိုးငှာ အထူးတိုက်တွန်းရပေသတည်း။

# ဗုဒ္ဓဘာသာကို
## ကမ္ဘာ့ပညာကျော်ကြီးများက
## ထောက်ခံကြခြင်း

**What Is Buddhism ?** ခေါ် ၁၉၄၀-ခုနှစ်က ရိုက်နှိပ်သော စာအုပ် စာမျက်နှာ ၉-၌-

> x x x modern research tends to show the probability of the majority of religious teachers and philosophers since 500-B.C. as having been directly or indirectly influenced by Buddhist thought, from Pythagoras and Plato to Schopenhauer and Bergson, and from Jesus to Auguste Comte.

စသည်ဖြင့် ရေးသား ဖော်ပြထားလေသည်။ ။ဤတွင် စာအုပ်ရိုက်နှိပ် ထုတ်ဝေသူများက "မူပိုင်" ဘာသာပြန်ခွင့် မပြုဟု ဆိုခြင်းကြောင့် ဘာသာပြန်ဆိုခြင်း မပြုဘဲ ချန်လှပ်ထားရခြင်း ဖြစ်ပါသည်။ (Buddhist Society က ရိုက်နှိပ်၏)။

ထိုမှတပါး အိန္ဒိယတိုင်းသား ကမ္ဘာကျော်စာရေးဆရာကြီး DR. Tagore ဒေါက်တာ တဂိုးသည် အသက် ၆၉-နှစ်တွင်ပြောဆိုသည်မှာ-

> My religious convictions forbid me to subscribe my name to any of the existing religious organisations as an exclusive member of it. Yet, if you insist asking me which of the great

religious of the world I am more inclined to and am in greater sympathy with, I should unhesitatingly answer Bubdhism.

ဟု ထုတ်ဖေါ် ပြောဆိုသွားလေသည်။

ထို့ပြင် ဂျာမန် ပညာကျော် Schopenhauer "ရှိုပင်ဟော်ဝါ"က-

ကမ္ဘာပေါ်တွင်ပညာကျော်တဦးဖြစ်လိုလျှင် အိန္ဒိယတိုင်းပြည်သို့ သွားရောက်ကာ ပညာဗဟုသုတကို ရှာဖွေဆည်းပူးရမည်ဟု-ပြောဆို

ခဲ့ဘူးလေသည်။ ။၎င်းနှင့်ဆက်လျက်ရှိသည်ကိုဖေါ်ပြရသော် ကမ္ဘာကျော်လောကဓာတ်ဆရာကြီးEinstein"အိုင်စတိုင်" က သူသည် ဗုဒ္ဓဘာသာတွင် ပါရှိသော လောကကြီး၏ မွေသဘာဝများကို "ရှိုပင်ဟော်ဝါ" ပြန်ဆိုရေးသားသော စာများမှဘဆင့် ဖတ်ရှုရပါသည်ဟူ၍ ရေးသား ပြောဆိုသွားလေသည်။

အိုင်စတိုင်၏ အသက်ကြီးရင့်လာသော နောက်ပိုင်း အာဘော်များကို ဖတ်ရှုရသောအခါ ရုရှ ပညာကျော် စာရေးဆရာကြီး Tolstoy "တော် လ)စတွ|ိင်"၏ အသက် ကြီးရင့် လာသောအခါ ရေးသားသော အာဘော်များကဲ့သို့ပင် ဗုဒ္ဓဘာသာတရားတော်၏ မွေ သဘာဝများ မြောက်မြားစွာ ပါရှိနေသည်ကို တွေ့ရှိရလေသည်။

ဤအခန်းတွင် ယင်းသို့ အတိုအထွာ ဖေါ်ပြခဲ့စရာမြောက်မြားစွာ ကျန်ရှိသေးသော်လည်း စာမျက်နှာမှာ ၂-မျက်နှာမျှသာ ကျန်ရှိသဖြင့် ဤတွင် ဤမျှဖြင့် နိဂုံး ချုပ်လိုက်ရပေသတည်း။

## အောက်ပါစာအုပ်များ ရနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဝိပဿနာ အခြေခံနှင့် အပြေမှန် | | ၃ိ—၅၀။ |
| ၂။ | ဂမ္ဘီရ ဝိပဿနာရှုဘွယ် | ပ | ၂ိ—၈၀။ |
| | ၎င်း | ဒု (ရိုက်ဆဲ) | |
| | ၎င်း | တ | ၅ိ—၅၀။ |

အခြားသော လောကီ-လောကုတ္တရာ စာအုပ်များ၊ ဝိပဿနာ တရားစာအုပ် အမျိုးမျိုး တို့ကို လည်း ရရှိနိုင်ပါသည်။


**ပညာမဥ္ဇူ ပိဋကတ်စာအုပ်ဆိုင်၊**

၁၇၊ ရွှေတိဂုံဘုရားဈေးတော်ရုံသစ်၊

ဒဂုံစာတိုက် ရန်ကုန်မြို့။